
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၉၁-ခုနှစ်၊ ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂန္ဓာရ

မဂ္ဂဇင်း




အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၇၀)၊ ၂၀၁၈ ဇန်နဝါရီလ



၆။ ဗိုလ်တထောင် ကိုဦး

စကြာမာရ်အောင်ဘွဲ့ချီ
သမိုင်းဝင် စိန်ရောင်ခြည်စေတီ

၁၄။ သစ္စာမင်းခေါင်

ပဋ္ဌာန်းဆက်ကုသိုလ်ရှင်တို့၏ ပံ့ပိုးလှူဒါန်းမှုဖြင့်
တင့်တယ်သပ္ပာယ်စွာ ပေါ်ထွန်းလာခဲ့သည့်
မြောက်ဉက္ကလာပက ဓမ္မပါလလိုဏ်စေတီတော်

၂၄။ မြမဉ္ဇူဝေ(ကျုံမငေး)

သံတွဲမြို့က ဗျာဒိတ်တော်ရ
တော်သုံးတော်စာရင်းဝင် ရွှေနံ့တော်စေတီ

၂၈။ နဂါးဗိုလ်မောင်မောင်သက်

ပျူခေတ် ဘေစန္ဒီမိဖုရားဘုရား

၃၄။ ဘဏ်အရာရှိဟောင်းတစ်ဦး

ကန်တော့ပလ္လင်နှင့် အစဉ်အလာစကား

၃၈။ နန္ဒာမိုးကြယ်

ပူဇော်ထိုက်သူ ဆိုသည်မှာ

၄၄။ မောင်ဉာဏ်လင်း(တောင်ကုတ်)


မနစ်စဉ်စိုက် တောခွေးလိုက်သို့

၅၀။ ထက်ဘုန်းလူ

လေးစားထိုက်သူများ၏ မြတ်သောမနော

၅၃။ ကိုမောင်သန်းဝင်း

မင်းဘေး၊ မီးဘေးက ကင်းလွတ်ချမ်းသာခဲ့ရ
ဝေသာမိတ္တာ မိဖုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



[illegible] **ကိုရွှေမြသန်း(သမိုင်း)**
မြတ်စွာဘုရားရှင်နှင့် ဘီလူးတို့၏ရာဇဝင်
[illegible] **ဓမ္မာစရိယသန်းထွန်း**
ထင်ရှားကျော်ကြား သာမဏေများ(၁၃)
[illegible] **အောင်ကျော်စွာ**
လယ်တီဆရာတော်ဘုရားကြီး၏ ကပ်ရောဂ်
နိမိတ်ထူးနှင့် မြေဖုတ်ဘီလူးတို့အကြောင်း
[illegible] **ရွှေတလေး(လွယ်လင်)**
စကြာမင်းသား ကံကြမ္မာနှင့် ဘိုးဘိုးအောင်
[illegible] **အာကာသ(သာစည်)**
ကောင်းခြင်းရန့် သင်းပျံ့ကျော်ကြား
ရာဇဝင်ထဲက အမတ်ကြီးတစ်ဖါး
[illegible] **မျိုးချစ်နွယ်(စလင်း)**
အတိတ်အကြောင်းမှန် ပစ္စုပ္ပန်အကျိုးပေးသန်
[illegible] **မောင်ညာဏ်စိန်**
ကံ ကံ ကံ
[illegible] **မျိုးကြီး(အမရဋ္ဌာနေ)**
ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်ပူဇော်ခြင်းဓလေ့
[illegible] **အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)**
နဂါးဖြစ်ရပ်မှန်များ
[illegible] **ပုရောဟိတ် ဆရာဦးမြတ်စံ**
ရှင်သီဝလိရဟန္တာ လာဘ်ခေါ်အစီအရင်
[illegible] **အောင်ကောင်းမြ(သာကေတ)**
ငွေဝင်လာဘ်ရှင် သဗ္ဗဇယမင်္ဂလာ
(ဒိဝါတပတိ) ကျင့်စဉ်

**၁၁၂။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)**
ဂုဏ်တော်ကွန်ချာ ကောင်းကျိုးအဖြာဖြာ
**၁၁၆။ ပုရောဟိတ် ဆရာဦးမြတ်စံ**
အယူတော်မင်္ဂလာဖြင့်
ဟောပြောခဲ့သော မှတ်တမ်း
**၁၂၂။ ဆရာကံထူး(ဝေဒသုတေသီ)**
ဗေဒင်ပညာနှင့် မိသားစုညီညွတ်ရေး
**၁၂၈။ ဆရာကံထူး(ဝေဒသုတေသီ)**
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
**၁၃၄။ ဆရာရန့်အောင်ဟိန်း(B.Sc)**
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
**၁၃၆။ ဆရာရန့်အောင်ဟိန်း(B.Sc)**
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
**၁၄၂။ ဆရာရန့်အောင်ဟိန်း(B.Sc)**
ဘာဝမချနဝင်း၏ လျှို့
**၁၄၆။ တေဇအောင်**
ပါတော်မူစစ်
**၁၅၁။ မင်းနေထွန်း**
အိမ်
**၁၅၄။**

၀၁၄၇၃
-၅၄၉၁၀၃

www.burmeseclassic.com

www.burmeseclassic.com

၁၆၀။ **ဟိန်း(ဘူမိ)**
အသည်းရောင် အသားဝါ ရောဂါနှင့်
သဘာဝကုထုံးများ

၁၆၄။ **ဆရာဦးသီဟ(တိုင်းရင်းဆေး)**
လေဖြတ်ရောဂါ ကြိုတင်ကာကွယ်ပါ

၁၆၆။ **စကြာကောင်းစံ**
ရွှေတိဂုံမှာ ဆုံခဲ့သည်

၁၇၄။ **ရန်နိုင်**
ပြန်ပြောမိသော အိပ်မက်များ

၁၈၀။ **ရေနံ့သာ အောင်ချမ်းဇော်**
ဘဝသံသရာမှ ဘဝကံကြမ္မာပုံရိပ်များ

၁၉၀။ **သတိုးချာလီဆွေ**
သီလ၊ သစ္စာ မိုးမရွာအောင်

၁၉၆။ **ဝင်းသောင်(ရမည်းသင်း)**
ဂမ္ဘီရဖြစ်စဉ်များနှင့် အိပ်မက်တွေကြားက
ပျောက်သွားတဲ့ ရွာလေး

၂၀၈။ **အောင်ချိန်ဘွား**
အော်သံနှင့် ဂမ္ဘီရအဖြစ်ဆန်း



၂၁၄။ **မောင်မြင့်မား(ဗိုလ်ကလေး)**
မိုးတစ်ည

၂၂၀။ **မောင်ဒဿန(ဆင်ဖြူကျွန်း)**
တစ္ဆေဖြူ၏ သံခိပ်

၂၃၂။ **ဖျာပုံ ရည်လွင်အောင်**
ဝင့်ကြွေးသင့်ချိန်

၂၃၉။ **မောင်ကောင်းထက်(ကျောက်တံတား)**
ဖေဇော်ဂျီအစွမ်း

၂၄၄။ **သိန်းထွန်းသစ်**
မင်းရမ်းကား၏ ပတ္တမြား

၂၅၈။ **မောင်အောင်ဇော်(ပန်းတော်ဝင်)**
အချိန်ပိုင်း မုဆိုးပြိတ္တာ

၂၆၃။ **ဂါဦးနွန်းကို**
မကြောက်ရေးချ မကြောက်ပါ

၂၆၈။ **အေးမောင်မောင်ဆန်း**
တစ္ဆေနေသောသင်္ဘော

၂၇၄။ **စိုးယဉ်ထွန်း**
ဆန်ကွဲထမင်း ရတနာရောင်လင်း

၂၈၂။ **ရဲနွယ်မောင်(သုံးဆယ်)**
ချစ်သူ့ဝိညာဉ် လွမ်းရိပ်ထင်ခဲ့

၂၈၉။ **မင်းသန့်ကျော်(ဇီးကုန်း)**
ဘုရားပေးတဲ့ရေ

၂၉၄။ **တင့်ထူး(ဓေယျဝတီ)**
တရားစမ်းသပ်ခံများ၏
ဂမ္ဘီရဖြစ်ရပ်ဆန်းများ

၃၀၀။ **အလင်္ကာသူရ**
အံ့ဖွယ်အလည်ခရီးတစ်ခေါက်

**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း၊ ဇော်လွင်၊
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ (၀၁) ၃၇ ၄၅ ၄၅ ၊ 📱 ၀၉ ၂၆၀၀ ၈၅ ၈၆၀



www.burmeseclassic.com

www.burmeseclassic.com


တဆထလ-၁၁/၂၀၀၅၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၃၀ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



# ဦးအောင်မြင့်
# လူပျံတော်ကပ္ပတာများ

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး


လျက် ဆား

သည်းခြေဆေး

ဖုန်း ၀၁-၅၄၁၃၁၆ ၀၁-၇၀၁၄၇၃
၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၃


www.burmeseclassic.com

www.burmeseclassic.com


သမိုင်းဝင် စိန်ရောင်ခြည်စေတီတော်

ဥပမာပြုရသော် ဂေါတမမြတ်စွာ၏ ဆံတော် ရှစ်ဆူကို ပင့်ဆောင်လာခဲ့သော ညီနောင်နှစ်ဦး အနက် ညီဖြစ်သူ ဘလ္လိက တည်ခဲ့သည့် ပန်းဆိုး တန်းလမ်း၌ရှိသော ကျိုက်မဟာပိန္နဲ့ ဆံတော်ရှင် စေတီ၊ သီဟဒီပမင်းကြီးကောင်းမှု တော်စေတီ တော် တစ်ဆယ့်တစ်ဆူအနက် ပုဇွန်တောင် ဘုရား ဖြူကျောင်းတိုက်အတွင်းရှိ စေတီတော်တစ်ဆူဖြစ် သော ကျိုက်ကမာစိန်စေတီတို့သည် သမိုင်းဝင် ထင်ရှားသည့် စေတီများ ဖြစ်ပါသည်။

ထိုစေတီများမှာ ယခုအခါ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနက် သိရှိကြားဖူးခြင်း မရှိသူ များ အများစုဖြစ်ပါသည်။ သို့ကြောင့်လည်း စေတီ တော် တန်ခိုးညှိုးမှိန်ကာ ဘုရားဖူးတို့ ရောက်ရှိဖူး မြော်ခြင်း နည်းပါးနေသည်ကို ဝမ်းနည်းဖွယ် တွေ့ မြင်နေရသည်။

ထိုထိုသော စေတီများနည်းတူ ဘုရားဖူးတို့ ရောက်ရှိမှု နည်းပါးကာ တန်ခိုးတော် ညှိုးမှိန်နေ ရသော စေတီတော်တစ်ဆူ ရှိပါသေးသည်။ ထို စေတီတော်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ်(၉၅)၌ ပါဝင် သည့် ရန်ကုန်မြို့လယ်နှင့် အနီးဆုံးဖြစ်၍ အ

# ဧကြာမာရ်အောင်ဘွဲ့ခံ

# သမိုင်းဝင် စိန်ရောင်ခြည်စေတီ

ဗိုလ်တာထောင်ကိုဦး

ရန်ကုန်မြို့၌ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများ စွာရှိပါသည်။ အများအားဖြင့် ထိုရှေးဟောင်းသမိုင်းဝင် စေတီများစွာမှာ ထင်ရှား၍ တန်ခိုးကြွယ်ကာ ဘုရားဖူး များဖြင့် စည်ကားနေသည်ကို တွေ့မြင်နေရသည်။ သို့ သော်လည်း အချို့သော စေတီများမှာမူ သမိုင်းဝင် ထင် ရှားပါသော်လည်း ဘုရားဖူးတို့ ဆိတ်သုဉ်းကာ တန်ခိုး တော် ညှိုးမှိန်လျက် ရှိပါသည်။

မြို့နယ်အတွင်း တည်ရှိကာ ဗုဒ္ဓဘာသာဝင်တို့သည် တ ခိုးကြီးမား မြတ်ဘုရားရွှေတိဂုံသို့ သွားရာလမ်းအနီး ရှိနေသော သမိုင်းဝင် စိန်ရောင်ခြည်စေတီတော် ဖြစ် သည်။


<u>ဟိုးရှေးရှေးက ရန်ကုန်မြို့</u>

အင်္ဂလိပ်နယ်ချဲ့တို့ အောက်မြန်မာနိုင်ငံကို မသိမ်း မီက ရန်ကုန်မြို့ခေါ် ဒဂုံမြို့သည် တောင်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်နောက်ခံနှင့်အတူ မြင်တွေ့ရသော မုခ်ဦးဝ

ချုံတောထူထပ်ကာ ရေတို့ဖြင့် ပြည့်နှက်လျက်ရှိ၏။

ယနေ့ကာလ မြင်တွေ့နေရသော အနေအထားအရ ဗိုလ်တထောင်ဆိပ်ကမ်းမှ သိင်္ဂုတ္တရတောင်တော်သို့ သွားရာလမ်းသည် ဖြောင့်တန်းနေမည်ဟု မှတ်ယူဖွယ်ရှိ၏။ ဥက္ကလာပမင်းသည် ကုန်သည်ညီနောင် ပင့်ဆောင်ယူလာခဲ့သည့် ဆံတော်မြတ်ရှစ်ဆူကို ဗိုလ်တထောင်ရပ်မှသည် သိင်္ဂုတ္တရကုန်းမြတ်အထိ ပင့်ဆောင်ခဲ့ရာတွင် တောင်ကုန်းချိုင့်ဝှမ်း ထူထပ်လှသော တောချုံများကို ဖယ်ရှားရှင်းလင်းကာ ရာဇမတ်ကာ သဲဖြူခင်းလျက် လမ်းထွင်၍ ကုန်းတော်မြတ်အရောက် ပင့်ဆောင်ခဲ့၏။ ပင့်ဆောင်ခဲ့ရာလမ်းတစ်လျှောက်ကို ဆံတော်ကြိုလမ်းဟု ခေါ်တွင်ခဲ့၏။ ဆံတော်ကြိုလမ်းသည် ဆူးလေကုန်းမြင့်မှ သိင်္ဂုတ္တရကုန်းတော် အရှေ့ဘက်ရှိ တိရစ္ဆာန်ရုံအနီးမှ ဖြတ်သန်းကာ ဗဟန်းမြို့နယ်အတွင်း ဝင်ရောက်၍ ကုန်းတော်မြတ် မြောက်ဘက်မှပတ်ပြီး သိင်္ဂုတ္တရကုန်းလယ်သို့ ရောက်ရှိလာခဲ့သည်။

ကုန်းဘောင်မင်း မဟာရာဇဝင်တော်ကြီး ဒု(၃၈၇)၌ ဖော်ပြချက်အရ ရန်ကုန်တိုက်ပွဲတွင် ရွှေတိဂုံကုန်းတော်၌ တပ်စွဲထားသော အင်္ဂလိပ်တပ်ကိုတိုက်ရန် ဗိုလ်မှူးသတိုးသုခမ္မ မဟာဗန္ဓုလက ညီတော် မင်းတင်မင်းခေါင်ကို ခေါက် လက်နက်ကိုင် အမှုထမ်း လူသုံးထောင်နှင့် မြောက်ဘက်မှာ ဆံတော်ကြိုလမ်းကဝင်၍ ချဉ်းကပ်တိုက်ခိုက်စေသည်ဟု ဖော်ပြပါရှိချက်အရ ဆံတော်ကြိုလမ်းသည် မြောက်အရပ်၌ ရှိနေခြင်းမှာ ထင်ရှားလေ၏။

အင်္ဂလိပ်လက်ထက်၌ ဆံတော်ကြိုလမ်းအနီး၌ ဝင်ဒါမီယာ လပ်တစ်ခု ပြုလုပ်၏။ ၎င်းလပ်ကို အစွဲပြု၍ ဆံတော်ကြိုလမ်းကို ဝင်ဒါမီယာလမ်းဟု ယနေ့ ခေါ်ဆိုနေကြ၏။

ရှေးအခါက တောတောင် မြောင် ကုန်းတန်းချိုင့်ဝှမ်းတို့ ပြည့်နှက်ရှုပ်ထွေးနေသော ၌ လမ်းပန်းသာယာသော လမ်းရှိရာ နေရာတို့မှ ဆံ မြတ်ကိုလှည့်လည်ပင့်ဆောင်ရခြင်းဖြစ်၍ သိင်္ဂုတ္တရကုန်းတော်ကို မြောက်ဘက်မှပတ်ကာ ပင့်ဆောင်လာရကြောင်း ယုံမှားဖွယ် မရှိချေ။

<u>ဘုန်းတော်ကြီးကျောင်းများ တစုတစည်းတည်ရှိရာ</u>

သီဟဒီပမင်း လက်ထက်က သိမ်တော်ကိုးလုံးကို ရဟန္တာရှစ်ပါးတို့ သမုတ်ခဲ့သော သိမ်တော်များအနက်




သမိုင်းဝင် စိန်ရောင်ခြည်စေတီတော် ဆိုင်းဘုတ်

www.burmeseclassic.com

www.burmeseclassic.com

ကျားကူးသိမ်တော်လည်း ပါဝင်၏။ ရဟန္တာတို့ သမုတ်တော်မူခဲ့သော သိမ်တော်သည် အင်္ဂလိပ်လက်ထက်သို့ ရောက်သောအခါ မြင်းပြိုင်ကွင်း ပြုလုပ်ရန် နေရာနှင့် မလွတ်ကင်းသောကြောင့် ပြောင်းရွှေ့ခံခဲ့ရ၏။ ယခု မိုင်ဒါကွင်းဟု လူသိများသောနေရာသည် အင်္ဂလိပ်လက်ထက်က မြင်းပြိုင်ကွင်း ဖြစ်ခဲ့၏။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှစ၍ ဘုရားလမ်းတစ်လျှောက်တွင် စေတီ၊ ဇရပ်၊ ဘုန်းတော်ကြီးကျောင်းများဖြင့် ပြည့်နှက်လျက်ရှိ၏။ သိမ်ကြီးဈေးအနီးတိုင်အောင် ရှိခဲ့သည်ဟုဆို၏။ အင်္ဂလိပ်လက်ထက်၌ ရန်ကုန်မြို့ကွက် ရိုက်သောအခါ စေတီ၊ ဇရပ်၊ ဘုန်းတော်ကြီးကျောင်းအားလုံးနီးပါးသည် ဖျက်ဆီးခြင်းခံခဲ့ရ၏။ ဘုန်းတော်ကြီးကျောင်းများကို တစုတဝေးတည်း သရက်တောကျောင်းတိုက်နေရာ၌ ထားရှိခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

ကျားကူးသိမ်တော်သည် မြင်းပြိုင်ကွင်းဟောင်းမှ ဦးဝိစာရလမ်းခြားပြီး ရှိနေ၏။ ၄င်းသိမ်တော်၏ မြောက်



ရိုက်ကျော်မုခ်အတွင်း တည်ရှိသော မုဒြာဖာန်အမျိုးမျိုးဖြင့် မြင်တွေ့ရသည့် ရုပ်ပွားတော်များ



အစိမ်းရှာန်အောင် ရေစုတောင်ဖြည့် ယွန်းဘုရား

ဘက်၌ ဂျူပလီဟောရှိ၏။ ဂျူပလီဟောမြေနေရာသည် အင်္ဂလိပ်လက်ထက် မတိုင်မီက ဘုန်းကြီးဦးပြားခေါ် ဦး ပဏ္ဍိတ ကျောင်းရှိလေ၏။ အင်္ဂလိပ်လက်ထက်၌ ရန်ကု မြို့ကွက် ရိုက်သောအခါ ဂျူပလီဟောဆောက်ရန်အတွ မြေနေရာကျယ်ဝန်းသည့် ဦးပြားကျောင်းတိုက်အား ဖယ် ရှားကာ နေရာအစားပေး၍ ယခု ဘောင်ဒရီလမ်းဘေး တောင်ကုန်းပေါ်သို့ ပြောင်းရွှေ့စေ၏။ ဘုန်းကြီးဦးပြား အစွဲပြု၍ ဦးပြားကျောင်းတိုက်ဟု ခေါ်၏။ ယခုအ အလယ်တောရကျောင်းတိုက်အဖြစ် ထင်ရှား၏။

၄င်းဂျူပလီဟောနေရာ ဘုန်းကြီးဦးပြားကျော အရှေ့ဘက်၌ စဥ္စပါဆရာတော်ကျောင်းရှိ၏။ ၄င်းမြော ဘက်တွင် စားကျောင်း၊ တောင်ဘက် ယခု ကျား ကျောင်း နေရာတွင် မိဖုရားခင်ဆိုးကျောင်းရှိ၏။ သိ တော်ကြီး အရှေ့ဘက်၌ ဘုန်းကြီးဦးညောင်ကျောင်း၊ ဝိမလကျောင်း၊ ဦးဥတ္တမကျောင်းများ ရှိလေသည်။ သိ တော်ကြီး တောင်ဘက်၌ ပဲခူးကျောင်းတိုက်ရှိ၏။

ရွှေတိဂုံစေတီတော်တောင်ဘက်ရှိ ဘုရားလမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်မုခ်အတွင်း တည်ရှိသော မုဒြာဟန်အမျိုးမျိုးဖြင့် မြင်တွေ့ရသည့် ရုပ်ပွားတော်များ

လျှောက်တွင် ဗုဒ္ဓသာသနာအတွက် မရှိမဖြစ်သော သံဃာတော်များစွာသည် ကျောင်းတိုက်များ အသီးသီးတည်ထောင်ကာ ပရိပတ္တိ၊ ပရိယတ္တိ သာသနာကို ပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြကုန်၏။

**လောကမာရ်အောင်စေတီ**

ဘိုးတော်ဘုရားလက်ထက် စစ်သူကြီးမဟာဗန္ဓုလ၏ သက်ရုံးတစ်ဆူဖြစ်တော်မူသော စကြာဝန်ကြီးသည် ရွှေတိဂုံစေတီပုံတူတစ်ဆူကို တည်တော်မူ၏။ မြေစိုက်စေတီဖြစ်၍ ဉာဏ်တော်အမြင့်ပေ သုံးဆယ်နီးပါးရှိလေ၏။ ထိုစေတီကို ဘုန်းတော်ကြီးကျောင်းများ အများအပြားတည်ရှိသည့်နေရာ ကျားကူးသိမ်တော်၏ အရှေ့အရပ်၌ တည်လေ၏။ ဘွဲ့မည်ကို လောကမာရ်အောင်စေတီဟု သမုတ်တော်မူလေ၏။ သို့သော်လည်း လောကမာရ်အောင်စေတီဟု ခေါ်ကြဘဲ ဘုရားဒါယကာ စကြာဝန်ကြီးအမည်ကို အစွဲပြု၍ စကြာဝန်ကြီးဘုရားဟုသာ ခေါ်ဆိုကြလေ၏။

**စိန်ရောင်ခြည်ဘုရား ဘွဲ့မည်တွင်ပုံ**

ဝရဇိန်တန္နန်း စိန်တုံးစိန်ခိုင် စိန်ငှိုင်စိန်ခဲကဲ့သို့ မကွဲမအက် မပျက်မကြေနိုင်သော မြတ်ဗုဒ္ဓ၏ အဆင်းတော်နှင့်တူစွာ ဆက်ကာ,ဆက်ကာ ဖြာထွက်နေသည့် ရောင်ခြည်ခြောက်သွယ် ဘဝဂ်ထယ် အံ့ဖွယ်ရှစ်ဖြာကို ဂုဏ်ဒြပ်ပြုကာ စိန်ရောင်ခြည်ဘွဲ့မည် ပေးခဲ့ခြင်းဖြစ်၏။

စိန်ရောင်ခြည်စေတီတော်သည် ကမ္ဘာ့အံ့ဖွယ် မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ရာ လမ်းခုလတ်ဖြစ်သည့် ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းတွင် ရှိပါ၏။

**ဘုရားဝတ္တကမြေနှင့် အင်္ဂလိပ်နယ်ချဲ့**

အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်သောအခါ နေရာအကွက်အကွင်းကောင်းသော ဘုရားဝတ္တကမြေနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအချို့သည် ရောင်းစားခြင်းခံခဲ့ရ၏။ ရောင်းချသူမှာ နယ်ချဲ့အင်္ဂလိပ်ဖြစ်ပြီး ဝယ်ယူသူတိုင်းမှာ မြန်မာလူမျိုး ဦးရွှေအိုးနှင့် ဦးရွှေရိုး ဆိုသူတို့ဖြစ်ကြသည်။

(၁၉၀၂)ခုနှစ် အင်္ဂလိပ်နယ်ချဲ့တို့ အထွတ်အထိပ်ရောက်ရှိစဉ် ဗုဒ္ဓသာသနာ ညှိုးမှိန်စေရန်အတွက် ရည်ရွယ်



ကျိုက်မရောဘုရားပုံစံတူ ရုပ်ပွားတော်မြတ်

www.burmeseclassic.com



လိုဏ်ဂူမှန်အတွင်း မြင်တွေ့ဖူးမြော်ရသည့် ရုပ်ပွားတော်များ

ကာ ရွှေတိဂုံစေတီတော် တောင်ဘက်အနီး၌ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို ဆောက်လုပ်လေ၏။

စိန်ရောင်ခြည်စေတီတော်အနီး၌လည်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းတစ်ခု ဆောက်လုပ်ခဲ့၏။ ခရစ်နှစ်



သာသနာ့ဗေဿဘိဏ်ဏ် သိမ်တော်

(၁၉၁၄)ခုနှစ်တွင် ဘုရားဝတ္တက မြေအား အိန္ဒိယနိုင်ငံသား မန် ဂလာပရန်ဂျီလက်ဝယ် ရောက် ရှိသွား၏။ ငှင်းကွယ်လွန်သွား သောအခါ ဒေါက်တာမီတားက အမွေဆက်ခံ ပိုင်ဆိုင်ခဲ့၏။

(၁၉၂၅)ခုနှစ်တွင် ဦးမောင် ကြီး၊ ဒေါ်ဇံ မိသားစုသည် ဟောင်း နွမ်းပျက်စီးနေသော စေတီတော် ကို ပြင်ဆင်မွမ်းမံပြီး ထီးတော် အသစ် တင်လှူရန် ပြင်ဆင်နေ ခိုက် ဒေါက်တာမီတားသည် နယ် ချဲ့တရားရုံးမှတစ်ဆင့် တားဝရမ်း ထုတ်ဆင့် တားမြစ်ခဲ့လေ၏။

နယ်ချဲ့ခေတ်ဖြစ်၍ နယ်ချဲ့တို့အလိုကျ ဗုဒ္ဓသာသ နာ မထွန်းကားစေလိုသောကြောင့် ထီးတော်တင်လှူခွင့် မရခဲ့ပေ။ ဤဖြစ်ရပ်သည် မြန်မာလူမျိုးတို့အား အမျိုး ဘာသာ၊ သာသနာစိတ်ဓာတ်ကို နှိုးဆွပေးလိုက်သလို ဖြစ်ကာ ဦးရန်ပဆိုသူမှ ဦးဆောင်ဆော်ဩလိုက်သဖြင့် (၁၉၃၉)ခုနှစ်ရောက်သည့်အခါ မင်းတိုင်ပင်အမတ် ဦးဘ သိန်းက စိန်ရောင်ခြည်စေတီ ဘုရားဝတ္တကမြေပြဿနာ ကို မင်းတိုင်ပင်အမတ် အစည်းအဝေး၌ မေးခွန်းထုတ်မေး မြန်းခဲ့၏။ နယ်ချဲ့ခေတ်ကာလ၌ အောင်မြင်မှု မရခဲ့ချေ။

<u>ဘုရားဝတ္တကမြေအား ရှင်းလင်းလေပြီ</u>

ဂျပန်ခေတ်ရောက်သောအခါ သရက်တောကျောင်း တိုက် အုတ်လှေကားဆရာတော်မှ ဦးဆောင်ကြီးမှူးလျက် ထီးတော်အသစ် တင်လှူခွင့် ရရှိခဲ့လေ၏။ ဘုရားဝတ္တက မြေကိစ္စကား မြန်မာတို့ ပြန်လည်ရရှိရေး ဆက်လက်ကြိုး ပမ်းခဲ့ကြ၏။ လွတ်လပ်ရေးရပြီးနောက် သာသနာ့ညွှန် ကြားရေးဝန်ရုံးက စေတီတော်ပရိဝုဏ်အတွင်းရှိ ကုလား ပိုင်မြေကွက်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့လေသည်။

(၁၉၅၃)ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဖွဲ့ဝင်(၁၅)ဦး ပါဝင်သော ကော်မတီ၏ ဆောင်ရွက်မှုကြောင့် အောင် မြင်မှုရခါနီးတွင် သပိတ်စုံပေါ်ဖေါက်လာခြင်း တောင မျှားတွင် ရောင်စုံသူပုန်များ ထကြွလာခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဒေသမှ လူအများ ရန်ကုန်မြို့သို့ ပြေးရောက်ရှိကာ ရရာနေရာ၌ တဲထိုးနေထိုင်ကြလေ၏။ စိန်ရောင်ခြည်စေတီတော် တည်ရှိရာ မြေကွက်လပ်၌လည်း ကျပန်းတည်ဆောက်ထားသော တဲအိမ်များ ပြွတ်သိပ်နေလေ၏။



မိုးညှင်းသမ္ဗုဒ္ဓေပုံစံတူ နံရံကပ် ရုပ်ပွားတော်များ

သာသနာညွှန်ကြားရေးဝန်ကြီးက ဝတ္တကမြေအတွင်း နေထိုင်ကြသူများအား ရှင်းလင်းဖယ်ရှားကာ တဲအိမ်များအား ဖြိုချဖျက်ဆီးခဲ့လေ၏။ လူနှင့် တဲအိမ်များ ရှင်းလင်း ဖယ်ရှားပြီးနောက် နေရင်းဆရာတော် ဦးကောဝိဒအား စေတီတော်အနီးကပ် စောင့်ရှောက်တော်မူစေခဲ့၏။

## ယနေ့မြင်တွေ့နေရသော စိန်ရောင်ခြည်စေတီတော်

ဆရာတော်ဦးကောဝိဒသည် စိန်ရောင်ခြည်ကျောင်းတိုက်ကြီး တည်ထောင်ကာ စေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်လေ၏။ ဆင္ဃသင်္ဂါယနာတင်ပြီးနောက်ပိုင်း မြေစိုက်စေတီအဖြစ် တည်ရှိနေသော ရှေးဟောင်းစိန်ရောင်ခြည်စေတီအားငုံ၍ ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီတော်ပုံတူတည်ထားလေ၏။ ထီးတော်အထွတ်တွင် ရွှေပိန်းချထားလေသည်။ ယနေ့တိုင် ဖူးမြင်နေရသော စေတီတော်ဘုရားဒါယကာကြီးမှာ စိန်ရောင်ခြည်ကျောင်းတိုက်ကြီး တည်ထောင်သူ ပဓာနနာယက ဆရာတော် ဦးကောဝိဒပင် ဖြစ်ပါသည်။

မဟာဗောဓိစေတီတော် လိုဏ်အတွင်း၌ ဗုဒ္ဓမြတ်စွာ၏ ဓုဒြာပဟန်အမျိုးမျိုးကို ထုလုပ်ပူဇော်ထားလေ၏။ လိုဏ်အတွင်း ဘေးနံရံများ၌ မိုးညှင်းသမ္ဗုဒ္ဓေ ပုံစံအတိုင်း ဗုဒ္ဓရုပ်ပွားတော်များကို နံရံအပြည့် ပူဇော်ထားရှိလေသည်။ မဟာဗောဓိစေတီတော်၏ ဉာဏ်တော်အမြင့်မှာ ကိုးဆယ့်ပေနှင့် ခြောက်လက်မရှိ၏။

စေတီရင်ပြင်တော် သော်ကြာထောင့်တွင် ထွက်ရပ်ပိတ်ပုဂ္ဂိုလ်များ ရုပ်တုထားရှိ၏။ တနင်္လာထောင့်တွင် သာသနာနှစ်(၂၅၁၅)ခုနှစ်၊ ခရစ်နှစ်(၁၉၇၂)ခုနှစ်က ဆောက်လုပ်ခဲ့သည့် သာသနသောဘိဏီသိမ်တော် ရှိလေ၏။ ဗုဒ္ဓဟူးထောင့်တွင် ဆရာတော်ကျောင်းထိုင်သော ဖွားစောရင်ကျောင်းတိုက် ရှိ၏။

ထူးခြားသည်မှာ စေတီတော်လိုဏ်မုခ်အတွင်း ကြာသပတေးထောင့်ရှိ ကျောင်းဆောင်ထဲ၌ သီတင်းသုံးနေသော ယွန်းဘုရားသည် ဆုတောင်းခံမှန်ပြည့်ဝသော



ရင်ပြင်တော်ပေါ်ရှိ တံခွန်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတစ်ဆူဖြစ်လေ၏။ အထူးသဖြင့် အောင်မြင်မှု လိုလားတောင့်တသူတို့အဖို့ မိဋ္ဌာန်အောင်မြင်သည့် ဘုရားဖြစ်ကြောင်း ဆရာတော်ဦးဉာဏက ရှင်းလင်းမိန့်ကြားခဲ့သည်။

ယခုလက်ရှိ စိန်ရောင်ခြည်စေတီတော်အား နေရင်းဆရာတော် ဦးကောဝိဒ၏ တပည့်ရင်း ဆရာတော် ဦးဓမ္မနန္ဒနှင့် တပည့်ဒါယကာ,ဒါယိကာမ အလှူရှင်များက ကြည်ညိုဖွယ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်နေခိုက် ဆရာတော် ဦးဓမ္မနန္ဒသည် (၂၀၁၆)ခုနှစ်တွင် ပျံလွန်သွားခဲ့သည်။

ထို့ကြောင့် လက်ရှိဆရာတော် ဦးဉာဏမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။

<u>ကျေးဇူးစကား</u>

စေတီတော်နှင့်တကွ သိရှိလိုသော အကြောင်းအရာများအား တပည့်ရင်းသဖွယ် သဘောထားကာ ရှင်းလင်းမိန့်ကြားပေးပါသော ဆရာတော်ဦးဉာဏ(သက်တော် ၅၇၊


စေတီသမိုင်းကြောင်း ရှင်းပြနေသော ဆရာတော်ဦးဉာဏ


ယခုနေ့မြင်တွေ့ရသော စေတီဘုရားဒါယကာ ဆရာတော် ဦးကောဝိဒ ရုပ်တုနှင့် ဓာတ်ပုံ

နှစ်၊ ဝါတော် ၃၇ ဝါ)အားလည်းကောင်း၊ ကိုယ်တိုင်လိုက်
လံပြသ ရှင်းလင်းပြောပြသော သီလရှင်ဆရာလေး ဒေါ်
စရဏ (သက်တော် ၆၇ နှစ်၊ ဝါတော် ၁၁ ဝါ)တို့အား
ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စိန်ရောင်ခြည်စေတီတော်မှာ ရွှေတိဂုံဘုရားလမ်း
ဆောက်လုပ်ရေးမှတ်တိုင်အနီး ကျားကူးသိမ်တော်ရှေ့တည်
တည့်တွင် တည်ရှိကာ ဝင်ရောက်ဖူးမြော်နိုင်ပါကြောင်း
နိဗ္ဗာန်အကျိုးမျှော် နှီးဆော်တိုက်တွန်းလိုက်ရပါတော့
သည်။

ခုနှစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေး
ပါစေ။

ဗိုလ်တထောင် ကိုး

<u>မှီငြမ်း</u>

* ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ ပြုစုသော ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် သမိုင်း။
* မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သ ထဲက အခြေခံအဆောက်အအုံရဲ့ မူလဘူတမြေ ကြောင်း (၂၁)။



www.burmeseclassic.com

www.burmeseclassic.com



မွေပါလစေတီတော်ကို အနီးကပ် ဓာတ်ပုံရိုက်ယူစဉ်

တောအုပ်ကြီး၏ ဝဲဘက်ဘေးတွင်ကား ငမိုးရိပ်ချောင်း၏ လက်တက်တစ်ခုဖြစ်သော သုနန္ဒာချောင်းက ရစ်ခွေစီးဆင်းလျက်ရှိ၏။ ထိုခရာဆူးချုံတောအုပ်ကြီး၏ ရှေ့ဘက်တွင်ကား မွေပါလ အမည်ရှိသော ဆွမ်းလောင်းမွှာရုံလေး တစ်ခုတည်ရှိ၏။ မွှာရုံ၏ ရှေ့ဘက်တွင်မူ မြောက်ဥက္ကလာပ၊ မေဓာဝီလမ်းမကြီးက ကပ်လျက်ရှိနေ၏။

ညအမှောင်ကြီးနီး၍ လူခြေတိတ်ပြီဆိုလျှင် ဤနေရာ အနီး

# ပဋ္ဌာန်းဆက်ကုသိုလ်ရှင်တို့၏ ပံ့ပိုးလှူဒါန်းမှုဖြင့် တင့်တယ်သပ္ပာယ်စွာ ပေါ်ထွန်းလာခဲ့သည့်

## မြောက်ဥက္ကလာပက

# မွေပါလလိုဏ်ဂူစေတီတော်

သစ္စာမင်းခေါင်


ယခင်က ဤနေရာသည် ခရာဆူးချုံများ ဖုံးလွှမ်းလျက်ရှိသော တောအုပ်ကြီးဖြစ်ခဲ့၏။ ထို့ပြင် အမျှားသူငါစွန့်ပစ်ထားသော အမှိုက်ပုံကြီးကလည်း ထိုခရာဆူးချုံတောအုပ်အနီးတွင် ဟည်းထလျက်ရှိနေ၏။ ခရာဆူးချုံအနားမှ တော်ရုံတန်ရုံ ကိစ္စနှင့်တော့ ဖြတ်သန်းသွားလာခြင်း မပြုကြတော့။ အဘယ်ကြောင့်ဆိုသော် ဤခရာဆူးချုံ တောအုပ်ကြီးတစ်ဝိုက်သည် လူသူပြတ်လပ်၏။ အမြဲတမ်းပင် အမှောင်ရိပ်က ကြီးစိုးနေ၍ဖြစ်ချေ၏။



မွေပါလစေတီတော်၏ အရှေ့ဘက်အဝင်မုခ်ဦး

ထိုနေရာသည်ကား မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ မေဓာဝီလမ်းနှင့် ဣန္ဒာလမ်းထောင့် သုနန္ဒာချောင်းဘေးတွင် တည်ရှိ၏။ ထိုခရာဆူးချုံတောအုပ်ကြီး၏ အရှေ့ဘက် ချောင်းကမ်းစပ်အနီးတွင်ကား ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသော ဗောဓိပင်တစ်ပင် ရှိ၏။ မည်သူက စိုက်ပျိုးထားသည်၊ ဗောဓိပင်သက်တမ်း မည်မျှရှိပြီကိုကား မည်သူကမျှ မပြော နိုင် ဖြစ်ချေ၏။

www.burmeseclassic.com



ဓမ္မပါလလိုဏ်ဂူစေတီတော်နှင့် ရင်ပြင်တော်၊ ကုန်းတော်တို့အား အဝေးမှ တွေ့မြင်ရစဉ်

ထို့ပြင် ခရာဆူးချုံတောအုပ်ကြီး၏ အလယ်တွင်ကား ဉာဏ်တော်အမြင့်(၂)တောင်စီရှိသော စေတီငယ်(၂)ဆူသည်လည်း မြက်ရိုင်းချုံနွယ်များ ဖုံးလွှမ်းကာရှိနေချေ၏။ ထိုစေတီငယ်(၂)ဆူနှင့် ပတ်သက်၍လည်း ဘယ်ကတည်းက ရှိနေသည်ဆိုသည့်ကို မည်သူ ကမျှ တပ်အပ်သေချာ မပြောနိုင် ကြချေ။

**စေတီတည်ထားရန် စီစဉ်ဆောင်ရွက်ကြခြင်း**

ယင်းသို့သော အခြေအနေတွင် အဆိုပါ ခရာဆူးချုံတောအုပ်အလယ်ရှိ စေတီငယ် (၂)ဆူကို အပေါ်မှငုံ၍ အောက်ထပ်တွင် လိုဏ်ဂူပါရှိသော စေတီတော်တစ်ဆူ တည်ထားရန် မြောက်ဥက္ကလာပ (၈)ရပ်ကွက်ရှိ စေတနာရှင် လူမှုဘဝစောင့်ရှောက်ရေး အသင်းက စီစဉ်ဆောင်ရွက်ခဲ့၏။

ဦးဆောင်စီစဉ်သူမှာကား အလင်းရောင်တိုင်းရင်း ဆေးဝါး လုပ်ငန်းပိုင်ရှင် ဦးစိုးတင့်ဖြစ်၏။ ဦးစိုးတင့်သည် ထိုနေရာတွင် တည်ထားကိုးကွယ်မည့် စေတီတော်၏ ဒီဇိုင်းပုံစံအားလုံးကို ကိုယ်တိုင်ပုံစံထုတ် ရေးဆွဲ၏။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၁၈)တောင်ရှိပြီး အောက်ထပ်



ဓမ္မပါလစေတီတော်၏ မြောက်ဘက်အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မပါလစေတီတော်အတွက် ရုနှစ်နေ့သားသမီးတို့ လှူဒါန်းထားသော ရှေးဟောင်းရုပ်ပွားတော်များအပါအဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား မော်ရုံအတွင်း၌ ဖူးတွေ့ရစဉ်

တွင် လိုဏ်ဂူပါရှိ၏။

**<u>စေတီတော်တည်ထားခြင်းမပြုမီ ဦးစိုးတင့် အိပ်မက်မြင်မက်ခြင်း</u>**

ဖော်ပြပါ စေတီတော်အား တည်ထားခြင်းမပြုမီ ညတစ်ညတွင် စေတီတော်အား ဦးဆောင်တည်ထားမည့် ပုဂ္ဂိုလ် ဦးစိုးတင့်သည် ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်၏။ ယင်းအိပ်မက်မှာ စေတီတော်၏ ပန်းလည်တိုင်စိုက်ထူမည့် မြေနေရာမှ သီလရှင်(၉)ပါး ထွက်ပေါ်လာကြ၏။ သီလရှင်များ၏ လက်ထဲတွင် ရွှေအိုး(၅)လုံးကို ကိုင်ထားကြ၏။ ထိုရွှေအိုး(၅)လုံးအနက်မှ ရွှေအိုး(၄)လုံးကို ဦးစိုးတင့်ထံ ပေးအပ်၏။ ဦးစိုးတင့်ထံ ပေးအပ်လိုက်သော ရွှေအိုး(၄)လုံးမှာ ခဏတာအတွင်း၌ပင် ငွေအိုးများအဖြစ်သို့ ပြောင်းလဲသွား
ခဲ့၏။

ထိုအခါ အဆိုပါ သီလရှင်မျာ
က ဦးစိုးတင့်အား-

'ဒကာကြီးလက်ထဲက ရွှေအိ
တွေကတော့ ငွေအိုးတွေ ဖြစ်သွာ
ခဲ့ပြီ။ ဒကာကြီး ဘယ်လိုလုပ်
မလဲ'

ဟု မေးမြန်းခဲ့ရာ ဦးစိုးတင့်က-

'ရွှေအိုးလည်း မလိုပါ။ ငွေအိ
လည်း မလိုပါ။ ဒီစေတီကို အောင်
မြင်စွာ တည်ထားနိုင်ဖို့သာ အဓိက
လိုအပ်ပါတယ်' ဟု ပြန်လည်ဖြေကြားခဲ့၏။

ထိုအခါ အဆိုပါ သီလရှင်(၉)ပါးက-

'ဒကာကြီး…အောင်မြင်ပါလိမ့်မယ်။ ဒီစေတီကို
အမြန်ဆုံးသာ တည်ပါတော့' ဟု ပြောကြားကာ ရုတ်
တရက် ပျောက်ကွယ်သွားခဲ့ကြလေ၏။

**<u>စေတီတော်စတင်တည်ထားခြင်း</u>**

ယင်းနောက် (၂၀၁၃)ခုနှစ်၊ ဧပြီလ (၁၂)ရက် သော
ကြာနေ့ ညနေပိုင်းတွင် ရတနာအုတ်မြစ်တော်စီ မင်္ဂလာ
အခမ်းအနားပြုလုပ်ပြီး စေတီတော်တည်ထားခြင်းကို
စတင်ဆောင်ရွက်ခဲ့လေ၏။

**<u>ပဋ္ဌာန်းဆက် ကုသိုလ်ရှင်များက လာရောက်လှူဒါန်းကြခြင်း</u>**

ထိုသို့ စေတီတော်ကို စတင်
တည်ထားပြီးနောက် များမကြာ
ကာလအတွင်း၌ စေတီတော်ကို
ဆက်လက်တည်ထားရန် ငွေကြေ
အခက်အခဲများနှင့် ကြုံတွေ့လာ
ခဲ့ရ၏။ ထိုသို့သော အခြေအနေ
တွင် အိပ်မက်အရ လာရောက်လှူ
ဒါန်းသူ၊ ပုဂ္ဂိုလ်ထူးတို့၏ တို
တွန်းမှုဖြင့် လာရောက်လှူဒါန်း
အစရှိသည့် ပဋ္ဌာန်းဆက်ကုသို
ရှင်အများအပြား ရောက်ရှိလာ
ပြီး အားတက်သရော လှူဒါ



ဓမ္မပါလစေတီတော် ဝတ္ထုကာမြေအတွင်းရှိ ဗောဓိပင်



www.burmeseclassic.com

www.burmeseclassic.com

ကြသဖြင့် စေတီတော်တည်ထား ရေးအတွက် ပြည့်စုံလုံလောက်မှု ရရှိခဲ့ပြီး စေတီတော်တည်ထား ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ ကြလေ၏။

**ထူးခြားသောအလှူရှင် အမျိုးသမီးတစ်ဦးက လာရောက်လှူဒါန်းခြင်း**

ဖော်ပြပါစေတီတော် တည် ထားခြင်းလုပ်ငန်းများကို ဆောင် ရွက်နေစဉ်ကာလအတွင်း (၂၀၁၃) ခုနှစ်၊ မေလ၏ နေ့တစ်နေ့တွင် လွန်စွာပေါင်းနွမ်းစုတ်ချာသည့် အဝတ်အစားများကို ဝတ်ဆင်ထား သော အမျိုးသမီးတစ်ဦးသည် ကလေးတစ်ယောက်ကိုချီပိုးကာ ထိုစေတီတော်ပရိဝုဏ်သို့ ရောက် ရှိလာပြီး ဂေါပကအဖွဲ့ထံ၌ လွန် စွာရှေးကျသော ဉာဏ်တော်(၁) ထွာခန့်ရှိ ရှေးဟောင်းဘုရားတစ် ဆူကို လှူဒါန်းပြီး သူမ၏ နား ကပ်တစ်ရန်ကိုပါ ချွတ်၍ စေတီ တော်အတွက် လှူဒါန်းခဲ့လေ၏။

ယင်းအမျိုးသမီးမှာ ဘယ် အရပ်က လာရောက်သည်ကို လည်း မည်သူမျှ မသိနိုင်ဖြစ်ခဲ့ရ ပြီး ဂေါပကလူကြီးများက နောက် ဆောင်ခံ လိုက်ကြည့်သောအခါ တွင်လည်း ကားလမ်းအကူးတွင် ချက်ချင်း ပျောက်ကွယ်သွားခဲ့ သည်ကို ထူးဆန်းစွာ ကြုံခဲ့ကြရ လေ၏။ ထိုအမျိုးသမီး လှူဒါန်း သွားသော ရှေးဟောင်းဘုရားနှင့် နားကပ်တစ်ရန်တို့ကို ဂေါပက လူကြီးများက စေတီတော်ဌာပနာ တိုက်အတွင်း၌ ထည့်သွင်းလှူ



မွေပါလစေတီတော်လိုဏ်အတွင်းရှိ
မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တော်မူနေပုံ ရုပ်လုံးရုပ်ကြွ



မွေပါလလိုဏ်စေတီတော်၏ ရှင်းသန့်သော ရင်ပြင်တစ်နေရာ



မွေပါလစေတီတော်၏ လိုဏ်အတွင်းအား တွေ့မြင်ရစဉ်



www.burmeseclassic.com

ဒါန်းခဲ့ကြလေ၏။

**<u>စေတီတော်နှင့် ပတ်သက်သည့် လုပ်ငန်းများကို အခမ်းအနားများဖြင့် ဆောင်ရွက်ခြင်း</u>**

ထိုစေတီတော်၏ ပန်းလည်တိုင် စိုက်ထူခြင်းကို (၃၀-၁-၂၀၁၄)ရက် စနေနေ့တွင်လည်းကောင်း၊ ဌာပနာတော်သွင်းခြင်းကို (၃-၅-၂၀၁၄)ရက် စနေနေ့တွင်လည်းကောင်း ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ သြဝါဒါစရိယ ဆရာတော်ကြီးများ၏ မိန့်ကြားသြဝါဒများကို ခံယူလျက် ခမ်းနားစွာ ဆောင်ရွက်ခဲ့ကြ၏။



ဓမ္မပါလစေတီတော်ရင်ပြင် တောင်ဘက်တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်

**<u>စေတီတော်ကို ထီးတော်တင်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း</u>**

တည်ထားပြီးစီးသွားသော ထိုစေတီတော်ကို (၂၀၁၅) ခုနှစ်၊ မေလ(၂)ရက် စနေနေ့ နံနက်(၈)နာရီ (၁၀)မိနစ်တွင် ခမ်းနားသိုက်မြိုက်စွာ ရွှေထီးတော်တင်လှူပူဇော်ခဲ့ကြပြီး ဗုဒ္ဓါဘိသေကအနေကဇာ တင်ခဲ့ကြ၏။

**<u>ဘွဲ့အမည်တွင်ခေါ် ဓမ္မပါလလိုဏ်စေတီတော်</u>**

ထီးတော်တင်လှူပြီးစီးခဲ့သော ထိုစေတီတော်အား သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဒိယ၊ သဒ္ဓမ္မဝံသ မဟာစည် သာသနာ့ရိပ်သာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမနနှင့် မဏိရတနာ မိုးကုတ်ဓမ္မရိပ်သာ ဆရာ တော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဍာဝံသတို့၏ သြ ဝါဒလမ်းညွှန်မှုကိုခံယူပြီး ဓမ္မပါလလိုဏ်စေတီတော်ဟူ၍ ဘွဲ့အမည် ဆက်ကပ်ပူဇော်ခဲ့ကြလေ၏။ စေတီတော်၏ လိုဏ်အတွင်းတွင် ဗုဒ္ဓဝင်ရုပ်လုံးကြွများဖြင့် ထုဆစ်ပုံဖော် ထားသည်မှာလည်း လွန်စွာကြည်ညိုဖွယ် ကောင်းလှပ ၏။

**<u>လွန်စွာငြိမ်းချမ်းတိတ်ဆိတ်သော ဓမ္မပါလလိုဏ်စေတီတော်၏ ပရိဝုဏ်</u>**

ဓမ္မပါလလိုဏ်စေတီတော် တည်ရှိသော ကုန်းတော် အမြင့်မှာ (၁၄)ပေရှိပြီး လွန်စွာငြိမ်းချမ်းတိတ်ဆိတ်ပါ၏။



ဓမ္မပါလစေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓဝင်ရုပ်လုံးကြွများ

စေတီတော်ရင်ပြင်တစ်ခုလုံးသည် ရှင်း သန့်နေ၏။ မြောက်ဘက်တ ဆောင်းနှင့် အနောက်ဘက်တ ဆောင်းတို့တွင် မန္တလေးမှ ပ ဆောင်လာသော ကြည်ညိုဖွယ ရုပ်ပွားတော် တစ်ဆူစီ ကိန်း စံပယ်လျက် ရှိသည်ကိုလည်း တွေ့နိုင်ကြပါ၏။ တိတ်ဆိတ်ငြ ချမ်းသော ဤဓမ္မပါလစေတီတေ ရင်ပြင်သည် တရားရှာမှီး ယေ သူတော်စင်များအတွက် လွှ လျော်ကန်သင့်မြတ်သော နေ

www.burmeseclassic.com



ဓမ္မပါလစေတီတော်ရင်ပြင် မြောက်ဘက်တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်

ဌာနတစ်ခုပင် ဖြစ်ပါ၏။

**ထည့်သွင်းတည်ထား ဌာပနာများ**

ဖော်ပြပါ ဓမ္မပါလလိုဏ်စေတီတော်၏ အလယ်ဌာပနာတိုက်တွင် ခက်မငါးဖြာပြည့်စုံသည့် ငွေဗောဓိပင်၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသည့် ဘုရားလေးဆူတို့၏ ရုပ်ပွားဆင်းတုတော်များ၊ ဓာတ်တော်များ၊ ဂေါတမဘုရား ဓာတ်တော်များ၊ ဝိနယပိဋကပါဠိ ငွေပေလွှာ၊ သုတ္တန္တပိဋကပါဠိငွေပေလွှာ၊ အဘိဓမ္မာပိဋကပါဠိ ငွေပေလွှာ၊ ငွေဖြင့် ပြုလုပ်ထားသော ပရိက္ခရာ(၈) ပါး ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်များ၊ စေတနာ ကြည်ဖြူသူတို့ လှူဒါန်းသော ရတနာပစ္စည်းများနှင့် ရွှေထီးပုံတူ ငွေစေတီလေးဆူတို့ကို ထည့်သွင်းဌာပနာ ထား ရှိ၏။ ထိုစေတီတော်၏ မူလဌာနတိုက်တွင်ကား ဥဏ်တော်(၅)လက်မရှိ ဘူမိဖဿမုဒြာဘုရားဆင်းတုတော် ဆူ၊ ဉာဏ်တော်(၂)လက်မရှိ မုဒြာဘုရား ဆင်းတုတော် ဆူ၊ ဉာဏ်တော်(၅)လက်မရှိ မုဒြာ ဘုရားဆင်းတုတော် ဆူ၊ ဉာဏ်တော်(၅)လက်မရှိ ရုပ်တော်ပုံ ဘုရားဆင်းတု (၂)ဆူနှင့် ကျောက်စိမ်းထည် ပြုလုပ်ထားသော ရှင်ဥပဂုတ္တ အရှင်မြတ် ဆင်းတုတော် တို့ကို ဌာပနာထည့်သွင်း ထို့ပြင် ငွေထည်ဖြင့် ပြုလုပ်ထားသော ဆင်စီးမာရ်နတ် ရုပ်တု၊ ရွှေအိမ်တော်ကျောင်းဆောင်၊ သမ္မာပတိဗြဟ္မာ တရားတောင်းရုပ်တု၊ တဖုဿ,ဘလ္လိက ကုန်သည်ညီနောင်တို့ မုန့်ဆွမ်း ကပ်လှူနေပုံ ရုပ်တုတို့ကိုလည်း ဌာပနာထည့်သွင်းထား၏။



မွေပါလစေတီတော်လိုဏ်အတွင်းရှိ
ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောနေဟန် ရုပ်လုံးရုပ်ကြွများ

**ဟသာ်(၁)ကောင် နားနေဟန် ထုလုပ်ထားသော တံခွန်တိုင်၌ ဟသာ်(၂)ကောင် ဖြစ်နေခြင်း**

ဖော်ပြပါ ဓမ္မပါလလိုဏ်စေတီတော်ရင်ပြင်၌ တံခွန်တိုင်ကိုလည်း မြန်မာမှုလက်ရာမြောက်စွာ ထုလုပ်ထား၏။ အဆိုပါ တံခွန်တိုင်ထိပ်ဖျား၌ ဟသာ်တစ်ကောင်နားခိုနေဟန် ထုလုပ်ထားသည်ကိုလည်း တွေ့မြင်ရ၏။ ယင်းတံခွန်တိုင်ကို (၂-၁၂-၂၀၁၄)ရက်နေ့ နံနက်(၀၂း၃၀)နာရီ အချိန်က စေတီတော်ပရိဝုဏ်ရှေ့ရှိ ဓမ္မပါလဆွမ်းလောင်းဓမ္မာရုံ၌ အရဏ်ဆွမ်းချက်နေသော မြောက်ဥက္ကလာ၊ (၈) ရပ်ကွက်၊ ကန္တာလမ်းနေ ဦးသိန်းဇင်က ဓာတ်ပုံရိုက်ခဲ့ရာ ဟသာ်တစ်ကောင်တည်းသာ ရှိနေသော တံခွန်တိုင်ထိပ်၌ ဟသာ်(၂)ကောင် တူယှဉ်တွဲလျက် ပေါ်နေသည်ကို ဓာတ်ပုံထဲ၌ ထူးဆန်းစွာ တွေ့မြင်ခဲ့ကြရလေ၏။ (လေ့လာကြည့်ရှုလိုသူတို့သည် ဂေါပကအဖွဲ့၏ ဓာတ်ပုံမှတ်တမ်း အယ်(လ်)ဘမ်၌ ထိုဓာတ်ပုံကို ကြည့်ရှုနိုင်ကြပါ၏) ထိုဖြစ်ရပ်နှင့်ပတ်သတ်၍ ဖော်မဲ့နေတဲ့ တံခွန်တိုင်ထိပ်က

www.burmeseclassic.com

www.burmeseclassic.com



မွေပါလလိုဏ်စေတီတော် အောက်ထပ်ရှိ စုနစ်နေ့ ရုနစ်နံ ဘုရားများ



မွေပါလစေတီတော်၏ ဂေါပကဥက္ကဋ္ဌ
ဦးစိုးအောင်(အလင်းရောင်တိုင်းရင်းဆေးဝါးလုပ်ငန်း)က
စေတီတော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးနေစဉ်



မွေပါလစေတီတော်၌ လျှပ်စစ်နှင့်ပတ်သက်သည့် လုပ်ငန်းများကို
အခကြေးငွေ လုံးဝမယူဘဲ စေတနာလို ဆောင်ရွက်ပေးလျက်ရှိသူ
ဦးမြင့်သိန်းအား စေတီရင်ပြင်သို့ အတက်လှေကား၌ တွေ့မြင်ရစဉ်

ဟာသ်ာလေးကို ခဏလာပြီး အဖော်ပြုပေးတာ ဖြစ်လိမ့်မယ်ဟု အများက ဝေဖန်ပြောကြားခဲ့ကြလေ၏။

**မိုးနတ်မင်းနှင့်**
**အကြောင်းဆက်ရှိလေသလော**

ဤမွေပါလလိုဏ်စေတီမှာ မိုးနတ်မင်းနှင့် ထူးခြားသော အကြောင်းဆက်ရှိသည်ဟု ဆိုရမလို ဖြစ်နေ၏။ အကြောင်းမူ စေတီတော်နှင့်ပတ်သက်သည့် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်တော့မည်ဆိုလျှင် မိုးကြီးသည်းထန်စွာ ရွာသွန်းနေသော်ငြားလည်း ထူးခြားစွာ မိုးတိတ်သွားခြင်းပင်ဖြစ်၏။ မွေပါလစေတီတော်၏ မြောက်ဘက်မုခ်ဦး လုပ်စဉ်ကလည်း မိုးဖြိုင်ဖြိုင်ရွာသော ဝါဆိုလပင် ဖြစ်၏။ သို့သော် မုခ်ဦးလုပ်ကိုင်ပြီးစီး၍ အ[...] တေများ ခြောက်ပြီဆိုတော့မှ ဝါဆို[...] မိုးက ဖြိုင်ဖြိုင်ရွာသွန်းခဲ့လေ၏။

စေတီတော်တည်ထားခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလ အတွင်း (၁၂-၁၀-၂၀၁၃)ရက်[...] တွင် စေတီတော်၏ ဂေါပကအ[...] ဝင်များက စေတီတော်၌ ဌာပ[...] ထည့်သွင်းရန်အတွက် သုဝဏ္ဏ[...] ရွှေသုဝဏ်ဆရာတော်ထံမှ ဓာ[...] တော်များ သွားရောက်ပင့်ဆော[...] ခဲ့ကြ၏။ ထိုသို့ပင့်ဆောင်လာ[...] ကောင်းကင်တစ်ပြင်လုံး မိုးသ[...] တိမ်လိပ်များ အုံ့ဆိုင်းညို့မှိုင်း[...] သဲကြီးမဲကြီး မိုးရွာတော့[...] အခြေအနေ ပေါ်ပေါက်လာခဲ့[...] သို့သော် ရွာမယောင် ဟန်[...] နေခဲ့သောမိုးသည် မွေပါလ[...]



www.burmeseclassic.com

www.burmeseclassic.com

တော်အတွက် ခါတ်တော်များ ပင့်ဆောင်လာရာ လမ်းတစ်လျှောက်၌ လုံးဝရှာသွန်းခြင်းမရှိဘဲ ဓမ္မပါလစေတီတော် ပရိဝုဏ်ရှိ ဓမ္မာရုံအတွင်းသို့ ဓါတ်တော်များ ရောက်ရှိမှသာ သဲသဲမဲမဲနှင့် လေရောမိုးပါ ပြင်းထန်စွာရွာခဲ့လေ၏။ သို့ကြောင့်ပင် ဖော်ပြပါ ဓမ္မပါလလိုဏ်စေတီတော်သည် မိုးနတ်မင်းနှင့် ထူးခြားသော အကြောင်းဆက်ရှိပြီး မိုးနတ်မင်းက ကူညီစောင့်ရှောက်ခြင်းပင် ဖြစ်သည်ဟု အများက ပြောဆိုကြ၏။

**<u>ဓမ္မပါလစေတီတော်၏ ဂေါပကအဖွဲ့</u>**

ဓမ္မပါလစေတီတော်၏ ဂေါပကအဖွဲ့ကို ဥက္ကဋ္ဌ ဦးစိုးတင့်(အလင်းရောင်တိုင်းရင်းဆေးဝါးလုပ်ငန်း)၊ ဦးမောင်မောင်မြင့်[ဒုဥက္ကဋ္ဌ၊ ဣန္ဒာ(၂)လမ်း]၊ အတွင်းရေးမှူး ဦးစိုးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဌေး၊ ဘဏ္ဍာရေးမှူး ဦးလှမျိုးအပါအဝင် ဂေါပကအဖွဲ့ဝင်(၁၀)ဦးဖြင့် စနစ်တကျဖွဲ့စည်းထား၏။ စေတီတော်၏ ဝတ္တကမြေအကျယ်အဝန်းမှာ (၂)ကေဖြစ်ပြီး အလျား(၅၂၀)ပေ၊ အနံ(၂၈၀)ပေရှိ၏။ ဓမ္မပါလလိုဏ်စေတီတော်၏ ဂေါပကအဖွဲ့သည် စေတီတော်၏ ဝတ္တကမြေအတွင်း၌ သံဃာ့ာသနိကအဆောက်အအုံများဖြင့် ဝေဆာတင့်တယ်ပြီး သာသနာတော် ပိုမိုပွင့်လင်းလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘာသာသာသနာအတွက် စွန့်လွှတ်လှူဒါန်းလိုသော ကုသိုလ်ရှင်များသည်လည်း ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုပြီး ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြပါ၏။ ထို့ပြင် စေတီတော်၏ ဝတ္တကမြေအတွင်း ဓမ္မာရုံရှေ့၌ နေ့စဉ် လာရောက်ရပ်နားထားသော ကားကြီးကားငယ် များစွာနှင့် ဆိုက်ကား အစရှိသည်တို့ကိုလည်း ဓမ္မပါလစေတီတော်၏ ဝတ္တကမြေပရိဝုဏ်တင့်တယ်စေရန်အတွက် ...အပ်သလို ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါ၏။

**<u>အခိဋ္ဌာန်စခန်း ဝင်ရောက်လိုသူများ လာရောက်နိုင်</u>**

လွှန်စွာငြိမ်သက်အေးချမ်းသော ဖော်ပြပါ ဓမ္မပါလလိုဏ်စေတီတော်၌ ရက်ရှည်အဓိဋ္ဌာန်ဖြင့် တရားအားထုတ်လိုသူများတို့သည်လည်း စေတီတော်၏ ဂေါပကအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါ၏။

"ဓမ္မပါလဆုတောင်းပြည့်စေတီတော် ဘုရားရှိခိုး"

✦✦✦✦✦✦✦✦✦✦✦✦✦✦

သိဒ္ဓမ်။ ။ ဝန္ဒေ ဗုဒ္ဓံ မဟာတေဇံ၊ ဓမ္မပါလန္တိ စေတိယံ။

မောဒံ လဘန္တု ရာဇာနော၊ သုသုခံ စ သရဋ္ဌိကာ။

အကျိုးပေးထက်မြက်သည့် ဓမ္မပါလစေတီတော်ဘုရားရှိခိုး

**<u>အကျိုးပေးထက်မြက်သော</u>**
**<u>ဓမ္မပါလစေတီတော်ဘုရားရှိခိုး</u>**

သိဒ္ဓမ် ဝန္ဒေ ဗုဒ္ဓံ မဟာတေဇံ၊ ဓမ္မပါလန္တိစေတိယံ၊ မောဒံယ ဘန္တု ရာဇာနော၊ သုသုခံစ သရဋ္ဌိကာဟူသော ဓမ္မပါလစေတီတော်၏ ဘုရားရှိခိုးကို မိမိနိုင်သလောက် ပုတီးပတ်ရေဖြင့် အနည်းဆုံး (၉)ရက်အဓိဋ္ဌာန်ပြီး ဓမ္မပါလစေတီတော်ရှေ့မှောက်၌ ပုတီး(၁)လုံးလျှင် ဘုရားရှိခိုး (၁)ခေါက်နှုန်းဖြင့် မပျက်မကွက် ပုတီးစိပ်၍ ပွားများပူဇော်ပါက မှန်ကန်သောတောင်းဆုနှင့် လွန်စွာပြည့်ဝသည်ဟု ဆို၏။

**<u>မြိမ့်မြိမ့်သဲသဲ စည်ကားလှသည့်</u>**
**<u>ဓမ္မပါလစေတီတော်ဘုရားပွဲ</u>**

ဓမ္မပါလစေတီတော်၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို



ဟင်္သာတစ်ကောင် နားဆိုနေဟန်ရုပ်တုပါသော
ဓမ္မပါလစေတီတော်၏ တံခွန်တိုင်



www.burmeseclassic.com

www.burmeseclassic.com

နှစ်စဉ် နတ်တော်လပြည့်နေ့မှစ၍ (၇)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ၏။ ယခုအခါ ဘုရားပွဲတော်ကျင်းပလာခဲ့သည်မှာ ခရစ်နှစ်(၂၀၁၅)ခုနှစ်ကတစ်ကြိမ်၊ (၂၀၁၆)ခုနှစ်ကတစ်ကြိမ် စသည်ဖြင့် (၂)ကြိမ်ရှိခဲ့ပြီဖြစ်၏။ (၂)ဧကကျယ်ဝန်းသော စေတီတော်၏ ဝတ္တကမြေအတွင်း၌ နာမည်ကြီး ဇာတ်သဘင်ပွဲ၊ ရုပ်ရှင်၊ မျက်လှည့်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဆိုင်များဖြင့် ခြိမ့်ခြိမ့်သဲသဲ စည်ကားလှ၏။ ဆင်ဖုံ၊ ဘားလား၊ ထားဝယ်ချောင်၊ လှည်းကူး စသည့်ခရီးဝေး အရပ်ဒေသများမှတိုင် ဓမ္မပါလစေတီတော်ဘုရားပွဲသို့ တကူးတကန့်လာရောက်ကြ၏။

ထူးခြားသည်မှာ စေတီတော်၏ ဘုရားပွဲရက်များအတွင်း၌ မည်သည့်အရပ်ဒေသက လာရောက်မှန်းမသိရသော မုတ်ဆိတ်ကျင်စွယ် ဖြူဖြူဖွေးဖွေးနှင့် ယောဂီသူတော်စင်များ၊ ဒေါက်ချာဆောင်း ရသေ့ကြီးများ၊ အိန္ဒိယနွယ်ဖွား ဆာဒူးသူတော်စင်များတို့သည် ဓမ္မပါလစေတီတော်ရင်ပြင်၌ ညလုံးပေါက် တရားအားထုတ်ကြပြီး နံနက်မိုးမလင်းမီ အလျှိုအလျှို ပျောက်ကွယ်သွားကြခြင်းပင် ဖြစ်၏။

## ရွှေတောင်ကြီးအလား သပ္ပာယ်တင့်တယ်လှသည့် ဓမ္မပါလလိုဏ်စေတီတော်

ယခင်က ခရာဆူးချုံကြီးများ၊ အမှိုက်ပုံများဖြင့် ဖုံးလွှမ်းနေသော ထိုနေရာတွင် ယခုအခါ ပဋ္ဌာန်းဆက် ကုသိုလ်ရှင်တို့၏ ပံ့ပိုးလှူဒါန်းမှုဖြင့် တင့်တယ်သပ္ပာယ်စွာ ပေါ်ထွန်းလာခဲ့သော ဓမ္မပါလလိုဏ်စေတီတော်ကို အဝေးမှ လှမ်းမျှော်ကြည့်ရှုပါက ဝင်းဝင်းတောက်နေသည့် ရွှေတောင်ကြီးတစ်ခု တည်ရှိနေသည်အလား ကြည်ညိုဖွယ် ဖူးမြင်နိုင်ကြပြီ ဖြစ်ပါ၏။

မြောက်ဥက္ကလာပသို့ ခရီးကြုံသူတို့သည် အဆိုပါ ဓမ္မပါလလိုဏ်စေတီတော်အား သွားရောက်ကြည်ညိုဖူး မြော်နိုင်ကြပါစေသတည်း။

ဝေနေယျအားလုံး ဘေးရန်ကင်းကွာကြပါစေ။

မေတ္တာရည်ရွ

သစ္စာမင်းခေါ


# တောင်တွင်းကြီးမဟာတံခွန်

**နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်**

အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁ ၊ 📱 ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး) စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ဝင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅



www.burmeseclassic.com

www.burmeseclassic.com

# သံတွဲမြို့က ဗျာဒိတ်တော်ရ တော်သုံးတော်စာရင်းဝင် ရွှေနံ့တော်စေတီ

မြမဥ္ဇူဝေ(ကျုံမငေး)

ဗုဒ္ဓသာသနာနှင့်အတူ ယှဉ်၍နေထိုင်ခဲ့သော မြန်မာပြည်သည် သာသနာအလွန်ကြွယ်ခဲ့ပါသည်။ ပြည်နယ်ပြည်မ တိုင်းဒေသကြီးများတွင်လည်း ရှေးအခါကပင် ကိန်းဝပ်နေသော ဘုရားစေတီများနှင့် ဘုရားဖူးများ ဟန်ချက်ညီစွာ စည်ကားနေပါသည်။

စာရေးသူလည်း ရှေးကုသိုလ်ကြောင့်သာ ရခိုင်ပြည်နယ်၊ သံတွဲမြို့က ဗုဒ္ဓဘုရားရှင် နှုတ်ဖွင့်ဗျာဒိတ်စကားဆိုထားသည့် နေရာဒေသရှိ ဘုရားစေတီများကို ဖူးခွင့်ကြုံရသည်ဟု ဆိုချင်ပါသည်။ တစ်ခေါက်တစ်ခါ ရောက်လျှင်ဖြင့် ရောက်ရုံဟု ဆိုပါက သမိုင်းကြောင်းကို ပြည့်စုံစွာ မသိနိုင်ချေ။ ယခု စာရေးသူအနေဖြင့် ဒေသတစ်ခုသို့ နှစ်ကြိမ်နှစ်ခါရောက်ရန် အခြေအနေပေးလာ၍သာ ရောက်ခဲ့ရသည်ဟု ဆိုရပါမည်။

သံတွဲမြို့သည် သံတွဲလေဆိပ် (မဇင်လေဆိပ်)တွင် တစ်နေ့လျှင် လေကြောင်းခရီး(၈၀)ခန့် ပျံသန်းနေရသော ဒေသဖြစ်၍ ပြည်တွင်း,ပြည်ပ ဘုရားဖူးအပန်းဖြေခရီးသွားများနှင့် စည်ကားနေသောမြို့ ဖြစ်ပါသည်။ စာရေးသူတို့ ကုန်းကြောင်း(ကားလမ်းခရီး)ခရီးဖြင့်လည်း ကား



သပ္ပာယ်စွာ ဖူးတွေ့ရသော ရွှေနံ့တော်စေတီ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ကားငယ်များဖြင့် သံတွဲ ထီကမ်းခြေတွင် လူများ ပြည့်ကျပ်နေပါသည်။

ဘုရားဖူးခရီးကို ဦးစားပေးသည့် စာရေးသူအဖို့ သံတွဲမြို့၏ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဗျာဒိတ်တော်ရ တော်သုံးတော် စာရင်းဝင် ဘုရားသုံးဆူတွင် ပါဝင်သော ရွှေနံ့တော်စေတီသို့ ဘုရားဖူးခရီး သွားခဲ့ပါသည်။


ရွှေနံ့တော်စေတီနှင့် စေတီရံများကို ဖူးတွေ့ရစဉ်

စေတီတော်ကိန်းဝပ်ရာတောင်ကုန်းကို ရေဟကုဋ္ဌတောင်ဟု ရှေးအခါက ခေါ်ခဲ့သော်လည်း ယခုအခါ နံ့တော်တောင်ဟုပင် ခေါ်ကြပါသည်။

ရှေးယခင်အခါက တောင်တော်သို့ ဘုရားဖူးများ အလွယ်တကူ တက်ရောက်နိုင်ရန် အုတ်လှေကားများ ပြုလုပ်ထားသော်လည်း မတ်စောက်နေသောကြောင့် ခက်ခဲစွာ တက်ကြရပါသည်။ ရွှေနံ့တော်စေတီတော်သည် ဂေါတမဘုရားရှင် နုစဉ်ဘဝအခါက ခါမင်းဘဝဖြင့် နေထိုင်ကျက်စားခဲ့ဖူးရာ အရပ်ဖြစ်၍ ဘုရားဖြစ်တော်မူလာသောအခါ နောက်ပါ ရဟန္တာ(၅၀၀)ခြံရံ၍ ကြွချီတော်မူခဲ့ရာ တန့်တော်မူတောင် (ဒန့်ဒေးတောင်)တွင် ရပ်တော်မူသခိုက် ဗျာဒိတ်တော် ထားခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ခဲ့သောအခါ နံရိုးတော်ဓာတ်ဖြင့် တည်ထားခဲ့သော စေတီ ဖြစ်ပါသည်။

ဘုရားစေတီ တည်ရခြင်း သမိုင်းကို လေ့လာလိုက်သောအခါ မဟာသက္ကရာဇ်(၁၂၃)ခုနှစ်တွင် ဂေါတမဘုရားရှင် ဝါတော်(၈)အရအချိန်တွင် ရခိုင်ဘုရင် ဒွန္တသူရိယမင်းကြီး၏ ပင့်ဆောင်ခြင်း ကြွချီခဲ့ပြီး ဗျာဒိတ်တော်ထားဖြင့် မိမိ၏နံရိုးတော်ဓာတ်ကို ပြည်သူအများက စေတီတစ်ဆူတည်ကြမည်ဟု မိန့်ဆိုစကားအရ တည်ထားခြင်း ဖြစ်၏။

သာသနာသက္ကရာဇ်(၂၃၆)ခုနှစ်တွင် ရဟန္တာအရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်နှစ်ပါးတို့က ဘုရားရှင်၏ အံတော်၊ ဆံတော်၊ နံတော်၊ ဓာတ်မြတ်တို့အား သံတွဲမြို့စား ဓမ္မသူရအမတ်အား ပေးအပ်၍ ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း စေတီသုံးဆူကို တည်ခဲ့၏။ ထိုသုံးဆူထဲတွင် ရွှေနံ့တော်စေတီလည်း ပါ၏။ စေတီတည်စအခါက ဉာဏ်တော်မှာ (၅)ပေခန့်သာ ဖြစ်၏။

ထိုအချိန် ရွှေနံ့တော်စေတီကို ဖူးမြော်ရန် ရောက်ရှိခဲ့သော စူဠာစန္ဒယောမင်းကြီးသည် ကရဝိက်ဖောင်ဖြင့် ပင်လယ်ပြင်ကို ဖြတ်ခဲ့စဉ် နဂါးမင်းနှောင့်ယှက်မှုကိုခံရကာ လွတ်မြောက်ရန် မလွယ်ကြောင်း သိရှိခဲ့ရသဖြင့်


ရွှေနံ့တော်စေတီမုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရွှေနံ့တော်စေတီ၏ ဆုတောင်းပြည့်ရုပ်ပွားတော်

ဆင်မြန်းထားသော ရတနာပစ္စည်းများကို အမတ်ကြီးထံ အပ်ခဲ့ပြီး ရွှေနံ့တော်စေတီကို ပြုပြင်မွမ်းမံရန် မှာကြားကာ နဂါးရန်ဖြင့် နတ်ရွာစံခဲ့၏။ အမတ်ကြီးလည်း မင်းကြီး ကိုယ်စား ရွှေနံ့တော်စေတီကို ပြုပြင်ခဲ့လေသည်။

ဤသို့ဖြင့် ရှေးမင်းများ အစဉ်အဆက် ပြုပြင်ကိုး ကွယ်မှုများဖြင့် တင့်တယ်သပ္ပာယ်စွာ ကိန်းဝပ်နေခဲ့သော ရွှေနံ့တော်စေတီသည် ဒုတိယကမ္ဘာစစ်ဘေးဒဏ်ဖြင့် ဆုံး ဆန့်ထိမှန်ကာ ပျက်စီးခြင်းများ ဖြစ်ခဲ့ရ၏။ စေတီတစ် လုံး မပြိုပျက်ခဲ့သည်ကား သာသနာ၏ တန်ခိုးကြောင့်ဟု ဒေသခံများ ယုံကြည်ခဲ့ကြပြီး အရှည်တည်ရှိကိန်းဝပ်နိုင် ရေးအတွက် ဒေသခံဆရာတော်ကြီးများ၊ ရပ်ရွာအကြီး အကဲများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ စုပေါင်းအားဖြင့် ပြုပြင်ခဲ့ကြရာ မဟာသက္ကရာဇ်(၁၃၁၃)ခုနှစ်တွင် ရွှေ တော်စေတီနှင့်အတူ ဝတ္တကမြေမြတ်သည် တင့်တယ်ခဲ့ ပြန်၏။

ယခုအခါ၌လည်း ဒေသခံများ၏ ဗုဒ္ဓသာသနာကို ကိုးကွယ်မှုစင်ကြယ်ခြင်း၊ အလှူပြုမှု သဒ္ဓါထက်သန်ခြင်း များဖြင့် ထိန်းသိမ်းပြုပြင်ကြရုံသာမက တိုးချဲ့တည်ထား အဖြာဖြာနှင့်အတူ ဘုရားစေတီ၊ ကျောင်းဇရပ်၊ ဓမ္မာ များ၊ သာသနာ၏ အထွတ်အမြတ် ရုပ်ပွားဆင်းတုများနှင့် အတူ ရွှေနံ့တော်စေတီ၏ အရပ်လေးမျက်နှာ ဒုတိယ ပစ္စယာတွင် အရံစေတီလေးဆူနှင့်အတူ လုံးတော်ပြည့် ရွှေသင်္ကန်း ဆင်မြန်းထားသည်ကို ဖူးတွေ့ခဲ့ရပါသည်။

သာသနာ့ဗိမာန်ကြီး၊ ဇာတိကတန်ဆောင်း၊ ဝိသာ ခါတန်ဆောင်း၊ အနာထပိဏ်တန်ဆောင်း၊ ခေမာတန် ဆောင်း၊ ဥပ္ပလဝဏ်တန်ဆောင်းတော်ကြီးများတွင် ဘုရား ဖူး ခရီးသွားများ အေးချမ်းစွာအနားယူရင်း ရွှေနံ့တော် စေတီကို ဖူးမြော်နိုင်ပါသည်။

ရွှေနံ့တော်တောင်စိုင် ဘိုးဘိုးကြီးရုပ်တု ရှိရာတွင် ကောင်းမှုပြု တောင်းဆုယူနေကြ ပုံနှင့် နတ်ကွန်းနတ်နန်းများ၌ စည်ကားနေသော မြင်ကွင်းများ ရွှေနံ့တော်စေတီ၏ သာသနိက နယ်မြေတွင် သမထအား ဘာဝ နာပွား ဆုပန်ကြားနေသူများ စည် ကားနေခြင်း၊ အနယ်နယ်မှ ဘုရား ဖူးများ လာရောက်နေခြင်းများ ကြောင့် အတော်ပင် ကြည်နူးစ ကောင်းနေပါသည်။



စာရေးသူတို့ ချွေတွေ့နားခဲ့သော ယံသော်ရောတန်ဆောင်း

သာသနာအတွက် ဂုဏ်တော စရာများဖြစ်သော ဗျာဒိတ်တော်



www.burmeseclassic.com

www.burmeseclassic.com



ဝိုးသူတော်နှစ်ပါးနှင့် ရှေးဟောင်းရွှေခေါင်းလောင်း



ဘုရားရှင် နှစ်ဦးဘဝတစ်ခုက
ခါမင်းအဖြစ်စဉ်နှင့် ခါမင်းရုပ်တု

အံတော်၊ ရွှေဆံတော်၊ ရွှေနံ့တော်စေတီများ ကိန်းဝပ် ျော်ရာ သံတွဲမြို့ကို ဒေသခံများက ဒွါရဝတီ သံတွဲမြို့ သေသောမြို့ (အစ္စုတမြို့)ဟု ဆိုကြပါသည်။ ထူးသော ဟု စာရေးသူ ဆိုချင်ပါသည်။ ပညာရှင်များ ဘွဲ့ ည်ပေးထားသော မြို့နှစ်မြို့လည်းရှိနေရာ သံတွဲမြို့ ဆိုလျှင် ဤကမ္ဘာကြီးတွင် မသေသောမြို့ အမည်ရ မြို့ရှိသည်ဟု လေ့လာမိပါသည်။

ဆီးရီးယားနိုင်ငံတွင် ဒမတ်စကတ်မြို့၊
အိန္ဒိယနိုင်ငံတွင် ဗာရာဏသီမြို့၊
မြန်မာနိုင်ငံတွင် ဒွါယဝတီသံတွဲမြို့။

ဒေသခံ ပညာရှင် လူကြီးသူမများက မိမိတို့မြို့ကို သောမြို့ဟု ဆိုရခြင်းမှာ-

- ကဿပဘုရားရှင် လက်ထက်မှစ၍ ယနေ့တိုင်ပင် ရှိနေခြင်း၊
- ဒွါရာဝတီ သံတွဲမြို့ဟု ခေါ်တွင်လျက် နာမည်မသေ ခြင်း မပြောင်းခြင်း။
- င်လယ်ပြင်နှင့် တောင်တန်းကြား၌ ပထဝီအနေ အထား ခိုင်မာစွာရှိနေခြင်း ဆိုသော အချက်များနှင့် ဂုဏ်ယူစကား ဆိုကြပါသည်။

မည်သို့ပင်ဆိုစေ သာသနာအတွက် ဂုဏ်တက်စွာ တည်ရှိနေသော တော်သုံးတော်စေတီများဖြင့် အလွန်ကျက် သရေမင်္ဂလာရှိနေပြီ ဖြစ်ပါသည်။

ရခိုင်စာပေအချို့တွင်လည်း မြို့ရှင်ပုံ(လေမှာပျံဝဲမြို့ သံတွဲ)ဆိုသော သမိုင်းကြောင်းများနှင့် သံတွဲမြို့ကို ဂုဏ် ပြုထားပါသည်။ စာရေးသူအနေဖြင့် သံတွဲမြို့ရှိ ဗျာဒိတ် လေး ဗျာဒိတ်တော်လာ ဘုရားစေတီများကို နှစ်ကြိမ်နှစ်ခါ ဖူးမြော်ခဲ့ရသောကြောင့် သမိုင်းဝင် တော်သုံးတော်ဘုရား စေတီသုံးဆူအကြောင်းကို ကျေးဇူးတင်စွာ ရေးသားပူဇော် လိုက်ရပါသည်။

မြမဥ္ဇူဝေ(ကျုံမငေး)

<u>မှီငြမ်းမှု</u>

စာရေးသူ၏ သံတွဲမြို့သို့ ခါသကြန်ဘုရားဖူးခရီး မှတ်တမ်း။



www.burmeseclassic.com

www.burmeseclassic.com



ရွှေစေတီကြေးသွန်းဗုဒ္ဓရုပ်ပွားတော်

စာရေးသူသည် မန္တလေးမြို့၏အရှေ့ဘက် (၆)မိ
ကွာဝေးသော ပုသိမ်ကြီးမြို့တွင် နေထိုင်ပါသည်။ ထို
နေထိုင်စဉ် တစ်နေ့တွင် အိမ်နီးချင်း ဓမ္မမိတ်ဆွေ ကိုမြ
ဆွေက စာရေးသူအိမ်သို့ ရောက်လာပြီး သူ့ဇာတိ
ပုစကျေးရွာသို့ လိုက်ရန်ခေါ်ပါသည်။ ပုစကျေးရွာ
ပြည်ခရိုင် ကျီးသဲမြို့နယ်မှာရှိကြောင်း၊ ရှေးယခင်က ပွ
စိုရွာဟုခေါ်ကြောင်း၊ ရွာတွင်နေထိုင်ကြသူများ၏ အသ
မွေးဝမ်းကျောင်းမှာ ပန်းပုထုလုပ်ငန်းကို လုပ်ကိုင်
သဖြင့် ပွတ်စိုရွာခေါ်ခြင်းဖြစ်ကြောင်း၊ ရွာတွင် ရှေးဟော
သမိုင်းဝင် ရွှေမုဋ္ဌောဘုရားရှိကြောင်း စာရေးသူ လိုက
ခဲ့လျှင် အကျိုးရှိကြောင်း ပြောပြပါသည်။

ရှေးဟောင်းသမိုင်းဝင်ဘုရား ရှိသည်ကို စာရေး
စိတ်ဝင်စား၍ ပုစရွာသို့သွားလျှင် လိုက်မည်ဖြစ်ကြော
ပြန်ပြောလိုက်ပါသည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ကိုမြင့်ဆွေသည် ပြ

နဂါးမိုလ်မောင်မောင်သက်

# ပျူခေတ် ဓဝ ဘောစန္ဒီမိဖုရားဘုရား



ရွှေဓမ်စောဘုရားအဝင်မုခ်ဦး(တောင်ဘက်)

မြို့သွားရန် မှန်လုံကားလက်မှတ်နှစ်စောင် ဝယ်လာပြီး
'ဆရာကြီး..ဒီနေ့ည(၇)နာရီထွက်မယ့် ကားလ
မှတ် ရခဲ့ပြီ။ ဒီနေ့ည ကွဲဆည်ကန်ကားကြီးဝင်းကို သွ
ပြီး စီးရမယ်။ ဆရာကြီး အသင့်ပြင်ဆင်ထားပါ။ ဒီ
(၆)နာရီလောက် သွားကြမယ်' ဟု ပြောဆိုပြီး ပြန်သွ
ပါသည်။

ညနေ(၆)နာရီအချိန်တွင် ကွဲဆည်ကန်ကားကြီးဝ
သို့ သွားကြပါသည်။ ည(၇)နာရီတိတိတွင် စာရေး
တို့ လိုက်ပါလာသောကားမှာ အချိန်မှန်ထွက်ခွာပါသည
ည(၁၁)နာရီအချိန်တွင် တောင်တွင်းကြီးမြို့သို့ရောက်
ခေတ္တမျှနားပြီး ဆက်လက်ထွက်လာရာ နံနက်(၅)
အချိန်တွင် ပြည်မြို့သို့ ရောက်ပါသည်။

ကိုမြင့်ဆွေက ဖုန်းဖြင့်ကြို၍ ဆက်ထားသဖြင့်
ဝမ်းကွဲ ကိုလှမောင်တို့နှစ်ဦး မော်တော်ဆိုင်ကယ်နှစ်စီ

www.burmeseclassic.com

www.burmeseclassic.com



ရွှေမော်ဓောဘုရားပရိဝုဏ်ရှိ တန်ဆောင်းပြာသာဒ်များ

အသင့်စောင့်နေကြပါသည်။ ပြည်နှင့် ရွှေတောင်မြို့မှာ (၁၂)မိုင်ခန့်သာ ဝေးပါသည်။ မကြာမီမှာ ရွှေတောင်မြို့ လမ်းဆုံဓာတ်ဆီဆိုင်အနီးရှိ လက်ဖက်ရည်ဆိုင်သို့ဝင်ပြီး စောင့်နားပါသည်။

ထိုသို့နားနေစဉ်တွင် ပုစုရွာမှ ကိုမြင့်ဆွေ၏ တူနှစ်ယောက် မော်တော်ဆိုင်ကယ်ဖြင့် လာကြိုပါသည်။ ပုစုရွာသည် ရွှေတောင်မြို့နှင့် (၆)မိုင်ခန့်ဝေးပြီး သွားရာလမ်းမှာ ကျဉ်းလမ်းသာရှိ၍ လမ်းဆိုးပါသည်။ မိနစ်(၂၀)ခန့်အကြာတွင် ပုစုရွာသို့ ရောက်ရှိပါသည်။ ရွာရောက်သည့်အခါ ကိုမြင့်ဆွေ၏ ညီမအိမ်မှာ တည်းခိုပါသည်။ ပုစုရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းဘေးတွင် တည်ရှိကာ ရွာမှာ တောင်နှင့်မြောက် စီတန်း၍ တည်ဆောက်ထားသော ရွာတန်းရှည်ဖြစ်ပြီး လူနေအိမ်ခြေ(၆၀)ခန့်သာရှိသော ရွာငယ်တစ်ရွာ ဖြစ်ပါသည်။

ပုစုရွာသည် ရွာငယ်ကလေးတစ်ရွာ ဖြစ်သော်လည်း တစ်ရွာလုံး အထည်ရက်လုပ်ကြ၍ စီးပွားရေးအဆင်ပြေကြပါသည်။ ပုစုရွာထွက်သော အမျိုးသမီးဝတ်ထဘီသည် ရွှေတောင်အထည်ဟု နာမည်ကြီးပါသည်။ ကိုမြင့်ဆွေညီမ၏ခင်ပွန်း ကိုခင်မောင့်လုပ်ငန်းမှာ ပုစုရွာမှ ဧရာဝတီမြစ်ကြောင်း ခရီးဖြင့် ရွှေတောင်မြို့သို့သွားရန် မော်တော်ထောင်ထားပါသည်။

စာရေးသူ တည်းခိုနေထိုင်ရာတွင် ကိုမြင့်ဆွေနှင့် ကိုခင်မောင်တို့က အထူးဂရုစိုက်ကြ၍ အဆင်ပြေပါသည်။

ကိုခင်မောင်သည် စာရေးသူအား-

"ဆရာကြီး..နောက်နှစ်ရက်ဆိုရင် ရွာမှာရှိတဲ့ သမိုင်းဝင်ရွှေမုဋ္ဌောဘုရားပွဲနဲ့ ညောင်ရေသွန်းပွဲကျင်းပမယ်။ ဒီဘုရားပွဲပြီးမှ ပြန်ပါလား"ဟုပြောရာ စာရေးသူကလည်း



ပုစုကျေးရွာ



www.burmeseclassic.com

www.burmeseclassic.com



မုဂုရွာမြောက်ဘက် ရွာအဝင်လမ်းဘေးရှိ ရှေးဟောင်းစေတီတော်

ဗဟုသုတအဖြစ် ဘုရားသမိုင်းနှင့် ပွဲတော်ကို လေ့လာပြီးမှ ပြန်မည့်အကြောင်း ပြန်ပြောလိုက်ပါသည်။

ရွှေမုဋ္ဌောဘုရားသည် သရေခေတ္တရာပြည်ခေတ်ကာလတွင် တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ရှေးဟောင်းဘုရားဖြစ်ပါသည်။ ဘုရားအမမှာ ဒွတ္တဘောင်မင်း၏မိဖုရား ဘေစန္ဒီဖြစ်ပါသည်။

ဒွတ္တဘောင်မင်း၏ မူလနာမည်မှာ ဒွိဟဘောင်မင်းဖြစ်ပါသည်။ ဒွိဟဘောင်ဟု ခေါ်သည်မှာ မြန်မာသက္ကရာဇ်(၄၀)ပြည့်နှစ်၊ ခရစ်နှစ် ဘီစီ(၄၈၅)တွင် တကောင်းဘုရင်မင်းမြတ်က မျက်မမြင်သားတော် မဟာသမ္ဘဝ၊ စူဠာသမ္ဘဝ ညီနောင်နှစ်ပါးအား အသက်ဖျောက်ပစ်ရန် အမိန့်ချမှတ်သည်ကို တကောင်းမိဖုရားကြီးသည် သားတော်များအား မသတ်ရက်၍ မသ

ထမင်း၊ မသိုးဟင်း စားမြိန်

ထုပ်များထည့်ပြီး သားတော်နှ

ပါးကို ဖောင်တော်မှာတင်က

ဧရာဝတီမြစ်ကြောင်းအတိုင်း မျော

လိုက်သည်။

မျက်စိမမြင်ကြသော မဟာ

သမ္ဘဝနှင့် စူဠာသမ္ဘဝ ညီနောင်နှ

ပါးသည် ဖောင်နှင့် မျောလာရာ

မြစ်လယ်တွင် ထမင်းစားကြ

ဘီလူးမသည် မင်းနှစ်ပါး စားေ

သည့် ထမင်းပွဲတွင် ဝင်ရော

စားရာက မဟာသမ္ဘဝသည် ဘီလူးမ လက်ကို ထိကိုင်

ပြီး 'ညီတော့်လက်လား' ဟု မေးမြန်းရာ စူဠာသမ္ဘဝသည်

သူ၏လက် မဟုတ်ကြောင်း ပြောလိုက်သည်။

ဤတွင် မဟာသမ္ဘဝသည် ဘီလူးမ လက်ကို

ကိုင်ပြီး သန်လျက်ဖြင့် ခုတ်ပိုင်းရန် ရွယ်လိုက်သည့်အ

ဘီလူးမသည် ထိတ်လန့်ကြောက်ရွံ့ပြီး သူ့အသက်ကို ချ

သာပေးပါ။ အရှင်နှစ်ပါး မျက်စိအလင်းရအောင် ကု

ပေးပါမည့်အကြောင်းပြောရာ မဟာသမ္ဘဝသည် ဘီလူး

လက်ကို လွှတ်ပေးလိုက်သည်။ ဘီလူးမသည် မဟာ

သမ္ဘဝ၊ စူဠာသမ္ဘဝ ညီနောင်နှစ်ပါးကို ဆေးကုသပေး

မင်းသားညီနောင်တို့မှာ မျက်စိအလင်း ရကြလေသည်

မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝ ညီနောင်သည် မျက်

အလင်းရကြပြီး ဖောင်ဖြင့် ဆ

လက်၍ မျောပါလာကြရာ သ

ခေတ္တရာပြည်မြို့ မြစ်ဆိပ်ကမ်း

ရောက်သည့်အခါ ဗေဒါရီ

ခပ်နေသည်ကို တွေ့ရ၏။ မဟာ

သမ္ဘဝသည် ဗေဒါရီ လက်

အပေါက်ဝကျဉ်းနေသော ရေ

အပေါက်ကို သန်လျက်ဖြင့်

ပေးရာ ခဏချင်းပင် ရေများ ပြ

သွားသည်။ (ရေဘူးသည် ဘူး

ခြောက်ရေဘူး ဖြစ်သည်။)

ဗေဒါရီသည် မဟာ



ပုဂံမြို့ရှင်အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော
ဖောင်တော်ဦးစေတီတော်

www.burmeseclassic.com

www.burmeseclassic.com


ရွှေမော်ဓောဘုရားတန်ဆောင်းရှိ ကျောက်သားလျောင်းတော်မူ


ရွှေမော်ဓောကျောင်းတိုက်


မုဂုဝဇေးချာ နယ်မြေတော်ရှင်နတ်ကွန်း

နှင့် စူဠာသမ္ဘဝ မင်းသားညီနောင် ကို ဖခင်ခေပဒူပ ရသေ့ကြီးထံသို့ ခေါ်သွားသည်။ ခေပဒူပ ရသေ့ ကြီးက တကောင်းမင်းဆက်ဖြစ် ပြီး သက္ကရာဇ်(၄၀)ပြည့်နှစ်၌ တကောင်းပြည်က ဆိုးသွမ်းသော ဝက်ကြီးကို သတ်ဖြတ်ရန် ဝက် ကြီးထွက်ပြေးရာနောက်သို့လိုက် ရာ သရေခေတ္တရာပြည်၌ ဝက် ကြီးကို ဖမ်းဆီးသတ် ဖြတ်နိုင်ခဲ့ သည်။ ဝက်ကြီး သေလျှင် အိမ် ရှေ့စံသည် တကောင်းပြည်သို့ ပြန်တော့ဘဲ ဤအရပ်၌ ရသေ့ ဝတ်၍ ကျင့်ကြံနေထိုင်သည်။

ဤတွင် ရသေ့ကြီး ခေပဒူပ သည် မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝ ညီနောင်နှစ်ပါးသည် တကောင်း မင်းဆက် သူ၏တူတော်များ ဖြစ် ကြသည်ကို သိရှိရပြီး သမီး ဗေဒါရီကို နောင်တော်မဟာသမ္ဘဝ နှင့် လက်ဆက်ပေးသည်။ မဟာ သမ္ဘဝသည် ဗေဒါရီနှင့် လက် ဆက်ပြီး ပျူရွာ၌ မင်းပြု၍နေလေ သည်။

မဟာသမ္ဘဝသည် ခရစ်နှစ် (၄၈၄-၄၇၈)ခုနှစ် မင်းအဖြစ် ဆက်ပြီး သက်တော်(၂၆)နှစ် အရွယ်တွင် အနိစ္စရောက်သည်။ မဟာသမ္ဘဝ အနိစ္စရောက်သော် ညီတော် စူဠာသမ္ဘဝသည် မရီး တော် ဗေဒါရီကို မိဖုရားအရာ မြှောက်၍ မင်းပြုသည်။ ဗေဒါရီ မှာတွင် ကိုယ်ဝန်ပဋိသန္ဓေရှိပြီး စေသော် သားတော်တစ် ဖွားမြင်သည်။ ဖွားမြင်သော တော်သည် နောင်တော်မဟာ



www.burmeseclassic.com

www.burmeseclassic.com



သရေခေတ္တရာခေတ် ရှေးလက်ရာ နေပွဲဘုရား
(ဘုရားတံတိုင်းမြောက်ဘက်)

သမ္ဘဝနှင့် ညီတော်စူဠာသမ္ဘဝ ညီနောင်နှစ်ပါးမှ မည်သူ့သားတော် ဖြစ်သည်ကို ဗေဒါရီသည် ဒွိဟဖြစ်၍ သားတော်ကို ဒွိဟဘောင် အမည်ပေးသည်။ ထိုသို့ ဒွိဟဘောင်မှ ဒွတ္တဘောင် ဖြစ်လာသည်။



သရေခေတ္တရာခေတ် ရှေးဟောင်းကြေးခေါင်းလောင်း

မြန်မာသက္ကရာဇ်(၁၀၁)ခုနှစ်၊ တန်ခူးလဆန်း (... ရက်နေ့တွင် ဒွတ္တဘောင်မင်းသည် သရေခေတ္တရာပြည်... တည်ပြီး နန်းတက်ထီးနန်းစံသည်။



ဘေစန္ဒီမိဖုရား အောင်ရှိသော ရွှေမော်ဓောဘုရားစောင့် သိုက်ဘိလူးညီနောင်

ဒွတ္တဘောင်မင်း၏ မိဖု... များမှာ ပျူမိဖုရားကို ခမည်းတော်... မဟာသမ္ဘဝက မိဖုရားမြှောက်... တွင် ဖွားမြင်သော နှမတော် ... ဒေဝီမိဖုရားတစ်ပါး၊ နဂါးမင်း... ဆက်သော သမီးတော် ဘေ... မိဖုရားတစ်ပါးဟူ၍ မိဖုရားနှစ်... ရှိသည်။ ထိုမိဖုရားနှစ်ပါးမှ ... ဒေဝီမိဖုရားသည် သားတော်... ရန်ကို ဖွားမြင်သည်။ ဘေစန္ဒီ ... ရားတွင် သားတော်၊ သမီး... မထွန်းကားပါ။

ဘေစန္ဒီမိဖုရားသည် ... ယခင်ကာလ ပုစွန်ရွာ၌ နေထိုင်...

www.burmeseclassic.com

www.burmeseclassic.com

သည်။ (ပုစုရွာတွင် ရှေးခေတ်က မြေအုတ်မျှော်စဉ် ယခု တိုင် ရှိနေပါသည်။)

ထို့ကြောင့် ဘောစန္ဒီမိဖုရားသည် ပုစုရွာ၌ စေတီတော် တစ်ဆူတည်ပြီး စေတီတော်ဘွဲ့ အမည်ကို ရွှေမော်ဓော ဘုရားဟူ၍ ဘွဲ့တော်တင်လှူပြီး ကိုးကွယ်တော်မူသည်။ ရွှေမော်ဓောဘုရားမှာ ပုစုရွာအရှေ့ဘက်အနီး၌ တည် ရှိသည်။ ဘုရားပရိဝုဏ်၏ အနောက်တောင်ထောင့်တွင် ဘောစန္ဒီမိဖုရားသည် ဘုရားသာသနာကို စောင့်ရှောက်ရန် အလုံးညီနှောင် တည်ထားသည်။ ဘုရားစေတီတော်အပြင် ဗုဒ္ဓရုပ်ပွားတော်များလည်း ထုလုပ်ပူဇော်ထားပါသည်။ ရှေးခေတ်က ဗုဒ္ဓရုပ်ပွားတော်မှာ ရှေးမူမပျက် ရှိနေပါ သည်။ တစ်မူထူးဆန်းသည်မှာ ဘုရားဝင်းအတွင်းရှိ ဝါး ပင်များတွင် ဖျိုင်းများမှာ မည်သည့်အရပ်ဒေသသို့မျှ ပျံ့ နှံ့ခြင်းမရှိအဲ ဘုရားဝင်း၌သာ နေကြပါသည်။

ဘုရားပရိဝုဏ်အတွင်း၌ နေပူခံ ဗုဒ္ဓရုပ်ပွားတော် ကြီးခေါင်းလောင်း၊ ကျောက်သားလျောင်းတော်မူဘုရား၊ ကြီးသွန်းဘုရားနှစ်ဆူနှင့် ဗောဓိညောင်ပင်ကြီးတို့ ရှိပါ သည်။

ရွှေမော်ဓောဘုရား မြောက်ဘက်အနီး၌ မြန်မာ သက္ကရာဇ်(၄၇၅)ခုနှစ် ပုဂံပြည် နန်းတက်ထီးနန်းစံသော အလောင်းစည်သူမင်း ဖောင်တော်မင်္ဂလာနှင့် တိုင်းနိုင်ငံ လှည့်လည်သွားရာ၌ ဧရာဝတီမြစ်အရှေ့ဘက်အနီး ပုစုရွာ အရှေ့မြောက်ထောင့်တွင် ဖောင်တော်ဦးစေတီတစ်ဆူ တည်ထားပူဇော်ခဲ့သည်။ ရွာဦးမြောက်ဘက်အဝင်တွင် ရှေးဟောင်းဆုတောင်းပြည့်စေတီတစ်ဆူ တည်ခဲ့ပါသည်။

ဒွတ္တဘောင်မင်းကြီး၏မိဖုရား ဘောစန္ဒီ တည်ထား ကိုးကွယ်ခဲ့သော ရွှေမော်ဓောဘုရားမှာ ရှေးမူမပျက် ရှိနေ သေးသည်ကို ရေးသားလိုက်ရပါသည်။

**နဂါးဗိုလ် မောင်မောင်သက်**


ကျမ်းကိုး

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး (တွဲ-၁)။

၂။ ဦးကုလားရာဇဝင်ပေါင်းချုပ်။

၃။ ရွှေမော်ဓောဘုရားသမိုင်း။

၄။ စာရေးသူကိုယ်တွေ့ လေ့လာချက်။





မှတ်ပုံတင်ပြီး

အမှတ်တံဆိပ်

# 'အမေ့ဆေး'

## ဆီးချို သွေးချို

## သောက်ဆေး

ဆိုင်ခွဲ သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဆိုင်ခွဲ အမှတ် (၃၁)၊ (၁၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

TMR


www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပလ္လင်နှင့် အစဉ်အလာစကား

## ဘာဏ်အရာရှိဟောင်းတစ်ဦး



ကန်တော့ပလ္လင်စေတီတော်

ပုဂံပြည်ကို ခရစ်နှစ်(၁၀၇ မှ ၁၃၆၉)ခုနှစ်တိုင် နှစ်ပေါင်း(၁၂၆၀)ကျော်ကျော် မင်းပေါင်း(၅၅)ပါး အစဉ်အဆက်အုပ်ချုပ် မင်းလုပ်ခဲ့ကြ၏။ ယင်းမင်းများသည် ပုဂံမြို့ဝန်းကျင်တစ်ဝိုက် သာသနိကအဆောက်အအုံပေါင်း မြောက်မြားစွာ တည်ထားလှူဒါန်းခဲ့ကြရာ လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်းဟုပင် ဆိုရိုးစကား ရှိခဲ့လေသည်။ ကိန်းဂဏန်းအားဖြင့်ဆိုသော် (၄၄၄၆၇၃၃)ဆူဖြစ်သည်။

ပုဂံမြို့ရိုးအတွင်းရှိ စေတီပုထိုးများ၊ ရှေးဟောင်းအနုပညာလက်ရာများထဲတွင် သဗ္ဗညုဂူတော်ကြီးပြီးလျှင် ကန်တော့ပလ္လင်ဂူတော်ကြီးမှာ ဒုတိယအမြင့်မား အဝင့်ကြွားဆုံး၊ ထည်ဝါသပ္ပာယ်ဆုံး ဘုရားတစ်ဆူဟု ဆိုနိုင်သည်။

ပုဂံပြည်မှာ သာသနိကအဆောက်အအုံ အမျိုးမျိုးတို့၏ ဗိသုကာလက်ရာ ပုံစံအမျိုးမျိုး ရှိပါသည်။ ကန်တော့ပလ္လင်၊ စူဠာမဏိ စသည့်စေတီတော်များသည် တောင်ပိုင်းအိန္ဒိယလက်ရာဆန်သော ဂူဘုရားများ ဖြစ်ပါသည်။

(၁၉၇၅)ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့ ညနေ(၆)နာရီအချိန်တွင် မကွေးတိုင်း၊ ပခုက္ကူမြို့အနောက်တောင်ယွန်းမိုင်(၁၂၀)ခန့်ဝေးသောနေရာကို ဗဟိုပြု၍ အင်အားပြင်းထန်သော မြေငလျင်ကြောင့် ထုထည်ကြီးမားသော ဂူဘုရားကြီးများဖြစ်သည့် ဂေါ်ဓောပလ္လင်(ကန်တော့ပလ္လင်) လိုဏ်ဂူဘုရားကြီးသည်လည်း သဗ္ဗညုလိုဏ်ဂူတော်ကြီးကဲ့သို့ပင် အထက်ပိုင်း၌ များစွာပျက်စီးယိုယွင်းခဲ့ရ

အပြင်ဘက်မှကြည့်လျှင် သဗ္ဗညုဘုရားကဲ့သို့ ဒဏ်

ဒဏ်ချက် မများလှဟု မှတ်ထင်ရသော်လည်း အတွ

ပေါင်းမိုးများနှင့် အထက်မဏ္ဍိုင်တို့ပင် အတော်နာ

ကြောင်း တွေ့ရသည်။

ကန်တော့ပလ္လင်ဘုရားသမိုင်းအကျဉ်းနှင့် ပတ်သ

၍ ဘုရားကြီးအရှေ့ဘက်မုခ်အဝင် တောင်ဘက်တွ

အုတ်၊ အင်္ဂတေတို့ဖြင့် မှတ်တမ်းတင်ထားသော ကန်တေ

ပလ္လင်ဘုရားသမိုင်းအကျဉ်းဟူသော ကမ္ပည်းစာတိုင် တ

တိုင်ရှိပါသည်။

ထိုကမ္ပည်းစာတိုင် အဆိုအရ-

"နရပတိစည်သူမင်းကြီးသည် ဘိုးတော်အလော

စည်သူမင်းကြီးမှ ဘေးလောင်းတော်၊ ဘိုးလောင်းတေ

တို့အား ပြစ်မှားမိ၍ ကန်တော့သော ပလ္လင်နေရာ၌ ေ

ဇာသက္ကရာဇ်(၅၆၅)ခုနှစ်တွင် တည်ထားခဲ့ပါသည်။ (

နှစ်ကြာ တည်ပြီးနောက် နတ်ရွာစံကံကုန်တော်မူသ

ဘုရားတည်ခြင်း မပြီးပြတ်လေ၍ သားတော်နားတော

များမင်း (ခေါ်) ဇေယျသိခ်မင်းက ကောဇာသက္က

(၅၈၈)ခုနှစ်တွင် အပြီးတိုင် တည်ထားကိုးကွယ်တော်

သည်။ အလောင်းစည်သူမင်းကြီးမှ ဘေးလောင်းတေ

ဘိုးလောင်းတော်တို့၏ ရုပ်တုများ ပြုလုပ်ပြီး ပလ္လင်

တင်၍ ကန်တော့ပူဇော်သည့်နေရာတွင် တည်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကန်တော့ပလ္လင်ဘုရားဟု အစဉ်အလာ မှတ်သား ခဲ့ကြပါသည်။ ကန်တော့ပလ္လင်ဘုရားမှာ လိုဏ်လေး ဆင့်ဂူဘုရားကြီးဖြစ်ပြီး ပုဂံတွင် ကြီးမားသော ဂူဘုရား ကြီးများထဲတွင် တစ်ဆူအပါအဝင် ဖြစ်ပါသည်။ အမြင့်ပေ ၁၈၀)ပေရှိပါသည် စသည်ဖြင့် ရေးထိုးထားပြီး အောက် တွင် အင်္ဂလိပ်ဘာသာဖြင့် ပူးတွဲဖော်ပြထားပါသည်။

ပုဂံခေတ် ဗိသုကာပညာရှင်တို့ ဉာဏ်ကွန့်မြူးပုံကို သိသာထင်ရှားစွာ လေ့လာနိုင်သော စေတီတော်ဖြစ်သည်။ အလင်းရောင်နှင့် လေကောင်းလေသန့်တို့ ရရှိအောင် စီမံ တည်ဆောက်ထားပုံကို ယနေ့ဗိသုကာပညာရှင်များ လာ ရောက်အတုယူကြသည်ကို တွေ့မြင်ရပါသည်။

ပုဂံရှေးဟောင်းသုတေသနအရာရှိ ဦးအောင်ကြိုင်(စာ ရေးဆရာ မင်းဘူးအောင်ကြိုင်)က ဆရာ၏(၁၉၈၁)ခုနှစ်၊ သပေဗိမာန်စာမူဆုရ ပုဂံခေတ်ဗိသုကာလက်ရာ စာအုပ် စာမျက်နှာ(၁၄)၌ အောက်ပါအတိုင်း ရှင်းလင်းထားသည် ကို တွေ့ရပါသည်။ ခေါင်းစဉ်ကိုလည်း ဆရာ့ခေါင်းစဉ် အတိုင်းသာ ဖော်ပြလိုက်ပါသည်။

**လိုဏ်လေးဆင့်ဂူဘုရားကြီးများ**

လိုဏ်လေးဆင့်စကြံပတ်လမ်း (၄၊ ၃၊ ၄)ဆင့်ရှိသော ဘုရားကြီးများဖြစ်ပါသည်။ ပုဂံတွင် ကြီးကျယ်မြင့်မား သော အဆောက်အအုံများလည်း ဖြစ်ကြသည်။

ကန်တော့ပလ္လင်ဂူဘုရားမှာ ယခင်က လိုဏ်သုံးဆင့် ဟု သတ်မှတ်ခဲ့သော်လည်း လွန်ခဲ့သော (၁၉၇၉)ခုနှစ်၊ ငလျင်ဘာလအတွင်း အပေါ်ဆင့် ဒုတိယပစ္စယာပိုင်းကို ပြုပြင်နေစဉ် အုတ်ဆွေးအုတ်ကျိုးများ ဆွဲထုတ်ရာမှ လျှို့ဝှက်လိုဏ်ပတ်လမ်းတစ်ခု ထပ်မံတွေ့ရှိရပါသည်။ လိုဏ်လေးဆင့်ဂူဘုရားအဖြစ် သတ်မှတ်ရန် ဖြစ်ပေါ်လာ သည်။ လျှို့ဝှက်လိုဏ်ပတ်လမ်းမှာ အရှေ့ဘက်တွင် ဆောက်ခံအာရုံခံ၏ အမိုးပေါင်းကူးခုံးကြောင့် နဂိုကပင် ကွယ်နေပါသည်။ ယင်း၏အကျယ်မှာ ငါးပေ ခြောက် လက်မရှိပြီး ပေါင်းကူးအမြင့်ကြမ်းပြင်မှ အမိုးထိ ရှစ်ပေ ခြောက်လက်မ ကွာပါသည် စသည်ဖြင့် ဆရာက ကန်တော့ ပလ္လင်နှင့်ပတ်သက်သော ဗိသုကာပညာသဘောကို ဖော်ပြ ထားသည်။

ကန်တော့ပလ္လင်ဂူတော်အတွင်းသို့ အရပ်လေးမျက်နှာ မှ ဝင်ပေါက် မုခ်ဝများရှိသည်။ သို့သော် ယခုအခါတွင် အရှေ့ ဘက်နှင့် တောင်ဘက်မုခ်တို့မှသာ ဝင်၍ရနိုင်အောင် စီစဉ် ထားသည်။ သန့်စင်ပြောင်လက်သော ကျောက်ပြား၊ ကြွေ ပြားများဖြင့် ဘုရားဖူးလာသူတို့အား အဆင်ပြေစေရန်၊ စိတ်အေးချမ်းသာစွာ ကြည်ညိုနိုင်စေရန် စီစဉ်ထားသည် ကို တွေ့မြင်ရပါသည်။ အရှေ့ဘက်မုခ်မှ ဝင်သွားသည်နှင့် ဘူမိဖဿမုဒြာ အနေအထားဖြင့် ဗုဒ္ဓရုပ်ပွားတော်ကြီး ကို ဖူးမြော်ကြရပါမည်။ လက်ယာဘက်မှဖြစ်စေ၊ လက်ဝဲ ဘက်မှဖြစ်စေ တစ်ဆစ်ချိုးအနေအထားတို့ဖြင့် ပြုလုပ် ထားသော အတွင်းဘက်လိုဏ်ပတ်လမ်းအတိုင်း တစ်ပတ် ပတ်၍ရသည်။ အရှေ့ဘက်မုခ်အဝင် တစ်ဆစ်ချိုးလိုဏ် အတွင်းအရောက် ဝဲယာတွင် အပေါ်ထပ်သို့တက်သော လှေကားများ တွေ့နိုင်ပါသည်။

**အရှေ့ဘက်မုခ် (သို့မဟုတ်) အရှေ့ဘက်ကဆွမ်း**

အရှေ့ဘက်မုခ်မှ ဝင်လိုက်သည်နှင့် သပ္ပာယ်သော ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြင်ရမည်ဖြစ်ပါသည်။ ရုပ်ပွားတော် ရှေ့တွင် ဘီလူးရုပ်နှစ်ရုပ်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ ရုပ်တုတော်နောက် နံရံတွင် ကြွင်းကျန်ရစ်သော နံရံဆေး ပန်းချီတို့ကို မပီမသ မှုန်ဝါးဝါးတွေ့ရမည် ဖြစ်ပါသည်။

ရှေးကာလများတုန်းက (ဥပမာ-ပုဂံခေတ်နှင့် နောက် ပိုင်းကာလများ) ဤအရှေ့ဘက်မုခ်ရှိ ရုပ်တုတော်ရှေ့တွင် ဆွမ်းကပ်ခြင်းဖြင့် အမှုအခင်း၊ တရားတဘောင် အနိုင် အရှုံးကို ဆုံးဖြတ်လေ့ရှိသည်ဟု ဆိုပါသည်။ ဥပမာ- အမှုအခင်း အငြင်းပွားသူနှစ်ဦး ရှိသည်ဆိုပါစို့။ အဆိုပါ အငြင်းပွားသူ နှစ်ဦးသည် သူမှန်သည်၊ ကိုယ်မှန်သည် ငြင်းခုံနေကြမည့်အစား ကန်တော့ပလ္လင်ဘုရား အရှေ့ဘက် မုခ်ရှိ ရုပ်ပွားတော်ရှေ့တွင် နှစ်ဦးသဘောတူ ဆွမ်းကပ် လိုက်ခြင်းဖြင့် ဤအငြင်းပွားမှုသည် ပြေငြိမ်းသွားသည်ဟု ဆိုပါသည်။

မတရားသဖြင့် ယုတ်မာသူ၊ လိမ်လည်ကောက်ကျစ် သူ၏ ဘုရားကပ်လှူသောဆွမ်းသည် ကပ်လှူပြီးသည် နှင့် ချက်ချင်း ပုပ်စော်နံသွားသည်ဟု ရှေးလူကြီးသူမများ ပြောစကားကို နားကြားခဲ့ရဖူးပါသည်။ ရှေ့တွင်ရှိသော ဘီလူးရုပ်နှစ်ကောင်ကိုလည်း ပံသကူအရှင်မြတ် ခေါ်လာ ခဲ့သော ဂေါစောနှင့် ဂေါဓအမည်ရသည့် ဘီလူးနှစ်ကောင် ဟု ယနေ့တိုင် လူကြီးသူမတို့ ပြောဆိုသံကို ကြားခဲ့ရပါ သည်။

www.burmeseclassic.com

www.burmeseclassic.com

**တောင်ဘက်မုခ် (သို့မဟုတ်) တောင်ဘက်ကကျွမ်း**

စေတီတော်ကို လက်ဝဲရစ်လှည့်ပတ်၍ဖြစ်စေ၊ တောင်ဘက်မုခ်မှ တိုက်ရိုက်ဝင်၍ဖြစ်စေ တောင်ဘက်ရှိ ဘူမိဖသသမုဒြာ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြင်နိုင်ပါသည်။ ရုပ်ပွားတော်ရှေ့တွင် ကျွမ်းကျိန်ရာဟူ၍လည်းကောင်း၊ တရားထိုင်ရာဟူ၍လည်းကောင်း အပြောများနေသော ဆွမ်းတော်စွန့်ရာ သင်ပုတ်ပလ္လင်ကြီးတစ်ခုကို တွေ့မြင်နိုင်ပါသည်။ နောက်ကျောနံရံအထဲတွင် မပီသတော့သော ပိုးတဝါးနံရံဆေးပန်းချီတို့ကို တွေ့မြင်နိုင်ပါသည်။

ရုပ်တုတော်ရှေ့တွင်ရှိ သင်ပုတ်ပလ္လင်ပေါ်တွင် ကျွမ်းထုပ်ကျွမ်းစာ (ကျိန်စာများ)ကိုတင်၍ အမှုအခင်းအငြင်းပွားမှုများကို ထိုသင်ပုတ်ပလ္လင်ပေါ်ရှိ ကျွမ်းစာ(ကျိန်စာ)များကို ကိုင်တွယ်၍ ကျွမ်းသစ္စာကျိန်ဆိုလိုက်ခြင်းအားဖြင့် မတရားသဖြင့် ယုတ်မာကောက်ကျစ်သူသည် ထိုကျွမ်းစာ(ကျိန်စာ)များတွင်ပါသော ဘေးဒုက္ခအန္တရာယ်များကို သားအစဉ်မြေးအဆက် ခံစားသွားရမည်ဟု လူကြီးသူမတို့ ပြောဆိုသံကို မှတ်သားကြားနာရခဲ့ဖူးပါသည်။

**အနောက်ဘက်မုခ် (သို့မဟုတ်) အနောက်ဘက်က ပန်း**

မူလက တိုက်ရိုက်ဝင်ပေါက်ရှိသော်လည်း ယခုအခါတွင် အခြေအနေအရ ဂေါပကအဖွဲ့က သံတံခါးတပ်ဆင်ထားသဖြင့် လှည့်ပတ်ဝေ့ဝိုက်သွားမှသာ ရောက်နိုင်သော မုခ်ဝရှိ ရုပ်ပွားတော်ဖြစ်ပေသည်။ ရုပ်တုတော်ရှေ့တွင် ခြေတော်ရာဟု ယူဆရမလိုလို၊ သင်ပုတ်ပလ္လင်ဟု ယူဆရမလိုလို အုတ်ခုံတစ်ခုရှိသည်။ အနောက်ဘက်မုခ်ရှိ ရုပ်ပွားတော်သည်လည်း အရပ်လေးမျက်နှာ ရုပ်ပွားတော်များကဲ့သို့ ဘူမိဖသသမုဒြာအနေအထားဖြစ်သော်လည်း သင်္ကန်းတော်ဝတ်ရုံပုံမှာ ကွဲလွဲနေသည်ကို တွေ့မြင်နိုင်ပါသည်။

ရှေးလူကြီးသူမတို့ ပြောစကားအရ ဤအနောက်ဘက်မုခ်ရှိ ရုပ်ပွားတော်ရှေ့တွင် အမှုအခင်းဖြစ်ပွားသူနှစ်ဦးသည် ပန်းကပ်၍ သစ္စာဆိုလိုက်ခြင်းဖြင့် မတရားကောက်ကျစ်ယုတ်မာသူ ကပ်လှူသောပန်းသည် ချက်ချင်း ညှိုးကျသွားကာ တရားသူ ရိုးသားသူ၏ပန်းကားလန်းဆန်းစွာ ကျန်ရစ်သည်။ ဤနည်းဖြင့် တရားခံ၊ တရားလို ရှာဖွေရွေးထုတ်ခြင်းအမှုကို ဘုရားရှင်၏ ရုပ်ပွားတော် အဆုံးအဖြတ်ကို ခံယူ၍ လိုက်နာခဲ့ကြသည်ဟု ကြားသိမှတ်သားခဲ့ရပါသည်။

**မြောက်ဘက်မုခ် (သို့မဟုတ်) မြောက်ဘက်ကရေ**

မူလက တိုက်ရိုက်ဝင်ပေါက်ရှိသော်လည်း ယခုအ
တောင်ဘက်နှင့် အရှေ့ဘက်မှသာ ဝင်၍ရတော့သ
ရုပ်တုတော်နောက်တွင် တံကဲနံရံဆေးပန်းချီတို့ ပိုးတ
သာရှိတော့သည်ကို တွေ့ရသည်။ ရုပ်ပွားတော်ရှေ့ သ
ပုတ်ပလ္လင်ပေါ်တွင် လျှော်မလှုပ်မီက ထီးတော်ဟော
ကြီးကို ပြသထားသည်။

ရှေးအစဉ်အလာစကားအရ တရားတဘောင်၊ အ
အခင်း အငြင်းပွားသူတို့သည် ကန်တော့ပလ္လင် မြော
ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ရေချမ်းကပ်လှူခြ
ဖြင့် သစ္စာပြုတိုင်တည်ကာ အနိုင်အရှုံး အဆုံးအဖြတ်
သည်ဟု ဆိုပါသည်။ ယုတ်မာကောက်ကျစ် လိမ်လ
လှည့်ဖျားသူ တရားခံနှင့် ရိုးသားသူ တရားလိုနှ
ကပ်လှူလိုက်သော ရေချမ်းနှစ်ခွက်တွင် ယုတ်မာ
တရားခံ၏ ရေချမ်းခွက်သည် ပွက်ပွက်ထသွားသည်
ရှေးလူကြီးသူမတို့ထံမှ တစ်ဆင့်စကား ကြားနာမှတ်သ
ခဲ့ရဖူးပါသည်။

ထို့ကြောင့် ထိုရုပ်ပွားတော်လေးဆူကို-

* အနောက်ဘက်က ပန်း - မတရားလျှင်ညှိုး၊
* မြောက်ဘက်က ရေချမ်း - မတရားလျှင်ပွက်
* အရှေ့ဘက်က ဆွမ်း - မတရားလျှင် သိုး၊
* တောင်ဘက်က ကျွမ်း - မတရားလျှင် ပျက်(
စီးခြင်း)ဟု ယနေ့တိုင် အစဉ်အလာစကားအရ ပြော
ကြဆဲ ဖြစ်ပါသည်။

စာဖတ်သူများ ဗဟုသုတအလို့ငှာ ကန်တော့ပ
စေတီတော်မြတ်ကြီးနှင့် အစဉ်အလာစကားများကို တ
လိုက်ပါသည်။

အပေါ်ထပ်သို့ တက်ရောက်ဖူးမြော်ပါက အနော
ရိုးမတောင်စွယ် တန့်ကြည်တောင်တန်းကို ကျောထော
နောက်ခံပြုနေသော မြစ်ဧရာ၏ သဘာဝရှုခင်းပန်းချီ
ချပ်နှင့် ပုဂံမြို့ဝန်းကျင် ရှုခင်းများကို မျက်စိပ
အရသာခံစားနိုင်ပေသည်။

**ဘဏ်အရာရှိဟောင်းတ**

<u>မှီငြမ်းစာ</u> ၁။ သုံးမည်ဘွဲ့ရှင် ကန်တော့ပလ္လင်
[မောင်အောင်မြင့်(ညောင်ဦး)]။
၂။ သမိုင်းဝင်ပုဂံစေတီပုထိုးများ (ဦးသန်းဆွေ)။



www.burmeseclassic.com

www.burmeseclassic.com

# ကျားကာ့ဗာ

佳葛巴

男性补药

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှို့ခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွား၊တိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၀၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

# ဆင်ကာဘို ®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊ အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆဆလ)(၂၆၂၆)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၃(၀၆၁၅)

**ပင်ရင်း–ကျားကမ္ဘာဘယဆေးဆိုင် – ၄၈၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း ၀၉ ၅၅၀၆၁၈၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁–၃၇၁၈၂၂(လိုင်းခွဲ)၅၁၃**



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဝင်ရသစကြေးမုံ

# ပူဇော်ထိုက်သူဆိုသည်မှာ နန္ဒာမိုးကြွယ်



ဝေသာလီပြည် မဟာဝုန်တောရှိ ပြာသာဒ်ဆောင်ပေါက်သော ကျောင်းသင်္ခမ်း။

အဆိုပါ ကျောင်းသင်္ခမ်း၌ စံပယ်သီတင်းသုံးနေသည်ကား သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် ဖြစ်ချေ၏။ သည့်အတွက် ဝေသာလီပြည်သူပြည်သားများစွာသည် အဆိုပါ ကျောင်းသင်္ခမ်းသို့ သွားရောက်လျက် ဖူးမြော်ကြလေရာ ထိုအထဲ၌ လိစ္ဆဝီမင်းသား မဟာလိလည်း အပါအဝင်။ ဝေသာလီပြည်သူပြည်သားတို့ ဘုရားရှင်ထံ သွားရောက်ဖူးမြော်ကြသည့်အတွက် သူ့အနေဖြင့် အလိုက်သင့် ရောယောင်ခဲ့သော်ငြား ဘုရားရှင်၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်အနန္တတို့ကို အကြွင်းမဲ့အလုံးစုံ သိသူကား မဟုတ်ပါချေ။ သည့်အတွက်ကြောင့် ဘုရားရှင်နှင့် တွေ့ဆုံခိုက် လျှောက်ထားလေသော သူ့စကားတွေက သူ့ဉာဏ်အတိမ်အနက်ကို လှစ်ပြနေသည်နှင့် မခြားခဲ့။

◆ ◆ ◆

တစ်နေ့သားမှာတော့ မဟာလိလည်း ကျောင်းသင်္ခမ်းသို့သွားလျက် ဘုရားရှင်ထံပါး ရှိသေစွာ ချဉ်းကပ်ကာ သူသိလိုသော အကြောင်းကိစ္စတစ်ရပ်ကို မေးမြန်းလျှော[illegible] ထားပါချေ၏။

'အရှင်ဘုရား..အရှင်ဘုရားဟာ နတ်အပေါင်[illegible] ဘုရင် သိကြားမင်းကို မြင်ဖူးပါသလား'

အမေးစကားက လေးနက်ခြင်း မရှိသော်ငြား မ[illegible] လိ၏ မဟူရာဉာဏ်တိမ်တိုက်တို့ ပြယ်လွင့်မည့်အ[illegible] အတွက် အလိုက်သင့် ဖြေကြားတော်မူခဲ့သည်။

'မဟာလိ..သင်ပြောတဲ့ နတ်တို့ရဲ့အရှင်သခင် [illegible] ကြားမင်းကို ငါဘုရားရှင် မြင်ဖူးတာပေါ့'

အမေးအတွက် အဖြေက ရှင်းနေပြီးသား။

သို့ငြား မဟာလိက ထပ်မံအတွန့်တက်လာချေ[illegible] ဒါသည်ပင် သူ့ဉာဏ်အတိမ်အနက်ကို ဝန်ခံလိုက်သ[illegible] နှင့်မခြား။

'အရှင်ဘုရား..အရှင်ဘုရားတွေ့မြင်ခဲ့ဖူးတဲ့ သိကြ[illegible] မင်းဆိုတာဟာ အစစ်အမှန်တော့ ဖြစ်နိုင်မယ် မထ[illegible] ဘူး။ အတုအယောင်သာ ဖြစ်ပါလိမ့်မယ်ဘုရား'

'ဘာဖြစ်လို့တုန်း မဟာလိ'

'ဘာဖြစ်လို့တုန်းဆိုတော့ တပည့်တော်ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com

သိကြားမင်း အစစ်အမှန်ကို တွေ့ခဲ့ဖူး မြင်ခဲ့ဖူးလို့ပါပဲ ဘုရား'

သည်ကတည်းက မဟာလိအဖို့ မသိနိုးနားသာ ပေါက်တော့။ မုသာဝါဒနှင့်ပါ နွယ်ခက်နေမှန်း သိသာသွားတော့သည်။

'နေပါဦး မဟာလိ။ သင့်အနေနဲ့ သိကြားမင်းရဲ့ သဘောသဘာဝ အမှန်ကို ဘယ်လောက်များ သိနေလို့တုံး'

သည်လိုမေးလာတော့ မဟာလိအဖို့ အာစေးမိနေသူအလား ဖြေစရာ မည်သည့်စကားအစအနမျှ မရှိတော့။ မျက်လုံးအစုံမှာလည်း ကြောင်တိကြောင်ငေး။

'မဟာလိ‥ငါဘုရားရှင်ဟာ သိကြားမင်းဖြစ်ရခြင်း အကြောင်းရင်းကို သိတဲ့သူပါ။ ဒါတင်မက သိကြားမင်းဖြစ်ဖို့ရာ ပြုမူဆောင်ရွက်ရမယ့် တရားအချက်အလက်တွေ၊ အဲသည်တရားအချက်အလက်တွေကို ကောင်းစွာဆောက်တည်တဲ့အတွက် သိကြားမင်းအဖြစ် ရရှိခဲ့ပုံတွေအလုံးစုံသိထားတဲ့သူပါ'

'အရှင်ဘုရား‥ သည်လိုဆိုရင်ဖြင့် သိကြားမင်းအကြောင်းကို သိပါရစေဘုရား'

တတ်ယောင်ကား မဟာလိတစ်ယောက် အပိုးကျိုးမှန်းမသိ ကျိုးသွားခဲ့ပါပြီကော။

♦ ♦ ♦

'သေချာစွာ နာကြားပါလော့ မဟာလိ။

သင်သိချင်တဲ့ သိကြားမင်းဆိုတာဟာ လူ့ဘဝတုန်းက မာဃလုလင်ရယ်လို့ အမည်တွင်ခဲ့ဖူးထားကြောင်း သူ့ကို မဃဝလို့ဆိုအပ်ပါတယ်။ ဒါ့အပြင် လူ့ဘဝရှိစဉ်တုန်းက အလှူခံပုဂ္ဂိုလ်တွေကို ပေးလှူတဲ့နေရာမှာ ရှိသေစွာပေးလှူတဲ့အတွက်ကြောင့် သက္ကလို့လည်း ဆိုအပ်ပြန်ပါသေးတယ်။ ဒါတင်မကသေးပါဘူး။ အလှူပေးလှူတဲ့အခါမျိုးမှာ ဘယ်တော့မှ နောက်မကျစေဘဲ ဦးဦးဖျားဖျားပေးလှူတတ်တဲ့အတွက်ကြောင့် ပုရိန္ဒလို့လည်း ဆိုအပ်ပါသေးတယ်။

မဟာလိ‥သိကြားမင်းရဲ့ ဝိသေသနဲ့ စပ်လျဉ်းလို့ပြောစရာကျန်ပါသေးတယ်။ သူဟာ တည်းခိုရာအရပ်ကို လှူဒါန်းတဲ့အတွက် ဝါသဝလို့လည်း ဆိုရမယ့်သူပါ။ ထို့ပြင်သော အကြောင်းအရာကို တစ်မုဟုတ်ချင်း ကြံနိုင်တဲ့အတွက်ကြောင့် သဟဿက္ခရယ်လို့ အမည်တွင်တဲ့သူပါ။ ပြီးတော့ သူ့မှာ အသုရာရဲ့သမီးတော် သုဇာဆိုတဲ့မယား ရှိတဲ့အတွက် သုဇမ္ပတိလို့လည်း ခေါ်ပါတယ်။ ဒါ့အပြင် တာဝတိံသာနတ်အပေါင်းရဲ့ အရှင်သခင်ဖြစ်တဲ့အတွက် ဒေဝါနမိန္ဒရယ်လို့လည်း ဆိုအပ်ပေတယ် မဟာလိ'

မဟာလိအဖို့ ဘုရားရှင် မိန့်တော်မူမှပင် သိကြားမင်း၏ ဂုဏ်ရည်အထူးကို သိခွင့်ရလိုက်သည်။ ပြီးတော့ အားကျစိတ်တွေလည်း ဝင်လာမှန်းမသိ ဝင်လာခဲ့ပါလေတော့၏။ သည့်အတွက် ဆန္ဒ၏စေစားမှုကြောင့် လျှောက်ထားစရာတို့ ဖြစ်ပေါ်လာပြန်ခဲ့ပြီကော။

'အရှင်ဘုရား‥သိကြားမင်းဖြစ်ဖို့ရာ ဘယ်လိုမျိုးကျင့်ဝတ်တွေ ရှိပါသလဲဘုရား'

'ရှိတာပေါ့ မဟာလိ။ သင်သိချင်တယ်ဆိုရင်ဖြင့် ပြောရသေးတာပ။ သိကြားမင်း ဖြစ်ဖို့ရာအတွက်-

(၁) အမိ,အဖတွေကို သက်ဆုံးတိုင် လုပ်ကိုင်ကျွေးမွေးဖို့ လိုအပ်ပါတယ်။
(၂) အမျိုးအနွယ်ထဲမှာ ရှိနေကြတဲ့ သက်ကြီးဝါကြီးတွေကို အသက်ထက်ဆုံး အရိုအသေပြုရပါလိမ့်မယ်။
(၃) ယဉ်ကျေးသိမ်မွေ့ပြီး ချိုသာတဲ့စကားကို အသက်ထက်ဆုံး ပြောဆိုဖို့ လိုအပ်ပါတယ်။
(၄) အသက်ထက်ဆုံး အနှောင်အဖွဲ့ ကင်းရှင်းစွာနဲ့ စင်ကြယ်တဲ့စိတ်ရှိပြီး စွန့်လှူမှုမှာ မွေ့လျော်သလို ဝန်တိုမှု စိတ်တွေလည်း ကင်းရှင်းရပါလိမ့်မယ်။
(၅) မှန်ကန်ဖြောင့်မတ်တဲ့ စကားကိုသာ ပြောဆိုလေ့ရှိရပါလိမ့်မယ်။
(၆) အသက်ထက်ဆုံး ဒေါသစိတ်တွေ ကင်းရှင်းရပါလိမ့်မယ်။
(၇) အမှတ်တမဲ့ ဒေါသထွက်တယ် ဆိုရင်တောင်မှ အဲသည်ဒေါသကို တစ်မုဟုတ်ချင်းဆိုသလို ပယ်ဖျောက်ပစ်နိုင်ရပါလိမ့်မယ်။

မဟာလိ‥အဲသည်လိုမျိုး မြင့်မြတ်တဲ့သဘောရှိတဲ့အတွက်ကြောင့် နတ်တို့ရဲ့ အရှင်သခင်ဖြစ်တဲ့ သိကြားမင်းဟာ ဘုန်းကံကြီးမားသလို ပညာကလည်း ရှိပေတယ် မဟာလိ'

လိစ္ဆဝီမင်းသား မဟာလိအဖို့ သူ့အတွန့်တက်ခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်၏ အကျိုးနှင့်အကြောင်း အကြောင်းနှင့်အကျိုး သဘာတရားသည်ညွှတ်စွာ ရှင်းလင်းမိန့်ကြားသည့်အောက်၌ မည်သို့မျှ စောဒကမတက်သာတော့ဘဲ သီလိုသည့်ကိစ္စရပ်များကိုပဲ လက်အုပ်တဆဆဖြင့် တောင်းပန်လျှောက်ထားနေရသေးတော့သည်။

'အရှင်ဘုရား..သီကြားမင်းရဲ့ ပညာရှိပုံကိုလည်း မိန့်ကြားပေးတော်မူပါဘုရား'

သည်တော့လည်း ဘုရားရှင်အဖို့ မဟာလိ၏ဆန္ဒကို ဖြည့်ဆည်းဖို့ရာ ပြင်ဆင်လိုက်ပါသတည်း။

♦ ♦ ♦

'သီကြားမင်းရဲ့ ပညာရှိပုံကို နာကြားပါလော့ မဟာလိ။

ရာဇဂြိုဟ်ဆိုတဲ့ ဗိမ္ဗိသာရပြည့်ရှင် အုပ်စိုးတဲ့ တိုင်းပြည်မှာ သူဆင်းရဲတစ်ယောက် ရှိပါတယ်။ အဲသည်သူဆင်းရဲဟာ သူတစ်ပါးတို့ရဲ့ သနားကြင်နာမှုကို ခံယူရရှိနေရတဲ့သူ ဖြစ်ပါတယ်။ သူဟာ သူနဲ့ဆက်ဆံရသူတိုင်းထံမှာ အောက်ကျို့ခံရတဲ့အထိ ဆင်းရဲပင်ဆင်းရဲပေမယ့်လည်း ဘုရားရှင်ရဲ့ သာသနာတော်အပေါ်မှာတော့ သက်ဝင်ယုံကြည်မှု အတိုင်းအတာဟာ ဆင်းရဲခြင်းမရှိပေဘူး။

တစ်နေ့မှာတော့ အဲသည်သူဆင်းရဲဟာ ကွယ်လွန်အနိစ္စရောက်ခဲ့ရှာပါတယ်။ သူဟာ ဘုရားရှင် ဟောကြားဆုံးမတဲ့ ဓမ္မဝိနယသာသနာတော်မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေကို ဆောက်တည်ခဲ့တဲ့ ကောင်းမှုကြောင့် တာဝတိံသာနတ်တို့ရဲ့ အသင်းဝင်ဖြစ်လာခဲ့တယ် ဆိုပါတော့။

နာကြားပါဦး မဟာလိ။

တာဝတိံသာနတ်တွေ မြောက်မြားစွာရှိကြတဲ့အနက် နတ်ဖြစ်တတ်တဲ့ ကောင်းမှုကံကို ဆောင်ရွက်တဲ့အတွက် နတ် ဖြစ်လာရတယ်ဆိုပေမယ့် စိတ်မလှတဲ့နတ်တွေလည်း အများအပြားရှိကြပါတယ်။ အဲသည်လိုဖြစ်တဲ့အတွက် စိတ်မလှတဲ့နတ်တွေဟာ အသစ်ရောက်လာတဲ့ သူဆင်းရဲနတ်သား ဥပါသကာအပေါ်ကို ဝမ်းသာအားရ မရှိကြပေဘူး။ ဘာကြောင့်လဲဆိုတော့ အသစ်ရောက်ရှိလာတဲ့ ဥပါသကာနတ်သားဟာ သူ့အရင်ရှိနှင့်ပြီးသား နတ်တွေထက် ရုပ်ဆင်းရူပကာ သာလွန်တဲ့အပြင် အခြွေအရံတွေ ဆိုတာကလည်း စိတ်မလှတဲ့ နတ်တွေထက် ပိုမိုတဲ့အတွက်

ကြောင့်ပါပဲ။

နာကြားပါဦး မဟာလိ။

အဲသည်လို အခြေအနေမျိုးမှာပဲ စိတ်မလှတဲ့ န...
တွေဟာ သူတို့ထက် သာလွန်နေတဲ့ သူဆင်းရဲဥပါသကာ...
နတ်ကို ကဲ့ရဲ့ရှုတ်ချပြန်ပါသေးတယ်။ သူတို့က-

အံ့ဩစရာပဲဟေ့။ အဖြစ်ကတော့ ဆန်းသကွာ။ ...
ဘဝတုန်းက သူဆင်းရဲ၊ လူသနားစရာအကောင်။ ပြီးတော့...
တကယ့်ကို အောက်တန်းစား။ အဲ..သူဟာ ခန္ဓာကို...
ပျက်စီးပြီး သေလွန်တဲ့နောက်မှာ ငါတို့ တာဝတိံသာန...
တွေရဲ့ အသင်းဝင်ဖြစ်လာတာ။ ကြည့်စမ်းပါဦး။ သူ...
ငါတို့ထက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေတယ်...
ဆင်းသွင်ရုပ်ဝါ လှပနေတယ်။ ပြီးတော့ တို့များထက်...
အခြံအရံပေါကြွယ်ဝနေတယ်လို့ ဆိုကြလေရဲ့။

သဘောကတော့ မနာလိုဝန်တိုစိတ်ရှိတဲ့ နတ်တွေအ...
လူ့ဘဝတုန်းက ဆင်းဆင်းရဲရဲ အနေအထားနဲ့ သေခဲ့မ...
ဆိုရင် နတ်ဖြစ်တာတောင် နတ်ဆင်းရဲဖြစ်ရမယ်။ အခြံအ...
ရှားပါးရမယ်လို့ ထင်မှတ်ထားခဲ့ကြတယ်။

အဲသည်လိုမျိုး တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်နည်း...
အတင်းစကားတွေ ပြောကြားနေတုန်းမှာ နတ်တို့ရဲ့အ...
သခင် သိကြားမင်း ရောက်လာပြီး နတ်အပေါင်းကို ပြော...
ဆိုဆုံးမပါလေရဲ့။

'အချင်းနတ်အပေါင်းတို့..သင်တို့ဟာ အခုရော...
လာတဲ့ သူဆင်းရဲဥပါသကာနတ်သားကို မကဲ့ရဲ့ကြပါနဲ့...
တကယ်တော့ အဲသည်နတ်သားဟာ လူဖြစ်စဉ်အခါတု...
က မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်တဲ့ ဓမ္မဝိန...
ယသာသနာတော်မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ...
တွေကို ဆောက်တည်ခဲ့သူ ဖြစ်ပေတယ်။ အဲဒါကြောင့်...
ကောင်းတဲ့လားရာဖြစ်တဲ့ နတ်ပြည်ကိုရောက်ရှိပြီး အသ...
နတ်တို့ထက် သာလွန်မြင့်မားနေခြင်း ဖြစ်ပေတယ်။

အချင်းနတ်အပေါင်းတို့..အကြင်သူဟာ ဘုရား...
အပေါ် ယုံကြည်မှုသဒ္ဓါတရားဟာ တုန်လှုပ်ခြင်း...
ကောင်းစွာတည်တံ့ခိုင်မြဲပါတယ်။ အဲသည်အကြင်ပု...
အပေါ် အရိယာတွေဟာ နှစ်သက်အပ် ချီးမွမ်းအပ်...
အတွက်၊ ကောင်းမွန်တဲ့ သီလရှိတဲ့အတွက်၊ သံဃာ...
အပေါ် ကြည်ညိုမှုရှိတဲ့အတွက်၊ ဖြောင့်မတ်တဲ့ အမြင်...
အတွက် အဲသည်ပုဂ္ဂိုလ်အပေါ် သူဆင်းရဲမဟု...



www.burmeseclassic.com

www.burmeseclassic.com

…ကြပါပေတယ်’

အဲသည်လို ဆိုဆုံးမတဲ့အခါ စိတ်မလှတဲ့ နတ်တွေ …က တအံ့တသြဖြစ်သွားကြပါတယ်။

သည်အခါ သိကြားမင်းက-

‘အချင်း နတ်အပေါင်း …-သင်တို့ မလိုမုန်းထားနေတဲ့ …ဆင်းရဲ ဥပါသကာနတ် …ရဲ့ အသက်ရှင်ခြင်း …က အချည်းနှီး မဟုတ်ပေ …။ ဘုရားရှင်ရဲ့ အဆုံးအမ …ကို အောက်မေ့တဲ့ ပညာရှိသူပဲ ဖြစ် …တယ်။ ဒါ့အပြင် သဒ္ဓါကိုလည်း …ကောင်း၊ သီလကိုလည်းကောင်း၊ ကြည် …မှုကိုလည်းကောင်း၊ တရားသိမြင်မှုကို …လည်းကောင်း အဖန်တလဲလဲ အားထုတ်သူဖြစ်ပေတယ် …ဆက်လက်ဆုံးမပြန်ပါသေးတယ်’





‘တင်ပါ့ဘုရား’

မဟာလီ၏ စကားသံက ယခင်ကနှင့် မတူတော့။ …သလ္လာတွေ ဖုံးအုပ်နေသမျှ ဘုရားရှင်၏ ဖယ်ရှားပေး …ကြောင့် ဝေဝါးတွေပြားနေခဲ့သမျှ ကြည်လင်ပီပြင်လာ …သည်။

‘နာကြားပါဦး မဟာလီ။ သိကြားမင်းအဖို့ အဲသည် …ဟောပြောနိုင်တဲ့ ပညာရှိခြင်းဟာ ငါဘုရားရှင်ကို …ပြေတ် ဆည်းကပ်ကိုးကွယ်တာအပြင် ရေးကပြုခဲ့တဲ့ …လိုက်ကံတွေကြောင့်လည်း ဖြစ်ပါတယ်။ ဒါတင်မက …ပါဘူး။ သိကြားမင်းဟာ ဘုန်းကံကြီးမားသူ ဖြစ် …ကြောင်းကို သက်သေသာဓက ပြချင်ပါသေးတယ်’

‘တင်ပါ့ဘုရား။ နာကြားလိုပါတယ်ဘုရား’

‘ကောင်းပြီ မဟာလီ’

တာဝတိံသာနတ်တွေရဲ့ အစည်းအဝေးမှာ သိကြား …နေရာဟာ သီးခြားရှိပါတယ်။ အဲသည်သိကြားမင်း …နေရာကို ဘုန်းတန်ခိုးကြီးမားပြီး အခြံအရံတွေ များ …လှတဲ့ လောကပါလနတ်ကြီးတွေတောင်မှ ဝင် …ကြပေဘူး။ အားလုံးဟာ ကိုယ့်နေရာနဲ့ကိုယ် ကိုယ့် …နဲ့ကိုယ် နေထိုင်ပြီး သိကြားမင်းကို ခစားကြ …တယ်။

အချင်းနတ်အပေါင်းတို့ . .အဲသည်လို သဘောလက္ခဏာရှိပါလျက် တစ်ခါမှာတော့ ရုပ်ဆင်းအင်္ဂါကလည်း လှပခြင်းမရှိ အရွယ်အစား ကြည့်ပြန်တဲ့အခါ ပုကွကွနဲ့ ဘယ်လိုမှ နတ်စဉ်မမီတဲ့ နတ်သားတစ်ပါးဟာ သိကြားမင်းရဲ့နေရာမှာ ခပ်တည်တည်နဲ့ ဝင်ထိုင်ပါလေရော။ သည်တော့ နတ်သဘင်မှာ စကားသံတွေ ပေါ်ထွက်လာတော့တယ်။

‘ဘယ်လိုနတ်လည်း မပြောတတ်ပါဘူးကွာ။ တန်ရာတန်ရာကို မလုပ်ဘူး။ ပုပုကွကွဖြစ်နေရတဲ့အထဲ ရုပ်ကလည်း ကြက်ဟင်းခါးသီး မီးဖုတ်ထားတဲ့အတိုင်းပဲ။ သင်းမို့ အရှင်သခင် သိကြားမင်းရဲ့နေရာမှာ ဝင်ထိုင်ရဲတယ်’

‘ဟုတ်ပါ့ကွာ၊ တော်တော်လည်း ရဲတင်းလိုက်တဲ့ နတ်’

‘ကြုံကြုံဖူးပေါင်ကွာ။ ထိုင်စရာနေရာရှားလို့ ကိုယ်နဲ့သင့်တဲ့ နေရာတောင်မှ မရွေးတတ်ပါကလား’

သည်လိုမျိုး ဝေဖန်ကဲ့ရဲ့ ပြစ်တင်ရှုတ်ချသံတွေ ပေါ်ထွက်လာတော့ နတ်သားတစ်ပါးက ဟန့်တားသမှု ပြုလာတယ်။

‘နေပါဦး၊ ဘာဖြစ်လို့ ကျုပ်တို့ပြောဆိုနေကြတာတွေကို တားမြစ်ရတာတဲ့တုံး။ ဟို . .နတ်ငကျည်းတန်ပုကွကွရဲ့ လုပ်ပုံက မဟုတ်ကိုမဟုတ်လို့ ဝေဖန်ပြောဆိုနေကြတဲ့

၃၉

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အသင်တို့ ပြောဆိုမယ်ဆိုရင်လည်း ပြောဆိုထိုက်ပါရဲ့။ ဒါပေမဲ့လို့ အသင်တို့အပြစ်တင်စကားတစ်ခွန်း ပြောလိုက်တိုင်း ပြောလိုက်တိုင်းမှာ တစ်ကြိမ်ဆို ဆိုသလောက် အဲသည်နတ်ငကျည်းတန်ပုကွ ဘာဖြစ်သွားတယ်ဆိုတာ သိကြရဲ့လား'

သည်လိုဆိုလိုက်တော့ အပြစ်ဝိုင်းဖို့နေခဲ့ကြတဲ့ နတ်တွေအားလုံး ပါးစပ်တွေ ပိတ်သွားကြတယ်။ ပြီးတော့ လာရောက်ဟန့်တားတဲ့နတ်သားကို မျက်လုံးအပြူးသားနဲ့ ကြည့်ပြီး သိလိုတာတွေကို အမောတကော မေးကြပါလေရော။

'ဘာဖြစ်သွားလဲဟင်။ ဘာဖြစ်သွားတာတဲ့တုံး'

'ဘာဖြစ်သွားရမှာတဲ့လဲ။ အသင်တို့ အပြစ်ဖို့စကားတစ်ခွန်းဆိုလိုက်တိုင်း ဆိုလိုက်တိုင်း သင်းရဲ့အကျည်းတန်လက္ခဏာတွေဟာ လျော့လျော့သွားသလို ပုကွတဲ့အနေအထားကနေ အရပ်အမောင်းတွေ ထောင်ထောင်မောင်းမောင်း ဖြစ်လာတယ်လေ။ ကိုင်း··ကြည့်လိုက်စမ်းပါဦး။ ကနဦးအနေအထားနဲ့ တူကော တူပါသေးရဲ့လား'

'ဟာ··ဟုတ်ပါရဲ့၊ တို့တွေအပြစ်ဖို့တာ များလို့ထင်ပါရဲ့။ ဝင်းဝါစိုပြည်ပြီး လှလာလိုက်တာ ထွားကျိုင်းလာလိုက်တာ'

နတ်အပေါင်းတို့ အခက်အခဲတွေ့နေကြပါပြီ။ ဒါနဲ့ သိကြားမင်း စံမြန်းရာ ဘုံဗိမာန်ကို နတ်သားတစ်ပါး အပြေးရောက်လာပြီး ဖြစ်ကြောင်းကုန်စင် တင်ပြလျှောက်ထားပါလေရော။

'အင်း··အသင်နတ်သား တင်လျှောက်မှုကို သုံးသပ်ရရင် အဲသည်ငပုကွဟာ ကောဓဘက္ခနတ်များ ဖြစ်နေမလား မသိဘူး'

ဒါနဲ့ပဲ သိကြားမင်းလည်း တရားသဘင်စည်းဝေးရာကို ထွက်လာခဲ့တယ်။ သိကြားမင်းကိုမြင်တော့ နတ်အပေါင်းလည်း ခရီးဦးကြိုပြုကြတာပေါ့။ သည်အချိန်မှာပဲ သိကြားမင်းရဲ့နေရာမှာ မြိန့်မြိန့်ကြီးထိုင်နေတဲ့ ကောဓဘက္ခနတ်သားရဲ့ရှေ့ အပေါ်ရုံကို ပခုံးပေါ်တင်လို့ ညာဒူးထောက်လိုက်ရင်း လက်အုပ်ချီလိုက်တယ်။

'ငါဟာ နတ်အပေါင်းတို့ရဲ့ အရှင်သခင် သိကြားမင်း ပါပဲ'

သည်လိုစကားတစ်ခွန်း ထွက်လိုက်တယ်ဆိုရင် ကောဓဘက္ခနတ်သားရဲ့အရွယ်ဟာ သိသိသာသာကို ငယ်သွားပါတယ်။ နတ်အပေါင်းဟာ ထူးဆန်းတဲ့မြင်ကွ ကြောင့် ပါးစပ်တွေ အဟောင်းသားနဲ့ပေါ့။

'ငါဟာ နတ်အပေါင်းတို့ရဲ့ အရှင်သခင် သိကြားမ ပါပဲ'

ဒုတိယမ္ပိ စကားတစ်ခွန်းကို ဆိုလိုက်တဲ့အခါ ကော ဘက္ခနတ်သားဟာ ပိုပြီးအရုပ်ဆိုး၊ ပိုပြီးသေးငယ်သွ ပါတော့တယ်။ တတိယမ္ပိ စကားလည်းဆိုရော ကော ဘက္ခဟာ အားလုံးရဲ့မြင်ကွင်းကနေ လုံးဝကို ပျော ကွယ်သွားပါတော့တယ်။ အဲသည်တော့မှ သိကြားမ လည်း သူ့နေရာမှာ ဝင်ထိုင်ပြီး လိမ္မာရေးခြား နံ့နဲ့နေ သေးတဲ့ နတ်တွေ အသိအမြင်မကွဲလွဲစေဖို့ ဆုံးမပါ တယ်။

'အချင်းနတ်အပေါင်းတို့··ငါသိကြားမင်းဟာ ဘ သူဘယ်ဝါကိုမှ ထိပါးလိုစိတ် မရှိသလို အမျက်ဒေါ အလိုကို အလွယ်တကူ လိုက်ပါမယ့်သူ မဟုတ်ပါ ကြမ်းတမ်းတဲ့ စကားကိုမဆို၊ အကုသိုလ်စကားကို မ ကြား၊ ကိုယ့်အကျိုးကို ကောင်းစွာသိမြင်တဲ့အတွက် ကို ကိုယ်ကိုယ် ကောင်းစွာနှိမ်နင်းပေတယ်'

'အို··အသင်မင်းသားမဟာလိ၊ သည်ရွှေသည် လျှင်ဖြင့် သိကြားမင်းသာ မဟုတ်ပါဘူး။ ရှိခိုးမခံထိ သူတွေ ရှိခိုးခံရပြီဆိုရင် ကောဓဘက္ခနတ်သား ပျ သလို ပျက်စီးရပါလိမ့်မယ်'

ဘုရားရှင်၏ စကားက အညွန့်အခက်နှင့် အ တက်လိုစိတ်များ ဝေဆာနေခဲ့သော ငါ့စကားနွားရ လိုတတ်သော သူ၏ မာန်မာနတို့ကို အပြီးတိုင် ဖယ် လိုက်နိုင်ခဲ့ပါပြီ။ အုံ့ဆိုင်းထုံ့ပိုင်းနေသော မဟူရာ တိုက်တို့ကိုလည်း လွင့်စဉ်စေခဲ့ပါပြီ။

သည့်အတွက် ဘုရားရှင်အပေါ် ကြည်ညိုစိတ် ရင့်သန်လာကာ ဘုရားရှင်၏ ခြေအစုံအား တမြတ် ဦးခိုက်ပူဇော်နေမိပါတော့သတည်း။

**နန္ဒာမိုးကြ**

**အကိုးအကား**

* ဘာသာရေးအတွေးအမြင်စာစုများ
(ရွှေဇမ္ဗူစာပေ ၂၀၀၃)။

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၇၀၀၆YR၀၄၇၇၂

# မြတ်ပန်းပွင့်

## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်မြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၁

# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၅၀၅Y၆၃၉၄



# ဇော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈




www.burmeseclassic.com

www.burmeseclassic.com

အနာထပိဏ်သူဌေးကြီး ရက်ရောသဒ္ဓါ ကြည်ဖြူစွာဖြင့် အသပြာငါးဆယ့်လေးကုဋေတို့ကို စွန့်ကြဲပြီး မြတ်ဘုရားအား သဒ္ဓါဖွေးဖြူ ပေးလှူခဲ့တဲ့ ဇေတဝန်ကျောင်းတော်တွင် မြတ်ဘုရား သီတင်းသုံးတော်မူနေ၏။ ဇေတဝန်ကျောင်းတော်အတွင်းရှိ ကျောင်းငယ်တစ်ကျောင်း၌ အရှင်စက္ခုပါလမထေရ် သီတင်းသုံးတော်မူပါသည်။

အရပ်တစ်ပါး၌ ဝါဆိုဝါကပ် ပြုကြကုန်သော အာဂန္တုက ရဟန်းတော်များသည် မြတ်ဘုရားအား ဖူးမြော်ရန်အလို့ငှာ မြတ်ဘုရား သီတင်းသုံးနေတော်မူရာ ဇေတဝန်ကျောင်းသို့ ကြွလာကြ၏။ ဘုရားဖူးပြီး အသီတိမဟာသာဝက





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျိုးပ်ကုန်သော မဟာသာဝကထေရ်များကိုပါ လိုက်လံ မြော်ကြပါသည်။

ထို့နောက် အရှင်စက္ခုပါလ မထေရ်ကိုပါ တစ်ပါ လည်း ဖူးမြော်သွားလိုကြ၏။ ထို့ကြောင့် အရှင်စက္ခုပါလ မထေရ် သီတင်းသုံးနေတဲ့ ကျောင်းငယ်ဘက်သို့ ခြေဦး လှည့်လိုက်ကြပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အာဂန္တုရဟန်းတော်များ အရှင်စက္ခုပါလ မထေရ်အား သွား ကန်တော့ကြမလို့ လုပ်တော့မှ မိုးသည်းထန်စွာ ရွာသွန်း လိုက်ပါသည်။

မိုးသည်းထန်စွာ ရွာသွန်းလိုက်ခြင်းကြောင့် အာဂန္တုရဟန်းတော်များ ခရီးဆက်လိုစိတ် ယုတ်လျော့သွား၏။ ညကနေ့ မိုးကလည်းကြီး၊ နေကလည်းစောင်း၊ အခါ နှောင်းနေပြီ။ မနက်မှပဲ မထေရ်မြတ်အား ဖူးမြော်ကန် တော့ကြပါစို့လို့ အချင်းချင်း တိုင်ပင်ကာ လှည့်ပြန်ခဲ့ကြ ပါသည်။

မိုးရွာခြင်းကြောင့် ဖူးမြော်ကန်တော့ခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှုကို ချက်ချင်းမပြုဖြစ်တော့ဘဲ မနက်ဖြန်သို့ ရွှေ့ဆိုင်းလိုက်ကြ၏။ ကုသိုလ်ပြုရေးကို ဘယ်နေ့ ဘယ်ခါရယ်လို့ အချိန်ဆွဲနေလျှင် ထိုကာလအတွင်းမှာ အကုသိုလ်မကောင်းမှုများ ဖြစ်သွားတတ်သည်ကို အာဂန္တုရဟန်းတော်များ သတိမမူမိကြဟန်မတူပေ။

အရှင်စက္ခုပါလကား အာဂန္တုရဟန်းတော်များကဲ့သို့ မဟုတ်။ ကုသိုလ်ကောင်းမှုပြုရေးတွက် နေ့ရွှေ့ ညဆုတ် ခြင်း မရှိချေ။ အချိန်တန်လျှင် လုပ်နေကျအလုပ်ကို မပ်မြဲလုပ်ပါသည်။ မိုးရွာရွာ နေပူပူ စင်္ကြံလျှောက်ချိန် ရောက်လျှင် စင်္ကြံလျှောက် တရားမှတ်တော့၏။

ပုရိမယံမှာ သည်းထန်စွာ ရွာသွန်းတဲ့မိုးကြီး ပစ္ဆိမယံ ရောက်တော့ ရပ်သွားပါသည်။ ပစ္ဆိမယံရောက်တော့ အရှင် စက္ခုပါလ စင်္ကြံထလျှောက်တော့၏။ မိုးစဲသွားတော့ ပိုး ကောင်တို့ မြူးကြ၏။ ဟိုပုံ့ဒီပြေး၊ အတောင်ကျွတ်တော့ လည်း တဖျပ်ဖျပ် တုန်လှုပ်ကာ မြေပြင်မှာကျပြီး တွား သွားနေကြ၏။

ထို့ကြောင့် စင်္ကြံလျှောက်ရင်း အရှင်စက္ခုပါလ မထေရ် ပိုးပရန်များကို နင်းမိ၏။ သေတဲ့အကောင်များ လည်း သေသွားကြ၏။ မသေတဲ့ အကောင်များလည်း ကျောပါး ဒုက္ခခံစားနေရ၏။ သေတဲ့အကောင်ရော၊ မသေတသေရော၊ မသေမရှင်တွေပါ မြင်မကောင်း ရှု မကောင်းအောင် ပွစာကြဲနေပါသည်။

မနက်လင်းတော့ အာဂန္တုကရဟန်းတော်များ ရောက် လာကြတော့၏။ မသေတသေရော သေပြီးသားပါ ပွစာ ကြဲနေတဲ့ ပိုးပရန်များကို အာဂန္တုရဟန်းတော်များ မြင် တွေ့သွားတော့၏။ ဖြစ်ချင်တော့ အနီးနေ သာမဏေနှစ် ပါးကလည်း အာဂန္တုရဟန်းတော်များ ကြွလာမည့်နေ့မှာမှ တံမြက်စည်းလှည်းရန် မေ့သွားခဲ့ကြ၏။

မြတ်ဘုရားနှင့်တကွ သူတော်စင် သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ ဇေတဝန်ကျောင်းတော်၌ ဤသို့ မြင်တွေ့ရခြင်းသည် တကယ်တော့လည်း မြင်မကောင်း၊ ကြည့်မကောင်းလှပေ။ အာဂန္တုရဟန်းတော်များလည်း ထိုသို့ပင် ရှုမြင်သုံးသပ်ကြ၏။ အမြင်တိုင်း သုံးသပ်လိုက် တော့ အထင်သေးစရာ ဖြစ်လာပါသည်။

အထင်သေးတဲ့ လေသံနှင့်ပင် မြင်တွေ့နေရတဲ့ ရှင် သာမဏေနှစ်ပါးကို လှမ်းမေးလိုက်ပါသည်။

'ကိုရင်လေး၊ ဒီစင်္ကြံလမ်းမှာ ဘယ်သူများ စင်္ကြံ လျှောက်လဲ ကိုရင်'

'တပည့်တော်တို့ရဲ့ဆရာ လျှောက်ပါတယ် အရှင် ဘုရား'

'ဩော်··ဟုတ်လား'

'မှန်ပါ အရှင်ဘုရား'

'ကြည့်စမ်း၊ ကောင်းတုန်းက ဘာမှမလုပ်၊ နေချင် သလိုနေပြီးတော့ ကန်းလည်း ကန်းပါလေရော ဝီရိယ ကောင်းပြနေလိုက်တာ။ မညှာမတာ သနားကရုဏာ ကင်းမဲ့စွာနဲ့ ပိုးကောင်ငယ်တွေကို ညှဉ်းဆဲသတ်ဖြတ် နေတာပဲ။ ကိုယ်ကျိုးအတွက် သူတစ်ပါး အကျိုးပျက် အောင် လုပ်နေတာပဲ'

ဤသို့ အထင်ရှိတိုင်း စိတ်ရှိင်းပေါ်ကာ ကဲ့ရဲ့ကြပါ သည်။ ထိုသို့ အားပါးတရ ကဲ့ရဲ့ရသော်လည်း အားမရနိုင် ရှာသေး၍ အာဂန္တုရဟန်းတော်များ ဘုရားထံမှောက် သွား ရောက်ကာ ဤသို့ လျှောက်တင်ကြပါသည်။

'အရှင်ဘုရား၊ စက္ခုပါလမထေရ်ဟာ စင်္ကြံလျှောက် တရားမှတ်တယ်ဆိုပြီး ခပ်တည်တည်နဲ့ ပိုးကောင်တွေ လိုက်သတ်နေတာပဲ အရှင်ဘုရား'

'စက္ခုပါလမထေရ်မြတ် ပိုးကောင်တွေကို လိုက်



www.burmeseclassic.com

www.burmeseclassic.com

သတ်နေတာကို ချစ်သားတို့ မြင်ခဲ့ကြသလား'

'မမြင်ပါဘူး အရှင်ဘုရား'

'အေး‥အရှင်စက္ခုပါလ ပိုးကောင်တွေ လိုက်သတ်တာကို ချစ်သားတို့ မမြင်သလို စက္ခုပါလလည်း အဲဒီပိုးကောင်တွေကို မမြင်ဘူး ချစ်သားတို့။ ရဟန္တာပုဂ္ဂိုလ်တို့ မည်သည် သေစေလိုတဲ့ စိတ်စေတနာနှင့် သတ်ဖြတ်လေ့မရှိတော့ပါဘူး'

'မှန်ပါ အရှင်ဘုရား။ ဒါနဲ့ ရဟန္တာဖြစ်နိုင်တဲ့ ကောင်းမှုကံပါနေလျက် အဘယ်ကြောင့် မျက်စိကန်းရတာပါလဲ အရှင်ဘုရား'

'အတိတ်ကံကြောင့်ပေါ့'

'ဩော်‥အရှင်စက္ခုပါလ အတိတ်ဘဝက ဘာတွေကို ဘယ်လိုများ ပြုလုပ်ခဲ့ပါသလဲ အရှင်ဘုရား'

'ချစ်သားတို့ သိလို နာလိုလျှင် ဟောပြပါအံ့။ ရိုသေစွာ နာယူမှတ်သားကြလော့'

ဤသို့ အာဂန္တု ရဟန်းတော်များအား တိုက်တွန်းစကား မိန့်ကြားတော်မူပြီး အရှင်စက္ခုပါလ၏ မထေရ်ရဲ့ အတိတ်အကြောင်းကို မြတ်ဘုရား ဟောပြတော်မူပါသည်။

တစ်ခါက ဗာရာဏသီပြည်တွင် ကာသိမင်း အုပ်စိုးစဉ်ကာလမှာ ရွာစဉ်လှည့်လည်ပြီး ဆေးကုစားနေတဲ့ နယ်လှည့်ဆေးဆရာကြီး တစ်ယောက် ရှိခဲ့ဖူးပါသည်။ သူ့လုပ်ရိုးလုပ်စဉ်အတိုင်း ရွာစဉ်လှည့်ကာ တစ်ရွာဝင် တစ်ရွာထွက် ဆေးကုလာရာ တစ်ရွာတွင် မျက်စိအားနည်းနေတဲ့ ဝေဒနာရှင် တစ်ယောက်ကို တွေ့ပါသည်။

အခြေအနေကို အကဲခတ်ပြီး 'ဘယ်လိုလဲ၊ နှမကြည့်ရတာ သိပ်နေမကောင်းတဲ့ပုံပဲ' လို့ နှုတ်ဆက်ရင်း သတင်းမေးလိုက်ပါသည်။

လူနာမိန်းမက 'ဟုတ်ကဲ့၊ ကျွန်မ မျက်စိမမြင်ပါ ဆရာ' လို့ ပြန်ဖြေလိုက်ပါသည်။

လိုတိုရှင်းပြောပါက ဆေးသမားနှင့် လူနာ အပေးအယူ ကတိစကားထားပြီး ဆေးကုဖြစ်သွားပါသည်။

'ဆရာကုလို့ ကျွန်မမျက်လုံး တကယ့်တကယ်ကောင်းသွားခဲ့ပါက ကျွန်မရော ကျွန်မသားသမီးပါ ဆရာ့အိမ် ကျွန်ခံပါ့မယ်' လို့ လူနာက ကတိပေးခဲ့ပါသည်။

ဆေးသမားလည်း ကောင်းပြီဟု သဘောတူ လက်ခံကာ ဆေးကုသပေး၏။ တစ်ကြိမ်ခတ်ရုံနှင့်ပင် ကော[illegible] စေနိုင်တဲ့ဆေး ဖော်စပ်ကာ လူနာမိန်းမအား ပေးလိုက်[illegible] တစ်ကြိမ်ခတ်ရုံနှင့်ပင် မျက်လုံးများ ပကတိအတိ[illegible] တကယ်ကောင်းသွားပါသည်။

သို့သော် ကတိစကား ထားရှိသည့်အတိုင်း မိသား[illegible] လိုက် ကျွန်ခံလိုစိတ်ကား မရှိပေ။ ထို့ကြောင့် မု[illegible] စကားဖြင့် လှည့်စားရန် ဆုံးဖြတ်ချက်ချလိုက်ပါသ[illegible]

ဆေးသမား သတင်းလာမေးတော့ ကြိုတင်စဉ်း[illegible] ထားသည့်အတိုင်း 'အရင်က ကျွန်မမျက်လုံး နည်းန[illegible] နာတာ။ အခု ဆရာ့ဆေးခတ်လိုက်တော့ မကောင်း[illegible] အပြင် ပိုတောင်နာသွားသေးတယ်' လို့ လိမ်လည်[illegible] ဖြားကာ ပြောဆိုလိုက်ပါသည်။

ဆေးသမားလည်း 'ဩော်‥ဒီမိန်းမက ဆေးဖိုး[illegible] ဘာမှမပေးချင်လို့ ဒီလိုမျိုး လှည့်စားတာပဲ' လို့ နား[illegible] သွား၏။

ထို့ကြောင့် 'ကဲ‥ထားလိုက်ပါတော့၊ ဘာ[illegible] လည်း နေပါစေ။ ဘာမှလည်း မလိုချင်တော့ဘူး။ [illegible] ပြောသလို သူ့မျက်လုံးတွေ ကန်းသွားအောင်ပဲ [illegible] လိုက်တော့မယ်' လို့ ဆုံးဖြတ်လိုက်ပါသည်။

အိမ်ပြန်သွားပြီး မိမိဆုံးဖြတ်ချက်ကို အိမ်သူ[illegible] ထား ဇနီးမယားအား ဖွင့်ဟပြောပြ၏။ ဇနီးမယားက[illegible] ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်ပါသည်။ ဆေးသ[illegible] ကတော့ ဆုံးဖြတ်ချက်အတိုင်းပင် ဆေးတစ်မျိုး [illegible] လိုက်၏။

ထို့နောက် ဆေးကို ယူဆောင်ပြီး မျက်စိလူ[illegible] သွားကာ 'နှမ၊ ဒီဆေးကိုသာ မျက်စဉ်းခတ်လို[illegible] ချက်ချင်းကောင်းသွားလိမ့်မယ်' လို့ လိမ်ညာကာ [illegible] လိုက်ပါသည်။

အလကားရရင် ဝမ်းနုတ်ဆေးလည်း သုံးခါ[illegible] လူမျိုးထင်ပါရဲ့။ ထိုမိန်းမလည်း ဆေးသမားပေးတဲ့[illegible] ကို လက်ခံယူကာ ချက်ချင်းမျက်စဉ်းခတ်လိုက်ပါ[illegible] မျက်စဉ်းခတ်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်[illegible] မီးလိုတောက်ကာ ပေါက်ကွဲသွား၏။ ကန်းချင်[illegible] ဆောင်ခဲ့တဲ့မျက်လုံး ခုမှပဲ တကယ်ကန်းသွား[illegible]

ထိုစဉ်က ဆေးသမားဆိုတာ အခု သင်ချစ်[illegible] မြင်တွေ့နေရတဲ့ အရှင်စက္ခုပါလ မထေရ်ပါပဲ' လို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

…ားက အတိတ်နှင့် ပစ္စုပ္ပန်စပ်ကာ ဟောပြလိုက်ပါ…ည်။ အာဂန္တုရဟန်းတော်များ သံဝေဂစိတ်ကြောင့် …တ်ဆိတ်သွားကြ၏။

လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာနောက်သို့ …ကောက်ကောက် အစဉ်လိုက်သကဲ့သို့ ဆေးသမားဘဝ …ပြုခဲ့တဲ့ အကုသိုလ်ကံသည်လည်း အရှင်စက္ခုပါလ …ရဲ့ နောက်က အမြဲတစေ လိုက်လာနေကြောင်း …ဆောင်ကာ မြတ်ဘုရား ရှင်းပြတော်မူပါသည်။

ကမ္မနိယာမ သဘောအရကြည့်လျှင် ပညာရှင်ကို …ည့်စားတဲ့မိန်းမသည် သူ့ရဲ့ မုသာဝါဒဆိုးကျိုးကို ဘဝ …ဘဲ ကံပြုရာ ထိုဘဝမှာပင် ချက်ချင်းလက်ငင်း ခံစား …ရ၏။ အကုသိုလ်ကံက ဒိဋ္ဌဓမ္မ ကံစွမ်းပြသည်ဟု …ရပေမည်။ ဒုက္ခလှလှ တွေ့သွား၏။ ဒေါသအမြင်ဖြင့် …ည့်လျှင် ထိုစဉ်က ဆေးသမား အနိုင်ရခဲ့သည်ဟု …ရပေမည်။

ကမ္မဿကတ ဉာဏ်ပညာဖြင့် ကြည့်ပါမူကား …သမား အရှုံးကြီး ရှုံးခဲ့ပေသည်။ ရှေဦးစွာ ဒေါသဖြင့် …လောင်ရ၏။ မျက်စိပျက်စေနိုင်တဲ့ ဆေးဝါးကို ပိုက် …နှံခဲ့ပြီး ပင်ပန်းစွာ ဖော်စပ်ရ၏။ ဆေးဖိုးဝါးခ တစ် …တစ်ချပ်မှ မရတဲ့ပြင် ဆိုးကျိုးဒုက္ခ နောက်ကလိုက် …ကို ခံနေရသေး၏။

…မှန်၏။ မျက်လုံးပျက်သွားအောင် ဆေးကုခြင်းသည် …စိတ်ကင်း ဗျာပါဒစိတ်သွင်းကာ ကုသခြင်းပင် ဖြစ် …သည်။ ပင်ကိုက ဖြူစင်နေတဲ့ အိမ်ရှင်စိတ် မည်းညစ် …အောင် စည့်သည်ဆိုး ဒေါသဆာ ဖန်တီးလိုက်ပါ …ည်။ သူတစ်ပါးမျက်လုံး ပျက်သွားစေလိုတဲ့ ဗျာပါဒ …က အိမ်ရှင်နေရာတွင် အစားထိုးကာ ဝင်ရောက် …ခဲ့ပါသည်။

ထိုသို့ ဒေါသဧည့်သည်ဆိုး ဖျက်ဆီးလိုက်၍ ပျက် …တဲ့စိတ်ကို ပဒုဋ္ဌစိတ်ဟု ခေါ်၏။ ပဒုဋ္ဌစိတ်ဖြင့် …ပြုလျှင် ကာယဒုစရိုက် သုံးမျိုးထဲက တစ်မျိုးမျိုး …ဖြစ်လေရာ၏။ ကာယသုစရိုက်ဖြစ်ဖို့ အကြောင်း … ပဒုဋ္ဌစိတ်ဖြင့် တစ်ခုခုပြောလျှင် ဝစီဒုစရိုက် … တစ်မျိုးမျိုးသာ ဖြစ်ဖွယ်ရာရှိ၏။ ဝစီသုစရိုက် …ဖွယ် မရှိနိုင်ပါ။

…ခုမှ မပြုလုပ်၊ မပြောဆိုဘဲ နေခဲ့လျှင် မနော ဒုစရိုက်သုံးမျိုး တစ်မျိုးမျိုး ဖြစ်နေဖွယ်ရှိ၏။ မနော သုစရိုက်ဖြစ်ဖွယ် မရှိပါ။

ယခု ဤဝတ္ထု၌လည်း ဗာရာဏသီက ဆေးသမား၏ ဖြူစင်နေတဲ့ အိမ်ရှင် ဘဝင်စိတ် ကင်းသွားသည်နှင့် 'အေး‥ကောင်းပြီ၊ ဆေးဖိုးမရချင်နေ၊ မျက်စိကန်းသွားအောင်ပဲ လုပ်လိုက်တော့မယ်'လို့ ကြံစည်တဲ့ ဗျာပါဒ မနောဒုစရိုက်သည် ဦးစွာဖြစ်၏။

ထို့နောက် ကြံစည်တဲ့အတိုင်း မျက်လုံးပျက်စေနိုင်တဲ့ ဆေးကို ဖော်စပ်၏။ ကာယဒုစရိုက် ဖြစ်ပါသည်။ ဖော်စပ်ပြီးလျှင် ဆေးကောင်းဟု လိမ်ညာပြီး ပေး၏။ ဝစီဒုစရိုက် ဖြစ်ပါသည်။ မကောင်းမှုဒုစရိုက် စုံသွားပါသည်။ ထိုမကောင်းမှု ဒုစရိုက်ကို ပြုနေစဉ် အဘိဓမ္မာ သဘောအရ အဟုန်ဖြင့်ဖြစ်တဲ့ ဇောစိတ်ခုနစ်ကြိမ် စောပါသည်။

ထိုတွင် ပထမဇောစေတနာသည် ကံအထမြောက်အံ့၊ ဒိဋ္ဌဓမ္မဝေဒနီယကံ နာမည်ခံကာ ပြုတဲ့ဘဝမှာပင် ချက်ချင်းလက်ငင်း အကျိုးပေးပါသည်။ ဆေးသမားရဲ့ ပထမဇောစေတနာကား ကံအထမြောက်ခဲ့ဟန် မတူချေ။ ထိုဘဝ၌ ချက်ချင်းလက်ငင်း အကျိုးပေးခဲ့သည်ကို ဝတ္ထုကြောင်း၌ မတွေ့ရပေ။ သို့သော် ထိုကံကား လုံးဝပျောက် မသွားခဲ့။ သတ္တမဇော စေတနာက ဒုတိယမြောက် နောက်ဘဝသို့တိုင် လိုက်လာခဲ့၏။ အကယ်၍ အခါသင့်အခွင့်သာပါက ဒုတိယဘဝ၌ ဥပပဇ္ဇဝေဒနီယကံ အမည်ခံကာ အကျိုးပေးလိမ့်မည်။ သို့သော် ဝတ္ထုကြောင်းအရမူ ဒုတိယမြောက် နောက်ဘဝ၌လည်း ဗာရာဏသီက ဆေးသမား ဆိုးကျိုးဒုက္ခ မခံစားခဲ့ရပေ။

သတ္တမဇော စေတနာလည်း အဟောသိကံ ဖြစ်သွားခဲ့ပါသည်။ သို့သော် ထိုကံကား ပျောက်ပျက်သွားခြင်း မရှိချေ။ နွားခြေရာနောက်သို့ လှည်းဘီးတကောက်ကောက် လိုက်နေသကဲ့သို့ ဆေးသမားနောက်က တကောက်ကောက် လိုက်နေပေသည်။ အလယ်ဇောငါးချက် စေတနာသည် တတိယမြောက် ဘဝကနေ တောက်လျှောက် လိုက်လာနေပေသည်။ မီရာဘဝ၌ အကျိုးပေးမှာ သေချာ၏။

သို့သော် သံသရာဘဝပေါင်း များစွာတို့တွင် အရှင်စက္ခုပါလ ဖြစ်လာမည့် ဘဝကလွဲလို့ အကျိုးပေးခဲ့တဲ့


www.burmeseclassic.com

www.burmeseclassic.com

ဘဝရယ်လို့ မတွေ့မိ။ အဋ္ဌကထာ၌ မပါရှိချေ။ သို့သော် ဆေးသမားဘဝကပြုခဲ့တဲ့ ထိုကံသည်ကား ပျောက်မသွားပေ။ အမြဲတစေ သူ့နောက်ကလိုက်၍ နေပေသည်။ သို့သော် လိုက်၍မမီသေး။

အရှင်စက္ခုပါလ မထေရ်ရယ်လို့ ဖြစ်လာမည့် ဘဝ၌လည်း မဟာပါလ သူဌေးသားဖြစ်စဉ် လူ့ဘဝ၌ အကုသိုလ်ကံသည် အကျိုးပေးအားဖြင့် မထင်ရှား၊ လိုက်၍မမီသေးပေ။ လူ့ဘဝ ဘုရားတရားတော်ကို နာယူရပြီး သတိသံဝေဂဝင်လာ၍ ရဟန်းပြုလာခဲ့၏။ ရဟန်းဖြစ်သည့်တိုင်အောင် ထိုကံသည် အကျိုးပေးအားဖြင့် ချက်ချင်း လိုက်မမီသေးပေ။

ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား သင်ယူပြီး တရားအားထုတ်စဉ်မှာလည်း အကုသိုလ်ကံ အကျိုးပေးရန် လိုက်လို့မမီသေးပေ။ တကယ်အားထုတ်လို့ ကိလေသာကုန်ခန်းကာ ရဟန္တာဖြစ်လာတော့မှ အကုသိုလ်ကံ အကျိုးပေးရန် လိုက်မီလာပါသည်။ မမီလျှင် မဖြစ်တော့လို့ အမီလိုက်ကာ မပေးလျှင် မဖြစ်တော့လို့ မဖြစ်မနေ အကျိုးပေးလိုက်ခြင်း ဖြစ်ပါသည်။

မှန်၏။ ရဟန္တာဖြစ်လျှင် ကုလလာကုသလံ ဇဟာ= အကုသိုလ်ကို ပယ်စွန့်လိုက်ပြီ။ ဘဝရဲ့ အကြောင်းတရားကင်းပြတ်သွား၏။ အကြောင်း ကင်းပြတ်သွားခြင်းကြောင့် အကျိုးတရားဖြစ်တဲ့ ဘဝလည်း ကင်းပြတ်သွား၏။ ချုပ်ငြိမ်းသွား၏။

ထို့ကြောင့် ခီဏာ ဇာတိ=ဘဝပဋိသန္ဓေ ကုန်ခန်းတော့၏။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ=ဘဝသစ်၌ တစ်ဖန်ထပ်ဖြစ်ခြင်း မရှိတော့ချေ။ ဘဝဆိုတာ မရှိတော့လို့ ခန္ဓာလည်းပြတ်၊ သံသရာလည်း ရပ်မြဲ ရပ်တော့၏။ ထို့ကြောင့် အကုသိုလ်အကျိုးပေးဖို့ရာ နောက်ဘဝ မရှိတော့ချေ။

ကုသိုလ်၊ အကုသိုလ်ဟူသမျှ ပယ်စွန့်လို့ အကြောင်းကင်း အကျိုးရှင်းသွားသောကြောင့် နောက်ဆုံးဘဝဖြစ်တဲ့ ယခုဘဝမှာပင် အကုသိုလ်က အကျိုးထွက်ပေးခြင်း ဖြစ်ပါသည်။ ဆေးသမားဘဝကနေ တောက်လျှောက်လိုက်လာခဲ့တဲ့ အကုသိုလ်ကံက ယနေ့ အရှင်စက္ခုပါလမထေရ် ရဟန္တာဖြစ်တော့မှ အကျိုးပေး၏။ ဘဝပေါင်းများစွာ သံသရာတစ်လျှောက်လုံး တကောက်ကောက် လိုက်လာ



၏။ မမီမချင်း လိုက်နေပါသည်။ တော်ပြီကွာလို့ နော[illegible] ပြန်ဆုတ်သွားခြင်း မရှိချေ။ ဆေးသမားပြုခဲ့တဲ့ အ[illegible] သိုလ်ကံက ဆေးသမားကို ထားခဲ့ပြီး နောက်ပြန်လှ[illegible] သွားခြင်း မရှိသလို ဆေးသမားကလည်း ထိုကံကို ထ[illegible] ခဲ့ပြီး ဝေးရာသို့ ပြေးခွာသွား၍ မရချေ။

ပါပဆိုးညစ်၊ ကံအပြစ်ကား၊ မနစ်စဉ်စိုက်၊ တော[illegible] လိုက်သို့၊ ကိုယ်နှိုက်မကွာ၊ နောက်ထပ်ပါ၏၊ [illegible] ကောင်းခွင့်၊ မချီးမြှင့်ဘူး။ (မဃ-၂၄၃)

တောခွေးသည် အမဲကောင်ကို မမီမချင်း မမီနှင့်[illegible] နောက်ကနေ အမြဲတစေ လိုက်နေသကဲ့သို့ အကု[illegible] ကံဆိုးကံညစ်များသည်လည်း ပြုသူနောက်က အမြဲ[illegible] လိုက်နေ၏။

တောခွေးသည် အမဲကောင်အား လိုက်၍မီပါ[illegible] မီတဲ့နေရာမှာပင် ကိုက်သတ်သကဲ့သို့ အကုသိုလ်ကံ[illegible] လည်း ပြုသူအား လိုက်၍မီပြီဆိုလျှင် မီတဲ့ဘဝ၊ [illegible] ကာလမှာပင် အားရကျေနပ်သည်ထိ ဆိုးကျိုးဆိုး[illegible] ချည်း ပေးအပ်ပေသည်။

ရွှင်လန်းချမ်းမြေ့ကြပါ[illegible]
မောင်ဉာဏ်လင်း(တောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လောကကြီးမှာ လေးစားထိုက်သူများ၏ မြတ်သောမနော




သီလနဲ့ပညာကို ချိန်ခွင်လျှာလို ညီမျှအောင် ထားတတ်ရင် အဲဒီပုဂ္ဂိုလ်ဟာ လေးစားထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်လို့ မြတ်ဗုဒ္ဓ ဟောမိန့်ဖူးပါတယ်။ တကယ်ဆိုရင် ပညာဟာ အမှန်တရားကို မီးမောင်းထိုးပြတဲ့ အလင်းရောင်ဖြစ်သလို အမှန်တရားကိုလည်း ပညာအလင်းရောင် အောက်မှာပဲ တွေ့မြင်နိုင်တာမို့ပါ။ လောကမှာ အမြတ်ဆုံးဖြစ်တဲ့ သီလနဲ့ ပညာဟာ လက်နှစ်ဖက်လိုဖြစ်[illegible] တစ်ဖက်က စင်ကြယ်နေပါမှ တစ်ဖက်ကို ဆေးကြော[illegible] ခွင့်ရမယ်။ ဆိုလိုတာက သီလနဲ့ သုတ်သင်မှ ပညာ[illegible] အရောင် လင်းလက်နိုင်သလို ပညာနဲ့ သန့်စင်ပေးမှလည်း[illegible] သီလဟာ ဖြူစင်ပါလိမ့်မယ်။

လေးစားထိုက်တဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုက်တာနဲ့ အဲဒီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တာ သူပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာ၊ ဆွေဂုဏ်မျိုးဂုဏ်၊ ထူးအာဏာတွေနဲ့ တိုင်းတာခြင်းမျိုး မဟုတ်ဘူးဆိုတာ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

တစ်ခါက ဂေါတမဗုဒ္ဓဘုရားရှင်ဟာ နောက်ပါ ရဟန်းငါးရာနဲ့အတူ ဗိမ္ဗိသာရမင်းကြီးရဲ့ အင်ပါယာဖြစ်တဲ့ အင်္ဂတိုင်းကို ဒေသစာရီ ကြွချီတော်မူတယ်။ ဒီလိုနဲ့ စမ္ပာ ဆိုတဲ့ မြို့ကလေးကို ရောက်တဲ့အခါ သောဏဒဏ္ဍဆိုတဲ့ မြို့စားပုဏ္ဏားကြီးနဲ့ နောက်လိုက်နောက်ပါ လူပရိသတ် တွေက ခရီးဦးကြိုဆိုကြပါတယ်။

ရှေ့ဆုံးက ခရီးဦးကြိုပြုတဲ့ သောဏဒဏ္ဍပုဏ္ဏားကြီး ကို မြတ်ဗုဒ္ဓက-

'အသင်ပုဏ္ဏား‥ဘာများလျှောက်တင်စရာ ရှိလို့ပါ လဲ'

'ဒီလိုပါ အရှင်ဘုရား။ ဒီလူတွေက တပည့်တော်ကို မြတ်စွာဘုရားဆီ မသွားသင့်ဘူးလို့ပဲ ပြောနေကြပါတယ် ဘုရား'

ပုဏ္ဏားကြီးက သူနဲ့ပါလာတဲ့ အခြံအရံတွေကို ညွှန် ပြလျှောက်တင်လိုက်တဲ့အခါ-

'ဘယ်လိုအကြောင်းကြောင့်လဲ ပုဏ္ဏားကြီးရဲ့'

'အရှင်ဘုရား‥ တပည့်တော်က ရုပ်လည်း ချော တယ်။ ဗေဒင်သုံးပုံတတ်တယ်။ အမျိုးလည်းမြတ်တယ်။ သီလရှိတယ်။ ပညာလည်း တတ်ပါတယ်တဲ့။ ဒီလိုအရည် အချင်းရှိတဲ့ တပည့်တော်အနေနဲ့ ဂေါတမဗုဒ္ဓဆီ မသွား သင့်ဘူးလို့ ပြောကြပါတယ်။ ဂေါတမဗုဒ္ဓဆီ သွားရင် ကိုယ့်ဂုဏ်သိက္ခာကျမယ်၊ ဒီလိုအမျိုးဇာတ်ကို ခွဲခြားပြီး တော့ ဘုရားဆီ မသွားနဲ့လို့ ဝိုင်းတားကြတဲ့ကြားကနေ တပည့်တော် အရောက်လာခဲ့ခြင်းပါဘုရား'

ပုဏ္ဏားကြီး လျှောက်ထားအပြီးမှာ မြတ်ဗုဒ္ဓက-

'အသင်ပုဏ္ဏားကြီးပြောတဲ့ အချက်ငါးချက်ထဲက ပထမဆုံး ရုပ်ချောတယ်ဆိုတာကို ဖယ်ထုတ်ပြီး ကျန်တဲ့ အချက်လေးချက်နဲ့ ပြည့်စုံနေရင် လေးစားထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်သင့်ဘူးလား'

'မှန်ပါ။ လေးစားထိုက်ပါတယ် အရှင်ဘုရား'

'ဒါဖြင့် ဗေဒင်သုံးပုံကို ဖယ်ထုတ်လိုက်ရင်ရော'

'မှန်ပါ၊ လေးစားထိုက်ပါသေးတယ် အရှင်ဘုရား'

'နောက်တစ်ခါ အမျိုးမြတ်တယ် ဆိုတာကို ဖယ် ကြည့်ချင်သေးတယ်။ ဖြစ်တယ်မဟုတ်လား ပုဏ္ဏားကြီး'

အိန္ဒိယနိုင်ငံရဲ့ အမျိုးဇာတ်ခွဲခြားမှုက ကြီးထွားနေ လေတော့ သာမန်လူအဖို့ ဆတ်ဆတ်ထိ မခံနိုင်ကြတဲ့ အခြေအနေမှာ ရှိနေဆဲပါပဲ။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာလည်း သောဏဒဏ္ဍ ပုဏ္ဏားကြီးဟာ အဖြေတစ်ခုကို ရိုးရှင်းစွာ ဆွဲထုတ်ပြသနိုင်ခဲ့ပါတယ်။

'အရှင်ဘုရား‥အမျိုးဇာတ် မြတ်ပေမယ့်လည်း သူ များအသက် သတ်ဖြတ်လွန်ကျူးနေမယ်ဆိုရင် သားသတ် သမားဖြစ်နေမှာပါ အရှင်ဘုရား။ သူများဥစ္စာခိုး၊ သူတစ် ပါးသားမယား ဖျက်ဆီးမယ်ဆိုရင်လည်း အမျိုးမြတ်သူ၊ လေးစားထိုက်သူ မဖြစ်နိုင်တော့ပါ။ ဒါကြောင့် သီလနဲ့ ပညာသာ အရေးကြီးဆုံး ဖြစ်ပါတယ်ဘုရား'

'ပုဏ္ဏားကြီး‥ကျန်တဲ့နှစ်မျိုးထဲက တစ်မျိုးထပ်လျှော့ လို့ ရသေးလား'

'မလျှော့နိုင်တော့ပါ အရှင်ဘုရား။ သီလကြောင့် ပညာအရောင် ပိုပြီးထွန်းတောက်မှာ ဖြစ်သလို ပညာ ကြောင့်လည်း သီလဟာ ထာဝရဖြူစင်နေမှာ ဖြစ်ပါ တယ်။ ဒါကြောင့် သီလနဲ့ ပညာဟာ လောကမှာ အမြတ် ဆုံးလို့ သတ်မှတ်ပါတယ် အရှင်ဘုရား'

'ဟုတ်ပါတယ် ပုဏ္ဏားကြီး၊ ဒီအတိုင်း မှန်တယ်ဆို တာ ငါဘုရားလည်း ခံယူဟောကြားပါတယ်'

◆ ◆ ◆

ပါရမီရဲ့ အနက်အဓိပ္ပာယ်ကို မြင့်မြတ်သူတို့ရဲ့အလုပ်၊ မြင့်မြတ်သူတို့ရဲ့ဥစ္စာလို့ စာပေကဆိုတယ်။ ဒါကြောင့် လူ့ဘုံလောက လူသားတွေအနေနဲ့ လူအဖြစ်ရရှိမှုကို မြင့် အောင်မြတ်အောင် ကြိုးစားအားထုတ်ဖို့လိုပါတယ်။ တချို့ က မိမိကိုယ်မိမိ မြင့်တယ်သတ်မှတ်ပြီး မမြတ်တဲ့ကိစ္စ တွေ ဆောင်ရွက်မှုပြုလုပ်နေကြတာရှိသလို မိမိကိုယ်မိမိ မြင့်တယ်လို့ မသတ်မှတ်ပေမယ့် မြတ်တဲ့အလုပ် လုပ်ပြီး အမြတ်ယူနေကြသူတွေလည်း ရှိပါတယ်။ လောကီဥစ္စာ၊ အခွင့်အာဏာ တစ်ခုခုရလိုမှုနဲ့ ဆောင်ရွက်တာမှန်သမျှ မြင့်မြတ်မှု မဖြစ်နိုင်ကြောင်း နှလုံးသွင်းထားသူတွေပါ။

လူအဖြစ် ရရှိရှင်သန်ခွင့်ကာလမှာ စိတ်နှလုံးဖြူစင် စွာ ပြုမူဆောင်ရွက်ခြင်းဟာ သာသနာတရားရဲ့ အဓိက သော့ချက်ဖြစ်လို့ ဘဝများစွာ သံသရာက ပေကျံစွန်းထင်း လာခဲ့တဲ့ လောဘ၊ ဒေါသ စိတ်အညစ်အကြေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဒါနနဲ့ ဆေးကြော၊ သီလနဲ့ တိုက်ချွတ်၊ ဘာဝနာနဲ့ သုတ်သင်စင်ကြယ်စေပါမှ မြတ်သောမနောပိုင်ရှင်အဖြစ် ခံယူနိုင်မှာပါ။ မြတ်တယ်ဆိုတာက မျက်စိနဲ့ တပ်အပ်မမြင်ရတဲ့ အတွင်းအဇ္ဈတ္တသဘောနဲ့ သက်ဆိုင်တာဆိုတော့ စိတ်ကောင်း နှလုံးကောင်း ဖြူစင်ပြည့်စုံသူသာ မြတ်တဲ့ ဂုဏ်ပုဒ်နဲ့ ကိုက်ညီလိုက်ဖက်ပါတယ်။

အပြင်ဗဟိဒ္ဓအမြင်နဲ့ စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာရှိရင် မြင့်တယ် ဆိုတာမျိုးက အပေါ်ယံ သာမန်သတ်မှတ်ချက်ဖြစ်ပြီး မိမိကိုယ်မိမိ မြင့်တယ် ယူဆတိုင်းလည်း မြတ်တယ်လို့ တရားသေ မပြောနိုင်ပါဘူး။ မိမိကိုယ်တိုင် နိစ္စဓူဝ လူမှုဗေဒကိစ္စတွေထဲမှာ ကောင်းသောဖြစ်စဉ် အမှုကိစ္စတချို့ အခွင့်အရေးရယူ ဆောင်ရွက်ခဲ့ပါသလား။ ဒါမှမဟုတ် ဘယ်ရွေ့ဘယ်မျှ လုပ်ဆောင်ခွင့်ရခဲ့ပြီလဲ။ လုပ်ဆောင်ပြီးပြီလဲ။ မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်နိုင်ပါတယ်။

မိမိစိတ်အစဉ်ကို ဖြူစင်သန့်ရှင်းစေတတ်တဲ့ ပုည၊ မြန်မာလို ကောင်းမှု၊ ကောင်းသောအမှုကိစ္စသည်သာ လေးစားထိုက်သော လူအဖြစ်ရရှိမှု အဆင့်အတန်းကို ဖော်ပြနေမှာ ဖြစ်ပါတယ်။

လူ့ဘဝကို ရရှိခြင်းဟာ မြင့်မြတ်တဲ့ သဘာဝရှိတဲ့ လူသတ္တဝါအနေနဲ့ မြင့်မြတ်တဲ့ သဘာဝကို ပိုပြီးတော့ အားကောင်းဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ဖို့လိုအပ်တာ အမှ ပါပဲ။ လူရဲ့မြင့်မြတ်မှုကို အကောင်အထည်မဖော်ဘူးဆိုရ အဲဒီလူဟာ အသိဉာဏ်ပညာ ပြည့်စုံသူ မဖြစ်နိုင်ပါဘူး။ လောဘ၊ ဒေါသ၊ မာနစိတ်တွေ လွှမ်းကဲလွှမ်းတာဟာ စိတ် ရောဂါတစ်မျိုးဖြစ်ပြီး အဲဒီအကုသိုလ်စိတ်တွေ နည်းနိုင် သမျှနည်းပါးအောင် အားထုတ်ခြင်းကသာ လူသားတိုင်း အတွက် အဆင့်မြင့်တဲ့ ကျင့်စဉ်တစ်ရပ်လို့ ဆိုပါတယ်။

မဂ္ဂင်ရှစ်ပါးပါဝင်တဲ့ ကျင့်စဉ်ရှိသော သဘောတရား သာ အစစ်အမှန်ဖြစ်ကြောင်း၊ မြတ်ဗုဒ္ဓ ဟောမိန့်ထားပါ တယ်။ စစ်မှန်တဲ့ ဘာသာတရားရဲ့ အသက်ဟာ မေတ္တာ ကရုဏာ၊ ပညာ ဖြစ်ခြင်းကြောင့် ပညာနဲ့ အကဲခတ် အဆုံးဖြတ်ခံနိုင်ရပါမယ်။ ဘာသာတရားတစ်ရပ်ဟာ ယုံ ကြည်မှုသဒ္ဓါနဲ့ အစပျိုးပြီး သံသရာတစ်လျှောက်လုံး မေတ္တာ၊ ကရုဏာနဲ့ ခရီးဆက်ပါတယ်။ ခရီးစဉ်အတွက် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အဖြူအမည်း သ ကွဲစွာ ပိုင်းခြားထင်ထင် သိမြင်နိုင်တာကတော့ ပညာပါ ဘဝဖြောင့်ကြောင်းလို့ ရှေးရှုဦးတည်လိုက်တာနဲ့ ပညာ ဟာ လမ်းပြဖြစ်လာပါတယ်။ အဲဒီပညာနဲ့ပဲ လမ်းဆုံး စေမှာ ဖြစ်ပါတယ်။ ပညာဆိုတဲ့ သက်လုံကောင်းတစ် ရရှိလိုက်တာနဲ့ မှန်ကန်တဲ့ အယူအဆ၊ အတွေးအမြင် မှန်ကန်တဲ့ တွေးခေါ်ကြံစည်သုံးသပ်မှု၊ မှန်ကန်တဲ့ အပြော အဆို၊ မှန်ကန်တဲ့ အလုပ်အကိုင်ဆောင်ရွက်မှု၊ မှန်ကန် အသက်မွေးမှု၊ မှန်ကန်တဲ့ ကြောင့်ကြစိုက်မှု၊ မှန်ကန် သတိရမှု၊ မှန်ကန်တဲ့ သမာဓိရရှိမှု မဂ္ဂင်ရှစ်ပါးဟာ ဘဝ ကို အဓိပ္ပာယ်ပြည့်ဝစွာ အခိုင်အခံ့ တည်ဆောက်ပေးနိုင် ရုံမက နိဗ္ဗာန်တိုင်အောင်ပင် ခရီးပေါက်မြောက်စေ ဖြစ်ပါတယ်။

ကိုယ်ကျင့်တရားဟာ အလှတရားနောက်က ကပ် လိုက်တယ် ဆိုတဲ့စကားလို Without honesty the is no real growth. ရိုးသားမှုမရှိဘဲ အသိဉာဏ်နဲ့ စိတ် ဓာတ်ကြီးပွားမှုဆိုတာ မရှိဘူး။

**ထက်ဘုန်း**

**အကိုးအကား**

* သီလက္ခန္ဓဝဂ္ဂသောဏဒဏ္ဍသုတ်၊ မြတ်မေတ္တာ ဓမ္မသုတရသမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ (၂၀၁၃)။

www.burmeseclassic.com


www.burmeseclassic.com

လောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရား လက်ထက်တော်အခါ ကောသမ္ဗီပြည့်ရှင် ဘုရင်မင်းတရားကြီးသည် ဝေသာမိတ္တာအမည်ရှိပါသော မိဖုရားကြီးကို အဂ္ဂမဟေသီဒေဝီထွတ်အုပ် မိဖုရားခေါင်ချုပ်အရာ ထားရှိတော်မူပါတယ်။

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သံဃာအပေါင်းခြံရံလျက် ကောသမ္ဗီပြည်ကြီးသို့ ဒေသစာရီခရီး ကြွချီတော်မူပါတယ်။ ကောသမ္ဗီဘုရင်မင်းမြတ်နှင့် ဝေသာမိတ္တာမိဖုရား အမှူးရှိကုန်သော များစွာသော တိုင်းသူပြည်သားအပေါင်းတို့သည်လည်း

## ကိုကြော်သိန်းဝင်း

### မင်းဖြား၊ ဆိုဖြား ကောင်းလှစွာချမ်းသာခဲ့ရသော ဝေသာမိတ္တာ မိဖုရားကြီး






www.burmeseclassic.com

www.burmeseclassic.com

ဝန်းနှံ့သော စသည်တို့ကို ကိုင်စွဲလျက် ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်လျှုဒါန်းလျက် တရားတော်ကို နာကြားကြပါတယ်။

ဗုဒ္ဓရှင်တော်မြတ်သည်လည်း တရားအစဉ်အားလျော်စွာ အနုအရင့်ထောက်ချင့်လျက် အောက်အဆင့်ဖြစ်သော တရားတော်ကို ဟောကြားတော်မူပါတယ်။ ထိုသောအခါ မင်း၊ မိဖုရားနှင့် တိုင်းသားပြည်သူတို့သည် ရတနာသုံးပါး၌ ယုံကြည်သက်ဝင်သော သရဏဂုံတည် ဥပါသကာ၊ ဥပါသိကာမတို့ ဖြစ်ကုန်ကြပါတော့တယ်။

**နှစ်ပါးဘုရင် စစ်ပြိုင်ယှဉ်**

မကြာမတင်သောကာလ ပစ္စန္တရာဇ်မင်းတစ်ပါးသည် ကောသမ္ဗီပြည်ကြီးကို တိုက်ခိုက်ဖျက်ဆီးရန်အလို့ငှာ မြို့ပြင်တစ်နေရာတွင် သစ်ခက်တဲနန်းတည်၍ ပြင်းလှသော အာဏာသံနှင့် တမန်စေလွှတ်ပါတယ်။

'ကောသမ္ဗီမင်း·· သင်၏ တိုင်းပြည်ကို အသာတကြည် ပေးမည်လော။ သို့တည်းမဟုတ် အရှုံးအနိုင် စစ်ပြိုင်မည်လော'

ပစ္စန္တရာဇ်မင်း၏ ရာဇသံရောက်လာလျှင် ကောသမ္ဗီမင်းမြတ်ကလည်း အရှုံးအနိုင် စစ်ရေးပြိုင်မည်ဟု ရာဇသံ တစ်ဖန်ပြန်ကြားလိုက်ပါတယ်။

ရာဇသံပြန်ကြားလိုက်ပြီးနောက် စဉ်းစားဆင်ခြင်သည်မှာ စစ်ရေးစစ်ရာသည် စောစောက တင်ကြို၍ အရှုံးအနိုင်ကို အဆုံးကိုင် မသိနိုင်ချေ။ အကယ်၍ ရှုံးပါချေက မဟေသီထွတ်ထား ဝေသာမိတ္တာ မိဖုရားသည် ဝေးခြားနိုင်ငံ ထွက်ပြေးနိုင်ရန် စီမံပိုင်းခြား အလုံးစုံမှာထားပြီးမှ စစ်ပြင်ဆင်၍ မြို့ပြင်သို့ ထွက်တော်မူချေမည်ဟု ဆင်ခြင်လျက် မိဖုရားစံမြန်းရာဆီသို့ ဝင်တော်မူလျက် ညှိုးခြောက်ဖျော့ပါ မရွှင်သော ရွှေမျက်နှာတော်ဖြင့် မိန့်တော်မူသည်မှာ-

'အိုး··အသက်တမျှ မြတ်နိုးလှသည့် နန်းမတောင်ညာမယ်ဝေသာ၊ ငါအရှင်မင်းမြတ်သည် စစ်ပြင်၍ စစ်ဆင်ထွက်ရတော့မည်။ စစ်မြေပြင်၌ အကယ်၍ ရှုံးအံ့သော အရိပ် နိမိတ်ထင်ခဲ့ပါအံ့ အလံနီကြီးကိုထူ၍ ပြလိုက်ပါမည်။ ထိုအလံနီကို မြင်ရလျှင် ငါ၏ အရှင်သခင် ဘုရင်မင်းမြတ်သည် ကံတော်ညှိုးလျှ စစ်ပွဲကျ၍ ဘဝပျက်ပြုန်း အသက်ဆုံးပေါ့ဟု စိတ်၌မှတ်သား၍ တိုင်းတစ်ပါးသို့ လျှင်မြန်စွာ ပြေးပါလေဟု မှာကြားပြီးနောက် ဆင်၊ မြင်း ရထား၊ ခြေကျင်တပ်အားဖြင့် လေးရပ်သော စစ်တပ် ခင်းကာ မြို့တွင်းမှ မြို့ပြင်သို့ ထွက်ခွာသွားတော်မူ တယ်။

ဝေသာမိတ္တာ မိဖုရားကြီးသည်လည်း ကျေးဇူးတော် ရှင် ဘုရင်မင်းမြတ် ထွက်ခွာသွားတော်မူလေလျှင် န တော်အထက်ဆင့်သို့တက်၍ လေသာနန်းတံခါးကိုဖွင့် စစ်မြေပြင်ကို ကြည့်ရှုတော်မူလျက်-

မမဘတ္တာ ဇယော ဟောတု၊ မမဘတ္တာ ဇယေ ဟောတု-ငါ့ရှင်သခင် ဘုရင်မင်းမြတ်သည် စစ်ပွဲအော မြင်ပါစေသား။

စသည်ဖြင့် ကရားရေလွှတ် တစွတ်စွတ် ရွတ်ဆို တောင်းဆုပြုနေစဉ် ကောသမ္ဗီမင်း၏ စစ်သည်တပ်သ တို့မှာ အထိအခိုက်များပြား၍ ဆုံးရှုံးအံ့သော အရိပ်နိမိ ထင်သဖြင့် မှာတော်မူထားခဲ့သည့်အတိုင်း မိဖုရားမြင် စေရန် အလံနီကြီးကို ထောင်ပြလိုက်ပါတော့တယ်။

**ရန်သူ့လက်တွင်း သက်ဆင်းခဲ့ရ**

ဝေသာမိတ္တာမိဖုရားကြီးသည် မိမိအရှင်သခင် ဘု မင်းမြတ် စစ်ပွဲကျကြောင်း သိရသည်နှင့်တစ်ပြိုင် နန်းတော်အထက်ဆင့်မှ ဆင်းသက်၍ မြို့ပြင်သို့ ထွက် တိမ်းရှောင်ခဲ့ရာ ရန်သူမင်း စစ်သည်တပ်သားတို့က တွေ့ ၍ ဝေသာမိတ္တာ မိဖုရားကြီးဟုပင် သိရှိကြသဖြင့် ဆီးကာ မိမိတို့ဘုရင်ထံ ပို့သွင်းဆက်သကြပါတယ်။

ရန်သူဖြစ်သော ပစ္စန္တရာဇ်မင်းသည် ဝေသာမိ မိဖုရားကြီး၏ အဆင်းသဏ္ဍာန်ကို မြင်တွေ့ရလျှင် ချစ် တပ်မက်သောစိတ် ရှိသည်ဖြစ်၍ မိန့်တော်မူသည်မှာ-

'အို··မိဖုရားကြီး၊ သင်၏အရှင်သခင် ဘုရင် မြတ် နတ်ရွာစံပါသော်ငြားလည်း ပူပန်ကြောင့်ကြဖွယ် စေရပါ။ သင်၏ အရှင်သခင်ရင်း ကောသမ္ဗီမင်းကဲ့သို့ သင့်အား အဂ္ဂမဟေသီဟု ရွှေစည်တော်ယွန်း ဘိသိ သွန်းခြင်းကို ပြုပါမည်။ ဘာတစ်ခုမျှ ရွှေစိတ်တော် ငယ်တော်မမူပါနှင့်' ဟု မိန့်တော်မူပါတယ်။

ဝေသာမိတ္တာ မိဖုရားကြီးသည် စိတ်ထားမရွှင် မချမ်းသာ နေထိသောပန်းကဲ့သို့ ညှိုးနွမ်းရှာသော ဖြင့်-

'အရှင်မင်းမြတ်··အကျွန်ုပ်၏စကားကို ရွှေနား

www.burmeseclassic.com

…ာ်မူပါ။ အလုံးစုံသော စည်းစိမ်ချမ်းသာပေးတတ်သော …ရှင်သခင်သည် ဘုရင်မင်းမြတ်၏ လက်နက်ဖြင့် အသက် …ရပါပြီ။ အကျွန်ုပ်အား အဂ္ဂမဟေသီ ဒေဝီထွတ်ထား …ရားအရာထား၍ စံတော်မူပြီးလျှင် အသက်တမျှ ယုယ …ာ်တွေး ကျွေးမွေးပြုစုတော်မူခဲ့သည့် ကျေးဇူးသခင် …ရှင်ထွတ်ထား နတ်ရွာစံမင်းတရားကြီးကို လွမ်းဆွတ် …ာက်မေ့သည်ဖြစ်၍ အကျွန်ုပ်၏ စိတ်နှလုံးသည် …ာကတည်းဟူသော မီးကြီးဖြင့် ညီးညီးပြောင်ပြောင် …ာက်လောင်နေပါသည်ဘုရား' ဟု သနားစဖွယ် အား …ယ်စွာ လျှောက်တင်ပါတယ်။

ထို့နောက်တစ်ဖန်-

'အို··အရှင်မင်းမြတ်၊ အကျွန်ုပ်၏ ကျေးဇူးသခင် …ာ်ရွာစံ မင်းကြီးမှတစ်ပါး အခြားသော မင်းတရား၏ …ဒေဝီမဟေသီအရာထား မိဖုရားပင် ဖြစ်ရပါသော် …ည်း အရှင်မင်းမြတ်၏ဘိသိက် တစ်ဆိတ်ကလေးမျှ …ာ်သက်နိုင်ကြောင်းပါဘုရား' ဟု ရှိခိုးသံတော်ဦးတင် …ာတယ်။

ပြီးနောက်တစ်ခါ ထပ်မံ၍-

'အရှင်မင်းမြတ်··လင်နှင့်ကွဲ၍ သောကမီးကြီး ညီး …ပြောင်ပြောင် တောက်လောင်နေသော အကျွန်ုပ်သည် …ာ်ထစ် သောကတရား ပွားများအောင် အဘယ်မှာ …ါမည်နည်း။ ပမာအားဖြင့် အလျှံပြောင်ပြောင် တောက် …ာင်နေသော မီးပုံကြီးထဲသို့ လောင်စာကောက်ရိုးကို …ည့်ဝံ့သကဲ့သို့ အကျွန်ုပ်မှာလည်း ချစ်လင်ဘုရင်နှင့် …ာခြင်းကြောင့်ဖြစ်သော သောကဒုက္ခမီးပုံကြီးထဲသို့ …ာ်ထပ်ဖြစ်သောသောက ဘယ်မှာထည့်ဝံ့ပါမည်လဲ …ား' ဟု လျှောက်ထားသံတော်ဦးတင်ပါတယ်။

တစ်ဆက်တည်းပင် ထပ်မံ၍ သံတော်ဦးတင်ပြန် …-

'အရှင်မင်းမြတ်··အကျွန်ုပ်၏ ကျေးဇူးတော်အရှင် …မင်းမြတ်ကြီးကိုသာ မျက်စိထဲမှာ တရေးရေးမြင် … အစဉ်မပြတ် အောက်မေ့လွမ်းနာကျသော အကျွန်ုပ် … တွေးမိတိုင်း ဝမ်းနည်း၍ ဆင်းရဲခြင်း ကြီးလှပါ …သည်။ သို့ကြောင့် အရှင်မင်းကြီး၏ တစ်ပင်လဲမှ …ာ်ဆိုတဲ့ မိဖုရားဘိသိက်ကို တစ်ဆိတ်စာမျှ အလို …ါ။ အကျွန်ုပ်အား သနားငဲ့ညှာ ခွင့်လွှတ်တော်မူပါ' ဟု သနားစဖွယ် မျက်နှာငယ်နှင့် ငိုကြွေးကာ သံတော်ဦးတင်ပါတယ်။

ဝေသာမိတ္တာ မိဖုရား၏ သဘောမတူ မကြည်ဖြူနိုင်သော လျှောက်တင်ချက်ကိုကြားလျှင် ရန်သူပစ္စန္တရာဇ်မင်းသည် ဒေါသအမျက် ခြောင်းခြောင်းထွက်၍-

'မင်းချင်းယောကျ်ား အာဏာသားမောင်မင်းတို့ ဤဝေသာမိတ္တာ မိဖုရားကို ငါ၏စကား မလိုက်နာဘဲ အခါခါ ငြင်းဆန်သော အာဏာဖီဆန်တဲ့ပြစ်ဒဏ်ကြောင့် ကြီးစွာသောမီးပုံထဲ ပစ်ချလေကုန်' ဟု တစ်ချက်လွှတ် အမိန့်ကို ပေးလိုက်ပါတယ်။

ဝေသာမိတ္တာ မိဖုရားသည်-

'အို··အရှင်မင်းမြတ်၊ ရှေးမင်းကောင်းမင်းမြတ်တို့သည်-

(၁) မြတ်သောပုဂ္ဂိုလ်ဖြစ်သော ရဟန်းပုဏ္ဏား၊
(၂) မိဘနှစ်ပါး၊
(၃) ကလေးသူငယ် လူမမည်များ၊
(၄) မကျန်းမာသူ၊
(၅) မိန်းမများ

ဤငါးဦးအဖို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်းကို မပြုကြပါ။ ဘေးမဲ့သာ ပေးထားရပါသည်။ သို့အတွက်ကြောင့် အရှင်မင်းမြတ်သည် အရှင်သခင်နှင့် သေကွဲ၊ကွဲ၍ ဆင်းရဲခြင်းကြီးစွာ ဖြစ်နေရပါသော အကျွန်ုပ်အား မသတ်ဖြတ်ထိုက်ပါ။ သတ်တော်မမူပါလင့်။ အသက်ဘေးမှ ခွင့်ပေးတော်မူပါဘုရား' ဟု ညွတ်တွားရိုကျိုး၍ ရှိခိုးသံတော်ဦးတင်ပါတယ်။

ရန်သူပစ္စန္တရာဇ်မင်းသည် ဝေသာမိတ္တာ မိဖုရား၏ တောင်းပန်ရေးကို အခွင့်မပေးဘဲ တစ်ချက်လွှတ်အမိန့်ကို အတည်ပြုသဖြင့် လက်မရွံ့အာဏာသားတို့သည်လည်း ဘုရင့်အမိန့်တော်အတိုင်း ထင်းများကိုစုဆောင်း၍ အလျှံပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကို ဖိုကြပါတော့တယ်။

**ဝေသာမိတ္တာမိဖုရား ဘုရားဂုဏ်ပွား အားထားယုံကြည်ပုံ**

ဝေသာမိတ္တာ မိဖုရားသည် အရှင်သခင် နတ်ရွာစံ၍ အားကိုးရာမဲ့လျက် သောကပရိဒေဝတရား ပွားများ တောက်လောင်နေရသည့်အထဲမှာ ယခုလိုတစ်ဖန် အသက်၏ရန် ပေါ်လာပြန်သဖြင့် အားကိုးအားထားရန် ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်ရှိသော်-

ဩော်..ယခုအခါ ဘုရား၊ တရား၊ သံဃာမှတစ်ပါး အားထားကိုးကွယ်ရာ မရှိပါတော့တကား။ ရတနာသုံးပါး သည်သာလျှင် ငါ၏အားထားကိုးကွယ်ရာပါတည်းဟူ၍ အာရုံပြုပြီးလျှင်-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု သရဏဂုံကို ထပ်မံဆောက်တည်ကာ ဗုဒ္ဓေါ..ဗုဒ္ဓေါ..ဗုဒ္ဓေါ စသည်ဖြင့်လည်းကောင်း၊ အရဟံ.. အရဟံ..အရဟံ စသည်ဖြင့်လည်းကောင်း ဘုရားဂုဏ် တော်များကို ပွားများအားထားနေပါတော့တယ်။

<u>မီးပုံထဲပစ်ချ တန်ခိုးပြ</u>

မင်းချင်းယောကျ်ား အာဏာသားတို့သည် သနားညှာ တာခြင်း ကင်းမဲ့စွာ ဝေသာမိတ္တာ မိဖုရားကြီး၏ လက်နှစ် ဖက်ကို အတင်းဆွဲကိုင်ကြကုန်လျက် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးသို့ ရှေးရှုယူဆောင်၍ လာကြပါတယ်။

ထိုအခါ ဝေသာမိတ္တာ မိဖုရားကြီးက အောက်မေ့ သည်မှာ-

'ယခုအခါ ငါ့မှာ ဤမင်းဘေး၊ မီးဘေးမှ ကင်းဝေး ရန် အားထားစရာ မရှိပါပေ။ ဘုရားသည်သာ အားထား ရာရှိတော့သည်'

ဟု ရှေးကထက် တိုး၍-

'အရဟံ..အရဟံ..အရဟံ'

စသည်ဖြင့် အားထားပွားများနေစဉ်၌ပင် မီးပုံကြီး အတွင်းသို့ ထည့်သွင်းပစ်ချခံရပါတော့တယ်။

ထိုသို့ အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးအတွင်းသို့ ထည့်သွင်းပစ်ချလိုက်သော်ငြားလည်း ဘုရားဂုဏ်ကို ယုံကြည်လေးစား ပွားများအပ်သော တန် ခိုးသတ္တိ စွမ်းပကားကြောင့် အလျှံပြောင်ပြောင် တောက် လောင်နေသော မီးပုံကြီးသည် ပဒုမ္မာကြာတိုက်ခန်းကဲ့သို့ အေးချမ်းသာယာလျက် ကိုယ်မှာလည်း မွေးညင်းတစ် ပင်မျှ မီးမလောင် မကျွမ်းဘဲ ထူးဆန်းအံ့ဩဖွယ်ကို မြင်ရသောအခါ ပစ္စန္တရာဇ်မင်းကြီးနှင့်တကွ ကြည့်နေသူ လူအပေါင်းတို့သည် အလွန်အံ့အားသင့်လျက် ထိတ်လန့် ကြောက်ရွံ့ကြသဖြင့် ဝေသာမိတ္တာမိဖုရားကြီးကို မီးဖို အတွင်းမှ ထုတ်ဆောင်၍ မင်းကြီးက မေးမြန်းသည်မှာ-

'အို..မိဖုရားကြီး၊ အံ့ဖွယ်သူရဲ ရှိပေစွတကား။ သ
အား အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြ
အတွင်း ထည့်သွင်းပစ်ချပါလျက်ကယ်နှင့် မွေးညင်းတ
ပင်မျှ မီးမလောင်ကျွမ်းဘဲ အေးချမ်းစွာ နေထိုင်ခြင်းသ
အသင်မိဖုရားကြီး၌ မန္တန်ဆေးဝါးများ ရှိနေလေသလာ
သို့တည်းမဟုတ် တန်ခိုးကြီးသော နတ်များက သင့်အ
ထင်ရှားမ,စလေရော့သလား ငါ့အား မိန့်ကြားပါလေ'
မိန့်တော်မူပါတယ်။

'အို... အရှင်မင်းမြတ်၊ သတ္တဝါအပေါင်းတို့အ
ကြောက်ရွံ့ထိတ်လန့်ဖွယ် အသွယ်သွယ်သော မီးဘေ
မင်းဘေး စသော ဘေးအတန်တန် ရန်အသွယ်သွယ်တို့
တွေ့ကြုံသောအခါ ဘုရား၊ တရား၊ သံဃာတည်းဟူသေ
ရတနာသုံးပါးမှတစ်ပါး ကိုးကွယ်ရာမရှိချေ။ မိဘဆေ
ဖား၊ ဆွေသားမျိုးဆွေ၊ အခြွေအရံ၊ မန္တန်ဆေးဝါး၊ တန်
ကြီးသောနတ်များသည် တကယ့်အရေး တကယ့်ဘေး
တားမြစ်စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်ကြပါကုန်။ ရတ
သုံးပါးသည်သာလျှင် စောင့်ရှောက်တားမြစ်နိုင်ကြ
တယ်။ အကျွန်ုပ်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို မှီခို
ထား မှီဝဲဆည်းကပ်ပါသောကြောင့် မီးခတ်မလော



www.burmeseclassic.com

www.burmeseclassic.com

…သော ချမ်းသာခွင့်ကို ရရှိခဲ့ပါတယ်'ဟု လျှောက်တင်…ကြားပါတယ်။

တရားကပ်သဖြင့် ပါးနပ်သော မိဖုရားကြီးသည် …ရာဇ်မင်းတရားအား စဉ်းစားဆင်ခြင် ဗုဒ္ဓဘာသာဝင်…လာစေရန်အတွက်-

'အရှင်မင်းကြီး··အကျွန်ုပ်ကဲ့သို့ ဘေးရန်ကင်းကွာ…ကတွင်လည်း ချမ်းသာ၊ သံသရာတွင်လည်း ချမ်း…အောင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဘုရားကိုးကွယ်ပါ၊ …ရားကိုးကွယ်ပါ၊ သံဃာကိုးကွယ်တော်မူပါ'ဟု နည်း…အသွယ်သွယ် ဥပမာဥပမေယျအဖုံဖုံ ခြံငုံပြောကြား…လျှောက်ထားတိုက်တွန်းပါတော့တယ်။

…သူဘုရင် ဗုဒ္ဓဘာသာဝင်သို့

ဝေသာမိတ္တာမိဖုရားကြီး နှိုးဆော်တိုက်တွန်းအပ်သော …ရားစကားကို ကြားရသော ပစ္စန္တရာဇ်မင်းသည် ထိတ်…သံဝေဂဖြစ်၍ ရတနာသုံးပါးကို သက်ဝင်ယုံကြည် …ဆည်းကပ်၍ ဥပါသကာဖြစ်ပါတော့တယ်။

ထို့နောက် မိမိပြစ်မှားမိသော အပြစ်များကို ရှိခိုး ကန်တော့ပြီးမှ-

'အရှင်မိဖုရားကြီး··ယနေ့မှစ၍ ကျွန်ုပ်၏ မယ်တော် အရာ၌တည်၍ တရားသဖြင့် ဆုံးမတော်မူပါ'ဟု တောင်း ပန်ပြီးလျှင် ချမ်းသာစွာဖြင့် ဘုရင့်မယ်တော်အရာ၌ ထား ရှိတော်မူပါတော့တယ်။

ဝေသာမိတ္တာမိဖုရားကြီးသည် မိမိကိုယ်တိုင် ဘုရား ဂုဏ်တော်များကို နေ့စဉ်ပွားများလျက် ဒါန၊ သီလ၊ ဘာဝ နာ စသော ကုသိုလ်ကောင်းမှုတရားတို့ကို ပွားများအား ထုတ်ခြင်း၊ မင်းနှင့်တကွ တိုင်းသူပြည်သား လူအများတို့ အားလည်း တရားသဖြင့် ဆုံးမသြဝါဒပေး၍ ချမ်းသာစွာ နေတော်မူပါတော့တယ်။

**ကိုမောင်သန်းဝင်း**

**ကျမ်းကိုး**

* မဏိရတနာပဏ္ဍိတ၏ ဝေသာမိတ္တာ မိဖုရားကြီး၊ သာသနာ့အလင်း စာစောင်(၁၂)၊ (၁၉၃၀)ပြည့်နှစ်ထုတ်။


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၂၆၀၇၉၆ ၊ ၀၉ ၃၂၂၂၇၇၈၇




www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေမြသန်း(သမိုင်း)
## မြတ်စွာဘုရားရှင်နှင့် ဘီလူးတို့၏ ရာဇဝင်

ရွှေတိဂုံဘုရားတောင်ဘက်မုခ်တွင် ရှိသော ခြင်္သေ့ကြီးများ၏နောက်ကွယ် တစ်ဖက်တစ်ချက်တွင် ထိုင်နေသော ဘီလူးရုပ်ကြီးနှစ်ရုပ် ရှိလေသည်။ ယက္ခနောင်တော်၊ ယက္ခညီတော်တို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဘီလူးရုပ်ကြီးများကို (၁၈၄၁)ခုနှစ်တွင် ရွှေဘိုင်းခေါ် သာယာဝတီမင်း ရန်ကုန်သို့ ကြွရောက်စဉ်က ခံဝတွင် ထားရှိရန် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

မြောက်ဘက်စောင်းတန်းထိပ်ရှိ ရင်ပြင်တံတိုင်းဘေးတွင် ယက္ခမယ်တော်ကြီးအမည်ရှိ ဘီလူးရုပ်ကြီး တစ်ရုပ်သည်း ရှိသေးသည်။ ယက္ခမယ်တော်ကြီးအား ဘုရင်မကြီး ရှင်စောပု တည်ထားခဲ့ခြင်းဖြစ်သည်။ ရှင်စောပုဆုတောင်းပြည့်စေတီကိုလည်း ဆရာတော် ဗားထီး၊ ဗားမဲ့၊ ဗားတမော့၊ ဗားမြိုက် စသော ဗားလေးဗားဆရာတော်များကို ရည်စူးပြီး တည်ခဲ့ခြင်းဖြစ်သည်။ ယခင်က စံကားမင်း၊ စံကားဝါ၊ စံကားပင်ကြီး လေးပင်နှင့် ခရေပင်ကြီးများ ရှိခဲ့သည်။ စေတီတော် ခေါင်းလောင်းမှောက်ပတ်ပတ်လည်တွင် နောင်တော်လတ်စေတီတော်ကဲ့သို့ ဘီလူးရုပ်များ အရပ်မျက်နှာအလိုက် ရှစ်ရုပ် လက်ရုံးနှစ်ဖက်ကွေးလျက် ရှိသည်။ ယက္ခစည်း၊ ကုမ္ဘဏ်စည်း ဖြစ်၍ အလွန်ပင် ဆုတောင်းပြည့်ပါသည်။

ဘုရားစေတီများ၌ ခေါင်းလောင်းပုံအထက်နားတွင် ဘီလူးပါးစပ် တစ်ဖက်တစ်ချက်မှ ပုလဲလုံးများ အစီအရီ ချိန်း၍ထွက်လာပုံ၊ ခြူးပန်းခြူးနွယ်များ တွဲရရွဲကျလာပုံ ထုလုပ်ထုလုပ်ထားသော အမွမ်းအပြောက် အဆင်တန်ဆာ ဘီလူးပန်းဆွဲများ ဖြစ်ကြသည်။ မြန်မာပြည်တွင်သာ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ယိုးဒယား၊ အိန္ဒိယရှိ သနိကအဆောက်အအုံများ၏ တံခါးမုခ်တွင် ဘီလူးပန်းဆွဲ အဆင်တန်ဆာကို ထုလုပ်ထားကြသည်။

ရှေးဗြဟ္မဏ ဟိန္ဒူပုရာဏ်ကျမ်းများတွင် ဘီလူးပန်းဆွဲ ကတ္တိမုခ၊ ကျော်စောခြင်းမျက်နှာ (သို့မဟုတ်) ကျော်စောခြင်းနှုတ်ခမ်း ဖြစ်ပေါ်လာပုံမှာ-

ဇလန္တရခေါ် အသူရာနတ်သည် ယောဂအကျင့်ကို ကြင်းထန်စွာအားထုတ်၍ တန်ခိုးသိဒ္ဓိများ ရရှိနေပေသည်။ ထို့ကြောင့် တန်ခိုးကြီးသော သီဝနတ်ကို ပမာမခန့်ပြုလာသည်။ သီဝနတ်လက်ထပ်မည့် ပါဗ္ဗတီနတ်သမီးကို လိုချင်တပ်မက်၍ ရာဟုနတ်အား စေလွှတ်အတောင်းခိုင်းလိုက်သည်။

အကြောင်းစုံသိလိုက်ရသော သီဝနတ်မင်းကြီးသည် ရာဟုနတ်၏ နဖူးအလယ်(အာဇဉာစကြ)မှ ဆင်ခေါင်းနှင့် ဘီလူးတစ်ကောင် ဖန်ဆင်းလိုက်သည်။ ထိုဘီလူး၏ ဟိန်းသံမှာ မိုးချုန်းသံကဲ့သို့ဖြစ်၏။ မီးကဲ့သို့ ရဲရဲတောက်ပြောင်သောမျက်လုံး၊ လည်ဆံမွေးတို့ကား စကြဝဠာတစ်ခုလုံး ပြန့်ကား၏။ အသားစားရန် ရမ္မက်ပြင်းလှသူ ဖြစ်သည်။

ရာဟုနတ်သည် တုန်လှုပ်လာသည်။ သီဝနတ်မင်းကြီးကို အသနားခံတောင်းပန်သည်။ သီဝနတ်မင်းကြီးမှာ မဟာကရုဏာရှင်ဖြစ်သည်။ သူဖန်ဆင်းလိုက်သော ဘီလူးသည် သားကောင်မစားရတော့ပေ။ အစာက လိုအပ်နေသည်။ ထို့ကြောင့် သူ့လက်သူ့ခြေတို့ကိုစားရန် သီဝနတ်မင်းကြီးက အမိန့်ပေးလိုက်သည်။ ဘီလူးသည် အမိန့်အတိုင်းစားခဲ့ရာမှ ကိုယ်ကိုပင်မချန်နိုင် စားသုံးပစ်လိုက်သည်။ နောက်ဆုံး ခေါင်းသာကျန်တော့သည်။

သီဝနတ်မင်းကြီးကလည်း ယခုမှစ၍ ကိတ္တိမုခဟုခေါ်တွင်စေ၊ ငါ့တံခါး၌ အမြဲစာမ်း သင်စောင့်ရှောက်ရမည်ဟု အမိန့်ပေးလေသည်။ ထိုအချိန်မှစ၍ ကိတ္တိမုခဘီလူးပန်းဆွဲရုပ်သည် ဗြဟ္မဏဘာသာနတ်ဖြစ်ကာ သီဝနတ်ဘုရား၊ ဟိန္ဒူဂူဘုရားတို့၏ အဆင်တန်ဆာ၊ ဘေးအန္တရာယ်ကာကွယ်နိုင်သော အထိမ်းအမှတ်အဖြစ် ပါဝင်လာသည်။ ထိုဗြဟ္မဏဟိန္ဒူအဆင်တန်ဆာကို ဗုဒ္ဓသာသနိကအဆောက်အအုံများတွင် သုံးစွဲလာသလို ဘုရား၊ စေတီ၊ ပုထိုးများ ခေါင်းလောင်းပုံအထက်နားတွင် ဘီလူးပန်းဆွဲရုပ်များ ပတ်ထားသည်ကို ထုလုပ်ထားကြသည်။

ယုတ်စွအဆုံး အာနန္ဒာဘုရားအတွင်းရှိ မယ်တော်မာယာ၏ ခါးဝတ်တန်ဆာ၌ပင် ဘီလူးပန်းဆွဲ အတင့်အတယ် ထည့်ထားသည်ကို တွေ့ရသည်။ နေရာဒေသအသီးသီးရှိ ဘုရားစေတီပုထိုးတို့တွင် တွေ့ရတတ်သော ဘီလူးရုပ်တုကြီးများမှာ သူ့ဒေသဆိုင်ရာ ဘုရားနှင့်ပတ်သက်၍ဆက်နွှယ်ပြီး ထုလုပ်ထားခြင်းများ ဖြစ်ကြသည်။

ရခိုင်ပြည်နယ် မြောက်ဦးရှိ သျှစ်သောင်းဘုရားမှ ယက္ခဘီလူးများ၊ သကျံမာန်အောင်စေတီတွင် ဓားထမ်း၍ စောင့်နေသော တာနောယက္ခနှင့် ပိဋ္ဌိယက္ခ ဘီလူးညီနောင်၊ စစ်တွေ မဟာသိမ်တော် အနောက်ဘက်လှေကားဦးရှိ အဠာဝက၊ ပုဏ္ဏက စသဖြင့် ဘီလူးရုပ်ကြီးများကို ထင်ထင်ရှားရှား တွေ့ရှိရသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်က အဠာဝကမြို့

www.burmeseclassic.com

www.burmeseclassic.com

တော်အနီးတွင် လွန်စွာမှ ဆိုးသွမ်းသောင်းကျန်းသော အာဠာဝကအမည်ရှိ ဘီလူးကြီးတစ်ကောင်ရှိသည်။ ခွန်အားစွမ်းအားကြီးမားသလို လူသားကိုလည်း မြိန်ရေရှက်ရေ စားသောက်တတ်သည်။ တစ်နေ့တွင် အာဠာဝတီတိုင်း၏ ဘုရင်ကြီးသည် တောအုပ်ထဲတွင် သမင်လိုက်ရင်း အာဠာဝကဘီလူးကြီး၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

ဘုရင်ကြီးက သူ့အသက်အား ချမ်းသာပေးပါရန်နှင့် သူ့အစား လူသားတစ်ယောက်အား ထမင်းတစ်ပွဲနှင့် တောအုပ်ထဲသို့ ပို့ပေးမည့်အကြောင်း ပြောဆိုသည်။ အာဠာဝကဘီလူးကြီးကလည်း မင်းကြီးကတိပြုသည့်အတိုင်း သဘောတူ၍ အသက်မှ ချမ်းသာခွင့်ပေးလိုက်သည်။

ဘုရင်ကြီးကလည်း အကျဉ်းသားများကို တစ်နေ့တစ်ယောက်ကျ ထမင်းတစ်ပွဲနှင့် တောအုပ်ထဲသို့ စေလွှတ်ရာ ကြာမြင့်လာသောအခါ အကျဉ်းသားများ တစ်ယောက်မျှ မကျန်တော့ပေ။ မှူးမတ်များက လမ်းမတွင် ရွှေထုပ်များ ချထားပြီး ကောက်ယူသူများအား သူခိုးဟု စွပ်စွဲကာ ဖမ်းဆီးပြီး အာဠာဝကဘီလူးကြီးထံ စေလွှတ်ပြန်သည်။

အဆိုပါ သတင်းသည် ပျံ့နှံ့သွားရာ ရွှေထုပ်ကို ကောက်မယူရဲတော့ဘဲ အထိတ်တလန့်ဖြစ်ပြီး မြို့သူမြို့သားများသည် ထွက်ပြေးကုန်ကြသည်။ ဘုရင်ကြီးသည် နောက်တစ်နေ့တွင် ဘီလူးကြီးထံ စေလွှတ်ရန် သားတော်လေးတစ်ပါးသာ ရှိတော့သည်။ မတတ်နိုင်ပေ။ သားတော်လေးအား သူခိုးဟုစွပ်စွဲကာ ဖမ်းဆီးပြီး အာဠာဝကဘီလူးကြီးထံ ပို့ပေးရန် အမိန့်တော်ချမှတ်လိုက်သည်။

ထိုအချိန်တွင် မြတ်စွာဘုရားသည် မြို့တော်အနီးသို့ ရောက်ရှိလာပြီး ဒိဗ္ဗစက္ခုဖြင့်ကြည့်ရှုရာ အကြောင်းစုံသိရှိတော်မူပြီး ဘီလူးကြီးနေထိုင်ရာသို့ ကြွမြန်းလာခဲ့သည်။ ဂူတွင် ဘီလူးကြီးမရှိပေ။ မြတ်စွာဘုရားသည် ဂူတွင်းသို့ဝင်၍ ဘီလူးကြီး ထိုင်နေကျနေရာတွင် ထိုင်တော်မူပြီး ဘီလူးကြီး၏ဇနီးနှင့် ပရိသတ်များကို တရားဟောကြားတော်မူသည်။

အာဠာဝကဘီလူးကြီး ပြန်ရောက်လာသောအခါ ကြီးမားသော စွမ်းအားများဖြင့် တောတောင်ဓာတ်ခုလုံး တုန်လှုပ်ချောက်ချားစေမည့် မိုးကြိုးမုန်တိုင်းတစ်ခု ဖန်ဆင်းကာ ဘုရားရှင်အား တိုက်ခိုက်သည်။ လုံတံ၊ တင်းပုတ်များနှင့်လည်း ပစ်သည်။ ပစ်သမျှလက်နက်များသည် ဘုရားရှင်၏ ခြေတော်ရင်း၌သာ ဝပ်စင်းရောက်ရှိကုန်[illegible] သည်။

မြတ်စွာဘုရားရှင်အား ကြောက်ရွံ့ထိတ်လန့်အော[illegible] မလုပ်နိုင်သည့် အဆုံးတွင်-

'အသင့်ကို အကျွန်ုပ်က မေးခွန်းတချို့ မေးရပေ[illegible] မယ်။ မဖြေနိုင်ရင်တော့ သင့်ရဲ့ရင်ကိုခွဲ၊ နှလုံးသား[illegible] ဆွဲထုတ်သတ်ဖြတ်၊ မြစ်ရဲ့တစ်ဖက်ကမ်းရောက်တဲ့အ[illegible] လွှင့်ပစ်ရမယ်' ဟု ပြောလိုက်သည်။

'ငါ့ကို အဲဒီလိုလုပ်နိုင်တဲ့သူဆိုလို့ လူ၊ နတ်၊ ရ[illegible] ဗြဟ္မာ၊ ပုဏ္ဏား ဘယ်သူပဲဖြစ်ဖြစ် မလုပ်နိုင်ဘူး။ သင်[illegible] လိုရာရှိရင် မေးစမ်းပါ'

မြတ်စွာဘုရားက တည်တည်ငြိမ်ငြိမ်ပဲ ပြန်[illegible] လိုက်သည်။ အာဠာဝကဘီလူးကြီးသည် သူ၏ဆွေ[illegible] ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာသော မေးခွန်း[illegible] ကို ရွှေရွက်ပေါ်မှာ ရေးမှတ်ထားပြီး အဖြေတွေက[illegible] မေ့လျော့လျက်ရှိသည်။

**မေးခွန်းများမှာ-**

- လူတစ်ယောက်အတွက် အကြီးကျယ်ဆုံး ချမ်း[illegible] ဟာ ဘယ်အရာဖြစ်ပါသနည်း။
- ကောင်းစွာထိန်းသိမ်း ချိုးနှိမ်ထားတဲ့အခါ ဘယ်[illegible] က အမြတ်ဆုံး ဖြစ်ပါသနည်း။
- အရသာပေါင်းစုံတွင် ချိုသောအရာ ဘယ်အ[illegible] ပါသနည်း။
- ဘယ်အရာက ဘဝရဲ့ အကောင်းဆုံးအရာ [illegible] သလဲ။

**မြတ်စွာဘုရားက ပြန်လည်ဖြေဆိုတော်မူပါ[illegible]**

- လူတစ်ယောက်အတွက် အကြီးကျယ်ဆုံးချမ်း[illegible] သည် ယုံကြည်မှုဆိုသော သဒ္ဓါတရားပင်ဖြစ်[illegible]
- ကောင်းစွာထိန်းသိမ်းချိုးနှိမ်ထားသောအခါ [illegible] သော တရားမြတ်သာ နိဗ္ဗာန်ချမ်းသာကို [illegible] နိုင်ပေသည်။
- အချိုမြိန်ဆုံး အရသာသည် သစ္စာတရားဖြစ်[illegible]
- ပညာဖြင့် အသက်မွေးဝမ်းကျောင်းရခြင်းသ[illegible] သင့်လျော်ကောင်းမွန်သော နည်းလမ်းနှင့် [illegible] ရှင်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အာဠာဝကဘီလူးကြီးသည် မေးခွန်းများ များစွာမေး လို မြတ်စွာဘုရားရှင်ကလည်း မေးခွန်းအားလုံးကို ကြားပေးခဲ့သည်။

နောက်ဆုံးမေးခွန်းဖြစ်သော-

"ယခုမျက်မှောက်ဘဝမှ နောင်ဘဝသို့ လားရောက်ရ ည်ရှိသော် ဘယ်လိုတရားမျိုးက တစ်ဦးတစ်ယောက်ကို ိုးရိမ် မပူဆွေးစေပါသလဲ"

"သစ္စာတရား၊ ကောင်းမွန်သော အကျင့်စာရိတ္တ၊ မ်းသတ္တိ၊ စွန့်ကြဲပေးကမ်းခြင်း၊ ဒါနအကျင့်သီလ ရားလေးပါး ပိုင်ဆိုင်သူသည် နောင်ဘဝ ကူးပြောင်းခဲ့ င်လည်း ပူဆွေးသောက ဖြစ်စရာမလိုပေ"ဟု မြတ်စွာ ရားရှင်က ဖြေကြားမိန့်တော်မူခဲ့သည်။

အာဠာဝကဘီလူးကြီးသည်လည်း-

"မြတ်စွာဘုရားရှင် အာဠာဝတီပြည်သို့ ကြွချီတော် ခြင်းသည်ပင် ဘုရားတပည့်တော်ရဲ့ ကောင်းကျိုး သောရရှိရေးအတွက်ပါပဲလားဘုရား"ဟု လျှောက်ထား ဘုရားရှင်၏ ခြေတော်ရင်းတွင် ဝပ်စင်းကာ တပည့် ကတစ်ဦးအဖြစ် လက်ခံပေးဖို့ တောင်းပန်ခဲ့သည်။

နောက်တစ်နေ့တွင် အာဠာဝတီပြည် မှူးကြီးမတ်ရာ၊ ပတိများနှင့် ဘုရင်ကြီးသည် မြတ်စွာဘုရား၏ တော်အား ရိုရိုသေသေ စူးစူးစိုက်စိုက် နာယူနေ အာဠာဝကဘီလူးကြီးကို မြင်တွေ့ကြသောအခါ မှ အံ့အားသင့်သွားကြသည်။ ဘုရင့်သားတော်လေး အသက်ဘေးမှ လွတ်မြောက်သွားသလို အသား သော ဘီလူးကြီးအား မြတ်စွာဘုရားရှင်၏ ကြီး ဉာဏ်ပညာ၊ ကရုဏာအစွမ်းများနှင့် ယဉ်ကျေး သော သာဝကတစ်ဦးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပေ

◆◆◆

ကျေးမြို့မြောက်ဘက်အစွန် ရှောဝတီအရှေ့ဘက် ထိပ်တွင် ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ် သလွန်စေတီတော်မြတ် တည်ရှိပေသည်။ ကဿပ ၏ ရွှေသလွန်တော်၊ ဂေါတမဘုရားရှင်၏ မြ လွန်တော်တို့အား ဌာပနာထားသည်။ မြသလွန် တော်သည်ပင် ဘီလူးများနှင့် ပတ်သက်နေပေသည်။ သက္ကရာဇ်(၁၂၃)ခုနှစ်တွင် ဘုရားရှင်သည်

ဆားပွက်တောင်ညိုတို့ ခြံရံအပ်သော ကောလာသာစက္ကိန်း တဲ တောင်ထိပ်တွင် ရွှေနောင်တော်ဘုရားများကဲ့သို့ သီ တင်းသုံးတော်မူသည်။ သိကြားမင်းသည် မြသားအတိပြီး သော သလွန်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ရှောဝတီမြစ်အရှေ့ဘက် တောအုပ်တွင် နေထိုင်ကြ သော ဘောသော၊ ဘောကျော် ဘီလူးညီအစ်ကိုသည် နှမငယ် ယက္ခသာဂီ၊ ယက္ခဒါလီတို့အား မပြောဘဲ ကြစု သီး၊ ဖန်ခါးသီးများဖြင့် ဘုရားရှင်အား လှူဒါန်းပူဇော်ကြ သည်။

ဘုရားရှင်က ဘီလူးညီနောင်အား မြသားသလွန် တော်ကို ပေးအပ်ခဲ့သည်။ ဘီလူးညီနောင်တို့သည် မိမိတို့ နေထိုင်ရာ တောအုပ်တွင် သလွန်တော်ကိုဌာပနာ၍ မြ စေတီတည်ထားကိုးကွယ်ရာ သိကြားမင်းက မြတ်စွာ ဘုရား မှတ်သားခတ်နှိပ်သော ဗျာဒိတ်တော်နှင့် မညီ သဖြင့် စေတီတော်ကို ဖြိုဖျက်ကာ သလွန်တော်ကို ဆောင် ယူလာခဲ့သည်။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗယာန ရသေ့ ညီနောင် သုံးဦးထံတွင် အပ်နှံထားခဲ့သည်။ ဘီလူးညီနောင် တို့ လူသားစစ်စစ်ဖြစ်မှသာ ဘုရားတည်သင့်ကြောင်း ရသေ့တို့အား လျှောက်ထားပြီး တာဝတိံသာသို့ ပြန်ကြ သွားသည်။

ဘောသော၊ ဘောကျော် ညီနောင်တို့သည် လူ့ဘဝသို့ ရောက်ရှိပြီး ဘဟပတိကုန်သည်မျိုးဖြစ်၍ ကုန်သွယ်ရင်း မြသလွန်ပရိဘောဂစေတီတော်မြတ်ကို ဆည်းကပ်ပူဇော် ရန် လာခဲ့သည်။ မဟာဂါမရွာကြီးမှ သုဘောဂသူကြွယ် သမီး ပုဏ္ဏဝတီသစ္စာဆိုသော ပန်းခွေကို ဘောကျော် တွေ့ရှိပြီး ပုဏ္ဏဝတီနှင့် လက်ဆက်ခဲ့သည်။ သုဘောဂ သူကြွယ်နှင့်အတူ နဂုဏ္ဍမတောင်ထိပ်တွင် သလွန်တော် မြတ်အား စေတီတည်ထားလိုကြောင်း ရသေ့ကြီးသုံးပါး အား လျှောက်တင်ရာမှ သိကြားမင်း စီရင်အပ်သော ဌာပနာတိုက်အထက်မှ သံတောင်(၃၅)တောင် အမြင့် ဆောင်သော မြသလွန်စေတီတော်ကို အောင်မြင်စွာ တည် ထားနိုင်ခဲ့ပါသည်။

မြသလွန်စေတီတော် အရှေ့ဘက်ကားလမ်းအနီး တောင်ကုန်းပေါ်တွင် ဘီလူးမဆုတောင်းပြည့်စေတီ တည် ရှိသည်။ ဘောသော၊ ဘောကျော် ဘီလူးညီနောင်တို့၏ နှမအငယ်ဆုံး ယက္ခဒါလီ ဘီလူးမဘဝက ဆုတောင်းခဲ့

www.burmeseclassic.com

သော ဘုရားဖြစ်သည်။

မောင်တော်များက မြတ်စွာဘုရားထံ ဖူးမြော်ရန်သွားကြစဉ် မခေါ်ဘဲ ထားခဲ့သောကြောင့် စိတ်နာကြည်းစွာဖြင့် ယင်းချောင်းတောင်ဘက်တွင် နေထိုင်ခဲ့သည်။ သလွန်တော်ဌာပနာရာ နဂုတ္တမတောင်တွင် ပန်း၊ သစ်သီးများလှူဒါန်းပြီး ဤဘဝမှစုတေလျှင် မောင်တော်တို့ထက် သာလွန်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းခဲ့သည်။

ဘီလူးမဘဝမှစုတေ၍ လူ့ပြည်သို့ ရောက်သောအခါ ကြွယ်ဝချမ်းသာသော ဝေလာမပုဏ္ဏားကြီးသမီး ဖြစ်လာပြီး အရွယ်ရောက်သော တကောင်းပြည့်ရှင်ဘုရင်မင်းဖြစ်က မိဖုရားမြှောက်တော်မူခဲ့သည်။ အဆိုပါ ယက္ခဒါလီဘီလူးမဘဝက ဆုတောင်းခဲ့သောနေရာတွင် ဘီလူးမဆုတောင်းပြည့်စေတီကို တည်ခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်တွင် ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန် စသည့် သာသနိကအဆောက်အအုံ အများဆုံးတည်ရှိရာဒေသမှာ စစ်ကိုင်းတောင်ဖြစ်သည်။ ဆွမ်းဦးပုညရှင်စေတီတော်၊ ဥမင်သုံးဆယ်၊ ဥမင်ကိုးဆယ်၊ ရှင်ဖြူရှင်လှ၊ ပတ္တမြားစေတီ၊ လေးကျွန်းမာရ်အောင်၊ ရှင်ပင်နံ့ကိုင်း စသည့် သမိုင်းဝင်စေတီများ များစွာတည်ထား ကိုးကွယ်ထားသည့်အနက် မြတ်စွာဘုရားရှင်လက်ထက် သက်တော်ထင်ရှား ရှိစဉ်ကတည်းက တည်ထားခဲ့သော ဝါတော်အကြီးဆုံးစေတီမှာ ဓေတဝန်စေတီတော်ဖြစ်သည်။

ရှေးယခင်နှစ်ပေါင်းများစွာက စစ်ကိုင်းတောင်သည် တောကြီးတောင်ကြီး လျှိုမြောင်များ ပေါများလှသလို ဘီလူးအပေါင်း ပျော်မွေ့ရာနေရာ ဖြစ်သည်။ ဝဋ္ဋာဂီရိ (ခေါ်) တောင်ဘီလူးချောင်သည် ဆေးပင်ဝါးပင်များ ပေါက်ရောက်သလို ဓေတဘီလူးနှင့် ဘီလူးများ နေထိုင်ကြသည်။

မြတ်စွာဘုရားသည် ဝါတော်(၂၀)ကျော်၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင်စံပယ်ရင်း သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ ဓေတအမှူးရှိသော ဘီလူးတို့ ကျွတ်တမ်းဝင်မည်ကို သိတော်မူလိုက်သည်။ စစ်ကိုင်းတောင်ရိုးသို့ ညီတော်အာနန္ဒာနှင့်အတူ ကောင်းကင်ခရီးမှ ကြွတော်မူလာခဲ့သည်။

ဓေတဘီလူး အမှူးရှိသော ဘီလူးအပေါင်းတို့က လည်း ဦးခိုက်ကြိုဆိုပြီး သားပြွမ်းဆွမ်းကပ်လှူသည် ဆွမ်းစားပြီးသော် အနုမောဒနာတရား ဟောကြားတော် ရာ ဘီလူးတို့သည် သောတာပန်အရိယာအဖြစ်သို့ ရော ရှိသွားကြသည်။ ယခုအခါ သောတာပန်ရွာဟုတွင်သည်

မြတ်စွာဘုရားရှင်သည် ပြန်လည်ကြွချီရန် စီစဉ်သေ အခါ ဓေတဘီလူးတို့သည် ဘုရားရှင်ကိုယ်စား ကိုးကွ ရာတစ်ခုခု ချီးမြှောက်ပါရန် လျှောက်ထားကြသည်။ တောင်းပန်မှုကြောင့် ဘုရားရှင်သည် တစ်ပဲသာ (ခေ လေးကျွန်းချမ်းသာချောင် ရေဆိပ်သို့ဆင်း၍ ရေသပ္ပာ တော်မူသည်။ ရေသပ္ပာယ်သောအခါ နဂါးရုံ၊ ပုဗ္ဗာ ဝတ်တော်ရုံဟု ဆိုအပ်သော ရုံသုံးရုံတွင် တစ်ခုအပါအ ဖြစ်သည့် ဝတ်ရုံတော်မှာပင် သင်္ကန်းဝတ်ရုံတော်မူသည် ထိုနေရာကို ဝတ်ရုံတော်တောင်ဟု အမည်တွင်ခဲ့သည

မြတ်စွာဘုရားရှင်သည် ဆံတော်နှင့်တကွ ရေသ တော်ကို ခေါင်းဆောင် ဓေတဘီလူးအား ပေးပြီး-

'ဤပစ္စည်းကို ဌာပနာသွင်း၍ ငါဘုရားကိုယ် စေတီတည်ထားပြီး အလေးဂရုပြု ကိုးကွယ်ရစ်ကြ ဟု မိန့်တော်မူပြီး ပြန်လည်ကြွချီသွားသည်။

ဓေတအမှူးရှိသော ဘီလူးအပေါင်းတို့သည် အ ဝမ်းသာ ရွှင်မြူးစွာဖြင့် ချက်ချင်းပင် ရေသနုပ်တော် ဌာပနာတည်၍ ဝတ်ရုံတော်ဘုရား တည်ထားကိုးကွ ကြသည်။ နောင်တွင် ဓေတဘီလူးကို အကြောင်း ဓေတဝန်စေတီတော်ဟု ခေါ်ဆိုခဲ့ကြသည်။ သာသနာ နှစ်(၂၅၆၁)တွင် ဤဝါတော်(၂၅)နှစ်ကို ထည့်သွင် တွက်သော် ဓေတဝန်စေတီတော်သက်တမ်းမှာ နှစ် (၂၅၈၆)နှစ်ရှိခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံအရပ်ရပ်ရှိ တည်ထားကိုးကွယ် စေတီများထဲတွင် ဘီလူးများ တည်ထားခဲ့သလို ဘီ တုကြီးများသည်လည်း ဗုဒ္ဓဝင်သမိုင်းများနှင့် ဆက် ပတ်သက်လျက်ရှိပါသည်။ ဘီလူးတို့သည် သာသနာ စည်ပင်တိုးတက်ရေးအတွက် ကူညီထောက်ပံ့စောင့် လျက်ရှိနေကြဆဲပင် ဖြစ်သည်။

ကိုရွှေမြသန်း(သ

<u>ကိုးကား</u>

မှီငြမ်း

* မဟာသုတဒီပနီကျမ်း

* နန်းကြေ့ာသျှင်၏ စကားပြောသော ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

<u>ဝါသီတိသသာသာမဏေ</u>

ရာဇဂြိုဟ်ပြည်၏ နံနက်ခင်းရှုခင်းတို့သည် သာယာ အပေါင်း ခညောင်းလျက်ရှိသည်။ နေမင်းရောင်ခြည်နှင့် အတူ ထွန်းလင်းတောက်ပြောင်နေသော သာသနာ၏ ရောင်ဝါရှိန်တို့သည် ရာဇဂြိုဟ်ပြည်တွင် ပျံ့နှံ့သည်။ ကျောင်းသံဃာမြောက်မြားစွာတို့သည် ရာဇဂြိုဟ်ပြည်တစ် ခွင်တွင် သာသနာပြုလျက်ရှိသည်။ ရာဇဂြိုဟ်ပြည်သည် ဗုဒ္ဓဘာသာတရားအရ ရှုပ်ထွေးလှသော နေရာလည်း ဖြစ် သည်။ ဝါဒအမျိုးမျိုးသည် ရာဇဂြိုဟ်ပြည်၌ အသက်ဝင် လှုပ်ရှားလျက်ရှိသည်။ အကျင့်အမျိုးမျိုး၏ မွေးဖွားရာမြေ ဆိုလျှင်လည်း မှားလိမ့်မည်မထင်။ ဘာသာတရား ရှုပ် ထွေးလှသော ရာဇဂြိုဟ်ပြည်၌ သာသနာတော်သည် ထိပ် ဆုံးမှ တောက်ပြောင်လျက်ရှိသည်။ သာသနာတော်တွင် အထမဆုံးသောကျောင်းသည် ရာဇဂြိုဟ်ပြည်တွင်ရှိသည်။ ရာဇဂြိုဟ်ပြည်၌ သာသနာ့ ဦးတော်မြစ်ချခဲ့သူမှာ ဘုရင်ဗိမ္ဗိသာရ ဖြစ်သည်။ ဘုရင်ဗိမ္ဗိသာရမှ အစပျိုးခဲ့ သော သာသနာတော်သည် ရာဇဂြိုဟ်ပြည်၌ အခိုင်မာဆုံး ဖြစ်နေလေပြီ။

သာသနာတော်၌ မြတ်စွာဘုရားတွင် အဂ္ဂသာဝက များရှိသည်။ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မောဂ္ဂ လာန်မထေရ်တို့သည် မြတ်စွာဘုရား၏ အဂ္ဂသာဝကများ ပင်ဖြစ်သည်။ ထိုမထေရ်နှစ်ပါးသည် သာသနာတော်၌ မြတ်စွာဘုရားပြီးလျှင် သာသနာတော်၏ မဏ္ဍိုင်များဖြစ် သည်။ ထိုမထေရ်နှစ်ပါး၏ မွေးရပ်မြေသည် ရာဇဂြိုဟ်

## ဓမ္မာစရိယ သန်းထွန်း

# ထင်ရှားကျော်ကြား သာမဏေကာများ(၁၃)





www.burmeseclassic.com

www.burmeseclassic.com

ပြည် ဖြစ်သည်။ သာသနာတော်၌ ရာဇဂြိုဟ်ပြည်သား ရဟန်းများ မြောက်မြားစွာရှိသည်။ ရဟန်းမိန်းမတို့သည်လည်း များစွာရှိသည်။ အလှူဒါယကာတို့သည်လည်း များစွာရှိသည်။ အလှူဒါယိကာမတို့သည်လည်း များစွာရှိသည်။ ပရိသတ်လေးပါးဖြင့် ရာဇဂြိုဟ်ပြည်၏ သာသနာတော်သည် အခိုင်အမာတည်လျက်ရှိသည်။ သာသနာတော်အား ယိုယွင်းပျက်စီးအောင် ကြိုးပမ်းအားထုတ် အတိုက်ခံလုပ်သော နေရာများတွင် ထင်ရှားသောနေရာကို ပြပါဆိုလျှင်လည်း ရာဇဂြိုဟ်ပြည်ကိုပင် ဆွဲထုတ်ရမည် ဖြစ်သည်။ ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓသာသနာထွန်းကားလာသည်နှင့်အမျှ အခြားသောအယူဝါဒ ဘာသာတရားသည် မှေးမှိန်သွားကြသည်။ အခြားသော အယူဝါဒ၊ ဘာသာတရားအား ကိုးကွယ်ဆည်းပူးသူ နည်းပါးလာခဲ့သည်။ ပူဇော်ပ,သသူ နည်းပါးလာခဲ့သည်။

အယူဝါဒခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်တို့၏ ဩဇာတိက္ကမတို့သည် အလွန့်အလွန် ကျဆင်းလာခဲ့သည်။ ပစ္စည်းဥစ္စာ ပေါများခြင်း လာဘသည်လည်း ခေါင်းပါးလာခဲ့သည်။ ပူဇော်ပ,သခြင်း သက္ကာရသည်လည်း ခေါင်းပါးလာခဲ့သည်။ ထင်ပေါ်ကျော်စောခြင်း သိလောကသည်လည်း ခေါင်းပါးလာခဲ့သည်။ အယူဝါဒခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်တို့သည် လာဘ သက္ကာရ၊ သိလောကတို့၏ ခေါင်းပါးလာခြင်းဒဏ်ကို မခံနိုင်ဖြစ်လာကြသည်။ လာဘ၊ သက္ကာရ၊ သိလောကတို့၏ ခေါင်းပါးလာခြင်း အကြောင်းရင်းကို ရှာသည့်အခါ မြတ်စွာဘုရား သာသနာတော်ကို တွေ့ကြသည်။ မြတ်စွာဘုရားသာသနာ ပေါ်ပေါက်တော်မလာခင်က အခြားသော အယူဝါဒ၊ ဘာသာတရားတို့သည် ရာဇဂြိုဟ်ပြည်လူထုအား လွှမ်းမိုးခဲ့သည်။ အယူဝါဒခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်တို့မှာ လာဘ၊ သက္ကာရ၊ သိလောကတို့ ပွားများခဲ့သည်။ မြတ်စွာဘုရား သာသနာရောင်ရှိန် တက်လာသည်နှင့် အယူဝါဒခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်တို့၏ လာဘ၊ သက္ကာရ၊ သိလောကတို့ ခေါင်းပါးလာခြင်းဖြစ်သည်။ ထို့ကြောင့် အယူဝါဒခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်တို့သည် မြတ်စွာဘုရားနှင့်တကွ သာသနာတော်ကို အတတ်နိုင်ဆုံး ပျက်စီးအောင် တိုက်ခိုက်ကြသည်။ သူတို့ တိုက်ခိုက်လေ သာသနာရောင်ရှိန် တက်လေ ဖြစ်နေသည်က သူတို့အတွက် အခက်တွေ့ [illegible] ဖြစ်သည်။

**မဟာသေနပုဏ္ဏားကြီး**

'ငါ့သားမထေရ်ကား ငါ့အိမ်တံခါးဆီ ဆွမ်းခံဖို့ [illegible] ဝင်လာတာ ဖြစ်လိမ့်မယ်။ ငါလည်း ဆင်းရဲခိုက် ဖြစ် [illegible] တယ်။ ငါဆင်းရဲနေတာကို မသိထင်တယ်။ ငါ့မှာ [illegible] ကမ်းလှူဒါန်းစရာ တစ်စုံတစ်ခုမှ မရှိ'

သာယာမှုအပေါင်း ခညောင်းနေသော ရာဇဂြိုဟ် [illegible] ၏ နံနက်ခင်း လမ်းအသီးသီးတွင် ဆွမ်းခံကြွတော်မူသော [illegible] ရဟန်းများရှိသည်။ ရဟန်းများသည် အရဏ်တက်သည် [illegible] စ၍ ဆွမ်းခံကြွတော်မူကြသည်။ ရဟန်းတစ်ပါးနှင့်တစ် [illegible] ဆွမ်းခံကြွချိန်သည် တူသည်လည်း ရှိသည်၊ မတူသ [illegible] လည်းရှိသည်။ ထို့ကြောင့် အရဏ်တက်သည်မှစ၍ မန [illegible] ခင်း တစ်ခုလုံးတွင် ဆွမ်းခံကြွတော်မူသော ရဟန်းမျ [illegible] ကို တွေ့ရှိနိုင်သည်။ ဆွမ်းခံကြွတော်မူသော ရဟန်းတို [illegible] သည် သာမဏေသာရုပ္ပ ရှိသည်ဖြစ်၍ ကြည်ညို [illegible] ချည်းဖြစ်သည်။ ကြည်ညိုစရာကောင်း၍ ကြည်ညို [illegible] သည်။ ကြည်ညိုစိတ်၏ တွန်းအားဖြင့် လှူဒါန်းမှုအ [illegible] သီးတို့ကို ရာဇဂြိုဟ်ပြည်သူတို့ လှူဒါန်းကြသည်။ [illegible] ဒါန်းသည်ထဲတွင် မပါဝင်သူများလည်း ရှိ၏။ မပါဝင် [illegible] များတွင် လှူဒါန်းဖွယ်ရာများမရှိ၍ မပါဝင်နိုင်သူရှိသ [illegible] လှူဒါန်းဖွယ် ပစ္စည်းဝတ္ထုများ ရှိသော်လည်း လှူဒါန် [illegible] စိတ် မရှိ၍ မပါဝင်သူများ ရှိသည်။ ဘာသာ၊ အယူ [illegible] ခြား [illegible]နား၍ လှူဒါန်းမှုထဲ မပါဝင်သူများ ရှိသည်။

မဟာသေန ပုဏ္ဏားကြီးသည် ဘာသာ့အယူဝါဒ [illegible] နားသူ မဟုတ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်သ [illegible] သဒ္ဓါတရားနှင့် ဗုဒ္ဓဘာသာကို ခံယူထားသူ ဖြစ်သ [illegible] လှူဒါန်းလိုသောစိတ် မရှိသူလည်း မဟုတ်၊ လှူဒါန် [illegible] စိတ် အပြည့်ရှိသူ ဖြစ်သည်။ သို့သော် လှူဒါန်းမှု [illegible] မဟာသေနပုဏ္ဏားကြီးသည် မပါဝင်။ မပါဝင်နိုင်သ [illegible] မှာ လှူဒါန်းဖွယ်ပစ္စည်းဝတ္ထု မရှိ၍ဖြစ်သည်။

မဟာသေန ပုဏ္ဏားကြီးသည် အလွန်ပင် ဆင်းရဲ [illegible] ပန်းနေသည်။ နပ်မမှန်သော ထမင်းများကို စားသော [illegible] ရင်း ခါးသီးသော ဘဝလမ်းပေါ်၌ ရင်နာနေရသူ [illegible] သည်။ နဂိုနေ့များ၌လည်း မဟာသေန ပုဏ္ဏားကြီးအိ [illegible] ရဟန်းများ ဆွမ်းခံကြွရောက်ဖူးသည်။ မဟာသေနပု [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် ကြွရောက်လာသော ရဟန်းများအား တွေ့ဆုံ၍ ဆွမ်းတော်ဆွမ်းကို လောင်းဖူးသည်။ ယနေ့၌ ဆွမ်းခံကြွရောက်တော်မူလာသော ရဟန်းကိုမူ မတွေ့ရဲဖြစ်နေသည်။ ဆွမ်းတော်ဆွမ်း မလောင်းရဲ ဖြစ်နေသည်။ အဘယ်ကြောင့် ဆိုလျှင် ဆွမ်းခံကြွရောက်တော်မူလာသော ရဟန်းသည် အရှင်သာရိပုတ္တရာမထေရ် ဖြစ်နေသောကြောင့် ဖြစ်သည်။

မဟာသေန ပုဏ္ဏားကြီးနှင့် အရှင်သာရိပုတ္တရာ မထေရ်တို့သည် စိမ်းသူများ မဟုတ်ကြ။ မတွေ့ဖူး၊ မမြင်ဖူးသူများ မဟုတ်ကြ။ ရင်းနှီးခင်မင်သူများပင် ဖြစ်သည်။ မဟာသေနပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာမထေရ်၏ ခမည်းတော် ဝင်္ဂန္တပုဏ္ဏားကြီးနှင့် သူငယ်ချင်း၊ မိတ်ဆွေအရင်းကြီး ဖြစ်သည်။

အရှင်သာရိပုတ္တရာမထေရ် ငယ်စဉ်ကပင် မဟာသေန ပုဏ္ဏားကြီး အရှင်သာရိပုတ္တရာမထေရ် အိမ်သို့ သွားလာလေ့ရှိသည်။ ထိုစဉ်က ဝင်္ဂန္တပုဏ္ဏားသည် ဥပတိဿရွာ၏ အကြီးအကဲဖြစ်သည်။ သူဌေးကြီးဖြစ်သည်။ မဟာသေနပုဏ္ဏားကြီးသည် ရာဇဂြိုဟ်မြို့တွင် နေထိုင်သူ ဖြစ်သည်။ ရာဇဂြိုဟ်မြို့၏ သူဌေးစာရင်းဝင်တစ်ယောက် ဖြစ်သည်။ ရာဇဂြိုဟ်သူဌေးဖြစ်သည်။ သူဌေးအချင်းချင်း အကူးအသွားဆက်နွှယ်မှု ရှိကြသည်။ ငယ်စဉ်ကပင် အရှင်သာရိပုတ္တရာမထေရ်အား မဟာသေနသူဌေးကြီးက သားအရင်းကဲ့သို့ ချစ်သည်။ သားဟုပင် ခေါ်လေ့ရှိသည်။

**ရေမျောကမ်းတင်**

ဘဝ၌ ပိုင်ဆိုင်သမျှတို့သည် ရေမျောကမ်းတင် သဘောသာရှိသည်။ ကျောက်ဆောင်ကဲ့သို့ ခိုင်မြဲသော ပိုင်ဆိုင်မှုတို့သည် မရှိသလောက် ရှားပါးသည်။ မည်သို့ ထိုပုံလုပ်လုပ် မပျက်စီးနိုင်၊ မပျောက်ဆုံးနိုင်ဟု ထင်ခဲ့သော ပိုင်ဆိုင်မှုတို့သည် မထင်မှတ်သော အကြောင်းအရာများကြောင့် ပျောက်ဆုံးသွားတတ်သည်။ ပျက်စီးသွားတတ်သည်။ ရေမတက်လာသေးသမျှ ကမ်းတင်ပစ္စည်းတို့သည် ပျောက်ဆုံးမသွား၊ မျောပါမသွား။ ဣန္ဒြေရှုပင် တည်ရှိသည်။ ရေတက်လာသည်နှင့်အမျှ ကမ်းတင်ပစ္စည်းတို့သည် ဣန္ဒြေရစွာ မတည်နိုင်တော့။ ကမ်းပေါ်က ပျောက်ဆုံးသွားရသည်။ ရေခေါ်ဆောင်ရာနောက်သို့ မျောပါသွားရသည်။ လူတို့သည် ကံတရားတည်းဟူသော ရေက သယ်ဆောင်လာ၍ လူ့ဘဝတည်းဟူသော ကမ်းပေါ် ရောက်ရှိလာကြခြင်းဖြစ်သည်။ လူ့ဘဝ၌ ပိုင်ဆိုင်သမျှ အရာအားလုံးတို့သည်လည်း ကံတည်းဟူသော ရေက သယ်ဆောင်လာသော ပစ္စည်းများသာဖြစ်သည်။

လူ့ဘဝ၌ ပစ္စည်းဥစ္စာ ချမ်းသာစွာဖြင့် မွေးဖွားလာသော လူတစ်ယောက်ကို မည်သည့်လောကစိခုံရုံးကမှ ထာဝရချမ်းသာစေဟု ပါမစ်မချပေးနိုင်ပေ။ ချမ်းသာသူများသည်လည်း ကံတရားတည်းဟူသော ရေတိုက်စားလာသည့်အခါ ဆင်းရဲသွားရတတ်သည်။ ဆင်းရဲသူများသည်လည်း ကံတရားတည်းဟူသောရေက သယ်ဆောင်လာသည့်အခါ လူချမ်းသာ ဖြစ်ရတတ်သည်။

လူတွင် ကံတရားတန်ဖိုးရှိသည်။ မမြင်ရသော ကံတရားတန်ဖိုးကို အသိအမှတ်ပြုရသည်။ ကံတရားတန်ဖိုးကို အသိအမှတ်ပြုလျှင် လူကို လူဟု မြင်မည်ဖြစ်သည်။ ဆင်းရဲသား၊ လူချမ်းသာဟု မမြင်တော့ပေ။ လူချမ်းသာနှင့် လူဆင်းရဲကြားတွင်ရှိသော မာနလည်း မရှိတော့ပေ။ ခွဲခွဲခြားခြား ဆက်ဆံမှုတို့သည်လည်း မရှိတော့ပေ။ မာနနှင့် ခွဲခွဲခြားခြား ဆက်ဆံနေခြင်းသည် ကံတရားတန်ဖိုးကို အသိအမှတ်မပြုခြင်း ဖြစ်သည်။ လူအများစုသည် ကံတရားတန်ဖိုးကို အသိအမှတ်မပြုကြ။ တူဖြစ်တုန်း ထုတတ်ကြသည်။ ပေဖြစ်သည့်အခါ ခံရမည်ကို ထည့်မတွက်သည်က များသည်။ ထို့ကြောင့် ချမ်းသာသော သူများ ဆင်းရဲခြင်းသို့ ရောက်သည့်အခါ အထိနာတတ်ကြသည်။

ကံတည်းဟူသော ရေခေါ်ဆောင်သွား၍ မဟာသေန ပုဏ္ဏားကြီး၏ ချမ်းသာကြွယ်ဝမှုတို့သည် မထင်မှတ်ဘဲ ပျောက်ဆုံးသွားရသည်၊ ပျက်စီးသွားရသည်။ အေးချမ်းတည်ငြိမ်စွာ ဖြတ်သန်းခဲ့ရသော ဘဝကနေ ပူလောင်မှုများစွာနှင့် ဖြတ်သန်းရသော ဘဝအခြေသို့ ရောက်သွားရသည်။ ဆင်းရဲသားတစ်ယောက်အတွက် ဆင်းရဲခြင်းသည် နေသားကျပြီးသားအရာ ဖြစ်သည်။ ကျင်လည်ကျက်စားရာ ဖြစ်သည်။

ချမ်းသာလူတစ်ယောက်အတွက် ဆင်းရဲခြင်းသည် ကြောက်စရာကောင်းသောအရာဖြစ်သည်။ မျက်စိလည်ရာ ထိုင်းမှိုင်းရာဖြစ်သည်။ ဆင်းရဲခြင်းကို ရောက်ခဲ့ရသော မဟာသေနပုဏ္ဏားကြီးသည် စိတ်ဓာတ်ကျဆင်းမှုဒဏ်ကို

www.burmeseclassic.com

www.burmeseclassic.com



အစိုကခံနေရသည်။ သောကကို ရင်မှာလွယ်ထားရသည်။ သူဌေးဘဝတွင် တာရှည်စွာ ပေါင်းသင်းဆက်ဆံခဲ့သော မိတ်ဆွေများနှင့်လည်း မဟာသေနပုဏ္ဏားကြီး မတွေ့လိုပေ။ မိတ်ဆွေမဟုတ်သော မိတ်ဆွေတို့သည်လည်း မဟာသေနပုဏ္ဏားကြီးအား တွေ့လိုကြမည် မဟုတ်။ ပေါင်းဖော်သူတို့သည် အမျိုးမျိုးရှိကြသည်။ တချို့သော ပေါင်းဖော်သူတို့သည် လူကိုပေါင်းသည် မဟုတ်။ ငွေကို ပေါင်းဖော်ကြသည်၊ ပိုင်ဆိုင်မှုတို့ကို ပေါင်းဖော်ကြသည်။ ငွေမရှိ ပိုင်ဆိုင်မှုများ မရှိသည့်အခါ ပေါင်းဖော်မှုကို ရပ်ပစ်တတ်ကြသည်။ ဆက်ဆံမှုကို ဖြတ်ပစ်တတ်ကြသည်။

**စေ့ညှနှိုးခံရသောဘဝ**

လောဘမကင်းသော လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်၌ ကြောက်စရာကောင်းသော မာယာ၊ သာဌေယျတို့သည် လှပစွာ ကျက်စားတတ်သည်။ မာယာသည် ရှိသည်ကို မရှိလုပ်သည်။ သာဌေယျသည် မရှိသည်ကို အရှိလုပ်သည်။ ပစ္စည်းဥစ္စာကို ပေါင်းဖော်သောလူတို့သည် သူတို့၌ မရှိသော ကူညီထောက်မမှုနှင့် ချစ်ခင်သနားမှုတို့ကို အရှိလုပ်သည်။ သူတို့၌ ရှိနေသော သာပေါင်းညာစားလုပ်မှု၊ မြှောက်ပင့်နှိုက်ယူမှုတို့ကို မရှိလုပ်သည်။ ပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာများရှိနေချိန်၌ ထိုသူတို့၏ မာယာ၊ သာဌေယျကို မသိနိုင်သော်လည်း ပိုင်ဆိုင်မှုများ ကင်းမဲ့ချိန်၌မူ ထိုသူတို့၏ မာယာ၊ သာဌေယျကို တွေးစရာမလိုဘဲ သိရသည်။ ကြည့်စရာမလိုဘဲ မြင်ရသည်။

မဟာသေနပုဏ္ဏားကြီးသည် မာယာ၊ သာဌေယျနှင့် ဆက်ဆံမှုခရီးကို ရေစီးသန်ခဲ့သူများကို မတွေ့လိုပေ။ မဟာသေနပုဏ္ဏားကြီး ဆက်ဆံခဲ့သော ဝန်းကျင်၌ ထိုကဲ့သို့သောသူများ ရှိချင်မှလည်း ရှိလိမ့်မည်ဖြစ်သည်။ ရှိတန်ကောင်းလည်း ရှိနေနိုင်သည်။ မဟာသေနပုဏ္ဏားကြီးကတော့ ရှိ,မရှိကိုမူ မသိ။

ပိုင်ဆိုင်မှုမဲ့ခြင်းသည် ယုံကြည်မှုကိုလည်း မဲ့စေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကင်းမဲ့နေတတ်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့သည်ဖြစ်၍ ကိုယ်ကျင်လည်ခဲ့သော ဝန်းကျင်ကိုလည်း ယုံကြည်မှု ကင်းမဲ့သွားသည်။ ပိုင်ဆိုင်မှုများ ရှိနေချိန်က သွားလာကျက်စား ကျင်လည်ခဲ့ဖူးသော ဝန်းကျင်သို့ မသွားလာရဲဖြစ်လာသည်။ သွားလာရမည်ကို စိုးထိတ်လာတတ်သည်။

မျက်လုံးစိမ်းများဖြင့် ကြည့်လာကြမည်ကို မရင်ဆိုင်
အရင်းနှီးဆုံးသော မျက်လုံးများက အစိမ်းကားဆုံး
လာမည်ကို စိုးထိတ်သည်။ ပိုင်ဆိုင်မှု ကင်းမဲ့သွားသည်
ပိုင်ဆိုင်မှုများ ရှိနေခဲ့စဉ်က အရင်းနှီးဆုံးဖြစ်ခဲ့သော
ကျင်တို့လည်း ကင်းမဲ့သွားတတ်သည်။ ဘဝသည် အ
ကျန်ကမ္ဘာထဲ၌ ရှင်သန်နေရသကဲ့သို့ ဖြစ်သွားရသည်

မဟာသေနပုဏ္ဏားကြီး၏ ဘဝသည်လည်း အ
ကျန်နေလေသည်။ သိမ်ငယ်စိတ်သည် အတွေးအ
အာရုံ တစ်ခုလုံးအား လွှမ်းမိုးထားသည်။ လဲကျသွား
ဘဝအား တစ်ဖန်ထူမတ်ဖို့ရန် မဟာသေနပုဏ္ဏားကြီး
အားအင်စွမ်းရည်တို့သည် မရှိတော့ပါပေ။ မဟာသေ
ပုဏ္ဏားကြီးသည် လူငယ်တစ်ယောက် မဟုတ်တော့
သေခြင်း၏ နောက်ဆုံးမှတ်တိုင်တွင် ရပ်နေသော အ
ကြီးတစ်ယောက် ဖြစ်ခဲ့လေပြီ။

ဘဝ၌ နောက်ဆုံးမှတ်တိုင်သည် အရေးကြီးဆုံး
သည်။ နောက်ဆုံးမှတ်တိုင်၌ အေးချမ်းစွာ နေသွား
သည်- ဘဝချမ်းသာ တစ်မျိုးပင်ဖြစ်သည်။ ငယ်ရွယ်
ဆင်းရဲခြင်းသည် အသက်ကြီးမှ ဆင်းရဲသည်နှင့် ကွာ
မှုရှိသည်။ ငယ်ရွယ်စဉ်၌ လူတစ်ယောက်တွင် ရုန်း
နိုင်သော အားအင်ရှိသည်။ ဆင်းရဲခြင်းကို တွန်းက
သော စွမ်းရည်ရှိသေးသည်။ လဲပြိုကျနေသော ဘဝ
တည်ဆောက်နိုင်စွမ်း ရှိသေးသည်။ ငယ်ရွယ်ချိန်က
ချမ်းသာသာနေလာပြီး အသက်ကြီးမှ ဆင်းရဲရခြင်း
အကျနာခြင်းဖြစ်သည်။ ကင်းမဲ့သွားသော ပိုင်ဆိုင်
အား တွေးတော၍ မှိုင်တွေရုံသာရှိသည်။ မဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးသည် တွေးတော၍ မှိုင်တွေနေရသည်။

အရှင်သာရိပုတ္တရာမထေရ်ကို မဟာသေနပုဏ္ဏားကြီး တွေ့ချင်သည်။ လျှုဖွယ်ဝတ္ထုတစ်ခုခု လျှုဒါန်း၍ တွေ့ချင်သည်။ လျှုဖွယ်ဝတ္ထု မရှိဘဲ မတွေ့ချင်ပေ။ ထို့ကြောင့် မဟာသေနပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာမထေရ် မမြင်အောင် ပုန်းနေခဲ့သည်။

'ငါ ဒီဆွမ်းကို မထေရ်မြတ်ကို ပေးလှူသင့်တယ်'

မဟာသေနပုဏ္ဏားကြီးသည် ပုဏ္ဏားတို့၏ စာပေဟောပြောပွဲသို့ သွားခဲ့သည်။ စာပေဟောပြောပွဲသည် ကြီးကျယ်ခမ်းနားသည်။ စာပေဟောပြောပွဲသို့ လာရောက်ကြသော လူတိုင်းအား နို့ဃနာထမင်းတစ်ခွက်နှင့် ပုဆိုးပိုင်းတစ်ပိုင်းကို လက်ဆောင်ပေးသည်။ ပုဆိုးပိုင်းသည် အကောင်းစားမဟုတ်၊ အညံ့စားဖြစ်သည်။ ထူထဲကြမ်းတမ်းသည်။ မရှိသော ဆင်းရဲသားများအတွက်ဆိုလျှင် တက်မောစရာဖြစ်သည်။ စာပေဟောပြောပွဲသို့ သွားခဲ့သော မဟာသေနပုဏ္ဏားကြီးသည်လည်း ပုဆိုးပိုင်းနှင့် နို့ဃနာ ထမင်း ရလာခဲ့သည်။

စာပေဟောပြောပွဲမှ အိမ်ရောက်လာသည်နှင့် အရှင်သာရိပုတ္တရာမထေရ်ကို သတိရသည်။ မဟာသေနပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာမထေရ်ကို ရှောင်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ် အိမ်ရှေ့ ဆွမ်းခံကြွလာသည်နှင့် ရှောင်ပုန်းရသည်ချည်းဖြစ်သည်။ ရှောင်ပုန်းရခြင်းသည်လည်း လှူဖွယ်ဝတ္ထု မရှိ၍ ဖြစ်သည်။ ယနေ့မူ မဟာသေနပုဏ္ဏားကြီးတွင် လှူဖွယ်ဝတ္ထု ရှိလာပြီဖြစ်သည်။ လှူဖွယ်ဝတ္ထု ရလာချိန်သည်လည်း လှူဒါန်းဖို့ရာ အချိန်ကောင်းဖြစ်နေသည်။ ရဟန်းသံဃာများ ဆွမ်းခံကြွတော်မူချိန်တွင် ရလာသည်ဖြစ်၍ မဟာသေနပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာမထေရ်အား သတိရခြင်း ဖြစ်သည်။ မျှော်လင့်ခြင်း ဖြစ်ပေသည်။

(ဆက်ပါဦးမည်)

**ဓမ္မာစရိယ သန်းထွန်း**

<u>ကျမ်းညွှန်း</u>

* ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၊ ဝနဝါသီတိဿသာမဏေ ဝတ္ထု။


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

**နှန်းထီပ်တင်**




နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)

ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈

ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဇင်း)]

**နှလုံးအားတိုးဆေး**

ပင်ရင်း နှန်းထီပ်တင်ဆေးတိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၂၀၀၀၉၉၇၊ ☎ (၀၁) ၂၁၁၈၈၃

ရန်ကုန် ပြည့်ဝမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀

မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့။ ☎ (၀၂) ၃၁၀၈၀




www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်စွာ

# လယ်တီဆရာတော်ကြီး၏

# ကပ်ရောဂါ နိမိတ်ထူးနှင့် မြေဖုတ်ဘီလူးတို့အကြောင်း

ရှေးဟောင်းဂန္ထဝင်ကျမ်းများကို စိတ်ဝင်စားသော စာဖတ်ပရိသတ်တစ်ဦးနှင့် ဆုံဖြစ်စဉ်ကဖြစ်၏။ ထိုကာလ၌ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက် ရှိနေ၏။ ထို့ကြောင့် ရှေးဆရာတော်ကြီးများ၏ ဂါထာမန္တရား၊ ဆေးဝါးကောင်းများရှိပါက ရှာဖွေဖော်ပြပေးရန် မေတ္တာရပ်ခံလာသည်။ ထို့ကြောင့် ရောဂန္တရဒီပနီကျမ်းကြီးကို ပြုစုပေးတော်မူခဲ့သည့် လယ်တီဆရာတော်ဘုရားကြီး အကြောင်းအား ကျွန်ုပ်အနေဖြင့် ဦးစွာရှာဖွေ တင်ပြပေးလိုပါသည်။

ငှင်းလယ်တီဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်က မြန်မာပြည်အရပ်ရပ်၌ ပုလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကျောက်ရောဂါများ မကြာခဏ ဖြစ်ပွားဖေါ်ပေါက်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် သတ္တဝါအများ သေကျေပျက်စီးခြင်းကို အကြောင်းပြု၍ ရောဂါကင်းပျောက် ချမ်း



လယ်တီဆရာတော်ဘုရားကြီး

သာမှုရောက်စေရန်အတွက် ကျေးဇူးရှင်လယ်တီဆရာတော
ကြီးက ရောဂန္တရဒီပနီ၊ ဂေါဏသုရာဒီပနီ၊ မဟာသရ
ဂုဏ်တော်ကြီး အန္တရာယ်ကင်းကမ္မဝါတို့ကို ပြုစုတော
ခဲ့လေသည်။

ဤကဲ့သို့ ကျမ်းပြုအရှင် လယ်တီဆရာတော်ဘု
ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းမျှကို ပဏာမ တင်ပြလို
သည်။ ငှင်းလယ်တီဆရာတော်ကို ဒီပဲရင်းမြို့နယ်၊
ပြင်ရွာနေ အဘ ဦးထွန်းသာ၊ အမိ ဒေါ်ကျုံးတို့မှ
ဇာသက္ကရာဇ်(၁၂၀၈)ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရ
အင်္ဂါနေ့တွင် သားဦးရတနာအဖြစ် မီးရှူးသန့်စင်တော
လေသည်။

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်
မင်္ဂလာအိမ်တော်အနီး မန်ကျည်းပင်၌ ထောင်ထားသ
ဝါးလုံးမှ သက်တံပေါ်ပေါက်လာသည်။ ငှင်းသက်
သည် ဖွားသန့်စင်ရာအိမ်တော်ကို လက်ယာရစ်လှည့်လ
အိမ်ခေါင်မှ အထက်ကောင်းကင်သို့ တက်သွားကြော
သိရသည်။ ငှင်းမင်္ဂလာနိမိတ်ကို အစွဲပြု၍ ဆရာတော်
ငယ်နာမည်မှာ မောင်တက်ခေါင်ဟု မှည့်ခေါ်ခဲ့လေသည

မောင်တက်ခေါင်သည် အရွယ်တော်မြောက် ကျော
နေချိန်သို့ရောက်လျှင် ရွာဦးကျောင်းဆရာတော် ဦး
မဟာထေရ် အထံတော်၌ အပ်နှံခဲ့သည်။ စာရေး စာ
ပညာများကို တတ်မြောက်ပြီးနောက် ရှင်သာမဏေအ
နှင့် သာသနာ့ဘောင် တက်ရောက်ချိန်တွင် ရှင်ဉာ
ဟူသော ဘွဲ့အမည်ကို ခေါ်ဝေါ်ခဲ့ရလေသည်။ ငှင်းနော
သက်တော်(၂၀)ကျော်တွင် မန္တလေးမြို့ စံကျောင်းဆ
တော်နှင့် စလင်းဦးပဏ္ဍိစ္စတို့ထံ ပညာရင်နို့ သောက်
ဘဝမှ ပထမစာချတာဝန်များ ယူနေရင်းမှာပင် (၁၂
ခုနှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူခဲ့သည်။

(၁၂၄၈)ခုနှစ်သို့ ရောက်ချိန်တွင် မန္တလေးမြို့မှ
မြို့ လယ်တီကျောင်းတိုက်ကြီးကို စတင်ဓာည်ထောင်
သည်။ လယ်တီကျောင်းတိုက်ကြီးမှ ပညာရင်နို့သော

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာကြသော တပည့်သံဃာအပေါင်းတို့အား ပို့ချတော်မူခြင်း၊ ဒကာ,ဒကာမ အပေါင်းအား တရား အေး တိုက်ကျွေးတော်မူခြင်း၊ ပါဠိ-မြန်မာ ကျမ်းဂန်တို့ ရေးသားပြုစုတော်မူခြင်း၊ အမေးပုစ္ဆာပြဿနာအရပ် တို့ကို ဖြေရှင်းတော်မူခြင်း စသော ဂုဏ်အပေါင်းတို့ ကြောင့် လယ်တီဆရာတော်ကြီးဟူ၍ အာရှ၊ ဥရောပအနှံ့ ကျော်စော‌ကီတ္တိ ဂုဏ်ရှိန်ကြီးလှ၏။

ထို့ကြောင့် ဘုရင်မင်းတို့က အဂ္ဂမဟာပဏ္ဍိတဟူ သော ဘွဲ့တံဆိပ်၊ ဒီလစ်ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်တို့ကို လက်ခံရရှိတော်မူခဲ့လေသည်။ စီရင် ပြုစုတော်မူခဲ့သော ကျမ်းများမှာ (၇၀)အုပ်အထိရှိခဲ့ပြီး (၁၂၈၅)ခုနှစ်၊ ပထမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့တွင် ပျဉ်း မနားမြို့၌ ပျံလွန်တော်မူရှာသည်။ ယခု (၁၃၇၉)ခုနှစ် တွက်ကြည့်လျှင် လယ်တီဆရာတော်ကြီး ပျံလွန် တော်မူခဲ့သည်မှာ နှစ်ပေါင်း(၉၄)နှစ်ရှိပြီ ဖြစ်ပါသည်။

၎င်းဆရာတော်ကြီး ပြုစုတော်မူခဲ့သော ရောဂန္တရ ဒီနီကျမ်းထဲတွင် လောကီလူတို့ မြို့ရွာများတွင် ကပ် ဆိုက်ရောက်ခါ အတိတ်နိမိတ်ထူးများအကြောင်းကို ယခုခေတ် လူအများ သတိထားနိုင်စေရန်အတွက် တင်ပြပေးလိုပါ သည်။

(၁) ခွေးသတ္တဝါတို့ အထူးဆူအူခြင်း။
(၂) နေ့အခါ၌ ကျီးသတ္တဝါတို့ အထူးဆူညံခြင်း။
(၃) ညအခါ၌ ကျီးသတ္တဝါတို့ ထကြွလှုပ်ရှားခြင်း။
(၄) ညအခါ၌ 'ကုပ်ကရူး'ဟု ခေါ်သော ငှက်ဆိုးတို့ အော်မြည်ခြင်း။
(၅) မိမိတို့မြို့ရွာ ဆိပ်ကမ်းသို့ တပ်လှေ၊ တပ်သင်္ဘော ဆိုက်လာသည်ဟု အိပ်မက်မြင်မက်ခြင်း။
(၆) ကုန်းမြို့ရွာတို့မှာ မိမိတို့ရွာသို့ တပ်ဆိုက်လာသည် ဟု မက်ခြင်း။
(၇) အချို့သော မြို့ရွာတို့၌ နေဝင်ရီတရောအခါမှာ မိမိ တို့မြို့ရွာသို့ တပ်ချီ၍လာသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ မြင်ရခြင်း။
(၈) မိမိတို့ မြို့တွင်း၊ ရွာတွင်းသို့ 'သရဲ'ဟုခေါ်သော လူနီကြီးများ ဝင်လာသည်။ ဝက်ကောင်ကြီးများ ဝင်လာသည်။ နွားမတမ်းခန့်ရှိသော ခွေးကောင် ကြီးများ ဝင်လာသည်။ တစ်ထွာတစ်မိုက်ခန့် အမွေး ရှိသော ရေသဘက်ကောင်ကြီး၊ ကုန်းသဘက် ကောင်ကြီးများ ဝင်လာသည်ဟု မြင်မက်ခြင်း။
(၉) မည်သည့်အိမ်ပေါ် တိုက်ပေါ်သို့လည်းကောင်း၊ မိမိ အိမ်ပေါ် တိုက်ပေါ်သို့လည်းကောင်း ထိုအကောင် ကြီးများ တက်လာသည်ဟု မြင်မက်ခြင်း။
(၁၀) ညအခါ၌ မိမိတို့မြို့တွင်း၊ ရွာတွင်းမှာ ထိုအကောင် ကြီးများ သွားလာနေကြသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြခြင်း၊ မိမိတို့ ဝင်းထဲ ခြံထဲမှာ တိုက် နောက်ဖေး၊ အိမ်နောက်ဖေးများ၌ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြခြင်း။
(၁၁) နေဝင်စအခါ မြို့ရွာအနီးမှာ တွေ့မြင်ကြခြင်း။
(၁၂) ညအခါ မြစ်ရေထဲ အင်းရေထဲမှ တက်လာ၍ မြို့ တွင်း ရွာတွင်းသို့ ဝင်ကြသည်ကိုလည်းကောင်း၊ အိမ်ပေါ်သို့ တက်ကြသည်ကိုလည်းကောင်း မြင် မက်ခြင်း။
(၁၃) မြစ်ဆိပ်များ လှေနှင့်နေကြရာ နေဝင်စအခါ မြစ် ရေထဲမှ 'ဘွားခနဲ‥ဘွားခနဲ' ပေါ်ကြ၍ မြို့တွင်း ရွာတွင်းသို့ ဝင်ကြသည်ကို ဒိဋ္ဌတွေ့မြင်ကြခြင်း။
(၁၄) ရေထဲမှ ပေါ်လာ၍ မိမိတို့လှေပေါ်သို့ တက်လာ သည်ကိုလည်းကောင်း၊ သူတစ်ပါးလှေပေါ်သို့ တက် လာသည်ကိုလည်းကောင်း ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင် ကြခြင်း။
(၁၅) မြို့တွင်း ရွာတွင်း၊ ဝင်းတွင်း ခြံတွင်းတို့၌ မိန်းမ နက်ကြီးများကို တွေ့မြင်ကြခြင်း။
(၁၆) လူနည်းပါးသော အိမ်ကြီး၊ တိုက်ကြီး၊ ကျောင်းကြီး များ၌ အိမ်အောက် အိမ်ပေါ်၊ တိုက်အောက် တိုက် ပေါ်၊ ကျောင်းအောက် ကျောင်းပေါ်တို့မှာပင် တွေ့ မြင်ကြခြင်း။
(၁၇) မြို့တွင်း ရွာတွင်းသို့ ဆင်တွေဝင်သည်၊ ကျား တွေဝင်သည်၊ နွားတွေဝင်သည်၊ ကျွဲတွေဝင်သည် ဟု မြင်မက်ခြင်း။
(၁၈) မြို့တွင်း၊ ရွာတွင်းမှာ မီးလောင်သည်ဟု မြင်မက် ခြင်း၊ ဓားပြတိုက်သည်ဟု မြင်မက်ခြင်း။
(၁၉) နေ့အခါ၌ မြို့တွင်း ရွာတွင်းသို့ ကျားဝင်ခြင်း၊ သစ် ဝင်ခြင်း၊ တောယုန်ဝင်ခြင်း၊ သမင်၊ ဒရယ်စသော တောတိရစ္ဆာန်တို့ ဝင်လာခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၂၀) ရှေးကာလ သောင်တုံးမြို့မှာကဲ့သို့ အိမ်ပေါ်၊ တိုက်ပေါ်မှ အခိုးတလူလူထသည်ကို မြင်ရခြင်း။

(၂၁) ရှေးကာလ ဟင်္သာတမြို့မှာကဲ့သို့ ညအခါ၌ မြို့တွင်း၊ ရွာတွင်းမှာ အပုပ်အနံ့လှိုင်ခြင်း။

(၂၂) မြို့ပေါ်၊ ရွာပေါ်မှာ ကျီး၊ လင်းတများစွာတို့ ဝဲနေတတ်ခြင်း။

(၂၃) မြို့ပေါ်၊ ရွာပေါ်မှာ မိုးတိမ်နီ၊ မိုးတိမ်ဝါတို့ တောက်ခြင်း။

(၂၄) မြို့ရွာအတွင်းမှာ ယင်ကောင်ကြီး၊ ယင်ကောင်ငယ်တို့ အထူးများပြားခြင်း။

(၂၅) အိမ်တွင်း၊ တိုက်တွင်းမှာ အိမ်မြှောင်၊ ယင်ကောင်၊ ကြွက်သတ္တဝါတို့ ရုတ်တရက် သေဆုံးသည်ကို တွေ့မြင်ကြခြင်း။

(၂၆) ကျွဲ၊ နွား သတ္တဝါတို့ ညဥ့်အခါ၊ နေ့အခါတို့၌ တရှန်းရှန်းလန့်နေတတ်ခြင်း။

(၂၇) မြင်း၊ သိုး၊ ဆိတ်တို့ ကပ်ဥပဒ်ကျရောက်ခြင်း၊ တစ်စုံတစ်ခုဖောက်ပြန်မှု ပေါ်ပေါက်လာတတ်ခြင်းစသော အတိတ်နိမိတ်ထူးများမှာ ကပ်ရောဂါဆိုးတို့ ကျရောက်တော့မည့် အခြေအနေတို့ပင် ဖြစ်သည်။

ဆက်လက်၍ လယ်တီဆရာတော်ဘုရားကြီးက ရောဂနိဒါနဒီပနီကျမ်းထဲတွင် ဘီလူး၊ သဘက်၊ အစိမ်းသရဲတို့အကြောင်း တင်ပြထားပြန်သည်။ ၎င်းအကြောင်းအရာတို့မှာလည်း ယနေ့ခေတ် လူများအားလုံးအတွက် မှတ်သားဖွယ် ကောင်းလွန်းလှသောကြောင့် စာရေးသူ ကျွန်ုပ်က တင်ပြပေးလိုက်ရပါသည်။

ဆရာတော်ဘုရားကြီးမှ နိဒါန်းပျိုးထားသည်မှာ လောက၌ ဝဠ္ဌေမှင်စာဟု ခေါ်ကြသော နတ်ယုတ်၊ နတ်ညံ့မျိုးတို့လည်း များစွာရှိကြကုန်သတဲ့။ ၎င်းတို့သည် အကြီးအကျယ် အန္တရာယ်မပြုနိုင်ကြကုန်ဟု မှတ်ချက်ပြုထားသည်။ ခြောက်ရုံ၊ လှန့်ရုံ၊ ခေါင်းမူးရုံ၊ ခေါင်းလေးရုံ၊ သူငယ်ကလေးများကို အငိုတိတ်ရုံသာ ပြုကြကြောင်း အတိအလင်း ဖွင့်ဆိုထားလေသည်။

၎င်းတို့၏ အနေအထားအရွယ်ကိုလည်း အကောင်သဏ္ဌာန်ငယ်ကြောင်း သိရသည်။ သားစိမ်းစား၊ ငါးစိမ်းစားများ မဟုတ်ကြကုန်။ လူတို့၏ စားကြွင်းစားကျန်တို့ကို ရှာကြံကောက်ယူ၍ စားသောက်နေထိုင်ကြကြောင်း



လယ်တီဆရာတော်ဘုရားကြီး

တင်ပြထားသည်။ သရဲ၊ သဘက်ဟု ခေါ်သော ဘီ[illegible] တို့သည်သာလျှင် အကြီးအကျယ် အန္တရာယ်ကပ် [illegible] ကို ပြုနိုင်ပေသည်။

ထိုဘီလူးတို့သည်ကား (၁) ကုန်းဘီလူး၊ (၂) မြေ[illegible] ဘီလူး၊ (၃) ရေဘီလူးဟူ၍ (၃)မျိုးရှိကြောင်း သိရသ[illegible]

(၁) ကုန်းဘီလူး

ကုန်းဘီလူးဆိုသည်ကား မြို့တွင်းမြို့ပြင်၊ ရွာ[illegible] ရွာပြင် သစ်ပင်ကြီး၊ ဝါးပင်ကြီး၊ ထန်းပင်ကြီး၊ [illegible] ကြီးတို့၌လည်းကောင်း၊ ဂူဟောင်း၊ လိုဏ်ဟောင်း၊ [illegible] ဟောင်း၊ ကျောင်းအို၊ ကျောင်းပျက်၊ ဘုရားပျက် [illegible] တို့၌လည်းကောင်း၊ တောကန္တာရ၊ တောင်ကန္တာရ [illegible] ကန္တာရတို့၌လည်းကောင်း၊ များသောအားဖြင့် သ[illegible] သင်္ချိုင်းတို့၌ နေကြကုန်သော ဘီလူးတို့ကို ကုန်းဘီ[illegible] ဟု ဆိုသည်။

(၂) မြေဘီလူး

မြေဘီလူးဆိုသည်ကား မြေထဲ၌ နေကြကုန်[illegible] မြေဖုတ်ဟူ၍ခေါ်သော ဘီလူးမျိုး၊ မြေထဲမှာ တွင်း[illegible] ရှိရာ၌ မြို့ရွာတည်ထောင်၍ နေတတ်ကြသော [illegible] ဟုခေါ်သော မြေဘီလူးတို့ကို ဆိုသည်။

(၃) ရေဘီလူး

ရေဘီလူးဆိုသည်ကား ပင်လယ်ထဲ၌လည်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ချောင်းထဲ၊ အင်းထဲ၊ အိုင်ထဲ၊ ရေတွင်းအို၊ ရေကန်အိုတို့၌ ...ည်းကောင်း၊ သမုဒ္ဒရာအလယ်ကျွန်းငယ်တို့၌ နေကြကုန်သော ဘီလူးတို့ကို ဆိုသည်။ ရံဖန်ရံခါ ပင်လယ်၌ သွားလာကြကုန်သော လှေသင်္ဘောတို့ကို နှောင့်ယှက်ဘတ်ကြကုန်၏။ အာဋ္ဌာနာဋ္ဌမြို့ အစရှိကုန်သော ကောင်းကင်မြို့တို့၌ နေကြကုန်သော ကောင်းကင်ဘီလူးတို့လည်း ရှိကြကုန်သေး၏။

ထိုတွင် ဘီလူးတို့ကို သုံးသပ်လေ့လာကြည့်သော အခါ -

(၁) တန်ခိုးငယ်သော ဘီလူးတို့သည် ဝမ်းရောဂါမျှကို သာ ပြုလုပ်နိုင်ကြကုန်၏။

(၂) တန်ခိုးကြီးသော ဘီလူးတို့ကား ပလိပ်ရောဂါ၊ ဝမ်းရောဂါ နှစ်ပါးတို့ကို ပြုလုပ်နိုင်ကြကုန်၏။

ရှေးက ဖြစ်ပွားခဲ့ဖူးသော ကပ်ရောဂါတို့အထဲတွင် ပလိပ်ရောဂါကို ဆေးကျမ်းဂန်တို့၌ အဟိဝါတရောဂါဟု ခေါ်ဆိုလေသည်။ မြွေနဂါးတို့၏ လေအခိုးသင့်၍ဖြစ်သော ရောဂါဟု ဆိုလိုသည်။ 'ကာဠရောဂါ' ဟူသော စကား၌ ကာဠ သဒ္ဒါကား မည်းနက်သောအနက်ကို ဟော၏။ မည်းနက်သော အဆင်းရှိသော ဘီလူးကောင်ကြီးတို့ ပြုလုပ်၍ ဖြစ်သော ရောဂါတစ်မျိုးဟု ဆိုလိုသည်။

ငှင်းပလိပ်ဆေးနည်း ဖော်စပ်ပုံကိုလည်း တင်ပြရလျှင် စိန်(၁)ကျပ်၊ ဘင်ဟုခေါ်သော ဆေးကျောက် (၃) ကျပ်သားတို့ကို ညက်စွာကြိတ်ပါ။ ပြီးလျှင် ပလိပ်ရောဂါဖြစ်သူကို နှာခေါင်းနှစ်ဖက်၌ နှာနှတ်ပေးရမည်။ အဖုအကျိတ်ပေါ်ခဲ့သော် လက်ဖက်ခြောက်ကို ကျက်ကျက်ကျို၍ ထိုအရည်နွေးနွေးနှင့် ကြပ်ကြပ်နယ်ပေးရမည်။ ထို့နောက် လူနာ၏ ခေါင်းရင်း၌နေ၍ စက်ကြီး(၁၃)ပါး မန္တရားကို အခေါက်များစွာ နာနာရွတ်သော် အနာရောဂါကပ်မှ လွတ်မြောက်နိုင်ကြောင်း သိရသဖြင့် ရှေးဖြစ်ဟောင်းနှင့် ယနေ့ခေတ် ဖြစ်ပေါ်နေသော ကပ်ရောဂါတို့ နှိုင်းယှဉ်တွဲ၍ ဆင်ခြင်နိုင်ရန် ထပ်လောင်းတင်ပြလိုက်ရလေသည်။

**အောင်ကျော်စွာ**

Dictionary for All

သာလွန် အင်္ဂလိပ်-မြန်မာ အဘိဓာန်

THALUN
Bookstore
Yangon

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၀၈၊ ၂၄၉၂၀၈
အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈



www.burmeseclassic.com

www.burmeseclassic.com

# စကြာမင်းသား ကံကြမ္မာနှင့် ဘိုးဘိုးအောင်

ရွှေဘလေး(လှူဗိလင်)

စကြာမင်းဟူသည်မှာ လက်နက်စကြာ ရရှိသော ဘုန်းတန်ခိုးမြင့်မားသည့် မင်းများကို ဆိုလိုခြင်း ဖြစ်သည်။ စကြာလက်နက်ကြောင့် ကျွန်းကြီးလေးကျွန်းကို ပင် ကူးသန်းနိုင်၍ စေလိုရာ ပြီးမြောက်သည်ဟု အဆိုရှိ၏။ မြန်မာ့သမိုင်းတွင် ထင်ရှားသော စကြာမင်းတစ်ပါး ပေါ်ပေါက်ခဲ့ဖူးလေသည်။ ဘိုးတော်မင်းတရားလက်ထက် (၁၁၇၄)ခုနှစ်တွင် အိမ်ရှေ့မင်းသား စစ်ကိုင်းမင်း၏မိဖုရား ဆင်ဖြူမယ်မှ သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ ထိုသားတော်ကို ညောင်ရမ်းမြို့ကို အပိုင်စားပေးသဖြင့် ညောင်ရမ်းစားဟု မည်တွင်၏။ ထိုမင်းသားသည် စကြာမင်းပင် ဖြစ်လေတော့သည်။

**အိပ်မက်နှင့် အတိတ်နိမိတ်များ**

စကြာလောင်းလျာ ညောင်ရမ်းမင်းသားကို ဖွားမြင်တော်မမူမီ အတိတ်နိမိတ်ကြီးများ ဖြစ်ပေါ်လေ၏။

တစ်ခုသောလပြည့်နေ့ ညအချိန်တွင် ဘိုးတော်မင်းတရားသည် ထူးဆန်းသောအိပ်မက် မြင်မက်တော်မူ၏။

အိပ်မက်ထဲတွင် ပြည်မင်းသားသည် ဆေးဝိဇ္ဇာ နှစ်ရုပ်ကို ယူလာပြီး 'ထိုနှစ်ရုပ်ကို နောင်တော် စစ်ကိုင်းမင်းမောင်နှံသို့ ပေးလိုပါသည်။ ဘိုးတော် ခွင့်ပြုပါ'ဟု ဆိုသည်။

ဘိုးတော်ဘုရားက 'ငါ ခွင့်ပြုသည်။ ပို့တော့'ဟု ဆိုသဖြင့် စစ်ကိုင်းမင်း အိမ်တော်သို့ အတီးအမှုတ်နှင့် ပို့လေသည်။

ဆင်ဖြူမယ်သည် ဆေးဝိဇ္ဇာတစ်ရုပ်ကို လှမ်းယူလိုက်စဉ် တစ်နန်းတော်လုံး လျှပ်စစ်လျှပ်ပန်းနွယ်များ ပြိုးပြိုးပြက်ပြက် တောက်လောင်ပြီး စစ်ကိုင်းမင်း အိမ်တော်တစ်ခုလုံး မီးလောင်ပြာကျသွားသည်ဟူ၏။ ထိုအချိန်ဝယ် ဘိုးဘိုးအောင်ပေါ်လာပြီး တခြားဆေးဝိဇ္ဇာရုပ်ကို လှမ်းယူစဉ် အလွန်ကြီးမားသော လပြည့်ဝန်းအတွင်း၌ မြင်းပျံတော်တစ်စီး ဖြစ်သွားသည်။

နံနက်လင်းသောအခါ မင်းတရားကြီးသည် မှူးမတ်ပညာရှိဖြစ်သော အယူတော်မင်္ဂလာအား အိပ်မ[က်] အကြောင်းကို အကြောင်းစုံ ပြောကြားပြီး မေးမြန်းတော်[မူ] မူလေရာ အယူတော်မင်္ဂလာသည် လေးနက်စွာ စဉ်းစ[ား] ပြီး-

'ရေမြေ့ရှင်မင်းတရားကြီးဘုရား·· အိပ်မက်တော်[] အလိုအရ မြေးတော်ဆင်ဖြူမယ်တွင် ကောင်းမြတ်သော နက္ခတ်နှင့်ယှဉ်၍ မြင့်မြတ်သောသန္ဓေ စရောက်ပြီ [ဖြစ်]ကြောင်းပါဘုရား'ဟု လျှောက်တင်လေ၏။

ယင်းနောက် ဆက်၍ လျှောက်တင်သည်မှာ-

'တူရိယာဗုံမောင်းတို့ဖြင့် ဆေးဝိဇ္ဇာရုပ်ကို ပို့သ[ည်] ဆိုရာ၌ ဖွားဖက်တော် ခုနစ်ဦးတို့လည်း အသီးသီး သ[န္ဓေ] ယူကြပြီးဖြစ်ပါသည်ဘုရား။

ဆေးဝိဇ္ဇာရုပ်ဟုဆိုခြင်းကြောင့် မြစ်တော်အား ဝိဇ္ဇာ အပေါင်းက စောင့်ရှောက်တော်မူကြမည် ဖြစ်ပါသ[ည်] ဘုရား။ သန္ဓေသားအား နောင်အခါ နတ်ဝိဇ္ဇာတို့ ကယ်[] မည်ဟု နားလည်ရပါသည်ဘုရား။

ဆေးဝိဇ္ဇာရုပ်တစ်ရုပ်သည် မြင်းတော်ဖြစ်သွားသ[ည်] ဟူသော အိပ်မက်အရကတော့ ရွှေလမင်းအမည်တွင်သ[ော] မြင်းတော်လည်း ပေါ်ပေါက်လာပါလိမ့်မည်ဘုရား။ အ[ိမ်] တော်ကို မီးလောင်သည်ဟု မြင်မက်သည်မှာ မယ်တော်[] ဆင်ဖြူမယ်သည် မီးနေစဉ်ကာလ ခုနစ်ရက်အတွင်း [] တော်ကုန်ပါလိမ့်မည်ဘုရား'

စသဖြင့် ပြတ်သားစွာ လျှောက်တင်လိုက်လေသ[ည်]။

ထိုအခါ ဘိုးတော်မင်းတရားလည်း ဝမ်းမြောက်တော်မူ၍ အယူတော်မင်္ဂလာ ပညာရှိ အမတ်အား ပတ္တမြား[] လက်စွပ်နှင့်တကွ ဆုလာဘ်များ ပေးသနားတော်မူလိုက်၏။

**စကြာမင်းကို ဖွားမြင်တော်မူ**

သက္ကရာဇ်(၁၁၇၄)ခုနှစ်၊ တန်ဆောင်မုန်းလ[] အင်္ဂါနေ့နံနက် နေထွက်ချိန်တွင် ဘိုးတော်မင်းတရား[] မြေး ဆင်ဖြူမယ်သည် သားတော်တစ်ပါး ဖွားမြင်[]



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မိဖုရား ဆင်ဖြူမယ်သည် (၇)ရက်တိုင် ဖွားမြင်ရခြင်း ဖြစ်၏။ ရွှေထီးလေးလက်နှင့် ရွှေလင်ပန်းခံ၍ မွေးဖွားစေသော်လည်း ဖွားတော်မမူသဖြင့် အယူတော်မင်္ဂလာ၏ လျှောက်တင်ချက်အရ ထီးဖြူ (၇)လက်နှင့် နဝရတ်(၉)ပါးခံပေးမှ ဖွားမြင်တော်မူနိုင်သည်။

ဖွားမြင်တော်မူချိန်တွင် -

- စံအိမ်တော်မှ သြဘာသံများ အလိုအလျောက် ထွက်ခြင်း၊
- ထီးဖြူတော် အလိုလိုပွင့်ခြင်း၊
- တစ်မြို့လုံး မိုးသည်းထန်စွာ ရွာခြင်း၊
- ဗဟိုစည် အလိုလိုမြည်ခြင်း စသော နိမိတ်ထူးများ

ပေါ်လာသည်။

ဖွားမြင်တော်မူသော မင်းသားကလေးသည် ကြန်အင် လက္ခဏာနှင့် ပြည့်စုံတော်မူသည်။ ဘယ်ဘက် လက်ဝါးနှင့် ဘယ်ဘက် ပါးတွင် စံပယ်တင်မှဲ့ရှင် တစ်လုံးစီ ပါရှိ၍ ပါးပေါ် ခွဲတည့်တည့်တွင် တစ်မိုက်ခန့် ရှည်၍ ဖြူဆွတ်သော မွေးရှင် တစ်ပင် ပါရှိ၏။ ညာဘက် လက်ဝါးနှင့် ခြေဖဝါးနှစ်ဖက်တွင် စကြာပုံတောင်းပုံ အမှတ်အသားပါရှိပြီး လက္ခဏာထီးရိုးမှာ လက်ညှိုးဖျားအထိ ထင်ရှား၏။

မင်းသားကို ဖွားမြင်ချိန်တွင် မြင်းတော် တစ်စီးနှင့် ဆင်မှတ်၊ မောင်မြတ်ရာ စသော ဖွားဖက်တော်(၇)ဦးတို့ကိုလည်း တစ်ပြိုင်နက် ဖွားမြင်သည်။ မင်းသားကို ဖွားစဉ် ဘိုးတော်မင်းတရား ဦးတွင်လည်းကောင်း၊ ဆင်ဖြူမယ်ခန်းမဆောင်တွင်လည်းကောင်း ဘိုးအောင်နှင့် တစ်ထေရာတည်းတူသော လူသူတော်(၁၂)ဦးတို့က စောင့်ရှောက်နေသည်ကို တွေ့မြင်ကြရသည်ဟု အဆိုရှိကြသည်။

**တော်မယ်နု၏ ရန်ငြိုး**

စစ်ကိုင်းမင်းသားတွင် ဆင်ဖြူမယ် အိမ်ရှေ့မိဖုရားအပြင် အခြား ထင်ရှားသော မိဖုရားတစ်ပါး ရှိသေးသည်။ ထိုမိဖုရားကား ပုဂံမင်းမျိုး ဆက်ဟုဆိုသော မင်းသား သီဟကျော်စွာ၏သမီး ရေဦးအနောက် တိုင်အကွာရှိ ဖလံခုံ(ဖလံကုန်း)ရွာသူ မယ်နုဆိုသူ ဖြစ်လေ၏။ ၇၅)ခုနှစ်တွင် အိမ်ရှေ့မိဖုရား မြှောက်ခြင်းခံရသူ ဖြစ်လေသည်။

အရပ်စကားများအရ မယ်နု၏ ထဘီကို စွန်တစ်ကောင်က သုတ် ၍ နန်းပြာသာဒ်ဖျားတွင် ချထားခဲ့ရာမှ ဘုန်းရှိသော အမျိုးသမီးဟူ၍ ရှေ့မင်းက ကောက်ယူသည်ဟု ဆိုကြသည်။ နောင်တော် စစ်ကိုင်း နန်းတက်သည့်အခါကျမှ မိဖုရားခေါင်ကြီးဖြစ်လာ၍ နန်းမတော် နုဟူသော အမည်ဖြင့် ထင်ရှားလာခြင်းဖြစ်၏။

အိမ်ရှေ့မိဖုရားမဖြစ်မီ အိမ်ရှေ့မင်း၏မောင်းမ၊ ကိုယ်လုပ်တော် ရှိစဉ်ကပင် သြဇာကြီးသည်။ မင်းသား၏ မြတ်နိုးခြင်း ခံရသည်။


စကြာမင်းသား



www.burmeseclassic.com

www.burmeseclassic.com

အကြံဉာဏ်လည်း ကြီးသည်။ အိမ်ရှေ့မောင်းမမယ်နုသည် ဆင်ဖြူမယ်မရှိမှ မိမိသည် အိမ်ရှေ့မိဖုရားဖြစ်မည်။ သို့မှသာ နောင်အခါတွင် မိဖုရား ခေါင်ကြီးဖြစ်လာနိုင်မည်ဟူသော အသိရှိထားသဖြင့် ဆင်ဖြူမယ်ကို မလိုမုန်းထားဖြစ်ကာ ဖယ်ရှားရန် အကြံထုတ်လျက် ရှိနေခဲ့သည်။

**ဆင်ဖြူမယ် ကံတော်ကုန်**

မယ်နုသည် ဘိုးတော်မင်းတရား ချစ်မြတ်နိုးသော ဆင်ဖြူမယ်ကို မလိုမုန်းထားသော်လည်း ဟန်ဆောင်၍ ချစ်ခင်လေးမြတ်ဟန်ပြခဲ့သည်။ မင်းသားလေးကို ဖွားမြင်ပြီးနောက် ဆင်ဖြူမယ်သည် နွမ်းနယ်နေသဖြင့် မယ်နုသည် ယုယပြုစုဟန်ဖြင့် ဆင်ဖြူမယ်အား အပေါ်မှအဝတ်များ၊ စောင်များဖြင့်ဖိကာ မွန်းနှစ်၍ ကံကုန်အောင် သတ်ဖြတ်လုပ်ကြံလိုက်တော့သည်။ ဆင်ဖြူမယ် ကံကုန်ပြီးနောက် မယ်နု မျှော်လင့်ထားသည့်အတိုင်းပင် အိမ်ရှေ့မိဖုရား ဖြစ်လာခဲ့၏။

ဘိုးတော်မင်းတရားသည် မြစ်တော် မင်းသားကလေးအား သတိုးမင်းလုံ့ရွှေတောင်ဘွဲ့နှင့် ညောင်ရမ်းမြို့ကို အပိုင်စားပေးတော်မူသဖြင့် ညောင်ရမ်းမင်းသားဟု ခေါ်တွင်လာခဲ့ကြသည်။ သို့ရာတွင် ခြေဖဝါး၊ လက်ဖဝါးတို့တွင်ပါရှိသော စကြာပုံကို အစွဲပြု၍ စကြာမင်းဟူ၍လည်း ထင်ရှားလာသည်။ ဘိုးတော်သည် မြစ်တော်ကလေးကို ချစ်မြတ်နိုးသောကြောင့် တရားစီရင်ရာ ညီလာခံသဘင်၌ပင် စကြာမင်းသားကလေးကို ရင်ခွင်ပေါ်တွင် ထားလေ့ရှိလေသည်။

**အတိတ်တဘောင် နိမိတ်ဆောင်**

တစ်ခါသော် နေပြည်တော်တစ်ဝန်း၌ တဘောင်သီချင်းများ ပေါ်လာ၏။ တဘောင်ဆိုသည်မှာ လူအများက အမှတ်မထင် ပြောကြားသီဆိုကြသော စကားပင်ဖြစ်သည်။ မည်သူက စတင်၍ မည်သူက တီထွင်ကြောင်း သဲလွန်စရှာ၍ မရတတ်ချေ။ သို့ရာတွင် သူရောငါပါ အဓိပ္ပာယ်မသိဘဲ ဆိုကောင်းသဖြင့် ဆိုကြရာမှ တစ်ရပ်လုံး၊ တစ်ရွာလုံး၊ တစ်နိုင်ငံလုံး ပျံ့နှံ့သွားတတ်သည်။

**ထိုအချိန်က ပေါ်လာသော တဘောင်မှာ-**

ပင်ကုက္ကိုညောင်တွဲလို့၊
အောင်ပွဲရတို့သခင်၊
ဘုန်းတောက်မည့်အင်၊
မြတ်ရာဝင်၊
အုံ့ချီးဖွယ် ကမ္ဘာတွင်လိမ့်၊
စာစောင်သော် ဘယ်မည်သြိုးတယ်၊
ဘိုးတော်ချစ်သွေး။
ပင်ကုက္ကိုကြားက၊
ငါမင်းသားထိုင်လို့နေ၊
ရွတ်လိုက်တဲ့ဂါထာတွေ၊
သိန်းကုဋေခြောက်သန်း၊
အင်းလမ်းနှင့် စမစုံသည်၊
ဉုံမပေါ ထွက်ရပ်သို့မြန်း...ဟူ၍ ဖြစ်သည်။

ထိုအခါ ဘိုးတော်မင်းတရားသည် တဘောင်နိမိ... ကို သိလိုသောကြောင့် အမတ်ပညာရှိ အယူတော်မင်္ဂ... အား မေးမြန်းလေရာ အယူတော်မင်္ဂလာက-

တဘောင်သီချင်းတွင် ကုက္ကိုဆိုသောကြောင့် တန... သားကို ယူရသဖြင့် အရှင်မင်းမြတ်ကို ဆိုလိုပါသ... မြစ်တော် ညောင်ရမ်းမင်းသားသည် အင်္ဂါသားဖြ... ညောင်ဟူသော စကားဖြင့် ညွှန်းပါသည်။ ကုက္ကိုဟူ... အရှင်မင်းမြတ်၏ ရင်ခွင်တွင် ညောင်တည်းဟူသော ... တော် ညောင်ရမ်းမင်းသားကလေး စံတော်မူသဖြင့် ... သမိုင်းတွင် အံ့ချီးမကုန်သော တန်ခိုးများပြပါလိမ့်မ... ဉုံမပေါ ထွက်ရပ်သို့မြန်းဟု ဆိုထားသဖြင့် ထွက်ရပ်... ကို ကိုယ်တိုင် အားမထုတ်ရဘဲ ဝိဇ္ဇာတို့၏ အမအ... ထွက်ရပ်လမ်းပေါက်တော်မူပါလိမ့်မည်။ မကောင်း... အန္တရာယ်ဆိုးတို့ တစ်စုံတစ်ရာ ကြုံဖွယ်ရာမရှိကြ... စိတ်အေးချမ်းသာ စံတော်မူပါဘုရားဟု လျှောက်... သဖြင့် မင်းတရားကြီးက သဘောတော်ကျ၍ ဆု... များ ပေးသနားတော်မူလိုက်ပြန်သည်။

**စကြာမင်းသား တန်ခိုးပြ**

စကြာမင်းခေါ် ညောင်ရမ်းမင်းသားသည် သ... ကောင်း၍ အေးဆေးစွာ နေတတ်သည်။ စကားကို ... စွာမပြော၊ မင်းမှုစိုးခွင်ကို စိတ်မဝင်စား၊ အခြေအ... အကပ်မခံဘဲ အေးဆေးစွာ တစ်ပါးတည်း စံမြန်း... ပြီး အချိန်အားလျှင် ပုတီးစိပ်နေလေ့ရှိ၏။ နိုင်ငံတော်... သူပုန်သူကန်အရေးကြောင့် မြေးတော်မင်းသားပီ... ဝန်နှင့် စစ်ထွက်ရသည့်အခါ အလွယ်တကူ စစ်အောင်... ရှိသဖြင့် နာမည်ကောင်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ရသည်ကိုပင် အခြားမင်းညီမင်းသား မှူးမတ် ...တို့က မနာလိုဖြစ်ကြသည်။ ကုန်းချောရန် အခါအခွင့်ကို ...င့်ကြသည်။ မင်းသားကမူ မည်သူ့ကိုမျှ အရေးမထား ... ပုတီးစိပ်မြဲ စိတ်နေလေ့ရှိ၏။

ဘိုးဘိုးအောင်သည် ဆင်ဖြူမယ်၏ ကျေးဇူးရှိသည် ... တစ်ကြောင်း၊ မင်းသားလေး၏ ဘုန်းသမ္ဘာကို သိမြင် ...သည်က တစ်ကြောင်းတို့ကြောင့် မကြာခဏ ကိုယ် ...င်ပြ၍ မင်းသားလေးကို သွန်သင်ဆုံးမ နည်းလမ်းပြ ...ကျက် ရှိတတ်၏။ ထိုအခါ အခြားနန်းတွင်းသူနန်းတွင်း ...များက မင်းသားကလေး၏ စံအိမ်တော်တွင် လူသူ ...တစ်ဦး မကြာခဏ ဝင်ထွက်သွားလာနေသည်ကို ...မြင်ကြရသည် ဟူ၏။

တစ်နေ့သောအခါတွင် ဘိုးတော်မင်းတရား ညီလာခံ ...င်၌ ထွက်စံတော်မူစဉ် ညောင်ရမ်းသား၏ စံအိမ် ...ဆီမှ ကောင်းကင်သို့ တည့်တည့်ထိုးတက်သော ...နီမီးတောက်တစ်ခုကို ထိန်ထိန်ဝင်းဝင်း တွေ့မြင်လိုက် ...ဖြင့် မင်းချင်းတို့အား စေလွှတ်ကြည့်ရှုစေရာ စံအိမ် ...သို့ ရောက်ရှိသွားသော် စံအိမ်တော်မှာ မီးလောင်ခြင်း ...ဘဲ ပကတိအတိုင်း တည်ရှိနေသည်မို့ အံ့သြစွာတွေ့ ...လိုက်ကြသည်။

## ...ကြီးတော်မင်း နန်းတက်တော်မူ

(၁၁၈၁)ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်နေ့တွင် ဘိုး ...မင်းတရား နတ်ရွာစံသဖြင့် မြေးတော် စစ်ကိုင်းမင်း ...သည် ထိုနယုန်လဆန်း (၁၅)ရက်နေ့တွင် မင်းအဖြစ်ကို ...တော်မူသည်။ နောင်အခါတွင် ဘကြီးတော်မင်းဟု ...တွင်သည်။ ဘကြီးတော်ဟု ခေါ်တွင်ရခြင်းမှာ ပုဂံ ... မင်းတုန်းမင်းတို့၏ ဘကြီးတော်ဖြစ်သောကြောင့် ...င်အခါမှ ခေါ်တွင်ခြင်း ဖြစ်သည်။ ဘကြီးတော်မင်း ...ကိုင်းမင်း)သည် (၁၁၈၃)ခုနှစ်တွင် ရတနာပူရအင်းဝ ...ည်တော်ကို အသစ်ပြုပြင်တည်ထောင်၍ အမရပူရမှ ...မြို့သို့ ပြောင်းရွှေ့စံနေတော်မူသည်။

(၁၁၈၅)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ ... ဗုဒ္ဓါဘိသိက်ခံတော်မူ၍ မိဖုရားခေါင်ကြီးမယ်နုအား ...ပဝရတိလောက မဟာရာဇိန္ဒာ ရတနာဒေဝီ ဘွဲ့မည် ...ပေးသည်။ ထိုနေ့မှာပင် နန်းသိမ်းပွဲခံယူတော်မူသည်။ ...ချိန်တွင် ညောင်ရမ်းမင်းသား စကြာမင်းကလေး သည် အသက်(၁၁)နှစ်သာ ရှိသေး၏။

## မယ်နုက ကုန်းချောကြံစည်

မိဖုရားခေါင်ကြီးမယ်နုသည် စကြာမင်းသားကလေး ၏မယ်တော် ဆင်ဖြူမယ်ကို လုပ်ကြံသတ်ဖြတ်မိခဲ့သဖြင့် စကြာမင်းသား အရွယ်ရောက်လတ်သော် မိမိအား လက်စားချေမည်ကို ထိတ်လန့်ကြောက်ရွံ့လျက် ရှိနေသည်။ စကြာမင်းသားကလေးမှာ ဘိုးတော်မင်းတရား ရှိစဉ်က အရေးပေးခံခဲ့ရပြီး ခမည်းတော် လက်ထက်တွင်လည်း မြှောက်စားခြင်း ခံရသည်။

နန်းမတော်ကြီးတွင် သားတော် တစ်ပါးနှင့် သမီးတော် တစ်ပါး ဖွားမြင်သော်လည်း အရွယ်က ငယ်လွန်းကြသေးသည်။ ထို့ကြောင့် ဘကြီးတော်မင်းက သားတော် စကြာမင်းသားလေးကို အိမ်ရှေ့အရာ ပေးခဲ့ပါလျှင် တစ်နေ့တွင် ဘုရင်ဖြစ်လာမည်မှာ မုချဖြစ်၍ မိမိ၌ အန္တရာယ်များမည်ကို မယ်နုက သိရှိထားသည်။ သည်တော့ကာ ဘကြီးတော်က သားတော်စကြာမင်းသားအား ယုံကြည်မှုနည်းအောင် အခွင့်ရတိုင်း ကုန်းချောလေ့ရှိနေလေသည်။

တစ်ခါသော် ပုပ္ပားအရပ်တွင် သူပုန်သူကန်များ ထကြွသောင်းကျန်းနေသည်ဟု အထောက်တော်များအား ရွှေနန်းတော်သို့ အစီရင်ခံစေပြီး ညောင်ရမ်းမင်းသား (စကြာမင်းသားလေး)အား စစ်ထွက်သွားစေရန် ကြံစည်သည်။ စစ်ထွက်လျှင် မယ်နု၏ အလိုတူအလိုပါ တပ်မှူး၊ ဗိုလ်မှူးတို့က လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ထားပြီးဖြစ်သည်။ သို့ရာတွင် မင်းသားသည် ပုတီးစိပ်နေသူဖြစ်၍ စစ်မထွက်လိုဟု ငြင်းပယ်လိုက်သည်။

ဤအချက်ကို မိဖုရားခေါင်ကြီးက အကွက်ကောင်းယူ၍ သားတော် ညောင်ရမ်းမင်းသားသည် သူပုန်သူကန်တို့နှင့် အလိုတူအလိုပါ ပူးပေါင်းကြံစည်၍ ရွှေနန်းတော်ကို လုယူရန် ကြံစည်နေကြောင်း၊ လူသူတော်တစ်ဦးက ဝင်ထွက် အကြံပေးလျက်ရှိကြောင်း စသဖြင့် ဘကြီးတော်မင်းအား တင်လျှောက်ကာ ကုန်းချောလေတော့သည်။

## မယ်နု၏ လှို့ဝှက်အကြံ

ထိုအတောအတွင်း နန်းမတော်ကြီးမယ်နုသည် ၄င်းနှင့် မောင်ဝမ်းကွဲတော်သည်ဟူသော စလင်းမင်းသား သီရိသုမဟာဓမ္မရာဇာဘွဲ့ခံ မောင်အိုနှင့် တိုက်တဆိတ် အကြံထုတ်ပြန်၏။ နန်းတွင်းသူနန်းတွင်းသားများက



www.burmeseclassic.com

www.burmeseclassic.com

မောင်အိုသည် မယ်နုမောင်မဟုတ်၊ ဘာမျှမဟုတ်။ တိတ်တိတ်ပုန်း ရည်ငံနေကြသူများ ဖြစ်သည်ဟူ၍လည်း ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ မယ်နုသည် မောင်အိုအား ထီးနန်းရစေချင်သည်။ မောင်အိုကို အိမ်ရှေ့အရာပေးရန် မင်းတရားကြီးအား အကြိမ်ကြိမ်တိုက်တွန်းသည်။ ဘကြီးတော်မင်းတရားကြီး၏သားတော် ညောင်ရမ်းမင်းသားနှင့် ညီတော် သာယာဝတီမင်းသားတို့အပေါ် အမျက်တော်ရှအောင် အမျိုးမျိုးကုန်းချောလေ့ရှိသည်။

သက္ကရာဇ်(၁၁၉၆)ခုနှစ်တွင် မင်းတရားကြီးသည် ကျန်းမာရေးချို့တဲ့လာသည်။ ထိုအခါ သားတော် ညောင်ရမ်းမင်းသားမှာ အိမ်ရှေ့အရာ မရသဖြင့် ထီးနန်းအုပ်ချုပ်ခွင့် မရတော့ဘဲ စလင်းစား မောင်အိုကိုသာ အုပ်ချုပ်စေသည်။ ထိုအတောအတွင်း နိုင်ငံမှာ မငြိမ်သက်ဖြစ်လာသည့်အခါ စလင်းမင်းသား မောင်အိုက သားတော် ညောင်ရမ်းမင်းသားနှင့် ညီတော် သာယာဝတီမင်းတို့၏ ကြံစည်ချက်ဟု မင်းတရားကြီးအား ကုန်းချောလျှောက်ထားလိုက်သည်။

မောင်အို၏အကြံကို သိရှိသွားသော သာယာဝတီမင်းသားလည်း အကြောင်းမဲ့ အပြစ်ရှာလာသည့် နောင်တော်မင်းတရားကြီးအား စိတ်နာကြည်းမှုဖြစ်ကာ (၁၁၉၈)ခုနှစ်တွင် ရွှေဘိုသို့ နောက်လိုက်နောက်ပါများ ခေါ်ဆောင်၍ ထွက်သွားပြီး ပုန်ကန်ခြားနားလေတော့သည်။

ဦးရီးတော် သာယာဝတီမင်းသား ထွက်သွားသောအခါ ညောင်ရမ်းစကြာမင်းသားကလေးမှာ အားကိုးရာမဲ့ပြီး မယ်နု၏ အန္တရာယ်မှာ ပိုမိုကြီးမားလာသည်။ ထိုအတောအတွင်း တဘောင်နိမိတ်သီချင်းများ ပေါ်လာသော်လည်း နန်းမတော်ကြီးမယ်နုက တဘောင်များ မသီဆိုရန် တားဆီးသည့်အပြင် မလိုသူများကို ကွပ်မျက်သည်။ မင်းညီမင်းသားများစွာလည်း အသတ်ခံကြရသည်။ ထိုအကြောင်းအရာများကို နာမကျန်းဖြစ်နေသော ဘကြီးတော်မင်းတရား ကြားသိတော်မူသည်။

သို့ရာတွင် ပရိယာယ်များလှသော နန်းမတော်ကြီးက မင်းတရားကြီးအား-

ညီတော် သာယာဝတီမင်းသား ပုန်ကန်ထွက်သွားသော်လည်း သားတော် ညောင်ရမ်းစကြာမင်းသားက မသင့်သောအကြံကို ကြံလျက်ရှိကြောင်း၊ အချိန်မီ မတ[...] ဆီးချေသော် နိုင်ငံ့အန္တရာယ် ကြီးမားလာမည်ဖြစ်ကြော[...] အရှင်မင်းကြီး သတိ၊ ဝီရိယနှင့် စံတော်မူပြီး အန္တရာ[...] ပိုမိုမကြီးထွားမီ ဟန့်တားတော်မူသင့်ကြောင်း၊ ဖမ်းဆီး[...] သင့်သူများကို ဖမ်းဆီးနိုင်စေရန် ခွင့်ပြုအမိန့်ပေးသ[...] ကြောင်း စသဖြင့် ကုန်းချောလျှောက်တင်တောင်းဆို[...] သည်။

မင်းတရားကြီးသည်လည်း ၄င်း၏ထီးနန်းကို လု[...] မည့်သူဟူ၍ ငယ်ထိပ်မြွေပေါက်ဖြစ်တော့သည်။ မိဖုရ[...] ကြီး လိမ်လည်လုပ်ကြံသမျှ ယုံတော်မူပြီး မောင်အို[...] လည်း ယောက်ဖတော်အစပ်ဟု ထင်နေမိသည်။ စ[...] မင်းကလေး၏ ဘုန်းတန်ခိုးကိုလည်း တွေးမိကာ ကြော[...] ရွံ့တော်မူသည်။ အတိတ်၊ နိမိတ်ထူးများ၊ တဘောင်မျ[...] ကိုလည်း သတိရသည်။ ထို့ကြောင့် မိဖုရားမယ်နု လျှော[...] တင်ချက်အရ စကြာမင်းသားကလေးအား ဖမ်းဆီးခွင့်[...] လိုက်တော့သည်။

**စကြာမင်းသားလေး ဖမ်းဆီးခံရ**

မယ်နုသည် ၄င်း၏အကြံ အောင်သဖြင့် ဝမ်း[...] အားရနှင့် နန်းတော်ထဲမှ ထွက်ခွာလာပြီး လူယုံ၊ [...] ကျွန်များကို စကြာမင်းသားအား ဖမ်းဆီးရန် အမိန့်[...] လိုက်သည်။ မင်းမှုထမ်းများလည်း စကြာမင်းသားလေ[...] ဖမ်းဆီးကာ ကြေးတိုက်ထဲတွင် ချုပ်နှောင်ထားလို[...] သည်။ မယ်နုအဖို့မှာကား ကြေးတိုက်တွင် ထား[...] အားမရ၊ အပြီးတိုင် ဆက်လက်ကြံစည်ပြန်သည်။

ယင်းနောက် မယ်နုသည် ကြေးတိုက်တွင်း၌[...] သော စကြာမင်းသားလေးကို ဖျောက်ဖျက်ရန်အတ[...] ထောင်မှူးနှင့် ပူးပေါင်းကာ အစာရေစာ မသွင်းဘဲ[...] သည်။ သို့ပေမဲ့ ရက်များစွာကြာသော်လည်း စကြာ[...] သားကလေးသည် ကျန်းမာလန်းဆန်းမြဲသာ ဖြစ်သ[...] ဝိဇ္ဇာများက လာရောက်၍ အစားအစာကျွေးမွေးနေ[...] ကို မည်သူမျှ မသိကြချေ။

တစ်ခါတစ်ရံတွင် လက်ပြန်ကြိုးတုပ်နှောင်ထား[...] စကြာမင်းသားလေးသည် အမြင်တွင် လွတ်လပ်စွာ[...] လျှောက်နေသည်ကို ထောင်စောင့်တပ်သားများကို[...] တွေ့မြင်ကြရသဖြင့် ထိတ်လန့်ကြောက်ရွံ့ကြသည်။ [...] အာဏာသားတို့လည်း စကြာမင်းသားလေး အသ[...]



www.burmeseclassic.com

www.burmeseclassic.com

ာက်ရှိလျှင် တစ်နည်းနည်းဖြင့် လွတ်သွားပါက မိမိတို့ မင်းဘေးသင့်မည်ကို စိုးရိမ်သဖြင့် မင်းသားလေးကို ပ်မျက်လိုကြသည်။ တစ်ကြိမ်တွင် အာဏာသားတစ် ာ ကြေးတိုက်ထဲရှိ မင်းသားလေးကို တင်းပုတ်နှင့် သတ်ရန် ချိန်ရွယ်စဉ် မီးလုံးကြီးထတောက်သဖြင့် ကြာက်ရွံ့ထွက်ပြေးသွားရသည်။

## ဘိုးအောင်က လာရောက်သတိပေးလေပြီ

ဘကြီးတော်မင်းသည် အမှားကိုပြုလုပ်လျက်ရှိသဖြင့် ပေါင်းကြာရှည် ပျောက်ကွယ်နေခဲ့သော ဘိုးဘိုးအောင် ည် မင်းတရားကြီးရှေ့တွင် ရုတ်တရက် ကိုယ်ရောင်ပြ ါ်ထွက်လာပြီး -

'သင်မင်းကြီးသည် ထီးနန်းစည်းစိမ် မက်မောစိတ် သာ သားတော် ညောင်ရမ်းမင်းသားအား အပြစ်ထား ည်။ ဤစကြာမင်းသားလေးသည် သာသနာပြုမည့် ဖြစ်၍ အန္တရာယ်မရှိနိုင်။ သင်မင်းကြီး အမှားကို တိရလော့'ဟု ပြောဆိုသတိပေးပြီး ရုတ်တရက် ပျောက် ယ်သွားလေသည်။

ထိုအခါ မင်းတရားကြီးသည် ထိတ်လန့်၍ သား ာ်အား ပြန်လွှတ်ရန် စိတ်အကြံပေါက်သော်လည်း နှင့် စလင်းမင်းသား မောင်အိုတို့က ဘုန်းကြီးလျက် လေရာ ခိုင်းစေရန် အစေအပါးမျှ အပါးတွင်မရှိ ရသည်။ နာမကျန်းဖြစ်နေသည့်အတွက် အထူးလုံခြုံ ဖြင့် တစ်ပါးတည်း စံနေရသည်။

ဘိုးဘိုးအောင်သည် မင်းတရားကြီးထံမှ ပျောက် ယ်သွားပြီး စကြာမင်းသားလေးထံသို့ ရောက်သွား -

'မြေးတော်စကြာမင်းကလေး၊ ယခုကာလတွင် စန္ဒာ င်းကို အသူရိန်ဖမ်းသကဲ့သို့ သာသနာတော်ကြီး ညှိုး လူအများ တရားပျက်နေကြသည်။ သင်မင်းသား နောင်ကြာရှည်စွာ သာသနာကို ပြုစုရမည့်သူဖြစ် ဆင်းရဲသားအပေါင်း၏ ဘေးဒုက္ခကိုလည်း ကယ် ရလိမ့်မည်။ သင့်မင်းသားကို မည်သူမျှ အန္တရာယ် င်၊ မစိုးရိမ်နှင့်။

ဘိုးဘိုးပေးသော စမဂါထာတို့ကိုရွတ်လျက် ရတနာ ကိုသာ ဆည်းကပ်လေ။ သင်မင်းသား လွတ် ရို့ အချိန်နီးလာပြီ။ လောကီအနှောင်အဖွဲ့မှ လွတ် မြောက်တော့မည်။ မပေါ့မဆ သတိရှိစေတော့'ဟူ၍ အား ပေးစကား ပြောကြားကာ မင်းသားလေး၏ကျောကို သုံး ချက်သပ်ပေးပြီး ချက်ချင်းပင် ပျောက်ကွယ်သွားလေ သည်။

## တဘောင်သီချင်းများ ထွက်ပေါ်လာပြန်

မောင်အိုသည် ဘကြီးတော်မင်းတရား၏ကိုယ်စား တိုင်းရေးပြည်ရေး စီရင်ရရုံနှင့် မကျေနပ်။ ဘုရင်ဖြစ်လို သည်။ ထို့ကြောင့် လုပ်ကြံရမည့်သူကို လျင်မြန်စွာလုပ် ကြံသည်။ စကြာမင်းသားလေးကိုလည်း အပြီးတိုင်ဖျောက် ဖျက်ပစ်ရန် မယ်နုအား ဖိအားပေးတောင်းဆို၏။ မယ်နု ကလည်း အချစ်တော် မောင်အို၏အလိုကို ဖြည့်ဆည်း ပေးရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထိုအချိန်တွင် တစ် နိုင်ငံလုံး၌ တဘောင်များ ပေါ်ထွက်လာပြန်တော့သည်။

နန်းမတော်၊

မလျော်သည့်အတွေး၊





www.burmeseclassic.com

www.burmeseclassic.com

မောင်အိုကို မောင်တော်စပ်ကာ၊
နန်းအပ်မည့်ရေး။
နန်းစည်းစိမ်မယ်လုဖို့၊
စပယ်နုစကြာရှင်၊
သတ်မည့်ကြံအင်၊
မြတ်ရာဝင်၊
စာသင်လို့မဆုံး၊
မောင်အိုအမျိုးပျက်ကာ၊
အရှုက်ကိုဖုံး။
* ဆင်ဖြူမသား၊ ရေသို့လား၊
နဂါး ဆောင်ယူသွားလတ္တံ့။
* ဆင်ဖြူမသား၊ ကုန်းမှာလား၊
သိကြား ကယ်ယူသွားလတ္တံ့။

ဤတဘောင်သီချင်းမှာ နန်းမတော်မယ်နုအား ရွံမုန်း၍ စကြာမင်းသားလေးကို လိုလားသူများ၏ ကျေးဇူးကြောင့် တစ်နန်းတော်လုံး ပျံ့နှံ့နေရာ နန်းမတော်ကြီးက တဘောင်များ မရွတ်ဆိုရန် အပြင်းအထန် အမိန့်ထုတ်၍ ကွပ်မျက်တော့သည်။

**ကွပ်မျက်ရန် အမိန့်ထုတ်ပြန်**

နန်းတော်ကြီးတွင် မယ်နုနှင့် မောင်အိုတို့ အုပ်စုက လုပ်ကြံသတ်ဖြတ်ခဲ့သူများလည်း များပြားလာသည်။ နန်းတွင်းသူနန်းတွင်းသားများ ကိုးကွယ်ရာမဲ့ ဖြစ်လာကြရသည်။ ထိုအတောအတွင်း မယ်နုသည် ဘကြီးတော်ဘုရားထံဝင်ကာ-

* မင်းကြီး၏ ဆွေတော်မျိုးတော်များသည် စကြာမင်းသားလေးကို နန်းတင်ရန် ပုပ္ပားအရပ်သို့ ထွက်ခွာ၍ နောက်လိုက်ဗိုလ်ပါများ စုဆောင်းနေပြီဖြစ်ကြောင်း၊
* တိုင်းပြည်၏ အန္တရာယ်မှာ ကြီးမားလာပြီး စကြာမင်းသားမရှိမှ သူပုန်သူကန်တို့ စိတ်ပျက်လက်လျှော့ကြမည်ဖြစ်ကြောင်း၊
* မင်းကြီး၏ ကျေးဇူးသစ္စာကို မထောက်ထားသော အဆိပ်ပြင်းသည့် မြွေဆိုးအား အသက်ရှင်လျက် မထားသင့်ဘဲ မင်းကြီး၏ အန္တရာယ်ကို ဖယ်ရှားခွင့်ပြု၍ ညောင်ရမ်းစကြာမင်းသားလေးအား ကွပ်မျက်စီရင်ရန် အမိန့်ချမှတ်ပေးလိုကြောင်း စသဖြင့် စိုးရိမ်ဟန်ဖြင့် ထိတ်ထိတ်ပျာပျာနှင့် လျှောက်တင်လိုက်သည်။

ထိုအခါ မင်းကြီးလည်း မယ်နု၏လျှောက်တင်ချ
ကို ယုံကြည်မှုဖြစ်ကာ စကြာမင်းသားလေးအား က
ပါအိတ်နှင့် ရေဆိပ်တွင်ချ၍ ဖျောက်ဖျက်ပစ်ရန် အမိန့်
ခွင့်ပြုလိုက်သည်။ နန်းမတော်ကြီးမယ်နုသည် မင်း
ထံမှ အမိန့်တော်ရခဲ့ပြီဖြစ်၍ ပျော်ရွှင်ဝမ်းမြောက်စွာ
ကြေးတိုက်သို့ အမိန့်တော်ကို ပေးပို့လိုက်သည်။

**စကြာမင်းသားကို ရေချကွပ်မျက်**

ကြေးတိုက်အမှုထမ်းများသည် အမိန့်ရလျှင်ရ
စကြာမင်းသားအား ရွှေကြိုးဖြင့် (၂၅)ပတ်မျှချည်
ပြီး ကတ္တီပါအိတ်တွင်ထည့်ကာ စစ်လှေကြီး နှစ်စင်း
တွင် ငွေပြားကွပ် ကုန်းပေါင်ထိုး၍ ကုန်းပေါင်နှ
ပေါ်တွင် အိတ်ကို တင်လိုက်သည်။ လှေပေါ်မှာပင်
တော်များကိုပင့်၍ သရဏဂုံတင်၏။ ထို့နောက် လှေ
များကို ရေစီးသန်ရာ မြစ်လယ်သို့ မျှောထုတ်ပြီး
ချိန်နှင့်ကိုက်၍ လှေနှစ်စင်းကို တစ်ဖက်စီ ခွာလိုက်
အိတ်ကို ရေထဲသို့ တစ်ပြိုင်နက် ကျသွားစေတော့သ

ထိုအချိန်တွင် တစ်မိုးလုံး ချက်ချင်းအုံ့ဆိုင်းလာ
မိုးကြိုးထစ်ချုန်းလျက် လျှပ်စီးများလက်ကာ မိုးမုန်
ကြီးကျလာသည်။ မြေကြီးသွက်သွက်ခါအောင် မြေ
များလည်းလှုပ်၏။ တော်လဲသံများကိုလည်း ကြားရ
မြို့တော်တစ်ခုလုံး ငိုကြွေးသံများ လွှမ်းမိုးသွားလေ

**ဘိုးဘိုးအောင် ကယ်လေပြီ**

အာဏာသားတို့က မိမိတို့ဝန်ထုပ်ဝန်ပိုး ကျ
ပြီ။ စကြာမင်းသားလေး ရေအောက်သို့မြုပ်ကာ
ကံတော်ကုန်ပြီဟု ယူဆကြသည်။

ထိုအချိန်တွင် ကောင်းကင်မှ အလင်းရောင်
သည် ကတ္တီပါအိတ်ကျရာနေရာ၌ ထိန်လင်းပြီး ထို
ရောင်သည် ကောင်းကင်သို့ ပျံတက်သွားသည်။
များနှင့် အာဏာသားတို့ ကြည့်နေစဉ်မှာပင် အလ
ထဲမှ မင်းသားတစ်ပါးသည် မြင်းဖြူကြီးကိုစီး၍ လ
သို့ ပျံသန်းကာ လပြည့်ဝန်းထဲသို့ ဝင်ရောက်သွား
တွေ့မြင်လိုက်ကြရသည်။ စကြာမင်းသားလေးကို
အောင် ကယ်ဆယ်ဆောင်ယူသွားသည်ကို လူအချို့
လျှင် တွေးတောစဉ်းစားမိကြသည်။

ထို့နောက်ကွယ်တွင်မူ နေပြည်တော်၌ တ
ထွက်ပေါ်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

<u>ထိုတဘောင်သည်ကား-</u>

ကတ္တီပါအိတ်နှင့်၊
ရေဆိပ်မှာ သေလေဟန်၊
တိုင်းလုံးမျက်မှန် မသေကျန်၊
ပြန်လာရင် ရွှေဖောင်စီး၊
စောတို့မောင်ကြီး။
ကြေးနီကို ဒန်သတ်လို့၊
ငမှတ်ကို စကြာထင်၊
ရိုင်းတဲ့မခင်··ဟူ၍ ဖြစ်၏။

<u>ဒီတဘောင်၏ အဓိပ္ပာယ်မှာ-</u>

* စကြာမင်းသားလေးကို ကတ္တီပါအိတ်နှင့် ရေဆိပ်မှာ ဖျောက်ဖျက်သော်ငြားလည်း တစ်တိုင်းပြည်လုံးက ချစ်ခင်သော မင်းသားသည် မသေပျောက်ဘဲ ရွှေဖောင်တော်ကိုစီး၍ ပြန်လာလိမ့်မည်ဟူ၍လည်းကောင်း၊
* စကြာမင်းသားလေးအမှတ်ဖြင့် သတ်လိုက်သူသည် စကြာမင်းသားအစစ်မဟုတ်၊ ဖွားဖက်တော် ငမှတ်သာဖြစ်၍ စကြာမင်းသားကား မသေဟူ၍လည်းကောင်း ဆိုလိုခြင်း ဖြစ်ပေသည်။

အချို့က စကြာမင်းသားလေးကို ဘိုးဘိုးအောင်က ရေထဲမှ ဆယ်ယူကယ်တင်သွားသည်ကို မြင်လိုက်ရသည်ဟု ဆိုကြသည်။ အချို့ မမြင်လိုက်ရသူများကလည်း စကြာမင်းသားလေးကား ဘယ်နည်းနှင့် မသေနိုင်။ ရေထဲ အချခံရသူမှာ စကြာမင်းသားမဟုတ်၊ ဘိုးဘိုးအောင်က စကြာမင်းသားကိုယ်စား အသေခံပါမည်ဟု အသက်ပေးသွားသော ငမှတ်နှင့် လဲလှယ်ပေးလိုက်ခြင်းသာဖြစ်၍ ငမှတ်သာ ရေထဲနစ်၍ သေသူဖြစ်သည် စသည်ဖြင့် အမျိုးမျိုးဝေဖန်ပြောဆိုကြသည်။ မည်သို့ပင်ဖြစ်စေ စကြာမင်းသားလေး မသေနိုင်ဟူသော ယူဆသူကသာ များလှပေတော့သတည်း။

သုခီအတ္တာနံ ပရိဟရန္တု
ရွှေတလေး(လွယ်လင်)

<u>ကျမ်းကိုး</u>

* ဦး[illegible]ဖခင်၏ ဘိုးဘိုးအောင်နှင့် ကျင့်စဉ်စာအုပ် (၁၉၄၉ ခုနှစ်ထုတ်)။ •


ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ
တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံကြော
အားနည်း၊ လေငန်း/လေဖြတ်၊
ကိုယ်ခံအားကျခြင်း၊
အကြောနှင့်ပတ်သက်သော ရောဂါများ
ကုသပေးပါသည်။
✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ
အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် လက္ခဏာများ
* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂၇၂၄




www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းခြင်းရန့် သင်းပျံ့ကျော်ကြား
# ရာဇဝင်ထဲက အမတ်ကြီးတစ်ပါး

အာကာသ(သာစည်)

အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာသည် အစက သာမန်အညတရ တောင်သူလယ်သမားလေးမျှသာ ဖြစ်ခဲ့သည်။ စာပေကို ချစ်မြတ်နိုး၍ ဗဟုသုတကြွယ်ဝခြင်းကြောင့် ပြည့်ရှင်မင်း၏ မြှောက်စားချီးမြှင့်ခြင်းကိုခံရပြီး နန်းတွင်းခစား အမတ်တစ်ပါး ဖြစ်လာသည်။ အမတ်ကြီးကား ထွန်းတုံးမှ ထိပ်ဆုံးသို့ ရောက်လာသော်လည်း မိမိဘဝကိုမေ့မသွား၊ မာန်မာန မထောင်လွှားဘဲ ရိုးသားကြိုးစားစွာ အမှုတော်ကို ထမ်းရွက်သဖြင့် မင်းသုံးဆက်တိုင်တိုင် ရာထူးမြဲခိုင်ခဲ့လေသည်။

အမတ်ကြီး၏ ငယ်နာမည်အရင်းကား ငဥက္ကာခေါ် ညိုဟူ၍ဖြစ်သည်။ သက္ကရာဇ်(၇၀၉)ခုနှစ်တွင် မိတ္ထီလာနယ်၊ ဝန်ဇင်းရွာ(ယခု သာစည်မြို့နယ် ချောက်ခဲ့ရွာ)တွင် အဖ ဦးအံ့၊ အမိ ဒေါ်ချိုတို့မှ ညိုကို ဖွားမြင်ခဲ့သည်။ ညိုသည် ငယ်စဉ်ကတည်းက စာပေဝါသနာပါသဖြင့် ကြုံကြိုက်သည့် စာတိုပေစများကို မလွတ်တမ်းဖတ်ရှု၍ ကောင်းနိုးရာရာ မှန်သမျှကိုလည်း တကုပ်ကုပ်ရေးမှတ်ထားလေ့ရှိသည်။ ညိုအား အများတကာက စာရူးပေရူးအဖြစ်မြင်၍ လှောင်ပြောင်သရော်ခြင်းပြုကျင့်ရာမှ စာတိုညိုဟူ၍ ခေါ်ဝေါ်လာကြပါသည်။

ညိုသည် မိဘတို့၏ ရိုးရာလက်ငုတ် တောင်သူလယ်ယာအလုပ်ကို လုံ့လိုက်စိုက်ထုတ်၍ ကြိုးကုတ်စွာ လုပ်ကိုင်သူဖြစ်သည်။ ဝန်ဇင်းရွာသူကြီးက ညို၏အရည်အချင်းကို ရိပ်စားမိသဖြင့် သမီးဖြစ်သူ မယ်ချစ်နှင့် လက်ထပ်ထိမ်းမြားပေးစားခဲ့သည်။ ညိုနှင့် မယ်ချစ်တို့ ဇနီးမောင်နှံသည် ဝန်ဇင်းရွာတွင် တစ်အိုးတစ်အိမ်ခွဲနေ၍ မိဘတို့ပေးသော လယ်ယာမြေတွင် နွားတစ်ရှဉ်းနှင့် ထွန်ယက်လုပ်ကိုင်၍ အေးချမ်းစွာ နေထိုင်ကြလေသည်။

သက္ကရာဇ်(၇၂၉)ခုနှစ်တွင် အင်းဝထီးနန်းကို မင်း... ကြီးစွာစော်ကဲ သိမ်းမြန်းစိုးစံတော်မူလျက် ရှိသည်။ ... မင်းလက်ထက်၌ ကျိုးပေါက်သွားသော မိတ္ထီလာကန်... တော်ကို လူသူအလုံးအရင်းနှင့် ဆည်ဖို့စေသည်။ မြေ... တူးရာတွင် ရွှေဖြင့် သွန်းလုပ်ထားသော အရုပ်တို့... ကမ္ပည်းစာရင်းနှင့်တကွ တွေ့ရှိရာ မင်းကြီးအား လျှော... ကြားဆက်သကြပါသည်။

မင်းကြီးလည်း ရွှေရုပ်တို့၏ ဖြစ်စဉ်ကို သိလိုသော ဆန္ဒပြင်းပြလျက်ရှိသဖြင့် ပညာရှိအမတ်တို့ကို မေးမြန်း... စိုးစဉ်းမျှပင် သိရှိဖြေကြားနိုင်သူ မရှိကြပေ။ ထိုစဉ် အ... ခံ တစ်ဦးမှ ဝန်ဇင်းရွာတွင် အကြားအမြင်နှင့်ပြည့်စုံသ... သူကြီးသမက် ငဥက္ကာခေါ် ညိုဆိုသူ ရှိပါသည်။ ထို... သည် ထွန်ဖြုတ်ချိန်တွင် ပေစာပုရပိုက်ကိုကိုင်၍ ပညာ... တို့အား ချဉ်းကပ်နေလေ့ရှိသည်။ ထိုသူသာလျှင် သိ... နိုင်ပါလိမ့်မည်ဟု လျှောက်ထား၏။

ထိုအခါ မင်းကြီးသည် ဝန်ဇင်းရွာသားကို အလျ... အမြန်ဆင့်ခေါ်စေ၍ မေးတော်မူ၏။ ဝန်ဇင်းရွာသား ... လည်း ကျွန်တော်မျိုး ဖတ်ဖူး ကြားဖူးပါသည်။ အလော... စည်သူမင်းကြီး တိုင်းခန်းလှည့်လည်သောအခါက ထို... သော မင်းတို့ကို သစ္စာပေးပြီးလျှင် သားသမီးများအ... ယူခဲ့၍ မင်းကြီး၏ ခြေတော်ရင်းတွင် ခစားစေပါသ... တစ်ရံတစ်ခါတွင် မင်းကြီး မိတ္ထီလာကန်တော်ကို ... ခိုက်၌ နောက်တော်တွင် ခစားပါလာကြသော ထို... သား၊ မင်းသမီးတို့ ကြမ္မာကုန်လေသည်။ နောင်... မင်းတို့ တွေ့မြင်သော် သိစေသတည်းဟူ၍ အရုပ်... ကမ္ပည်းနှင့်တကွ မြှုပ်ထားခဲ့ကြောင်းပါဘုရားဟု လျှော... ကြားလေ၏။

မင်းကြီးလည်း ဝန်ဇင်းရွာသား လျှောက်ထား... အတိုင်း ရွှေရုပ်နှင့် ကမ္ပည်းတို့ကို ကျွမ်းကျင်တတ်သိ... တို့အား တိုက်ဆိုင်စစ်ဆေးစေရာ ဟုတ်မှန်လျက်ရှိ...

www.burmeseclassic.com

ရ၏။ မင်းကြီးသည် ဝန်ဇင်းရွာသားကို လွှန်စွာအားရ
ကျေ်မှုသဖြင့် အင်းဝရွှေနန်းတော်သို့ အပြန်တွင် တစ်ပါ
ည်း ခေါ်ဆောင်လာပြီး နန်းတွင်း၌ အမတ်ငယ်အဖြစ်
ထားစေလေ၏။ စည်းတပစ်ဟူသောဘွဲ့နှင့် ဆုတော်
လာဘ်တော် များစွာကိုလည်း ချီးမြှင့်ခြင်း ပြုတော်မူခဲ့၏။

လူတစ်ယောက်သည် ပေးမှုကမ်းမှု မေတ္တာရှိသော
သူ ပေးကမ်းလျှက်နှင့် စော်ကားတတ်သောသူ၊ ပေးကမ်း
ခြင်းကိုပင် မိမိဘုန်းကံကြောင့် ရသည်ဟူ၍ ထင်မှတ်
သောသူ ထိုသူမျိုးကို လူယုတ်မာအဖြစ် သမုတ်ကြ
သည်။ စာတိုင်ညို့ကား သာမညောင်ညဘဝမှ နန်းတွင်း
သာရှိ အမတ်အဖြစ်သို့ တစ်မုဟုတ်ချင်း ရောက်ရှိသွား
သော မာန်မာနကြီးမြင့်နိုင်သည့် အခြေအနေဖြစ်သည်။
သို့သော်လည်း ရာထူးအရှိန်အစော်ကြောင့်
မာန်ကြီးဝင်မသွားဘဲ ဆီလျော်အောင် ဆောင်
ရွက်နိုင်ခဲ့လေသည်။

စည်းတပစ်အမတ်သည် မင်း၏ အလို
ကိုလိုက်၍ မင်းကြိုက်သက်သက်ချည်း ခစား
သည်တော့မဟုတ်။ ဘုရင်မင်းမြတ်အား
ကတိဖြစ်စဉ်ကို မသွေဖည်ဘဲ ဥပမာ
ဥပမေယျဖြင့် ရိုးသားစွာ တင်ပြလျှောက်
ထားလေ့ရှိသည်။ ထို့ကြောင့် မင်း၊ မိဖုရား
မင်း နန်းတွင်းသူ နန်းတွင်းသားတို့၏ လေး
စားချစ်ခင်ခြင်းကို ခံယူခဲ့ရပါသည်။

တစ်ရံတစ်ခါတွင် သတိုးမင်းဖျား၏
အပါးတွင် ခစားနေသော အတွင်းသင်းမှူး
ငနုငယ်ဆိုသူ ရှိ၏။ ထိုမင်း အနိစ္စရောက်
သည့်အခါ ငနုငယ်သည် စွယ်ကြိုအရပ်မှ
အင်းဝသို့ အလျင်အမြန် ပြန်လာ၍ မင်း၏
မိဖုရား စောဥမ္မာနှင့် တွေ့၏။ သူတို့နှစ်ဦး
တစ်ကျိတ်တည်း တစ်ဉာဏ်တည်း တိုင်ပင်
ကြပြီး အင်းဝမှ စစ်ကိုင်းဘက်သို့ကူး၍ မင်း
ပြုလေ၏။

အင်းဂရွှေနန်းတော်၌ မင်းကြီးစွာစော်
ကဲ နန်းတက်တော်မူသောအခါ စစ်ကိုင်းတွင်
မိဖုရားကို ခေါ်သွားပြီး မင်းပြုနေသော ငနု
ငယ်ကို ရာဇသင်္ကြံငမောက်အား ဖမ်းခိုင်း၏။
ငနုငယ်ကို ဖမ်းပြီး ဆက်သနိုင်လျှင် သင့်ကို ယင်းမိဖုရား
နှင့် လက်ဆက်၍ ဝါးရင်းတုတ်နှင့် တောင်ပြူးကြီးတို့ကို
ပေးသနားမည်ဟု ပြော၏။ ရာဇသင်္ကြံငမောက်လည်း
စစ်ကိုင်းတွင်ရှိသော ငနုကို ဥပါယ်တံမျဉ်ဖြင့် ဖမ်းဆီးပြီး
မိဖုရားစောဥမ္မာနှင့်တကွ ဆက်၏။ ငနုငယ်မှာ ချုပ်နှောင်
ထားရာမှ လွတ်မြောက်လျက် လားဟူးအရပ်သို့ ထွက်ပြေး
တိမ်းရှောင်သွား၏။ သို့သော်လည်း မင်းကြီးက ထားရှိ
သော ကတိအတိုင်း ငမောက်ကို မိဖုရား စောဥမ္မာနှင့်
လက်ဆက်ပေးလျက် တောင်ပြူးကြီးနှင့် ဝါးရင်းတုတ်ကို
လည်း စားစေခဲ့၏။

ငနုငယ်သည် စစ်သည်ဗိုလ်ပါများ စုဆောင်း၍ ကျေး
ရွာနယ်များတို့ကို တိုက်ခိုက်ဖျက်ဆီးလာ၏။ မင်းကြီးလည်း



အမတ်ကြီးမင်းရာဇာ တည်ခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံစေတီတော်ကို
သာစည်-ဆင်ဖြူ ကားလမ်းပေါ်မှ ဖူးမြော်ရစဉ်

ထိုသတင်းကို ကြားသည့်အခါ ရာဇသင်္ကြံဝင်မောက်သည် ငနေငယ်ကို လွှတ်ထားရသလော့ဟု အမျက်တော်ဖြစ်၏။ နှမတော်စောဥမ္မာနှင့် ကျေးစားကျေးလက်တို့ကိုလည်း ပြန်လည်သိမ်းယူရန် ဝန်ဇင်းစည်းတပစ်အမတ်ကို တိုင်ပင်တော်မူ၏။

အမတ်က ရေမြေ့သခင်ဖြစ်တော်မူသောမင်းတို့သည် ဆင်စွယ်ကဲ့သို့လည်းကောင်း၊ အရှေ့မှထွက်သော နေမင်းကဲ့သို့လည်းကောင်း ကျင့်တော်မူရာသည်။ လူ၏ အသက်ကား အနှစ်တစ်ရာမျှနှင့်ပျက်သည်။ ထိုခန္ဓာကို မှီ၍ဖြစ်သော ကျေးဇူးစကားကောင်းတို့သည် အဆက်ဆက်သော သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တိုင်အောင် ပြောစရာ ဖြစ်ပါသည်။ ကမ္ဘာကျေသော်လည်း ဥဒါန်းစကားမကျေဟူ၍ ရွှေနှုတ်လုံးတော် ထားတော်မူသင့်ပါသည်။ ခါးလှစွာသော တမာသည် ချိုသည်ဖြစ်နိုင်သော်လည်း ဧကရာဇ်မင်းတို့၏ အမိန့်တော်ကား ချွတ်လွဲ၍ မဖြစ်တန်ရာသည်။ မြင့်ရာမှ နိမ့်ရာသို့စီးသော မြစ်သည် ဆန်၍စီးနိုင်ရာသာရှိသော်လည်း မင်းတို့၏ အမိန့်တော်ကား ဖောက်ပြန်သည် မဖြစ်တန်ရာဟူ၍ လျှောက်ထားလေ၏။

မင်းကြီးလည်း အမတ်ကြီးလျှောက်ထားသည့်စကားသည် ငါ၏ ကိုယ်တော်ရေးသာမဟုတ်။ သားတော်အ မြေးတော်အဆက် မြစ်တော်အညွန့်တိုင်အောင် အ တော်များမည့်အကြောင်းသာ ဖြစ်ချေသည်။ အမြော်အ ကြီးပါပေသည်ဟု ချီးမွမ်းလျက် စည်းတပစ်ကြီးအ ဆင်ပေါက်တစ်စီး ရွှေဖလားတစ်ဆယ်သား ခုတ်ပေး မူ၏။

သက္ကရာဇ်(၇၃၂)ခုနှစ်တွင် ကလေးနှင့် မိုးညှင် အချင်းချင်း အဆင်မပြေသဖြင့် နှစ်ဖက်တိုက်ခိုက်ကြ ကလေးစား သိုချည်ဘွားက ကျွန်ုပ်ကို ကူညီတော် ရလျှင် မိုးညှင်းကို လက်ဆောင်ဆက်ပါမည်ဟူ၍ လျှေ ထားလာ၏။ မိုးညှင်းစားခုံမှိုင်းကလည်း ကျွန်ုပ်ကို ပါ။ ကလေးကိုရလျှင် မင်းကြီးကို ဆက်သပါမည် အလားတူ လျှောက်ထားလာ၏။

မင်းကြီးလည်း စည်းတပစ်အမတ်ကြီးကို ခေါ် တိုင်ပင်တော်မူ၏။ ပညာရှိ စည်းတပစ်အမတ်ကြီး 'ဘုန်းတော်ကြီးလှစွာသော မင်းဘုရား..သည်အရေး ဘီလူးတိုင်းလုသကဲ့သို့ဖြစ်၍ အဆောတလျင် မပြ ပေ။ သည်အရေးကား မြော်မြော်တင်းတင်းပြုအပ် အရေးဖြစ်သည်။ အလျင်အမြန်ပြုကောင်းသောအ အားတူသောကိစ္စ မဟုတ်လျှင်သာ ချက်ချင်းဆော သင့်သည်။ ကလေးနှင့် မိုးညှင်းတို့သည် ရိုးတူရွ အင်အားတူသူများသာဖြစ်သည်။ တောစပ်တွင် ထွ နေသော ယောကျ်ားတစ်ယောက်သည် တောကြ ကောင် ခွပ်သည်မြင်ရာ အလျင်အဖမ်းချေအံ့ဟု သည်။ တစ်ဖန် ကြက်နှစ်ကောင်လည်း မနွမ်းကြ ငါထွန်တာလည်း မညက်သေး။ ငါ၏အလုပ်လည် ကြက်နှစ်ကောင် ခွပ်သည်လည်း နွမ်းနယ်စေဦးဟူ၍ နေလေသည်။ ထွန်ညက်မှ ကြက်နှစ်ကောင်ကို အ သကဲ့သို့ ကလေးနှင့် မိုးညှင်းလည်း ပင်ပန်းနွမ်း စေဦး။ နှစ်ပြည်ထောင်လုံး ညှိုးနွမ်းမှ ချီတော် နှစ်ပြည်ထောင်လုံးကို ရတော်မူပါမည်'ဟု သံ တင်လေ၏။

မင်းကြီးသည် အမတ်ကြီး လျှောက်တင် အတိုင်း ဆောင်ရွက်တော်မူရာ နှစ်ပြည်ထောင် သိမ်းပိုက်ရရှိခဲ့၏။ ရတော်မူသည်နှင့် မိုးညှင်း အား တကောင်းကိုပေး၍ မိုးညှင်းမြို့ကို ကျိန်း



www.burmeseclassic.com

www.burmeseclassic.com

ား ပေး၏။ မြင်မြော်မှုရှိသော အမတ်ကြီးကိုမူ မိုးညှင်းတွင် တစ်ကျေး၊ ကလေးတွင် တစ်ကျေး ပေးတော်မူပါသည်။


သက္ကရာဇ်(၇၃၃)ခုနှစ်တွင် မင်းကြီး၏ သစ္စာခံဖြစ်သော မိုးညှင်းကျိုန်းခန်းကြီးသည် ပုန်ကန်ခြားနားသောင်းကျန်းလေ၏။ မင်းကြီးလည်း စည်းတပစ်အမတ်ကိုခေါ်၍ နိုင်ငံတော်နှင့် မိုးညှင်းမြေအပိုင်းအခြား အချက်အချာကို မှတ်တိုင်စိုက်ချေဟု စေတော်မူ၏။ အမတ်ကြီးလည်း အမိန့်တော်အတိုင်း မှတ်တိုင်စိုက်ရန် သွား၏။ ပဒူးကြီးသို့ရောက်လျှင် ပြည်ထဲရေးအထပ်ထပ်ကိုမြင်၍ ရှေ့ဆက်မသွားတော့ဘဲ လှည့်ပြန်လာ၏။ မင်းကြီးက အဘယ်ကြောင့် အမှုတော်ကို မဆောင်ရွက်ဘဲ ပြန်ခဲ့လေသနည်းဟု မေးတော်မူ၏။

အမတ်ကြီးက-


"ဘုန်းတော်ကြီးမြင့်တော်မူသော ဘုရင်ထီးဘုရား‥ နောင်တွင် ဆက်ခံမည့် သားတော်၊ မြေးတော်၊ မြစ်တော်တို့သည် နေကဲ့သို့ ဘုန်းတော်ကြီးဘိမူကား အလိုနည်းသည်ဟု ဘဝရှင်မင်းကြီးကိုလည်းကောင်း၊ ကျွန်တော်တို့ အမတ်ကိုလည်းကောင်း အပြစ်တင်ကြပါလိမ့်မည်။ ခြားခြင်း ပြုလေသည်ဟု ပြောမည်ကိုမြင်၍ ပြန်လှည့်ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

မင်းကြီးလည်း အမတ်ကြီးသည် အရှည်ကို မြင်ပါသည်ဟု အားရတော်မူ၏။ အမတ်ကြီးအား လက်ဆောက်တစ်ရန်၊ စလွယ်ငါးသွယ်နှင့် တိမ်ကွန်မြူးဟူသော ကောင်တစ်စီး ဆုပေးတော်မူ၏။

မင်းကြီးစွာစော်ကဲ အနိစ္စရောက်သောအခါ သားတော် ဆင်ဖြူရှင် နန်းတက်၏။ ဆင်ဖြူရှင်မင်းကို ကောင်းစား ငနောက်ဆံက လုပ်ကြံ၍ နန်းတက်၏။ မင်းကို မှူးကြီးမတ်ရာတို့ မကျေနပ်သဖြင့် ဝိုင်းဝန်းကြံပြီး ပြင်စည်စားမင်းဆွေကို မင်းပြုပါရန် တောင်းကြ၏။ မင်းဆွေလည်း မင်းပြုရန် ဆန္ဒမရှိသဖြင့် ဦးရီးတော် ရမည်းသင်းစား မဟာပြောက်ကို နန်းတင်ရန်တိုက်တွန်း၏။ မင်းဆွေ၏ညီတော် စစ်ကိုင်းစားရှင်သိဒ္ဓတ် ကြားအင်းဝသို့ မင်းပြုရန်ချီလာသော ရမည်းသင်းစား မဟာပြောက်ကို ဆီးကြိုတိုက်ခိုက်လုပ်ကြံပြီး မင်းဆွေကို အင်းဝတွင် နန်းတင်လေ၏။


အေးချမ်းဆိတ်ငြိမ်လျက်ရှိသော စေတီတော်ပရိဝုဏ်


သက္ကရာဇ်(၇၆၃)ခုနှစ်တွင် အင်းဝရွှေထီးနန်းကို မင်းဆွေခေါ် ပထမမင်းခေါင် နန်းတက်တော်မူ၏။ မင်းဆွေကား မင်းကြီးစွာစော်ကဲနှင့် ကန်စွန်းနိမ့်အရပ်သူ စောတေဇာတို့မှမွေးသော သားတော်ဖြစ်၏။ မင်းကြီးစွာစော်ကဲလက်ထက်တော်က မိုးညှင်းကျိုန်းခန်းကြီးမှ နိုင်ငံတော်ပိုင် မြေဒူးကို ထိပါးလာ၏။ ထိုစဉ် ဆင်လုံးမြင်းရင်းဖြင့်သွားရောက်နှိမ်နင်းရာ ကန်စွန်းနိမ့်အရပ်သို့ရောက်လျှင်


ရွှေစည်းခုံစေတီတော် အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံစေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်

အလွန်တရာလှပသော မိန်းမငယ် စောတေဇာကိုမြင်၍ နှစ်သက်တော်မူသဖြင့် အပါးတော်တွင် လုပ်ကျွေးစေ၏။

မင်းကြီးစွာစော်ကဲသည် မြေဒူးကိုအောင်၍ အင်းဝ ရွှေနန်းတော်သို့အပြန်တွင် မိန်းမငယ်တွင်ရှိသော ပဋိသန္ဓေ ကို သားယောကျ်ားဖွားလျှင် ဤလက်စွပ်ကိုယူ၍ လာခဲ



သာစည်-သပြေဝ ကားလမ်းပေါ်မှ
ကူဖြူသိမ်တော်သို့ သွားသောလမ်း

လေဟု မှာလျက် အဖိုးများစွာထိုက်သော လက်စွပ် ပေးတော်မူခဲ့၏။ စောတေဇာလည်း သားယောကျ်ား ကို ဖွားလျှင် မင်းကြီးမှာခဲ့သည့်အတိုင်း သားငယ် ရင်တွင်ပိုက်၍ အင်းဝနေပြည်တော်သို့ သွားလေ၏။ မ ကြီးလည်း ထားခဲ့သော ကတိကဝတ်ကိုမဖျက်ဘဲ မိန် ငယ်ကို အပါးတော်တွင် စေပါးတော်မူခဲ့၏။ မိန်းမင စောတေဇာမှ နောက်ထပ် ညီတော်ရှင်သိင္ခတ်နှင့် နှမ ရှင်မြတ်လှတို့ကို ဖွားမြင်ခဲ့လေ၏။

ပထမမင်းခေါင် မင်းဖြစ်သောအခါ ဝန်ဇင်း တပစ်အမတ်ကိုခေါ်၍ အဘယ်သို့ကျင့်သော် တိုင်း ပြည်ရာ သာယာဝပြောနိုင်ပါသနည်းဟု မေးတော်မူ

အမတ်ကြီးက-

'ဘုန်းတော်ကြီးလှသော မင်းဘုရား..မြတ် တရားကို ရှေ့ရှုတော်မူ၍ ပြည်သူတို့တွင်ဖြစ်သော အ အနှစ် အခွန်အတုပ်၊ ပြည်ထုံးရှာစံ၊ အကောက်အ စသည်တို့ကို အဆက်ဆက်သော မင်းတို့ထက် သက် ရာရသဖြင့် ဝပြောသာယာစည်ပင်သည် ဖြစ်ရာ၏။

မြတ်သောမင်းကြီး..ပြည်တံခွန်ကို မလှဲရာ၊ ဦးကင်းကို မနှိမ်ရာ၊ ပြည့်စွယ်ပြည့်သွားကို မ ပြည့်မျက်လုံးကို မနှိုက်ရာ၊ ပြည့်မျက်နှာကို မဖျ ပြည့်ခြေပြည့်လက်ကို မဖြတ်ရာ၊ ပြည့်ဝမ်းကို မ ရာ၊ ပြည့်ကျေးဇူးကို မထိမ်ရာဟူ၍ ရှစ်ပါးရှိပြီး သည် မုန်းသည်မရှိ ထုံးစံနှင့်အညီ ဒဏ်ပေးတော် ကို ယမမင်းကဲ့သို့ ကျင့်တော်မူရာသည် လျှောက် ၏။

ဘုရင်မင်းခေါင်လည်း စည်းတပစ်အမတ် လျှောက်ထားသည်ကို များစွာအားရတော်မူသဖြင့် ဟူသောဘွဲ့နှင့် ကြီးစွာသော အဆောင်အယောင်ကို တော်မူ၏။ မူလက စည်းတပစ်အမတ်ငယ် ဘွဲ့သာ ပထမမင်းခေါင်လက်ထက်ကျမှ ဝန်ဇင်းမင်းရာဇ အမတ်ကြီးအဖြစ်သို့ ရောက်ရှိခဲ့လေ၏။

ဘုရင်မင်းခေါင်တွင် ဆင်ဖြူစောခွေးမိဖုရား မိဖုရား၊ ရှင်မိနောက်မိဖုရားနှင့် ရှင်ဘို့မယ်မိဖု မိဖုရားလေးပါးရှိ၏။ တောင်တွင်းမင်းသမီး ရှင်မိ မိဖုရားမြှောက်ပြီး ငါးလရှိမှ မိုးညှင်းသတိုးနှင့် လေ၏။ အတွင်းသင်းမှူး သမီးကိုမူ မိဖုရားလည်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမလည်းမက လုပ်ကျွေးစေ၏။

ဘုရင်မင်းခေါင်သည် မိဖုရားများအနက် ရှင်မိနောက်နှင့် ရှင်ဘို့မယ်တို့ မိဖုရားနှစ်ပါးကိုသာ စုံမက်မြတ်နိုးလှသဖြင့် အနီးအပါး၌ စံစားစေ၏။ မွန်ပြည်သို့ စစ်ချီရာတွင်လည်း မင်းနှင့်အတူ မိဖုရားနှစ်ပါး လိုက်ပါရ၏။ အရေးတော် မအောင်မြင်သဖြင့် ပြန်လည်ဆုတ်ခွာရာတွင် ရှင်မိနောက်ကို ဆင်နှင့်တကွ မွန်မင်းရာဇာဓိရာဇ် ရ၏။ ရှင်ဘို့မယ်လည်း ဆင်က လျှောကျလျက် ကျန်ခဲ့ရာ ဆင်ကဲတွေ့၍ ကာလကြာမှ လာရောက်ဆက်သနိုင်၏။

ဘုရင်မင်းခေါင်လည်း ရာဇာဓိရာဇ်သည် မိမိနှင့်သဘောထားမတိုက်ဆိုင်၍ မွန်တို့ထံ ခိုလှုံသွားသည့် ညီတော်ရှင်သိဒ္ဓတ်ကို ကွပ်မျက်ပစ်သည် ကြား၏။ သက်တော်သုံးဆယ့်ငါးနှစ်အရွယ် အပြင်အလျာကောင်းသော မိဖုရားရှင်မိနောက်ကိုလည်း ရာဇာဓိရာဇ်ရသည်ကြား၍ စိတ်မသက်မသာ ဖြစ်လျက်ရှိ၏။

ထိုအခါ ပြည့်ရှင်မင်းအား ဝန်ဇင်းမင်းရာဇာက-

'ဘုန်းတော်ကြီးသောမင်းကြီး··မွန်ပြည်ကို ချီတော်မူသည်ဆိုသော ကာလကပင် ကျွန်တော် ရှိခိုးနားတော်လျှောက်သည်ကို ယုံတော်မမူသောကြောင့် ဤသို့ဖြစ်ရသည်။ နောက်နောင်တွင် ကျွန်တော်မျိုးလျှောက်သည်ကို နားတော်မူပါ။ စစ်တို့၏ သဘောသည် မိမိတွင် အင်အားများသည်ဟူ၍ မလောက်မလား မလေးမစား မပြုရာ။ ကြက်ငှက်တစ်ကောင်သည် နွားခြေခွာရာကို အမှီရသောကြောင့် စွန်ကို အောင်မြင်ဖူးသည်။ ကြောင်တစ်ကောင်သည် ရသေ့ဖင်ထိုင်အောက်ကို အမှီပြုရသောကြောင့် ခြင်္သေ့ရာဇာခြသေ့မင်းကို အောင်မြင်ဖူးသည်။ ပုစွန်တစ်ကောင်သည် အိုင်ငယ်ကို အမှီရသောကြောင့် ဆင်ပြောင်ကြီးကို စားရဖူးသည်။ ကစ္ဆပမည်သော လိပ်တစ်ကောင်သည်လည်း ချောင်းငယ်တစ်ခုကို အမှီရလေသောကြောင့် မြင်းသီးကြီးကို အောင်မြင်ဖူးပါသည်'ဟု လျှောက်၏။

ဘုရင်မင်းခေါင်လည်း နှလုံးတော်ပြေ၍ မင်းရာဇာအား လက်ကောက်တစ်ရန် ဆင်မတစ်စီး ဆုတော်ပေးတော်မူ၏။

သက္ကရာဇ်(၇၇၁)ခုနှစ်တွင် ဘုရင်မင်းခေါင်သည် မိဖုရားရှင်ဘို့မယ်ကို မယုံကြည်သဖြင့် နန်းမှချကာ ရွှေနန်းတွင် ထားတော်မူ၏။ အမတ်ကြီးမင်းရာဇာကိုခေါ်၍


အမတ်ကြီး ဝန်ဇင်းမင်းရာဇာရုပ်တု


အတွင်းသင်းမှူးသမီးကို တောင်နန်းတင်မည်ဟု မိန့်တော်မူ၏။ ထိုအခါ အမတ်ကြီးက စင်ကြယ်စွာ ပြာတီးလှန်းထားသော မျိုးစပါးသော်မှ ပေါက်တုံမပေါက်တုံ ရှိသေးသည်။ ဈေးက စပါးမျိုးပြုသဖြင့် မပေါက်တန်ရာ။ လက်ကို မသန့်မစင်ဖြစ်လျှင် ဆေးကြောသည့်အခါ စင်သကဲ့သို့ အဖိုးအနဂ္ဃထိုက်သော ပတ္တမြားသည် ရွှံ့ညွန်တွင် ကျသောအခါ ဆေးကြောသုတ်သင်၍ ဝတ်ဆင်တော်မူပြန်သည့်အလား အကြောင်းကြောင်းကို ထောက်ရှုတော်မူပါဘုရားဟု သံတော်ဦးတင်၏။

ဘုရင်မင်းခေါင်လည်း အမတ်ကြီးကို မိဖုရားရှင်ဘို့မယ်အား အဘိုးမစ၍ နန်းတင်လေဟု မိန့်တော်မူ၏။ မင်းရာဇာလည်း မိဖုရားကို သွန်သင်ဆုံးမပြီး နန်းတင်၏။ မိဖုရားရှင်ဘို့မယ်သည် အဘိုးမ,စသောကြောင့် မယုတ်မကျရှိရချေသည်ဟူ၍ ရွှေတစ်ပိဿာခုတ်သော ကွမ်းအုပ်နှင့်တကွ ဝတ်တော်မူသော လက်စွပ်ငါးခြည်ကို မင်းရာဇာအား ချီးမြှင့်တော်မူ၏။

ပြည့်ရှင်မင်းထံ ဝန်ဇင်းမင်းရာဇာ၏ လျှောက်ထုံး

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ပရိဝုဏ်အတွင်းရှိ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီး

ချက်များကား မြောက်မြားလှသကဲ့သို့ မှတ်သားဖွယ်လည်း ကောင်းပါသည်။ အင်းဝရွှေထီးနန်းကို မင်းကြီးစွာစော်ကဲ စိုးစံစဉ်အခါက စာတိုင်ညိုဘဝ သူကောင်းပြုရာမှ စတင်ပြီး နန်းတွင်းရောက် အမတ်ငယ်တစ်ပါး ဖြစ်လာသည်။ သားတော်ဘုရင် ပထမမင်းခေါင် လက်



သာစည်-သမြေဝ ကားလမ်းဘေးတွင် တွေ့ရသော ရွှေပေါင်မျော်စေတီတော် ဆိုင်းဘုတ်ကြီး

ထက်တွင် မင်းရာဇာဘွဲ့ဖြင့် အ...
ကြီး ဖြစ်လာပြီး ဝန်ဇင်းမင်းရာ...
ဟူ၍ ထင်ရှားလာခဲ့သည်။ မ...
မိဖုရား၊ နန်းတွင်းသူ နန်းတွ...
သားတို့ကား သစ်တစ်ပင်ကော...
၍ ငှက်တစ်သောင်း ခိုရသကဲ့...
အမတ်ကြီးကို အမှီသဟဲပြုလ...
ချမ်းမြေ့ကြရလေသည်။

အင်းဝရွှေနန်းတော်သို့ အ...
ကြီး ဝန်ဇင်မင်းရာဇာ စည်းတ...
အမတ်ငယ်အဖြစ်ဖြင့် အသ...
(၂၀)အရွယ်ခန့်တွင် စတင်ရေ...
ရှိလာသည်။ ဗောင်းတော်ညိတ် စိတ်တော်သိသော အ...
တစ်ဦး ဖြစ်သည်။ မင်းလိုလိုက်က မင်းကြိုက်ဆော...
ဆုလာဘ်ရ ဆိုသော်လည်း မင်္ဂလာတရား လက်ကိုင်...
၍ နိုင်းချင့်တွေးခေါ် ကျိုးကြောင်းဆီလျော်အောင် ...
ဆောင်နိုင်သော အမတ်တစ်ပါး ဖြစ်ပါသည်။

ဝန်ဇင်းမင်းရာဇာ အမတ်ကြီးသည် ရာထူး...
အစော် ကြီးမြင့်သွားသော်လည်း မိမိ၏ဘဝကို မေ့မေ...
သက္ကရာဇ်(၅၄၂)ခုနှစ်တွင် ဇာတိဌာနေ မွေးရပ်မြေ ဝ...
ရွာရှိ ယခင်နေလာခဲ့သော ပိုင်းမြေ၌ ကိုးတောင်ပြည့်...
ပေါက်စေတီတစ်ဆူကို တည်သည်။ ပုဂံရွှေစည်းခုံ...
မှမြေကို စတိသဘောစွန့်ယူ၍ ရတနာပစ္စည်းများနှင့်...
ဌာပနာထည့်သွင်းခဲ့သည်။ စေတီတော်ကိုလည်း ပု...
စည်းခုံကဲ့သို့ပင် ရွှေစည်းခုံစေတီတော်ဟု ဘွဲ့တော်သ...
ပါသည်။

သက္ကရာဇ်(၃၇၉)ခုနှစ်တွင် ပုဂံပြည်၌နန်းတက်...
အနော်ရထာမင်းမတိုင်မီက နတ်၊ နဂါးနှင့် အရည်...
တို့ကိုကိုးကွယ်သော အယူများ လွှမ်းမိုးလျက်ရှိ...
သထုံပြည်မှ ရှင်အရဟံ ကြွလာတော်မူပြီးနောက် ပိ...
သုံးပုံရောက်ရှိလာကာ ထေရဝါဒသာသနာတော်...
နေလပမာ ထွန်းလင်းလာပါသည်။ သာသနာတော်...
ပင်ပြန့်ပွားစေရန်အတွက် သာသနာ့ဝန်ထမ်း ရဟန်...
တော်များ မွေးထုတ်ပေးရန် သိမ်များသမုတ်...
သည်။

သက္ကရာဇ်(၄၁၆)ခုနှစ်တွင် ရှင်အရဟံ ဦး...

www.burmeseclassic.com

www.burmeseclassic.com

…လာနယ် သိမ်ကိုးသိမ်ကို သမုတ်တော်မူရာ ကူဖြူ…သည် သိမ်ကိုးသိမ်တွင် အပါအဝင်ဖြစ်သည်။ ရွှေ…ည်းခုံနောက်တောင် ခွေးတဟောင်၊ သိမ်တော်ကဆင်း…ဝင်ရင်း၊ ရွှေကိုးတင်း ငွေကိုးတင်းဟူသော စကားအရ…စည်းခုံဘုရားနှင့် မနီးလွန်း မဝေးလွန်းတွင် ကူဖြူသိမ်…ည်ရှိသည်ကို ညွှန်းပြနေသည်။ ကူဖြူသိမ်ကို သမုတ်…တော်မူပြီးနောက် နှစ်ပေါင်း(၃၃၀)မျှကြာမှတည်သော…ခင်းရွှေစည်းခုံစေတီတော်မြတ်သည် ဝါတော်အားဖြင့်…၃၀)ခန့်ရှိလာပြီဟု ဆိုရပါလိမ့်မည်။

ဝန်ဇင်းရွှေစည်းခုံစေတီတော် မူလဒါယကာ အမတ်…ကြီး မင်းရာဇာသည် အသက်(၇၄)နှစ်အရွယ် သက္ကရာဇ်…၃)ခုနှစ်တွင် ဇရာ၏ သဘောကို မလွန်ဆန်နိုင်ဘဲ…ကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ပညာရှိအမတ်ကြီး…ဖြင့် မင်းမှုထမ်းဘဝကို သက်တမ်းကုန်ဆုံးသည်…ထိ တာဝန်ကျေပွန်စွာ ရွက်ဆောင်ခဲ့သည်။ အမတ်ကြီး…ချစ်ခင်လေးစားကြသဖြင့် အများတကာက ဘိုးရာဇာ…ခေါ်ဝေါ်ခဲ့လေသည်။

ဝန်ဇင်းရွာသည် မူလက မိတ္ထီလာနယ်တွင် ပါဝင်၍…လာကန်တော်အောက် ဆယ်မိုင်လောက်၌ တည်ရှိ…ည်။ ယခုအခါ ရွာကို အရှေ့မြောက်ခပ်ယွန်းယွန်း…မဝေးသည့်နေရာသို့ ရွှေ့ပြောင်းသွား၍ သာစည်မြို့…တွင် ချောက်ခွဲရွာဟူ၍ ခေါ်ဝေါ်လျက် ရှိကြပါသည်။

သက္ကရာဇ်(၁၃၁၈)ခုနှစ်၊ နယုန်လပြည့်တွင် ရွှေစည်း…တီတော်ကို ကန်ကြီးကုန်းတောရဆရာတော် ဦး…နှာဘိနှင့် အမတ်ဦးငွေမှ ဦးဆောင်ပြီး ဝေနေယျ…ကောင်းမှုဖြင့် တိုးချဲ့မွမ်းမံကြသည်။ စေတီတော်…တော်အမြင့်မှာ (၄၉)တောင်ရှိ၍ ရွှေထီးတော်မှာ…(၂၅)ပေ၊ အချင်း(၄)ပေ ရှိပါသည်။

(၁၃၆၂)ခုနှစ် ပြာသိုလဆန်း (၈)ရက်နေ့တွင် လျှော်…မြေဖြူးအထည်စက် ဦးတိုင်းရင်း၊ ဇနီး ဒေါ်မြသိန်း…မှ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူသည်။ …)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက်နေ့တွင် …ခွဲရွာ ဘုရားဒါယကာကြီး ဦးလှကျော်အား ရည်စူး… ခေါင်ယံမိသားစုတို့မှ စေတီတော်ပရိဝုဏ်အတွင်း …ကျောင်းတော်မှုတစ်ဆူကို တည်ထားပူဇော်ထားပါ…



ရွှေစည်းခုံစေတီတော် ဖူးမြော်ရင်း
ကူဖြူသိမ်တော်လေးဆရာတော်ထံ ရောက်ရှိစဉ်

စေတီတော်ပရိဝုဏ်ကို မဟာရံတံတိုင်းကြီး ကာရံထား၍ ဝန်ဇင်းမင်းရာဇာရုပ်တုကိုလည်း အမတ်ကြီး၏ အဆောင်အယောင်ဖြင့် ပုံစံတူထုဆစ်ထားပါသည်။ စေတီတော်အဝင်မုခ်ဦးကြီးကို သာစည်-သပြေဝ မော်တော်ကားလမ်းမဘေးတွင် ထင်ရှားထည်ဝါစွာ တွေ့မြင်ရပါသည်။

အမွေးနံ့သာတို့၏ ရနံ့သည် လေ၏ စုန်ရာတွင်သာ ကြိုင်သင်းကြသော်လည်း ဝန်ဇင်းမင်းရာဇာ၏ ဂုဏ်သတင်းပျံ့မွှေးခြင်းကား လေဆန်ရာတွင်သာမက ကောင်းကင်ဘဝဂ်တိုင်အောင် ပျံ့သင်းလျက်ရှိနေပါသည်။ အမတ်ကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း(၆၀၀)နီးပါးမျှ တိုင်ခဲ့သော်လည်း ပညာရှိသူတော်ကောင်း ဝန်ဇင်းဘိုးရာဇာဟူသောအမည်ကား သမိုင်းစာမျက်နှာတွင် မျက်နှာပွင့်ဆဲ ရှိနေပါလေသည်။

**အာကာသ(သာစည်)**

<u>ဝန်ခံချက်</u>

* ကိုယ်တိုင်ရောက်ရှိလေ့လာ မှတ်တမ်းယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁)

သူ၏ ခြေလှမ်းများသည် ဖွဖွကလေးဖြစ်၏။ နားနှစ်ဖက်ကို အဆင်သင့် စွင့်ထားလိုက်သေးသည်။ လက်ထဲ၌ကား သတ္တဝါတို့ကို သေစေနိုင်သည့် အဆိပ်လူးသည့် လေးနှင့်မြား အဆင်သင့်။ ချွတ်ခနဲ အသံကြားသည်နှင့် သူ့လက်က လွတ်လိမ့်မည်မဟုတ်။

ယနေ့နံနက်ပိုင်းတော့ အခြေအနေမကောင်း။ သားကောင်တစ်ကောင်တလေကိုမှ မတွေ့ရသေး။ သမင်ကတောက် ချေကဟောက် မျောက်ကကြိုးခွေ ဒေါင်းအိုးဝေ ဘယ်မှာလဲ အဲသည်အသံတွေ။ တိတ်ဆိတ်ခြောက် ကပ်လျက်ရှိ၏။ ယုန်ကလေးတစ်ကောင်၊ ရှဉ့်ကလေးတစ်ကောင်ပင် မတွေ့ရ။ ထမင်းကြမ်းခဲထုပ်ကလေးကို ဖြေစား၊ ထူးရေကို လက်ခုပ်နှင့် ခပ်သောက်၍ အာဟာရဖြည့်တင်းထားရသော်လည်း တင်းတိမ်ကျေနပ်ခြင်းကား မဖြစ်။

ကျိုးချစ်နွယ်ဟိ(ဓလင်း)

# အတိတ်အကြောင်းမှန် ပစ္စုပ္ပန်အကျိုးပေးသန်





www.burmeseclassic.com

www.burmeseclassic.com

အသားစားနေကျလျှာက အသားတစ်မျိုးမျိုးကိုသာ တောင့်တနေ၏။ သားစာ၊ သံမီးစာ၊ မယားစာ၊ လှုရေး ချိန်းရေး သားငါးရမှ ဖြစ်မည်လေ။ နေပြောက်မထိုး အောင် ထူထဲစွာပေါက်နေသည့် တောနက်ကြီးထဲမှာ တစ် သော ကျောက်ဂူတစ်ခုကို သူမြင်ရသည်။ ထိုနေရာသည် ချောင်ရွှေစောင်းကျနေသည်နှင့် နွယ်ပင်၊ သဘာဝပန်း ပင်တွေကြားမှာ ထိုဂူလေးက လှပင်လှသေးတော့။

သူ ပြုံးလိုက်မိသည်။ အတွေ့အကြုံအရ သည်လို တောမျိုးထဲမှာ သားကောင်ကြီးကြီး အောင်းနေနိုင်သည်။ ဆတ်ဝက်၊ ကျားသစ်၊ ဟင်းမျိုးကြီးတွေ ခိုအောင်းလေ့ ရှိကြသည်။ ဂူဝနှင့် အနီးဆုံးနေရာသို့ရောက်အောင် ပြေး ချပ်လိုက်သည်။ ခြေသံတော့လုံမှ၊ သို့မဟုတ်က သား ကောင်က ပြေးလေရော့မည်။ ဂူအတွင်းသို့ ချောင်းကြည့် လိုက်သည့်အခါ ဝါဝါအဆင်းတစ်ခု မြင်လိုက်သည်။ အသမင်ဖြစ်ဖို့ သေချာနေပြီပေါ့။ သူသည် လေးကို တင်းတင်းဆုပ်၊ မြားကို အသင့်ပြင်လျက် ဂူတွင်းကို အတိဖြင့် ပြေးဝင်လိုက်သည်။ အဝါရောင်အဆင်းသည် လှုပ်ရှားမှုမရှိ၊ ပကတိငြိမ်သက်လျက်။

အလို··ဘုရား··ဘုရား၊ ငါမှားတော့မလို့ပါလား။ ရဟန်းတော်စင်တစ်ပါးပေပဲ။ ရဟန်းတစ်ပါးပါလားဟရို့။ အင်း··မျက်လွှာကိုချလို့ တင်ပျဉ်ခွေထိုင်နေတာဆိုတော့ ဘုရားနှလုံးသွင်းနေတာပဲ ဖြစ်ရမယ်။

ထိုရဟန်းတော်၏ရှေ့တွင် သပိတ်တစ်လုံးရှိ၏။ သူ ၏ လောဘစိတ်၊ ဒေါသစိတ်များသည် ရဟန်းတော်ကို မြင်ရသည်နှင့် ပျော့ပျောင်းနူးညံ့၍နေလေပြီ။

လေးမြားကို အသာချ၍ ဒူးပဆစ်တုပ်လျက် ထိုင် လိုက်သည်။ ရဟန်းတော်ကို မြင်ရသည်မှာ အေးချမ်းလှ ပေ၏။ သူ့မှာဖြင့် သားကောင်ရလိုသည့် လောဘစိတ်ဖြင့် တောတောင်အနှံ့ ခရီးဆန့်ခဲ့ရပြီး တစ်ကိုယ်လုံး ချွေး ပြိုက်ပြိုက်ကျနေသည်။ သားကောင်ချောင်းရင်း ခြစ်မိ သည့် ဆူးရာတွေက သွေးစိမ်းရှင်ရှင်ကျလျက်ရှိ၏။ နေ့စဉ် စားသောက်ခံရ၍ သူ၏ အသားအရေမှာ မည်းနက်ပြောင် လက်နေမှာ သေချာလှသည်။ ထိုရဟန်းတော်မှာကား အေးချမ်းလျက်ရှိပေ၏။ သပိတ်တစ်လုံး၊ ဝတ်ရုံထားသည့် သင်္ကန်းမှတစ်ပါး မည်သည့်အသုံးအဆောင်မှ မရှိပါက လား ရဟန်းတော်၏ မျက်နှာပေါ်ဝယ် လိုချင်လောဘ

စိတ်မရှိ။ ပူပန်ကြောင့်ကြမှုမရှိ။ သူသည် သူနှင့်ယှဉ်လျက် ရဟန်းတော်အပေါ် သဒ္ဓါစိတ် ယိုဖိတ်လျက်။ ရဟန်းတော် မျက်လွှာပြန်အပင့်တွင် သူ လျှောက်ထားလိုက်သည်။

'အရှင်ဘုရား··ယနေ့အဖို့ ဆွမ်းကိစ္စ ပြီးပါပြီလား ဘုရား'

'မပြီးသေးဘူး ဒကာတော်'

သူနှင့် ရဟန်းတော် ဆက်ဆံမှုသည် ထိုမျှသာ တည်း။ သို့ဆိုလျှင် သူ ယနေ့အဖို့ ဆွမ်းကပ်ခွင့်ကြုံလေပြီ။

'အရှင်ဘုရား·· သပိတ်တော်ကို ကမ်းပါဘုရား။ ဘုရားတပည့်တော် ဆွမ်းလှူပါရစေ'

ရဟန်းတော်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သဘော တူမှုခြင်းကို ပြလေ၏။ သူသည် သပိတ်ကိုပိုက်လျက် မုဆိုးတို့၏ ခြေလှမ်းဖြင့် အပြေးတစ်ပိုင်း ရွာသို့ ပြန်လေ တော့၏။ ကျောက်ဂူနှင့် သူနေထိုင်ရာ ရွာကလေးသည် ယူဇနာဝက်ခန့် ဝေးကွာလေသည်။ သူ၏ သဒ္ဓါအဟုန် ကြောင့် အိမ်ပြန်ရောက်သည့်တိုင် မောပန်းခြင်း အလျှင်း မရှိချေ။ အချိန်မတော် ပြန်ရောက်လာသည့် ခင်ပွန်းသည် ကိုကြည့်၍ အိမ်ရှင်မသည် အံ့အားသင့်လျက်ရှိ၏။

'အေး··ရှင်မရေ၊ ငါ တောထဲမှာ ရဟန်းတစ်ပါး ဖူးတွေ့ခဲ့ရတယ်။ ဆွမ်းကပ်ချင်လို့ကွာ။ တို့မှာ ချက်ပြုတ် ပြီး အသင့်ရှိရဲ့လား'

ထိုစကားကြားသည်တွင် အိမ်ရှင်မသည် ဝမ်းသာ အားရဖြင့် တုံ့ပြန်၏။

'အသင့်ပါတော်။ အရှင်ကြိုက်သလောက်သာ ခူးခပ် သွားပေတော့'

သူသည် အိမ်သူ၏ ခွင့်ပြုချက်ရသည်နှင့် တောင်း အသစ်တစ်လုံးတွင် သပိတ်ထည့်လျက် နှစ်ယောက်စာ ထမင်းကို အားလုံးခူးခပ်ထည့်၏။ အမဲဟင်းလျာကိုလည်း အိုးလိုက်မှောက်၍ သပိတ်ထဲ လောင်းထည့်လိုက်သည်။ အပေါ်မှ သန့်ပြန့်သည့် ပဝါပိုင်းကို ဖုံးအုပ်လိုက်၏။

'ကဲ··ရှင်မ၊ ဆွမ်းမီအောင် ပြေးလိုက်ဦးမကွယ့်။ ပြန်သာချက်ပြုတ်ထားလိုက်ပေတော့ကွယ်'

သူ အိမ်ရှေ့ထွက်လာသည်နှင့် သံဃာတော်အချို့ ဆွမ်းခံရပ်သည်ကို တွေ့လိုက်ရသည်။ ထိုရဟန်းတော်တို့ ကိုလည်း လှူလိုက်ချင်သေးသည်။ ချက်ပြုတ်ပြီး အသင့် မရှိ။ ဆန်၊ ဆီ၊ ငါးပိ၊ ဆား ပြည့်စုံပါသေးရဲ့လားဆို



www.burmeseclassic.com

www.burmeseclassic.com

သည့် စိုးရိမ်စိတ်ဖြင့် မီးဖိုသို့ ပြန်ဝင်ပြန်သည်။ ဆန်အိုး၊ ဆီအိုးတို့ကိုကြည့်၏။ ပြည့်စုံနေသည်။ သူ ကျေနပ်သွားသည်။ မျက်စိက ထမင်းအိုး၊ ဟင်းအိုးဆီ ရောက်ပြန်၏။ သူ မနေနိုင်။ မရှိတော့မှန်း သိလျက်နှင့် လှပ်ကြည့်မိပြန်၏။

သူ လွန်စွာပင် အံ့အားသင့်သွားသည်။ ဝမ်းသာမှု ပီတိသည် အထွတ်အထိပ်။

'ရှင်မရေ..လာစမ်းပါဦးကွယ်။ သည်မှာ လာကြည့်စမ်းပါဦး။ မကြုံစဖူး ထူးကဲလှပါပေ့'

'အလို..ဟုတ်ပါရဲ့တော်။ ထူးဆန်းလိုက်တာ'

'အေး..ထူးဆန်းတာထား အိမ်ရှေ့က ကိုယ်တော်တွေကို လောင်းလှူလိုက်ဦး။ ငါ မစားရချင်နေပါစေ။ ငါတော့ ပြေးပြီဟေ့'

သူ၏ အပြန်ခရီးသည် ပေါ့ပါးသွက်လက်နေလေပြီ။ ဝမ်းသာကြည်နူးမှုသည် သူ၏ မောပန်းမှုကို ပြေပျောက်စေခဲ့ပြီ။ သူသည် လမ်း၌တွေ့သည့် ခင်ပုပ်ပန်း၊ မိကျောင်းပန်း၊ တောစံပယ်ပန်းကလေးများကို အခိုင်လိုက်ခူးလျက် တောင်းထဲသို့ ထည့်လိုက်သည်။ ပန်းတို့၏ မွှေးကြိုင်သော ရနံ့များသည် သူ၏စိတ်ကို လန်းဆန်းကြည်လင်စေ၏။

ကျောက်ဂူသို့ အချိန်မီ သူပြန်ရောက်လာသည်။ ချွေးနဲ့စာဖြင့် ရှာဖွေထားရသည့် ဤဆွမ်း၊ ခဲဖွယ်တို့ကို လိုအပ်နေသည့် ရဟန်းတစ်ပါးအား လှူဒါန်းရသည်ဖြစ်၍ သူကျေနပ်လျက်ရှိ၏။

ရဟန်းတော်မြတ်၏ရှေ့ဝယ် ပုဆစ်တုပ်၍ ထိုင်လိုက်သည်။ လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကပ်လှူလိုက်သည်။

'ဘုရားတပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါဘုရား'

'ဘုဉ်းပေးသုံးဆောင်တော်မူပါ အရှင်သူမြတ်ဘုရား'

အရှင်မြတ်သည် အေးဆေးငြိမ်သက်စွာ အလှူခံတော်မူလျက် သူ့ရှေ့မှောက်မှာပင် ဘုဉ်းပေးတော်မူသည်။

'ဘုရားတပည့်တော် ဆင်းရဲသားမုဆိုးပါဘုရား။ ဤလုပ်ငန်းဖြင့် အသက်မမွေးလိုတော့ပါ။ ဤဆွမ်း၊ ဤပန်း၊ ဤပဝါပိုင်းတို့ကို လှူဒါန်းရသော ကုသိုလ်ကံ အစွမ်းကြောင့် ဘုရားတပည့်တော် မွေးဖွားသန့်စင်သည့်အချိန် ပန်းမိုးရွာပါစေဘုရား။

မရှိ၊ မလှ၊ မဝ ဆိုသည့်စကား မကြားပါရစေ ဘုရား။ ပဝါပိုင်းကို လှူဒါန်းရသော ကုသိုလ်ကံကြော တပည့်တော် ဝတ်ဆင်သမျှ သစ်လွင်တောက်ပ ထူးခြ စွာ ပြောင်လက်ပါရစေဘုရား။

နောက်ဆုံးဘဝ၌ အရှင်ဘုရားတို့ သိအပ်သောတ ကို သိပါရစေဘုရား'

မုဆိုး၏ ဆုတောင်းကို ကြားရ၍ ရဟန်းတော် အနည်းငယ် ပြုံးလေ၏။ ခွန်းတုံ့ပြန်ခြင်းကား မပြု ပေးမြဲသော ဆုကိုကား ပေး၏။

'အလိုရှိတိုင်း၊ တောင့်တတိုင်း ပြည့်စုံပါစေ ဒ တော်'

ဆွမ်းစားပြီးသည်နှင့် ဆေးကြောသန့်စင်ပြီးသော သပိတ်ကိုလွယ်ကာ ကောင်းကင်ခရီးဖြင့် ကြွသွားလေ မုဆိုးသည် ပါးစပ်အဟောင်းသားဖြင့် ငေးမော၍ မ လက်အုပ်ချီ၍မဆုံး ပီတိသောမနဿပြည့်လျက် ရှိ တော့သည်။

◆◆◆

(၂)

မုဆိုး ကွယ်လွန်သည့်အခါ ထိုဒါနမှု၊ သူ့အသ မသတ်တော့သော သီလမှုနှင့်ပင် နတ်ပြည်သို့ လားရော ၍ နတ်စည်းစိမ်ကို ခံစားရ၏။ ကဿပဘုရားရှင် ဂေါတမမြတ်စွာဘုရား မပွင့်မီ လူ့ပြည်၊ နတ်ပြည် အ လီ ခံစားလျက် ဒုဂ္ဂတိသို့ မလားရောက်ရတော့ချေ

ဂေါတမဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်သည့် ကာလ စိတ္တသူကြွယ်၏ ဇနီးသည်ဝမ်းတွင် ပဋိသန္ဓေနေ သည်။ ထိုစိတ္တသူကြွယ်မကြီး မီးရှူးသန့်စင်သည့် နံ စောစောတွင်ကား ထူးခြားဆန်းကြယ်သော ပန်းမိုး ရွာချလေပြီ။ ပုဆစ်ဒူးဝန်းမြုပ်မျှ ထုထပ်လေ၏။

တိုင်းပြည်အုပ်ချုပ်သည့် မင်းဧကရာဇ်သည် ပြတင်းကို ဖွင့်လှစ်သည်နှင့် မကြုံစဖူး ပန်းမိုးတို့ရွာ ကို မြင်သည်။

'အလို..ထူးခြားလှပါလား။ မည်သည့်သူငယ် မွေးဖွားသန့်စင်ပါလိမ့်'

'ဟဲ့..အထောက်တော်၊ သွားရောက်စုံစမ်း နန်းတော်ထဲမှာ မည်သူများ မီးရှူးသန့်စင်လေသလဲ။ ချက်ချင်းသိလိုသကွယ်'



www.burmeseclassic.com

www.burmeseclassic.com

ကွမ်းတစ်ယာညက်ပင်မကြာ အထေက်တော် ပြန် ရောက်လာ၏။

'နန်းတွင်းမှာ မီးဖွားသန့်စင်သူ မရှိကြောင်းပါဘုရား'

ဘုရင်ဇကေရာဇ်သည် အနည်းငယ်စဉ်းစားလျက် ထပ် မံမေးစေပြန်၏။

'ဟဲ့..ငါ သူကောင်းပြုထားတဲ့ မြို့စား၊ နယ်စားများ ၏ ဇနီးသည်များရော မဖြစ်နိုင်ဘူးလားကွယ်။ စုံစမ်းပါဦး'

အထေက်တော်သည် ကျေနပ်စွာပြုံးလျက် လျှောက် တင်လိုက်သည်။

'မှန်လှပါ။ အရှင်မင်းကြီး၏ အလိုတော်ကို သိသဖြင့် ကျွန်ုပ်သားဆက်သား၊ ခြေမြန်တော်တို့ကို လွှတ်ထားပြီး ပြန်ရောက်ကြ၍ လျှောက်တင်ပါသည်ဘုရား။ မည် သည့် မြို့စား၊ နယ်စားများ၏ ဇနီးသည်များမှ မွေးဖွား သန့်စင်ခြင်း မရှိကြောင်းပါဘုရား'

နန်းတော်နှင့် မဆိုင်ဘူးဆိုမှတော့ အရပ်ထဲမှာ မွေး သေချာပြီပေါ့။ ဘယ်လိုသူဌေးသူကြွယ်၊ ကုန်သွယ် ကယ်လုပ် ကျေးကျွန်များ မွေးဖွားလေသလဲ။

'ဟဲ့..မှူးမတ်များ၊ အထေက်တော်ကြီးရဲ့'

'ဘုရား..နာခံလျက်ရှိကြောင်းပါဘုရား'

'အေး..ရင်ပြင်အပြည့် ပန်းမိုးတွေ ထူးဆန်းစွာ ရွာ တာ ငါကိုယ်တော်ရှင်မြတ် တစ်သက်နဲ့တစ်ကိုယ် တွေ့ကြုံဖူးဘူးကွယ်တို့'

'မှန်ပါ၊ ထူးခြားလှပါဘုရား'

'အေး..ယနေ့လို ထူးခြားဆန်းကြယ်တဲ့နေ့မှာ မီး ဖွားသန့်စင်သူကို တွေ့ခဲ့လျှင် အဆင့်အတန်း မခွဲခြားဘဲ ဆုငွေတစ်သောင်း၊ ငွေကောင်းတစ်သိန်းပေး၍ သူကောင်း ပြုမယ် မင်းကြီးများ။ နေ့လယ် ပွဲတော်စာမတည်မီ သတင်းစုံသိလိုတယ်ဗျား'

'မှန်လှပါ..အမိန့်တော်မြတ်အတိုင်းပါဘုရား'

ခြေမြန်တော်များ၊ မြင်းသည်တော်များ မကြာမီပင် ... ရှိရသည်ကား စိတ္တသူကြွယ်ကြီး၏ ဇနီးသည်တွင် ... ယောက်ျားလေး ဖွားမြင်ကြောင်းပင်။

ထိုနေ့သည်ကား စိတ္တသူကြွယ်ကြီးနှင့် ဇနီးသည်တို့ ... ဆုံးမော်မဆုံး ရှိသည်သာမက ရှာဖွေတွေ့ရှိသည့် ... သည်တော်၊ ခြေမြန်တော်၊ အထေက်တော်များပါ ... ဆုတော်လာဘ်တော်ရကြ၍ ကြည်နူးကျေနပ် မဆုံး။

'မောင်မင်းကြီးသား စိတ္တသူကြွယ်လောင်းလေး သက်တော်ရာကျော်ရှည်ပါစေ။ ဘုန်းကံကြီးမားပါစေဗျား'

တစ်နိုင်ငံလုံး ဝမ်းသာလိုက်ကြတာ၊ ဆုတောင်း မေတ္တာတွေ ပို့သလိုက်ကြတာ။ သူတော်ကောင်းဆိုတာ တစ်ဦးတစ်ယောက်ကိုသာမက အများကိုပင် ကောင်းကျိုး ပေးနိုင်ပေသည်တကား။

စိတ္တသူကြွယ် ကွယ်လွန်သော် ထိုသူငယ်သည်ပင် စိတ္တသူကြွယ် အမည်ဖြင့်ပင် သူကြွယ်ကြီး ဖြစ်ပြန်လေ၏။ ပြုခဲ့ဖူးသော ပါရမီအဟုန်တို့ကြောင့်ပင် မြတ်စွာဗုဒ္ဓ၏ တပည့်သားတစ်ပါး ဟောကြားသည်ကို နာကြားရရုံဖြင့် သောတာပန်မှသည် အနာဂါမ်တည်လျက်ရှိလေပြီ။ မြတ် စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဝယ် သီတင်းသုံးနေကြောင်း ကြားသိစဉ်ကပင် သွား ရောက်ဖူးမြော်လိုစိတ် ပြင်းပြလျက်ရှိ၏။

ရက်ကောင်းရက်မြတ်တစ်ခုကို ရွေးချယ်လျက် အား လုံးသိရှိကြစေရန် ကြေညာစေလိုက်သည်။ စိတ္တသူကြွယ် ၏ ကြေညာစာမှာ-

'အို..သူတော်ကောင်းအပေါင်းတို့၊ အကျွန်ုပ်သည် ယခုအခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ သွား ရောက်ဖူးမြော်မည်ဖြစ်သည်။ ရဟန်း၊ ရှင်၊ လူ မည်သူ မဆို စရိတ်ငြိမ်း လိုက်ပါဖူးမြော်နိုင်သည်။ ဘုရားရှင်နှင့် တကွ သံဃာတော်များအတွက် ပစ္စည်းလေးပါး လှူဒါန်း ပူဇော်လိုပါက လာရောက်ပို့ဆောင်နိုင်သည်။ လှည်းအစီး ငါးရာ စီစဉ်ထားရှိပါသည်'

ကြီးမားသော ပျဉ်ချပ်ကြီးများပေါ်တွင် စာရေးသား ၍ ကြေညာထားသည်လည်း ရှိသေးသည်။

'စရိတ်ငြိမ်းဆိုတော့ လမ်းတစ်လျှောက်လုံး သူ ကြွယ်ကြီးက ကျွေးမှာပေါ့နော်'

'တို့များတော့ သာဝတ္ထိဆိုတာ မရောက်ဖူးပါဘူး။ စိတ်သွားရာ ကိုယ်မပါနိုင်တော့ ဘုရားဖူးမလိုက်ရတော့ ဘူးပေါ့'

'အို..တို့ကတော့ ဘုရားဖူးလိုက်မယ်။ သီလစောင့် ရင် အုမတောင့်မှာပဲ။ ဘုရားဖူးလိုက်လို့ အိမ်ဘာတွေဖြစ် နေနေ လိုက်မယ်'

သူကြွယ်ကြီး၏အိမ်ရှေ့နှင့် လမ်းဆုံလမ်းမတွင် ပြော



www.burmeseclassic.com

www.burmeseclassic.com

ဆိုနေကြသူတို့၏ အသံပေတည်း။

တစ်ခုသောနေ့ဝယ် လှည်းအစီးငါးရာကျော် စီစဉ်လျက် ရှေ့ဆုံးလှည်းကား အိုးစည်ဗုံမောင်းတီးခတ်လျက်၊ သူ့နောက်မှ တင်လဲ၊ ပျားရည်၊ ထောပတ်၊ ဆီဦးတို့ကို စဥ့်အိုးများဖြင့် အစီအရီတင်သောလှည်းများ၊ အလယ်တွင် သူကြွယ်ကြီးတို့ မိသားစု၊ သည်နောက်တွင်ကား ကျွေးမွေးပြုစုမည့် ချက်ပြုတ်ရေးအဖွဲ့ဝင်များ၊ နောက်လှည်းများတွင် ဘုရားဖူးလိုက်ပါမည့်သူများ၊ နောက်ဆုံးလှည်းတွင် သူကြွယ်ကြီး၏ ကိုယ်ရံတော်များ စုံလင်စွာပါရှိသည်။

အိုးစည်ဗုံမောင်းတီးလျက် မြို့မှထွက်သည်နှင့် မြို့စောင့်နတ်တခါးစောင့်နတ်တို့က လူယောင်ဖန်ဆင်းလျက် ပစ္စည်းလေးပါးနှင့် ရွှေ၊ ငွေ၊ ရတနာတို့ကို လှူဒါန်းကြသည်။

ယူဇနာဝက်တွင် တစ်ဖွဲ့စီ တစ်ခုစီ စောင့်ဆိုင်းလျက် ဘုမ္မစိုး၊ ရုက္ခစိုး၊ တောတောင်စောင့်နတ်များက ပါလာသမျှလူများကို ကျွေးမွေးဧည့်ခံခြင်း၊ ပစ္စည်းများ ပေးလှူခြင်းများ ပြုကြလေရာ လှည်းများ မဆံ့သဖြင့် လူများစွာ လှည်းနောက်မှဆင်းလျက် လမ်းလျှောက်လိုက်ကြရသည်။

သာဝတ္ထိမြို့သို့ ဝင်တော့မည်ဆိုသည်နှင့် စိတ္တသူကြွယ်ကို ကြည့်လိုသော မြို့သူမြို့သားတို့မှာ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ အဝတ်ပုဆိုး၊ ဆီဦးထောပတ်၊ တင်လဲ၊ ပျားရည်တို့ဖြင့် စောင့်ဆိုင်းကြိုဆိုကြရာ လမ်းဘေးဝဲယာတစ်လျှောက် ပြည့်နက်လျက်ရှိ၏။

'ပရိသတ်များခင်ဗျား..ပစ္စည်းများကို ပေးလှူရာမှာ ရှိရှိသေသေ စည်းကမ်းတကျ ပေးလှူကြပါရန် နှိုးဆော်အပ်ပါသည်ခင်ဗျား'

အဆောင်ကိုင်များ၊ ရာစုများ၊ ဆယ်အိမ်စုမှူးများက သတိပေးလျက်ရှိသည်။

စိတ္တသူကြွယ်သည် ဇေတဝန်ကျောင်းတော်မုခ်ဦးကို ရေးရေးမျှမြင်သည်နှင့် မြေပြင်သို့ဆင်း၍ လျှောက်သည်။ ဘုရားရှင်ကိုယ်တော်မြတ်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက် စိတ္တသူကြွယ်ကို ကြိုလင့်၏။

ဇေတဝန်ကျောင်းတော်တွင်းရှိ ပန်းပင်၊ သီးပင်များ ညီညာလှပစွာ ဖြစ်ထွန်းနေပုံကို ငေးမောကြည့်ရှုကြသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကို မြေပြင်မှာပင် ထိခြင်းကြီးငါးပါးနှင့် ရိုသေစွာ ဦးခိုက်ကြလေရာ နတ်ပြဟ္မာတို့ သာဓုခေါ်သံကို အားလုံးကြားကြရသည်။

စိတ္တသူကြွယ်သည် ဘုရားရှင်၏ တရားတော် နာကြားလျက် နေ့စဉ် ကုသိုလ်ပွားလျက်ရှိပေ၏။ ညအခါ၌ကား အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့နှင့် စကား နှီးနှောကြလေသေးသည်။ စိတ္တသူကြွယ်သည် အနာဂါမ်ဖြစ်သည့်အားလျော်စွာ ကာမဂုဏ်ကို ပယ် ခဲ့လေပြီ။

စိတ္တသူကြွယ် လချီလျက် မြတ်ဘုရားထံပါး တရား နာကြားနေသော် ပါလာသည့် စားသောက်ဖွယ်ရာတို့ ဖွင့်၍ သုံးစွဲရသည်မရှိ။ သာဝတ္ထိမြို့သူမြို့သားတို့ ရောက်ပံ့ပိုးမှုနှင့်ပင် ပြည့်စုံလေ၏။

သူကြွယ်ကြီးသည် ပြန်မည့်ရက်တွင် ပါလာသည့် ပျားရည်အိုး၊ တင်လဲအိုး၊ ထောပတ်ဦး၊ ဆီအိုး၊ ဆန် တို့နှင့်တကွ ပဲမျိုးစုံတို့ကို မည်သို့စီမံရပါမည်လဲဟု အ အာနန္ဒာအား လျှောက်ထားသည်တွင် သိုမှီးသိမ်းဆည်း စုပုံရာ အခန်းတစ်ခုကို အရှင်အာနန္ဒာမှ စီစဉ်ပေး သည်။

သူကြွယ်ကြီး ပြန်သွားသည်နှင့် အရှင်အာနန္ဒာမ က မြတ်စွာဘုရားအား လျှောက်ထားသည်။

'အရှင်ဘုရား၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော် တန်ခိုးတော်ဟာဖြင့် ဆန်းကြယ်ထူးခြားလှပါတယ်ဘုရား စိတ္တသူကြွယ် နေထိုင်စဉ်ကာလအတွင်း ပါလာ ပစ္စည်းများကို ထုတ်ယူသုံးစွဲရခြင်း အလျှင်းမရှိဘဲ သာ စုပုံထားရှိခဲ့ရခြင်းသည်ကား အံ့မခန်းရှိလှပါ အရှင်ဘုရား'

'ထူးခြားဆန်းကြယ်မှုမရှိပါ ချစ်သားအာနန္ဒာ။ တရား၊ သီလတရား ပြည့်ဝနေသူများဟာ ကျော်စော သတင်းနဲ့ ပြည့်စုံတယ်။ စည်းစိမ်ဥစ္စာ ရတနာ၊ ရွှေ တွေလည်း ပေါကြွယ်ဝတယ်။ ဘယ်အရပ်ဒေသ ရောက်ရောက် လူ၊ နတ်တို့ရဲ့ ပူဇော်မှု အထူးကို ကြရသည်ချည်းပဲကွယ့်'

'သာဓု..သာဓု..သာဓုပါ အရှင်ဘုရား'

ညီတော်အာနန္ဒာသည် ဝမ်းမြောက်စွာ သာ ကြိမ် ခေါ်လိုက်လေ၏။

မျိုးချစ်နွယ်(



www.burmeseclassic.com

www.burmeseclassic.com

# ကံ..ကံ..ကံ..

## မောင်ဘုရက်စိန်

ဗုဒ္ဓဘာသာဝင်တို့သည် ကံကို ယုံကြည်ကြပေသည်။ သဗ္ဗေသတ္တာ ကမ္မသကာဟုလည်းကောင်း၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိဟုလည်းကောင်း ဆိုလေ့ရှိကြပေသည်။ ကံသည် သတ္တဝါတို့ကို စီရင်၏ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ကံသာလျှင်အမိ ကံသာလျှင်အဖဟူ၍လည်း ဆိုရိုးရှိကြပေသည်။ လူမတန် ကံချဟူသော စကား၊ ကံကိုယုံ၍ ဆုံးပုံမနင်းရာဟူသော စကားတို့သည်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုနယ်ပယ်တွင် ပြောဆိုလေ့ရှိကြသော စကားများပင် ဖြစ်သည်။

ကံကို အတိတ်ကံ၊ ပစ္စုပ္ပန်ကံဟူ၍လည်း ခွဲခြားပြောဆိုလေ့ရှိကြသည်။ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် အတိတ်က ပြုလုပ်သည်တို့ကို အတိတ်ကံဟု ဆိုလေ့ရှိကြပေသည်။ မျက်မှောက်ဘဝတွင် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ဆောင်ရွက်သမျှတွေသည် ပစ္စုပ္ပန်ကံဟု ဆိုလေ့ရှိကြပေသည်။ ပစ္စုပ္ပန်ကံကို ပြုပြင်ဖန်တီး၍ ရနိုင်သေးသော်လည်း အတိတ်ကံကိုမူ ပြုပြင်ဖန်တီး၍ မရနိုင်တော့ဟူ၍လည်း ပညာရှင်များ ဟောပြောဆုံးမသည်ကို ကြားဖူးပေသည်။ သဒိသံ ပါကံ ဒေတိ ဟူသော စကားအတိုင်း အတိတ်ကံပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်ကံပဲဖြစ်ဖြစ် ကံသည် တူညီသောအကျိုးကို ပေးတတ်သည်ဟု ဆိုလိုပေသည်။

အတိတ်အကုသိုလ်ကံ အကျိုးပေးပုံနှင့် စပ်လျဉ်းပြီး ဘုရားရှင်လက်ထက်က အဖြစ်အပျက်တစ်ခုကို ဖော်ပြလိုပေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေခိုက်တွင် မြတ်စွာဘုရားကို ဖူးမြော်ရန်အတွက် ရဟန်းတစ်စု ကြွရောက်လာလေသည်။ ရွာတစ်ရွာသို့ ရောက်သည့်အခါ ဆွမ်းစားဇရပ်မှာ ခေတ္တထိုင်နေခိုက်တွင် ချက်ပြုတ်ရာဌာနက အဆောက်အအုံတစ်ခုကို မီးစွဲလောင်လေသည်။ မီးလောင်နေသော သက်ငယ်ပျစ်တစ်ခုမှာ မီးလောင်ပြီး မီးအဟုန်နှင့် ကောင်းကင်သို့ လွင့်တက်သွားသည်။ ယင်းမီးလောင်နေသော သက်ငယ်ပျစ်သည် ကောင်းကင်တွင်ပျံဝဲနေသော





www.burmeseclassic.com

www.burmeseclassic.com

ကျီးတစ်ကောင်နှင့် တိုက်မိပြီး ကျီး၏လည်ပင်းတွင် စွပ်မိလျက် ကျီးသည် မီးလောင်ပြီး မြေပြင်သို့ကျကာ သေဆုံးသွားလေတော့သည်။

မီးလောင်သေဆုံးခြင်းသည် ကျီးတွင် အတိတ်ကံရှိရမည်ဟု ရဟန်းတော်များသည် တွေးတောစိတ်မကောင်းဖြစ်ကြပြီး မြတ်စွာဘုရားထံသို့ ရောက်သောအခါ လျှောက်ထားမေးမြန်းကြသည်။

မြတ်စွာဘုရားက မီးလောင်ခံရသော ကျီးသည် အတိတ်ဘဝက လယ်သမားဖြစ်ခဲ့ဖူးကြောင်း၊ နွားတစ်ကောင်ကို ဝန်ရှုန်းခိုင်းဖို့ ထမ်းပိုးကျင့်ကြောင်း၊ ထမ်းပိုးကျင့်သည့်အခါ နွားက နွားဆိုးဖြစ်ပြီး ပေကပ်ကပ်လုပ်နေသည့်အတွက် ကောက်ရိုးခွေနှင့် ရစ်ပတ်ပြီး မီးရှို့ကြောင်း၊ ဒီလောက်ဝပ်ချင် အိပ်ချင်တဲ့နွား တစ်ခါတည်းချမ်းသာစွာ အိပ်ပေတော့ဟုဆိုပြီး မီးနှင့်ရှို့ခြင်း ဖြစ်ကြောင်း၊ ပေကပ်ကပ်နွားသည် မီးလောင်ပြီး သေဆုံးသွားရှာကြောင်းကို ရှင်းလင်းဟောပြလေသည်။

ယင်းလယ်သမားသည် ထိုအကုသိုလ်ကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ကျခံခဲ့ရလေသည်။ ငရဲက လွတ်လာသောအခါတွင်လည်း ယင်းနွားအား မီးရှို့သော အကုသိုလ်ကံကြောင့် ကျီးဖြစ်ရကြောင်း၊ ခုနစ်ဘဝတိုင်တိုင် မီးလောင်ပြီး သေဆုံးရကြောင်းကို ရဟန်းတော်များအား မြတ်စွာဘုရားသည် ရှင်းလင်းဟောပြခဲ့လေသည်။

ထိုနည်းတူပင် အခြားရဟန်းတစ်စုသည်လည်း မြတ်စွာဘုရားကိုဖူးမြော်ရန်အတွက် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာကြပြန်သည်။ ၄င်းရဟန်းတို့သည် ပင်လယ်ခရီးဖြင့် ကြွလာကြခြင်း ဖြစ်ပေသည်။ တစ်နေရာတွင် ၄င်းတို့စီးလာသော ရွက်သင်္ဘောသည် မလှုပ်မယှက် ရပ်တန့်လျက် ရှိခဲ့သည်။ တစ်စုံတစ်ခုနှင့် တိုက်မိခြင်း၊ ငြိတွယ်ခြင်းမရှိဘဲ မလှုပ်မယှက် ရပ်တန့်နေခဲ့ခြင်းဖြစ်သည်။ ခရီးသည်များက တို့သင်္ဘောအပေါ်မှာ သူယုတ်မာတစ်ယောက်တော့ ဧကန်ပါနေပြီ။ မဲချကြစို့ဟုဆိုပြီး ကံဆိုးမဲကိုချကြရာ သင်္ဘောသူကြီးကတော်ကိုသာ မဲကျနေတော့သည်။ သုံးကြိမ်တိတိ မဲနှိုက်ရာ သုံးကြိမ်လုံးပင် သင်္ဘောသူကြီးကတော်ချည်းသာ ကျနေတော့သည်။

သုံးကြိမ်လုံးလုံး သင်္ဘောသူကြီးကတော်သာ မဲကျနေသဖြင့် သင်္ဘောသူကြီးကလည်း မငြင်းဆန်နိုင်တော့

ချေ။ ၄င်း၏ဇနီးအတွက် သင်္ဘောပေါ်တွင် ပါသူအား

သေဆုံးကြရမည့် အဖြစ်ကို တွေးမိပြီး ၄င်း၏ ဇနီးအ

ရေထဲသို့ချရန် ခွင့်ပြုလိုက်ရတော့သည်။

သင်္ဘောသူကြီးကတော်သည် ပြင်းထန်စွာ ငိုကြွေး

လေတော့သည်။ သင်္ဘောသူကြီးကတော်၏ ငိုကြွေးသံ

ကြားရသောအခါ သင်္ဘောသူကြီးမှာ များစွာစိတ်မချမ်း

သာ ဖြစ်ခဲ့ရသည်။

'ရေထဲမှာ ယက်ကန်,ယက်ကန် သူ ပေါ်နေမှာ

ငါမကြည့်ရက်ဘူး။ ဒါကြောင့် သူ့လည်ပင်းမှာ သဲအိုး

ဆွဲပြီး ပစ်ချကြပါ'ဟု ပြောဆိုလိုက်သည်။

သင်္ဘောသားတို့ကလည်း သင်္ဘောသူကြီး၏ အမိ

အတိုင်း သဲအိုးဆွဲပြီး ပင်လယ်ထဲသို့ ပစ်ချလိုက်ကြ

သည်။ ပစ်ချပြီးသည်နှင့် သင်္ဘောသည်လည်း မြားကဲ့သို့

တစ်ဟုန်ထိုး ပြေးသွားတော့သည်။

ယင်းအကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရသော ရဟန်း

တစ်စုသည် စိတ်မကောင်းကြသဖြင့် ဘုရားရှင်နှင့် ဖူး

သောအခါ လျှောက်ထားကြပြန်သည်။

ဘုရားရှင်က သင်္ဘောသူကြီးကတော်သည် အတိတ်

က အိမ်ရှင်မဖြစ်ခဲ့ဖူးကြောင်း၊ သူမတွင် အလွန်ခင်

သော ခွေးတစ်ကောင် ရှိခဲ့ကြောင်း၊ သူမသွားရာကို ခွေး

သည် တကောက်ကောက်လိုက်နေကြောင်း၊ အရပ်ထဲက

လူများက သရော်ကြ လှောင်ပြောင်ကြကြောင်း၊ အိမ်ရှင်

သမီးက ခဲနှင့်ပစ် တုတ်နှင့် ရိုက်သော်လည်း ခွေး

မပျက်ဘဲ လိုက်မြဲလိုက် နေကြောင်း၊ အိမ်ရှင်မ အမျိုး

သမီးသည် ရှက်ပြီး ခွေးကို ချော့မော့ခေါ်ခဲ့ကာ လည်

ပင်းမှာ သဲအိုးဆွဲပြီး ရေထဲသို့ တွန်းချခဲ့ကြောင်း၊ ခွေး

ခမျာမှာ ရေထဲနစ်ပြီး သေရရှာကြောင်း၊ ယင်းကဲ့သို့

မကောင်းမှုအတိတ်ကံကြောင့် ယင်းအမျိုးသမီးသည် ငရဲ

မှာ နှစ်ပေါင်းများစွာ ကျခံခဲ့ရကြောင်း၊ ငရဲမှ လွတ်

နောက်လည်း ဘဝပေါင်းတစ်ရာတိုင်တိုင် ယခုကဲ့သို့

လည်ပင်းမှာ သဲအိုးဆွဲပြီး ရေထဲ ပစ်ချခံရကြောင်း

မြတ်စွာဘုရားက ဟောကြားခဲ့လေသည်။

သတ္တဝါတို့၏ဘဝမှာ ကံစီမံရာခံရသောဘဝပင်

ပေသည်။ ကံပြုသမျှ နှုရမည့်ဘဝပင် ဖြစ်ချေ

ကံဟူသည် ပါဠိစကား ကမ္မမှလာသည်ဟု ဆရာ

များက ဟောပြောလေ့ရှိကြသည်။ ကမ္မဟူသော



www.burmeseclassic.com

www.burmeseclassic.com

သည် အလုပ်ကို ဆိုလိုခြင်းဖြစ်၍ အလုပ်ကောင်းလျှင် ကံကောင်းမည်။ အလုပ်မကောင်းလျှင် ကံမကောင်းဟု သည်း ပညာရှင်များက ဟောပြောဆုံးမလေ့ရှိကြသည်။ ထို့ကြောင့် လူသားများအနေဖြင့် ကောင်းသောကုသိုလ် အလုပ်ကိုသာ လုပ်ကြရန်၊ မကောင်းသော အကုသိုလ် အလုပ်ကို မလုပ်မိကြရန် များစွာအရေးကြီးလှပေသည်။ ကုသိုလ်အလုပ်ကိုလုပ်လျှင် ကောင်းကျိုးကို ခံစားရမည် ဖြစ်ပြီး အကုသိုလ်အလုပ်ကို လုပ်မိလျှင် မကောင်းသော အကျိုးကို ခံစားကြရမည် ဖြစ်ပေသည်။

နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များကို ဖတ်ရှုမိသောအခါ လူသတ်မှုသတင်းများ၊ မုဒိမ်းမှုသတင်းများ၊ ခိုးမှုလုယက်မှု၊ ဓားပြမှုသတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ဖတ်ရှုနေရပေသည်။ မိဘနှင့် သားသမီး၊ ညီနှင့် အစ်ကိုတို့ ရိုက်ကြနှက်ကြ သတ်ဖြတ်ကြသော သတင်းများကိုလည်း မကြာခဏ ကြားနေရသည်။ အမျိုးသမီးများအား ဖျက်ဆီးမှုများ၊ သက်ငယ်မုဒိမ်းမှုများလည်း မမြင်ချင်အဆုံး မကြားချင်အဆုံး ရှုဖွယ်လိလိ မြင်တွေ့ကြားသိနေရသည်။ ဗုဒ္ဓဘာသာ၏ အရှေ့တောင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် ဤကဲ့သို့သော ဒုစရိုက်မှုများ၊ ဟီရိသြတ္တပ္ပကင်းမဲ့သော အမှုများကို နေ့စဉ်လိုလို မြင်တွေ့ကြားသိနေရပေရာ ရှက်ဖွယ်ကောင်းလှပေသည်။ ဤအကုသိုလ် အမှုကိစ္စများသည် ပစ္စုပ္ပန်ဘဝ ပြေးနိုင်က လွတ်ကောင်းလွတ်နိုင်သော်လည်း သံသရာ ခရီးတွင်ကား ရှောင်ပြေး၍ မလွတ်နိုင်ပေ။

ထို့ကြောင့် ပစ္စုပ္ပန်တွင်လည်းကောင်း၊ သံသရာတွင်လည်းကောင်း ကောင်းကျိုးများကို ခံစားနိုင်ကြရန် အတွက် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလုံးကို ထိန်းသိမ်းစောင့်ရှောက်သင့်ကြပြီဖြစ်ကြောင်း ဒုစရိုက်အမှုများကို ရှောင်ရှားပြီး သုစရိုက်အမှုများကိုသာ ကျင့်ကြံသင့်ကြပြီဖြစ်ကြောင်း မေတ္တာရှေ့ထား၍ ရေးသားတင်ပြအပ်ပေသည်။

**မောင်ဉာဏ်စိန်**

ရည်ညွှန်းစာအုပ်


* ပြည်ထောင်စုနီတိ (ဝန်ကြီးချုပ်ဟောင်း ဦးနု)။



www.burmeseclassic.com

မြန်မာနိုင်ငံသည် မိမိယုံကြည်ရာ ဘာသာကို ကိုးကွယ်ခွင့်ရှိသည့် ဘာသာပေါင်းစုံ ကိုးကွယ်သော နိုင်ငံတစ်နိုင်ငံဖြစ်၏။ မြန်မာနိုင်ငံသားအများစုသည် ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပြီး မြန်မာနိုင်ငံရှိ လူဦးရေ၏ (၈၀)ရာခိုင်နှုန်းကျော် ကိုးကွယ်ကြောင်း မှတ်သားရဖူးပါသည်။

# မျိုးကြီး(အမရပူရမြနေ)
# ဗုဒ္ဓဘာသာနှင့် ရိုးရာနတ် ပူဇော်ခြင်းဓလေ့





www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာ၏ တရားဒေသနာတော်များနှင့် ပတ်က်၍လည်း ဤသို့မှတ်သားရဖူးပါ၏။

ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ် (၄၅) ကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်းကို ဘုရားရှင် ပရိနိဗ္ဗာန်ပြုသွားပြီးနောက် အရှင်မဟာဿပ အစရှိသော ရဟန္တာအရှင်သူမြတ်တို့က ဝိနယ၊ ္တန္တ၊ အဘိဓမ္မာ ဟူ၍ သုံးစုခွဲကာ အရှည်တည်တံ့ရေး စုပေါင်းရွတ်ဆို၍ ပထမသင်္ဂါယနာတင်ပွဲကို ဂြိုဟ်ပြည်တွင် ပြုလုပ်ခဲ့ကြလေသည်။

နောင်နှစ်ပေါင်းတစ်ရာအကြာ ဝေသာလီပြည်တွင် ယသင်္ဂါယနာတင်ပွဲ ပြုလုပ်ခဲ့ရာ ထေရဝါဒနှင့် မဟာနှုဟု သံဃာဂိုဏ်းကြီးနှစ်ခု ကွဲသွားခဲ့လေသည်။ ရဝါဒဗုဒ္ဓဘာသာသည် ဘုရားရှင် ဟောကြားတော်သည့်အတိုင်း နိဗ္ဗာန်ရောက်ရအောင် မဂ္ဂင်လမ်းစဉ်ဖြင့် ကြိုးအားထုတ်ရမည်ဟု ယုံကြည်ကြပြီး သီဟိုဠ်၊ ာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို စသည့်နိုင်ငံများ ထွန်းကားခဲ့သဖြင့် တောင်ပိုင်းဗုဒ္ဓဘာသာဟုလည်း ကြသည်။

မဟာယနဗုဒ္ဓဘာသာကား ပိဋကတ်တော်များထဲက သင့်သည်ကိုဖြုတ်၊ ထည့်သင့်သည်ကိုထည့် ခေတ်မီင်ပြုပြင်ခဲ့ပြီး မိမိကိုယ်တိုင် လွတ်မြောက်ခြင်းကိုသာ အခြားသူများ လွတ်မြောက်ရေးအတွက်လည်း အပင် အဆင်းရဲခံကာ ကျင့်သည့်ကျင့်စဉ်ဖြစ်၍ မဟာ-မြတ်သောလမ်းစဉ်ဖြစ်သည်ဟု မဟာယာနဂိုဏ်းဝင် အမည်ပေးခဲ့ကြကြောင်းနှင့် ဂျပန်၊ တရုတ်၊ ကိုရီး စသည့်နိုင်ငံများတွင် ထွန်းကားသဖြင့် မြောက်ပိုင်းဘာသာဟုလည်း ခေါ်ကြကြောင်း ဖတ်ရှုမှတ်သားရဖူးည်။

တတိယသင်္ဂါယနာတင်ပွဲကြီးကို ပါဋလိပုတ်ပြည်၌ သောကမင်းကြီး လက်ထက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး နာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် ကိုးတိုင်းကိုးဌာနသို့ နာပြု စေလွှတ်ပေးခဲ့သည့်အတွက် ထေရဝါဒဗုဒ္ဓ ကိုးကွယ်မှု ပိုမိုကျယ်ပြန့်လာခဲ့ရသည်။

အသောကမင်းကြီး သာသနာပြု စေလွှတ်ခဲ့သော ဏနှင့် ရှင်ဥတ္တရတို့ ဦးဆောင်သည့်အဖွဲ့ သုဝဏ္ဏ (ခေါ်) သထုံမြို့သို့ ရောက်ရှိလာခဲ့ပြီး ထေရဝါဒဗုဒ္ဓ ဘာသာ ပျံ့နှံ့ရောက်ရှိလာခဲ့လေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း (၄၅၀)အကြာ သီဟိုဠ်ကျွန်းတွင် စတုတ္ထသင်္ဂါယနာတင်ခဲ့ရာ ပိဋကတ်သုံးပုံကို ပေရွက်များပေါ်တွင် ရေးသားမှတ်တမ်းတင်နိုင်ခဲ့၍ သထုံရှိ ရဟန်းတော်များက ကူးယူလာခဲ့ပြီး မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ခိုင်မာစွာ ထွန်းကားလာခဲ့ရသည်။

ပုဂံမင်းဆက် အနော်ရထာမင်းစော လက်ထက်တွင် သထုံမှ ထေရဝါဒဗုဒ္ဓဘာသာကို မြန်မာတစ်နိုင်ငံလုံး ပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကြီးမားခိုင်ခံ့သည့် စေတီ၊ ပုထိုးကြီးများစွာ တည်ထားကာ ခိုင်ခိုင်မာမာ အုတ်မြစ်ချခဲ့လေသည်။

ပဉ္စမသင်္ဂါယနာတင်ပွဲကြီးကို ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းတရားကြီး လက်ထက်တွင်လည်းကောင်း၊ ဆဋ္ဌမသင်္ဂါယနာတင်ပွဲကြီးကို လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုလက်ထက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင် သင်္ဂါယနာတင်ပွဲကြီး နှစ်ကြိမ်တိုင်ကျင်းပ နိုင်ခဲ့ပြီး ယနေ့တိုင် သာသနာရောင်ဝါထွန်းလင်းတောက်ပ ဆဲပင် ဖြစ်ပါသည်။

ပုဂံအနော်ရထာမင်းစော လက်ထက်မတိုင်မီ ကာလများတွင် နတ်နဂါးကိုးကွယ်မှု၊ ဟိန္ဒူနတ်ဘုရားများနှင့် ဟိန္ဒူပြဟ္မဏဝါဒ၊ တန္တရယာနခေါ် မဟာယာနဂိုဏ်းခွဲ တိဗက်ဗုဒ္ဓဘာသာနှင့် မဟာဂီရိ၊ မြင်းဖြူရှင် စသောနတ်ကိုးကွယ်မှုများ ရောပြွမ်းနေခဲ့ရာမှ အနော်ရထာမင်းစော လက်ထက်တွင် သန့်စင်သော ထေရဝါဒဗုဒ္ဓဘာသာဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ရိုးရာနတ်ပူဇော်ခြင်းများနှင့် ဟိန္ဒူပြဟ္မဏ အယူဝါဒများမှာ လုံးဝကွယ်ပျောက်သွားသည်ဟု မရှိဘဲ ဒွန်တွဲကာ တည်ရှိနေခဲ့လေသည်။

ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သူ မြန်မာလူမျိုးအများစုသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပါ၏၊ ဓမ္မံ သရဏံ ဂစ္ဆာမိ-တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏၊ သံဃံ သရဏံ ဂစ္ဆာမိ-သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏ဟု သရဏဂုံ သုံးပါးကို မိမိတို့နှလုံးအိမ်တွင် ထည့်သွင်းကာ ကိုးကွယ်မှုကို ပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် မိမိတို့နေထိုင်ရာ နယ်မြေဒေသအလိုက် ဘိုးစဉ်အောင်ဆက် လက်ဆင့်ကမ်းလာခဲ့ကြသော ရိုးရာနတ်များကိုလည်းကောင်း၊ ရိုးရာမဟုတ်သည့် အခြားသော ယုံကြည်ရာနတ်များကိုလည်းကောင်း၊ လောကီအကျိုးစီးပွား၊ မိမိတို့ဘဝ လုံခြုံမှုတို့အတွက် ရည်သန်၍ စားဖွယ် သောက်ဖွယ်များ တင်မြှောက်၍ ပူဇော်ပ,သခြင်း၊ အလှူ ဒါနကုသိုလ်ကောင်းမှုများ ပြုပြီးတိုင်း ဖော်ပြပါ နတ်များကို အမျှအတန်း ပေးဝေခြင်းတို့ကို ပြုကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်က နတ်ကိုးကွယ်မှုနှင့်ပတ်သက်၍ ဓမ္မပဒ၌ တော၊ တောင်၊ ဥယျာဉ်၊ သစ်ပင်ကြီးများ၊ နတ်ကွန်းများကို ကိုးကွယ်မှုသည် ဘေးကင်းသော မြတ်သောကိုးကွယ်မှု မဟုတ်ကြောင်း၊ ယင်းသို့ကိုးကွယ်မှုဖြင့် ဒုက္ခအပေါင်းမှ မလွတ်နိုင်ကြောင်း၊ ရတနာသုံးပါးကို ကိုးကွယ်ခြင်းသည်သာ ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာရာ အမှန်ကိုရမည့် ကိုးကွယ်မှုဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ဝိမာနဝတ္ထုအဋ္ဌကထာတွင်လည်း အခါတစ်ပါး၌ ကုန်သည်များသည် လှည်းပေါင်းတစ်ထောင်ဖြင့် ကုန်ပစ္စည်းများ တင်ဆောင်၍ ကုန်ကူးကြရာ သဲကန္တာရတွင် မျက်စိလည် လမ်းမှားပြီး အတိဒုက္ခရောက်နေကြရာ ဝေသဝဏ်နတ်မင်းကြီး၏ စေခိုင်းချက်များအရ ပါယာသိရာဇ နတ်တစ်ပါးက ဒုက္ခရောက်နေသူများကို ကယ်တင်လိုက်၏။ ထိုသို့ ကယ်တင်ပေးခဲ့သည့် ကျေးဇူးတရားကို ဆပ်သည့်အနေဖြင့် ကုန်သည်များက ၎င်းနတ်ကို ရှိခိုးကန်တော့ပ,သရန် ခွင့်တောင်းကြသည်တွင် နတ်က-

'အမောင် ကုန်သည်တို့..အကျွန်ုပ်ကို ဂရုစိုက် ပူဇော်ဖို့ မလိုပါ။ သင်တို့ဟာ သူ့အသက်သတ်ခြင်း စတဲ့ မကောင်းမှုကို ရှောင်ကြဉ်ပြီး တရားတော်နဲ့လျော်စွာ အလှူပေးခြင်း၊ ဥပုသ်စောင့်ခြင်း စတဲ့ကုသိုလ်ကောင်းမှုတို့ကို ပြုကြမယ်ဆိုရင် အကျွန်ုပ်ကို ပူဇော်ရာရောက်ပေတယ်။ အခု သင်တို့ကို ကယ်တင်တာဟာလည်း သင်တို့အထဲမှာ ရတနာသုံးပါးကို ရိုသေကိုင်းညွှတ်တဲ့ ဥပါသကာတစ်ယောက် ပါလာတယ်။ အဲဒီသူတော်ကောင်းတစ်ယောက်အတွက် ကျန်တဲ့သူ အားလုံးဟာလည်း အသက်ချမ်းသာရာရကြတယ်။ ဒါကြောင့် အကျွန်ုပ်နတ်ကို ဂရုစိုက်ပြီး ကန်တော့နေစရာ မလိုဘူးလို့ ပြော... ပါတယ်' ဟု ပါရှိလေသည်။

ဝိနည်းမဟာဝါမှာလည်း ပညာရှိပုဂ္ဂိုလ်ဟာ သီ... ရဟန်းတော်ကို ဆွမ်းလုပ်ကျွေးရမယ်။ နတ်တွေကို ... ပ,သ အမျှဝေရမယ်။ အပူဇော်ခံတဲ့နတ်တွေဟာ ... ပူဇော်တဲ့လူတွေကို ကျေးဇူးတုံ့ပြန် ပူဇော်ကြတယ်။ ... မြတ်နိုးတဲ့လူသားကို သားသမီးရင်းပမာ အမြဲတမ်း... ရှောက်လေ့ရှိတယ်။ နတ်တွေ အစောင့်အရှောက်ခံ... ဟာ ကောင်းမြတ်တဲ့ အာရုံတွေကိုသာ တွေ့ကြုံရ... ဟောကြားပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် လူတို့သည် မိမိတို့ကြိုး... ရှာဖွေထားသည့် ပစ္စည်းဥစ္စာဖြင့် ဒေဝတာဗလိ(နတ်... ကို ပ,သခြင်း)၊ အတိထိဗလိ(ဧည့်သည်တွေကို ကျွေး... ခြင်း) ဉာတိဗလိ(ဆွေမျိုးတွေကို ပေးကမ်းခြင်း)၊ ပု... တဗလိ(ကွယ်လွန်သူ ဆွေမျိုးတွေအတွက် လှူဒါန်း... ဝေခြင်း)၊ ရာဇဗလိ(အစိုးရကို အခွန်ပေးဆောင်ခြင်း)... သော ဗလိငါးပါးကို ပူဇော်ရမည်ဟု ဟောကြား... သည်။

အမှန်တော့ နတ်များသည် စည်းစိမ်ဥစ္စာကို... မပေးနိုင်ပါ။ နောင်တမလွန်သုခကိုလည်း မဖန်... နိုင်ပါ။ နတ်များကို တင်မြှောက်ပ,သသည့်အတွက် ... တွေက မေတ္တာထားပြီး စောင့်ရှောက်ကြသဖြင့် ... သရဲ နတ်ဆိုးများ၏ ဘေးရန်က လွတ်ကင်းနိုင်... ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ မပေါ်ပေါက်မီက... က ရှိနှင့်ပြီးသော ကိုးကွယ်ယုံကြည်မှုများ အပါ... မြန်မာ့ရိုးရာနတ်များကို ဒေဝတာဗလိအနေဖြင့် ... စာကျွေးခြင်း၊ ပူဇော်ပ,သခြင်း အမှုတို့သည် ... ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုနှင့်အတူ ဒွန်တွဲ... ယနေ့တိုင် ဖြစ်ထွန်းပေါ်ပေါက်ဆဲ ဖြစ်ပါသည်။

မြန်မာတို့ ပူဇော်ပ,သလေ့ရှိကြသော (၃၇)မင်း... များနှင့် နတ်ဖြစ်ခဲ့ကြသည့် အချိန်ကာလများကို ... မှတ်သားမိသမျှ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါ...

**အိမ်တွင်း နတ်(၇)ပါး** (တကောင်းနေပြည်တော် သော... ကြောင်မင်းလက်ထက်)

၁။ အိမ်တွင်းမင်းမဟာဂီရိနတ်၊

www.burmeseclassic.com

www.burmeseclassic.com

အမေရွှေနှဘောနတ် (နဂါးမယ်တော်)၊
မမြတ်လှ (မိဖုရားစောမယ်ယာ)၊
မဒွေးဖြူ (ဥက္ကလာပမိဖုရား)၊
ရွှေနှဲ့မိ (မနှဲ့လေး)၊
မရှင်ဖြူ၊
မရှင်ညို၊

ားအုပ်စုနတ်(၅)ပါး
ပြည် အနော်ရထာမင်းလက်ထက်)
ပုပ္ပားမယ်တော် (မယ်ဝဏ္ဏ)၊
တောင်တော်သခင်မ(မမယ်ဥ)၊
ကိုရင်မောင်နတ်၊
တောင်ပြုံးမင်းကြီး (ရွှေဖျဉ်းကြီး)၊
တောင်ပြုံးမင်းလေး(ရွှေဖျဉ်းလေး)၊

အုပ်စုဝင်(၄)ပါး (ပန်းတောင်းပြည်)
ကိုးမြို့ရှင်၊
ပုလဲယဉ် (အမေပုလဲ)၊
ခွန်ချို၊
ခွန်သာ၊

တော်(၅)ပါးအုပ်စု
င်းနောက်ခံ အတိအကျ မတွေ့ရသေးပါ)
အရှေ့မယ်တော်၊
အနောက်မယ်တော် (အမေရေယဉ်)၊
တောင်မယ်တော်၊
မြောက်မယ်တော်၊
အမေဂျမ်း၊

ယ်ပြင်အုပ်စု(၂)ပါး
င်းနောက်ခံတိတိကျကျ မတွေ့ရသေးပါ)
ပြေလင်ပြင်မောင်တော်၊
ပြေလယ်ပြင်နှမတော်၊

တ်အုပ်စု(၂)ပါး
နံကရိုင်းမယ်တော်
(ဟံသာဝတီဘုရင် ဝိဇယမင်း လက်ထက်)၊
ကိုအောင်နိုင်(အောင်နိုင်နတ်)
(သမိုင်းနောက်ခံ တိတိကျကျ မတွေ့ရသေးပါ)၊

ိုင်အုပ်စု(၂)ပါး
တိုင်း မွန်လူမျိုးများ ကောင်းစားစဉ်က)



၂၀။ ရေငန်ပိုင်ဦးရှင်ကြီး၊
၂၁။ ကွင်းပိုင်အဘိုး(ဘိုးထော်)၊
၂၂။ ပုန်းမကြည်နတ် (ဂေါတမဘုရားရှင်မပွင့်မီ နှစ်ပေါင်းများစွာက)၊
၂၃။ ပခန်းဦးမင်းကျော် (ပန်းတောင်းပြည်)၊
၂၄။ ကိုးသိန်းရှင်
(ပုဂံပြည်၊ အနော်ရထာမင်းလက်ထက်)၊
၂၅။ ဗိဿနိုးနတ် (မဟာဗြိုင်နတ်သမီး) သရေခေတ္တရာပြည်၊
၂၆။ ရှင်မံအောင်ဖြူနတ် (ဖျာလိပ်နတ်) ပုဂံပြည် ကျစွာမင်းလက်ထက်)၊
၂၇။ မိုးခေါင်ကျော်စွာနတ် (ပုဂံပြည် နရသူမင်းလက်ထက်)။

**မျိုးကြီး(အမရဋ္ဌာနေ)**

[ဆရာသောင်းလွင်(ဘီအေ)၏ မိရိုးဖလာလွန် ဗုဒ္ဓဘာသာနှင့် ဆရာမင်းရာမ(သတ္တဗေဒ)၏ (၃၇)မင်းနတ် ပူဇော်ပ,သနည်း စာအုပ်များမှ မှီငြမ်းတင်ပြပါသည်။]


www.burmeseclassic.com

www.burmeseclassic.com

ဒေါင်မော်စံဆရာတော်(ကချင်ပြည်နယ်)

# နဂါးဖြစ်ရုပ်မှန်များ

(၂၀၁၃)ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့က ဖြစ်ပါတယ်။ 'ကျွန်ုပ်နှင့် မြွေနဂါးများ' စာအုပ်ကို ရေးပြီးနောက်ပိုင်းမှာ မြွေအကြောင်း၊ နဂါးအကြောင်း ထူးခြားတာတွေ ဆက်တိုက်ကြုံတွေ့လာရပါတယ်။ ကြောက်စိတ်လည်း ဝင်လာတယ်လို့ ခံစားလာရတယ်။ တစ်ခါတစ်ရံ မြွေအကြောင်း၊ နဂါးအကြောင်း ခဏ,ခဏ သတိရလာပါတယ်။ ဒီကြားထဲက ကျောင်းကိုလာတဲ့ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံကလည်း မြွေအကြောင်း၊ နဂါးအကြောင်း ပြောကြားကြ၊ လျှောက်ကြ၊ လာလာမေးကြပါတယ်။

တချို့က မျက်မြင်ကိုယ်တွေ့၊ တချို့က အိပ်မက်မက်တာ၊ တချို့က အာရုံပေါ်တာ ဘယ်လို ဘယ်ညာလို့ ဆိုကြတယ်။

**<u>အိပ်မက်နဂါး</u>**

တစ်နေ့ (၃-၇-၂၀၁၃)မှာ ဗမာအမျိုးသားနဲ့ အိမ်ထောင်ကျနေတဲ့ ကချင်အမျိုးသမီး ဒေါ်လဘန်ခါး ရောက်လာတယ်။ သူက မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့မှာ နေတယ်။ (တနိုင်းဟု ခေါ်သောအရပ်သည် ခုတော့ ပယင်းကြောင့် ကမ္ဘာကျော်နေပြီ။)


အောင်မော်စံဆရာတော် နဂါးသိုက်နန်း၌ မေတ္တာပို့နေစဉ်

ဒေါ်လဘန်ခါးဟာ ရှမ်းဘုန်းကြီးတစ်ပါးနဲ့ သုံးဆူတည်လို့ အောင်မြင်ပြီး ဘုန်းကြီးက ပျံလွန် သွားတယ် ဆိုတယ်။ သူကကြုံရင် ကြုံသလို မြစ်ကြီး ကို ရောက်တိုင်း ကျွန်ုပ်အောင်မော်စံထံ ရောက် လာတယ်။ သူ့ကို 'ချမ်းသာချင်ရင် ပုတီးစိပ်ပါ'လို့ ကြားထားတယ်။ ဒီနေ့လည်း သူရောက်လာပြီး လျှော တယ်။

'တပည့်တော်မ အရှင်ဘုရား အမိန့်ရှိတဲ့အ ပုတီးစိပ်ပါတယ်။ အိပ်မက်ထဲမှာ ဘိုးတော်တစ်ပါ လာပြီး တပည့်တော်မရဲ့ ရင်ဘတ်မှာ ဂဏန်းရေး တယ်။ သွားထိုးလိုက်တော့ (ချဲ)တစ်ထောင်ဖိုး တယ်ဆိုပြီး ငွေငါးသောင်းလှူတယ်။ အိပ်မက်ထဲက တော်က နဂါးသိုက်ချုပ်ကြီး ဖြစ်ပါတယ်'

**<u>နတ်ရဲ့နဂါး မလှည့်စားနဲ့</u>**

တနိုင်းမြို့အနီးမှာ ရှမ်းမြို့ပျက်တစ်ခုရှိတယ်။ စည်ကားတဲ့မြို့၊ ခုတော့ မြို့ပျက်။ နဂါးကို မရို မြို့ပျက်သွားတယ်လို့ လူပြောများပါတယ်။ ဘုန်းကြ ပါးတလေ ကြွလာပြီး စေတီပျက်တွေ ပြုပြင်ကြ

တချို့ အောင်မြင်

တချို့ မအောင်မြ

အောင်မြင်ရင်လည်း အ

မရှည်ကြလို့ ဆိုပါ

ဒါကြောင့် ကျွန်ုပ်က

နဲ့ပတ်သက်ပြီး ကျ

ထဲမှာ လေ့လာလို

နေတယ်။ မစုံလင်

မဖြစ်စလောက်

ကျွန်ုပ်လေ့လာထာ

တင်ပြလိုပါတယ်။

'ဣန္ဒိမန္တော

နာဂါ၊ ဝသန္တာ

www.burmeseclassic.com

www.burmeseclassic.com

**...နေ၊ တောပိ အမှေ့ နုရက္ခန္တု၊ အရောဂေန သုခေန စ'** ...တွေ့ရပါတယ်။ ကျမ်းကြီးအနေနဲ့ အင်္ဂုတ္တိုရ်ကျမ်း ...ပါတယ်။ ပရိတ်အနေနဲ့ 'အာဋာနာဋိယသုတ်' အဆုံး ...မှာ တွေ့ရတယ်။ ပရိတ်ရွတ်သူတိုင်း သိကြပါတယ်။ ...ဟာယ်ကလည်း မရှုပ်ထွေး၊ ရှင်းလင်းပါတယ်။

'ဤသာသနာဘောင်အတွင်းမှာ တန်ခိုးကြီးကြသော ...နဂါးတို့ ရှိကြ၏။ ကျွန်ုပ်တို့ကို ရောဂါကင်းအောင် ...သည်းကောင်း၊ ချမ်းသာအောင်လည်းကောင်း စောင့် ...ရှောက်နိုင်ကြ၏' လို့ ဆိုပါတယ်။

ရတနာသုတ်မှာလည်း ထိုအတိုင်း ပါပါတယ်။ သို့ ...တွင် လောကမှာ ဘယ်အရာကိုမဆို အလကားမရနိုင်။ ...တန်သော ပေးဆပ်မှု၊ တန်ပြန်အကျိုးသက်ရောက်မှု၊ ...တန်စွာ ခံစားတတ်မှုကို သိရှိနားလည် သုံးစားဖို့ ...ကြောင်းကိုလည်း ဖော်ပြထားပါတယ်။

နဂါးတို့ကို မကိုးကွယ်ရ။ ပူဇော်ခြင်း၊ ပ,သခြင်း၊ ...ကျွေးခြင်း၊ မေတ္တာပို့ခြင်း၊ ကောင်းမှုကုသိုလ်ပြုတိုင်း ...ပေးဝေခြင်း၊ အုန်းပွဲ၊ ငှက်ပျောပွဲ တင်သ,ပူဇော် ...၎င်းတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုပြုပေး ...စသည်တို့ ဆောင်ရွက်ပါမှ စောင့်ရှောက်ကူညီကြ ...မယ်လို့ ဆိုပါတယ်။

နဂါးအကြောင်းကို ဗုဒ္ဓဘာသာကျမ်း တော်တော်များ ...မှာ တွေ့ရပါတယ်။ အထူးသဖြင့် 'မဟာသမယ ...'မှာလည်း တွေ့ရတယ်။ 'ခန္ဓသုတ်'မှာလည်း အထူး ...ထားတာကို တွေ့ရပါတယ်။

**...၏ ကလဲ့စား**

ကျိန်ခရန်ခ(Chying Hkrang Hka) ဆိုတာ ကျိန်ခ ...ချောင်းပါ။ မြစ်ကြီးနားနဲ့ မြစ်ဆုံရဲ့ အထက်မှာရှိတယ်။ ...အားလျှပ်စစ်စီမံကိန်း လုပ်ခဲ့တယ်။ ခုထိ လျှပ်စစ်စက်ရုံ ...ကင်း ရှိနေပါသေးတယ်။

ကျိန်ခရန်ခရေအားလျှပ်စစ် စီမံကိန်းတောင်မှ မည်သူ ...ပါမှန်း မမှတ်မိပါသော လူတစ်စုက မြွေကြီးတစ် ...ကောင်ကို ဖမ်း၍ ရိုက်သတ်ချက်ပြုတ် စားပစ်လိုက်ကြ ...မကြာခင်ရက်အတွင်းမှာ အမျိုးသမီးတစ်ယောက် ...လာပြီး မြွေရေခွံရောင်းဖို့များ ရှိကြပါသလားဆို ...အထဲမှာ လိုက်ဝယ်တယ်။ မြွေရေအခွံရောင်းတဲ့ အိမ် ...ကို သူမှတ်ထားတယ်။

'ငါ့ယောက်ျားကို သတ်ပြီး စားတဲ့လူတွေကို ကလဲ့စားချေမယ်။ ထမင်းဝအောင် စားထား၊ ရေဝအောင် သောက်ထား၊ ဆွေမျိုးတွေကိုလည်း သေတမ်းစကား ပြောထား၊ သေတမ်းစာ ရေးထား' ဆိုပြီး ပြောဆိုကြိမ်းမောင်း သွားသည်။

မကြာပါဘူး၊ ကျိန်ခရန်ခမှာ ရေကြီးလာပြီး မြေပြို တောင်ပြို ဖြစ်သွားသောကြောင့် ရေအားလျှပ်စစ်စီမံကိန်း လည်း ပျက်သွားတယ်။ လူလည်း သုံးလေးယောက်သေတယ်။ အိမ်တချို့ ရေထဲ မျောပါကုန်တယ်။ သေတဲ့သူတွေဟာ မြွေကို သတ်စားတဲ့သူတွေချည်း ဖြစ်ပါတယ်။

တကယ်တော့ လူယောင်ဖန်ဆင်းနိုင်တဲ့ နဂါးမရဲ့ ကျိန်စာထိသွားတာပါ။ ဒီအဖြစ်အပျက်ဟာ ကချင်ပြည်နယ်သာမက ကြားသမျှ လူအားလုံး တအံ့တဩ ဖြစ်စေပါတယ်။

**နဂါးနှင့် အိမ်ထောင်ပြုသူ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရဲ့ လီဒိုလမ်းတစ်လျှောက် လက်ဝဲ လက်ယာလမ်းမှာ ကချင်ရွာများ၊ ရှမ်းရွာများ အစီအရီရှိပါတယ်။ အိန္ဒိယပြည်၊ လီဒိုမြို့အထိ ဆက်သွယ်သွားလာရတဲ့ မြစ်ကြီးနား-လီဒို လမ်းမကြီး ဖြစ်ပါတယ်။

ဒီဇာတ်လမ်းဟာ လီဒိုလမ်းနံဘေးက ရွာလေးတစ်ရွာမှာ တကယ်ဖြစ်ခဲ့တယ်။ ရွာနာမည်ကို ကထောင်ရွာ လို့ မှတ်ပါ။ အဲဒီရွာမှာ ကျွန်ုပ်အောင်မော်စံရဲ့ အမျိုးတွေ ရှိနေပါတယ်။

ကထောင်ရွာမှာ မုဆိုးမသားအမိ ရှိခဲ့တယ်။ မိခင်က လည်း အရွယ်ကောင်း အသက် (၃၀)ကျော်ကျော်၊ မော်မော်ကြွားကြွား၊ လတ်လျားလတ်လျားလုပ်၊ အမိုက်စကားနဲ့ပြောရင် ကာလသမီး လုပ်လို့ရသေးတယ်။ သမီးက လည်း အသက်က (၁၆)နှစ်သာ ရှိသေးတယ်။

သမီးရဲ့အဖေ မသေခင် အသက်ငင်တုန်းက မှာတမ်း ခြွေခဲ့တဲ့စကား 'ငါ ဒီတောင်က မကျော်နိုင်တော့ဘူး။ ဒီတော့ကာ သမီးလေးအရွယ်ရောက် ကိုးနဝင်းကိုက်တဲ့ အရွယ် (၁၈)နှစ်ပြည့်မှပဲ သမက်ရအောင် စီစဉ်ကြရင်း နေရစ်ခဲ့ကြပေတော့။ ရုပ်မချော၊ ငွေမပေါပေမယ့် အလည် လိုက်နေသော ထိုကာလသားကိုတော့ ဝေရာမဏီ ရှောင်ကြဉ်ကြ၊ ဘိန်းစားအရက်သမား အလကားပဲ' ဟုဆိုရင်း

www.burmeseclassic.com



တနိုင်းမြို့အနီးက ရှမ်းမြို့ဟောင်း

ဖခင်က မျက်ဖြူတစ်ချက် လန်ကာ 'အင့်' ဆိုတဲ့ အသံနဲ့ တခြားဘဝသစ်ကို ကူးပြောင်းသွားပါတယ်။

အတိုချုပ် ရေးပြရမယ်ဆိုရင် အဖေဆုံးကာ ရက်လည်ပြီး ကိုးလအကြာ ညတစ်ညမှာ သမီးလေးရဲ့ အိပ်ခန်းထဲက အသံတွေ ကြားလိုက်ရတယ်။ ဒီအသံကို မိခင်က ချောင်းကြည့်ရမှာလည်းခက်၊ မချောင်းလို့လည်း သမီးက ဘယ်လိုဖြစ်နေမှန်းမသိ။

တစေ့တစောင်း ချောင်းကြည့်လိုက်တော့ 'ဗုဒ္ဓေါ၊ မြတ်စွာဘုရား' သမီးလေးက ပက်လက်၊ သူ့အထက်ပေါ်က မလျော့မကန် ပြုသူကတော့ ခေါင်းပိုင်းက နဂါး၊ အောက်ပိုင်းက လူ။ အသွင်မတူ တစ်မူထူး၊ အမေ့မျက်လုံးပြူးရပြီ။ ခဏကြာတော့ အပေါ်ကအကောင် အမှောင်ထဲဝင်သွား၊ အမြီးအရှည်ကြီးပါလားနော်၊ ပျော်စရာတော့ မဟုတ်။ ငေးငိုင်ကျန်နေတဲ့ သမီးကို သေသေချာချာ ရေရေရာရာ မေးကြည့်ဦးမှာပဲ။ အဝတ်အစားမဲ့ ခန္ဓာနဲ့ သမီးက မိခင်ကို ပြေးဖက်၊ သားအမိနှစ်ဦး နဖူးချင်းရိုက်မိပြီး လဲပြိုသံ။

ညည့်ဦးယံ (၁၀)နာရီရှိလေပြီ။ ပဟေဠိဆန်လိုက်တာများ မာတာမိခင်လည်း မသိ၊ သမီးပုတ္တိလည်း မသိဖြစ်နေပြီ။ သမီးလေးက ခြေရင်းမှာ ပုံနေတဲ့ အဝတ်အစားကို ကောက်ဝတ်ပြီးနောက် မိခင်ကို ဖြေပြလိုက်တဲ့အထုပ်။

'အထုပ်ထဲမှာ ရွှေတွေ၊ ရတနာတွေ၊ လည်ဆွဲဘယက်၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားတောင်းစုံလို့ပါလား သမီးလေးရယ်' ဆိုပြီး ပြောတယ်။

'အမေရယ်၊ ဒီလိုဖြစ်တာ အဖေသေကတည်းကပါ။ သမီးမှာတော့ ပြောရခက်နေပါတယ်' ဆက်ပြောတယ်။

'အမေ ဒါနောက်ဆုံးပဲ။ ဒီညဟာ 'နောက်ဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သမီးရဲ့ဗိုက်က သုံးလတောင်ရှိနေပြီလေ အမေ၊ သူ့ဗိုက်··သူ့ဗိုက်' ဆိုပြီး ငိုပြီးပြောပြတယ်။

'သမီးလေးရယ်··ဖြစ်လာမှာတော့ ဘယ်တတ်နိုင်

တုန်း၊ ကံစီမံရာပေါ့' အမေက ဆိုတယ်။

ကိုယ်ဝန်ရင့်မာ ကိုးလလွယ်လို့ ဆယ်လဖွားမြင်

'ဘုရား··ဘုရား··ယောကျ်ားလေး ဖြူဖြူချော

နုနုထွေးထွေး၊ ချစ်စရာကောင်းချက်ကာ ကမ်းကုန်

မြေးလေးရယ်'

အဘွားက မြေးလေးကို တစိမ့်စိမ့်နဲ့ ကြည့်

နေရင်း ကြည့်နေရင်းမှာပင် 'ဘုရား··ဘုရား၊ က

မူပါ' လန့်ပြော ပြောလေတယ်။

မဖြစ်ချေဘူး၊ ဘယ်လိုမှ မဖြစ်ချေဘူး။ ပေ

ပေါက်ပြားကို ယူခဲ့ပြီး ညတွင်းချင်း တောစပ်မှာ

မတူတဲ့ မြေးလေးကို အရှင်လတ်လတ် မြေမြှုပ်ကာ

ခဲ့လေပြီ။

နောက်နှစ်ရက်ကြာသော် အိပ်မက်ထဲမှာ

လာပြီး-

'ငါ့သားကိုသတ်တဲ့ လူသတ်သမား သိ

မယ်။ ငါ့မိန်းမကို ငါ ရေထဲခေါ်သွားမယ်။

အဘွားကြီးကို မီးကင်စားမယ်' လို့ ဆိုပါတယ်

နောက်နေ့ ညမှာ အိမ်မီးလောင်ပြီး အ

မီးထဲပါ၊ ပြာကျ၊ သေသွားရတယ်။ သမီးက မီး

ထွက်ပြေးရင်း ရေနစ်သေဆုံးခဲ့ပါတယ်။

အောင်မော်စံဆရာတော်(ကချ

('အရှေးများ' စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

# ရှင်သီဝလိရဟန္တာလာဘ်ခေါ်အစီအရင်

တစ်နေ့ ရှင်သံဝရကျောင်းတွင် ဇာတိခရမ်းမြို့မှ မြို့မိမြို့ဖများ ဦးဆောင်၍ ကထိန်ခင်းပါသည်။ ထိုစဉ်က ယခုလို ခရီးလမ်းပန်းဆက်သွယ်ရေး မကောင်းပါ။ ထော်လာဂျီ မရှိပါ။ ဒိုင်နာကားများ၊ မှန်လုံကားများ မရှိပါ။ စပါးသယ်သော ချက်ပက်လက် (ကျေးရွာအခေါ်) ကားကို စင်ထိုးဘောင်ရိုက်၍ အပေါ်တစ်ထပ် အောက်တစ်ထပ်ဘေးတွင် ထွက်နေသော တန်းများကိုကိုင်၍ ခရီးသည်များက စီးရပါသည်။



တန်ဆောင်မုန်းလပြည့်နေ့ မတိုင်ခင်ကတည်း ဆရာတော့်ကျောင်းတွင် ပဒေသာပင်များ လာ၍ဆ ရပါသည်။ အကျွေးအမွေးအတွက် ကြိုတင်၍ ဆ ဆား ဟင်းချက်စရာများ စုဆောင်းသယ်ယူကြရပါသ ကျောင်းတွင် ဧည့်သည်များ ပျားပန်းခပ်မျှ လှုပ် ချိန်တွင် ဆရာတော်က စာရေးသူအား အသာလက် ကျောင်းကျက်သရေခန်းသို့ ခေါ်ဆောင်ကာ ပုရပိုက် ကို ထုတ်ပြပါသည်။ ပေပုရပိုက်ဖြစ်ပြီး အချို့သော ကြောင်းများမှာ ပိုးထိုးထားသောကြောင့် အပေါက် ဖြစ်ကာ ပျက်စီးနေပါသည်။ ဖတ်၍ရသော အကြေ အရာမှာ ရှင်သီဝလိလာဘ်ခေါ်အင်း စီရင်သောနည်း ပါသည်။

ဆရာတော်က ရှင်းပြသည်မှာ ထိုအင်းကို သော (၃၀)နှစ်ခန့်က ခရမ်းမြို့မျက်နှာဖုံးကို စီရင် ကြောင်း၊ ဝါးခနိကုန်သည် တစ်ဦးဖြစ်ကြောင်း၊ ကိုတော့ မဖော်ပြတော့ပါ။ ထိုပုဂ္ဂိုလ်ကြီးကို ဆ မှ ရှင်သီဝလိလာဘ်ခေါ်အင်းကို ယခုလို တန် မုန်းလပြည့်နေ့တွင် စီရင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ထိုဝါးခနိကုန်သည်ကြီးမှာ ငွေကြေးအရင်းအ သဖြင့် ဝါးခနိကို ခေါက်ပြန်ပေးယူ၍ ရောင်းရခြ သည်။ ဝါးထရံ၊ ဝါးကပ် စသည်တို့ကို မိမိကို ရက်လုပ်လေ့ရှိပါသည်။ အလုပ်သမားမခေါ်နိုင်ပါ တိုင် ကမ်းနားရေစပ်မှ လှည်းပေါ်သို့ ထမ်းတ သည်။ ထိုစဉ်က ဆရာတော်ရှင်သံဝရမှာလည်း သားရဟန်း ဖြစ်ပါသည်။ ပဋ္ဌာန်းဆက်ဟု ဆို ဆရာတော်၏ ပရိယတ္တိလောကုတ္တရာ စာ အစစတာဝန်ယူခဲ့သည်မှာ ထိုဝါးခနိကုန်သည်ကြ ပါသည်။

ဆရာတော်လည်း ကျေးဇူးတုံ့ပြန်သောအ ပိုက်ထဲမှ ဖော်ပြပါရှိသည့်အတိုင်း ရှင်သီဝလိ

www.burmeseclassic.com

www.burmeseclassic.com

…င်းကို စီရင်ပေးခဲ့ကြောင်း သိရပါသည်။ ထိုဝါးခနီကုန်သည်ကြီးမှာလည်း သူကိုယ်တိုင်ကလည်း ကြိုးစား ဆရာတော်၏ အစီရင်ကြောင့် (အစွမ်းထက် ဂမ္ဘီရအဆောင်ကြောင့်) နေ့ချင်းညချင်း အောင်မြင်ကြီးပွား တိုးတက်လာပါတော့သည်။ ကိုယ်ပိုင်ပဲ့ထောင် ဝယ်နိုင်ခဲ့ပါသည်။ ဝါး၊ ခနီ သယ်ယူနိုင်သော လော်ရီကုန်တင်ကားတစ်စီးပါ ဝယ်ယူနိုင်ပြီး အလုပ်သမား (သူရင်းငှား)များပါ ငှားရမ်းနိုင်ပါသည်။

အလားတူ ကွန်စုံဆိုင်ဖွင့်ထားသော ဆရာတော်၏ အစ်မကြီး မုဆိုးမတစ်ဦး ရှိပါသည်။ အရင်းအနှီးအတွက် အကြွေးဟိုကဆွဲ ဒီကဆွဲဖြင့် လှုပ်လီလှုပ်လဲ့ဖြင့် ဘဝကို ရပ်တည်လျက်ရှိပါသည်။ ဆရာတော်လည်း မုဆိုးမအစ်မကြီးဖြစ်သူ၏ ဘဝရုန်းကန်မှုကို မကြည့်ရက်သဖြင့် ရှင်သီဝလိရဟန္တာလာဘ်ခေါ်စမကို စီရင်ပေးခဲ့ကြောင်း သိရပါသည်။ မုဆိုးမကြီးဖြစ်၍ မိမိကိုယ်တိုင် လယ်မလုပ်နိုင်သော်လည်း လယ်သူရင်းငှားချထားခြင်း၊ လယ်သီးစားချထားခြင်းတို့ဖြင့် အကျိုးတူ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ နွားများပင် ဝယ်ယူမွေးမြူနိုင်ပြီး လယ်ယာအတွက် အထောက်အကူပြုနိုင်ပြီ ဖြစ်ပါသည်။

ယခု ထူးခြားသည်မှာ ဆရာတော်၏ကျောင်းတွင် ကထိန်ခင်းရာတွင် ပဒေသာပင်ကို မြို့မျက်နှာဖုံးများ တစ်ယောက် တစ်ဦးကျ တာဝန်ယူလှူဒါန်းကြပါသည်။ ခရမ်းမြို့ မြို့သူမြို့သားများ စုပေါင်းလှူဒါန်းသော ကထိန်ပစ္စည်းများကို ဘုန်းကြီးကျောင်းသို့ ကားဖြင့် သယ်ဆောင်လာပြီးသော ကျောင်းတွင် ပဒေသာပင် ပြန်၍ဆင်ကြပါသည်။

ပဒေသာပင်ကို တာဝန်ယူသည့်အလှူရှင် သူဌေးကြီးများရှိသလို ကထိန်လှည့်ခြင်း၊ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း ဆရာတော် သံဃာတော်များကို ဆွမ်းဖြင့် လှူဒါန်းခြင်းတို့ကို တာဝန်ခွဲဝေယူကြပါသည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း ကထိန်ပွဲမတိုင်ခင်ကတည်းက ခရမ်းမှ ဆရာတော်၏ဆွေမျိုးများ အလှူတွင် ဝိုင်းလုပ်မည့် လှုပ်အားပေးများဖြင့် ပြည့်နေပါသည်။ တချို့ကလည်း သင်္ကန်းကျွန်း စာတိုက်အနီးတွင်ရှိသော ဆရာတော်၏ ဦးလေးအိမ်တွင် မိန်းမရွယ်များက သွား၍အိပ်ကြပြီး မနက်ကျမှ အလှူကိစ္စအတွက် ဝိုင်းကူရန် ရောက်လာကြပါသည်။

ရှင်သီဝလိရဟန္တာ လာဘ်ခေါ်စီရင်နည်းကို ပေပုရပိုက်တွင် ဖော်ပြပါရှိသည့်အတိုင်း ဖော်ပြပါသည်။

၁။ ပထမဦးစွာ စီရင်မည့်ပုဂ္ဂိုလ်သည် ဝတ်ဖြူစင်ကြယ်ဝတ်၍ သက်သတ်လွတ်စားခြင်း၊ (၅)ပါးသီလ၊ (၉)ပါးသီလကို (၅)ရက်၊ (၉)ရက် စသည်ဖြင့် ဆောက်တည်ရပါသည်။

၂။ ကန်တော့ပွဲတစ်ပွဲ ပြင်ရပါသည်။ ရှင်သီဝလိရဟန္တာအတွက် ကန်တော့ပွဲဖြစ်ပါသည်။ ကန်တော့ပွဲအတွက် လိုအပ်သော ပစ္စည်းများဝယ်လျှင် လုံးဝဈေးမဆစ်ရပါ။

က။ ငှက်နင်းလွတ်သော အုန်းသီးတစ်လုံး (ကြွက်မြီးထောင်နေရပါမည်)၊

ခ။ ရခိုင်ငှက်ပျောဖီး(၃)ဖီး (ရှာတွေ့ခိုင်အောင် ရခိုင်ငှက်ပျောသီး သုံးပါ)၊

ဂ။ ကွမ်းယာသုံးယာ (ကွမ်း၊ ကွမ်းသီး၊ ထုံး သုံးမျိုးထည့်ပါ)၊

ဃ။ လက်ဖက်အသားကောင်းသန့် သုံးကျပ်သား (ငှက်ပျောရွက်ဖြင့်ထုပ်၍ ကန်တော့ပွဲတွင်ထည့်ပါ)၊

င။ နံ့သာတိုင်သုံးတိုင်၊

စ။ ကြေးမတ်စေ့အဝိုင်းသုံးစေ့ (ရှေးခေတ်သုံးငွေ မတ်စေ့များရလျှင် ပိုကောင်းပါသည်)၊

ဆ။ အောင်သပြေညွန့် သုံးညွန့်၊

ဇ။ အလင်းတိုင် သုံးတိုင်၊

ဈ။ ငွေကျပ်စေ့(၁၁)ကျပ် ကျပ်စေ့အဝိုင်း(၁၁)စေ့ ကန်တော့ပွဲရှိ ငှက်ပျောသီး(၃)ဖီးတွင် စိုက်ထူပြီးသောအခါ ရှင်သီဝလိရဟန္တာကိုယ်တော်ကြီးအား ကပ်လှူပြီးပါက ကြက်လျှာ(၃)ခုကိုယူ၍ သန့်ရှင်းပြီး လေဝင်လေထွက်ကောင်းသော ပြတင်းပေါက်၊ အိမ်တံခါးဝ၊ ဆိုင်အဝင် အထွက်တံခါးဝတွင် စိုက်ထားရပါမည်။

တစ်နေ့ရာစီ စိုက်ပါ။ လေတိုက်သောအခါ ကြက်လျှာလှုပ်ရှားတိုင်း တောင့်တသော လာဘ်လာဘများ၊ ဈေးဝယ်သူဖောက်သည်များ ရောက်ရှိလာပါလိမ့်မည်။ ကုသိုလ်အဖို့ကို သမ္မာဒေဝနတ်များကို အမျှပေးဝေပါလေ။ မုချအကျိုးပေးပါသည်။


အထက်ဖော်ပြပါ ကန်တော့ပွဲပစ္စည်း ကိုးမျိုးတို့ကို ဝါးနီးတောင်းတွင်ထည့်၍ ပွဲပြင်ရပါသည်။ ပွဲပြင်ပြီးလျှင် ရှင်သီဝလိရဟန္တာကို ရည်စူး၍ ကန်တော့ပွဲကို တင်



www.burmeseclassic.com

www.burmeseclassic.com

ကြက်လျှာအစီအရင်



မြှောက်ပါ။ အမွှေးနံ့သာရည်ဖြင့် ကန်တော့ပွဲကို ပက်ဖျန်းပေးပါ။ နီးတောင်းဖြင့် ကန်တော့ပွဲပြင်ခြင်းမှာ လာဘ်တောင်းခံသည့်သဘော ဖြစ်ပါသည်။

ထို့နောက် ကန်တော့ပွဲတွင် ငှက်ပျောသုံးဖီးတွင် တစ်ဖီးလျှင် အင်းစီရင်ထားသော ကြက်လျှာတစ်ခုစီ စိုက်ပါ။ ထိုသို့စိုက်ထူသော ကြက်လျှာကို အင်းစီရင်ပြီးသောအခါ အင်းကို အောက်ပါဂါထာဖြင့် သဒ္ဓိတင်ပေးပါ။

ဥုံ . . သီဝလိနာမ ထေရဿ ဣမံဓေဇံ
ပူဇေမိ ထေရဿ အာနုဘာဝနေ
သဗ္ဗလာဘံ ဘဝဿတိ။

အထက်ပါဂါထာကို ရှင်သီဝလိရဟန္တာကိုယ်တော်မြတ်ကြီးအား အသုံးပြု၍ (၇)ခေါက်ရွတ်၍ သဒ္ဓိတင်ပေးပါ။

တစ်ဖန် စမရုပ်ပါသော ဖယောင်းတိုင်ကိုလည်း စီရင်ပါ။ မိုင်းကိုင်စက္ကူတွင် ရှင်သီဝလိစမရုပ်ကို ရေးဆွဲပြီး ဖယောင်းတိုင်တွင်ပတ်၍ ကန်တော့ပွဲရှေ့တွင် ထွန်းညှိနိုင်ပါသည်။ ရှင်သီဝလိစမရုပ်ပါသော ဖယောင်းတိုင်ကို အောက်ပါဂါထာဖြင့် (၇)ခေါက်သဒ္ဓိတင်ပြီးမှ ထွန်းညှိပါ။

ဥုံ . . လာဘိန . မုတ္တမော ထေရော
သီဝလိက္ကတိဂိ သုတ္တော
သောရဟောပစ္စယာ မိန်
မဟာလာဘံ ကရောတု မေ
မဟာဓနံ ကရောတုမေ
မဟာသုခံ ကရောတုမေ။

**ရှင်သီဝလိရဟန္တာ လာဘ်ခေါ်ဂါထာ**

ဩောင်း . . နမော သိဒ္ဓိ သီဝလိရာဇာ၊
ဖေဟိမိတ္တံ ဖေဟိ လာဘံ၊ ဖေဟိနာနာလဿပွက်၊
ဖေဟိနာနာ ဘောဇနာယံ၊ သကလသရီယံ၊
ဝဏ္ဏမတ္တံ ပီယံဟောန္တု၊



ဘ သ

ရှင်သီဝလိရဟန္တာစမ

ယာဣတ္တိယောဝါ ပုရိသောဝါ၊ ဒုရေဝါ အဝိဒူ… ဗုဒ္ဓံ နမာမိ တီသုလောကေသု၊ ပကတော၊ ဒေဝ… ပူဇိတော၊ ဣန္ဒာဒေဝါဗြဟ္မလောကေ၊ သဗ္ဗေဒေဝါ … နော၊ ပဿေယံ ဟောန္တု ပီယံ မမ။

အထက်ဖော်ပြပါ ပီယလာဘ်ခေါ်ဂါထာကို ရှင်… ဝလိရဟန္တာကို အာရုံပြု၍ ရွတ်ဆိုပါ။ မရွတ်ဆိုမီ … ဆီမီး၊ နံ့သာ၊ ရေချမ်းတို့ကို လှူဒါန်းပါ။ ဤကု… ကောင်းမှုကိုလည်း သမ္မာဒေဝနတ်ကောင်းနတ်မြတ်… အား အမျှပေးဝေပြီး နံ့သာရေကိုလည်း အလားတူ … ဖြင့် (၇)ခေါက်မန်းပြီး မိမိရောင်းမည့် ကုန်ပစ္စည်း… ပက်ဖြန်းပေးပါ။ မိမိကလည်း အမြန်ရောင်းထွက်… ဟု ဆုတောင်းပါလေ။ ဒိဋ္ဌဓမ္မ အမြန်အကျိုးခံစား… မည်။

မေတ္တာ…
ပုရောဟိတ် ဆရာဦးမြ…
ဖုန်း - ၀၉၅၁၇…



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်စာရေးသူသည် လောကီပညာ လေ့လာလိုက်စားသည့်အချိန်မှစ၍ ဓာတ်ရိုက်ဓာတ်ဆင် ယတြာများအပြင် ဂါထာမန္တန် ကျင့်စဉ်များကိုလည်း စိတ်ဝင်တစားလေ့လာပြီး လက်တွေ့ကျင့်ကြံ ဆောင်ရွက်ခဲ့ပါသည်။

အချို့ ဂုဏ်တော်၊ ဂါထာကို စွဲစွဲမြဲမြဲ ရွတ်ဆိုပြီး အချို့ဂါထာကို ရံဖန်ရံခါ အဓိဋ္ဌာန်ပုံစံဖြင့် ရက်၊ လ ကင်းခြားကာ ဆောင်ရွက်လေ့ရှိပါသည်။ စာရေးသူကိုယ်တိုင် ရွတ်ဆိုတာရှိသလို ဓမ္မမိတ်ဆွေ ဂမ္ဘီရမိတ်ဆွေများပြောပြတာကိုလည်း လေ့လာမှတ်သားထားတာ ရှိပါသည်။

ကျွန်ုပ်ထံ ရောက်လာကြသော ဗေဒင်မေးပရိသတ်အများစုမှာ ငွေဝင်လာဘ်ရွှင်လိုကြသည်။ ငွေအစုလိုက်ဝင်ချင်သည်။ ထီပေါက်၊ အမွေရသကဲ့သို့ ငွေများဝင်လိုသည်။ သူတို့က ဘယ်ဂုဏ်တော်၊ ဂါထာမန္တန် ကျင့်ကြံအားထုတ်ရမလဲပါ မေးသည်။ အစပိုင်းတွင် ကျွန်ုပ်ကိုယ်တိုင် အဓိဋ္ဌာန်ဝင်နေသော ဘုရားဂုဏ်တော်ကိုးပါး အဓိဋ္ဌာန်ကျင့်ရန် အကြံဉာဏ်ပေးလိုက်ပါသည်။

နောက် ဂျာနယ်တစ်စောင်တွင် သိန်း(၁၀၀၀)ဆုကြီးပေါက်သော ဆရာတော်တစ်ပါးကို အင်တာဗျူးထားသည်။ ယခင်က မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ ထီဆိုင်ကြီးမှာ ထိုဆံရာတော်ပုံကို တွေ့မြင်ရသည်။ ဆရာတော်က ဆုသေးလေးတွေ ကိုးကြိမ်ပေါက်ပြီးမှ နောက်ဆုံး ထီဆုကြီးပေါက်သည်ဟု မိန့်ဆိုပါသည်။ စုစုပေါင်း (၁၀)ကြိမ်ပေါက်သည်။ အဓိကကတော့ **ဒီဝါတပတီဂါထာ**ကို နေ့စဉ်မပျက် ပုတီးစိပ်တာပါပဲဟု မိန့်ဆိုသည်။ ရက်၊ လ,မဟုတ် နှစ်နဲ့ချီရွတ်ဆိုပြီးမှ ထီပေါက်လာတာဟု မိန့်ဆိုထားပါသည်။

စာရေးသူလည်း စိတ်ဝင်စားပြီး (၉)ရက် ပုတီး(၉)ပတ် စိပ်လိုက်သည်။ ထို့နောက် ဆက်၍မစိပ်ဖြစ်၊ ပျက်သွားသည်။ နောက် သတိရပြီး ပြန်စိပ်သည်။ စိပ်လိုက်၊ မစိပ်လိုက် လုပ်နေသောကြောင့် အစွမ်းမထက် ဖြစ်နေရသည်။ ဒီကြားထဲ ထီကံစမ်းထိုး လိုက်သေးသည်။ တွတ်(၅)သောင်းကျပ်သာ ရသည်။

လှိုင်သာယာမှ မိတ်ဆွေတစ်ယောက် ငွေချေးငှားခြင်းလုပ်ငန်း ပြုလုပ်သည်။ သူကလည်း **ဒီဝါတပတီဂါထာ**ကို နေ့စဉ် ပုတီးတစ်ပတ်စိပ်ကာ ငွေကိစ္စ အမြဲအဆင်ပြေတယ်ဟု ပြောသည်။

ဝေပုလ္လာရာမဆရာတော်၊ ဂျီးဖြူဆရာတော်၊ ဆင်ဖြူတောင်ဆရာတော်၊ ဟသ်ာတဆရာတော်၊ ဗန်းမော်ဆရာတော်၊



# ငွေဝင်လာဘ်ရွှင်
## သမ္ဗုဒ္ဓေယမင်္ဂလာ (ဒီဝါတပတီ)ကျင့်စဉ်
## အောင်ကောင်းမြ
(သာကေတ)

www.burmeseclassic.com

ရသေ့ကြီးဦးခန္တီ လက်ထက်မှစ၍ ဆရာတော်ကြီးများ အစဉ်တစိုက် ရွတ်ဆိုလာခဲ့ကြသည်။ ကံစမ်းမဲ(ကား) ပေါက်သူ တစ်ဦးမှလည်း **သဗ္ဗဓယမင်္ဂလာ** အမြဲရွတ်ဆိုတာဟု ပြောဆိုပါသည်။ လောကီပညာရှင်လည်း ထိုဂါထာကို လက်စွဲထားကြသည်။ မဂ္ဂဇင်း၊ ဂျာနယ်မှာ ဂါထာကို အနက်နှင့်လည်း ရေးသားဖော်ပြပေးကြသည်။ အဓိကဂါထာမှာ (၆)ကြောင်းဖြစ်သည်။ အောက်နှစ်ကြောင်းကတော့ ဆုတောင်းဖြစ်ပါသည်။ အဓိကမှာ စွဲစွဲမြဲမြဲ ရွတ်ဆိုရန်သာဖြစ်ကြောင်း ဆရာတော်အချို့က မိန့်ဆိုပါသည်။ ဂါထာမန္တန် ထုံနေအောင် ရွတ်ဆိုထားမှ အကျိုးကျေးဇူးခံစားရမှာ သေချာပါသည်။

**ဒိဝါတပတိဂါထာတော်အင်း**ကိုလည်း အင်းကျမ်းအသီးသီးတွင် ရေးသားဖော်ပြပေးထားပါသည်။ မိုင်းကိုင်စက္ကူတွင်ရေး၊ ဖယောင်းတိုင်ပတ်၊ မီးပူဇော်နိုင်သလို ရွှေ၊ ငွေ၊ ကြေးပြားမှာလည်း အင်းချ၍ အဆောင်ပြုလုပ်ထားနိုင်ပါသည်။

ယခု စာရေးသူအနေဖြင့် ဘုရားရှိခိုးနှင့် ဂါထာမန္တန်ကျင့်စဉ်တော်များစာအုပ်မှ အဓိဋ္ဌာန်ကျင့်စဉ်ကို ဖော်ပြပေးလိုပါသည်။ ထိုစာအုပ်ကို မော်ဘီ သင်တောရိုးဆရာတော်မှ ချီးမြှင့်ပေးခြင်း ဖြစ်ပါသည်။ ခေါင်းစဉ်တွင် ရွှေပြည်နိဗ္ဗာန် စံမြန်းလိုသူတို့အတွက် ဂါထာကျင့်စဉ်များဟု ရေးထားသည်။ ထိုစာအုပ်တွင် လာဘ်ရွှင်အလင်းတိုင် ပူဇော်ရန်သာ ဖော်ပြထားသည်။ စာရေးသူမှ အင်းပုံစံရှာ၍ ထည့်ပေးထားပါသည်။ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ အင်းကျမ်းမှ ဖြစ်ပါသည်။

**သဗ္ဗဓယမင်္ဂလာ (ဒိဝါတပတိ) ဂါထာတော်ကျင့်စဉ် သစ္စာအဓိဋ္ဌာန်ပြုရန်**

'ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ဘုရားတပည့်တော် (...)နေ့သားသမီး (...)တို့မှ ဤ သဗ္ဗဓယမင်္ဂလာ အလင်းတိုင် (ခေါ်) လာဘ်ရွှင်ငွေဝင် အလင်းတိုင်ကို လှူဒါန်းပူဇော်၍ ဒိဝါတပတိ အစချီသော သဗ္ဗဓယမင်္ဂလာဂါထာ (ခေါ်) လာဘ်ရွှင်ငွေဝင် ဂါထာတော်မြတ်ကြီးကို (၁၀၈)ခေါက်ပြည့်အောင် ရွတ်ဆို[illegible] များသွားပါမည်'ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုပါသည်။

မိမိဆန္ဒအရ (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် ဆော[illegible] ရွက်ပါ။ အဓိဋ္ဌာန်ပြီးသွားလည်း နေ့စဉ်မပျက် အိမ်မှာ[illegible] ရင်း၊ သွားရင်းလာရင်း အမြဲမပြတ် ရွတ်ဆိုနေရပါမည်။

**ဂါထာတော်မြတ်ကြီးကို (၁၀၈)ခေါက်ပြည့်မြောက်အော[illegible] ရွတ်ဆိုပြီးမြောက်သည့်အခါတွင် ဆုတောင်းရန်**

'ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော[illegible] အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော[illegible] အနန္တတို့နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား[illegible] သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်တကွ[illegible] ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ဘု[illegible]

**သဗ္ဗဓယမင်္ဂလာအင်းတော်ကြီး[illegible]စီရင်နည်း**

| | | | | | | |
|---|---|---|---|---|---|---|
| အာ | တ | ယိ | တိ | ဇွော | န္တိ | ပ |
| ဈာ | ဘာ | ဒိ | ပ | တ | န္ဒ | ရ |
| ဝါ | တိ | တိ | မာ | စ | တိ | မာ |
| ဘာ | ပ | ဒိ | (နံ) | သ | တ္တိ | ဒွေါ |
| သာ | မ | တေ | တ | ဏော | ရ | ဗြ |
| တိ | ယော | သ | ဟော | ဗု | ခ | အ |
| ဗ္ဗ | ဓ | ဒ္ဓေါ | တ္တိံ | ထ | ဟ္မ | ဤ |

**အင်းဆံဂါထာ**

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီတပတိ ဗြဟ္မဏော၊
အထသဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါတပတိ တေဇသာ။

အလယ်ကွက်မှာ ပူဇော်သူမွေးနံ ထည့်ရမည်။ [illegible] နွေ(၁)၊ တနင်္လာ(၂)၊ အင်္ဂါ(၃)၊ ဗုဒ္ဓဟူး(၄)၊ [illegible] ပတေး(၅)၊ သောကြာ(၆)၊ စနေ(၇) ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်တိုင် ရေးဆွဲမည်ဆိုပါက အဆင်ပြေစေရန် ...ဂဏန်းဖြင့် ဖော်ပြပေးပါမည်။

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ၃ | ၂၆ | ၁၃ | ၈ | ၁၅ | ၂၈ |
| ၂၅ | ၁၂ | ၇ | ၄ | ၂၇ | ၁၈ | ၉ |
| ၂ | ၅ | ၂၄ | ၁၁ | ၁၄ | ၂၉ | ၁၆ |
| ၂၃ | ၄၄ | ၁ | | ၁၇ | ၁၀ | ၁၉ |
| ၄၈ | ၃၇ | ၄၆ | ၄၃ | ၃၂ | ၃၉ | ၃၀ |
| ၄၅ | ၂၂ | ၃၅ | ၃၈ | ၄၁ | ၂၀ | ၃၃ |
| ၃၆ | ၄၇ | ၄၂ | ၂၁ | ၃၄ | ၃၁ | ၄၀ |

(၇ × ၇ = ၄၉)ကွက်အင်း၊ အင်းဆံ(၄၈)လုံး။

**...ဇယမင်္ဂလာဂါထာတော်**

ဒီဝါတပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ (ဘာတိ)၊
ဈာယီတပတိ ဗြာဟ္မဏော၊
အထသဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါတပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမက္ကာရာ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။

တပတိ-ဘာတိ-တင့်တယ်ခြင်း အဓိပ္ပာယ်တူပါ...ည်။ အချို့ဂါထာ ဘာတိဟုရေးပြီး အချို့ တပတိ ...ကြသည်။

...ည့်တော် (...)နေ့သားသမီးတို့သည် သစ္စာအဓိဋ္ဌာန် ...ထားသည်နှင့်အညီ သဗ္ဗဇယမင်္ဂလာ အလင်းတိုင် ...) လာဘ်ရွှင်ငွေဝင် အလင်းတိုင်ကို လှူဒါန်းပူဇော်၍ ...ဇယမင်္ဂလာဂါထာ (ခေါ်) လာဘ်ရွှင်ငွေဝင် ဂါထာ ...မြတ်ကြီးကို (၁၀၈)ခေါက်ပြည့်အောင် ရွတ်ဆိုပွား ... ပူဇော်၍ ပြီးမြောက်ခဲ့ပါပြီဘုရား။

... ဤသစ္စာစကား မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့် ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးတော်အာနုဘော်တော်ကြောင့်လည်းကောင်း၊

(၂) သဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်ကြီး၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊

(၃) သဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်ရသော ကောင်းမှုကုသိုလ်ကံကြောင့်လည်းကောင်း၊

(၄) သဗ္ဗဇယမင်္ဂလာ ဂါထာတော်မြတ်ကြီးကို စောင့်ရှောက်လျက်နေကြကုန်သော နတ်၊ ဗြဟ္မာများ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊

(၅) သဗ္ဗဇယမင်္ဂလာဂါထာတော်မြတ်ကြီးအား လာရောက်နာယူကြကုန်သော နတ်ဗြဟ္မာများ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊

(၆) ယနေ့အချိန်အထိ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအားလုံးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊

(၇) ကုသိုလ်ကောင်းမှု အားလုံးတို့၏ ပန်းတိုင်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဗောဓိဉာဏ်တော်တို့၏ တန်ခိုးတော်တို့ကြောင့်လည်းကောင်း တပည့်တော်သည် ပြောဆိုလုပ်ကိုင်သမျှအရာအားလုံး အောင်မြင်မှုများရရှိကာ နေ့စဉ်နှင့်အမျှ လာဘ်ရွှင်ငွေဝင်သည့် အကျိုးကျေးဇူးများကို ရရှိခံစားနေရပါလို၏ အရှင်ဘုရား

မိမိမွေးနေ့မှစ၍ အနည်းဆုံး (၉)ရက်ဆက်ပူဇော်ပါ။ ဂါထာတစ်ပုဒ် ပုတီးတစ်လုံးချ (၁၀၈)လုံးပုတီးတစ်ပတ် စိပ်ပါ။ (၉၊ ၁၈၊ ၂၇) စသည်ဖြင့် နဝင်းကိုက် စိပ်နိုင်သည်။

နောက်ပိုင်းတွင် ဆီမီးအလင်းတိုင်ပူဇော်ပြီး မိမိနိုင်သလောက် အဆက်မပြတ် ဆက်လက်ရွတ်ဆိုပါ။ သိသိသာသာ ထင်ထင်ရှားရှား အကျိုးပေးပါလိမ့်မည်။ အိမ်မှာဖြစ်စေ၊ ဘုရားစေတီဖြစ်စေ ဆောင်ရွက်နိုင်ပါသည်။ ကြေးပြားတွင် အင်းချပြီး ထိုကြေးပြားပေါ် ဖယောင်းတိုင် တင်ထွန်း၍ရသည်။ ဈေးဆိုင်ဖွင့်၊ ဆိုင်စခင်းသည်နှင့် ထိုဂါထာ(၉)ခေါက် ရွတ်ဆိုပါ။ ဈေးရောင်းကောင်းလာမည်။ ရွတ်လေထူးလေ လာဘ်ဝင်ငွေရွှင်ဂါထာတော်အဖြစ် လူသိများ ထင်ရှားပါသည်။

**အောင်ကောင်းမြ(သာကေတ)**



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

# ဂုဏ်တော်ကွန်ချာ ကောင်းကျိုးအဖြာဖြာ

လွန်ခဲ့သောနှစ်က စာရေးသူကို ဓမ္မမိတ်ဆွေတစ်ယောက်က စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ ထိုစာအုပ်မှာ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ဘုရားကြီး ချီးမြှင့်သော ဂါထာမန္တန်များကို ကွန်ပျူတာစီ၊ မိတ္တူကူးကာ ချုပ်ထားသောစာအုပ် ဖြစ်သည်။

ထိုစာအုပ်တွင် ဂုဏ်တော်ကွန်ချာအကြောင်း ပါသည်။ စာရေးသူလည်း ဖတ်ကြည့်ပြီး လက်တွေ့မလုပ်ဖြစ်ပါ။ တစ်ဖန် ပြည်မြို့ ဝေပုလ္လာရာမဆရာတော်၏ ဂါထာမန္တန်ကျမ်းတွင်လည်း ဂုဏ်တော်ကွန်ချာအကြောင်း အကျိုးကျေးဇူးနှင့် ရေးသားဖော်ပြထားပါသည်။ သစ်တံခါးဆရာတော်၏ စည်းစိမ်ဥစ္စာ ဂုဏ်ရှိန်တိုးမည့် လောကီအောင်မြင်ကြောင်း နည်းလမ်းကောင်းများတွင်လည်း ဂုဏ်တော်ကွန်ချာ တွေ့ရသည်။

လွန်ခဲ့သော ခြောက်လခန့်က မော်ဘီသင်တောရိုးဆရာတော်ချီးမြှင့်သော လောကီရေးရာ စာအုပ်တွင်လည်း ဂုဏ်တော်ကွန်ချာ စီရင်ဆောင်ရွက်နည်း ပါရှိတာ တွေ့ရပြန်သည်။ ကျွန်ုပ်လည်း စာတွေ့သာရှိပြီး လက်တွေ့မဆောင်ရွက်ဖြစ်သေးပေ။

ဆရာကြီးတစ်ဦးက "ဂုဏ်တော်ကွန်ချာဆိုတာ ဗားမဲ့ဆရာတော်ဘုရားကြီးရဲ့ ဗားမဲ့လက်တွေ့ကျမ်းမှာ ပါရှိတာ။ ကြားထဲမှာ အဆက်ပြတ်နေတယ်။ အခု ပြန်လည်ရေးသားဖော်ထုတ် ဆောင်ရွက်လာကြတာ" ဟု ပြောဆိုပါသည်။

ကျွန်ုပ်စာရေးသူလည်း ဗားမဲ့လက်တွေ့ကျမ်းကို လိုက်ရှာသည်။ (၃)ကျမ်းပေါင်းစာအုပ် ဝယ်ယူလိုက်သည်။ မူရင်းတောင် မရပါ။ မိတ္တူကူးရောင်းတာပဲ ဝယ်ယူရရှိပါသည်။

ဗားမဲ့ဆရာတော်က လက်တွေ့ကျမ်း တတိယတွဲတွင် ဂုဏ်တော်ကွန်ချာဂါထာတော်ကို ဖော်ပြထားပြီး အကျိုးကျေးဇူးသုံးနည်းကို လင်္ကာဖြင့် ဖော်ပြထားသည်။

ဣတိပိသော၊ ရှင်နှင့်ပြော၊ သဘောအရ၊ သုံးကစင်စစ်၊ နှစ်ဆယ့်တစ်တည့်၊ ရှင်ချစ်အက္ခရာ၊ မှန်လှပ[illegible] မီးမှာပစ်လည်း၊ မခြစ်ရေမှာ၊ ပစ်လည်းမနစ်၊ ရှင်ချစ်အ[illegible] ရာ၊ မှန်လှပါ၏၊ ပထမမှာ၊ ဣရန္ဒာ၊ ဘဏ္ဍာမှန်း[illegible] မုချမပြီးလား၊ ဟိအသုံးမှာ၊ ကွမ်းဆေးရာ၊ ရွတ်ခါ[illegible] တိုင်းစား စသည်ဖြင့် ရေးသားထားပါသည်။

တစ်ဖန် ပြည်ဝေပုလ္လာရာမဆရာတော်က ရေး[illegible] ဖော်ပြထားရာတွင်-

<u>ဂုဏ်တော်ကွန်ချာဂါထာတော်</u>

(က) ဣရန္ဒာ ဂဏ္ဍရသ
(ခ) တိဟံစတောရောထိန့်
(ဂ) ပိသရလောပုသဗု
(ဃ) သောမ္မာဏာကရိတ္ထာဒွေါ
(င) ဘသသဝိသဒေဘ
(စ) ဂမ္မမ္ဗူဒဝဂ
(ဆ) ဝါဒွေါန္တော အမ္ဗမဝါ
(ဇ) အဝိသုနသာနုတိ

<u>အညွှန်းလင်္ကာ</u>

ဣတိပိသော သဘောအရ ဘအစ ဘအပိတ်၊ [illegible] ဂပိတ်၊ ဝါအစ ဝါပိတ် နှစ်ကျိပ်နှင့် တစ်တစ်လုံး [illegible] လုံး ဖြစ်၏။ ရှင်ချစ်မြတ်စွာ အက္ခရာကို ဆီကို[illegible] ကြွက်ကိုသုတ် ကြောင်မခုတ်၊ မီးမှာပစ် မီးမခြစ်၊ [illegible] ပစ်လည်း ရေမည်။ မသိသူကျော်လေ သိသူဖော်[illegible] စသည်ဖြင့် ဗားမဲ့ကျမ်းလာ ပုံစံနိဒါန်းပျိုးထားပါ[illegible]

နေ့စဉ် နံနက်အရုဏ်တက်သောအခါ၌ [illegible] ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက ရေ၊ မီး၊ မင်း [illegible] သူ၊ မချစ်မနှစ်သက်သောသူ စသော ရန်သူမျိုး[illegible] အန္တရာယ်များမှ လွတ်ကင်းစေရ၏။ အမှောင့်[illegible] များ၊ ရောဂါအနာအမျိုးမျိုးများ၊ ဘေးရန်အန္တရာယ်[illegible] မျိုးတို့မှ လွတ်ကင်းစေရ၏။ အရေးရှိလျှင် သော[illegible] သန့်တွင် ဂုဏ်တော်ကွန်ချာ ဂါထာကြီးဖြင့် (၃၇)[illegible] ရွတ်ဖတ်၍ မျက်နှာသစ်စေခြင်း၊ မျက်စဉ်းခတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကိုက်ပေး၊ သောက်ပေးခြင်းဖြင့် သူတစ်ပါး ပြုစားနှောင့် ယှက်သော ရောဂါအနာများ၊ စုန်း၊ ကဝေတိုက်၊ တစ္ဆေ သရဲတိုက်၊ ဘုတ်၊ ဘီလူးတိုက်မှန်သမျှ အနီးအနား မကပ် ရောက်နိုင်တော့ချေ။ အပင်းအမျိုးမျိုး၊ အစာမိတာအမျိုး မျိုးတို့ကို ကျဆင်းစေရ၏။ အမှုပြိုင်လျှင်၊ တရားဆိုင်လျှင် နိုင်ရ၏။ သူတစ်ပါး မကောင်းကြံစည်လျှင် မကောင်း ကြံစည်မှုကို တန်ပြန်စေ၏။

**ဒန်တဲခါးဆရာတော်၏ လောကီအောင်မြင်ရေး ထီးလမ်းကောင်းစာအုပ်ပါ ဖယောင်းတိုင်မီးထွန်းပူဇော် ဆုတောင်းစီရင်နည်း**

ဣရန္နာဂတ္တရသာ - ဂြိုဟ်စီးရန်အောင်၊
တိဟံ စတော ရောထိန် - ရောဂါပျောက်၊
ပိသရလောပုသဗု - လာဘ်လာဘ၊
သောမ္ပာဏ ကာရိတ္တဒ္ဒေါ - အမှုနိုင်၊
ဘသသဝိသဒေဘ - ပစ္စည်းပျောက်၊
ဂမ္ဘုမ္ဘဒူဒဝဂ - လူချစ်နတ်ချစ်
ဝါဒ္ဒေါန္တော အမ္ဗမဝါ - စီးပွားရေး၊
အဝိသုနသာနုတိ - လူကြီးမိဘ ကြည်

အောင် ဖယောင်းတိုင်တွင် မိမိနေ့အလိုက် ဂဏန်းရေးပါ။

- တနင်္ဂနွေသားသမီး - ၁၊ ၆၊ ၇၊ ၂၊ ၃၊ ၄၊ ၅၊ ၈
- တနင်္လာသားသမီး - ၂၊ ၇၊ ၁၊ ၃၊ ၄၊ ၅၊ ၆၊ ၈
- အင်္ဂါသားသမီး - ၃၊ ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈
- ဗုဒ္ဓဟူးသားသမီး - ၄၊ ၂၊ ၃၊ ၅၊ ၆၊ ၇၊ ၁၊ ၈
- ကြာသပတေးသားသမီး - ၅၊ ၃၊ ၄၊ ၆၊ ၇၊ ၁၊ ၂၊ ၈
- သောကြာသားသမီး - ၆၊ ၄၊ ၅၊ ၇၊ ၁၊ ၂၊ ၃၊ ၈
- စနေသားသမီး - ၇၊ ၅၊ ၆၊ ၁၊ ၂၊ ၃၊ ၄၊ ၈


**အကျိုး**

မိမိကြုံတွေ့နေရသော အခက်အခဲ (သို့မဟုတ်) ဖြစ် သော ဆန္ဒအတိုင်း ကံမြင့်ချင်ပါက ဂြိုဟ်စီးရန်အောင် ရေး အိမ်ရှိဘုရားတွင်လည်းကောင်း၊ မိမိအဓိဋ္ဌာန်ပြု ပုတီး စိပ် တရားထိုင်သော စေတီ (သို့မဟုတ်) နေရာတွင်လည်း ကောင်း ပူဇော်ပါ၊ ဆုတောင်းပါ။ မိမိရေးထားသော ဖယောင်းတိုင်အား သိဒ္ဓိတင်ပုံပါဠိကား ဥုံ··သိဒ္ဓိ သိဒ္ဓိ၊ မဟာသိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်သောင်းတက်ဆရာတက်၊ ထက်ဆရာထက်ဟု တင်ပါ။ နောက်တစ်ပိုဒ်က ဥုံ အက္ခ ရာ မေတ္တာဋ္ဌ ဗုဒ္ဓရုပံ သမံသိယာ တိဋ္ဌတု တည်ပါစေ။ နှစ်ခုစလုံး (၃၇)ခေါက်ရွတ်ပြီး သိဒ္ဓိတင်ကာပူဇော်၍ ဆု တောင်းပါ။ ထူးခြားစွာ အောင်မြင်၍ နှစ်သက်ရပါမည်။ အမြဲမပြတ်ပူဇော်ပါက အထူးကောင်းမွန်လှပါ၏။ ဘုရား ရှိခိုး၊ ပုတီးစိပ်၊ အဓိဋ္ဌာန်ပြုတိုင်း ပူဇော်ပါက သောက ကင်း၍ အေးချမ်းမှုရကာ အောင်မြင်ပါမည်။

တစ်နေ့ မြောက်ဥက္ကလာပမှ အမျိုးသမီးတစ်ဦး ဖုန်း ဆက်လာသည်။

'ဆရာ··သမီးအမျိုးသား ရွှေတိဂုံဘုရားသွားရင်း ဖုန်းပျောက်သွားလို့ ကူညီပေးပါဆရာ။ အရေးကြီးတဲ့ နံပါတ်တွေ ပါလို့ပါ' စသည်ဖြင့် ဖုန်းဆက်သည်။

ထိုနေ့ကား ဗုဒ္ဓဟူးနေ့ဖြစ်၏။ စာရေးသူလည်း ရွှေ တိဂုံဘုရားသွားရန် ပြင်ဆင်နေသည်။ ဖယောင်းတိုင် အကြီးတစ်တိုင်တွင် အောက်ခြေမှစ၍ ဘသသဝိသဒေဘ ဟုရေးသည်။ မွေးနံဂဏန်းကို အပေါ်မှအောက်သို့ ချရေး သည်။ ထို့နောက် သိဒ္ဓိတင်ပြီး ၎င်းက သောကြာသား ဖြစ်၍ သောကြာထောင့်မှာ ဖယောင်းတိုင်ထွန်း (ဘုရား ပူဇော်ပြီး ထိုဂုဏ်တော်ကွန်ချာကို ပုတီး(၈)ပတ်စိပ်ပေး ပြီး ဆုတောင်းမှု ပြုပေးလိုက် သည်။ နေ့ခင်း ဘက် ရောက် သောအခါ သတင်းကောင်း ကြားရသည်။




ဖယောင်းတိုင် တစ်တိုင်တည်းမှာ ရေးခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းမေ့ကျန်ခဲ့၍ ကောက်ယူရထားသောသူက ပြန်ဆက်သွယ်ပြီး ပေးသည်ဟု သိရသည်။

ကျန်အကြောင်းအရာများလည်း ထိုကဲ့သို့ ပြုလုပ်ပူဇော် ပုတီးစိပ် ဆုတောင်းပါ။

**<u>သင်တောရိုးဆရာတော်နည်း</u>**

**ဂုဏ်တော်အဆီ (ဂုဏ်ပြန်ကွန်ချာဂါထာ)**

အထက်ဖော်ပြပါ ဂါထာပင်ဖြစ်သည်။ ဤဂါထာအား ရွတ်ဆိုပါ။ ဖယောင်းတိုင်အောက်ခြေမှာ မွေးနံ့ရေးပါ။ တနင်္ဂနွေသားဆိုပါက (၁)ရေးပါ။ တနင်္လာသားသမီးဆိုပါက (၂)ရေးပါ။ မွေးနံ့မသိပါက နာမည်အရင်း တစ်လုံးရေးပါ။ ဥပမာ-အောင်မင်းဆိုပါက အောင်ရေးပါ။ ဖယောင်းတိုင်အား လက်ဖြင့်ဆုပ်၍ဖြစ်စေ လက်ဝါးဖြင့်အုပ်၍ဖြစ်စေ ဂါထာကို (၈)ခေါက်ရွတ်ဆိုပါ။ ဘုရားမှာ မီးထွန်းပြီးလှူပါ။ ဆုတစ်ခုတောင်းပါ။ မကျန်းမာခဲ့သော် ကျန်းမာရပါလို၏။ အခက်အခဲကြုံသော် အခက်အခဲမှ လွတ်ရပါလို၏။ ဘုရားပူဇော်ပြီး ဂါထာတစ်ကြောင်း ပုတီးတစ်ပတ်စိပ် ဆုတောင်းပါ။ ကြိုတင်စီရင်ထားပြီး ဖယောင်းတိုင်ကို ထိုဂုဏ်တော်ကွန်ချာ ရွတ်ဆိုထားပြီး အချိန်မရွေး ပူဇော်နိုင်ပါသည်။

နောက်ဆုံး သတ္တမမြောက် ကျော်အောင်စံထားဆရာတော်နည်း ဖော်ပြပေးပါမည်။

**ဂုဏ်တော်ကွန်ချာ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဣ | ရ | ဇ္ဇာ | ဂ | တ္တ | ရ | သဿာ | ပုဒိအာ |
| တိ | ဟံ | စ | တော | ရော | ထိ | နံ | ပုဒိအာ |
| ပိ | သ | ရ | လော | ပု | သ | ဗု | ပုဒိအာ |
| သော | မ္မာ | န | က | ရိ | တ္ထာ | ဒ္ဓေါ | ပုဒိအာ |
| ဘ | သ | သ | ဝိ | သ | ဒေ | ဘ | ပုဒိအာ |
| ဂ | မ္ဗုံ | ပ | ဒူ | ဒ | ဝ | ဂ | ပုဒိအာ |
| ဝါ | ဒ္ဓေါ | န္နော | အ | မ္မ | မ | ဝါ | ပုဒိအာ |
| အ | ဝိ | သု | နု | သာ | နု | တိ | ပုဒိအာ |

ဂုဏ်တော်ကွန်ချာကို အင်းပုံစံ စီရင်ထားပါသည်။

ဆရာတော်ဘုရားကြီးက နောက်တွင် ပုဒိအာ ... ဆိုခိုင်းသည်။ ဖယောင်းတိုင်တွင် ပတ်သောအခါ ... ကွက်ကိုပဲ ပတ်၍ရသည်။

**<u>အသံထွက်</u>**

(၁) အိရစ်ဇာဂတ်တရတ်သဿာ ပုဒိအာ၊
(၂) တိဟံ စတော ရော ထိနံ ပုဒိအာ
(၃) ပိသရလောပုသဗု ပုဒိအာ၊
(၄) သောမ်မာနကရိတ်ထဒ်ဓေါပုဒိအာ၊
(၅) ဘသသဝိသဒေဘပုဒိအာ
(၆) ဂမ်ဗုံပဒူဒဝဂ ပုဒိအာ
(၇) ဝဒ်ဓေါန်နောအံမ် မမဝါ ပုဒိအာ
(၈) အဝိသုနုသာနုတိ ပုဒိအာ။

ဖယောင်းတိုင်တွင်ပတ်၊ ဘုရားဆီမီးအဖြစ် ... ပြီး ဂုဏ်တော်တစ်ကြောင်း ပုတီးတစ်ပတ်၊ (၈)ပတ် ... မည်။ တစ်နေ့တစ်တိုင် (၈)တိုင်ပူဇော်ရမည်။ မိမိ ... ဆန္ဒ ဆုတောင်းမှုပြုရမည်။

အနန္တငါးပါးပွဲ (အုန်းသီးတစ်လုံး၊ ငှက်ပျောငါး ... ထိုးလှူနိုင်လျှင် ပိုကောင်းသည်။ ဘုရားတွင် ရေ ... အမွှေးတိုင် ကပ်လှူပါ။ ထီး၊ တံခွန်၊ ကုက္ကား စုစု ... ရှစ်ခုလှူပါ။ ကန်တော့ပွဲထဲ ထည့်လှူ၍ ရသည်။ ... မဟုတ်) ပွဲမထိုးနိုင်က သီးသန့်လှူထားပါ။ ... ရှိခိုးပြီး အနိမ့်ဆုံး ငါးပါးသီလ ခံယူပါ။ ... စေတီ မွေးနံ့ထောင့်မှာလည်း ပြုလုပ်နိုင်သ... အိမ်ဘုရားမှာလည်း ပူဇော်နိုင်သည်။ အချို့ ... တစ်ကြောင်း ဖယောင်းတိုင်မှာရေး (အော... အထက်တက်ရေး)၊ ဆုတောင်းကို အပေါ်မှ ... ချရေးပြီးလည်း (၈)တိုင် (၈)ရက် ပူဇော်နိုင်သ... ဆုတောင်းမှာ တစ်မျိုးတည်း ဖြစ်ရမည်။

အဆိုပါ အင်းကွက်ကို ရွှေပြား၊ ငွေပြား ... ပြား တစ်ခုခုမှာ ရေးဆွဲပြီး ဆောင်ထား၊ အင်း... ပေါ်မှာ ဖယောင်းတိုင်ထွန်းပြီးလည်း ... ဆောင်ရွက်နိုင်ပါသည်။

ကောင်းကျိုးလိုရာဆန္ဒ လျင်မြန်စွာ ရ... သည်။

ဂမ္ဘီရဆရာလှမျိုး(...

www.burmeseclassic.com

www.burmeseclassic.com



မုဒရောဟိတ်

# ဆရာဦးမြတ်စံ အယူတော်မင်္ဂလာဖြင့် ဟောပြောခဲ့သောမှတ်တမ်း

စာရေးသူ ပြည်ပနိုင်ငံမှ ခွင့်ဖြင့်ပြန်လာစဉ် ဖခင်ကြီး မကွယ်လွန်ခင်က ထားခဲ့သော သံသေတ္တာတစ်လုံးကို ရရှိလိုက်ပါသည်။ ဖခင်ထားခဲ့သော အမွေဆိုလို့ အိန္ဒိယနိုင်ငံ ဘုံဘေ(ယခု မွန်ဘိုင်း)မှထုတ်သော သော့(၂)ဆင့်ခတ် သံသေတ္တာဖြစ်ပါသည်။ ဖခင်၏ တူ,တူမ၊ မြေး၊ မြစ်များက ထိုသံသေတ္တာအတွင်း အဘိုးအနဂ္ဃထိုက်တန်သော ရတနာများ ရှိလိမ့်မည်ဟု ထင်ကြေးပေးကြပါသည်။ ဧကယ်တော့ ဖခင်ကြီးထားခဲ့သော အမွေမှာ စာရေးသူအတွက် တစ်သက်စားမကုန်သော ပညာအမွေများသာ ဖြစ်ပါသည်။

ပထမဦးစွာ ပြောလိုသည်မှာ ဖခင်ကြီးက ဗေဒင်၊ အင်း၊ အိုင်၊ ဂမ္ဘီရပညာများကို စိတ်ဝင်စားပြီး စာပေဘက်တွင်လည်း နှံ့စပ်သူဖြစ်ပါသည်။ ယခု သံသေတ္တာထဲတွင်တွေ့ရသော စာအုပ်မှာ ယခု အသစ်ပြန်ပုံနှိပ်ထားသော အယူတော်မင်္ဂလာလျှောက်ထုံးဖြစ်သော ကဝိသာရမဥ္ဇူသာကျမ်း ဖြစ်ပါသည်။ စာရေးသူ (၆)နှစ်သား ဖခင်ကြီး ဝယ်၍ဖတ်ပြီး သိမ်းထားသောစာအုပ် သည်။

ဖခင်ကြီးက ထိုစာအုပ်ပါ အကြောင်းအရာ ဖတ်ရှုပြီး (၁၀)နှစ်ခန့် သုတေသနပြုခဲ့ပါသည်။ လည်း ယခုလက်ရှိအဖြစ်အပျက်အချို့နှင့် ချိန်ထိုး သနဟောပြောခဲ့ပါသည်။ စာတွေ့နှင့် လက်တွေ့ စပ်၍ လူမှုရေး၊ စီးပွားရေး အစရှိသည်တို့သာမက ပျောက်တို့ကိုပါ ဒက်ထိမှန်အောင် ဟောပြော သည်။ ယခုဖော်ပြရေးသားသော စကားလုံးအသုံး များသည် ခေတ်နှင့်မဆီလျော်တော့သော်လည်း သူများ နားလည်လွယ်နိုင်ရန် ပြန်လည်ရေးသား ပါမည်။ အချို့သော အသုံးအနှုန်းများကို ချန်လှပ်၍ သုံးဝေါဟာရဖြင့် ဖော်ပြခြင်း၊ စာရှုသူများ နား လွှတ်ကြပါရန် တောင်းပန်အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကျိုက္ကဆံကွင်းသည် မြင်းပွဲအကြီးအကျယ် စ်ပတ်တစ်ခါ ကျင်းပလေ့ရှိပါသည်။ အဆိုတော် ကိုစိုး ၏ဖခင် ဦးဘရင်ကလေးမှာ နာမည်ကျော် မြင်းကျော်ကီ တစ်ဦး ဖြစ်ပါသည်။ စာရေးသူနေထိုင်သော တာမွေ (ခ)ရပ်ကွက်တစ်ဝိုက်တွင် မြင်းဇောင်းများရှိပါသည်။ ရာစုလမ်းတွင်ရှိသော စိန့်လွှဲစားသောက်ဆိုင်သည် ပြိုင် င်းစိန့်ဝေလျှံကို ဂုဏ်ပြုထားသော မြင်းဇောင်းတစ်ခု ခဲ့ပါသည်။

ထိုမြင်းပွဲမတိုင်မီ Tip (ကြိုတင်ဟောကိန်းတစ်)ပေး ည်ကို ဖခင်ကြီးထံ လာရောက်တောင်းခံကြပါသည်။ င်ကြီးကတော့မူ လောင်းကစားကို ဝါသနာမပါသဖြင့် သောစိတ်ဖြေ ပညာရပ်သုတေသနအဖြစ်သာ လာရောက် ာင်းခံသူများကို တစ်(Tip) ပေးလေ့ရှိပါသည်။ သူ ယ်တိုင်ကတော့ ပွဲကြည့်ပရိသတ်အဖြစ်သာ ရပ်တည် သည်။ ယခုခေတ်တွင် မြင်းပြိုင်ပွဲလောင်းကစားခြင်း စေကာမူ မြို့နယ်အလိုက် ကျင်းပသော ဘောလုံးပြိုင် ။ ပြည်ထောင်စုဒိုင်းခေါ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းကို နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲများသည်လည်း ကြက် ကျ စည်ကားပြီး ဘောလုံးရွှေခေတ်ဟု ဆိုရလောက် င် ဗဟာဒူး၊ အေးမောင်၊ ကိုကိုကြီး၊ လှရွှေ အစရှိ လက်ရွေးစင်ဘောလုံးသမားကြီးများကို ဦးညွှတ်မိ သည်။ အားလုံးသော ဘောလုံးဆရာကြီးများ၏အမည် အသေးစိတ်မဖော်ပြမိခြင်းကို သက်ဆိုင်ရာ ကာယ ရှင်မိသားစုများ နားလည်ပေးကြပါရန် မေတ္တာရပ်ခံပါ သည်။

အယူတော်မင်္ဂလာလျှောက်ထုံးနှင့်အတူ စာမျက်နှာ )ပါသော ကတ်ထူဖုံးစာအုပ်ကိုပါ တွေ့ရှိရပါသည်။ တစ်မျက်နှာတွင် ချစ်သားမောင်မြတ်စံသို့ဟူ၍ လိပ် င်းစဉ်တပ်ထားပါသည်။ ရေးဖြစ်ဖတ်ခြင်းအယူတော် ပညာသည် အဖေငယ်စဉ်ကတည်းက မှတ်တမ်းပြု စဉ်တစိုက် သုတေသနလေ့လာခဲ့သောပညာ ဖြစ်ပါ ။ အနုမာန မျက်ရမ်းမှန်းဆသောပညာရပ် မဟုတ် လက်ညှိုးတံတွေးဆွတ် နံထောက်သော ပညာ ကြောင်း ကြိုတင်ပြောကြားထားပါသည်။

သိပ္ပံဆိုင်ရာ သင်္ချာယုတ္တိဗေဒ (Mathmatical ) ဝိဇ္ဇာပညာ အတွေးအခေါ်တို့ဖြင့် ဆက်စပ်တွေး ခေါ်ရသောပညာ ဖြစ်ပါသည်။ နတ်ဝင်သည်၊ ခေါင်းစွဲ ပညာ မဟုတ်စေကာမူ အတိတ်၊ နိမိတ်၊ စနည်း၊ ဘဝေါ၊ တဘောင်တို့ကို အခြေခံ၍ အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်ကို ပေါင်းစပ်၍ အဟောထုတ်ရသောပညာရပ် ဖြစ်ပါသည်။ အခု သားလူလေး လေ့လာအသုံးပြုနေသော ပညာရပ် ဖြစ်သည်။ အဖေတို့နဲ့ တစ်လမ်းတည်းနေခဲ့သော အဝေရာ ဆရာစော၏ သုံးတန်ပေါ်နိစ်ပညာ၊ ဆရာကြီးဦးဘိုးဆန်း ၏ ဆန်းဗေဒင်ပညာတွေနဲ့ ဆက်စပ်၍ အထောက်အကူ ပြုပါလိမ့်မည်။ ထိုစဉ်က ဖခင်ကြီးမိသားစုမှာ ဘုန်းကြီး လမ်းနှင့် ကျုံးကြီးလမ်းထောင့် ယခု အနော်ရထာလမ်း တွင် စတိုးဆိုင်ဖွင့်ထားပါသည်။ ဦးအောင်သိန်း၊ ဒေါ်သန်း တင်၏ အဆွေတော်ဆံသသည် ထိုစဉ်က ခေတ်မီဆံသ ဆိုင်ကြီးလည်း ဖြစ်ပါသည်။

ဆရာကြီး ဦးထွန်းမြတ်၏သား ဆရာကြီး ဦးလှမ်း မိုဃ်း၊ သရက်တောကျောင်းတိုက်ဝင်းအတွင်း သံပန်း ကျောင်းမှ ဘကြီးဆန်း(ဆရာမကြီး ဒေါ်ပိုက်၏ အဘိုး တော်စပ်သူ)တို့သည် ဖခင်ကြီး၏ ပညာဆွေးနွေးဖက်များ ဖြစ်ပါသည်။ သို့သော် ဖခင်ကြီးက ဗေဒင်ဟောခြင်းဖြင့် အသက်မွေးခြင်း မပြုခဲ့ပါ။ စက်ဆရာ(Mechanic) အဖြစ် သာ ရပ်တည်ခဲ့ပါသည်။ ဆရာကြီးများကတော့ ဖခင် ဖြစ်သူ၏ဆရာများ ဖြစ်သည်ဆိုလျှင် ဝန်ခံရပါလိမ့်မည်။

အယူတော်မင်္ဂလာကို လေ့လာလျှင် အောက်ပါ အတိုင်း ခွဲခြားသိမြင်ရပါမည်။

**အတိတ်**

သုံးပါးကာလ၊ အတိတကို၊ ညီမျှဆင်ခြင်၊ ပမာတင် ၍၊ ယှဉ်ခြင်းဟူသောအတိတ်။

**နိမိတ်**

အနာဂတ်တွင် ဖြစ်ပျက်မည့် ကိစ္စအကြောင်းအရာ ကို ပြလာတဲ့ရှောင်း အကြောင်းအစီ တွေ့မြင်ဘိသည်ကို နှိုင်းညှိဆင်ခြင်၍ သိရခြင်းတည်းဟူသောနိမိတ်။

သို့ဖြစ်ရာ ဓမ္မာဒီပ နိမိတ္တ၊ ဓမ္မာဒီပါ လက်ယာတောင် ကျွန်း နိမိတ်ထွန်းဟု ဆိုရိုးရှိခဲ့ပါသည်။

**တဘောင်**

ရှေ့၌ ဖြစ်လတ္တံ့သော ဟိတ် (ဟေတု-အကြောင်း လက္ခဏာ)ကို ဆောင်၍ ပေါ်လာသော သီချင်းမျိုးကို တဘောင်ဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ ဖခင်ကြီး လက်စွဲအသုံးပြုသောပညာမှာ အမြင်နိမိတ်၊ အတိတ်လက်ဆောင်၊ ကြားလျှင်တဘောင်ဟု မကြာခဏ ရွတ်ပြလေ့ရှိပါသည်။ နိမိတ်ကောက်လျှင် တောင်အရပ်သို့သွား၍ တောင်အရပ်မှ နိမိတ်သည် မိမိအတွက် ဝိဂတိနိမိတ်ဟု မှတ်သားရပါမည်။ (ဝိဂတိ-ထူးခြားဖြစ်စဉ်)

တဘောင်ကိုမူ မြောက်အရပ်ဟု မှတ်ယူရပါမည်။ မြောက်အရပ်တွင် သီချင်းဆိုသံ၊ အာလုတ်သံတို့သည် မိမိအတွက် မှတ်ယူရပါမည်။

ထို့ကြောင့် ရှေးဆရာကြီးများက လူတစ်ယောက်၏ ကံကြမ္မာကို ဗေဒင်ဟောရာတွင် ကံအရိပ်နိမိတ်ထင်သည်ဟု စွဲမှတ်ယူ၍ အချက်တစ်ချက်အဖြစ် မှတ်ယူသုံးစွဲရမည်ဟု အဆိုရှိပါသည်။

**စနည်း**

ကာလ၊ အ,ကာလ နှစ်ဌာနတွင် မိမိကြိုက်ရာအခါ သမယတို့၌ လိုအင်ခပ်သိမ်းတို့ကို သိကျွမ်းရစေခြင်း အကျိုးငှာ ဦးစွာပြောဆိုသည်ကို ကြားရသော ဇနေ၊ ဝါစက၊ မာဂဓဘာသာတို့၏ မှတ်ယူနာခဲ့ခြင်းသည် စနည်းဖြစ်ပါသည်။ ထို့ကြောင့် စနည်းနာသည်ဟု ရှေးလူကြီးများ ဆိုရိုးရှိခဲ့ပါသည်။

**ဘဝေါ**

ဘုရားပုထိုး၊ တန်ခိုးရောင်ခြည်၊ မျက်ရည်ယိုထွက်၊ ချွေးတော်သက်၍၊ နတ်စက်လောင်မီး၊ ကျောင်းကြီးဇရပ်၊ နန်းပြာသာဒ်၌၊ ကျလက်ဆုံလေ၊ လနန်းငွေတွင်၊ ကြယ်ဝင်ကြယ်ခွပ်၊ ရောစပ်အမျိုး၊ အခိုးတံခွန်၊ လွတ်ဆို့ဟန်သည်၊ ဖြစ်ရပ်ပျက်ကြောင်း၊ ဘဝေါတည်းဟု အဆိုရှိပါသည်။

သောကြာကြယ်ကြီး လနှင့်နီး ပြည်ကြီးပျက်လတ္တံ့။

လကိုကြယ်ဖောက်၊ ဂျပန်ရောက်၊ ရောက်တဲ့ဂျပန်သုံးနှစ်ခံ စသည်ဖြင့် ရှေးဘဝေါများ ပေါ်ပေါက်ခဲ့ဖူးပါသည်။ (ဤကား စကားချပ်)

အထက်ဖော်ပြပါ အယူတော်မင်္ဂလာနိမိတ်ကောက်နည်း အကြောင်းအရာများကို အခြေခံ၍ အမေးပြဿနာတစ်ခုကို ဖြေရှင်းခဲ့ပုံကို စာဖတ်သူများ အလွယ်တကူဖတ်ရှုနိုင်ရန် စကားပြေဖြင့် ရေးသားဖော်ပြပါသည်။

တစ်နေ့သ၌ အိမ်နီးချင်းမိတ်ဆွေတစ်ဦး၏သားမှာ ဗိုလ်အောင်ကျော်လမ်းရှိ သဘော်ကုမ္ပဏီတစ်ခုတွင် မန်[...] ဂျာရာထူးကို လျှောက်ထားရာ စာတွေ့ရေးဖြေ အောင်[...] ပြီး လူတွေ့တွင် မအောင်မြင်ပါ။ အားမလျှော့ဘဲ [...] ငါးပွင့်သင်္ဘောကုမ္ပဏီတွင် မန်နေဂျာရာထူး [...] လျှောက်ထားရာ အောင်မြင်ခြင်းကိုသိလိုကြောင်း [...] ဖြစ်သူက သိလို၍ စာရေးသူ၏ဖခင်အား လာ၍မေး[...] ဖြစ်ပါသည်။ မန်နေဂျာရာထူး လျှောက်ထားသူ ကိုစိုး[...] မှာ ဝိဇ္ဇာ(B.A)ဘွဲ့ရထားပါသည်။ ၄င်းနှင့်ပြိုင်ဘက်[...] သိပ္ပံဘွဲ့(B.Sc)ရထားသူဖြစ်ပါသည်။ ယခုတစ်ဖန်[...] သိပ္ပံဘွဲ့ဦးစားပေးသောခေတ်ဖြစ်ရာ ဝိဇ္ဇာဘွဲ့ရထား[...] သားအတွက် ရတက်မအေး ဖြစ်နေပါသည်။

ထိုအခါ ဖခင်ဖြစ်သူက ကျောက်တံဖြင့် ကျော[...] သင်ပုန်းပေါ်တွင် ဂဏန်းတချို့ရေးခြစ်ကာ ၄င်း၏အ[...] ကို မှတ်စုစာအုပ်တွင် ကူးရေးလိုက်ပါသည်။ ထို့နော[...] သိရသည်မှာ အင်္ဂဝိဇ္ဇာတိုင်ထူ၍ တွက်ချက်ခြင်းဖြ[...] သည်။

ဖခင်ကြီးက ကိုစိုးပိုင်၏ဖခင် ဦးဘအေးအား-

'ကိုဘအေး၊ ကျွန်တော်တို့ ဈေးဘက်ကို လ[...] ရည်သောက်ရင်း လမ်းလျှောက်ကြရအောင်' ဟု ခေါ်[...] ပါသည်။

အမှန်မှာ စာရေးသူ၏ အိမ်မြောက်ဘက်တွင် [...] ဈေး ရှိပါသည်။ ဒေါ်အေးသွယ်လက်ဖက်ရည်ဆိုင်[...] (၁၄၅)လမ်းထိပ်တွင် တရုတ်လက်ဖက်ရည်ဆိုင်နှင့် [...] ဖွင့်ထားပါသည်။ ဈေးထဲတွင် တောင်ဝှေးကို ယ[...] ဖော်က,ကနေသော ဖော်ပုံလျက်ဆားရောင်းသူက [...] ဝါးပြလျှင် လျက်ဆားရမည်ဟု နမူနာပေးလျက် [...] နေပါသည်။ နှုတ်ကလည်း 'မြန်ပြည်တဘောင်က [...] သာချအတည် ဝိဇ္ဇာမ,မည်၊ ဘိုးဘိုးအောင်တဲ့ တ[...] တော့ ပေါ်လာပြီ' နှုတ်ကလည်း သီချင်းဆိုနေ[...]

အဖေက-

'ဘယ်လိုလဲ ကိုဘအေး၊ စိတ်သာချအတည် [...] မ,မည် ဆိုပါလား'

ပြောလိုက်ရာ-

'အဲဒါ ကိုဘအေးရဲ့သား မောင်စိုးပိုင်အတွက် [...] ပဲဗျ' ပြောလိုက်ပါသည်။

နိမိတ်ဖတ်ရင် ချိုမြိန်သော အစာကိုစားပြီး [...]



www.burmeseclassic.com

www.burmeseclassic.com

အေးသွယ်ဆိုင်က သူ့ယောကျ်ား ကိုဘဘုရဲ့ မလိုင်
စားကြရအောင်ဗျာဟု ဒေါ်အေးသွယ် လက်ဖက်
ဆိုင်သို့ နှစ်ဦးသား ဦးတည်ခဲ့ကြပါသည်။

အင်္ဂဝိဇ္ဇာတိုင်နှင့် ယခုကြားရသော တဘောင်ကို
ပေါင်းစပ်၍ ကိုစိုးပိုင် ကျိန်းသေအလုပ်ရမည်ဖြစ်ကြောင်း
ဟောကိန်းထုတ်လိုက်ပါသည်။

၂ နဝင်း(ပဥ္စပွတ်)
၆ စီးပွား(အညွန့်)
၃ စုတ် (ဆပွတ်)
၅ အလယ်အချာဂြိုဟ်
၁ စတုရန်း(နာ)
၄ အမြစ်(ခိုက်)
၀ တြိရန်း(ပျက်)

လာမေးသူ ဖခင်ဦးဘအေး ကြာသပတေးသားနှင့်
ထိပ်တွင်ရှိသော နဝင်းနေရာ တနင်္လာနှင့် ဂဗ္ဘေမိတ်
နေ၍လည်းကောင်း၊

အင်္ဂါသား မောင်စိုးပိုင်သည် စုတ်နေရာတွင်ရှိနေ၍ (၂)ဦး (၂)ယောက်ပြိုင်ဆိုင်လာပါက မိတ်ဆွေရင်းနှီးမှု၊ ခင်မင်မှုကြောင့် မောင်စိုးပိုင်က အလေးသာနေပါသည်။

၃။ တစ်ဖန်ပြန် ပြည်တဘောင်ဟုဆိုထားရာ ထိုစဉ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံသည် ကြယ်ငါးပွင့်အလံဖြစ်ရာ ယခုလျှောက်ထားသော ကြယ်ငါးပွင့်သဘော်လိုင်းတွင် အလုပ်ရမည်ဟူ၍ ဖြစ်ပါသည်။

၄။ နောက်ဆုံးကောက်ချက်မှာ စိတ်သာချအတည် ဝိဇ္ဇာမ,မည်ဟူ၍ဖြစ်ရာ ဝိဇ္ဇာဘွဲ့(B.A) ရရှိထားသော မောင်စိုးပိုင်သာ မန်နေဂျာရာထူးကို အောင်မြင်ရရှိမည်ဟု အဟောထုတ်ခဲ့ပါသည်။

သိပ်မကြာလိုက်ပါ၊ ဦးဘအေးနှင့် သားဖြစ်သူ ကိုစိုးပိုင်တို့သည် ဖခင်ကြီးအား ခရုတံဆိပ် ပလေကပ်လုံချည် တစ်ထည်လာ၍ လက်ဆောင်အဖြစ် ပေးအပ်ပါသည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

---


## အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း

# ဆရာ မိုးသစ်ခိုင်

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)



ဆွေ
ဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
တော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

**တဲရော့ ဗေဒ လက္ခဏာ**

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၆ ၈၅၆ ၅၀၀





www.burmeseclassic.com

www.burmeseclassic.com




# သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး




- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့်
 အနတ္တလက္ခဏသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့်
 ပရိမိတ္တဇာလသုတ် ပါဠိတော်

အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄



နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

**လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉ ၄၂၈ ၃၁၇၂၉၉




www.burmeseclassic.com

www.burmeseclassic.com


ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

အောင်ကောင်းမြဲ (သာကေတ)

ဖေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

- တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
- အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
- ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** ကြံတိုင်းအောင် စာပေနှင့် ဟောခန်း
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**သမ်းညွှန်** ၄၊ ၅၊ ၉၊ ၃၂၊ ၃၃ ၃၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

**ဟောပြောအချိန်** နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရုပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် စာရေးသူထံ ဖုန်းတစ်လုံး ဝင်လာ၍ ရေးလက်စ ဆောင်းပါးကို ခဏရပ်ကာ ဖုန်းလက်ခံလိုက်ပါသည်။

'ဟဲလို၊ အမိန့်ရှိပါခင်ဗျာ'


'ဆရာကံထူးပါလားရှင့်'

'ဟုတ်ကဲ့၊ ဆရာကံထူးပါ'

'ဟုတ်ဆရာ၊ သမီး ဗေဒင်မေးချင်လို့ပါ ဆရာ။ ဆရာ့ဟောခန်း ဘယ်နားမှာလဲ။ ဘယ်လိုလာရမှာလဲလို့ လှမ်းမေးတာပါ ဆရာ'

ထိုစဉ်က စာရေးသူရဲ့ ရွှေဖူးစာဗေဒင်ဟောခန်းက ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ ကျောင်းကြီးတိုက်၊ ပျော်ဘွယ်ကြီးကျောင်းမှာ ဖွင့်ထားသည်မို့-

'သမီး..ကြည့်မြင်တိုင်ရဲစခန်းနားက ရုံးကြီးလမ်းကိုသာ ရောက်အောင်လာခဲ့။ သမီး လမ်းထဲ ဝင်တာနဲ့ ဖုန်းဆက်လိုက်။ ဆရာ ထွက်ကြိုပေးမယ်၊ သိလား'



'ဟုတ် ဆရာ၊ သမီး ရောက်တဲ့အခါ ဖုန်းဆက်လို ပါ့မယ် ဆရာ'

'အေးပါ၊ အေးပါ၊ ဩော်..နေဦး။ အောက်လ လာရင် စာတိုက်မှတ်တိုင် ဆင်းရမှာနော် သမီး။ အ လမ်းဆိုရင်တော့ ဘူတာမှတ်တိုင် ဆင်းနော်၊ သိလ

'ဟုတ် ဆရာ၊ သမီးက သမီးသူငယ်ချင်းက လာမှာ ဆရာ။ ရပါတယ်'

'ဩော်..အေး..အေး'

စာရေးသူ ဖုန်းချပြီး ကွန်ပျူတာပြန်ဖွင့်ကာ ဆက်ရေးမလို့ အားယူလိုက်ပါသည်။ ကွန်ပျူတာသ ရေး လုပ်နေတုန်း ရှိသေးစဉ် ဖုန်းဝင်လာ၍ ကောက် လိုက်ရာ ခုနက သမီးလေးပင် ဖြစ်နေ၍ စကားလ ပြောရင်း အပြင်ထွက်ကြိုလိုက်ပါသည်။

'လာ သမီး' ဆိုပြီး ဗေဒင်ဆရာနှင့် ဗေဒင်ဝါသ ရှင် အတူယှဉ်လျှောက်လာကြ၏။

တစ်ယောက်က အရပ်ခပ်ရှည်ရှည်၊ နောက် ယောက်က ခပ်သွယ်သွယ်လေး။ နှစ်ယောက်လုံး ကျေးသိမ်မွေ့၏။ ခပ်ရှည်ရှည် မိန်းကလေးက ခန္ဓာ ကို အနည်းငယ် လှိမ့်ကာ,လှိမ့်ကာ သွားတတ်သည် သတိပြုမိ၏။ ကရကဋ်(cancer) လဂ် ဖြစ်လိမ့်မည်

နောက်တစ်ယောက်က ပိန်ပါးသွယ်လျပြီး မပြောစလောက်လေး ကုန်းနေ၏။ သွက်လက်မှုနည်း မိဿ(Aquaris) လဂ် ဖြစ်မှာပါလို့ လမ်းလျှောက် ဟောကိန်းထုတ်နေမိပါသည်။

ဟောခန်းရောက်တော့ 'ကဲ..သမီး၊ မွေးသက္က ပြော' ဆိုပြီး ခပ်ရှည်ရှည် ကောင်မလေးရဲ့ အချက်အ များ တောင်းယူကာ ဇာတာဖွဲ့လိုက်ပါသည်။

ကရကဋ်လဂ်မှ ကရကဋ်လဂ်အစစ် ဖြစ်နေသည်


# ဆရာကံထူး
(ဝေဒသုတေသီ)

# ဗေဒင်ပညာနှင့် မိသားစုညီညွတ်ရေ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရ၏။ ငါထင်တာ မှန်သားပဲလို့ ကိုယ့်ကိုယ်ကို ချီး ကျူးနေမိပါသည်။




ကရကဋ်လဂ်တင်မက စန်းပါ ကရကဋ်စန်း ဖြစ်နေ သော့ ထို့ကြောင့် သမီးဇာတာအရ အမေဟာ သမီးဘဝပဲ့ ကို ကောင်မလေး အံ့သြသွားအောင် အပိုင်တွက်ကာ ဟောလိုက်ပါသည်။ နဂိုပြုံးနေတဲ့မျက်နှာ မဲ့မလိုလိုနှင့် အရောင်ပြောင်းသွားပါသည်။ အံ့သြသွားသည်ကား မှန် သော်။

သို့သော် အဟောမှန်၍ ဝေါ်လုချည်လားဆိုတဲ့ အတွေးမျိုးဖြင့် အံ့သြသွားသည်ကား မဟုတ်ပေ။ ဟာ.. ဘာ့ပါပဲ။ ဘာတွေလာပြောနေလဲမသိ၊ တခြားစီပဲဆိုတဲ့ အတွေးမျိုးဖြင့် အံ့သြသွားခြင်းသာ ဖြစ်ပါသည်။

ဗေဒင်ဆရာလည်း ဟယ် ဘယ်လိုဖြစ်ပါလိမ့်ဆိုပြီး အံ့သြနေမိပါသည်။ ငါဟောတာ မှားသွားပြီလား။

'သမီးပြောတဲ့မွေးချိန် မှန်တယ်နော်' လို့ သံသယ အခွန်းပင် မေးမိ၏။

ကရကဋ်လဂ်၊ ကရကဋ်စန်း ဝဂ္ဂုတ္တမနဝင်းတောင် သားတဲ့ ဇာတာရှင်။ ပြီးတော့ သမီးမိန်းကလေး တစ် ယောက်အနေနှင့် သမီးဘဝဟာ အမေပဲဆိုတဲ့ အဟောကို မသက်နိုင်ဘဲ မှိုင်သွားခြင်းသည် စာရေးသူအတွက် အံ့သြစရာ ဖြစ်နေသလို စိတ်ဝင်စားစရာလည်း ဖြစ်နေ သည်။

ဘာ့ကြောင့်ပါလိမ့်လို့ တွေးရင်း၊တွေးရင်း ဇာတာ ပြန်စစ်ဆေးကာ အဖြေရှာနေမိပါသည်။

အခြား လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ၊ အချစ် အိမ်ထောင်ရေး အပါအဝင် မိမိတွေ့သမျှ ကောင်း ကျိုးဆိုးပြစ်ရော သူမေးသမျှ မေးခွန်းတွေပါ အားလုံး ဟောပေးလိုက်ပါသည်။ (၇၅)ရာခိုင်နှုန်း မှန်ကြောင်း ကျေနပ်စွာပင် ကျေးဇူးတင်စကားဆို၏။ ပြီးတော့ အဖော် အား လှည့်ကြည့်ကာ ပြန်ဖို့ အချက်ပြလိုက်ပါသည်။ စာရေးသူလည်း အလိုက်သိစွာပင် ဟောစာတမ်းပေါ်မှာ လက်မှတ်ထိုးပေးလိုက်ပါသည်။

မန္တလေးသွားမည့် လက်မှတ်၊ စင်ကာပူပြန်ဖို့ လက် မှတ်အကြောင်း သူတို့ချင်း ပြောနေကြသည်ကို ကြားလိုက် ရ၏။ ကမ္ဘာကျော် Apple ကုမ္ပဏီကြီးမှာ လုပ်နေ ကြောင်းကိုလည်း တစ်စွန်းတစ်စ ကြားလိုက်ရပါသည်။ သို့သော်ထိုအကြောင်းကို စိတ်မဝင်စား။

မိခင်ကိုယ်စားပြု တနင်္လာဂြိုဟ်သည် ရာသီမှာရော နဝင်းမှာပါ ကသစ်စံနေပါလျက် မိခင်အပေါ် စိတ်မကြည် လင်၊ အမြင်မရှင်း၊ အားမလိုအားမရ ဖြစ်နေရတဲ့အကြောင်း ကို ဗေဒင်ပညာဖြင့် အဖြေရှာလိုစိတ်သာ ပြင်းပြနေသည်။

မိခင်ဇာတာမှာများ သားသမီးနှင့် အကျိုးမပေးတာ၊ အဆင်မပြေနိုင်တာတွေ ပါနေလားလို့ တွေးမိ၏။ သို့သော် မိခင်ဇာတာ စာရေးသူထံ ရှိမနေပါ၍ လေ့လာလိုတဲ့ဆန္ဒ မပြည့်ဝပါ။ အောင့်သက်သက်နှင့်ပင် လက်လျှော့လိုက် ရပါသည်။

သမီးမေရီတို့ ဗေဒင်လာကြည့်ပြီး သုံးရက်လောက် ကြာတော့ စင်ကာပူက ဖုန်းတစ်လုံး ဝင်လာပါသည်။ ထုံးစံတိုင်း နှုတ်ဆက်စကားဆိုကာ ဖုန်းလက်ခံလိုက်၏။ ဗေဒင်မေးမလို့ပါတဲ့။

'ကဲ..ဒေါ်ကေသီ ပြော။ မွေးသက္ကရာဇ်၊ မွေးချိန်၊ မွေးဒေသ' ဆိုတော့ 'သုံးယောက်စာ တွက်မှာဆရာ' ဆို ပြီး မွေးသက္ကရာဇ် သုံးခုကို လှမ်းပေးပါသည်။


ထိုအထဲတွင် ယခင်ဗေဒင်လာမေးသွားတဲ့ သမီး လေး မေရီလည်း ပါနေပါသည်။ မွေးသက္ကရာဇ်၊ မွေးချိန်၊ မွေးဒေသ အားလုံးတူညီနေ၍ 'ဇကေ့ ဒေါ်ကေသီ့သမီး လေး နေမှာပါ' လို့ ထင်မှတ်ကာ ဒေါ်ကေသီဇာတာကို အလျှင်ဦးစွာ စိတ်ဝင်တစား ဖွဲ့လိုက်ပါသည်။

ပြိဿလဂ်၊ မိဿစန်းပါ။ ပုတ္တရာဘဝဖြစ်တဲ့ ကန် ရာသီမှာ စနေ ပါပဂြိုဟ် ရပ်တည်နေ၏။ ပုတ္တရာဘဝရပ် စနေအား မေထုန်ရာသီ(ကဠမ္မဘာဝ)ရပ် အင်္ဂါက (၄) တန့် အထူးမြင်နေသည်ကို တွေ့ရ၏။ စနေကလည်း


www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါအား (၁၀)တန့်အထူးမြင်ထားပါသည်။ စန်းကတော့ ဇွဲယစန်းပါ။




သားသမီး နည်းတတ်ပြီး သားသမီးနှင့်ပတ်သက်လျှင် စိတ်ပူပန်မှု များနေတတ်တဲ့ ဇာတာရှင်ပါ။ ပုတ္တရဘာဝသခင် ဗုဒ္ဓဟူးသည် မေထုန်ရာသီတွင် ကသစ်စံနေသောကြောင့် သားသမီးကောင်း ရတတ်မည်။ သားသမီးနှင့်ပတ်သက်ပြီး မျက်နှာပွင့်မည်။ သို့သော် သားသမီးနှင့်ပတ်သက်လာလျှင် အမြဲပင် တွေးပူနေတတ်တဲ့ ဇာတာရှင်ပါ။

ထိုသို့ဖြစ်နေတတ်သည့် စရိုက်လက္ခဏာသဘောကို ဗေဒင်ပညာအရ မစောကြောမိနိုင်လျှင် စနေ ပုတ္တရဘာဝ၌ ရပ်တည်နေသောကြောင့် သားသမီးကောင်း မရနိုင်၊ သားသမီးအကျိုး မခံစားရနိုင်ဟု ထင်မြင်ယူဆဖွယ်ရှိပါသည်။ တကယ်တော့ ကံဇာတာအရ မိမိက စိတ်မချနိုင် ဖြစ်နေခြင်းသာ ဖြစ်၏။ သားသမီးက ကောင်းပါသည်။

မိခင်ဖြစ်သူက မိမိအပေါ် စိုးရိမ်ပူပန်လျက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် အရိပ်တကြည့်ကြည့် ဖြစ်နေသည်ကိုပင် သမီးဖြစ်သူ အားမရနိုင် မကျေနပ်ချင် ဖြစ်နေစရာမလို။ အမြဲတစေ စောင့်ရှောက်ခြင်းသည် 'မာနေတီတိ မာတာ-မြတ်နိုးတတ်သောကြောင့် အမိ' ဆိုတဲ့ သတ်မှတ်ချက်အရ မိခင်၏ ကျေးကျေးဇူး အလွန်မြင့်မား၏။ သမီးအနေနှင့်လည်း အလွန်ပဲ ကျေးဇူးတင်ချင်စရာ၊ ကျေနပ်ချင်စရာ ကောင်းပါသည်။

သို့ပါလျက်နှင့် အဘယ်ကြောင့် ကျေးဇူးမတင်ချင်ဘဲ အပြစ်မြင်နေရသနည်း။ ဇာတာခွင်မှာ စိတ်ကိုနှစ်ပြီး

အသေအချာ ပြန်လည်ဆန်းစစ်ကြည့်လိုက်တော့ ကံကြ
လျှို့ဝှက်ချက်တစ်ခုကို အံ့သြဖွယ်ရာ တွေ့ရှိရပါသည
ဤမှုတစ်ပါး အခြားသော အကြောင်းတစ်ခု မရှိနိုင
စာရေးသူ ယူဆမိပါ၏။ အကြောင်းတစ်ပါး ရှိခဲ့လျှ
ကောဇာဂြိုဟ် အပြောင်းအလဲပင် ဖြစ်ပေလိမ့်မည်။

သမီးဖြစ်သူ မေရီ၏ ဇာတာတွင် ပထနီဘာဝသ
စနေသည် တူရာသီ၌ ဥစ်မှုရပ်တည်နေပြီး လဂ်နှင့်
သခင် တနင်္လာကို (၁၀)တန့်အမြင်ဖြင့် မြင်ထားပါသည
စနေက အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာဝသခင်၊
တည်နေသည်က အကြင်နာသံယောဇဉ်ဆိုင်ရာ (၄)တ
ဗန္ဓုဘာဝ။

(၁၀)တန့်အထူးမြင်ခံနေရသည်က လဂ်နှင့်
သခင် ဖြစ်နေ၏။ လဂ်ဆိုသည်မှာ ဇာတာရှင်၏ ဘ
ဖြစ်ပါသည်။ လဂ်သခင်ဂြိုဟ်သည် ဘဝ၏ ဇာတ်ဆေ
ဖြစ်ပါသည်။ စန်းခေါ် တနင်္လာဂြိုဟ် ဖြစ်နေ၍ စိတ်
အလိုဆန္ဒကို ကိုယ်စားပြုနေပြန်၏။ မိသားစုတွင် အ
ဟော၏။ ခန္ဓာကိုယ်တွင် သွေးကို ဟောပါသည်။

သွေးသား အလိုဆန္ဒဆိုင်ရာကို ဖော်ညွှန်းနိ
မိခင်ကိုယ်စားပြုတဲ့ တနင်္လာဂြိုဟ် ကရကဋ်ရာသီ
ကသစ်စံလျက် အိမ်ထောင်ရေးဆိုင်ရာ ပထနီဘာ
(၇)တန့် လှမ်းမြင်နေ၏။ ဘဝ၏ဇာတ်ဆောင်ဖြစ်ပြီး
သားအလိုဆန္ဒနှင့်လည်း ပတ်သက်နေတဲ့ အဆိုပါ တ
ဂြိုဟ်ကို (၁၀)တန့် အထူးမြင်နေသည်က စနေ
ဖြစ်ပါနေသည်။ စနေသည် ပထနီဘာဝသခင်လည်း
၏။ မရဏဘာဝသခင်လည်း ဟုတ်ပါသည်။

အားလုံးကို ခြုံငုံသုံးသပ်လျှင် သမီးဖြစ်သူ
သွေးသားအလိုဆန္ဒဆိုင်ရာ အိမ်ထောင်ရေး၊ အိမ်
ဖက်ဆိုင်ရာဟူသမျှ မိခင်သဘောထား၊ မိခင်အယူ
ကြောင့် ပျက်စီးရသည်ဟု မေရီက တွေးထင်နေ၍
အပေါ် အမြင်မကြည်နိုင်ခြင်း ဖြစ်ပါသည်။

အိမ်ထောင်ဖက်၊ အိမ်ထောင်ရေးကိစ္စနှင့် ပတ်
လာလျှင် အမြဲလိုလို မိခင်ကြောင့်ပဲ ပျက်စီးရ
မေရီစိတ်က ထင်မှတ်နေခြင်းကြောင့် စာရေးသူ
'အမေဟာ သမီးဘဝပဲ'ဆိုတဲ့ စကားကို ဘဝ
နိုင်ခြင်း ဖြစ်ပါသည်။ သို့သော် ထိုသဘောကို ပြေ
လုပ်ကာ နောက်တစ်မျိုး အဖြေထုတ်ပြီး 'အမေဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘဝရဲ့ အနှောင့်အယှက်ကြီးပါ' လို့ စာရေးသူ မပြောနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် သူ့အကြိုက်ထက် ဗေဒင်အနှစ်ကို အလေးထားရသောကြောင့် ဖြစ်ပါသည်။ မှန်၏၊ ဗေဒင်ဆရာသည် ဗေဒင်၏ သဘောအနှစ်သာရကို ကျော်လွန်ချန်ထားပြီး ပြောလျှင် သစ္စာဗေဒင်မဟုတ်။ မုသာဗေဒင်သာ ဖြစ်ပေမည်။ ထို့ကြောင့် သစ္စာဗေဒင် ဖြစ်စေဖို့ရာ အမှန်တိုင်းပင် မပြင်မဆင်ဘဲ ပြောလိုက်ပါသည်။

တစ်နှစ်နီးပါး ကြာသောအခါ မေရီ စာရေးသူထံ နောက်တစ်ခေါက် ပြန်ရောက်လာ၏။ ထိုအခါ စာရေးသူနှင့် အတော်အတန် ခင်မင်နေပြီမို့ အမေ့အကြောင်းကို အားမလိုအားမရ သံသယအနေဖြင့် ရင်ဖွင့်ပါသည်။ မေရီ့မျက်နှာကို ကြည့်ရင်း စာရေးသူ စိတ်ထဲ 'ဩော်..ငါ ထင်တဲ့အတိုင်းပါလား' လို့ မှတ်ချက်ချနေမိပါသည်။

မိခင်အား အမြင်မကြည်လင်တဲ့ စကားတွေ ရင်ဖွင့်ပြီး-

'ဒါပေမဲ့ ဆရာရယ်၊ အရင်တစ်ခေါက် ဆရာ့ဆီကို သမီးရောက်လာတာ အမေက ဒီဆရာဆီကို မဖြစ်မနေ သွားလိုက်ပါဆိုပြီး လွှတ်လိုက်လို့ ရောက်လာတာပါ' လို့ ဆက်လက်ပြောဆိုပါသည်။

'ဩော်..ဟုတ်လား'

လို့ အာမေဍိတ်မေးခွန်းထုတ်ရင်း-

'ဒါနဲ့များ သမီးရယ် အမေကို သံသယဝင်၊ အပြစ်မြင်နေရသေးလား' လို့ စာရေးသူရင်ထဲ အသံတိတ် မေးခွန်းထုတ်နေမိပါသည်။

မိခင်သည် တစ်ဦးတည်းသော ပညာတတ် သမီးလေးအား တင့်တင့်တယ်တယ် အိမ်ထောင်ဃရာဝါသ ကျစေလိုသောဆန္ဒ ပြင်းပြလျက်ရှိနေ၏။ ဘာသာခြားနှင့် အိမ်ထောင်ကျမည်ကို မလိုလားနိုင်သလို သမီးအား ကြင်နာနိုင်၊ မစောင့်ရှောက်နိုင်ဘဲ စည်းစိမ်မက်ပြီး ချိတ်ဆက်လာမည့် လူမျိုးနှင့် ညားမှာကိုလည်း စိုးရိမ်ပူပန်နေပါသည်။

လိုတိုရှင်းပြောပါက စစ်မှန်တဲ့ အကြင်နာသံယောဇဉ်နှင့် အမှန်တကယ် ချစ်မြတ်နိုးနိုင်သူ ဖြစ်စေချင်ပါသည်။ သမီးထက် မသာတောင် သမီးနှင့် တန်းတူရည်တူ ဖြစ်စေချင်ပါသည်။ ရည်ရွယ်ထားသည့်အတိုင်း ဖြစ်မလာဘဲ မျှော်လင့်ထားသည်နှင့် တခြားစီချည်း ဖြစ်နေသောကြောင့် စွန့်လွှတ်ရန် သို့မဟုတ် လက်လျှော့ရန် တိုက်တွန်းနှားချခဲ့၏။ နည်းပရိယာယ် တစ်မျိုးမျိုးဖြင့် ပျက်ပြယ်သွားအောင် ကြံဆောင်ခဲ့သည်လည်း ရှိပါသည်။

သမီးချစ်သူအကြောင်းကို သမီးထက် ပိုသိအောင်လည်း ပတ်ဝန်းကျင်အကူအညီဖြင့် ကြိုးစားခဲ့ပါသည်။ မှန်၏။

တစ်နေ့တွင် သမီးနှင့် ချစ်သူတို့သဘာဝ တွေ့ကြပြီး သမီးပြန်တဲ့အခါ အမြတ်တနိုး လိုက်မပို့တဲ့အပြင် လူတကာကြားအောင် 'မယူဘူးဟေ့၊ မယူဘူး။ လုံးဝမယူဘူး' လို့ အောင်ပွဲခံသလို အော်ဟစ်နေသည်ကို သမီးမသိခဲ့။ အမေသာ သိခဲ့ပါသည်။

မိခင်တစ်ယောက်အနေနှင့် သမီးအပေါ် ဤသို့ပြုမူပြောဆိုနေသူကို သမီးနှင့် မည်သို့သဘောတူနိုင်ပါမည်နည်း။ ဖြစ်နိုင်လျှင် အသေကို သတ်ပစ်ချင်ပေလိမ့်မည်။ သမီးက မသိတော့ စိတ်မနာနိုင်။ အမေက ခါးသီးလွန်းနေ၏။ သမီးအား ခရေစေ့တွင်းကျ ပြောပြရန်လည်း မဖြစ်နိုင်ပါချေ။ နဂိုကမှ အမြင်မကြည်လင်တော့ လာပြန်ပြီ နောက်တစ်မျိုးလို့ တွေးထင်သွားမှာ စိုးရိမ်နေပါသည်။

ဇာတ်လမ်းပုံစံအရပြောလျှင် ပရိသတ်သာသိပြီး ဇာတ်လိုက်မသိနိုင်တဲ့အကွက် ဖြစ်ပါသည်။ ကံကြမ္မာက ထိုသို့ အကွက်ချထား၏။ မိခင်မေတ္တာ ပြည့်စုံပါလျက် သမီးအတွက် အကျိုးမထွက်၊ အဖျက်ဝင်နေသလို ဖြစ်နေခြင်းကား ကံဇာတ်ဆရာက ပိရိသေသပ်စွာ အကွက်ချစီမံထားခြင်းသာ ဖြစ်ပါသည်။ ဗေဒင်ဉာဏ်မကူလျှင် သိမြင်ဖို့ရာ မလွယ်ပါ။

မေတ္တာဟု မထင်၊ ဖျက်တာဟု မြင်နေခြင်းသည်လည်း ကံအကြောင်းတရားပင်ဖြစ်၏။ မိမိကံကိုက အိမ်ထောင်ရေးနှင့် ပတ်သက်လာလျှင် မိခင်အပေါ် အမြင်မကြည်လင်၊ အားမရနိုင်တဲ့ ကံဇာတာပါလာသည်ကို သိမထားလျှင် တစ်သက်လုံး ပြုံးနိုင်လိမ့်မည် မထင်ပါ။ ဗေဒင်ဉာဏ်ကူကာ ကံဇာတာကို သိမြင်နိုင်ပါမှ မာတာမိခင်ရဲ့ ကျေးဇူးဂုဏ်အင်ကို မြင်သိနိုင်ပေမည်။

မိခင်သည် 'သဗ္ဗေ သတ္တာ ကမ္မသကာ-သတ္တဝါတစ်ခု ကံတစ်ခု၊ ဘယ်သူမပြု မိမိမှုပါပဲ' လို့ လျစ်လျူမရှုနိုင်ရှာပေ။ သမီး အမုန်းစကား ဆိုလာသော်ငြားလည်း



www.burmeseclassic.com

www.burmeseclassic.com

သစီးပြုံးလာ**အောင် အလိုလိုက်က**ာ အလိုက်သင့် မဆိုပါဘဲ သ**စီးတစ်ဘ**ဝလုံး **မရွှံးစေရန် အ**မုန်းသာ ခံနေပါသည်။ **ကုန်ရှုံးတော့ တစ်ခေါက်**၊ လင်ကုန်ရှုံးတော့ တစ်ဘဝလုံး **ပျောက်တတ်သည်** မဟုတ်ပေလော။

**ထိုသို့ဖြစ်သွားမည်ကို** ဒေါ်ကေသီ လုံးဝမလိုလား**ချေ။ သမီးတစ်ကောင် နွားတစ်ထောင်**လို့ ဒေါ်ကေသီ **မညည်းညူလို။ သမီးတစ်ကောင်အတွက်** ဗေဒင်ဆောင်**ပေးချင်၏။ သို့မှသာ** ဗေဒင်ပညာနှင့် သမီး ရင်းနှီးလာ**မည်ဟု ယုံကြည်ထား၏။** ဗေဒင်နှင့် ရင်းနှီးလာလျှင် **သူ့ဟာသူ ဆင်ခြင်တုံတရား** ထားနိုင်လာလိမ့်မည်ဟု**လည်း ယုံကြည်ထား၏။**

**ထို့ကြောင့် စာရေးသူ**ထံ လွှတ်လိုက်ခြင်း ဖြစ်ပါ**သည်။ အမုန်းတရားနှင့်** ရင်းထားတဲ့ မေတ္တာတရား ပေါ်**လွင်လာစေရန်၊ အမုန်း**ပွားနေတဲ့သမီး ရှုံးမသွားစေရန် **စေတနာအမှန်ဖြင့်** ဗေဒင်ဆရာအား သင်ညွှန်ခိုင်းသည်ဟု **ဆိုလျှင် မှားအံ့မထင်**ပါ။ ဤသို့ စာရေးသူ နားလည် **ခံစားမိ၏။ ထိုတာ**ဝန်ကို ကျေပွန်စေလို၍ ဤဆောင်းပါးရေးဖြစ်သွားပါသည်။

ဗေဒင်ပညာကို ဆင်ခြင်တုံတရားအတွက် အ… အသုံးချပညာအဖြစ် ယုံကြည်စွာ အသုံးချတတ်ပါ… ဗေဒင်ပညာက မိသားစု စည်းလုံး ညီညွတ်ရေးကို … ကူညီပေးနိုင်ကြောင်း သတင်းကောင်းပါးရင်း … ပညာဖြင့် မှန်ကန်စွာ အဖြေရှာလျှင် ကံကြမ္မာကို မြင်… သလို မိခင်မေတ္တာကို သံသယမဝင်နိုင်ကြောင်း စေ… စကား ဆိုပါရစေ။

ချစ်စွာသော ဗေဒင်ဝါသနာရှင် စာဖတ်ပရိသတ်… အားလုံး မိမိတို့ကိုယ်တိုင် ဦးထိပ်ရွက်ကာ သယ်… လာခဲ့ကြ၍ မိမိတို့ပိုင် မိမိတို့နှင့်ဆိုင်တဲ့ ကံစာ… အသေအချာ စိစစ်လျက် ဉာဏ်ဖြင့် သိမြင်… ဆင်ခြင်ကာ မိသားစုချင်းချင်း သံသယကင်းကွာ … တွေးနိုင်ကြပါစေဗျာ။

**ခင်မင်လေးစား…**

**ဆရာကံထူး(ဝေဒသုတေ…)**

**ဖုန်း - ၀၉ ၄၀၁ ၅၃၄…**


# ဆရာကြီးဦးအေးထွန်း

## [အကြောပြင်ပညာရှင်]

**အကြောပြင်ပညာဆိုတာ** ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအ… **အာရုံပြောင်းကုသရတဲ့ပညာ** မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိ… **လှည့်စားရတဲ့** ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေ… အချိန်တိုမြန်ဆန်စွာအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

**ကျွန်တော့် နည်းတွေကို အသုံးချပြီး-**

- **ခါးနာ၊ ဒူးနာ၊ ကျောပေါင်းတက်**၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း…
- **အခြားအကြောရောဂါတွေကို** မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (**၂၄ နာရီအတွင်း**) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်…
- လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေး…
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေး…

**တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း**

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com


# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်





**...န်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသည်ထက်**

**'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း**

တံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ...တော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း ...များတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ...နေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ ...ချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ...ကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ...တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး ...ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ...ပြဒါးဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

**ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

☎ ၀၉ ၅၁ ၈၄၉၀၅




www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၈]ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူးရှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | [illegible] |
| ၀၇း၄၅ - ၀၉း၄၅ | [illegible] |
| ၀၉း၄၅ - ၁၁း၄၅ | [illegible] |
| ၁၁း၄၅ - ၁၃း၄၅ | [illegible] |
| ၁၃း၄၅ - ၁၅း၄၅ | [illegible] |
| ၁၅း၄၅ - ၁၇း၄၅ | [illegible] |
| ၁၇း၄၅ - ၁၉း၄၅ | [illegible] |
| ၁၉း၄၅ - ၂၁း၄၅ | [illegible] |
| ၂၁း၄၅ - ၂၃း၄၅ | [illegible] |
| ၂၃း၄၅ - ၀၁း၄၅ | [illegible] |
| ၀၁း၄၅ - ၀၃း၄၅ | [illegible] |
| ၀၃း၄၅ - ၀၅း၄၅ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible]၂၅ - ၇:၂၅ | ပြိဿ |
| [illegible]၂၅ - ၉:၂၅ | မေထုန် |
| [illegible]၂၅ - ၁၁:၂၅ | ကရကဋ် |
| [illegible]၂၅ - ၁၃:၂၅ | သိဟ် |
| [illegible]၂၅ - ၁၅:၂၅ | ကန် |
| [illegible]၂၅ - ၁၇:၂၅ | တူ |
| [illegible]၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| [illegible]၂၅ - ၂၁:၂၅ | ဓနု |
| [illegible]၂၅ - ၂၃:၂၅ | မကာရ |
| [illegible]၂၅ - ၁:၂၅ | ကုမ် |
| [illegible]၂၅ - ၃:၂၅ | မိန် |
| [illegible]၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible]၅၀ - ၇:၅၀ | ကန် |
| [illegible]၅၀ - ၉:၅၀ | တူ |
| [illegible]၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| [illegible]၅၀ - ၁၃:၅၀ | ဓနု |
| [illegible]၅၀ - ၁၅:၅၀ | မကာရ |
| [illegible]၅၀ - ၁၇:၅၀ | ကုမ် |
| [illegible]၅၀ - ၁၉:၅၀ | မိန် |
| [illegible]၅၀ - ၂၁:၅၀ | မိဿ |
| [illegible]၅၀ - ၂၃:၅၀ | ပြိဿ |
| [illegible]၅၀ - ၁:၅၀ | မေထုန် |
| [illegible]၅၀ - ၃:၅၀ | ကရကဋ် |
| [illegible]၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၈)ခုနှစ်၊ ဇန်နဝါရီဘာလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### [illegible]လဂ် (Aries)



အိမ်ထောင်ပြုချင်စိတ် ပြင်းပြနေတတ်၏။ ရည်ရွယ်ထားသူများ အိမ်ထောင်ပြုဖြစ်မည်။ အကျိုးတူ ပူးပေါင်းလုပ်ဆောင်ထားသည်မှ အကျိုးအမြတ် [illegible]င်းကောင်း ခံစားရမည်။ ပါတီ၊ နိုင်ငံရေး၊ ဘာသာ[illegible] ည်းရုံးခြင်းလုပ်ငန်းများ အထူးအောင်မြင်မည်။ [illegible]အမြတ်လည်း ရှိမည်။ ထီပေါက်နိုင်ခြေ (၇၅%) [illegible]သည်။ နည်းနည်းစီ ကံစမ်းပေးပါ။ နေအိမ်၊ နေရာဒေသ အပြောင်းအလဲဖြစ်တတ်ပါသည်။ (ရ၊ ယ၊ လ၊ ဝ)အက္ခရာများဖြင့် စတင်တဲ့ လမ်း၊ ရပ်ကွက်၊ မြို့နယ်များသို့ ပြောင်းရလိမ့်မည်။ လုပ်ငန်းခွင်တွင် အမှားအယွင်းကြုံတတ်၏။ သတိထားပေးပါ။ ဂုဏ်သိက္ခာဖြင့် ရင်းနှီးလုပ်ကိုင်ရသူများ ဂုဏ်သိက္ခာကျဆင်းပြီး အလုပ်အကိုင်ကို ထိခိုက်လာတတ်ပါသည်။ ဆင်ခြင်ပါလေ။ အချစ်ရေး၊ ပညာရေး၊ ငွေကြေး ကိစ္စများ အသင့်အတင့် အဆင်ပြေမည်။ မိမိရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်။ ကျန်းမာရေး ကောင်းမည်။ ပင်တို

www.burmeseclassic.com

www.burmeseclassic.com

ညဏ်ရော လုံ့လ၊ ဝီရိယပါ အထူးကောင်းမွန်နေမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၅၊ ၁၊ ၄၊ ၆)ဖြစ်ပါတယ်။

**ယတြာ**

အင်္ဂါထောင့်တွင် နှင်းဆီပန်း(၇)ပွင့် ဘုရားကပ်လှူပြီး လိုရာဆုတောင်းပါ။

## ပြိဿလဂ် (Taurus)



ရန်မကင်း၊ အနှောင့်အယှက် မကင်းနိုင်တဲ့ ကာလပါ။ ခဏပါပဲ၊ (၁၄)ရက်နေ့ကစပြီး အားလုံးကို ကျော်လွှားနိုင်ပြီး ဂုဏ်သိက္ခာ တိုးတက်မြင့်မားသာလိမ့်မည်။ ယခင် အဆင်မပြေတဲ့ အိမ်ထောင်ရေးက ယခု အဆင်ပြေစပြုလာမည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်တဲ့ စိုးရိမ်သောကများလည်း တဖြည်းဖြည်း လျော့နည်းသွားမည်။ စိတ်အေးအေးထားပါ။ ကုမ္ပဏီဖက်စပ်လုပ်ငန်းများ ယခင်ပြဿနာတက်ခဲ့ပါက ရပ်တန့်သွားလိမ့်မည်။ အလုပ်အကိုင် အဆင်ပြေလိုက်၊ မပြေလိုက် ဖြစ်နေမည်။ အတိတ်ဖြစ်စဉ်ကို နမူနာယူပြီး ကြိုးစားပါ။ အောင်မြင်ပါလိမ့်မည်။ ပညာသင်လူငယ်များ၊ ပညာရေးဝန်ထမ်းများ ကြိုးစားနိုင်မှ တန်ကာကျမည်။ အခန့်မသင့်က ရပ်တန့်ဆိုင်းရှုံးခြင်းနှင့် ရင်ဆိုင်ရမည်။ လဆန်း သုံးလေးရက်၊ လကုန် သုံးလေးရက် မလုပ်ချင်မကိုင်ချင် ဖြစ်နေမည်။ (၂၂၊ ၂၃၊ ၂၄)ရက်များတွင် လက်ဆောင်ပစ္စည်း ရလိမ့်မည်။ (၁၇)ရက်အတွင်းမှာ ကလေးမွေးမည့် မိခင်လောင်းများ လက်သည်း၊ ခြေသည်းများတွင် မသိမသာ ထုံးလိမ်းထားပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၉၊ ၄၊ ၆၊ ၃၊ ၈)ဖြစ်ပါတယ်။

**ယတြာ**

ရွှေသင်္ကန်းကပ်ရန် အလှူခံပုံးတွင် တတ်နိုင်သမျှ အလှူငွေ ထည့်ဝင်လိုက်ပါ။

## မေထုန်လဂ် (Gemini)



တစ်ပတ်အတွင်း မခံချင်စရာတွေ များနေမည်။ သည်းခံပါ။ နောက်ပိုင်း အလိုလို အဆင်ပြေသွားမည်။ ပညာရေးဆိုင်ရာ ကုမ္ပဏီများ၊ ဝန်ထမ်းများ အားလုံး စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒ ပြည့်ဝမည်... ကျောင်းသားလူငယ်များ ပညာရေး ကောင်းနေမည်... အချစ်ရေး အဆင်ပြေနေမည်။ ချစ်သူစုံတွဲများ လက်ထ... ဖို့ရာ အဆင်မပြေနိုင်သေးပါ။ ငွေကြေးခက်ခဲနေသူများ ငွေကြေးအဆင်ပြေသွားမည်။ သားရေး၊ သမီးရေး တွေး... နေရသူများ ယခုလ အေးဆေးသွားမည်။ တပည့်တပန်း... အလုပ်သမား၊ အောက်လက်ငယ်သားများကြောင့် စိတ်... ချမ်းသာမှု ရမည်။ မှတ်ဉာဏ်များ အားနည်းနေတတ်... စုဆောင်းထားတဲ့ ရွှေ၊ ငွေများ ထုတ်သုံးနေရတတ်... သည်။ (၁၅၊ ၁၆)ရက်လောက်မှာ သတင်းထူးတစ်... ကြားရလိမ့်မည်။ ကောင်းသော သတင်းပါ။ အိမ်ထောင်... ရှင်များအဖို့ကတော့ လွှင့်ပစ်ရမှာကလည်း အဆီနှင့်ဝ... ဝင်း၊ မျိုချရမှာကလည်း သဲနှင့်ရုပ်ရှပ် ဆိုသလို ဖြစ်... တတ်၏။ မိမိနှစ်သက်တဲ့ အလွမ်းသီချင်း... ဆိုညည်းနေလိုက်ပါ။ ကျန်းမာရေးလည်း ညံ့နေတတ်... သည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (... ၀၊ ၄၊ ၅၊ ၉)ဖြစ်ပါတယ်။

**ယတြာ** - အဖြူရောင်အင်္ကျီကို ဝတ်ဆင်ကာ မွေးနံ... ဘုရားမှာ ရေသပ္ပာယ်ပါ။

## ကရကဋ်လဂ် (Cancer)



ကျန်းမာရေးအခြေအနေ မကောင်း... ပါ။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ခဏ... ဖြစ်နေတတ်ပါသည်။ လူပျိုလှ... များ မှားယွင်းစွာ အိမ်ထောင်ကျ... ၏။ မိမိအတွေးအခေါ်၊ အကြံအစည်များကို ပိတ်... ရတတ်ပါသည်။ အဆိပ်ရှိသတ္တဝါများ ကိုက်ခဲခြင်း... ခံရတတ်၏။ အစာမှား၊ ဆေးမှား ဖြစ်တတ်၏။ ... ထားပါ။ ဟောင်းနွမ်းအဝတ်များကို မဝတ်ပါနှင့်။ အ... ကြောင့် ခွန်းကြီးခွန်းငယ် စကားများရတတ်ပါ... ယခင်က ရပ်တန့်ထားတဲ့ အလုပ်ကို ယခု ဆက်လု... မည်။ လျှို့ဝှက်လုပ်ငန်းမှ အကျိုးအမြတ်ခံစားရမည်... ဈေးဆိုင်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ အ... က်ကောင်းနေမည်။ စတင်ရန် ကြံစည်သူများ လု... သွားမည်။ အခြေခံစားကုန်နှင့် ဆေးဝါးရောင်းဝယ်... အထူးအဆင်ပြေမည်။ ဈေးဆိုင်သစ်ဖွင့်သင့်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com

ပါ။ လျှို့ဝှက်အိမ်ထောင်ရေးကို စိတ်ဝင်စားလာတတ်၏။ အိမ်ထောင်ရှင်များ မသိမသာ ပြဿနာတက်နေတတ်ပါသည်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ရေးကိစ္စ အဆင်ပြေနိုင်ပါ။ ပညာရေးဆိုင်ရာဝန်ထမ်း၊ ဆရာ၊ဆရာမများ အဆင်ပြေမည်။ ဖက်စပ်လုပ်ငန်းရှင်များ နောက်ကျောထိုးမည့်ဓားကို ပိုသတိထားပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၉၊ ၄၊ ၅၊ ၈၊ ၃)ဖြစ်ပါတယ်။

ယတြာ

နွားနို့ တတ်နိုင်သလောက် အဆင်ပြေသလို လှူဒါန်းလိုက်ပါ။ အဆင်ပြေလာလိမ့်မည်။

## သိဟ်လဂ် (Leo)



ကျန်းမာရေး၊ ပညာရေး အထူးကောင်းမွန်နေမည်။ ငွေကြေးလည်း အဆင်ပြေနေမည်။ ချစ်သူရှာနေသူများ အလွယ်တကူ ချစ်သူတွေ့မည်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရောက်သင်ယူရတတ်ပါသည်။ တက်ဖြစ်လျှင် အကျိုးရှိပါသည်။ ကွဲကွာနေကြတဲ့ အိမ်ထောင်ရှင်များ ပြန်လည်တွေ့ဆုံဖြစ်မည်။ မကွဲတကွဲများ ကွဲသွားတတ်ပါသည်။ ခွဲ၊ လုံ့လ၊ ဝီရိယ ပိုကောင်းနေတတ်၏။ နိုင်ငံရပ်ခြား ထွက်သွားလိုစိတ် ပြင်းထန်နေတတ်ပါသည်။ ငွေကြေးကိစ္စ အဆင်ပြေမည် မထင်ပါ။ ပညာရေးကတော့ ဒူးလောက်တင်မှ ရင်လောက်ကျမည်။ သားသမီး၊ တပည့်တပန်း၊ အောက်လက်ငယ်သားများကြောင့် ပြဿနာဖြစ်လာတတ်၏။ ဆန်ရင်းကို နာနာဖွပ်ပေးမှ ပြဿနာငြိမ်းအေးမည်။ တင့်တင့်တယ်တယ် အိမ်ထောင်ကျတတ်ပါသည်။ အိမ်ထောင်ရေးနှင့် စီးပွားရေးကို အညီအမျှ ခွဲခြမ်းပေးနိုင်မှ စိတ်ချမ်းသာရမည်။ စီးပွားရေးချည်း လုံးနေပါက မကြာခင် အိမ်ထောင်ရေးပြဿနာ တက်လာလိမ့်မည်။ ပိုက်ဆံစုဖို့ထက် အလုပ်အဆင်ပြေဖို့ အာရုံစိုက်ပါ။ နိုင်ငံတော်အဆင့် ဝန်ထမ်းဆိုပါက အောက်လူကို အထူးသတိပြုပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၇၊ ၀၊ ၁၊ ၄၊ ၅)ဖြစ်ပါတယ်။

ယတြာ

လူကြီးသူမ တစ်ဦးဦးအား စတုမဓုနှင့် ဆေးဝါး လှူပါ။ အဆင်ပြေသွားလိမ့်မည်။

## ကန်လဂ် (Virgo)



ငွေကြေးစုမိဆောင်းမိရှိပြီး ကိုယ်စိတ်နှစ်ဖြာ ကျမ်းမာချမ်းသာနေမည်။ သို့သော် မိမိဘဝကို မကျေနပ်နိုင်၍ သင့်စိတ် အနည်းငယ် ဆင်းရဲနေရပေမည်။ နေအိမ်နှင့်ပတ်သက်ပြီး ပြဿနာများ ဖြစ်တတ်၏။ ဆိုင်ကယ်၊ ကား ဝယ်လျှင် စိတ်တိုင်းကျ မဖြစ်နိုင်ပါ။ ဘဏ်ဝန်ထမ်းများ၊ ငွေတိုးငွေချေး လုပ်ငန်းရှင်များ အောင်မြင်မှုကြောင့် ပျော်ရွှင်ရမည်။ ဘာပဲလုပ်လုပ် ယခင်နှင့်မတူ တစ်မူထူးကာ စိတ်မြန်နေတတ်၏။ သတိမထားလျှင် အမှားကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်တတ်၏။ ရင်တမမ စိုးရိမ်သောကကြားက သင့်လုပ်ငန်းများ အထူးအောင်မြင်နေမည်။ ဆရာယောင်ဆောင်တဲ့ လူလိမ်နှင့် တွေ့ရတတ်၏။ ထို့ကြောင့် အတွင်းစည်းဖြစ်တဲ့ ကိုယ်ပိုင်စည်းကမ်းကို အခိုင်အမာ တည်ဆောက်ထားပါ။ ရွှေလုပ်ငန်းရှင်များ၊ ရွှေဆိုင်များ တစ်လလုံး အရောင်းအဝယ်၊ အလုပ်အကိုင် ကောင်းနေမည်။ ရေသန့်စက်ပစ္စည်း ရောင်းဝယ်သူများ အထူးအောင်မြင်မည်။ ရှေ့နေ၊ ပွဲစားများ အဆင်လည်းပြေ ဝင်ငွေလည်း ကောင်းမည်။ စစ်သည်တော်များ၊ တိုက်ခိုက်ရေးအားကစားသမားများ အောင်ပွဲခံမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၅၊ ၄၊ ၆၊ ၉)ဖြစ်ပါတယ်။

ယတြာ

နေထိုင်မကောင်းသူအား နွားနို့ဆန်ပြုတ် ကျွေးမွေးပါ။ သင့်ဆန္ဒပြည့်ဝလိမ့်မည်။

## တူလဂ် (Libra)



ပတ်ဝန်းကျင်က မနာလိုဖြစ်လောက်အောင် သင့်အကြံအစည်၊ အလုပ်အကိုင်များ အောင်မြင်နေမည်။ ငွေကြေး မှန်းသည်ထက် ပိုအဆင်ပြေနေမည်။ သို့သော် စိုးရိမ်သောကတော့ မကင်းနိုင်ပါ။ ပညာရေးဝန်ထမ်းများ ထိတ်လန့်စရာ ဖြစ်ရပ်များနှင့် ရင်ဆိုင်ရတတ်၏။ ပညာသင်လူငယ်များ ပညာရေးကောင်းမွန်နေသော်လည်း လမ်းမှားတတ်၍ သတိပြုပါ။ အချစ်ရေး ဖန်တီးနေသူများ မုချအဆင်ပြေသွားမည်။ အချစ်ရေး ဦး



www.burmeseclassic.com

www.burmeseclassic.com

စားပေးတဲ့ ကျောင်းသားများ မိဘမျက်ရည်ကျလောက်အောင် ပြဿနာတက်လာတတ်၏။ လက်ထပ်ချင်တဲ့ ချစ်သူစုံတွဲများကတော့ အေးဆေးအဆင်ပြေသွားမှာပါ။ အရေးတကြီး ပြောချင်တာက များများယုံကြည်ပြီး နည်းနည်းပဲ ထိထိုးလိုက်ပါ။ အကျိုးပေးအက္ခရာ (စ၊ ဆ၊ ဇ၊ ဈ၊ ည)ပါ။ ဘဏ်လုပ်ငန်း၊ ထိုကုမ္ပဏီများနှင့် ဆက်စပ်လုပ်ဆောင်ရမည့် အခွင့်အလမ်း ပေါ်လာတတ်၏။ ပေါ်လာလျှင် ကြိုဆိုလက်ခံလိုက်ပါ။ ဘဝအောင်မြင်မှု ရလိမ့်မည်။ ဖခင်ထံမှ ထူးခြားတဲ့ စကားတစ်ခွန်း ကြားရတတ်၏။ ယင်းစကားကြောင့် အုံ့မခန်းအောင် တက်ကြွတဲ့ ဝီရိယကို သင်ရလိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၂၊ ၇၊ ၉၊ ၃)ဖြစ်ပါတယ်။

**ယတြာ**

ပေါင်မုန့်၊ ဘိန်းမုန့်ကို ကြွေပန်းကန်ပြားထဲ ရောထည့်ပြီး အိမ်ရှိဘုရားကို ကပ်လှူပါ။

## ဗြိစ္ဆာလဂ် (Scorpio)



ပညာရေးအခြေအနေ သိပ်မကောင်းနိုင်ပါ။ အတိုက်အခံ ဆန့်ကျင်ဘက်များရဲ့ ဆင်ကွက်သို့ ဝင်သွားမိတတ်၏။ သတိအမြဲရှိပါစေ။ ငွေကြေးများ ရမလိုလိုနှင့် မရနိုင်ပါ။ အကြောင်းအမျိုးမျိုးကြောင့် သင့်ဇွဲ၊ လုံ့လများ ကျဆင်းနေမည်။ စိတ်တိုင်းကျတဲ့ နေအိမ်နေရာဒေသသို့ ပြောင်းရွှေ့ရတတ်ပါသည်။ နယ်ဝေးခရီးသွားရလျှင် အကျိုးရှိမည်။ ဆိုင်ကယ်၊ ကား ရောင်းဝယ်သူများ အထူးမြတ်စွန်းမည်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်သူများ အလုပ်မဖြစ်နိုင်။ ဈေးကွက်ပျက်သလို ခံစားနေရလိမ့်မည်။ အရေးကြီးတာက သင့်ဂုဏ်သိက္ခာနှင့် စည်းစိမ်ချမ်းသာကို ဖွဲ့ချမည့်သူ သင့်အနားမှာ ရှိနေတတ်ပါသည်။ အထူးသတိထားပေးပါ။ သင်ကိုယ်တိုင်လည်း မိမိဘဝကို အမှောင်ချဖို့ စိတ်ကူးနေမိတတ်၏။ ဆိတ်ငြိမ်ရာမှာ စာဖတ်နေလိုက်ပါ။ အတွေးမှားကို ဖယ်ရှားပြီး ဖြစ်သွားလိမ့်မည်။ တစ်ခါတစ်ရံ သတိမေ့သလိုလိုမျိုး မိုက်ခနဲ မူးခနဲ ခံစားရတတ်၏။ မစိုးရိမ်ပါနှင့်။ တမာရွက်စတဲ့ စနေနံပါ အသီးအရွက်များကို ခဏရှောင်ထားလိုက်ပါ။ စားသောက်ကုန် ရောင်းဝယ်သူများ အရှင်းအနီး

နည်းနည်းလျှော့ထားပါ။ လိုရာသုံး အကျိုးပေး ဂဏ[န်း]များကတော့ (၄၊ ၁၊ ၈၊ ၀၊ ၉)ဖြစ်ပါတယ်။

**ယတြာ**

စံပယ်ပန်း(၅)ကုံး ဘုရားကို ကပ်လှူပူဇော်ပြီး လို[ရာ]ဆုကို တောင်းပါ။

## ဓနုလဂ် (Sagittarius)



ပထမပတ်တွင် အလုပ်အကိုင် အ[...] မပြေ ဖြစ်နေမည်။ နောက်ပိုင်း [...] တိုက်အဆင်ပြေသွားမည်။ ဝင်[...] လာဘ်လာဘလည်း ပိုကောင်းနေ[...] သားသမီးပညာရေးကိစ္စကြောင့် ထွက်ငွေလည်း မျ[...] တတ်၏။ သားရေး၊သမီးရေး စိတ်အေးရမည်။ ငယ်[...] သူများ အချစ်ရေး စန်းထနေမည်။ ငွေတိုးငွေချေး [...] ရှယ်ယာ၊ ဘဏ်လုပ်ငန်းရှင်များ အထူးမြတ်စွန်း[...] ကျန်းမာရေးတော့ ဂရုစိုက်ပါ။ ညီအစ်ကိုမောင်[...] ပူးပေါင်းလုပ်ဆောင်ရမည့် အလုပ်များ လက်ရှော[...] စိတ်ဓာတ်ကျပြီး မလုပ်ချင်မကိုင်ချင် ဖြစ်နေတတ်[...] တစ်ခါတစ်ရံ အရမ်းတက်ကြွနေတတ်၏။ အောင်[...] သည်ဖြစ်စေ၊ ကျဆုံးသည်ဖြစ်စေ လက်ရှိအလုပ်[...] ကုန်နေတတ်ပါသည်။ စနေဂြိုဟ် လက်စွမ်းပြ၍ [...] နေခြင်းသာ ဖြစ်ပါသည်။ အားမလျှော့ပါနှင့်။ [...] အတိုင်း လုပ်ဆောင်ရန် အကြံပြုပါရစေ။ ဥ[...] မကောင်းတဲ့ လျှို့ဝှက်လုပ်ငန်း လုပ်ဆောင်သူများက[...] အကြွေးတင်ခြင်း၊ ဆုံးရှုံးနစ်နာခြင်း၊ လုံးဝရပ်[...] ခြင်းများ ကြုံတွေ့ရမည်။ စာပေ၊ အနုပညာ၊ အ[...] အလှဆင်လုပ်ငန်းရှင်များနှင့် ယင်းနှင့်ဆက်စပ[...] ရောင်းဝယ်သူများအားလုံး အဆင်ပြေမည်။ လို[...] အကျိုးပေး ဂဏန်းများကတော့ (၀၊ ၇၊ ၄၊ ၃၊ [...]) ပါတယ်။

**ယတြာ** - စကလေးကို စပါးကျွေးလိုက်ပါ။ [...] ခြားခြား အောင်မြင်လိမ့်မည်။

## မကာရလဂ် (Capricon)

ကျန်းမာရေး ညံ့နေမည်။ မိမိနေအိမ်၌ [...] ဝေးရာသို့ ထွက်ခွာသွားလိုစိတ် ဖြစ်နေတတ်၏။ [...] ထိန်းနိုင်ပါစေ။ ထွက်ခွာသွားလျှင် ဘေးဒုက္ခ[...]



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကိုယ့်ဘဝနှင့် လိုက်ဖက်မည့် အလုပ်တစ်ခု စတင်ရန် စီမံကိန်းချနေလိမ့်မည်။ လုပ်ဖြစ်အောင် လုပ်လိုက်ပါ။ (၁၄)ရက်နောက်ပိုင်း အကျိုး...တ် ထူးထူးခြားခြား ခံစားရလိမ့်မည်။ စုငွေ၊ အမွေ...စ် တစ်ခုခုရတတ်ပါသည်။ အတိုက်အခံတွေလည်း ...မပျက်ပါနှင့်။ ဆက်သာကြိုးစားပါ၊ ကျော်လွှားနိုင်မှာ ...ပါသည်။ စစ်မှန်တဲ့ အကြင်နာသံယောဇဉ်နှင့် တွေ့...တတ်၏။ ယာဉ်ရထားကား ဝယ်လိုသူများ ဝယ်ဖြစ်သွား...။ နေရေးတွေးပူနေရသူများ စိတ်အေးသွားလိမ့်မည်။ ...င်ကျောင်း၊ သင်တန်းကျောင်းများနှင့် ပတ်သက်ပြီး ...အညီပေးရလိမ့်မည်။ စေတနာက သင့်အား ပြန်...စောင့်ရှောက်မည်။ ကူညီလိုက်ပါ။ ဘာသာရေးကျင့်...တစ်ခု နေရင်းထိုင်ရင်း ကျင့်ဖြစ်သွားတတ်၏။ နာ...က် သာရေးကို ဦးစားပေး လုပ်ဆောင်ပါ။ သိသိ...ာ အောင်မြင်မည်။ လိုရာသုံး အကျိုးပေး ဂဏန်း...တော့ (၉၊ ၈၊ ၃၊ ၅၊ ၄)ဖြစ်ပါတယ်။

...တြာ

...နုတ်ဖော်ရည် မိမိတတ်နိုင်သလောက် ကျွေးမွေး...န်းပါ။

## ...လက် (Aquarius)



ကျန်းမာရေး ကောင်းနေမည်။ အကြံအစည် အောင်မြင်မည်။ ရည်မှန်းချက် မြင့်မြင့်ထားပြီး ကြိုးစားပါ။ အဓိက ရည်ရွယ်ချက်ကို မဖြစ်မနေ အကောင်...ည်ဖော်ဆောင်ပါ။ သင့်အား ကံကြမ္မာက အခွင့်...ကောင်း ပေးနေပါသည်။ ပညာသင်ကျောင်းသား...များ တစ်လတာကာလက တစ်နှစ်တာအတွက် ...သွားမည်ကို သတိပြုပါ။ ပညာရေး ကောင်းမွန်... ငွေကြေးကလည်း အဆင်ပြေနေမည်။ အချစ်ရေး ...ပြေတပြေ ဖြစ်နေတတ်၏။ စည်းရုံးလှုံ့ဆော်ခြင်း ...ပါနှင့်။ မယုံလျှင် ထောင်ထဲဝင်ရတတ်ပါသည်။ ...ကောင်း ခေါင်းဘယ်မှမရွေ့ဆိုတဲ့ စကားပုံကို ဤ... မယုံပါနှင့်။ သတိမလုံလျှင် ကိုယ်ကောင်းသော် ... ခေါင်းရွေ့သွားနိုင်ပါသည်။ အကြောင်းရှာမရတဲ့ ပြဿနာများ သင့်အနားမှာ ရှိနေမည်။ လောဘကို ဆင်ခြင်ပေးပြီး ဂုဏ်သိက္ခာဖြင့် ဘဝကို မြှင့်တင်ယူပါ။ အနုပညာရှင်ဆိုပါက သင်နှင့် မသင့်တော်တဲ့ အလုပ်တစ်ခု ကမ်းလှမ်းလာလိမ့်မည်။ ရဲရဲသာ ငြင်းလိုက်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၄၊ ၁၊ ၅၊ ၆)ဖြစ်ပါတယ်။

ယတြာ

စပျစ်သီးဆွမ်းနှင့် စံပယ်ပန်းကို အိမ်ရှိဘုရားကို ဆက်ကပ်ပါ။

## မိန်လက် (Pisces)



အကြိမ်ကြိမ် ကြံစည်သော်လည်း မအောင်မြင်နိုင်သေးတဲ့ အလုပ်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်၍ အတိုင်းမသိ ပျော်ရွှင်နေမည်။ အကျိုးထူးများလည်း ခံစားနေရမည်။ ဖျားနာတတ်၍ ကျန်းမာရေး ဂရုစိုက်ပေးပါ။ သတိတစ်ချက်လွတ်လို့ အတွေးတစ်ကွက်မှားရုံနှင့် အကြွေးများသွားတတ်ပါသည်။ ပါးစပ်အရင်းအနှီးဖြင့် လုပ်ကိုင်သူများ အဆင်ပြေမည်။ ဆရာ၊ ဆရာမ အချို့ ရပ်နားသွားရတတ်၏။ ခေါင်းလျှော်ရည်ထုတ်လုပ်သူများ အထူးအောင်မြင်နေမည်။ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ မြတ်စွန်းမည်။ ရေမွှေး၊ နံ့သာစတဲ့ အမွှေးအကြိုင်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်သူများ အထူးအောင်မြင်နေမည်။ ယပ်တောင်၊ ပန်ကာ၊ လေအေးစက် ရောင်းဝယ်သူများ ရောင်းရေးဝယ်တာ ကောင်းမည်။ သားရေး၊သမီးရေး တွေးပူနေရတတ်၏။ ငွေကြေးလည်း ခက်ခဲနေတတ်ပါသည်။ ပညာသင်လူငယ်များ အမှားမကင်းတဲ့ ကာလမို့ အထူးသတိထားသင့်၏။ သတိမထားလျှင် အောင်ပွဲနှင့်လွဲမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၇၊ ၀၊ ၁၊ ၄၊ ၆)ဖြစ်ပါတယ်။

ယတြာ

ဆပ်ပြာသုံးခဲဝယ်ပြီး စာသင်သား ရှင်ရဟန်း တစ်ပါးကို လှူလိုက်ပါ။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၈၇၃



www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၈)ခုနှစ်၊ ဇန်နဝါရီလအတွင်း

# နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ဇယား

(၂၀၁၈)ခုနှစ်၊ ဇန်နဝါရီလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားများကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းကာလများ အတွင်း မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်၊ ရှင်သီဝလိ(၁၀)ဂါထာ စသော လာဘ၊နေဆိုင်ရာ ဂါထာ မန္တန်များ ရွတ်ပွားပူဇော်ခြင်းအားဖြင့် အကျိုးကျေးဇူးများ ကောန်ခံစားရပါလိမ့်မည်။

အထူးမှာ (၁၉-၁-၂၀၁၈) နံနက်(၁း၄၇း၅၈)နာရီမှ (၂၀-၁-၂၀၁၈) နံနက်(၄း၁၃း၀၆)နာရီ အတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၁၉-၁-၂၀၁၈) နံနက်(၇း၅၀း၁၀)နာရီမှ (၈း၃၆း၁၁) နာရီအတွင်းနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်ခြင်းအတွက် (၁၉-၁-၂၀၁၈) မွန်းလွဲ(၁း၂၉း၅၁)နာရီမှ (၂း၂၁း၂၉)နာရီ အတွင်းတို့တွင် လာဘ၊နေဆိုင်ရာ ဂါထာ၊မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင် များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၈)ခုနှစ်၊ ဇန်နဝါရီလအတွင်း

**နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လဂ်ဖြတ်ကာလ**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၉:၀၀:၅၆ | ၉:၄၆:၅၇ |
| ၂ | ၈:၅၇:၀၀ | ၉:၄၃:၀၁ |
| ၃ | ၈:၅၃:၀၄ | ၉:၃၉:၀၅ |
| ၄ | ၈:၄၉:၀၈ | ၉:၃၅:၀၉ |
| ၅ | ၈:၄၅:၁၃ | ၉:၃၁:၁၄ |
| ၆ | *၈:၄၁:၁၇* | *၉:၂၇:၁၈* |
| ၇ | ၈:၃၇:၂၁ | ၉:၂၃:၂၂ |
| ၈ | ၈:၃၃:၂၅ | ၉:၁၉:၂၆ |
| ၉ | ၈:၂၉:၂၉ | ၉:၁၅:၃၀ |
| ၁၀ | ၈:၂၅:၃၃ | ၉:၁၁:၃၄ |
| ၁၁ | ၈:၂၁:၃၇ | ၉:၀၇:၃၈ |
| ၁၂ | ၈:၁၇:၄၁ | ၉:၀၃:၄၂ |
| ၁၃ | ၈:၁၃:၄၅ | ၈:၅၉:၄၆ |
| ၁၄ | ၈:၀၉:၄၉ | ၈:၅၅:၅၀ |
| ၁၅ | ၈:၀၅:၅၄ | ၈:၅၁:၅၅ |
| ၁၆ | ၈:၀၁:၅၈ | ၈:၄၇:၅၉ |
| ၁၇ | ၇:၅၈:၀၂ | ၈:၄၄:၀၃ |
| ၁၈ | ၇:၅၄:၀၆ | ၈:၄၀:၀၇ |
| ၁၉ | ၇:၅၀:၁၀ | ၈:၃၆:၁၁ |
| ၂၀ | ၇:၄၆:၁၄ | ၈:၃၂:၁၅ |
| ၂၁ | ၇:၄၂:၁၈ | ၈:၂၈:၁၉ |
| ၂၂ | ၇:၃၈:၂၂ | ၈:၂၄:၂၃ |
| ၂၃ | ၇:၃၄:၂၆ | ၈:၂၀:၂၇ |
| ၂၄ | ၇:၃၀:၃၀ | ၈:၁၆:၃၁ |
| ၂၅ | ၇:၂၆:၃၅ | ၈:၁၂:၃၆ |
| ၂၆ | ၇:၂၂:၃၉ | ၈:၀၈:၄၀ |
| ၂၇ | ၇:၁၈:၄၃ | ၈:၀၄:၄၄ |
| ၂၈ | ၇:၁၄:၄၇ | ၈:၀၀:၄၈ |
| ၂၉ | ၇:၁၀:၅၁ | ၇:၅၆:၅၂ |
| ၃၀ | ၇:၀၆:၅၅ | ၇:၅၂:၅၆ |
| ၃၁ | ၇:၀၂:၅၉ | ၇:၄၉:၀၀ |

## (၂၀၁၈)ခုနှစ်၊ ဇန်နဝါရီလအတွင်း

**နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် မှန်းတည့်မျဉ်းဖြတ်ကာလ**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၄:၄၀:၃၇ | ၁၅:၃၂:၁၆ |
| ၂ | ၁၄:၃၆:၄၂ | ၁၅:၂၈:၂၀ |
| ၃ | ၁၄:၃၂:၄၆ | ၁၅:၂၄:၂၄ |
| ၄ | ၁၄:၂၈:၅၀ | ၁၅:၂၀:၂၈ |
| ၅ | ၁၄:၂၄:၅၄ | ၁၅:၁၆:၃၂ |
| ၆ | *၁၄:၂၀:၅၈* | *၁၅:၁၂:၃၆* |
| ၇ | ၁၄:၁၇:၀၂ | ၁၅:၀၈:၄၀ |
| ၈ | ၁၄:၁၃:၀၆ | ၁၅:၀၄:၄၄ |
| ၉ | ၁၄:၀၉:၁၀ | ၁၅:၀၀:၄၈ |
| ၁၀ | ၁၄:၀၅:၁၄ | ၁၄:၅၆:၅၃ |
| ၁၁ | ၁၄:၀၁:၁၈ | ၁၄:၅၂:၅၇ |
| ၁၂ | ၁၃:၅၇:၂၃ | ၁၄:၄၉:၀၁ |
| ၁၃ | ၁၃:၅၃:၂၇ | ၁၄:၄၅:၀၅ |
| ၁၄ | ၁၃:၄၉:၃၁ | ၁၄:၄၁:၀၉ |
| ၁၅ | ၁၃:၄၅:၃၅ | ၁၄:၃၇:၁၃ |
| ၁၆ | ၁၃:၄၁:၃၉ | ၁၄:၃၃:၁၇ |
| ၁၇ | ၁၃:၃၇:၄၃ | ၁၄:၂၉:၂၁ |
| ၁၈ | ၁၃:၃၃:၄၇ | ၁၄:၂၅:၂၅ |
| ၁၉ | ၁၃:၂၉:၅၁ | ၁၄:၂၁:၂၉ |
| ၂၀ | ၁၃:၂၅:၅၅ | ၁၄:၁၇:၃၄ |
| ၂၁ | ၁၃:၂၁:၅၉ | ၁၄:၁၃:၃၈ |
| ၂၂ | ၁၃:၁၈:၀၄ | ၁၄:၀၉:၄၂ |
| ၂၃ | ၁၃:၁၄:၀၈ | ၁၄:၀၅:၄၆ |
| ၂၄ | ၁၃:၁၀:၁၂ | ၁၄:၀၁:၅၀ |
| ၂၅ | ၁၃:၀၆:၁၆ | ၁၃:၅၇:၅၄ |
| ၂၆ | ၁၃:၀၂:၂၀ | ၁၃:၅၃:၅၈ |
| ၂၇ | ၁၂:၅၈:၂၄ | ၁၃:၅၀:၀၂ |
| ၂၈ | ၁၂:၅၄:၂၈ | ၁၃:၄၆:၀၆ |
| ၂၉ | ၁၂:၅၀:၃၂ | ၁၃:၄၂:၁၀ |
| ၃၀ | ၁၂:၄၆:၃၆ | ၁၃:၃၈:၁၅ |
| ၃၁ | ၁၂:၄၂:၄၀ | ၁၃:၃၄:၁၉ |



www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရပရိသတ် မေး၍
## ဆရာရန်အောင်ဟိန်း ဖြေသည်

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေ ကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသော အချက်အလက်ကို အတိအကျ (လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- ✤ မေးသူ၏ အမည် ------------------------------
- ✤ မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- ✤ မွေးဖွားရာ မြို့/ရွာ ------------------------------
- ✤ အချိန်နာရီ (နေ့/ည) ------------------------------

<u>မေးခွန်းများ</u>

(၁) ------------------------------------------------

(၂) ------------------------------------------------

(၃) ------------------------------------------------




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရပရိသတ်မေး၍ ဆရာရန်အောင်ဟိန်း ဖြေသည်

**ယုယုနိုင်**

၃-၂-၁၉၉၃၊ ၁၅း၂၀ နာရီ၊ ပုသိမ်မြို့)




၁။ *မည်သည့်စီးပွားရေး လုပ်ငန်းမျိုးဖြင့် အကျိုးပေး ာလဲ။*

(၁၀)တန့်တွင် ဖြိုးကြာဂြိုဟ် ရပ်တည်နေပြီး (၁၀) န့်သခင်ဂြိုဟ် ဂုဏ်ဟး (၄)တန့်ဘာဝတွင် ရပ်တည်နေ သည်။ (၄)တန့်သခင်ဂြိုဟ် (၈)တန့်ရပ် ၄ဟူးဂြိုဟ်အား )တန့်အထူးမြင် ကြည့်ထားသည်။ အကျိုးဆောင်လုပ် န်း အရောင်းကိုယ်စားလှယ်၊ ပညာရေးဝန်ဆောင်မှုလုပ် န်း စာရင်းကိုင်၊ စကားပြန်(ဘာသာပြန်) လုပ်ငန်းများ ၌ လုပ်ကိုင်ရတတ်သည်။ (၂၆-၈-၂၀၂၀)ထိ လုပ် န်းအခြေမကျ၊ မတည်မငြိမ် ကြုံရတတ်သည်။ ရသည့် အလုပ်ကို စိတ်ရှည်စွာ မှေးလုပ်နေပါ။ (၂၆-၈-၂၀၂၀) ကျော်လျှင် တည်ငြိမ်သော အလုပ်အကိုင် ဖြစ်ထွန်းလာ ည်။

၂။ *ဘဝအဆင့်အတန်း မြင့်မားမည်လား။*


လဂ်သခင်ဂြိုဟ် ၄ဟူး (၈)တန့်ဘာဝတွင် (၃)တန့် ခင်ဂြိုဟ် ၁နွေ (၈၊ ၉)သခင်ဂြိုဟ် စနေနှင့် ပူးယှဉ် ပ်တည်သည်။ (၂)တန့်သခင် ၂လာလဂ်တွင် ပူးသော ည်း (၁၂)တန့်ဘာဝသို့ ကူးပြောင်းရပ်တည်သည်။ ၁)တန့်သခင်ဂြိုဟ် ဂုဏ်ဟး (၄)တန့်ဘာဝမှ (၁၀)တန့် ဘာဝနှင့် (၁၀)တန့်ဘာဝရှိ (၅၊ ၁၂)သခင် ဖြိုးကြာဂြိုဟ် အား ပြန်မြင်ထားသည်။ ဘဝကံ အလတ်စားမျှသာရှိ၍ လူလတ်တန်းစား ဘဝမျိုးတွင် နေသွားရမည်။

၃။ *အိမ်ထောင်ကံ၊ အိမ်ထောင်ဖက်၏ ပုံသဏ္ဌာန်။*

(၇)တန့်သခင်ဂြိုဟ် ဂုဏ်ဟး (၄)တန့်ဘာဝတွင် ရပ် တည်၍ (၁၀)တန့်သခင်ဂြိုဟ်လည်း ဖြစ်နေသည်။ အိမ် ထောင်ကံ ကောင်းသည့်အထဲ မပါပါ။ အိမ်ထောင်ကျ နောက်ကျလျှင် ပို၍သင့်လျော်မည်။ အိမ်ထောင်ဖက်သည် မျက်နှာဝိုင်း၍ ခန္ဓာကိုယ် ပြည့်ဖြိုးမည်။ အသားလတ် မည်။ အရပ်အမောင်း အလတ်စားခန့်သာ ရှိမည်။

**Ma N.W.C**

(၁-၁၂-၁၉၉၀၊ ၂း၀၀ နာရီ၊ ပြင်ဦးလွင်မြို့)




၁။ *သာသနာပြုနိုင်/မပြုနိုင်။*

(၉)တန့်သခင်ဂြိုဟ် ဖြိုးကြာ (၃)တန့်ဘာဝတွင် (၁၂) တန့်သခင် ၁နွေနှင့် ပူးယှဉ်နေသည်ကို (၁၁)တန့်တွင် ကိတ်ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သော ဥစ်ဂြိုဟ် ဂုဏ်ဟး က (၅)တန့်အထူးမြင်ထားပါသည်။ (၁၀)တန့်သခင် ၄ဟူး (၄)တန့်ရာသီ (၃ တန့်ဘာဝ)တွင် (၅၊ ၆)သခင် စနေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ ဂုဏ်ဟးသည် (၇) တန့်သခင်ဖြစ်ရကား (၁၁)တန့်တွင် ရပ်တည်ကာ (၇) တန့်ဘာဝအား (၉)တန့်အထူးမြင် ပြန်ကြည့်နေခြင်းက အိမ်



www.burmeseclassic.com

www.burmeseclassic.com

ထောင်ရေးကို ဖြစ်ပေါ်စေတတ်သည်။ သာသနာပြုလို စိတ် ရှိသော်လည်း အိမ်ထောင်ကျ စေတတ်သည်။ အသက်(၆၃)နှစ်ကျော်ပြီးမှသာ သာသနာပြုသော လမ်းကြောင်းဘက် ရောက်နိုင်၏။ အလှူဒါနဖြင့် သာသနာပြုရလိမ့်မည်။

၂။ *အိုးပိုင်အိမ်ပိုင်နှင့် နေရမည်လား။*

(၄)တန့်ဘာဝသခင်ဂြိုဟ် ဗုဒ္ဓဟူး (၁၁)တန့်ဘာဝတွင် ဥစ်မူရပ်တည်ကာ (၃)တန့်ရပ် ၁ဋ္ဌေ၊ ဖြကြာဂြိုဟ်များအား အမြင်ကြဲထားသည်။ အိမ်ထောင်ဖက်၏ကံဖြင့် အိမ်၊ ယာဉ် ပိုင်ဆိုင်ရ၊ အသုံးပြုရတတ်သည်။

၃။ *အိမ်ထောင်ကံ။ တွေ့ပြီးသူလား။*


(၇)တန့်သခင်ဂြိုဟ် ဗုဒ္ဓဟူး (၁၁)တန့်တွင် ဥစ်မူရပ်တည်ကာ (၇)တန့်ဘာဝ(မိန်)ကို (၉)တန့်အထူးမြင်ကြဲထားသည်။ အိမ်ထောင်ကံ ကောင်းပါသည်။ (၂၀၁၉)ခုနှစ်နောက်ပိုင်းတွင် မိမိကြုံဆုံရဖူးသူ (ချစ်သူ ဟုတ်ချင်မှ ဟုတ်မည်)၊ သိကျွမ်းဖူးသူ၊ မိမိထက် အသက် (၅)နှစ်မှ (၁၀)နှစ်ထိအတွင်း ကြီးသူနှင့် ပေါင်းဖက်ရတတ်သည်။

## မသန်းသန်းဝင်း

### (၁၉-၂-၁၉၈၀၊ ၅း၀၀ နာရီ၊ လပွတ္တာမြို့)

၁။ *ဘဝတစ်သက်တာတွင် မည်သည့်လုပ်ငန်းမျိုးဖြင့် အကျိုးပေးမည်နည်း။*

(၁၀)တန့်ဘာဝသခင်ဂြိုဟ် ဖြကြာ (၃)တန့်ဘာဝတွင် ဥစ်မူကာ ၂လ်ာဂြိုဟ် (၂ တန့်ရပ်)နှင့် ပူးယှဉ်နေသည်။ ရေကြောင်းခရီးနှင့် ဆက်စပ်သောလုပ်ငန်း၊ ရေ၊ အရည်နှင့် ပတ်သက်သောလုပ်ငန်း (အအေး၊ ဖျော်ရည်၊ လက်ဖက်ရည်ဆိုင် စသည်)၊ အထည်၊ လျှပ်စစ်ပစ္စည်း၊




အလှကုန်ပစ္စည်း လုပ်ငန်းများထဲမှ လုပ်ရတတ်သည်
(၃၊ ၂)တန့် အကျိုးဆောင်နေသည်။ (၅၊ ၁၀)သခင်
ဖြကြာဂြိုဟ်၏ ထူလဒသာသည် (၁၅-၁၀-၂၀၃၀)
စားဝင်ပါမည်။ ကောဇာ ဗုဒ္ဓဟူးဂြိုဟ် တူရာသီသို့ ပြောင်း
ပြီဖြစ်ရာ (၂)နှစ်အတွင်း စီးပွားတိုးတက်လာရန် ရှိ
သည်။

၂။ *အသက်ဘယ်လောက်မှာ ဘဝအမြင့်ဆုံး ရောက်
လဲ။*


(၂၀၂၁)ခုနှစ်မှ (၂၀၂၆)ခုနှစ်အတွင်း ဘဝကံ အတက်
ဆုံးကာလ ဖြစ်ပါမည်။ ဖြကြာထူလတွင် ဗုဒ္ဓဟူးနှင့်
ဘုတ္တိဒသာကာလများ ဖြစ်ပါသည်။

၃။ *သားသမီးအကျိုးပေး/မပေး။*

(၅)တန့်သခင်ဂြိုဟ် ဖြကြာ (၃)တန့်တွင် ရပ်တည်
၍ (၂)တန့်ရပ် (၇)တန့်သခင် ၂လ်ာဂြိုဟ်နှင့် ပူး
နေပေရာ သားသမီးအကျိုးပေးပါမည်။

## M.L.M.H

### (၂၉-၈-၁၉၈၇၊ ၇း၀၅ နာရီ၊ သဲကုန်းမြို့)




၁။ *(၂၀၁၈)ခုနှစ်တွင် ရာထူးတိုးသင်တန်း တက်
လား။*

(၂၇-၁-၂၀၁၈)မှ (၁၅-၁၁-၂၀၁၈)အတွင်း ဗုဒ္ဓဟူး
ထူလ၊ ဖြကြာဘုတ္တိဒသာ စားဝင်နေပါသည်။ ထူလ
သခင်ဂြိုဟ် ဗုဒ္ဓဟူးသည် (၅၊ ၈)သခင်ဖြစ်၍ မိသ
(၈)တန့်ဘာဝတွင် ရပ်တည်နေပါသည်။ ဘုတ္တိဒသာ
ဂြိုဟ် ဖြကြာသည် (၃၊ ၁၀)သခင်ဖြစ်၍ သိဟ်
(၁၂)တန့်ဘာဝတွင် (၂၊ ၁၁)သခင် ၄ဟူး၊ လ
၁ဋ္ဌေ၊ (၄၊ ၉)သခင်ဂြိုဟ် အင်္ဂါတို့နှင့် ပူးယှဉ်
နေပါသည်။ ရာထူးတိုးသင်တန်း ပါနိုင်သော



www.burmeseclassic.com

www.burmeseclassic.com

ရာထူးတက်ရန် နောက်ကျတတ်ပါသည်။

၂။ *သားသမီး အကျိုးပေး၊ အရေအတွက်။*


(၅)တန့်သခင်ဂြိုဟ် ၅တေးဖြစ်၍ (၉)တန့်(မိဿရာသီ)တွင် ရပ်တည်ရကား သားသမီးအရေအတွက် နည်းတတ်သည်။ သားသမီး အဖတ်မတင် ဖြစ်ရတတ်သည်။ ကြိုးစားက (၂)ဦးထိ ရနိုင်ပါသည်။ သားသမီးအကျိုးပေးကံ သင့်ရုံသာရှိသည်။

၃။ *အိုဇာတာ၊ သက်တမ်း။*

အသက်(၅၅)နှစ်မှ (၆၂)နှစ်ထိ (၂၊ ၁၁)သခင် ၄ဟူး ုလဒသာ စားဝင်သည်။ (၆၂)နှစ်မှ (၆၉)နှစ်အထိ (၂)တန့်ရပ် ၄ဟူး (၂၊ ၁၁)သခင်ကို ကိုယ်စားပြုသော တ်ထူလဒသာ စားဝင်သည်။ အိုဇာတာ ကောင်းပါသည်။ လဂ်သခင်ဂြိုဟ် ဗုဒ္ဓ (၁၂)တန့်ဘာဝသို့ ကူးပြောင်းရပ်တည်၍ (၂၊ ၁၁)တန့် မာရကသခင်နှင့်ပူးကာ (၉)တန့်ဘာဂေသခင် အင်္ဂါပါ သိဟ်ရာသီတွင် ပူးယှဉ်ရပ်တည်၍ သက်လတ်တမ်းဖြစ်သည်။ (၆၆)နှစ်ဝန်းကျင်ထိ အမြင့်ဆုံး နေရတတ်သည်။

**M.C.M.H**

**(...၁-၁-၁၉၉၁၊ ၁၂း၄၀ နာရီ၊ သဲကုန်းမြို့)**




၁။ *(၂၀၁၈)ခုနှစ်တွင် မိမိဇာတိ တိုင်း၊ မြို့နယ်တွင် တာဝန်ထမ်းဆောင်ရမည်လား။*

(၁၀-၁-၂၀၁၈)မှ (၁၀-၇-၂၀၁၈)ထိ ဗုဒ္ဓထူလ၊ ဗုဒ္ဓ ဘုတ္တိဒသာ စားဝင်သည်။ (၂၀-၇-၂၀၁၈)မှ (၁၆-[illegible]-၂၀၁၈)ထိ ဗုဒ္ဓ ထူလ၊ အင်္ဂါ ဘုတ္တိဒသာ စားဝင်[illegible]။ ဗုဒ္ဓဂြိုဟ်သည် (၉)တန့်ဘာဝတွင် ရပ်တည်၍ ([illegible]၁၀)သခင် စနေနှင့် ပူးယှဉ်သည်။ (၈၊ ၁၁)သခင် [illegible]နှင့် အပြန်အလှန် အမြင်ကြုံထားသည်။ ဗုဒ္ဓ [illegible] ဗုဒ္ဓ ဘုတ္တိဒသာကာလ ဇာတိတွင် တာဝန်ထမ်းရန် မဖြစ်နိုင်သေးပါ။ တစ်ဖန် ၂လော် ဘုတ္တိဒသာကာလမှာ (၃)တန့်သခင်ဂြိုဟ်အဖြစ် သိဟ်ရာသီတွင် ရပ်တည်၍ အခြားအရပ်တွင်ပင် တာဝန်ထမ်းနေရပေဦးမည်။ သို့ဖြစ်၍ (၂၀၁၈)ခုနှစ်တွင် မွေးဇာတိအရပ်သို့ ပြန်ရောက်ဦးမည် မဟုတ်ပါ။

၂။ *အိမ်ထောင်ကံ ကာလ။*


(၇)တန့်သခင်ဂြိုဟ် အင်္ဂါ လဂ်တွင်ပူး၍ (၇)တန့်ဘာဝကို ပြန်မြင်ခြင်းကြောင့် ဘဝတွင် အိမ်ထောင်ကျမည်။ အိမ်ထောင်ကံ အလတ်စားကောင်းသည်။ ဗုဒ္ဓထူလ၊ စနေ ဘုတ္တိဒသာကာလ (၂၈-၇-၂၀၂၀)မှ (၁၀-၇-၂၀၂၁)တွင်း အိမ်ထောင်ကျဖို့ ရှိသည်။

၃။ *ရနိုင်မည့် သားသမီးအရေအတွက်။*

(၅)တန့်သခင် ၄ဟူးဂြိုဟ် မေနရာသီတွင် ရပ်တည်သည်။ သားသမီးနည်းတတ်သည်။ (၂)ဦးမှ (၃)ဦးထိ ရနိုင်သည်။

**ဦးသီဟ**

**(၂၁-၁-၁၉၅၅၊ ၇း၅၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *စီးပွားရေး။*

(၁-၇-၂၀၀၃)မှ (၁-၇-၂၀၂၁)ထိ ရာဟုထူလဒသာ စားဝင်၍ (၁၉-၁-၂၀၁၈)မှ (၁၃-၁၂-၂၀၁၈)ထိ ဗုဒ္ဓ ဘုတ္တိဒသာ စားဝင်ပါမည်။ ရာဟု မိန်ရာသီ (၁၁)တန့်ဘာဝတွင် ရပ်တည်၍ (၇)တန့်သခင် ၂လော်ဂြိုဟ်နှင့် ပူးယှဉ်၏။ ဗုဒ္ဓ (၁၂)ဘာဝ (မကာရရာသီ)တွင် (၆၊ ၉)သခင် ၄ဟူးနှင့် ပူးယှဉ်၍ ရပ်တည်သောကြောင့် စီးပွားရေးသင့်ရုံသာဖြစ်၍ မပြေလည်မှုများ ကြုံနေရတတ်၏။ (၂၀၁၅)ခုနှစ်နောက်ပိုင်းမှစကာ တဖြည်းဖြည်း လျော့ကျလာသည်ဟု ယူဆရသည်။ (၁၃-၁၂-၂၀၁၈)မှ (၁၃-



www.burmeseclassic.com

www.burmeseclassic.com

၆-၂၀၂၀)အတွင်း ၂လ်ာ ဘုတ္တိဒသာတွင် စီးပွားပြန်ဖြစ်ထွန်းလာပါမည်။

၂။ *အိမ်ထောင်ရေး။*


(၇)တန့်သခင်ဂြိုဟ် ၂လ်ာ ခနေရာသီ (၁၁)တန့်ဘာဝတွင် ကူးပြောင်းရပ်တည်၍ ရာဟုဂြိုဟ်နှင့်ပူးကာ ကရကဋ်ရာသီ (၆)တန့်ဘာဝသို့ ကူးပြောင်းရပ်တည်သော (၃၊ ၁၂)သခင် ၅တေး ဥစ်ဂြိုဟ်၏ အမြင်ခံရ၍ ဘာဝ အိမ်ထောင်ရေးကံ ကောင်းသည်ဟု မဆိုနိုင်ပါ။ အိမ်ထောင်တစ်ဆက်မက ကြုံရတတ်ခြင်း၊ အိမ်ထောင်ရေး စိတ်သဘော မကိုက်ညီခြင်းများ ကြုံရတတ်သည်။ ယခုရောက်ရှိ အိမ်ထောင်ရေးအခြေအနေကား (၂၀၁၈)ခုနှစ်အတွင်း မသာယာသော်လည်း မပြိုကွဲနိုင်ဟု ယူဆပါသည်။

၃။ *ထီကံ။*

(၃)တန့်သခင် ၅တေး ဥစ်မှုကာ ကရကဋ် (၆)တန့်ဘာဝတွင် ရပ်၍ မိမိပိုင် ခနေရာသီ (၃)တန့်ဘာဝကို ပြန်မြင်ထား၍ ဘာဝတွင် ထီပေါက်နိုင်သောကံရှိပါသည်။ (၂၀၁၉)ခုနှစ်အတွင်း၌ ထီပေါက်ကံ ရှိနေပါသည်။

**T.S**

**(၂၇-၆-၁၉၈၀၊ ၁၀း၀၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *အိမ်ထောင်ကံရှိ/မရှိ၊ ကောင်း/မကောင်း။*


(၇)တန့်သခင်ဂြိုဟ် စနေ လဂ်တွင်ပူး၍ (၇)တန့်အား ပြန်မြင်၍ အိမ်ထောင်ကျမည့်ကံ ရှိသော်လည်း အိမ်ထောင်ကျ နောက်ကျတတ်မည်။ (၂၀၂၁)ခုနှစ်မကျော်မီ (၂၀၁၉-၂၀၂၀)ခုနှစ်တစ်ဝိုက်တွင် အိမ်ထောင်ရေး ပေါ်ပေါက်တတ်သည်။ အိမ်ထောင်ရေး စိတ်ချမ်းသာမှု နည်းတတ်၍ မပြုသည်က ပိုကောင်းမည်ဟု ယူဆမိပါသည်။

၂။ *ကျန်းမာရေး။*

(၂၅-၃-၂၀၁၇)မှ (၂၅-၃-၂၀၂၇)အထိ ၂လ်ာထု[...] ဒသာ စားဝင်ပါသည်။ (၁၂)တန့်သခင်အဖြစ် (၄)တ[...] တွင် ရပ်တည်နေသည်။ လဂ်တွင် (၆၊ ၇)သခင် [...] ပူး၍ ပင်ကိုကျန်းမာရေးအခံ ညံ့တတ်သော်လည်း အထ[...] ပါ ကာလတွင် သင့်တင့်စွာ ကောင်းမွန်နေတတ်ပါသည်[...] ဆေးရုံ၊ ဆေးခန်း ပြသရသော မတ်တတ်နာသဘော[...] မကင်းတတ်ပါ။

## ဒေါ်မြသက်

**(၂၅-၃-၁၉၇၁၊ ၅း၀၀ နာရီ၊ ပခုက္ကူမြို့)**




၁။ *ရာထူးတိုးကိန်း၊ အရာရှိဖြစ်/မဖြစ်။*

(၁၀)တန့်သခင်ဂြိုဟ် ၁နေ့ဂြိုဟ် ခနေရာသီ (၁)[...] ဘာဝတွင် (၅၊ ၈)သခင် (၂)တန့်ရပ် ၄ဟူးဂြိုဟ်နှ[...] ယှဉ်ရပ်တည်၍ (၃၊ ၁၀)သခင် (၁၀)တန့်ရပ် (၁[...] သန္တိနှင့်ပူး)သော အင်္ဂါဂြိုဟ်က (၄)တန့်အထူးမြင်[...] သည်။ ဘာဝတွင် အရာရှိအဆင့် ရောက်နိုင်သော်[...] (၂၀၁၈)ခုနှစ်အတွင်း မမြင်သေးပါ။

၂။ *ထီဆုကြီးပေါက်ကံ၊ ပါ/မပါ။*

(၃)တန့်သခင် အင်္ဂါ (၁၁)တန့်သန္တိနှင့် ပူးယှဉ်[...] တည်၍ (၁၀)တန့်တွင် တည်နေ၏။ (၂)တန့်ရပ် (၅[...] သခင် ၄ဟူးဂြိုဟ်အား ယင်းအင်္ဂါဂြိုဟ်က (၄)တန့်အ[...] မြင်ထားသည်။ ထီစပ်တူပေါက်ကံ ရှိသည်။ (၂[...] ၂၀၂၀)ခုနှစ်တွင် ထီကံစမ်းကြည့်ပါလေ။

၃။ *ကျန်းမာရေးသတိပြုရမည့် ကာလ။*

(၂၀၁၈-၂၀၁၉)ခုနှစ်အတွင်း ထူးခြားသော[...] မရှိပါ။ သာမန်အညံ့ကြုံခြင်းမျိုးသာ ရှိတတ်၍ စိုး[...] မရှိပါ။




www.burmeseclassic.com

www.burmeseclassic.com

မြမာလာ

-၆-၁၉၇၇၊ ညျ၊ ရန်ကုန်မြို့)




ချိန်အတိအကျ မပါ၍ မေးထားသည်များကို ခြုံငုံ ဖြေပေးလိုက်ပါသည်။ တိကျမှု အားနည်းပေမည်။)

*ကျန်းမာရေး။*

စန်းမှ (၆)တန့်တွင် (၆)တန့်သခင် အင်္ဂါရပ်၍ စန္ဒြ နသခင်လည်း ဖြစ်သောကြောင့် ကျန်းမာရေးတွင် ပြုစရာများ ရှိမည်။ နှလုံး၊ အသည်း၊ အစာအိမ် ါများထဲမှ သတိပြုပါ။ (၂၀၁၈)ခုနှစ်အတွင်း ကျန်း း အညံ့များ ရှိနေသည်။

*အိုဇာတာ။*

စန္ဒြလဂ္ဂနမှ (၂၊ ၅)သခင် ၅တေးဂြိုဟ် စန်းကို တန့်မှ အမြင်ကြံ့နေသည်။ ဘဝတွင် မဆင်းရဲတတ် ဇကေသရီယုဂ်ကောင်း ရ၍ဖြစ်သည်။ (၇-၅- )မှ (၇-၅-၂၀၃၀)အတွင်း ၂လ်ာထူလဒသာစား၍ ၄-၂၀၂၅)ခုနှစ်တစ်ပိုက်တွင် ၅တေးဘုတ္တိဒသာ စား ည်ဖြစ်ပေရာ ယင်းကာလ ဘဝကံ အကောင်းဆုံး ည်။ (၂၀၃၇)ခုနှစ်မှ (၂၀၅၅)ခုနှစ်အထိ စန်းမှ တန့်ရပ် ရာဟုထူလဒသာ စားဝင်မည်ဖြစ်ရာ အို ကောင်းပါသည်။


*သားသမီးကံ။*

စန္ဒြလဂ္ဂနမှ (၅)တန့်တွင် ကိတ်ရပ်၍ သားသမီး၏ ထောက်ပံ့ခြင်းမျိုး အသင့်အတင့် ခံစားရမည်။

၂-၁၉၅၄၊ နံနက်၊ ထားဝယ်မြို့)

တိကျပါ၍ စန်းမှ လဂ်ပြု ဟောပေးလိုက်သည်။ အားနည်းပါမည်။)

*စီးပွားရေးအခြေအနေ။*




စန္ဒြလဂ္ဂန (ဓနုရာသီ)မှ (၁၁)တန့် တူရာသီသို့ ကောဇာ ၅တေး ဝင်ရောက်လာပြီဖြစ်၍ (၂၀၁၈)ခုနှစ် အတွင်း စီးပွားရေးအခြေအနေ သင့်ပါမည်။ ကောဇာ စနေကား စန်းပေါ် တက်နေပြီဖြစ်၍ အဆင်မပြေမှုနှင့် စိတ်ပျက်စရာများကို ကာလရှည်ကြာ (၅)နှစ်ခန့် ကြုံရ ပေဦးမည်။ လွန်ခဲ့သော (၂)နှစ်ကျော်ခန့်ကတည်းက စိတ် ပျက်စရာ၊ စိတ်ဓာတ်ကျစရာများ မကြာခဏ ကြုံနေခဲ့ တတ်သည်။

၂။ *ထီပေါက်ကံ။*

စန်းမှ (၃)တန့်သခင် စနေဂြိုဟ်သည် ယင်းမှ (၁၁) တန့် တူရာသီတွင် ယင်းရာသီသခင်ဂြိုဟ် ဖြကြာနှင့် ပူး၍ ထီပေါက်တတ်သော်လည်း မှန်းသော ထီဆုကြီး မျိုး မဝင်တတ်ပါ။ (၂၀၁၈)ခုနှစ်အတွင်း ထီဆုသေးလေး မျိုးတော့ ပေါက်တတ်သည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

စန္ဒြလဂ္ဂန (ဓနု)မှ (၂)တန့်ဘာဝ (မကာရ)ကို ယင်း စန္ဒြလဂ္ဂနသခင် ၅တေးဂြိုဟ် ဥစ်မူကာ ပြန်မြင်ရကား ငွေကြေးကံ မညံ့လှပါ။ အသက်(၆၅)နှစ်မှ (၈၁)နှစ်ထိ ၅တေးထူလဒသာ စားဝင်မည်ဖြစ်ရာ စိတ်ချမ်းသာစွာ ဘဝအဆုံးသတ်ရပေမည်။ အိုကံ ကောင်းပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)**

**အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉ ၇၃၁ ၁၉၈၂၆၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊ ၀၉ ၇၉၅ ၄၂၀၉၄**

www.burmeseclassic.com

www.burmeseclassic.com

# ဘာဝမဓျနဝင်း၏ လျှို့ဝှက်နည်းစနစ်များ

ဆရာရန်အောင်ဟိန်း(B.Sc)

နက္ခတ်ဗေဒင်ပညာသည်နည်းစနစ် ကြွယ်ဝလှသည်။ နဝင်းစနစ်ကို အသုံးပြုသည့် နည်းစနစ်အမျိုးမျိုး ရှိရာတွင် ဘာဝကို နဝင်းအဖြစ် ယူဆသည့် ဘာဝမဓျနဝင်း (Bhava Madhya Navamsa) အယူအဆကား မြန်မာပညာရှင်များ အသိနည်းနေဦးမည်ဟု ယူဆမိပါသည်။ (၂၀၁၇)ခုနှစ်၊ မေလထုတ် နက္ခတ်ဗေဒင်ပညာ၊ အီးမဂ္ဂဇင်း (The Astrolocical e.Magazine) တွင် ဆောင်းပါးရှင် ဒေါက်တာတီအက်စ်ဝါသန် (Dr. T.S Vasan) က "Secret Techniques of Bhava Madhya Navamsa" ဟူ၍ ဆောင်းပါးရေးသားထားသည်ကို ဖတ်ရှုရ၍ လေ့လာကြည့်ရာ မှန်ကန်မှုများ တွေ့ရှိသောကြောင့် မြန်မာ့နက္ခတ်ဗေဒင် ဝါသနာရှင်များအတွက် ဖော်ပြပေးအပ်ပါသည်။

ဘာဝမဓျနဝင်းကို ယူဆရာတွင် အညီအမျှ ဘာဝခွဲနည်းစနစ်ကို အသုံးပြုမှသာ အဆင် ပြေပါမည်။ အထူးသဖြင့် လဂ်အံသာကို (၃၀ံ)အံသာစီ ပေါင်း၍ ယူသွားသော စနစ်က အသင့်တော်ဆုံး ဖြစ်ပါမည်။ ဥပမာ-မိဿလဂ် (၂၀ံ)ရလျှင် ကျန်ဘာဝများ အောက်ပါအတိုင်း ယူရပါမည်။

နဝင်းစက်တွင် ဘာဝမဓျနဝင်း (ဝါ) ဘာဝများက စီးသောနဝင်းတည်ရာ ရာသီတွင် ရပ်တည်လာသော ဂြိုဟ်များ၊ ယင်းဘာဝများ၏ နဝင်းစီးရာ ရာသီအိမ်ကို အမြင်ကြုံနေသော ဂြိုဟ်များကို ယင်းဘာဝမဓျနဝင်းစီးသည့် ဘာဝ၏ အကျိုးတရားများကို ပေးဆောင်မည်ဟု ယူဆရမည်။

အထက်တွင် ဖော်ပြထားသော ရာသီစက်၏ ဘာဝများ၏ (၂၀)အံသာ တန်ဖိုးများအရ နဝင်းစက်တွင် သက်ဆိုင်ရာ ဘာဝများ နဝင်းစီး၍ ရပ်တည်ပုံကို အောက်ဖော်ပြပါ နဝင်းစက်ဇာတာအရ မှတ်ယူရမည်။





နဝင်းစက် ဇာတာတွင် ဘာဝတစ်ခု၏ ဘာ… နဝင်းသည် ရာသီအိမ်တစ်ခုတွင် ရပ်တည်နေ… နဝင်းစက်၌ ယင်းရာသီတွင် ရပ်တည်နေသော… ယင်းရာသီကို မြင်သောဂြိုဟ်အား ရှာယူထား… ယင်းဂြိုဟ်နှစ်မျိုးသည် ယင်းနဝင်းစက်ကျရာ … ဘာဝအိမ်ပေါ် လွှမ်းမိုးလွန်းရကား ယင်းဘာဝမ… ကျရောက်ရာ ရာသီသခင်ဂြိုဟ်အား လျစ်လျူရှု၍ … မဓျနဝင်းတွင် ရပ်တည်နေသောဂြိုဟ်၊ ယင်းဘာ… နဝင်းကို အမြင်ကြုံနေသောဂြိုဟ်အား အဓိကယူ၍ … ပြောရမည်။

(၇)တန့်ဘာဝ၏ ဘာဝမဓျနဝင်း ကျရောက်… နေသည့် ရာသီနှင့် ယင်းရာသီတွင် ရပ်တည်သော…



www.burmeseclassic.com

www.burmeseclassic.com




ယူဆရာတွင် ဥပမာ-သောကြာဂြိုဟ် (ကာလတ္တရ ရက) ဖြစ်ပါက အိမ်ထောင်ကျပြီးနောက် အောင်မြင် ရှိမည်ဖြစ်ပြီး အိမ်ထောင်ဖက်သည် ဇာတာရှင် ဘဝပေါ် ကြီးမားစွာ လွှမ်းမိုးသက်ရောက်မှုရှိမည် ပေးသည်။ အလားတူပင် (၁၀)တန့် (ကမ္မဘာဝ)၏ ဝမရျှနဝင်းတည်ရာ ရာသီအိမ်ကို ကြာသပတေးဂြိုဟ် မြင်ကြံ့နေပါက ဇာတာရှင်သည် ကျောင်းဆရာကောင်း ဦး၊ တရားသူကြီးကောင်းတစ်ဦး စသည်ဖြင့် ကြာသ တေးဂြိုဟ်၏ ကာရကပြုမှုအရ ဘဝ၏ အသက်မွေးဝမ်း ကျောင်း လုပ်ငန်းပေါ် ဖော်ညွှန်းပြမည်ဖြစ်ပြီး ယင်းလုပ် မျိုးဖြင့် အောင်မြင်မည်ဟု ယူဆရပါမည်။ အလား ပင် ကျန်ဘာဝများ၏ ဘာဝမရျှနဝင်းများကို စဉ်းစား ဆရပေမည်။

ဘာဝမရျှနဝင်းကို ဖတ်ကြားဖော်ထုတ်ရန် နည်းစနစ် ာ အောက်ပါအတိုင်း ဖြစ်သည်။

ဘာဝတစ်ခု၏ ဘာဝမရျှနဝင်းစီးရာ ရာသီတွင် ရပ် ည်သောဂြိုဟ် ရှိ၊မရှိ ကြည့်ပါ။ ရပ်တည်သောဂြိုဟ် လျှင် ယင်းဂြိုဟ်သည် ယင်း၏ ကာရကသဘောနှင့် ဆိုင်မှု သဘောများအရ ထိုဘာဝပေါ် လွှမ်းမိုးမည်။

ဘာဝမရျှနဝင်းကို အမြင်ကြံ့နေသောဂြိုဟ် ရှိလျှင် ည်း ထိုဂြိုဟ်၏ ကာရကပြုမှု (karakatwas) နှင့် ပိုင်ဆိုင်မှု (adipathyas) အရ ယင်းဘာဝပေါ် လွှမ်းမိုးပါမည်။

၃။ ဘာဝမရျှနဝင်း သခင်ဂြိုဟ်သည် ဒုဋ္ဌာနဘာဝ များမှ တစ်ခုခုတွင် ရပ်တည်နေပါက (ဝါ) ဒုဋ္ဌာန သခင်ဂြိုဟ်များ၏ အမြင်ကို ခံထားရပါက ဘာဝ မရျှနဝင်းအတွက် အဖျက်သဘောဆောင်ခြင်း (ဝါ) ဘာဝ၏ လွှမ်းမိုးဖော်ဆောင်နိုင်မှု နှောင့်နှေးကြန့် ကြာသွားခြင်း ကြုံရစေပါသည်။

၄။ ဘာဝမရျှနဝင်း သခင်ဂြိုဟ်သည် ယင်း၏ ရပ်တည်မှု၊ အမြင်ခံရမှု၊ ပူးယှဉ်ရပ်တည်ခံရမှု စသည့် အချက်များပေါ် မူတည်၍ အရေးပါပေ သည်။ ဟောပြောရာတွင် အရေးကြီးသော အတွေး အကြံကို ပေးပေသည်။

၅။ ရာသီနှင့် နဝင်း ဇာတာများမှာ ဂြိုဟ်တို့၏ ပူးယှဉ်မှု၊ အမြင်ကြံ့မှု၊ ကတ္တရိယောဂ စသည်တို့ သည် အပြန်အလှန် ဆက်စပ်ပြဋ္ဌာန်းမှု ရှိသည်။

၆။ ဘာဝမရျှနဝင်းတည်ရာ ရာသီပေါ်တွင် ရပ်တည် လာသော ဂြိုဟ်များသည် ထူလ (ဝါ) အန္တရဒသာ သခင် ဂြိုဟ်များနှင့် အမြင်ကြံ့ခြင်း (ဝါ) ပူးယှဉ်ရပ်တည်ခြင်း က ယင်းဒသာသခင်ဂြိုဟ်များပေါ် လွှမ်းမိုးမှုပြုပေသည်။

၇။ ဘာဝမရျှကို အညီအမျှ ခွဲခြားသော ဘာဝခွဲနည်း စနစ်ဖြင့် အသုံးပြု ဝေဖန်ရန် အကြံပြုလိုပါသည်။ သုတေ သနပြုသူများအနေဖြင့် မတူကွဲပြားသော ဘာဝခွဲနည်း စနစ်မျိုးဖြင့် လေ့လာလိုက လေ့လာသုတေသနပြုနိုင်ပါ သည်။

၈။ ဘာဝမရျှနဝင်းကို လက်အဖြစ် အသုံးပြုပါက အခြား ဂြိုဟ်များ၏ ရာသီများအတွင်း ရပ်တည်မှုအရ သက်ဆိုင် ရာ ဘာဝများအတွက် လွှမ်းမိုးသက်ရောက်ပါလိမ့်မည်။

အောက်ပါ ဇာတာများကို သုံးသပ်ပြပါမည်။

<u>ဥပမာဇာတာအရ</u>


<u>ဘာဝမရျှနဝင်းအတွက် သုံးသပ်ချက်များ</u>


၁။ (၁၀)တန့်ဘာဝ၏ ဘာဝမရျှနဝင်းသည် မိန်ရာသီ တွင် ကျရောက်၍ ယင်း၏ (၂)တန့် (မိဿ)တွင် ၄ဟူး ဂြိုဟ် ရှိပါသည်။ ၄ဟူးဂြိုဟ်သည် စကားပြောခြင်းကို ကာရကပြု ဖော်ပြသည်။ မိန်မှ (၃)တန့်မြောက်တွင် ဖြကြာဂြိုဟ်ပိုင်သော ပြိဿရာသီ ရှိသည်။ မိန်ရာသီ



www.burmeseclassic.com

www.burmeseclassic.com




(၁၀)တန့်မြောက်တွင် ယင်း ဗြိဟာဂြိုဟ် ရပ်တည်နေသည်။ ယင်းအချက်က ဇာတာရှင်၏ အလုပ်အကိုင်တွင် စကားပြောရသောအလုပ် ပါဝင်မည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်။ (၁၀)တန့်ဘာဝ မရှုနဝင်း သခင်ဂြိုဟ် ၅တေးဖြစ်ပြီး ဥစ်မူကာ (၁၀)တန့်ဘာဝကို ပြန်၍အမြင်ကြုံနေခြင်းက ကျောင်းဆရာကောင်းတစ်ဦး ဖြစ်စေပါတော့သည်။

၂။ (၉)တန့်ဘာဝမရှုနဝင်းသည် မေထုန်ရာ... ကျရောက်နေသည်။ ယင်းရာသီက ဇာတာ... ဖခင်အကြောင်း ဖော်ပြမည်ဖြစ်ပြီး ယင်းမှ (၇)... (ဓနုရာသီ)တွင် ရပ်တည်သော ဗြိဟာဂြိုဟ်က... တန့်ဘာဝ မရှုနဝင်းအား အမြင်ကြုံနေပါ... ယင်းအချက်က ဇာတာရှင်၏ ဖခင်သည် ... ဂီတကို ဝါသနာပါမည်ဖြစ်ပြီး တရားဓမ္မ... လည်း စိတ်ဝင်စားမည်ဖြစ်ကြောင်း ဖော်ပြ... သည်။

၃။ (၇)တန့်ဘာဝမရှုနဝင်းသည် မိသားစု... ဖော်ညွှန်းပြသည်။ ယင်းသည် ဓနုရာသီတွင် ... ရောက်ကာ ဓနုရာသီတွင် ကိတ်ဂြိုဟ်ရပ်... ခြင်းက အိမ်ထောင်ရေးကို နှောက်ကျစေတ... ဗြိဟာဂြိုဟ် ရပ်တည်ခြင်းက ကောင်းမွန်... မိသားစုဘဝ ကြုံရခြင်းကို ဖော်ပြပါသည်။ ... ဘာဝမရှုနဝင်း (ဓနုရာသီ)မှ (၇)တန့်မြောက်... ၄ဟူးဂြိုဟ်ပိုင်သော မေထုန်ရာသီ ဖြစ်သည်... ဟူးဂြိုဟ်သည် ရာသီစက်တွင်လည်း မိမိပိုင်... ထုန်ရာသီတွင် ရပ်တည်နေ၍ (၅)တန့်... ဘာဝမရှုနဝင်းတွင် ရပ်တည်နေပေသည်။ ... ၄ဟူးဂြိုဟ်ကို စနေဂြိုဟ် အမြင်ကြုံနေခြင်း... အိမ်ထောင်ရေးကို နှောင့်နှေးကြန့်ကြာ... ဇာတာရှင်သည် အသက်(၃၄)နှစ်ရောက်မှ ... ထောင်ကျခဲ့သည်။

မူရင်းဆောင်းပါးရှင် ဒေါက်တာ... ဝါသနာက နမူနာဇာတာတွင် ရာသီစက်တွင်... များ ပြည့်စုံအောင် မပြထားပါချေ။ ယခု ... ၍ ရှင်းပြချက်များမှာ ဘာဝမရှုနဝင်းနှင့် ... ၍ နည်းမှီး၍ ရေးလောက်ပြီဟု ယူဆပါသည်...

ဘာဝမရှုနဝင်းသည် အသစ်အဆန်း... ကွယ်လွန်သူ ကျမ်းပြုပညာရှင် ရှရီ စီ·အက်... (C.S Patel) ကလည်း အညွှန်းပြု ဖော်ပြခဲ့ဖူးမ... သိရပါသည်။

ဆရာရန်အောင်ဟိန်း



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဆလလ (တိုး)-၁၃၁၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆလက(တနယ်ခေါ်)၁၃၀/၀၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွှတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်ဟယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံတော ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ဝေငှသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၁၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com

# ပါတော်မူစစ်တမ်း

တေဇအောင်

သူတို့အကြောင်း ပြောမည်ဆိုတော့ ရာဇဝင်ကို နည်းနည်းရှင်းပြဖို့ လိုပါတယ်။

ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းကြီးဟာ (၁၂၁၄)ခုနှစ်မှာ နန်းတက်ပြီး (၁၂၁၅)ခုနှစ်မှာ အားအကိုးရဆုံးဖြစ်တဲ့ ညီတော် ကနောင်မင်းသားကြီးကို အိမ်ရှေ့အရာ ပေးပါတယ်။ အမှန်ကတော့ မင်းတုန်းမင်းက ဘာမှမလုပ်ရပါဘူး။ ကနောင်မင်းသားကြီးက ဦးဆောင်ပြီး နောင်တော် ပုဂံမင်းကို နန်းချသွားတာပါ။ ဒါကြောင့် ကနောင်မင်းသားကြီးဟာ အိမ်ရှေ့စံ ဖြစ်သင့်ပါတယ်။

သို့ပေမယ့် မင်းတုန်းမင်းကြီးမှာ သားသမီးတစ်ရာကျော်ရှိလေတော့ မင်းသားကြီးတွေအဖို့ မျှော်လင့်ချက်မရှိတော့ဘူး။ မင်းတုန်းမင်းကြီး နတ်ရွာစံရင် ကနောင်မင်းသားကြီး ရှင်ဘုရင်ဖြစ်ရမယ်။ အိမ်ရှေ့စံကို သူပေးချင်တဲ့သူ ပေးမယ်။ ဒီမှာ ပြဿနာတက်လာပါတယ်။

မင်းတုန်းမင်းကြီးကတော့ သားတော်တွေထဲက ဘယ်သူ ရှင်ဘုရင်ဖြစ်မလဲ၊ အစ်မတော် စကြာဒေဝီနဲ့ ဇာတာတော်တွေကို စစ်နေတာပေါ့။ စကြာဒေဝီအကြောင်း ပြောဖို့ နည်းနည်းလိုလာပါတယ်။ စကြာဒေဝီဟာ ရွှေဘိုမင်းရဲ့သမီး၊ ပုဂံမင်းရဲ့နှမတော် စုဖုရားဖြစ်ပါတယ်။ ငယ်ငယ်ကတည်းက ပိဋကတ်ဗေဒင်ကို အထူးတတ်မြောက်ခဲ့သူ ဖြစ်ပါတယ်။ သူ့ဆရာကတော့ တတိယ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ ဖြစ်ပါတယ်။

ရွှေဘိုက သမီးတော်စုဖုရားကို အလွန်ချစ်လို့ ပင်တိုင်နန်းနဲ့ ထားပါတယ်။ ဓိဝိတဒါနဆုကို ပေးထားပါတယ်။ ရွှေဘိုမင်းလက်ထက် ယင်းတောဝန်ကြီးဦးတုတ် ရာဇဝတ်သင့်တော့ ဦးတုတ်ရဲ့သား မောင်ဖိုးလှိုင်ကို စုဖုရားက ခေါ်ယူမွေးစားလိုက်ပါတယ်။

ပြည်မင်းသား ရာဇဝတ်သင့်တော့ ပြည်ထိပ်ခေါင်တင်နဲ့ သမီးတော်တွေ။ အနောက်နန်းမိဖုရား မမြကလေး ရာဇဝတ်သင့်တော့ သမီးတော်လှိုင်ထိပ်ခေါင်တင်တို့ကို စုဖုရားကပဲ ခေါ်ယူမွေးစားပြန်တော့ စုဖုရားရဲ့အိမ်ေ... ဟာ ပရဟိတဂေဟာ ဖြစ်ခဲ့ပါတယ်။

ခမည်းတော် ရွှေဘိုမင်းရဲ့ ဇာတာတော်ကိုစစ်ဆေး... ဘယ်အချိန်မှာ လုပ်ကြံရမယ်လို့ အခါပေးတာက စုဖု... ပဲ။ ပုဂံမင်းနန်းတက်လာတော့ မြို့တော်ဝန် ကုလား... ဆပ်နဲ့ မြို့စာရေး ငပိန်တို့ ရမ်းကားကြတာနဲ့ ပုဂံမင်း... ပြည်သူလူထုက အကြည်ညိုပျက်လာတယ်။ ဒီအခါ မ... တုန်းမင်းသားနဲ့ ညီတော် ကနောင်မင်းသားတို့က အ... တော်စုဖုရားကြီးနဲ့ တိုင်ပင်ကြတယ်။ စုဖုရားကြီးက ... မင်း နန်းသက်ကုန်နေပြီ။ မောင်တော်တို့ လုပ်ကြံ... အချိန်ရောက်ပြီဆိုပြီး အခါပေးပါတယ်။ မင်းတုန်းမ... သားနဲ့ ကနောင်မင်းသားတို့ ရွှေဘိုထွက်ပြီး လုပ်ကြံ... တယ်။

ရွှေဘိုက ဆင်းလာတော့ မကွေးဝန်ကြီး ဦးကြာ... နန်းတော်တံခါးကို ဖွင့်ပေးလို့ လွယ်လွယ်နဲ့ အောင်... သွားပါတယ်။ ပုဂံမင်းကို နန်းချပြီး မင်းတုန်းမင်း ... တက်ပါတယ်။ စုဖုရားကြီးကို တောင်နန်းမတော် ... မှာ နေပါစေလို့ဆိုတော့ စုဖုရားကြီးက အသက်ကြီး... မနေလို ဆိုပြီး ငြင်းပါတယ်။ မင်းတုန်းမင်းက အစ်မ... တော့ အမိအရာထား ကိုးကွယ်ပါမယ်။ တောင်နန်း ... ပေးပါ တောင်းပန်တော့မှ လက်ခံတယ်။

စကြာဒေဝီက သားတော်တွေရဲ့ဇာတာကို စစ်... တော့ ရှင်ဘုရင် ဖြစ်နိုင်မယ့်သူ မတွေ့ဘူး။ မင်းတုန်း... ကြီးမှာလည်း ခက်နေတာပေါ့။ ဒီမှာ ကံအကြောင်း ... ချင်ပါတယ်။ နတ်ရှင်နောင်ဟာ လက်ရုံးရည်၊ နှလုံး... ပြည့်စုံတာမို့ ဘုရင့်နောင်နန်းတော်ကြီးကို ပြန်လည်... ထောင်ဖို့ ကြိုးစားပေမယ့် ကံမပါတော့ ကြံသမျှ ... တယ်။

ခုလည်း တောင်ရွှေရေးဆောင် မိဖုရားရဲ့သား... မြင်ကွန်းမင်းသားနဲ့ မြင်းခုံတိုင်မင်းသားတို့ဟာ ခ...



www.burmeseclassic.com

www.burmeseclassic.com

တော်နဲ့ ဘထွေးတော်တို့ကို လုပ်ကြံပြီး နန်းတက်ဖို့ ကြံတယ်။ စလေဦးပုညဆီမှာ အခါတောင်းတော့ (၁၂၂၈) ခုနှစ်၊ ဝါဆိုလဆုတ် (၇)ရက်နေ့မှာ လုပ်ကြံရင် အောင်မြင်မယ်လို့ ဆိုတယ်။

ဒီကိန်းကို စကြာဒေဝီကလည်း နားလည်ပါတယ်။ ဒါကြောင့် ဒီနေ့မှာ မင်းတုန်းမင်းကို ဥပုသ်တော်ဆောင် ဝင်ဖို့ ပြောတယ်။ မင်းတုန်းမင်းက ရိုးရိုးဝတ်ဖြူစင်ကြယ် ဝတ်ပြီး နန်းစွန့်လှေကားက ဆင်းလာတယ်။ ညီတော် ကနောင်မင်းသားက ဆီးကြိုနေတယ်။ နန်းမြေဘုံသာမှာ ကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးကို ညီတော် ထိုင် လိုက်ပါလို့ လွှဲအပ်ခဲ့တယ်။ ကနောင်မင်းသားက နောင်တော်ကို ကျုံးအထိ လိုက်ပို့တယ်။ မင်းတုန်းမင်းဟာ ကုသိုလ်တော်ဘုရားအနီးရှိ ဥပုသ်ဆောင်ကို ကြွသွားပါပြီ။

ဒီအခါ လွှတ်တော်ရဲ့ သဘာပတိက မင်းတုန်း မဟုတ်တော့ဘူး၊ ကနောင်ဖြစ်နေပြီ။ မြင်ကွန်းမင်းသားနဲ့ မြင်းခုံတိုင်မင်းသားတို့ ထပြီး လုပ်ကြံတော့ အိမ်ရှေ့စံ ကနောင်မင်းသားကြီး ကျဆုံးရတယ်။ မင်းတုန်းမင်း လွတ် သွားတယ်။ ဒီမှာ စလေဦးပုညရဲ့ ဟောကိန်းလည်း မှန် တယ်။ စကြာဒေဝီရဲ့ ယတြာကလည်း ကောင်းတယ်လို့ ဆိုရမယ်။

တစ်ခုရှိတာက စလေဦးပုညဟာ မင်းတုန်းမင်းရဲ့ ဇာတာကို သတိပြုမိဟန် မတူဘူး။ မင်းတုန်းမင်းရဲ့ဇာတာ မှာ အင်္ဂါဂြိုဟ်နိစ်အိမ်မှာ နေတယ်။ ကမ္မအိမ်မှာ တနင်္ဂနွေ၊ သာဘအိမ်မှာ ကြာသပတေးဂြိုဟ်ကြီးတို့ အနှောင့် အယှက်မရှိ ရပ်တည်နေပါတယ်။ ဒါကြောင့် မင်းတုန်းမင်းကို လုပ် ကြံ၍မရ။ ဥပဒ္ဒေဝကကံနှင့် မသေ နိုင်ဆိုတာ သတိမူရမယ်။

ဒီမှာ သင်ခန်းစာတစ်ခုယူ ရှိတာ မြင်ကွန်းနဲ့ မြင်းခုံတိုင်မင်း သားတို့ဟာ ရှင်ဘုရင်ဖြစ်နိုင်တဲ့ကံ ပါဘဲနဲ့ အတင်းအဓမ္မ ဖြစ်ရော သဟယ်ဆိုပြီး ထလုပ်တော့ ဒုက္ခ ရောက်ရတာပေါ့။ နိုင်ငံခြား ထွက် ပြေးလို့ လွတ်သွားတာပဲ တော်လှ ပြီ။

မင်းတုန်းမင်းကြီးကို ထမ်းပြေးပြီး အသက်ကယ် လိုက်တဲ့ မက္ခရာမင်းသားကြီးလည်း ရှင်ဘုရင်မဖြစ်ဘူး။ မင်းတုန်းမင်းကြီးကိုယ်တိုင် မမာနေတုန်းမှာ အိမ်ရှေ့စံခန့်ဖို့ အမိန့်တော်ခံတော့ ညောင်ရမ်း၊ ညောင်ရမ်းလို့ ပြောခဲ့တဲ့ ညောင်ရမ်းမင်းသားလည်း ဘုရင် မဖြစ်ဘူး။ အိန္ဒိယပြည် ထွက်သွားပြီး ဘာရပ်ပူမြို့မှာ ကွယ်လွန်သွားခဲ့တယ်။

စကြာဒေဝီမိဖုရားခေါင်ကြီးက မင်းသားတွေရဲ့ ဇာ တာကို စစ်တဲ့အခါ ဘယ်သူမှ ရှင်ဘုရင် မဖြစ်နိုင်ဘူးလို့ မြင်တယ်။ သီပေါမင်းကျမှ သူ ရှင်ဘုရင်ဖြစ်လိမ့်မယ်လို့ ဟောခဲ့တယ်လို့ဆိုတယ်။ မဖြစ်နိုင်ဘူး။ လောင်းရှည်မိဖု ရားက ဖွားမြင်တဲ့ သီပေါမင်းသားဟာ မင်းသားကြီးတွေ ကို ကျော်မတက်နိုင်ဘူး။ လောင်းရှည်မိဖုရားကိုလည်း မင်းတုန်းမင်းကြီးက ရာထူးက ချထားလို့ ပြင်အိမ်တော် မှာ ထွက်နေရတယ်။ သီလရှင် ဝတ်နေရတယ်။ ဘယ်လို နည်းနဲ့ သီပေါမင်းဟာ တက်လာနိုင်မလဲ။

ဒီမှာ သီပေါမင်းရဲ့ ဇာတာကို ကြည့်ပါ။ အိန္ဒိယ ဟူးရားဗေဒင် မူရင်းကျမ်းရဲ့ အဆိုအရ (၁၂)ရာသီ၊ လဂ် (၁၂)ပါးရှိတာမှာ သိဟ်လဂ်ဟာ အထက်ဆုံးဖြစ်ပါတယ်။ သိဒ္ဓတ္ထမင်းသားကို သိဟ်လဂ်နဲ့ ဖွားတာမို့ ဘုရားဖြစ်ရ တယ်။ တခြားလဂ်နဲ့ဖွားရင် ဘုရားမဖြစ်နိုင်ဘူး။ သိဟ် ရာသီဟာ တေဇောဓာတ်ရာသီအိမ် ဖြစ်တယ်။ အိမ်ရှင် ဟာ တနင်္ဂနွေဂြိုဟ်ကြီး ဖြစ်နေတယ်။ ဒါကြောင့် သိဟ် လဂ်ဟာ တခြားလဂ်အားလုံးကို နိုင်ပါတယ်။

ဒုတိယအထက်ဆုံးလဂ်က ဓနုရာသီလဂ် ဖြစ်ပါ


သီပေါဘုရင်၊ မိဖုရားခေါင်ကြီး စုဖုရားလတ် (အလယ်)နှင့် မိဖုရား စုဖုရားလေးတို့ ရတနာပုံနန်းတွင်း၌ စံမြန်းစဉ် အမှတ်တရ ရှားပါးဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဓနုရာသီဟာ စစ်တပ်၊ စစ်မြေပြင်၊ စစ်လက်နက်ပစ္စည်းကို အစိုးရတယ်။ စစ်တပ်မှာ အကြီးအကဲဖြစ်မယ့်သူဟာ ဓနုလဂ်ဖြစ်ဖို့ လိုတယ်။ ဓနုလဂ်ဟာ ကျန်တဲ့လဂ်(၁၀)လဂ်ကို နိုင်ပေမယ့် သိဟ်လဂ်ကိုတော့ အရှုံးပေးရတယ်။


ကိုင်း‥သီပေါမင်းသားရဲ့ ဇာတာဟာ ဓနုလဂ်ဖြစ်နေပါတယ်။ ဓနုလဂ်မှာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး ပူးယှဉ်နေပြန်တော့ တနင်္ဂနွေဂြိုဟ်ဟာ အားရှိသွားပါတယ်။ ခေါင်းဆောင်ဖြစ်မယ့်သူဟာ တနင်္ဂနွေ ကောင်းရပါတယ်။ ဒီအချက်နဲ့ပဲ သီပေါမင်းသား ဘုရင်ဖြစ်ဖို့ လုံလောက်နေပါပြီ။

သဟဇအိမ်မှာ အင်္ဂါ၊ ရာဟု ပူးနေတာကိုလည်း ကြည့်ပါ။ အင်္ဂါရာဟု၊ တစ်စုမကွာ၊ နေသောခါမူ၊ ရာဇာမင်းစော၊ ဖြစ်မည်ဟော၏လို့ ဆိုထားပြန်ပါတယ်။ ကြာသပတေးဂြိုဟ်ကြီးက ပြိဿရာသီကနေပြီး ကတုမ္ဘအိမ် (စီးပွားရေး)ကို (၉)တန့်အမြင်နဲ့ မြင်ထားတာကလည်း အားရှိနေပါတယ်။ သို့ပေမယ့် ကြာသပတေးဂြိုဟ်ဟာ ဖောက်ပြန်သွားနေတဲ့အတွက် ခိုင်မာတဲ့ အကျိုးပေးတော့ မဟုတ်ပါဘူး။


အရေးကြီးတဲ့ အချက်ကတော့ သီပေါမင်းသားရဲ့ ဇာတာမှာ (၃)တန့်သဟဇအိမ်မှာ အင်္ဂါဂြိုဟ်ရှိနေတဲ့ ကိစ္စပါပဲ။ သဟဇအိမ်ဟာ မွေးချင်းပေါက်ဖော် ညီအစ်ကိုမောင်နှမကို ဟောပါတယ်။ အဲဒီမှာ အင်္ဂါဂြိုဟ် ရှိနေလေတော့ ဒီဇာတာရှင်ဟာ မွေးချင်းပေါက်ဖော်တွေကို သတ်တော့မှာပါ။ အင်္ဂါဟာ ရမ်းကားတဲ့ဂြိုဟ်ပါ။ ရာဟုဟာ အမှောင်ဖုံးတဲ့ ဂြိုဟ်ပါ။ အင်္ဂါ-ရာဟု ပူးလိုက်တာဟာ မင်းတော့ဖြစ်ပါရဲ့၊ ကောင်းသောဖြစ်ခြင်းမဟုတ်။ ညီအစ်ကိုတွေကို သတ်ပြီးမှ ဖြစ်ရမယ့် မင်းပေါ့။

မင်းတုန်းမင်းကြီးဟာ ဘာသာရေးသမား၊ ပဥ္စမသင်္ဂါယနာတင်ခဲ့တဲ့ဘုရင်။ ဒီမှာ ပိဋကတ်စာပြန်ပွဲတွေ လုပ်လိုက်တော့ သီပေါမင်းသားဟာ သုံးကြိမ်တိုင် ပထမရပါတယ်။ မင်းတုန်းမင်းကြီးရဲ့ အချစ်တော် ဖြစ်သွားရတယ်။ နောက်တစ်ခါ အလယ်နန်းမိဖုရားကြီး ဆင်ဖြူမရှင်ရဲ့ ဒုတိယသမီး စုဖုရားလတ်နဲ့ မေတ္တာရှိနေရတာကလည်း သူ့အတွက် ငြမ်းထိုးပေးသလို ဖြစ်ရပါတယ်။

နောက်တစ်ကြောင်းကလည်း လွှတ်တော်မှာ အာ




(၁၂၂၀)ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် (၁၂)ရက် စနေနေ့၊ နံနက်(၄)ချက်တီးကျော် စက်နာရီ (၇း၁၅)နာရီဖွား၊ စိတြနက္ခတ်မွန်းတည့်ချိန် (သီပေါမင်း)




(၁၂၂၁)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄)ရက် အင်္ဂါနေ့၊ ည(၁၁)နာရီဖွား (စုဖုရားလတ်)

ဏာအရှိဆုံးပုဂ္ဂိုလ်ဟာ ကင်းဝန်မင်းကြီးဦးကောင်း ဖြစ်
တယ်။ ဦးကောင်းဟာ မြင်ကွန်းမင်းသားအရေးအခင်း ဖြ
ပြီးကတည်းက မင်းသားကြီးတွေကို စိတ်ပျက်နေခဲ့တယ်
ဦးကောင်းဟာ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံကို သံ
တမန်ကြီးအဖြစ် သွားခဲ့ရတော့ အင်္ဂလိပ်အစိုးရအကြော
သိတယ်။ အင်္ဂလိပ်အစိုးရကို အကြည်အသာ ဆက်
ဖြစ်မယ်။ အချုပ်အချာအာဏာ မဆုံးရအောင် လုပ်ရ
စစ်တိုက်လို့ ရှုံးခဲ့ရတာ နှစ်ကြိမ်ရှိပြီ။ မင်းသားတွေ တ
လာလျှင် ပြောမနိုင် ဆိုမနိုင်နဲ့ ဒုက္ခရောက်နိုင်တ
သီပေါမင်းသား တက်လာရင်တော့ နူးညံ့ပျော့ပျောင်း
ပြောရဆိုရ လွယ်ကူမယ်လို့ သဘောရနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူမရှင်မိဖုရားကြီးနှင့် တိုးတိုးတိတ်တိတ်တိုင်ပင်ကာ သီပေါမင်းသားကို ဆွဲတင်ဖို့ လုပ်ကြတယ်။ ဒီမှာ ပြဿနာ ပေါ်လာတယ်။ မင်းသားတွေကို ခဏဖမ်းထား မယ်။ စံအိမ်တော်ဆောက်ပြီး ကောင်းမွန်စွာ ထားမယ် ဆို၏။

မင်းသားတွေကို ဖမ်းထားတော့ မင်းသားမယ်တော် တွေ စုပေါင်းလို့ မင်းတုန်းမင်းကြီးထံ ဝင်ရောက်အသ နားခံပါတယ်။ မင်းတုန်းမင်းကြီးက လွှတ်ခိုင်းတော့ လွှတ် တယ်။ ဝင်းအပြင်မရောက်ခင် ထပ်ဖမ်းပြန်တယ်။ ဗြိတိ သျှသံရုံးကို ခိုဝင်သွားတဲ့ ညောင်ရမ်းမင်းသားနဲ့ ညောင် ဦးမင်းသားတို့ လွတ်သွားတယ်။ မင်းတုန်းမင်းက ညောင် ရမ်းကို အိမ်ရှေ့စံခန့်ဖို့ ပြောသော်လည်း ဆင်ဖြူမရှင်နဲ့ ကင်းဝန်မင်းကြီးတို့က သီပေါမင်းသားကလေးကို အိမ် ရှေ့စံ ခန့်ထားတယ်။ (၁၂)ရက်ကြာတော့ မင်းတုန်းမင်း ကြီး နတ်ပြည်စံလို့ သီပေါမင်းသား နန်းတက်ရပါတယ်။

သီပေါမင်းသားကို ဆင်ဖြူမရှင် မိဖုရားကြီးရဲ့သမီး တော်ကြီး မိုင်းနောင်စုဖုရားကြီးနဲ့ စုလျားရစ်ပွတ်လက် ထပ်ပြီး ဘိသိက်ခံဖို့ ပြင်ဆင်ကြပါတယ်။ စုဖုရားလတ် က သီပေါမင်းသားဟာ သူနဲ့ မေတ္တာရှိနေတာမို့ သူသာ မိဖုရားဖြစ်ရမယ်ဆိုပြီး ရာဇပလ္လင်ပေါ်ကို အတင်းတက် လိုက်တော့ ပုရောဟိတ်ဘိသိက်ဆရာတွေ ဘာလုပ်ရမှန်း မသိ ဖြစ်ကုန်ကြတယ်။ မိဖုရားနှစ်ပါးနဲ့ပေါင်းပြီး ဘိသိက် သွန်းလောင်းလိုက်ရတယ်။

ဒီမှာ စုဖုရားလတ်ရဲ့ဇာတာကို ကြည့်ပါ။ သိဟ်လဂ် ဖြစ်နေတဲ့အတွက် ခနလဂ်က အရှုံးပေးရမယ်ဆိုတာ သေ ချာနေပါပြီ။ သီပေါမင်းအပေါ်မှာ စုဖုရားလတ် ဩဇာ ကြီးမားခြင်းတာဟာ သိဟ်လဂ်ကြောင့်ပါ။ သိဟ်လဂ်ကို စနေ ဆိုးဝါးထားပြန်တော့ သိပ်ထက်မြက်ပြီး သိပ်ခေါင်းမာသူ ဖြစ်သွားပါတယ်။

တနင်္ဂနွေဂြိုဟ်ဟာ လဂ်ရဲ့ (၄)တန့်၊ ဗန္ဓုအိမ်မှာ တည်နေတဲ့အတွက် အကြီးအကဲဖြစ်ရပါတယ်။ ကြာ သပတေးဂြိုဟ်ကြီးဟာ ဉစ်အဖြစ် ကရကဋ်ရာသီမှာ နေပါ တယ်။ သို့ပေမယ့် ဗျာယအိမ်ဖြစ်၍ ညံ့ခြင်း၊ ဖောက်ပြန် ၍ ညံ့ခြင်းသည် နှစ်ခုပေါင်းတော့ အကောင်းဖြစ်သွား တယ်။ သချ်ာမှာ အနုတ်နှစ်ခုပေါင်းရင် အပေါင်းဖြစ်သွား သလိုပါပဲ၊ ကြာသပတေးဂြိုဟ်ရဲ့ အကျိုးပြုမှုလည်း ပါပါတယ်။ တနင်္လာစန်းဟာ ဗျာယအိမ်မှာနေတဲ့အတွက် ခိုတာစန်းဖြစ်လို့ ညံ့နေပါတယ်။ ကြာသပတေးဂြိုဟ် ကြောင့် စန်းဟာ ကောင်းသွားပါတယ်။ စန်းမကောင်း ရင် ထိပ်တန်းရောက်ဖို့ မလွယ်ပါဘူး။ တနင်္ဂနွေကောင်း တယ်။ စန်းကောင်းတယ်ဆိုရင် လုံလောက်နေပါပြီ။

ဒီအချက်တွေကိုထောက်ရင် စုဖုရားလတ်ဟာ ရှင် ဘုရင်နဲ့ လွှတ်တော်ဝန်ကြီးတွေကိုကျော်ပြီး ဩဇာလွှမ်း မိုးတာဟာ မဆန်းပါဘူး။ မကောင်းတာ တစ်ခုကတော့ သီပေါမင်း ဇာတာမှာလိုပဲ စုဖုရားလတ်ရဲ့ ဇာတာမှာ လည်း လဂ်ရဲ့ (၃)တန့်ဟာ သဟဇအိမ်မှာ အင်္ဂါဂြိုဟ် ရပ်တည်နေတာက မွေးချင်းပေါက်ဖော် ညီအစ်ကိုမောင် နှမတွေကို သတ်တော့မယ်ဆိုတာ သေချာပါတယ်။

ဖမ်းထားတဲ့ မင်းသား လေးဆယ်ကျော်ကို လက်သုံး တော်ကြီး ရနောင်မောင်မောင်တုတ်နဲ့ အပေါင်းအပါတွေ က ကွပ်မျက်လိုက်တယ်။ စုဖုရားလတ်ဟာ ကင်းဝန်မင်း ကြီးကို ရာထူးကဖြုတ်ပြီး ဥပဒေပြုဌာနကို ပို့ထားပါ တယ်။ ကင်းဝန်မင်းကြီးနေရာမှာ ရနောင်မောင်မောင် တုတ်ကို ခန့်ပါတယ်။ ရနောင်ဟာ ဩဇာအာဏာ အကြီး မားဆုံးလူ ဖြစ်လာတယ်။

သီပေါမင်း အသက်(၂၀)နှစ်၊ စုဖုရားလတ် (၁၉)နှစ် မှာ ဘုရင်ဖြစ်တဲ့အတွက် ငယ်လှပါတယ်။ ငယ်ပေမယ့် သိဟ်လဂ်သဘောကြောင့် အလွန်ထက်မြက်ပြီး ဩဇာ ရှိလာရတာ ဖြစ်ပါတယ်။

ကင်းဝန်မင်းကြီးဟာ သူ့ထင်ကြေးနဲ့ မကိုက်တော့ နူးညံ့ပျော့ပျောင်းတဲ့ သီပေါမင်းသားကို ကြိုးကိုင်နိုင်မယ် ထင်ခဲ့ပေမယ့် စုဖုရားလတ်ကို ကြိုးမကိုင်နိုင်။ စုဖုရား လတ်ဟာ ကင်းဝန်မင်းကြီးကို ရာထူးက ထုတ်ပယ်နိုင်တဲ့ အထိ ဩဇာညောင်းခဲ့တယ်။ မယ်တော်ဆင်ဖြူမရှင်လည်း သမီးကို မနိုင်တော့။ စုဖုရားလတ်ဟာ ဒီအသက်ဒီအရွယ် နဲ့ လွှတ်တော်ကို ချုပ်ကိုင်နိုင်တာဟာ ထူးခြားတဲ့အရည် အချင်းရှိလို့ ဖြစ်ပါတယ်။

လူအတော်များများကတော့ စုဖုရားလတ်ကို မကောင်းပြောကြ၊ ရေးကြပါတယ်။ စာရေးသူအနေနဲ့က တော့ စုဖုရားလတ်ကို ထောက်ခံပါတယ်။ မင်းသား လေးဆယ်ကျော်ကို ကွပ်မျက်ပစ်တဲ့ ရနောင်မောင်မောင် တုတ်ဟာ ရမ်းချင်တိုင်း ရမ်းနေတယ်။ သမီးပျိုတွေကို



www.burmeseclassic.com

www.burmeseclassic.com

အတင်းသိမ်းတယ်။ တချို့လူကြီးလူကောင်း သမီးတွေဟာ တောရွာကျေးလက်မှာ သွားနေရတယ်။ သူမုန်းတဲ့လူတွေကို အပြစ်ရှာပြီးဖမ်း၊ ပစ္စည်းတွေ သိမ်းတယ်။

ရနောင်မောင်မောင်တုတ်နဲ့ တောင်သမန်လယ်စား မောင်ဖေငယ်တို့ဟာ စုဖုရားလတ် မီးဖွားနေတုန်း အပျိုတော် ဒိုင်းခင်ခင်ကြီးကို သီပေါမင်းထံ တိတ်တဆိတ်ဆက်ကြတယ်။ စုဖုရားလတ်သိတော့ ယမ်းပုံမီးကျ ဒေါသထွက်ပြီး အစီအစဉ်တစ်ခုလုပ်တယ်။ မြို့တော်ရဲ့ လမ်းဆုံလမ်းမမှာ စာတိုက်ပုံး ထားပေးပြီး မကျေနပ်ချက်ရှိသူတွေဟာ တိုင်စာကို ဒီပုံးထဲ လာထည့်ကြပါလို့ ကြေညာတယ်။ တိုင်စာတွေရတော့ ရနောင်မောင်မောင်တုတ် မကောင်းကြောင်း၊ ရှင်ဘုရင်အာဏာကို လုယူဖို့ ကြံစည်နေကြောင်း ပါတယ်။ ဒီမှာ ရနောင်ကို ဖမ်းပြီး ထောင်ထဲပို့ထားလိုက်တယ်။ ရနောင်ကို ဖမ်းဖို့ မလွယ်ပါဘူး။ စုဖုရားလတ်ဟာ ရနောင်ထက်တော်လို့ ဖမ်းနိုင်တာပေါ့။ နောက်တစ်ခုတော်တဲ့ အချက်ကို ပြောပါဦးမယ်။

ရနောင်နဲ့ မယားလုဘက် မြို့ဝန်ငချစ်ကို ထောင်ထဲလွှတ်ပြီး ကြည့်ခိုင်းတယ်။ မြို့ဝန် ငချစ်က ရနောင်ကို မခန့်လေးစား ပြောတယ်။

ရနောင်က ဒေါသထွက်ပြီး 'ဟေ့ကောင်၊ မင်းနဲ့ငါ ဓားချင်းယှဉ်ခုတ်မလား' လို့ မေးတယ်။

မြို့ဝန် ငချစ်က 'မင်းလိုတရားခံနဲ့ ဓားချင်းယှဉ်ခုတ်ဖို့ အဖက်မတန်ဘူး။ မင်းဟာ နိုင်ငံတော်ကို ပုန်ကန်တဲ့ကောင်။ မင်း သတ္တိရှိရင် မင်းကိုယ်မင်း သတ်သေတာ ကောင်းတယ်' ဆိုပြီး ဓားမြှောင်ကို ပစ်ပေးသွားတယ်။

ရနောင်ဟာ ဒီဓားမြှောင်နဲ့ပဲ သူ့ကိုယ်သူ လှီးကြဲပြီး သေသွားတယ်။

စုဖုရားလတ်ဟာ နန်းမတော်မယ်နုရဲ့ မြေးပီပီ တစ်လင် တစ်မယားစနစ်ကို ထူထောင်မယ်။ ရှင်ဘုရင်တွေ မယားအများကြီး ယူတာကို ဖျက်သိမ်းရမယ်လို့ ဆိုတာဟာ ကောင်းတဲ့အချက်၊ ထောက်ခံရမယ့်အချက်ပါ။ ရှင်ဘုရင်တွေဟာ သားသမီးတွေများလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတာတွေက ရာဇဝင်မှာ အများကြီးပါ။

မင်းသားလေးဆယ်ကျော်ကိစ္စပြီးတဲ့နောက် ဗြိတိသျှအစိုးရက မစ္စတာရှော ခေါင်းဆောင်တဲ့ အင်္ဂလိပ်သံရုံးကို ပြန်ခေါ်ပြီး ရုပ်သိမ်းသွားတယ်။ ဒါကိုကြည့်ရင် အင်္ဂလိပ်ရဲ့ သဘောထားကို သိနိုင်ပါတယ်။ စုဖုရားလ[...] သိပါတယ်။ မသိတာက ကင်းဝန်မင်းကြီးပဲ။ အင်္ဂ[...] အကြည်အသာ ဆက်ဆံရမယ်။ စစ်မတိုက်ရဘူး။ [...] မိတ်စာချုပ် ချုပ်ပြီးရင် အင်္ဂလိပ်ပြန်မှာပါလို့ ကင်းဝ[...] ကြီးက ယုံနေတယ်။ အင်္ဂလိပ်သင်္ဘောကြီးတွေ [...] ရောက်လာတဲ့အထိ ကင်းဝန်ဟာ အင်္ဂလိပ်ကို ယုံနေ[...] ပဲ။ ကင်းဝန်ဟာ ရိုးလွန်းပါတယ်။ အင်္ဂလိပ်ကို [...] ခုခံလျှင် သူပုန်ဆိုတဲ့ အမိန့်တောင် ကင်းဝန်က ထုတ်[...] တယ်။ သိပ်မှားပါတယ်။ အင်္ဂလိပ်ဟာ ကင်းဝန်မင်း[...] ကို တစ်ပတ်ရိုက်ပြီး လွယ်လွယ်လေးနဲ့ တက်သိမ်း[...] တယ်။

စုဖုရားလတ်ကတော့ တိုက်မယ်။ မျိုးချစ်စိတ်[...] ပြရမယ်။ အင်္ဂလိပ်စစ်တပ် ရွှေနန်းတော်နား မကပ်[...] ဘူး။ ဒီလိုလုပ်မှ အင်္ဂလိပ်ဟာ သီပေါမင်းနှင့် အ[...] အသာ ဆွေးနွေးပါရစေလို့ ပြောလာတယ်။ ဒီမှာ [...] ဘုရင်ကိုထားပြီး စည်းမျဉ်းခံဘုရင်အဖြစ် ထားရှိဖို့ [...] ဆိုရမယ်။ ဒီမှာလည်း စုဖုရားလတ် မှန်ပါတယ်။ က[...] မှားပါတယ်။

နောက်တစ်ခုက သီပေါမင်းကို အင်္ဂလန်ကျွန်း[...] ကင်းဝန်တိုက်တွန်းတာလည်း မှားပါတယ်။ စုဖုရ[...] က ဖျက်လိုက်တယ်။ သီပေါမင်း သွားဖြစ်ရင် ဘ[...] ပြန်လာရတော့မှာလဲ။ အင်္ဂလိပ်သံရုံး ရုပ်သိမ်း[...] တည်းက သဘောပေါက်ဖို့ ကောင်းပါတယ်။ ဒီမှာ[...] စုဖုရားလတ်ကို အပြစ်မမြင်ပါဘူး။ လူ့ရိုးလူအ[...] ကောင်းလိမ်ထုတ် သီပေါ ပြုတ်ရတာပါ။

စုဖုရားလတ် တော်တယ်လို့ သူ့ဇာတာကို[...] ပြောခဲ့ပါတယ်။ သို့သော်လည်း သူ့ဇာတာမှာ [...] ဟာ စင်စင်ကြယ်ကြယ်ကောင်းခြင်းမဟုတ်။ [...] တော့ပြီဖြစ်တဲ့ ပဒေသရာဇ်အာဏာရှင် စနစ်[...] သင်္ဘောကြီးနစ်ရာမှာ ဆုန်ဆေးတောင်းနဲ့ဆယ်ဖို့ [...] ခဲ့တဲ့ စုဖုရားလတ်ဟာ ရောက်သမျှဘေးဒဏ် [...] ဆိုသလို ခံသွားရခြင်းဖြစ်ကြောင်း မြင်ပါတယ်[...]

တော[...]

<u>ကိုးကား</u>

(၁) မှန်နန်းရာဇဝင်။

(၂) ဦးကုလားရာဇဝင်။

www.burmeseclassic.com

ရှမ်းပြည်နယ် ပင်းတယကတဲ့၊ ဖုန်းဆက်တယ်လို့ ကျွန်တော့်ဇနီးသည်ကပြောတော့ နည်းနည်းတော့ အံ့ဩသွားပါတယ်။ အမှန်ပြောရရင် အဲဒီပင်းတယမှာ ဖုန်းဆက်လောက်တဲ့ အသိမိတ်ဆွေ ကျွန်တော့်မှာ မရှိဘူးလေ။ အဲဒီနေ့က ကျွန်တော် အရင်တာဝန်ထမ်းဆောင်ခဲ့တဲ့ မစိုးရိမ်ရွာ ဘုရားပွဲကို ဘုန်းတော်ကြီးနဲ့ ရပ်သူရွာသား တပည့်များကဖိတ်လို့ သွားနေတာ။ ရွာဘုရားကအပြန် ဇနီးသည်က ဆီးကြိုပြောလို့ ဖုန်းနံပါတ်ရှာပြီး ဆက်လို့ လုပ်ရတော့တာပေါ့။

ကျွန်မက ဆရာ့စာဖတ်ပရိသတ်ပါ။ အကူအညီတစ်ခုတောင်းချင်လို့ပါ။ ဆရာကူညီနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်မ အိမ်ရောင်းချင်တယ် ဆရာ။ အိမ်ရောင်းထွက်အောင် ဆရာအကူအညီပေးပေးပါ။ အိမ်ရောင်းလို့ရသွားရင် လှူမယ်တန်းမယ်။ သားတွေ သမီးတွေကို အမွေသဘော ခွဲပေးပြီး ကျွန်မ တရားရိပ်သာကို အပြီးဝင်သွားချင်လို့ပါ ဆရာ။ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေကြတဲ့ လူတွေကြားမှာ နေနေရတာ စိတ်ကုန်နေပါပြီ ဆရာ။ ကူညီပါနော်' ဆိုလာတာနဲ့ ကျွန်တော် ကူညီပါ့မယ်လို့ ကတိပေးလိုက်ပါတယ်။

ဟုတ်တယ်လေ။ သူက ကျွန်တော့်စာဖတ်ပရိသတ်တစ်ဦး ဖြစ်နေတာရော အိမ်ရောင်းပြီး တရားဓမ္မရဲ့အရိပ်ကို အပြီးတိုင်ခိုလှုံတော့မယ် ဆိုတာရောတွေဟာ ကူညီသင့် ကူညီထိုက်တဲ့ အကြောင်းအရာ အချက်အလက်တွေပဲ မဟုတ်လား။

ဒါနဲ့ပဲ သူ့မွေးဖွားသက္ကရာဇ် အစုံအလင်ကို တောင်းယူလိုက်ပါတယ်။ သူက တနင်္လာသားသမီးတစ်ယောက်ပါ။ အသက်(၆၇)နှစ် ရှိပြီလေ။

သူဖုန်းဆက်တဲ့ နေ့ရက်၊ အချိန်နာရီတို့အရလည်း အင်္ဂဝိဇ္ဇာဗေဒင်အခါတိုင် အိမ်က ထွက်နိုင်ကိန်း ရှိနေတယ်။ သူ့ရဲ့ ယခုရောက်သက်နှစ်အရလည်း အိမ်က ထွက်နိုင်ကိန်း ရှိနေတယ်ဆိုတော့ ကူညီရမှာပေါ့။

ဒီနေရာမှာ ရှင်းပြဖို့လိုပြီလို့ ထင်ပါတယ်။ အိမ်ရောင်းချင်လို့ ကျွန်တော့်ဆီ အကူအညီတောင်းချိန်ဟာ အင်္ဂဝိဇ္ဇာအခါတိုင်အရ သောကြာတိုင်၊ အရပ်အခေါ်အရ ဆိုရင်တော့ သောကြာအခါ သောကြာအချိန်ပေါ့။ အဲဒီအချိန်အခါအရ အိမ်နံဖြစ်တဲ့ တနင်္ဂနွေဟာ တိုင်ခြေတြိရန်းမှာ ရောက်နေတဲ့အတွက် မငြိမ်လှုပ်ရှားလို့ သတ်မှတ်လို့ ရနေပါတယ်။ အိမ်ရောင်းမယ်ဆို ထွက်နိုင်ကိန်း ရှိတယ်လို့ ဆိုနိုင်ပါတယ်။




# အိမ်ရောင်းလိုလျှင် အောင်မာတ်ဆင်

## မင်းနေထွန်း (ကန့်ဘလူ)



www.burmeseclassic.com

www.burmeseclassic.com




နောက်တစ်ခုက သူ့အသက်တိုင်။ သူ့အသက်က (၆၇)နှစ်ရှိပြီဆိုတော့ အသက်တိုင်အရ ဗုဒ္ဓတိုင်(ဗုဒ္ဓဟူးတိုင်)ပေါ့။ အဲဒီဗုဒ္ဓဟူးတိုင်မှာလည်း အိမ်နံ့ဖြစ်တဲ့ တနင်္ဂနွေက တိုင်ထိပ် ပဋ္ဌပွတ်မှာ ရောက်နေတာကို တွေ့ရပါတယ်။ အင်္ဂဝိဇ္ဇာပညာရှင်ကြီးများက နံတစ်ခုကို ရောင်းလိုတဲ့အခါ ထွက်စေလိုတဲ့အခါ ရောင်းလိုသူရဲ့ ရောက်ဆဲအသက်ကို တည်ကိန်းပြု၍ (၇)နဲ့စားပါ။ ရရှိလာတဲ့ အကြွင်းအရ တိုင်ထူပါ။ ရောင်းလိုတဲ့ကုန်(နံ)၊ ထွက်စေလိုတဲ့ကုန်(နံ)ဟာ ပဋ္ဌပွတ်တိုင်ထိပ်မှာ ရောက်ရှိနေရင် ထွက်ပါတယ်။ ဒါကြောင့် ပဋ္ဌပွတ်နံဓာတ်သားပေါ်မှာ အထွက်အကျွရာ (မ)ရေးပြီး ရောင်းလိုတဲ့နံပစ္စည်းမှာ ချိတ်ဆွဲထားခြင်း၊ တင်ထားခြင်း ပြုလုပ်ရပါတယ်လို့ အဆိုအမိန့် ရှိထားတာကိုး။ ဒီတော့ အသက်တိုင်အရလည်း ရောင်းလိုတဲ့ တနင်္ဂနွေနံ အိမ်ဟာ တိုင်ထိပ် ပဋ္ဌပွတ်မှာ ရှိနေလေတာဆိုတော့ အခြေအနေကောင်းပေါ့။

နောက် သက်ရောက်ဆန်းတိုင်ကို ကြည့်လိုက်တော့လည်း ဗုဒ္ဓဟူးသက်ရောက်ဖြစ်နေတယ်။ တနင်္လာသားသမီးတစ်ဦးအဖို့ ဗုဒ္ဓဟူးသက်ရောက်ဟာ အတွင်းမိတ်၊ အပြင်မိတ် (ကု+လား) (ကို+ရှာ) မိတ်နှစ်ထပ်သ… ရောက်ဖြစ်နေတယ်။ အားကောင်းနေတယ်။ အဓိ… တော့ တနင်္ဂနွေနံ(အိမ်)ပါပဲ။ သက်ရောက်ဆန်းတို… တိုင်ခြေမြေလူး ရောက်နေတဲ့အပြင် ကောဇာ ဒွါယ… စနေက လာရောက်ပူးယှဉ်ပေးနေတယ်။ သူတို့ချင်း… (တနင်္ဂနွေ+စနေ) (အ+နွော)ဓာတ်မိတ်တွေ တော်… ကြပြန်တယ်။ ဒီတော့ ရောင်းလိုတဲ့အိမ်ဟာ ရောင်း… ဖို့ကိန်း ရှိနေတယ်ပေါ့။

နောက်တစ်ခုက အရောင်းအဝယ်ဓာတ်တိုင်… ဒီဓာတ်တိုင်ဟာ ပစ္စည်းတစ်ခု ရောင်းချလိုတယ်၊ … စေလိုတယ်ဆိုရင် ဓာတ်ဆင်ဓာတ်ရိုက်လုပ်တဲ့ ဘိုး… ဘိဘင်တို့ရဲ့ အမွေအနှစ်နည်းဗျူဟာ ဖြစ်ပါတယ်…

ဘိုးဘေးဘိဘင် ပညာရှင်ကြီးတွေက ရောင်း… နံ၊ ထွက်စေလိုတဲ့နံကို တိုင်ခြေမှာထားပါ။ ဖြစ်ပေါ်… တဲ့ ဓေယျတိုင်အရ တန်းကပ်နေ့ရက် တန်းကပ်အ… နာရီအခါမှာ တန်းကပ်နေ့နံသား အမည်က တန်း… ဓာတ်သားပစ္စည်းနံနဲ့ တန်းကပ်နံ ဂြိုဟ်သက်အရ … လို့ ဝိဂြိုဟ်ပြုထားပါတယ်။

ဒီတော့ ဖော်ပြပါ အရောင်းဓာတ်တိုင် ဓေယျ… အရ တန်းကပ်ဖြစ်တဲ့ သောကြာနေ့၊ သောကြာအ… သောကြာသားက သောကြာဂြိုဟ်သက် (၂၁)ချက်… အိမ်ကို သောကြာနံဓာတ်သား သီးကိုင်း(၂၁)ကိုင်းနဲ့ … ထုတ်ရပါမယ်။ အဲဒီလို ရိုက်ထုတ်တဲ့အခါမှာ … မြောက်အရပ်(သောကြာအရပ်)မှနေပြီး တောင်ဘက်… ကို မျက်နှာမူ ရိုက်ရပါမယ်။ ရိုက်ထုတ်ရမယ့် အ… တော့ သောကြာချိန်ဖြစ်တဲ့ နံနက်(၆)နာရီက (၇း၁… အတွင်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အကောင်းဆုံးအ… တော့ သောကြာနေ့ နံနက်(၆း၄၅)နာရီဟာ အကော… ပါပဲ။

ကောင်းပါပြီ။ အိမ်ရောင်းတယ်၊ မြေရောင်း… ဆိုတာ ဒီလိုနဲ့ လွယ်လွယ်စဉ်းစား လွယ်လွယ်လု… ဆောင်ရွက်ရုံနဲ့ မပြီးပါဘူး။ အချို့အိမ်တွေ၊ အချို့မြေ… ဟာ ကျွန်တော်တို့ မမြင်နိုင်၊ မသိနိုင်တဲ့ ပုဂ္ဂိုလ်ထူး… မြတ်တွေ အစောင့်တွေနဲ့ ပတ်သက်နှီးနွှယ်နေ… တယ်။ ဒီပုဂ္ဂိုလ်တွေ အလိုမကျရင် မနှစ်သက်ရင်… ကျွန်တော်တို့ ဘယ်လောက်ကြိုးစား၊ ကြိုးစား…



www.burmeseclassic.com

www.burmeseclassic.com

မရောက် မပေါက်မြောက်တတ်ကြပါဘူး။ ဒီတော့ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ- သူတို့ကိုလည်း အလေးအနက်ထားရမှာဖြစ်ပါတယ်။ မရှိနေသော် အကြောင်းမဟုတ်သော်လည်း ရှိနေသော် အကြောင်းဟုတ်နေတဲ့အတွက် အလေးအနက်ထားတဲ့အနေနဲ့ စနေနေ့ညမှာ အမွှေးတိုင်(၆)တိုင်နှင့် ပူဇော်ပ,သ မေတ္တာရပ်ခံ အကူအညီယူကြရပါမယ်။

အမွှေးတိုင်(၆)တိုင် ဆိုတာကတော့ ဘုရားအတွက်(၁)တိုင်၊ တရားအတွက်(၁)တိုင်၊ သံဃာအတွက်(၁)တိုင် ရတနာသုံးပါးအတွက် (၃)တိုင်နဲ့ အိမ်စောင့်နတ်(၁)တိုင်၊ မြေစောင့်နတ်(၁)တိုင်၊ ဝင်းစောင့်နတ်(၁)တိုင်တို့ပဲ ဖြစ်ပါတယ်။ စနေနေ့ညမှာ ဘုရားကို ရည်မှန်းပြီး နေအိမ်ရှိ ရုပ်ပွားတော်ရှေ့မှာ သောက်တော်ရေ၊ ပန်း၊ ဆီမီးတွေ ကပ်လှူပူဇော် မေတ္တာပို့ အမျှဝေခြင်းတွေ ပြုရပါမယ်။ စောစောက တင်ပြခဲ့တဲ့ အိမ်စောင့်နတ်၊ မြေစောင့်နတ်နဲ့ ဝင်းစောင့်နတ်တွေကို အမွှေးတိုင်ထွန်းညှိပူဇော် အစေ့အညီ တောင်းရပါမယ်။

**'ဤအိမ်နှင့် ထိုက်တန်သူများကိုလည်း လက်ခံပေးတော်မူကြပါ။ ၄င်းထိုက်တန်သူများကိုလည်း အမြန်ခေါ်ယူပေးတော်မူကြပါ'** စသဖြင့် မိမိတို့ ပြောဆိုတတ်သလို ပြောဆိုတိုင်တည် အကူအညီတောင်းရမှာ ဖြစ်ပါတယ်။

တနင်္ဂနွေနေ့နံနက်(၆)နာရီမှ (၇း၃၀)နာရီ [အကောင်းဆုံး (၆း၄၅)နာရီ]မှာ လူက အနောက်တောင်ထောင့်မှနေပြီး မျက်နှာကို အရှေ့မြောက်ထောင့်မူလျက် အိမ်တိုင် (သို့မဟုတ်) အိမ်နံရံကို (ည)အက္ခရာ စမရေးရပါမယ်။ မြေဖြူ (သို့မဟုတ်) ဆေးပင် အသုံးပြုနိုင်ပါတယ်။

(ည)အက္ခရာ စမရေးပြီး အဲဒီစမရေးထားတဲ့ တိုင် (သို့မဟုတ်) နံရံကို ဇွန်ကိုင်း၊ ဆီးကိုင်း၊ ညောင်ကိုင်း၊ [illegible]ယ်ကိုင်း၊ စွယ်တော်ကိုင်း အဆင်ပြေရာ တစ်မျိုးမျိုး (၆)ကိုင်းကို စက္ကူပတ်ထုပ်ပြီး (၆)ချက်ရိုက်ရပါမယ်။ ရိုက်နေစဉ်အတွင်းမှာ ဤအိမ်နှင့် ထိုက်တန်သူများ အမြန်အရောက်ဝင်ယူပါစေ။ နတ်မြတ်နတ်ကောင်းနှင့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့က ကူညီကြပါ စသည်ဖြင့် မိမိတို့တိုင်တည်ပြောဆိုတတ်သလို ပြောဆိုရပါမယ်။

တစ်ခါ အဲဒီတနင်္ဂနွေညနေ(၃)နာရီမှ (၄း၃၀)နာရီအတွင်း [အကောင်းဆုံး (၃း၄၅)နာရီ]မှာလည်း အိမ်အဝင်တံခါးမှာ (ဠ)စမအက္ခရာ ရေးရပါဦးမယ်။ ပြီးလျှင် သရက်ကိုင်း(၆)ကိုင်းနှင့် အရှေ့တောင်အရပ်ကို မျက်နှာမူပြီး အိမ်တံခါးဝ စမအက္ခရာပေါ်ကို (၆)ချက်ရိုက်ရပါဦးမယ်။ အဲဒီလိုရိုက်နေစဉ်အတွင်းမှာလည်း အထက်က ဖော်ပြထားတဲ့အတိုင်း နတ်မြတ်နတ်ကောင်း ပုဂ္ဂိုလ်ထူး အပေါင်းကို တိုင်တည်ပြောဆိုရပါမယ်။

အသက်တိုင် **ဗုဒ္ဓဟူးတိုင်**အရ ဗုဒ္ဓဟူးနေ့ နံနက်(၆)နာရီမှ (၇း၃၀)နာရီအတွင်း **(၆း၄၅)နာရီ အကောင်းဆုံးမှာ ပေါက်ရွက်၊ ပိန်းရွက်၊ ပဲရွက်၊ ပျဉ်းမရွက်** အလွယ်ရနိုင်တဲ့ တစ်မျိုးမျိုးအပေါ်မှာ (မ)စမအက္ခရာကို ဆေးပင်နှင့် ရေးပါ။ ပြီးလျှင် အပ်ချည်အပြာရောင်နှင့်ဖြစ်စေ၊ အစိမ်းရောင်နှင့်ဖြစ်စေ ချည်နှောင်ပြီး အိမ်ရဲ့ အမြင့်တစ်နေရာမှာ ချိတ်ဆွဲထားရပါမယ်။ လေတိုက်လျှင် ထိုဓာတ်သစ်ရွက် လှုပ်ရှားရန် လိုပါတယ်။ ချည်နှောင်ချိတ်ဆွဲနေစဉ်အတွင်းမှာလည်း အထက်ပါ တိုင်တည်အကူအညီတောင်းသည့် စကားများကို ပြောဆိုတိုင်တည် အကူအညီတောင်းရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအဆင့် အရေးအကြီးဆုံးဖြစ်တဲ့ သောကြာနေ့ဓာတ်တိုင်မှာ နံနက်(၆)နာရီမှ (၇း၃၀)နာရီ [အကောင်းဆုံး (၆း၄၅)နာရီ]တွင် အိမ်ရဲ့မြောက်အရပ်မှနေ၍ တောင်ဘက်ကို မျက်နှာမူပြီး သောကြာသားသမီးက သီးကိုင်း(၂၁)ကိုင်းနှင့် အိမ်နံရံကို (၂၁)ချက်ရိုက်ရပါမယ်။ ရိုက်နေစဉ်အတွင်းမှာ ဤအိမ်နှင့် ထိုက်တန်သူများ အမြန်ဝယ်ယူလာကြပါစေ။ ဤအိမ်နှင့် ထိုက်တန်သူများကိုလည်း နတ်မြတ်နတ်ကောင်းနှင့် ပုဂ္ဂိုလ်ထူးတို့က ခေါ်ယူပေးကြပါ စသဖြင့် ပြောဆိုရပါမယ်။

ဖော်ပြခဲ့တဲ့နေ့ရက်(၃)ရက် **တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် သောကြာ**တို့တွင် အသုံးပြုခဲ့တဲ့ ဓာတ်သားသစ်ရွက်၊ သစ်ကိုင်းတို့ကို အိမ်ရဲ့အမြင့်တစ်နေရာ လူမနင်း၊ လူမကျော်နေရာ၌ ထားပေးရန် လိုပါတယ်။ ဖော်ပြခဲ့တဲ့ အစီအရင်အားလုံး တိတိကျကျ လိုက်နာဆောင်ရွက်ပါက မကြာမီမှာပင် အိမ်ရောင်းထွက်သွားမှာဖြစ်ကြောင်း ပင်းတယက စာပေမိတ်ဆွေကို ညွှန်းလိုက်ရပါတယ်။ အခြားအသုံးပြုလိုတဲ့ပုဂ္ဂိုလ်များလည်း တုမှီးဆောင်ရွက်နိုင်ပါစေခင်ဗျား။

**ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်**

**မင်းနေထွန်း(ကံနှင့်ဉာဏ်)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အားလုံး အိပ်မက်,မက်ဖူးကြသည်။ သို့သော် မိမိတို့ အိပ်မက်သည် အတိတ်ကောင်း နိမိတ်ကောင်းလား၊ ကောင်းကျိုးတွေ ပေးဖို့လား၊ မကောင်းကျိုးတွေရဲ့ နိမိတ်ပုံရိပ်လေလား ဆိုတာကို ကျွန်ုပ်တို့ သတိမထားမိဘဲ အမှတ်တမဲ့ ကျော်သွားမိခဲ့ကြပေသည်။ အိပ်မက်ကောင်းကျိုးကို ကြိုတင်၍ သတိမထားမိသည့်အတွက် အကျိုးခံစားသင့်သော အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်မှာ အကြိမ်ကြိမ်။ အိပ်မက်မကောင်းကျိုးကို ကြိုတင်သတိမမူမိ၍၊ အိပ်မက်၏ အဓိပ္ပာယ်ကို နားမလည်၍ အမှုမဲ့အမှတ်မဲ့ နေမိခဲ့သည့်အတွက် ဒုက္ခသုက္ခနှင့် တွေ့ကြုံခဲ့ရသည်က မရေတွက်နိုင်ခဲ့။

အကယ်၍ ပုဗ္ဗနိမိတ်အဖြစ် မြင်မက်သည်ဟု ယူဆမိလျှင် မိမိမြင်မက်သော အိပ်မက်၏ ကောင်းကျိုးဆိုးပြစ်ကို ဝေဖန်တတ်သူအား ရှာ၍ ပြောပြရပေမည်။ သို့မဟုတ် အိပ်မက်ဆိုင်ရာ ကျမ်းစာအုပ်တို့ကို ဖတ်ရှု၍ ဝေဖန်သုံးသပ်ပြီးလျှင် ကောင်းကျိုးပေးမည့် အိပ်မက်ဖြစ်ပါက အကျိုးကျေးဇူးရရန် အချိန်ကာလကို စောင့်ဆိုင်းလျက် အထူးသတိရှိစွာဖြင့် နေရပေမည်။

ဆိုးကျိုးပေးမည့် အိပ်မက်ဖြစ်ပါက ထိုပေးလာမည့် မကောင်းကျိုးကို အဟောသိကံဖြစ်သွားအောင် ရတနာသုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမားတို့ကို ကိုးကွယ်ဆည်းကပ်၍ ယတြာများ လုပ်ဆောင်ခြင်းဖြင့် မကောင်းကျိုးများကို သက်သာလွန်မြောက်နိုင်ပေလိမ့်မည်။

ယတြာကောင်းက မင်းလောင်းပျောက် ဆိုသကဲ့သို့ ဆေးရှစ်ပါးဖြင့် ခေါင်းဆေးခြင်း၊ ဘုရားပုထိုးတို့အား ရှိခိုးခြင်း၊ နံ့သာပန်းတို့ဖြင့် ပူဇော်ခြင်း၊ ကြိုရန် စတုရန်း နံ့သင့်သစ်သားတို့အား အောက်ခံပြု၍ ခေါင်းဆေးခြင်း စသော လောကဓမ္မယတြာများကို ပြုလုပ်ခြင်းဖြင့် မကောင်းသော ဆိုးပြစ်တို့ကို လွန်မြောက်နိုင်ပေသည်။

အိပ်မက်၊ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဂြိုဟ်စား၊ သက်ရောက် အစရှိသည်တို့ကို မယုံကြည်လျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်၏။ ထို့ကြောင့်-

'ငါ့အား အကုသိုလ်ကံ အကျိုးပေးလို၍ မကောင်းသောအိပ်မက် စသည်တို့ကို မြင်လာကုန်သည်။ ကုသိုလ်ကံ အကျိုးပေးလို၍ ကောင်းသောအိပ်မက် စသည်တို့ကို မြင်လာကုန်သည်။ ဤသို့ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ကံကို အရင်းထား၍ ယုံကြည်ရမည်'ဟု ပညာရှိတို့ မိန့်တော်မူကြ၏။







www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်နှင့် နိမိတ်

၁။ အရှုးလှည့်ပတ်ခံရသည်ဟု မြင်မက်သော သွားလေရာ အရပ်တိုင်း၌ လာဘ်ရအံ့။
၂။ အနှိပ်စက်ခံရသည်ဟု မြင်မက်သော် ဘေးတွေ့အံ့။
၃။ အစွယ်ရှိသော သတ္တဝါ၊ ဦးချိုရှိသော သတ္တဝါတို့၏ အနှိပ်စက်ခံရသည်ဟု မြင်မက်မူ ရာဇဝတ် သင့်အံ့။
၄။ အထက်ရှေ့သွား ကျိုးသည်ဟု မြင်မက်သော် သား၌ ဥပဒ်ဖြစ်အံ့။
အောက်ရှေ့သွား ကျိုးသည်ဟု မြင်မက်မူ သမီး၌ ဥပဒ်ဖြစ်အံ့။
၅။ အသီးရှိသော သရက်ပင်၊ ဥသျှစ်ပင် စသည်တို့ကို မြင်မက်မူ ဥစ္စာတိုးပွားအံ့။
၆။ အလိုမရှိသော အနံ့ကို နမ်းရှူရသည်ဟု မြင်မက်မူ အနာရောဂါ နှိပ်စက်အံ့။ ဂုဏ်သတင်း ဆုတ်ယုတ်အံ့။
၇။ အပုပ်အသိုးကို စားရသည်ဟု မြင်မက်မူ လာဘ်ကြီးရအံ့။
၈။ အရပ်လေးမျက်နှာမှ လူသူလေးပါး လာသည်ဟု မြင်မက်မူ လာဘ်ရအံ့။
၉။ အိုးမည်းလိမ်းကျံရသည်ဟု မြင်မက်မူ မကောင်း။
၁၀။ ဦးထုပ်ဆောင်းရသည်ဟု မြင်မက်မူ ချမ်းသာအံ့။
၁၁။ ဦးခေါင်းပွန်းပွဲသည်ဟု မြင်မက်မူ မိဘ၊ ဆရာသမားတို့ နာဖျားအံ့။
၁၂။ ဥအမျိုးမျိုး စားရသည်ဟု မြင်မက်မူ ကြွယ်ဝအံ့။
၁၃။ အိမ်စောင်းသွားသည်၊ အိမ်ပြို၍သွားသည်ဟု မြင်မက်မူ ဖရိုဖရဲ အရှက်ကွဲအံ့။
၁၄။ အိမ်ရှိသည့်အရပ်၌ လဟာပြင်ကွင်းအတိ မြင်မက်မူ ငှင်းအရပ်၌ မီးလောင်အံ့။
၁၅။ အိမ်ပြို၊ ဘုရားပြို၊ သစ်ပင်ကျိုးကျသည်ကို မြင်မက်မူ ဘေးရောက်အံ့။
၁၆။ အိမ်ဝင်းထဲ၌ ဆင်၊ မြင်း၊ ကျွဲ၊ နွား သွားလာသည်ကို မြင်မက်မူ ကောင်းကျိုးရအံ့။
၁၇။ အိမ်ခေါင်မိုးသို့တက်၍ ရေသောက်ရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။
၁၈။ အုန်းသီး၊ ထန်းသီးကို မြင်မက်မူ လာဘ်ရအံ့။ ချီးမြှင့်ခြင်းကို ခံရအံ့။
၁၉။ အသီးရှိသော သစ်ပင်သို့ တက်ရသည်ဟု မြင်မက်မူ ချမ်းသာအံ့။
၂၀။ ဥဒေါင်းဝန်းရံသည်ကို မြင်မက်မူ သူတစ်ပါး အပူဇော်ခံရအံ့။
၂၁။ အိမ်ရာထူထောင်သည်ဟု မြင်မက်မူ လာဘ်ရအံ့။
၂၂။ ကြာမျိုးငါးပါး အနံ့ကို ရှူရသည်ဟု မြင်မက်မူ တည်ကြည်စွာ ဂုဏ်သတင်း ကျော်စောအံ့။
၂၃။ ကျွဲစီးရသည်ဟု မြင်မက်မူ ကျေးကျွန်ရအံ့။
၂၄။ ကြာညိုပန်းကို ပန်ရသည်ဟု မြင်မက်မူ မယားကောင်း ရအံ့။
၂၅။ ကျင်ကြီးစွန့်ရသည်ဟု မြင်မက်မူ ဥစ္စာပစ္စည်း လျှော့အံ့။ ကျင်ငယ်စွန့်ရသည်ဟု မြင်မက်မူ ဂုဏ်သတင်း လျှော့အံ့။



၂၆။ ကောင်းကင်၌ တည်ရှိသော ပြာသာဒ်သို့တက်၍ ကာမဂုဏ် ခံစားရသည်ဟု မြင်မက်မူ အကြီးအမှူး ဖြစ်အံ့။
၂၇။ ကောင်းကင်သို့ ပျံတက်၍ တံခွန်လွှားသည်ဟု မြင်မက်မူ ထင်ရှားအံ့။
၂၈။ ကျောက်ဖျာထက် နေရသည်ဟု မြင်မက်မူ

www.burmeseclassic.com

www.burmeseclassic.com

အလွန်ကောင်းအံ့။

ကြက်ချင်းခွပ်သည်ဟု မြင်မက်မူ တရားတဘောင် တွေ့ရအံ့။

ကြက်၊ ငှက်တို့၏ အတောင်များကို စားရသည်ဟု မြင်မက်မူ ကျေးဇူးသတင်း ပျံ့နှံ့ခြင်း ဖြစ်အံ့။

လူ၏ လက်ရုံးသားကို စားရသည်ဟု မြင်မက်မူ ထိုဆုကြီး ပေါက်အံ့။

ကိုယ်ပေါ်သို့ လောက်တက်သည်ဟု မြင်မက်မူ ဥစ္စာရအံ့။

ကိုယ်ခန္ဓာ ပုပ်သည်ဟု မြင်မက်မူ တန်ခိုးကြီးအံ့။

ခရုသင်းမှုတ်ရသည်ဟု မြင်မက်မူ စည်းစိမ်တိုးအံ့။

ခြင်္သေ့ကို စီးရသည်ဟု မြင်မက်မူ ကြီးပွားချမ်း သာအံ့။

ခရီးသွားရသည်ဟု မြင်မက်မူ အကြံမြောက်အံ့။

ခြေသည်း,လက်သည်း လှီးရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

ခြေသည်း,လက်သည်းတို့ကို ရေတွက်ရသည်ဟု မြင်မက်မူ အသက်ရှည်အံ့။

ချွေးထွက်သည်၊ သွေးထွက်သည်ဟု မြင်မက်မူ ဘုန်းကြီးအံ့။

ချြုဆည်းလည်း လှုပ်ရသည်ဟု မြင်မက်မူ မကောင်း။

ဂူ,လိုဏ်ကိုလည်းကောင်း၊ တံတိုင်းကိုလည်းကောင်း ပြုလုပ်ရသည်ဟု မြင်မက်မူ ချမ်းသာ သုခတို့ ဘေးရန်မရှိ တည်မြဲအံ့။

ငှက်ပျောပင် စိုက်ရသည်ဟု မြင်မက်မူ ရာထူးကြီး ရအံ့။

စစ်သည်အများ လာသည်ဟု မြင်မက်မူ အနာရောဂါဖြစ်အံ့။

စစ်သည်ဗိုလ်ပါကို မြင်မက်မူ ချမ်းသာသုခတိုးအံ့။

စင်ကြယ်သော ကလေးငယ်ကိုလည်းကောင်း၊ မီးရဲရဲကိုလည်းကောင်း၊ ခြင်္သေ့ကိုလည်း ကောင်း၊ နန်းပြာသာဒ်ကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ပုဏ္ဏားကိုလည်းကောင်း မြင်မက်မူ ချမ်းသာသုခကြီးအံ့။

စင်ကြယ်သောနွားကို ဖွားမြင်သည်ဟု မြင်မက်မူ ကောင်းကျိုးဖြစ်အံ့။

စောင်းမှတစ်ပါး အခြားတူရိယာတို့ကို တီးရသည်၊ သီချင်းဆိုရသည်ဟု မြင်မက်မူ မကောင်း။

အစားကြူးသည်ကို မြင်မက်မူ ဥစ္စာ,ရွှေငွေ လျော့အံ့၊ ဖျားနာအံ့။

ဆံပင်ဖြူသည်ကို မြင်မက်မူ အကျင့်ကောင်း၍ အကြီးအကဲဖြစ်အံ့။

ဆင်းတု,ရုပ်ပွားတော် တရားဟောသည်ကို မြင်မက်မူ ကျော်စောအံ့။

ဆင်ဖြူစီးရသည်ဟု မြင်မက်မူ သူတစ်ပါး အပူဇော်ခံရအံ့။

ဆူးစူးသည်ဟု မြင်မက်မူ ရန်တွေ့အံ့။

ဆားကို လျက်ရသည်ဟု မြင်မက်မူ သူတစ်ပါးတို့၏ ကိုးကွယ်ရာဖြစ်အံ့။

ဆောင်ထိပ်၌ နေရသည်ဟု မြင်မက်မူ ပြည်သူ့ ဝန်ထမ်း အကြီးအကဲဖြစ်အံ့။

ဆောင်ကလပ်သို့ တက်နေသည်ဟု မြင်မက်မူ လက်ရှိရာထူးထက်မြင့်သော အဆင့်ကိုရအံ့။

ဆံတားပေါ် လျှောက်ရသည်ဟု မြင်မက်မူ သောကရှိလျက် အလိုပြည့်အံ့။

ဆေးပတ်၊ ပျားရည်တို့ကို မြင်မက်မူ ချမ်းသာတိုးအံ့။

ဆား,လုံ့ အရောင်တောက်သည်ကို မြင်မက်မူ ဘုန်းတန်ခိုးကြီးအံ့။

ထမ်းစင်ထက် ကျိုးနားသည်ဟု မြင်မက်မူ နာဖျားပျက်စီးအံ့။

www.burmeseclassic.com

ထမ်းစင်၊ သန်လျင်း စီးရသည်ဟု မြင်မက်မူ လာဘ်ရအံ့။

၅၈။ နို့အမျိုးမျိုး သောက်ရသည်ဟု မြင်မက်မူ အကြီးအကဲ ဖြစ်အံ့။
နို့စို့ရသည်ဟု မြင်မက်မူ သူတစ်ပါး ပညာပေးအံ့။

၅၉။ နေ,လကြတ်သည်ဟု မြင်မက်မူ ဘုန်းကျက်သရေ တိုးအံ့။

၆၀။ နေ,လတို့ မွန်းတည့်သည်ကို မြင်မက်မူ ကြီးစွာသော ချမ်းသာသုခကို ရအံ့။

၆၁။ နေ,လတို့ကို ရင်ခွင်ပိုက်ရသည်ဟု မြင်မက်မူ ဘုန်းကြီးသော သားကို ရအံ့။

၆၂။ နှလုံးသား အပြင်ထွက်သည်ဟု မြင်မက်မူ သားသမီး အရပ်တစ်ပါးသို့ ပြောင်းသွားရအံ့။

၆၃။ နှင်းလိမ်းကျံရသည်ဟု မြင်မက်မူ ဖျားနာအံ့။

၆၄။ နားပင်းသည်ဟု မြင်မက်မူ သူတစ်ပါးတို့ အတင်းပြောအံ့။

၆၅။ နားတွင်းသို့ ဆီသန့်ဝင်သည်ဟု မြင်မက်မူ နှစ်သက်ဖွယ်ရာ စကားကို ကြားရအံ့။

၆၆။ ပခြုပ်တွင်း၌ မီးတောက်သည်ဟု မြင်မက်မူ လက်အောက်ငယ်သားတို့ တော်လှန်အံ့။

၆၇။ ပွဲခံရသည်ကိုလည်းကောင်း၊ ပွဲလမ်းသဘင်ကိုလည်းကောင်း မြင်မက်မူ မကောင်း။ သေပျောက်တတ်အံ့။

၆၈။ ပန်းစည်းကို မြင်မက်မူ ရာထူးရအံ့။

၆၉။ ပုဆိုးသစ်၊ လုံချည်သစ်ကို မြင်မက်မူ ဘုန်းကျက်သရေတိုးအံ့။

၇၀။ ပြာသာဒ်ထက်၌နေ၍ အစားအစာကို စားရသည်ဟု မြင်မက်မူ အထူးကောင်းမွန်အံ့။

၇၁။ ပုဆိုးအဖြူ ဝတ်ရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

၇၂။ ပိတုန်းတုပ် ခံရသည်ဟု မြင်မက်မူ ရန်တွေ့အံ့။

၇၃။ ဖိနပ်စီးရသည်ဟု မြင်မက်မူ အသရေတိုးအံ့။

၇၄။ ဘုရားရုပ်တုတော် မိမိဦးခေါင်းထက်၌ တည်ရှိသည်ဟု မြင်မက်မူ အကြီးအကဲတို့ ချီးမြှောက်အံ့။

၇၅။ ဘုရားရုပ်တုတော် မိမိ၏ လက်ဝဲ,လက်ယာ ပခုံးတို့၌ တည်ရှိနေသည်ဟု မြင်မက်မူ ကြီးမြင့်သော အခြေအရံ ပရိသတ်ရအံ့။

၇၆။ ဘုရားရုပ်တုတော်ကို ဖူးတွေ့ရသည်ဟု မြင်မက်မူ တစ်နေ့တခြား ကျော်စောအံ့။

၇၇။ ဘုရားရုပ်တုတော် ကြွလာတော်မူသည်ကို မြင်မက်မူ ဘုန်းကျက်သရေ တိုးအံ့။

၇၈။ မိမိရူးသည်ဟု မြင်မက်မူ လာဘ်ရအံ့။

၇၉။ မိန်းမနှင့်အတူ အိပ်ရသည်ဟု မြင်မက်မူ လာဘ်ရအံ့။

၈၀။ မိုးရေထဲ၌ ပျော်ပါးရသည်ဟု မြင်မက်မူ ဥစ္စာစီးပွား များပြားစွာ ရအံ့။

၈၁။ မျက်စိကွယ်သည်ဟု မြင်မက်မူ သားသမီးတို့ ထွက်ပြေးအံ့။

၈၂။ မီးတန်ဆောင် ထွန်းညှိရသည်ဟု မြင်မက်မူ ပညာတိုးပွားရရှိအံ့။

၈၃။ မိမိအူကို ထုတ်၍ ပတ်ရသည်ဟု မြင်မက်မူ သြဇာအာဏာ အရှိန်အဝါ ကြီးမားအံ့။

၈၄။ မြေတူးရသည်ဟု မြင်မက်မူ မကောင်း။

၈၅။ မစင်လိမ်းကျံသည်ဟု မြင်မက်မူ ပစ္စည်းဥစ္စာရအံ့။

၈၆။ မြွေကိုက်ခံရသည်ဟု မြင်မက်မူ လူလိမ်ခံရအံ့။

၈၇။ မုတ်ဆိတ်ကျင်စွယ် ရှည်သည်ကို မြင်မက်မူ တန်ခိုးကြီးအံ့။

၈၈။ မြေခဲစားရသည်ဟု မြင်မက်မူ လာဘ်ရအံ့။



www.burmeseclassic.com

www.burmeseclassic.com



၈၉။ မြစ်ရေကို သောက်ရသည်ဟု မြင်မက်မူ သူတစ်ပါးတို့ ထက် ကျော်စောထင်ရှားအံ့။
၉၀။ ရေထဲ၌ မြွေ၊ ကင်းတို့ကို မြင်မက်မူ ချမ်းသာရအံ့။
၉၁။ ရွှေ၊ငွေ၊ရတနာ ပတ္တမြားစသော ရတနာတို့ကို မြင်မက်မူ ကောင်းကျိုးရောက်အံ့။
၉၂။ ရွှေဟင်္သာ တရားဟောသည်ကို ကြားနာရသည်ဟု မြင်မက်မူ ဘုန်းကျက်သရေတိုးအံ့။ စိတ်ချမ်းသာအံ့။
၉၃။ ရွှေခွက်နှင့်ထည့်၍ ထမင်းစားရသည်ဟု မြင်မက်မူ ထီဆုကြီးပေါက်အံ့။ ကြီးကျယ်သော လာဘ်ရအံ့။
၉၄။ ရထားစီးရသည်ဟု မြင်မက်မူ မယားကောင်းရအံ့။
၉၅။ လှေစီးရသည်ဟု မြင်မက်မူ ချမ်းသာတိုးအံ့။
လှေစီးစဉ် ရေနစ်သည်ဟု မြင်မက်မူ ဥစ္စာပျက်စီးအံ့။
၉၆။ လူသေကို မြင်မက်မူ စကားဟောင်းပေါ်၍ ကြံသမျှ အပြီးသို့ ရောက်အံ့။
၉၇။ လှည်းဘီးကို မြင်မက်မူ အကြီးအကဲဖြစ်အံ့။
၉၈။ လက်ကောက်၊ လက်စွပ်၊ ခြေချင်း ဝတ်ရသည်ဟု မြင်မက်မူ သားကောင်းရအံ့။
၉၉။ လက်ကိုလည်းကောင်း၊ ပေါင်ကိုလည်းကောင်း၊ ရင်ကိုလည်းကောင်း ကျောက်ကွင်းဖွဲ့သည်ဟု မြင်မက်မူ သားကောင်း၊သမီးကောင်း ရအံ့။
၁၀၀။ လိပ်၊ ငါးကို စားရသည်ဟု မြင်မက်မူ စပါးဆန်ရေ အစားအစာ ပေါကြွယ်ဝအံ့။
၁၀၁။ လက်ယာလက်သည်း ပွင့်သည်ဟု မြင်မက်မူ သား၌ လာဘ်ရအံ့။
လက်ဝဲလက်သည်း ပွင့်သည်ဟု မြင်မက်မူ သမီး၌ လာဘ်ရအံ့။
၁၀၂။ ခြေသည်းပုပ်သည်ဟု မြင်မက်မူ ဖျားနာအံ့။
၁၀၃။ လဲကျသည်ဟု မြင်မက်မူ တရားရှုံးအံ့။
၁၀၄။ လှည်း၊ ပျဉ်၊ ထင်းစည်း၊ ဆုံ၊ ချား၊ ရဟတ်တို့ကို မြင်မက်မူ သူတစ်ပါး မကောင်းကြံတတ်အံ့။
၁၀၅။ သွေးကို ရေချိုးရသည်ဟု မြင်မက်မူ ချမ်းသာသုခ ပွားအံ့။
၁၀၆။ သမုဒ္ဒရာကို ကူးရသည်ဟု မြင်မက်မူ အကြီးအကဲခေါင်းဆောင် ဖြစ်အံ့။
၁၀၇။ သာယာသော အသံကို ကြားရသည်ဟု မြင်မက်မူ စိတ်ချမ်းသာ၍ သတင်းကောင်း ကြားရအံ့။
၁၀၈။ သပိတ်၊ ပရိက္ခရာတို့ကို မြင်မက်မူ လာဘ်ရအံ့။
၁၀၉။ သမုဒ္ဒရာရေကို သောက်ရသည်ဟု မြင်မက်မူ အလွန်ကျော်စော၍ ထင်ရှားကောင်းမွန်အံ့။
၁၁၀။ သေရည်သေရက် သောက်ရသည်ဟု မြင်မက်မူ ကြောင့်ကြများအံ့။
၁၁၁။ သူငယ်ကို ချီရသည်ဟု မြင်မက်မူ ချမ်းသာအံ့။
၁၁၂။ သွားနာသည်၊ သွားနဲ့သည်၊ သွားယိုင်သည်ဟု မြင်မက်မူ ဥစ္စာပစ္စည်း လျော့အံ့၊ ဖျားနာအံ့။


လူအများ မြင်မက်လေ့ရှိသော အိပ်မက်များနှင့် နိမိတ်များကို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ စာဖတ်သူအပေါင်း အိပ်မက်လှလှမက်၍ ပျော်ရွှင်သော ဘဝကိုယ်စီ ပိုင်ဆိုင်နိုင်ကြပါစေ။

**မောင်ဝဏ္ဏ**(IC)

ကိုးကား: * လောကီပဒေသာ ညွှန့်ပေါင်းကျမ်း။ * ရှေးထုံးစဉ်လာ လောကီရတနာ။


www.burmeseclassic.com

www.burmeseclassic.com





# အသည်းရောင်အသားဝါရောဂါ နှင့် သဘာဝကုထုံးများ

ဟိန်း(ဘူမိ)

အသည်းရောင် အသားဝါရောဂါသည် အသည်းရောဂါများတွင် အဖြစ်များသော ရောဂါတစ်မျိုး ဖြစ်ပေသည်။ ယင်းရောဂါတွင် အသားအရေ အဝါရောင်သန်းလာခြင်း၊ မျက်စိများ ဝါခြင်း လက္ခဏာမျိုး ပြတတ်ပြီး ယင်းမှာ သည်းခြေရည်၏ ရောင်ခြယ်ပစ်ဂမန့်များ ဖြစ်သည့် ဘီလီရူဘင်(bilirubin) များ သွေးတွင်း ရောက်ရှိပျံ့နှံ့သွား၍ ဖြစ်ပါသည်။

သည်းခြေရည်ကို အသည်းမှ ထုတ်လုပ်ပေးပြီး သင့်လျော်သော အာဟာရဓာတ် ရရှိစေရန် အစာများကို ချေဖျက်ပေးမည့် အရေးပါသော အစာချေရည် ဖြစ်ပေသည်။ လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်းက အစာချေဖျက်မှု ဖြစ်စဉ်ကို အကောင်းဘက်မှ လွှမ်းမိုးသက်ရောက်ပေသည်။ ယင်းက အစားအစာများတွင် ပျက်စီးယိုယွင်း ပြောင်းလဲခြင်းကိုလည်း ကာကွယ်ပေးသည်။ အစာချေရည်သည် အူသိမ်အူမတွင်းမှ ဓာတ်ငွေ့များ(gases) နှင့် အခြားအရာများ ဝင်ရောက်ခြင်းမှလည်း ကာကွယ်တား



ဆီးပေးသည်။ ပုံမှန်အားဖြင့် အစာချေရည်ကို ပုံသေထု
လုပ် စီးလှည့်စေပါသည်။

အသည်းရောင် အသားဝါရောဂါ (၃)မျိုးရှိသ
ဟေမိုလိုက်ပတစ် အသည်းရောင် အသားဝါရောဂါ
သွေးနီဆဲလ်များကို အလွန်အကျွံ ဖျက်ဆီးပစ်က ဘီ
ရူဘင်များကို တိုးပွားဖြစ်ပေါ်စေ၍ သွေးအားနည်းစေ
ပါသည်။ အော့ဘ်စထရပ်တစ် အသည်းရောင် အသ
ရောဂါသည် ဂျူရိုဒီနမ်(duodenum) တွင်းသို့ သ
ခြေရည် ဝင်ရောက်ခြင်းနှင့် အသည်းဆဲလ်များတွင်း ဘီ
ရူဘင်များ အသွင်ပြောင်းမှုတို့ကြားတွင် လမ်းကြော
တားဆီးမှု ပြုပေးပါသည်။ ဟေပါတိုဆယ်လူလာ အ
ရောင် အသားဝါရောဂါသည် ပိုးဝင်ခြင်း (သို့မဟု
အဆိပ်သင့် ဆေးဝါးများကြောင့် အသည်းဆဲလ်များ အ
အကျယ် ပျက်စီးခြင်း၏ အကျိုးရလဒ် ဖြစ်ပါသ


ယင်းအသည်းရောင် အသားဝါရောဂါ (၃)မျိုး
တွင် မျက်စိအဖြူသားနေရာများ အဝါရောင်သန်း
အသားအရေများ အဝါရောင်သန်းခြင်းကို တွေ့ရ
သည်။ သက်ကြီးပိုင်းတွင် အသည်းရောင် အ
ရောဂါ ဖြစ်ပွားပါက ပို၍ဆိုးဝါးစွာ ခံစားရစေတတ်
အသက်ကြီးပိုင်းများတွင် ဟက်ပါတိုဘီလိုင်မာရီ
နှင့် ဆက်စပ်၍ အသည်းရောင် အသားဝါရော
ပေါ်ခံစားရလေ့ရှိတတ်သည်။

## ရောဂါလက္ခဏာ

အသည်းရောင် အသားဝါရောဂါ၏ လက္ခ
မှာ အလွန်အားနည်း နွမ်းလျခြင်း၊ ခေါင်းကို
ဖျားခြင်း၊ ခံတွင်းပျက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း
ဝမ်းချုပ်တတ်ခြင်း၊ အော်ဂလီဆန်ခြင်း (ဝါ) ပို့
မျက်လုံးများ ဝါခြင်း၊ ကိုယ်သားကိုယ်ရေ ဝါခြင်း
ဝါခြင်း၊ ဆီးဝါလွန်းခြင်းတို့ ဖြစ်ပါသည်။ ရော

www.burmeseclassic.com

www.burmeseclassic.com



ရသူသည် အသည်းနေရာတစ်ဝိုက်နားတွင် နာကျင်ကိုက်ခဲမှုကို ခံစားရတတ်သည်။ အော့ဘ်စထရပ်တစ် အသည်းရောင် အသားဝါရောဂါတွင် အပြင်းအထန် ယားယံခြင်းမျိုးပါ ခံစားရတတ်သည်။

**အကြောင်းရင်း**

အသည်းရောင် အသားဝါရောဂါသည် အသည်း၏ လုပ်ဆောင်မှု ချွတ်ယွင်းဖောက်ပြန်ခြင်းကြောင့် ဖြစ်ရခြင်း ဖြစ်ပါသည်။ ယင်းက သည်းခြေရည်များ ဟန့်တားခံရပြီး အသိမ်အမြအတွင်းသို့ သည်းခြေဆားနှင့် ရောင်ခြယ်ပစ္စည်းလေးများ ထုတ်လွှတ်ရောက်ရှိစေခြင်း ဖြစ်ပုံရလေသည်။ သည်းခြေရည်များသည် သွေးများနှင့် ရောနှောသွားရကာ ကိုယ်ရေကိုယ်သား(အရေပြား)ကို အဝါရောင်သန်းစေခြင်း ဖြစ်ပေသည်။ သည်းခြေရည် စီးလှည့်မှု ဟန့်တားခံရသောအခါ သည်းခြေကျောက်တည်ခြင်း (သို့မဟုတ်) အသည်းရောင်ခြင်းများ ဖြစ်စေပါတော့သည်။ ယင်းကို ဟက်ပါတိုက်တစ်(hepatitis) ဟု ခေါ်သည့် ဗိုင်းရပ်စ်ပိုးများကြောင့် အကြောင်းခံ၍ ဖြစ်ရတတ်သော ရောဂါမျိုးလည်း ရှိသည်။ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ရသော အသည်းရောင် အသားဝါရောဂါသည် ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ကူးစက်ရောဂါ ဖြစ်ပွားသည်ထိ ဦးတည်သွားတတ်သည်။ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ မသန့်ပြန့်သော နေထိုင်မှုအနေ၊ အစားအစာနှင့်ရေ မသန့်ပြန့်ခြင်းတို့ကြောင့် ဖြစ်ရတတ်သည်။ အသည်းရောင် အသားဝါရောဂါ ဖြစ်ရတတ်သော အခြားအကြောင်းရင်းများတွင် သွေးအားနည်းစေသော ရောဂါမျိုးနှင့် အူရောင်ငန်းဖျား၊ ငှက်ဖျား စသည်တို့ကဲ့သို့ အသည်းကို ထိခိုက်စေတတ်သော ရောဂါများ ပါဝင်ပါသည်။

**ကုသပေးခြင်း**

အသည်းရောင် အသားဝါရောဂါကို ရိုးရှင်းစွာ ကုသနည်းမှာ စားသောက်ပုံစနစ် ပြောင်းလဲခြင်း (ဝါ) ဓာတ်စာကုထုံး(diet therapy) နှင့် လေ့ကျင့်ခန်း လုပ်ဆောင်စေခြင်းတို့ ဖြစ်သည်။ သို့သော် ရောဂါပြင်းထန်ပါက ပြန်လည်သက်သာမှု နှေးကွေးတတ်ပေသည်။ ဝေဒနာခံစားရသူသည် ရောဂါ၏ ပြင်းထန်သော လက္ခဏာများ လျော့ပါးသွားသည်အထိ အနားယူသင့်သည်။

ရောဂါခံစားရသူအား ငါးရက်ခန့် သစ်သီးရည်ကဲ့သို့ အရည်များ ပေးသင့်သည်။ လိမ္မော်ရည်၊ သံပရာရည်၊ စပျစ်ရည်၊ မုန်လာဥနီရည်၊ မုန်လာဥတစ်မျိုး(beet) ရည်၊ ကြံရည် စသည်ဖြင့် ဖြစ်သည်။ ယင်းကာလများအတွင်း ရေနွေးနွေးဖြင့် စအိုမှ ဝမ်းချူပေးသင့်သည်။ သို့မှသာ ကိုယ်တွင်းမှ အဆိပ်သင့်နေသော အရာများကို ကိုယ်ပြင်ပသို့ ထွက်သွားစေကာ သွေးများနှင့် ရောနှောမသွားစေရန် တားဆီးပေးနိုင်ပေမည်။ သစ်သီးရည်သာ သောက်သုံးစေခြင်းကို ပြင်းထန်သော ရောဂါလက္ခဏာများ လျော့ကျသွားသည်ထိ ဆောင်ရွက်ပေးရမည်။

သစ်သီးရည်ဖြင့် သက်သာရာရစေပြီးနောက် (၃) ရက်မှ (၅)ရက်ထိ သစ်သီးဝလံများသာ စားသုံးစေရမည်။ ပန်းသီး၊ သစ်တော်သီး၊ စပျစ်သီး၊ လိမ္မော်သီး၊ နာနတ်သီးကဲ့သို့ အရည်ရွှမ်းသော အသီးများ ဖြစ်စေသင့်ပါသည်။ ထို့နောက်တွင် ရိုးရှင်းသော စားစရာများကို အောက်တွင် အကြံပြုထားသည့်အတိုင်း ဆက်လက်စားသုံးစေရမည်။

**အိပ်ရာထထချင်း**

ရေနွေးနွေး တစ်ဖန်ခွက်အတွင်း သံပရာသီးတစ်ခြမ်း



www.burmeseclassic.com



အရည်ညှစ်ထည့်ပေး၍ သောက်သုံးစေရမည်။

**နံနက်စာ(Breakfast)**

ပန်းသီး၊ သစ်တော်သီး၊ သဘော်သီး၊ စပျစ်သီး၊ သရက်သီး တစ်လုံးကို ဂျုံကြမ်းသက်သက်ဖြင့် လုပ်ထားသော ပေါင်မုန့်တစ်ချပ်ဖြင့် စားပေးစေရမည်။

**နံနက်အလယ်စာ(Mid-morning)**

လိမ္မော်သီး (သို့မဟုတ်) သစ်တော်သီးရည် သောက်စေရမည်။

**နေ့လယ်စာ(Lunch)**

ဟင်းရွက်သုပ်နှင့် ဂျုံမှုန့်သက်သက်ဖြင့် ပြုလုပ်ထားသော ချပါတီအသေးစား(၂)ချပ်၊ ရေနွေးဖျောထားသော ဒေါက်ခွရွက်(spinach) (သို့မဟုတ်) မုန်လာဥနီနှင့် နို့ တစ်ခွက်။

**နေ့လွဲလယ်စာ(Mid-afternoon)**

အုန်းရည် (သို့မဟုတ်) ပန်းသီးရည်။

**ညစာ(Dinner)**

ဟင်းရွက်ပြုတ်ရည် (ဝါ) ဟင်းရွက်စွတ်ပြုတ် တစ်



ခွက်၊ ဂျုံဖြင့်သာ ပြုလုပ်ထားသော ချပါတီအသေးစား (၂)ချပ်၊ အာလူးမီးဖုတ်(၁)လုံးနှင့် အခြားဒေါက်ခွရွက် ကဲ့သို့ ဟင်းရွက်မျိုး။

**ညအိပ်ရာမဝင်မီ**

အဆီထုတ်ထားသော နို့ပူပူ တစ်ခွက်ကို ပျားရည် အနည်းငယ်စွက်၍ သောက်စေရမည်။

ထောပတ်၊ မလိုင်၊ ဆီ စသည်တို့ကို အနည်း နှစ်ပတ်မျှ ရှောင်ပေးရမည်။ ထို့နောက်တွင် ထောပ နှင့် သံလွင်ဆီတို့ကို အနည်းငယ်မျှသာ ပေးရမည်။ ကာ ဓာတ်(carbohydrate) နည်းသော စားစရာတွင် ဆီ စေဘဲ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများဖြင့် စား စေရမည်။

ရောဂါခံစားနေရသူသည် သစ်သီးဝလံများ၊ သစ် ရည်များ များစွာစားသုံးနိုင်ပါသည်။ ခုဒလီရွက် (Dan- delion Leaves)၊ မုန်လာဥနီ(အရွက်နှင့်တကွ) စသ တို့ကို ဟင်းရွက်သုပ်အဖြစ် စားသုံးပေးနိုင်သည်။ သီး၊ သစ်တော်သီးများကို သူ့အတိုင်း စားသုံးပေးခြင်း များစွာအကျိုးရှိစေနိုင်ပါသည်။ ဘာလီရည်ကို နေ့ တွင် ကြိမ်ဖန်များစွာ သောက်ပေးနိုင်ပါသည်။ ဘာ တစ်ခွက်စာကို ရေ(၃)လီတာထည့်၍ (၃)နာရီကြာ အေးအေးဖြင့် တည်ပေးကာ အရည်ချည်းသက်သ သောက်စေခြင်းသည် အသည်းရောင် အသားဝါရော အတွက် အလွန်ကောင်းကျိုးရစေပါသည်။

အစာကြေခဲသော၊ အစာချေချက်မှုကို အဟန့်အ ဖြစ်စေသော ပဲသီးတောင့်၊ ပဲအခြောက် စသည်များ သုံးခြင်းမှ ရှောင်ကြဉ်ရမည်။ ရေသန့်သန့်အတွင်း ပရာရည် ညှစ်ထည့်ပေးထားကာ မကြာခဏ သော သုံးပေးခြင်းက အသည်းဆဲလ်များ ပျက်စီးမည့်ဘေး ကာကွယ်တားဆီးပေးရာ ရောက်စေပါသည်။

အသည်းရောင် အသားဝါရောဂါအတွက် အ သော သဘာဝဆေးနည်းမှာ မုန်လာဥနီ၏ အစိမ်း အရွက်များ ဖြစ်သည်။ ယင်းအရွက်များကို ထော ၍ အဝတ်ပါးသန့်သန့်တွင်ထည့်ကာ အရည်ရအောင် ၍ ယူရမည်။ ယင်းအရည် လီတာတစ်ဝက်စာ စီစီ)ကို အရွယ်ရောက်ပြီး လူနာအတွက် နေ့စဉ် သော သုံးစေရမည်။ ယင်းက ခံတွင်းပျက်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

သက်သာစေနိုင်ပြီး ဝမ်းမှန်စေကာ ရောဂါလက္ခဏာများကို တဖြည်းဖြည်း လျော့ကျသွားစေနိုင်ပါသည်။ များသောအားဖြင့် ဝေဒနာခံစားနေရသူများမှာ (၈)ရက်မှ (၁၀)ရက်အတွင်း လုံးဝသက်သာရာ ရသည်အထိ အကျိုးထူးစေကြောင်း တွေ့ရပါသည်။

ခရမ်းချဉ်သီးသည်လည်း အသည်းရောင် အသားဝါရောဂါအတွက် ကောင်းကျိုးရှိစေသည်။ လတ်ဆတ်သော ခရမ်းချဉ်သီးရည် တစ်ဖန်ခွက်ကို ဆားနှင့် ငရုတ်ကောင်းမှုန့် လက်တစ်ဆုပ်စာစီမျှ ရောထည့်ပေးကာ နံနက်စောစောတွင် သောက်သုံးစေရမည်။ အသည်းရောင် အသားဝါရောဂါအတွက် အတော်ထိရောက်စွာ သက်သာစေပါမည်။

အသည်းရောင် အသားဝါရောဂါ ခံစားနေရသူသည် အသည်းလုပ်ဆောင်မှု ပုံမှန်ပြန်ဖြစ်သည်အထိ အနားယူသင့်သည်။ အသည်းကျန်းမာရေးကား နေ့စဉ် လှုပ်ရှားမှုပုံစံနှင့် စားသောက်မှုပုံစံများပေါ်တွင် မူတည်သည်။ သို့ဖြစ်၍ လေ့ကျင့်ခန်း အသင့်အတင့်(အလတ်စား) လုပ်ပေးကာ မကြာခဏ နေရောင်ခံပေးခြင်း၊ လေကောင်းလေသန့် ရှူရှိုက်ပေးခြင်း၊ လုံလောက်သော အနားယူမှုပြုပေးခြင်းတို့ လုပ်ဆောင်ပေးရပါမည်။

သုတေသနပြုချက်များအရ အသည်းသည် လိုအပ်သော အာဟာရဓာတ်များကို ယင်းကိုယ်တိုင် ပြန်လည်ထောက်ပံ့ပေးနိုင်အောင် ပြုပေးနိုင်သော အံ့ဖွယ်စွမ်းအားရှိကြောင်း တွေ့ရှိခဲ့ကြရပါသည်။ ပရိုတိန်းဓာတ် ပြည့်စုံသော စားစရာများ၊ ဗီတာမင်(စီ)၊ ဗီတာမင်(ဘီ) အုပ်စုများ၊ အထူးသဖြင့် ချိုလိုင်း(choline) နှင့် ဗီတာမင်(အီး) တို့ အားဖြည့်ပေးရပါမည်။ ရောဂါမှ ပြန်လည်သက်သာရာရပြီးနောက် စားသုံးမှုပုံစံကို ဖော်ပြပါအတိုင်း ကာလအတန်ကြာ ဆက်လက်စားသုံးစေသင့်ပါသည်။ သို့မှသာ နောင်တွင် ရောဂါပြန်လည်မဖြစ်ပွားစေရန် အထောက်အကူပြုပေးပါလိမ့်မည်။

ဟိန်း(ဘူမိ)

<u>ကျမ်းကိုး</u>

* Naturopathy for LONGEVITY
by Dr. H.K. Bakhru.

စိတ်မနှောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ 'ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com



# လေဖြတ်ရောဂါ ကြိုတင်ကာကွယ်ပါ

ဆရာဦးသိမ်ဟာ(တိုင်းရင်းဆေး)

လေဖြတ်ရောဂါသည် ကျား,မ မရွေး ဖြစ်တတ်သော ရောဂါဖြစ်သည်။ အသက်ကြီးပြီး ဝဖြိုးသောသူများ လေဖြတ်တတ်သကဲ့သို့ အသက်ငယ်ပြီး သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ အခံရှိကာ အစားအသောက်၊ အနေအထိုင် မဆင်ခြင်သည့် ပိန်သောသူများသည် လေဖြတ်တတ်ပါသည်။ လေဖြတ်ရောဂါကို တိုင်းရင်းဆေးပညာအရ ပက္ခာဃာတဟု ခေါ်သည်။ ပက္ခာ=ကိုယ်အစိတ်အပိုင်း၊ ဃာတ= သေခြင်း၊ သတ်ဖြတ်ညှဉ်းဆဲခြင်းဟု အဓိပ္ပာယ်ရသည်။ သိပ္ပံဆေးပညာရှင် ဆရာဝန်များက (Stroke) လေဖြတ်ရောဂါဟု အဓိပ္ပာယ်ဖွင့်သည်။

လေဖြတ်ရောဂါမှာ ပထဝီဓာတ်နှင့် အာပေါဓာတ်လွန်ကဲပြီး တေဇောဓာတ်နှင့် ဝါယောဓာတ်ယုတ်လျော့၍ လေဖြတ်ခြင်းဖြစ်သည်။ လေဖြတ်ရောဂါမှာ အခြေခံအားဖြင့် ဦးနှောက်သွေးကြောပိတ်ခြင်း (Ischemic Stroke) နှင့် ဦးနှောက်သွေးကြောပေါက်ခြင်း (Hemorragic Stroke) ဟူ၍ နှစ်မျိုးရှိသည်။ လေဖြတ်ရောဂါရှင် (၈၀)ရာခိုင်နှုန်းမှာ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း ဖြစ်သည်။

လေဖြတ်ရောဂါဖြစ်စေမည့် အကြောင်းရင်းများမှာ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ အခံရှိသူများနှင့် ခါးကြောရိုးနာ့ဗ်ကြော ထိခိုက်ဒဏ်ရာရခြင်းကြောင့်ဖြစ်သည်။ လေဖြတ်သူ (၈၀)ရာခိုင်နှုန်းမှာ သွေးတိုးရောဂါ အခံရှိသူများဖြစ်သည်။ သွေးတိုးရောဂါ အခံရှိပြီး အဆီနှင့်အငန် လွန်ကဲစွာ စားသောက်ခြင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတွင်ရှိသော သွေးကြောများ ကျဉ်းမြောင်းလာကာ သွေးတစ်ဟုန်ထိုး တက်စေပါသည်။ သွေးတိုး၊ သွေးတက်ချိန်တွင် ရေချိုးခြင်း၊ ပန်ကာလေခံခြင်း၊ လေအေးစက်ခံခြင်းကြောင့် လေဖြတ်တတ်ပါသည်။ ဆီးချိုသွေးချို တက်နေလျှင်လည်း လေဖြတ်တတ်ပါသည်။ လေဖြတ်သည့်လူနာ (၃၀)ရာခိုင်နှုန်းမှ (၄၀) ရာခိုင်နှုန်းမှာ သွေးတိုးရောဂါအပြင် ဆီးချိုရောဂါပါ ရှိနေတတ်သည်။

သွေးတိုးရောဂါ အခံရှိလျှင် လေဖြတ်ရန် သာမန်
ထက် (၅)ဆပိုရှိသည်။ ဆီးချိုသွေးချိုရောဂါ အခံရှိလျှ
သာမန်လူထက် (၂)ဆမှ (၃)ဆအထိရှိသည်။ လေဖြ
ရောဂါဖြစ်စေသည့် အကြောင်းရင်းများကို သေချာ
လေ့လာလျှင် သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှ
ရောဂါ အခံရှိပြီး အချို၊ အဆိမ့်၊ အငန် အရသာ
လွန်ကဲစွာ စားသောက်ခြင်း၊ အရက်၊ ဆေးလိပ်၊ မူး
ဆေးများ လွန်ကျူးစွာ သုံးစွဲခြင်း၊ အထိုင်,အအိပ်များ
ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အချိန်အခါမဲ့ ရေချိုး
လျှော်ခြင်း၊ အအေးခံမှုများခြင်း (ပန်ကာလေ၊ လေအေး
စက်နှင့် နေထိုင်မှုများခြင်း) စသည့် အကြောင်းအရ
များကြောင့် လေဖြတ်ရောဂါ ဖြစ်စေနိုင်ပါသည်။

လေဖြတ်ရောဂါ၏ ရှေ့ပြေးပုဗ္ဗရုပ်လက္ခဏာများ
ခေါင်းမကြာခဏကိုက်ခဲခြင်း၊ သတိမေ့လျော့တတ်ခြ
ဇက်ကြောတက်မူးဝေခြင်း၊ စကားပြော မပီမသဖြစ်ခြ
နှုတ်ခမ်းမှ သွားရည်များကျခြင်း၊ ရေချိုးပြီးလျှင် မျ
များ ကြာမြင့်စွာ နီရဲခြင်း၊ မျက်စိတစ်ဖက် ရုတ်တ
အမြင်အာရုံဝေဝါးခြင်း၊ မျက်ခွံနှင့် မျက်နှာကြွက်သား
ဆတ်ခနဲ လှုပ်တတ်ခြင်း၊ အသားကွက်ပြီး တဆတ်
လှုပ်ခြင်း၊ မကြာခဏသမ်းဝေခြင်း၊ အကိုင်အတွယ်
ခြင်း၊ လက်ဆုပ်အားနည်းလာခြင်း၊ ခြေလှမ်းသည့်အ
ဟန်ချက်မညီခြင်း၊ မကြာခဏ ခလုတ်တိုက်မိခြင်း၊
တစ်ခြမ်းရှိ ခြေလက်များ ထုံကျဉ်ခြင်း၊ အိပ်ပျော်
ခြေထောက်များ တွန့်ခနဲ ရှုန်းဆွဲတတ်ခြင်း၊ ဆီး
ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ သွေးပေါင်ချိန် အပေါ်
(၁၄၀)mmHg နှင့် အောက်သွေး (၉၀)mmHg အ
ရှိနေခြင်း၊ ဆီးချိုသွေးချို မြင့်တက်နေခြင်း
လက္ခဏာများမှာ လေဖြတ်ရောဂါ၏ ရှေ့ပြေးလက္ခ
များ ဖြစ်သည်။

လေဖြတ်ရောဂါ ဖြစ်ဆဲလက္ခဏာများမှာ သွေး



www.burmeseclassic.com

www.burmeseclassic.com

ချိန် မြင့်တက်နေခြင်း၊ စကားမပြောနိုင် စကားမပီမသ ဖြစ်ခြင်း၊ လျှာတိုဝင်ခြင်း၊ ပါးတစ်ဖက်ရွဲ၊ မျက်စိတစ်ဖက် တ်မရခြင်း၊ ခေါင်းအုံခေါင်းကိုက်ခြင်း၊ သတိလစ်မေ့ မြောခြင်း၊ သမ်းဝေခြင်း၊ နားအူခြင်း၊ ခန္ဓာကိုယ် လေးလံ ထိုင်းမှိုင်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မမှန်ခြင်း၊ ကိုယ် သားကိုယ်ရေ ပူလိုက်,အေးလိုက်ဖြစ်ခြင်း၊ လျှာဖြူ၍ ပြတ်ထနေခြင်း၊ ပါးစပ်မှ သွားရည်များ ကျဆင်းခြင်း၊ ချေးထွက် မည်းခြင်း၊ ချွေးမထွက်ခြင်း၊ အကြောများတက် ခြင်း၊ ခြေလက်များ တဆတ်ဆတ်တုန်ခြင်း၊ ခြေလက်သေ ခြင်း၊ နှလုံးခုန်နှေး၍ အသက်ရှူမြန်ခြင်း၊ စိတ်အားငယ် ခြင်း စသည့်လက္ခဏာများမှာ လေဖြတ်ရောဂါ ဖြစ်ဆဲ လက္ခဏာများ ဖြစ်ပါသည်။

အမျိုးသမီးများမှာ အမျိုးသားများထက် လေဖြတ် မှု အလားအလာနည်းပါသည်။ သွေးဆုံးပြီးမှ လေဖြတ် ပါသည်။ ဒါပေမဲ့ အမျိုးသမီးများ သွေးမဆုံးမီ သွေး တိုးရောဂါ၊ ဆီးချိုရောဂါရှိလျှင် လေဖြတ်နိုင်ပါသည်။ အသက်(၆၀)ကျော် အသက်(၇၀)ကျော် အမျိုးသမီးကြီး များမှာ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ အခံမရှိဘဲ လေ ဖြတ်နိုင်ပါသည်။ အကြောင်းမှာ သွေးဆုံးပြီး သက်ကြီး အမျိုးသမီးများ သွေးကြောထူပြီး မာကျစ်မှု ရှိနေခြင်း ကြောင့်ဖြစ်သည်။

လေဖြတ်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အောက် ပါ အချက်အလက်များကို လိုက်နာကျင့်ကြံရပါမည်။

အချို၊ အဆိမ့်၊ အဆီ၊ အငန် ရသာများ လွန်ကဲ စွာ စားသောက်ခြင်း ရှောင်ကြဉ်ရမည်။ ရသာ(၆)ပါး မျှတစွာ စားသောက်ရပါမည်။ ဆေးလိပ်၊ အရက်၊ မူးယစ် ဆေး သုံးစွဲခြင်းမှ လုံးဝ(လုံးဝ)ရှောင်ကြဉ်ရမည်။ သွေး တိုးရောဂါ အခံရှိလျှင် သွေးပေါင်ချိန် အပေါ်သွေး (၁၄၀) mmHg နှင့် အောက်သွေး (၉၀)mmHg ထက် မပိုစေရန် ဆေးဝါး၊ ဓာတ်စာ၊ အစားအစာများနှင့် ထိန်းရပါမည်။ ဆီးချို ရောဂါရှိလျှင် သကြားဓာတ် ပုံမှန်ရှိစေရန် ထိန်းရမည်။ ဆီးကို ပုံမှန်စစ်ဆေးရပေမည်။

နေ့စဉ် နံနက်တိုင်း (၃)မိုင်ခန့် မနှေးမမြန် လမ်း လျှောက်ခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်း စသည့် ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ရပါမည်။ နွေရာသီ ပူပြင်းကဲသော ရာသီတို့တွင် ရေခဲရေသောက်ခြင်း၊ အပူ ထဲမှလာပြီး ရေချိုးခြင်း၊ လေအေးစက်၊ ပန်ကာလေခံခြင်း တို့ကို လုံးဝရှောင်ကြဉ်ရပေမည်။ အချိန်အခါမဲ့ ရေချိုး ခြင်း၊ ခေါင်းလျှော်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ရပေမည်။

အဝမလွန်စေရန် ကိုယ်အလေးချိန်ကို ထိန်းသိမ်းပါ။ မုန်လာဥနီ၊ ပန်းဂေါ်ဖီစိမ်း၊ ဟင်းနုနယ် စသည့်အသီး အရွက်များများ စားသောက်ပါ။ ကြက်သွန်နီ၊ ကြက်သွန် ဖြူအစိမ်း စားပါ။ ကြက်သွန်ဖြူဥ တစ်လုံးကို ခါးပြား ရိုက်ပြီး (၁၅)မိနစ်ကြာမှ အစိမ်းစားပါ။ အလုံးကြီးလျှင် နံနက်တစ်လုံး ညနေတစ်လုံး ထမင်းနှင့်စားပါ။ ကြက်သွန် ဖြူဥ တစ်လုံးကို အပေါက်ကလေးများဖောက်၍ ပျားရည် စစ်စစ်နှင့် ရက်(၂၀) သို့မဟုတ် တစ်လ စိမ်ပြီးစားလျှင် သွေးတိုးရောဂါထိန်းပြီး သက်ရှည်ကျန်းမာစေနိုင်ပါသည်။ ကြက်သွန်နီကို ပါးပါးလှီး၍ အစိမ်းအတိုင်းဖြစ်စေ၊ သံ ပရာရည်နှင့် သုပ်၍ဖြစ်စေ စားပါ။ အချိုမှုန့်၊ ဟင်းခတ် မှုန့် သုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ။ (ဆင်ခြင်ပါ)

အရက်သောက်တတ်သူများ အရက်သောက်ပြီး ရေ အေးချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်ခံခြင်း၊ သမံ တလင်းပေါ်အိပ်ခြင်း လုံးဝ(လုံးဝ)ရှောင်ကြဉ်ပါ။ လေ ဖြတ်ရောဂါ ကာကွယ်ရန် နိုင်ငံတကာမှ တင်သွင်းသော အက်စ်ပရင် (Aspirin) (100) မီလီဂရမ် နေ့စဉ်တစ်လုံး သောက်သုံးသင့်ပါသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သော အက်စ်ပရင် (Aspirin) မှာ (300) မီလီဂရမ် ရှိနေတတ် ၍ သိပ္ပံဆေးပညာရှင် ဆရာဝန်များနှင့် တိုင်ပင်ပြီးမှ သောက်သုံးသင့်ပါသည်။ တိုင်းရင်းဆေးသုံးစွဲလျှင် ဆေး အမှတ်(၂၇)၊ ပြည်လုံးချမ်းသာဆေးကို တစ်နေ့(၅)လုံး ရေနွေးနှင့် သောက်သုံးသင့်ပါသည်။

စိတ်ဖိစီးမှု မဖြစ်စေရန် စိတ်ကိုအေးချမ်းစွာထား ပါ။ (Meditalim) တရားထိုင်ပါ။ အချုပ်ဆိုရလျှင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသည့် သမုဋ္ဌာန်တရားလေးပါး ညီညွတ်မျှတစွာ နေထိုင်စားသောက်သွားလျှင် လေဖြတ် ရောဂါ ကြိုတင်ကာကွယ်နိုင်ပြီး သက်တမ်းစေ့ နေထိုင် နိုင်မှာဖြစ်ကြောင်း သိပ္ပံဆေးပညာရှင် ဆရာဝန်တို့၏ အမြင်နှင့် တိုင်းရင်းဆေးပညာရှင်တို့၏ အမြင်တို့အား ပေါင်းစပ်ကာ ရေးသားတင်ပြလိုက်ရပေသည်။

ဆရာဦးသီဟ(တိုင်းရင်းဆေး)
(ကျန်းမာပါစေ တိုင်းရင်းဆေးကုဌာန)

www.burmeseclassic.com

www.burmeseclassic.com



ရာဟုထောင့်၏ အရှေ့အောင်မြေနေရာမှနေ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကြည်ညိုရင်း စေတီတော်မြတ်ကြီးကို တည်ထားခဲ့သော၊ ပြုပြင်ခဲ့သော၊ စောင့်ရှောက်ခဲ့သော၊ စောင့်ရှောက်လျက်ရှိသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ သူတော်စင် သူတော်မြတ်များ၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့နှင့်တကွ သုံးဆယ့်တစ်ဘုံသား အားလုံးကို မေတ္တာပို့သည်။ စကြဝဠာအတွင်းမှ ဆင်းလာသော အေးမြသော မေတ္တာဓာတ်ကို ခံယူသည်။ မှန်ကန်သောသစ္စာကို ဆိုသည်။ လိုရာဆုကို တောင်းသည်။ ဦးငါးကြိမ်ချပြီးနောက် အမျှအတန်းဝေသည်။

ပြုဖွယ်ကိစ္စပြီးပြီဖြစ်၍ စေတီတော်ကြီးအား
ယာရစ်ပူဇော်ရန် မတ်တတ်ရပ်လိုက်သည်။ ခေါင်
နေကရောက်လုနေပြီ။ မွန်းမတည့်မီ နေ့ဆွမ်းစား
တော်ကြီးကို ခပ်သွက်သွက်ပတ်မှ ဖြစ်တော့မည်
တောင်ဘက်စောင်းတန်းဆီမှ ပြန်ဆင်းရမည် ဖြ

ကျယ်ပြန့်သော ကုန်းတော်ပေါ်တွင် အင်္ဂလိ
များ စခန်းချထားသည်ကို တွေ့ရသည်။ စစ်သား
ဘုရားပေါ်တွင် ဖိနပ်များစီး၍ သွားလာနေကြသ
သာခြား၊ လူမျိုးခြားများသည် မိမိတို့ အလေး

www.burmeseclassic.com

# စကြာဟောင်းစံ

## ရွှေတိဂုံမှာ ဆုံခဲ့သည်



နေရာကို မရှိမသေ မလေး
ပြုမူနေခြင်းအတွက် စိတ်ထဲမှာ
ာ်လေး ကသိကအောက်
သည်။ ခရစ်နှစ်(၁၈၅၂)
ကတည်းက မိစ္ဆာတွေ ဘုရားကုန်းတော်ပေါ် ရောက်
သည်မို့ ခုဆိုရင် (၃၅)နှစ်ထဲသို့ ရောက်ရှိခဲ့ပြီ ဖြစ်

ပြီးခဲ့သည့်လက ကုန်းဘောင်ဆက်၏ နောက်ဆုံး ဘုရင်သီပေါနှင့် မိဖုရားတို့ အင်္ဂလိပ်စစ်တပ်များ ခေါ်ဆောင်ရာသို့ လိုက်ပါရင်း ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ခဲ့သည်ဟုဆိုသည်။ သီပေါမင်းသည် ရွှေတိဂုံစေတီတော်ကို ဖူးမြော်ခွင့် တောင်းသည်၊ မရ။ မြစ်လယ်က

သဘော်ပေါ်မှသာ ဖူးမြော်ခွင့်ရခဲ့သည်ဟု သတင်းများ ကြားရသည်။ ခုဆိုလျှင် တစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ပြီး ဖြစ်သည်။

ရင်ပြင်တော်အနှံ့တွင် ဗုဒ္ဓဘာသာဝင်များ အမှိုက်ကောက်၊ တံမြက်လှည်း၊ ရေဆေးကာ ကုသိုလ်ယူနေကြသည်။ ဂြိုဟ်တိုင်များ၌ ဆီမီးလှူသူ၊ အမွှေးတိုင်ထွန်းသူ၊ ပန်းကပ်သူများကိုလည်း မြင်တွေ့ရသည်။ လူမျိုးခြားအုပ်ချုပ်မှုအောက်မှာ မိမိတို့ ဗုဒ္ဓဘာသာဝင်များ ဘာသာသာသနာအတွက် ဆက်လက်စောင့်ရှောက်နေကြသည်ကို မြင်ရတော့ ရင်ထဲမှာ ကြည်နူးဝမ်းသာရပြန်သည်။

တောင်ဘက်စောင်းတန်းထိပ်ကိုအရောက် မိန်းကလေးသုံးဦး မတ်တတ်ရပ်လျက် တစ်စုံတစ်ယောက်ကို စောင့်နေသည်ကို တွေ့သည်။ မိန်းကလေးသုံးဦးအနက် အရှေ့မှ တစ်ဦးသည် ခေါင်းတွင် ပန်းတွေဝေအောင် ပန်ထားကာ ဆံထုံးနောက်မှာ ဆံပင်ရှည်ကို ဖားလျားချထားသည်။ ထိုင်မသိမ်းအင်္ကျီရှည် အဖြူရောင်၊ အနီနှင့် ရွှေရောင်ဖောက်ထားသော ကြိုးကြိုးချိတ်လုံချည်၊ ပြီးတော့ တစ်ကိုယ်လုံး ရွှေအပြည့် ဝတ်ဆင်ထားသည်။ သူကြွယ်သမီးပဲ ဖြစ်မည်။

ဒီလိုခေတ်ပျက်ကာလကြီးမှာ ရွှေ၊ ငွေ ရတနာ ဒါလောက်ဝတ်ပြီး အပြင်မသွားသင့်ဘူးဟု စိတ်မှာတွေးပြီးမှ အို..ငါနှင့်ဘာဆိုင်လဲဟု စိတ်ကို ပြန်ထိန်းလိုက်သည်။

မိန်းကလေးသုံးဦး ရပ်နေသောနေရာ ရှေ့ကအဖြတ် ပန်းတွေဝေအောင်ပန်ကာ ရွှေတွေ အပြည့်ဝတ်ထားသော မိန်းကလေးက လက်အုပ်ကလေးချီကာ-

'ရပ်တော်မူပါဦးဘုရား၊ အဓိဋ္ဌာန်ကိစ္စပြီးလို့ နေ့ဆွမ်းကိစ္စအတွက် ပင့်လျှောက်ထားသူ မရှိရင် တပည့်တော်မတို့ ဆွမ်းစားပင့်တာ လက်ခံပေးပါဘုရား'

နေ့ဆွမ်းစားကြွဖို့ ပင့်လျှောက်ထားသူ မရှိသေးပါ။ စိတ်ကူးက တောင်ဘက်စောင်းတန်းမှဆင်းအပြီး အလံပြဘုရားအနီး တပ်ကုန်းမြေတစ်လျှောက်မှာရှိနေသော ဈေးဆိုင်တစ်ဆိုင်ဆိုင်မှာ ကြုံသလိုမှာ၍ နေ့ဆွမ်းကိစ္စ ပြီးစေမည်ဟု ရည်ရွယ်ထားခဲ့သည်။ (ယင်းတပ်ကုန်းသည် ယခု မဟာဝိဇယစေတီ တည်ထားသောကုန်းဖြစ်ပြီး ထိုအချိန်က နယ်ချဲ့အင်္ဂလိပ်နှင့် ကုလားစစ်တပ်တို့ တပ်စွဲထားရာနေရာဖြစ်၍ အများက တပ်ကုန်းဟု ခေါ်သည်။)

'ဆွမ်းစားပင့်လျှောက်သူ မရှိသေးပါဘူး ဒကာ... လေး'

လှည့်မကြည့်ဘဲ စကားပြန်မိသည်။

'ဒါဆို အတော်ပါပဲ၊ တပည့်တော်မတို့ အဆင်သ... ပြင်ဆင်ထားပြီးပါပြီ။ ဆွမ်းစားဖို့ ဒီလမ်းက ကြွပါဘုရ...

ပြောလည်းပြော ရှေ့က ခပ်သွက်သွက်လျှောက်... စောင်းတန်းမှဆင်းသည်။ စောင်းတန်းအလယ်သို့ ရော... သောအခါ ဘယ်ဘက်သို့ ကွေ့ရသည်။ ကြီးမားသော... ပင်ကြီးများအကြား လူသွားလမ်းကလေး ရှိနေသည်...

ခြေလှမ်းအနည်းငယ် လျှောက်မိလျှင် လမ်းနှစ်ဖ... အဆောက်အအုံများကို တွေ့ရပြီး ယင်းအဆောက်အ... များထဲမှ အဆောက်အအုံတစ်လုံးသည် အစိမ်းရောင်... သုတ်ကာ အမိုးနှစ်ထပ် အဆောက်အအုံကြီး ဖြစ်သည်...

'ဒီလမ်းကိုရော ဒီအဆောက်အအုံတွေကိုရော ... အရင်တုန်းက မတွေ့ မမြင်ဖူးပါကလား'ဟု စိတ်... တွေးလိုက်သည်။

'ရှေးကတည်းက ရှိပါတယ်ဘုရား။ မမြင်သ... မမြင်ရလို့ပါ၊ မြင်ခွင့်ရှိမှ မြင်ကြရတယ်။ ဒီအဆော... အအုံတွေဟာ နှစ်ပေါင်း(၄၂၀)ကျော်ပါပြီ။ ရှေ့က အ... နှစ်ထပ်နဲ့ အဆောက်အအုံကြီးက အမေကြီးရှင်စော... အိမ်တော်လေ'

စိတ်ထဲမှာ စဉ်းစားတာကို သူက သိပြီးပြော...

'ဘယ်လို ဒကာမကြီး၊ ရှင်စောပုက ဒီမှာ ... သလား'

'ရှိတာပေါ့ဘုရား၊ အမေကြီးက ဘုရားကြီး... ဝစ္စအတွက် အမြဲရှိနေတာ။ အမေကြီးနဲ့အတူ မင်းညီ... သား(၄၇)ပါး၊ ဗိုလ်ချုပ်ဗိုလ်မှူး(၁၀၄)ယောက်၊ မင်း... (၂၁)ပါးနဲ့ အခြွေအရံပေါင်း(၁၄၈၀၀) ရှိနေပါ... တပည့်တော်မတို့က မင်းသမီးတွေပါ။ အရှင်ဘုရား... ဋ္ဌာန်ဝင်ပြီးလို့ လိုတာရှိရင် မင်းညီမင်းသားတွေ... တောင်းလို့ရပါတယ်။ ခိုင်းလိုလျှင်တော့ အခြွေအ... ကို ခိုင်းပါဘုရား'

'ဒကာမလေးကသာပြောတာ ကျွန်ုပ် အရင်က ... မှ မတွေ့ဘူး။ ဒီနေ့မှ သူတို့ကို တွေ့တာ'

အခြွေအရံဟုထင်ရသော ယောကျ်ား၊ မိန်းမ... စေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ စေတီငယ်များ...



www.burmeseclassic.com

www.burmeseclassic.com

များကို ပြုပြင်မွမ်းမံလျက်ရှိသည်။ စေတီများ၏ ပတ်လည်တွင် နတ်ရုပ်၊ လူရုပ်၊ မျောက်ရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ငှက်ရုပ်နှင့် အမျိုးအမည်မသိသော အရုပ်မျိုးစုံကို တွေ့ရသည်။ ဇရပ်များတွင် အနုစိတ်ပန်းပုလက်ရာများရှိသည်။

'အရှင်ဘုရား အဓိဋ္ဌာန်ပြုအလုပ်လုပ်တာ မကြာလှသေးလို့ပါ။ နောင်ဆို မတွေ့ချင်လည်း တွေ့ရမယ်၊ မမြင်ချင်လည်း မြင်ရမယ်၊ မကြားချင်လည်း ကြားရမယ်။ အဓိဋ္ဌာန်ရင့်သန်လေ သူတို့နဲ့ ရင်းနှီးလေ။ ကူညီစောင့်ရှောက်မှုကို ရလေပဲဘုရား'

နောက်ကို လှည့်မကြည့်ဘဲ ရှေ့က သွက်သွက်လျှောက်နေသော ပန်းတွေဝေအောင် ပန်ထားသူ မိန်းကလေးက ပြန်လည်လျှောက်ထားသည်။

◆◆◆

ခြေလှမ်း(၅၀)ခန့် လျှောက်လှမ်းပြီးသည့်အခါ ရှေ့က လမ်းပြသူက ရပ်လိုက်သည်။ အဆောက်အအုံကြီးတစ်ခုရှေ့ဖြစ်သည်။ တံခါးကြီးများ ပိတ်ထားသည်။ သူမက (မန်းဝေက) လက်နှစ်ဖက်ကို ရှေ့တန်းကာ လက်ခုပ်သုံးကြိမ် တီးလိုက်လျှင် တံခါးကြီးနှစ်ဖက် ပွင့်သွားသည်။

အနည်းငယ်လင်းသော အလင်းရောင်ထဲတွင် ကြီးကျယ်ခမ်းနားလှသော အခန်းကျယ်ကြီး တစ်ခန်းကို လှမ်းမြင်ရသည်။ အခန်းအတွင်း ကတ္တီပါကော်ဇော အစိမ်းရောင်အပြည့်ခင်းထားကာ ရွှေရောင်ဝင်းအိနေသော သလွန်များ၊ ရွှေချွန်ရွှေခြေနင်းများ၊ ကတ္တီပါပုံတော်ဖိနပ်များ၊ ရွှေပိန်းချကျောက်စီသေတ္တာများ မြင်ကွင်းမှာ မယုံနိုင်ဆန်းပြားလွန်း၍ အတွင်းသို့ဝင်ရန်ပင် မဝံ့မရဲဖြစ်ရသည်။

'အရှင်ဘုရား‥ တပည့်တော်မက မြနန်းနွယ်ပါဘုရား။ တပည့်တော်မရဲ့နန်းကို ဆွမ်းစားကြွတဲ့အတွက် အကြောင်းမသိ ဝမ်းမြောက်ရပါတယ်။ အရှင်ဘုရားရဲ့ ဘွဲ့တော်ကိုလည်း အမိန့်ရှိပါဘုရား'

ရှေ့က ဦးဆောင်ပြီး အခန်းတွင်း ဝင်သွားသည့် ပန်းပွင့်တွေကာ ရွှေတွေ အပြည့်ဆင်ထားသည့် မိန်းကလေးက မိတ်ဆက်သူ မြနန်းနွယ်ဟု ဆိုလာသည်။ မြနန်းနွယ်ဟာ အသက်ငယ်သိုက်နန်းရှင်ပဲ။ ရန်ကုန်တစ်ခုလုံးက သိုက်တွေအားလုံးရဲ့အချုပ်ပဲ။ အံ့သြလွန်း၍ ကတ္တီပါကော်ဇောပေါ် ခြေလှမ်းသုတ်တိုက်မိမလို ဖြစ်ရသည်။

'ဦးပဥ္စင်းဘွဲ့က အရှင်ဉာဏပါ။ လူလိုပြောရရင် မောင်ဉာဏ်ပေါ့။ ခုတော့ ဝိဇ္ဇာဉာဏ်ရအောင် ကျင့်ကြံနေရတုန်းပါ ဒကာမလေး'

'ကြိုးစားပါ အရှင်ဘုရား၊ အောင်မြင်မှာပါ'

အခန်းကျယ်ကြီး နောက်တစ်ခန်းကို ဖြတ်ရပြန်သည်။ မရေမတွက်နိုင်သော ရွှေပိန်းချထားသည့် သေတ္တာကြီးငယ်များ၊ ရွှေပိန်းချ ဗီရိုကြီးများ၊ အဖုံးနှင့် တံခါးများ ပိတ်ထားခြင်း မရှိသဖြင့် အရောင်မျိုးစုံ တဖိတ်ဖိတ်တောက်ကာ ကြည့်၍မရအောင်ပင် မျက်စိမှာ ကျိန်းစပ်သွားသည်။ အသေအချာ မကြည့်ပါဘဲလျက် ကျောက်မျက်ရတနာမျိုးစုံ အပြည့်အသိပ်ရှိနေကြောင်း သိသာသည်။ မြပုတီး၊ မြဘယက်၊ မြခါးစည်း၊ မြဆံထိုး၊ မြလက်ကောက်၊ မြနားကပ်၊ စိန်ဆံထိုး၊ စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်လည်ဆွဲ၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားလက်ကောက်၊ ပတ္တမြားနားကပ်၊ ပုလဲပုတီး၊ ပုလဲလက်ကောက်၊ ပုလဲလည်ဆွဲ၊ ရွှေဆိုလျှင်လည်း ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ ရွှေခြေချင်း၊ ရွှေခါးပတ်တို့အပြင် ရွှေတုံးရွှေခဲ ရွှေချောင်းများကိုလည်း တွေ့ရသည်။

'ဒီပစ္စည်းတွေဟာ ဘာသာ သာသနာအတွက် လိုအပ်ရင်သုံးဖို့ တပည့်တော်မ ထိန်းသိမ်းထားတဲ့ ပစ္စည်းတွေပါဘုရား'

တတိယအခန်းကိုရောက်တော့မှ ဆယ်တောင်ခန့်ကြီးမားသော ရွှေပိန်းချစားပွဲကြီး တစ်ဝိုင်းပေါ်မှာ အမျိုး(၂၀)ထက် မလျော့သော ဟင်းလျာများနှင့် အငွေ့တထောင်းထောင်းထနေသော ဆွမ်းပွဲကို ပြင်ဆင်ထားကြောင်း တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com



'ဦးပဥ္ဇင်းက သက်သတ်လွတ်ဆွမ်းဟင်းကိုသာ သုံးပါတယ် ဒကာမလေး'

ရွှေနားရစ်နှင့် မဖျိုမတိုင်းဖြစ် ကြွေပန်းကန်ကြီးများထဲမှ ဟင်းလျာများကိုကြည့်ကာ အရှင်ဉာဏက အမိန့်ရှိသည်။

'တပည့်တော်မ သိပြီးသားပါဘုရား။ အားလုံးသော ဟင်းလျာများဟာ သဘာဝဟင်းသီးဟင်းရွက်များနဲ့ ချက်ပြုတ်စီမံထားသော သက်သတ်လွတ်ဟင်းလျာများသာ ဖြစ်ကြောင်းပါဘုရား'ဟု မြနန်းနွယ်က ပြန်လည်လျှောက်ထားသည်။

စားပွဲဝိုင်းထိပ်ရှိ အခင်းပေါ် နေရာယူပြီးသည့်အခါ ဆွမ်းကပ်ရန် မိန်းကလေးခြောက်ဦး ရောက်လာသည်။ မြနန်းနွယ်နှင့်အတူ ဆွမ်းစားပွဲကိုကိုင်ကာ အရှင်ဉာဏကို ဆွမ်းကပ်လှူကြသည်။ အရှင်ဉာဏ ဆွမ်းဘုဉ်းပေးနေစဉ် မြနန်းနွယ်က စားပွဲအနီး ကျုံ့ကျုံ့လေးထိုင်နေသလို အမျိုးသမီးနှစ်ဦးက ရွှေနားကွပ်ကတ္တီပါ ယပ်တောင်ကိုယ်စီနှင့် ယပ်ခတ်ပေးလျက်ရှိသည်။

ဦးပဥ္ဇင်းသည် ဆွမ်းကိုသာ ခေါင်းငုံ့စားနေသည်။ မြနန်းနွယ်ကိုလည်းကောင်း၊ အမျိုးသမီးများကိုလည်းကောင်း စေ့စေ့မကြည့်ရဲ။ သူတို့သည် တကယ်ပဲ ချောမောလှပနေကြသည်။ သေချာတာတစ်ခုက သူတို့အားလုံး မျက်တောင်မခတ်ကြခြင်းပင် ဖြစ်ပါသည်။

ဆွမ်းဘုဉ်းအပြီး လက်ဆေးရန်နှင့် အာလုတ်ကျင်းရန် မိန်းကလေး သုံးယောက်သည် ရွှေရေတကောင်း၊ ရွှေဖလား၊ ရွှေကလပ်နှင့် ရွှေခွက်များ ယူဆောင်ကာ ရောက်လာသည်။ လက်ဆေးနေစဉ် စားပွဲပေါ်မှ ဆွမ်းနှင့် ဟင်းများကိုယူကာ သစ်သီးမျိုးစုံကို တင်သည်။ ကာ တစ်မြွာစီ ထည့်ထားသော လိမ္မော်သီးအသား ရောင်အိလျက် အမြှောင်းလိုက်စီထားသော ဒူးရင်း တစ်လုံးစီ ထပ်၍ထားသည်မှာ ပတ္တမြားလုံးလေး ဖြစ်နေသော စပျစ်သီး၊ ရွှေငှက်ပျောသီး၊ သရက် သစ်တော်သီး၊ မာလကာသီး၊ ကျွဲကောသီး၊ ပိန္နဲသီး လုံးကို စိပ်နွှာလျက် ကိုးမျိုးဖြစ်ပါသည်။

'အရှင်ဘုရားကို တစ်ခုမေးလျှောက်ခွင့်ပြုပါ'

မြနန်းနွယ်၏ အမေးကို အရှင်ဉာဏက ဖြေ

'မေးလို့ ရပါတယ်၊ မေးပါ ဒကာမလေး'

'အရှင်ဘုရား..တိဂုံဆံတော်ရှင်မှာ ဘယ်လို နဲ့ ကျင့်ကြံအားထုတ်တယ်ဆိုတာ သိပါရစေ။ တော်မတို့လည်း အကျိုးရှိမယ်ဆိုရင် နည်းနာ ခံယူလိုလို့ပါ'

'ရပါတယ် ဒကာမလေး၊ ဦးပဥ္ဇင်းရဲ့နည်းက ဆရာတော်ကြီးတွေ လက်ဆင့်ကမ်းခဲ့တဲ့နည်းပါ။ လောကုတ္တရာ နှစ်ဖြာအောင်မြင်အောင် စေတီတော် ကြီးကို ဖူးမြော်တဲ့နည်းပေါ့။ ဦးပဥ္ဇင်းက လော ပြောရင် ဝိဇ္ဇာဖြစ်ချင်တယ်။ လောကုတ္တရာအရ မဟာဂန္ဓာရီဝိဇ္ဇာ ဖြစ်ချင်တယ်'

'မှန်လှပါဘုရား'

'စေတီတော်ကြီးကို တက်မယ်ဆိုရင် အရှေ့ ကနေ ရင်ပြင်တော်ပေါ် တက်ရပါမယ်။ အရှေ့ စောင်းတန်းထိပ်က တန်ဆောင်းအတွင်းမှာ ကကု ပွားတော်ရှိတယ်။ ထူးခြားချက်က လက်တော် လက်ထားပုံပဲ။ ကကုသန်ဘုရားရဲ့ ရှေ့နားမှာ အနန္တငါးပါးကို ရည်မှန်းပြီး ထိခြင်းကြီးငါးပါးနဲ့ ဦးချပါ၊ ကန်တော့ပါ။ ပြီးတော့ နမောတဿ ဘ အရဟတော သမ္မာသမ္ဗုဒ္ဓဿဆိုပြီး ကိုးခေါက် ပူဇော်ပါ။ ပြီးရင် တောင်ဘက်ကိုသွားပြီး တော တန်ဆောင်းအတွင်းက ကောဏာဂုံဘုရား ရုပ်ပွား ရတနာသုံးပါး ရည်မှန်းပြီး သုံးကြိမ် ဦးချပါ၊ ပါ။ ပြီးရင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ သံဃံ သရဏံ ဂစ္ဆာမိဆိုတဲ့ သရဏဂုံကို ပွား အနောက်ဘက်တန်ဆောင်းကို သွားပါ။ တန်ဆော



www.burmeseclassic.com

www.burmeseclassic.com

က ကဿပဘုရား ရုပ်ပွားတော်ရှေ့မှာ ငါးကြိမ် ဦးချပြီး ထ်တော်ကိုးပါးကို သက်စေ့ထက် တစ်ခေါက်ပိုပြီးရွတ် ပါ။ ပြီးရင် မြောက်ဘက်တန်ဆောင်းကိုသွားပြီး တန် ဆောင်းအတွင်းက ဂေါတမဘုရား ရုပ်ပွားတော်ကို ငါး ကြိမ် ဦးချပါ။ ပြီးတော့ သီလဆောက်တည်ပါ'

'ဘယ်နှစ်ပါး ဆောက်တည်ရမလဲဘုရား'

'ကိုယ်နိုင်သလောက်ပေါ့။ ငါးပါးနိုင်ရင် ငါးပါး သီလ၊ ရှစ်ပါးနိုင်ရင် ရှစ်ပါးသီလ စောင့်ရပါမယ်။ အဲဒီ လေးနေရာပြီးရင် မိမိရဲ့ မိခင်၊ ဖခင်များရဲ့ မွေးနံဂြိုဟ် ဒိုင်များမှာ ဦးသုံးကြိမ်စီချကာ ရေချမ်းပူဇော်ပါ။ ပူဇော် တဲ့နေရာမှာ ရေတစ်ခွက်၊ နှစ်ခွက်လို့ ရွတ်ဆိုမယ့်အစား ဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃာ့ဂုဏော အနန္တောဆိုပြီး ပူဇော်ပါ။ အနန္တောအနန္တ ငါးပါးအတွက် တစ်ကြိမ်ဆို ရေငါးခွက်လှူရင် ဆယ်ကြိမ်ရွတ်ပြီးပါက ခွက်(၅၀)ပူဇော်ပြီး ဖြစ်ပါတယ်။ ပြီးရင် ရာဟုထောင့် အောင်မြေနေရာမှာ မေတ္တာပို့၊ ဘုရားဆို၊ ကန်တော့ပြီး မျှအတန်းဝေပါ။ အားလုံးဆောင်ရွက်ပြီးစီးပြီဆိုရင်တော့ စေတီတော်ကြီးကို လက်ယာရစ်ပူဇော်ပြီး တောင်ဘက် ဆောင်းတန်းက ပြန်ဆင်းပါ ဒကာမလေး'

'သာဓု..သာဓု..သာဓုပါအရှင်ဘုရား'

♦♦♦

တိဂုံဆံတော်ရှင်၏ ကုန်းတော်ရင်ပြင်သည် အုန်းပင်၊ ထန်းပင်တို့ဖြင့် အရိပ်အာဝါသ ကောင်းလှသည်။ ကုန်း တော်ပေါ်မှ အရပ်လေးမျက်နှာကို လှမ်းမျှော်ကြည့်လျှင် လောင်းမင်းတရား တည်ခဲ့သော ရန်ကုန်မြို့နှင့်တကွ နီးနားဝန်းကျင်ကို အပေါ်စီးက လှမ်းမြင်နိုင်သည်။ ရှေ့မြောက်ဘက်ကိုကြည့်လျှင် မြွေလိမ်မြွေကောက် ယ် စီးဆင်းနေသော ငမိုးရိပ်ချောင်း၊ တောင်ဘက် င် သီဟဒီပကျွန်းခေါ် သန်လျင်ရှိ ကျိုက်ခေါက်စေတီ ကြီးနှင့်တကွ ပဲခူးမြစ်၊ ရန်ကုန်မြစ် (လှိုင်မြစ်)တို့ဆုံရာမှ ည် ပင်လယ်ဝအထိ မြင်ရသည်။ တောအုပ်များ ဟိုတစ် သည်တစ်စုကြားမှ စေတီပုထိုးများ၊ ကျောင်းဇရပ်တို့၏ ချိုးများ၊ သာယာဝတီမင်းတည်ခဲ့သော အောင်မြေရန်နှင် မြစ်တစ်ဖက်ကိုကြည့်တော့ ဒလနှင့် ကွမ်းဒေးသို့ပါ မ်းမြင်ရသည်။

'ဟိုအရှေ့တောင်ဘက်မြစ်ကြောင်းကို နောက်ခံထား ပြီး မြင်ရတဲ့ စေတီကြီးက ကျိုက်ဒေးအပ်စေတီထင်တယ် သခင်မ'

'ဟုတ်တယ်၊ မြစ်ထဲမှာလည်း အင်္ဂလိပ်တပ်တွေရဲ့ ရေကြောင်းသုံး လှေသင်္ဘောတွေချည်းပဲ'

'ကျိုက်ဒေးအပ်စေတီကြီးမှာ ဆံတော်ဘယ်နှစ်ဆူ ရှိသလဲ သခင်မ'

သူတို့၏သခင်မ မြနန်းနွယ် မိစ္ဆာနယ်ချဲ့အင်္ဂလိပ်များ ကိုကြည့်ကာ စိတ်လက်မသာမယာဖြစ်မှာစိုး၍ အဲတူရှိ နေသော ရုံရွှေတော်မိန်းကလေးက စကားလမ်းကြောင်း ပြောင်းပေးသည်။

'သုံးဆူရှိတယ်။ ပထမဆံတော်က ဥက္ကလာပမင်း ကြီးလက်ထက် ကုန်သည်ညီနောင် တဖုဿ ဥာပနာတဲ့ ဆံတော်၊ ဒုတိယဆံတော်က သုဝဏ္ဏဘုမ္မိ သထုံနန်းစံ သီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းကြီးရဲ့ကိုယ်စား သူရသေနအမတ်ကြီး ဥာပနာတဲ့ဆံတော်၊ တတိယဆံတော် က သန်လျင် သီဟဒီပနန်းစံ ဘောဂသေနမင်းကြီး ဥာပနာ တဲ့ဆံတော်၊ အားလုံး ဆံတော်သုံးဆူ ရှိတယ်'

သူတို့ စကားပြောနေခိုက် ရဟန်းသုံးပါး အရှေ့ဘက် စောင်းတန်းဆီမှ ကြွလှမ်းလာသည်ကို မြင်ရသည်။ ရဟန်း တော်များကိုတွေ့မှ တစ်ခါက နေ့ဆွမ်း ဆက်ကပ်ခွင့်ရခဲ့ သော ရဟန်းအရှင်ဉာဏကို သတိရလိုက်သည်။

'တို့ဦးပဉ္ဇင်းလေးကို ရွှေတိဂုံမှာ မတွေ့တာကြာပြီ နော် ကေသီ'

မြနန်းနွယ်အမေးကို ကေသီဟုခေါ်သော မိန်းကလေး က လျှင်လျှင်မြန်မြန်ပဲ အဖြေပေးပါသည်။

'ဟုတ်တယ်၊ ကြာပြီ သခင်မ။ ကေသီ စုံစမ်းလို့ရ တာက ဦးပဉ္ဇင်းလေးက အောက်ပြည်က မဟုတ်ဘူး။ ပုဂံကလို့ ကြားတယ်။ ဦးပဉ္ဇင်းလေး တည်းခိုတဲ့ ပုဇွန် တောင်ရပ်၊ ဘုရားဖြူကျောင်းက ပြောတာက မဟာမြိုင် ဘက်ကို တောရတော်တည်ဖို့ သွားတယ်တဲ့ သခင်မ'

မြနန်းနွယ်၏ အာရုံမှာလည်း အရှင်ဉာဏကို တော တောင်ထဲမှာ ကျင့်ကြံနေတာ မြင်သည်။

'ကောင်းပါတယ်။ မဟာမြိုင်မှာ အလုပ်လုပ်ရင် ဦးပဉ္ဇင်းလေး ပိုပြီးအောင်မြင်မှာ။ ပါရမီရှိသူမို့ ပုံပိုးကူ ညီဖို့ သတိရတာပါ။ ဘာရယ်မဟုတ်ပါဘူး၊ ကြုံတော့ လည်း ဆုံဖို့ရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

စကားသံ တိတ်သွားသည်။ ထိုစဉ် မြနန်းနွယ်တို့ စကားပြောနေသည့်နေရာသို့ မိန်းကလေးနှစ်ဦး လျှောက်လာပြီး အနားကို ရောက်သည့်အခါ မြနန်းနွယ်ကို အရိုအသေပေးကြသည်။

'ဘယ်အရပ်က ဘုရားဖူး တက်လာတာလဲ'

'စကြာဝန်ကြီးဘုရားက လာတာပါ အစ်မတော်။ စကြာဝန်ကြီးဘုရားမှာ တာဝန်ကျပါတယ်'

(စကြာဝန်ကြီးဘုရားကို စိန်ရောင်ခြည်ဘုရားဟုလည်း ခေါ်ကြသည်။)

'နာမည်ဘယ်လိုခေါ်ကြသလဲကွယ့်'

'ဝဏ္ဏနဲ့ သီဂီပါ အစ်မတော်'

'အင်း..ပါပတို့ စိုးမိုးနေတာမို့ အခါက ကောင်းတာမဟုတ်ဘူး ညီမတော်တို့ရေ။ ဒီသိင်္ဂုတ္တရကုန်းပေါ်မှာတောင် အတွင်းဥာပနာဖောက်၊ ဘုရားခိုး၊ ပစ္စည်းလုနဲ့ အမျိုးမျိုးဆိုးယုတ်နေကြတာ။ ဒီက ညီမတော်တို့လည်း ကိုယ့်နေရာ ကိုယ့်တာဝန် မလစ်ဟင်းကြစေနဲ့'

'စိတ်ချပါ အစ်မတော်။ ညီမတို့ကို ခွင့်ပြုပါဦး။ ဘုရားကြီးကို တစ်ပတ်ပတ်၊ အင်္ဂါထောင့်မှာ ပန်းကပ်ပြီးရင် ညီမတို့ ပြန်မှာပါ'

'ကောင်းလှပါပြီ'

မယ်ဝဏ္ဏနှင့် မသီဂီဆိုသော သိုက်နန်းရှင်နှစ်ဦး ရှေ့ကနေ ပျောက်သွားတော့မှ ဒီနေ့ တပေါင်းလပြည့်နေ့ဖြစ်မှန်းသိသည်။ တပေါင်းလပြည့်နေ့မို့ စေတီတော်ကြီးသည် ပိုမိုစည်ကားကာ ခါတိုင်းထက် များနေသည်။ ဘုရားဖူးပရိသတ်များ၊ စတုဒိသာကျွေးမွေးကြသော အလှူရှင်များများပြားလှသည်။ အင်္ဂလိပ်နယ်ချဲ့ အုပ်စိုးသောကာလဖြစ်၍သာ ဘုရားပွဲမကျင်းပရခြင်းဖြစ်သည်။ ရွှေတိဂုံစေတီထီးတော်တင်လှူသောနှစ်က ထီးတင်ပွဲနှင့် ဘုရားပွဲကြုံကြိုက်သဖြင့် ရင်ပြင်တော်ပေါ်တွင် ခြေချစရာမရှိအောင် စည်ကားလှသည်ဟု ဆိုသည်။

'ဘုရားပေါ်ကို ရောက်နေတာ ကြာပြီလား အစ်မတော်'

ခေတ်ဆန်ဆန်ဝတ်စားပြီး ပြုံးချိုသောမျက်နှာနှင့် မိန်းကလေးနှစ်ဦး လာနှုတ်ဆက်ပြန်သည်။

'ဟော..မမင်းစိန်နဲ့ မမင်းသိမ်တို့ ထင်တယ်'

'ဟုတ်ပါတယ် အစ်မတော်။ ကန်တော်မင်္ဂလာမှာ တာဝန်ကျတဲ့ မင်းစိန်နဲ့ မင်းသိမ်ပါ'

'ဒါဆို အတော်ပဲ၊ ကြုံတုန်း မှာချင်တယ် ညီမ တို့ရယ်။ ကန်တော်မင်္ဂလာမှာ အင်္ဂလိပ်မျက်နှာဖြူ တပ်စွဲထားတယ်မဟုတ်လား။ နေ့နေ့ညညအတွက် တာ လာတာ ဆင်ခြင်ပါ။ အစ်မတော် စိတ်ပူလို့ တာနော်။ ဆရာလုပ်တာ မဟုတ်ဘူး'

'ဟုတ်ကဲ့ပါ အစ်မတော်။ ညီမလေးတို့နှစ်ယော အမေကြီးရှင်စောပု တာဝန်ပေးသလို နေကြပါတ ခုလည်း အမေကြီးကို နှုတ်ဆက်ကန်တော့ဖို့ လာကြ ပါ။ ပြီးရင် ပြန်ပါ့မယ်'

'သာဓုကွယ်..သာဓု..သာဓု'

စေတီတော်ကြီး၏ ရင်ပြင်ထက် အုန်းပင်၊ ထ ညောင်ပင် စသည့် အပင်ကြီးများ၏ အရိပ်အာ ကြောင့် တပေါင်းနေမှာ ပူသည်ဟု မထင်ရ။ ဘု များ တစ်နေကုန် ရှိနေခဲ့သည်။

♦ ♦ ♦

မဟာမြိုင်တောကြီးထဲတွင် ငါးနှစ်တိုင်တိုင် နေ ညမကျိန်းစက်ဘဲ အရိုးကြေကြေ အရေခန်းခန်း ကျင့်ကြံအားထုတ်ခဲ့သည့် အရှင်ဉာဏသည် တော ထွက်ရန် ရွှေဘတောင်နှင့် ဖိုလ်ဝင်တောင်ဘက်ဆီ တည်လျှောက်လာခဲ့သည်။ တောတောင်တွင်းမှာ တ တည်း သေလျှင်မြေကြီး ရှင်လျှင် ရွှေထီးဆောင်း ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံအားထုတ်ခဲ့ခြ သည်။

သမ္မုဒ္ဒေါဂါထာတော်ကြီးကို တစ်ရက်,တစ်ရ (၅၀၀၀)ရအောင် အတိတိကျ ဥဋ္ဌါအကျင့်မြတ်ကို ကြီးတောင်ကြီးထဲတွင် ဆင်မကြောက်၊ ကျားမကြ မြွေကြီးများ၏ အန္တရာယ်ကို လုံးဝမကြောက်ဘဲ အားထုတ်တော်မူခဲ့ပါသည်။

ငါးနှစ်တာကာလ မဟာမြိုင်တောကြီးအတွင်း ကြံအားထုတ်စဉ် သစ်ရွက်သစ်သီးက ဆွမ်းဖြ တောစောင့်နတ် တောင်စောင့်နတ်တို့ ကူညီမှုကြောင် သစ်သီးဆွမ်းကမပြတ်။

မဟာမြိုင်တောထဲ ကျင့်ကြံအားထုတ်ဆဲမှာ စိတ္တ ဝိဇာနဉာဏ်ကို ပေါက်မြောက်နေကြောင်း သည်။ ဒိဗ္ဗစက္ခုဉာဏ်ကိုလည်း ရပြီ။ မနော



www.burmeseclassic.com

www.burmeseclassic.com

သည်း ပြီးပြီ။ ကာယသိဒ္ဓိ ပြီးစီးကြောင်းကိုတော့ ကိုယ်တွေ့ကြုံခဲ့ရသည်။ မုံရွာဘက်မှ မဟာမြိုင်တောကိုဖြတ်ကာ အိန္ဒိယဘက် ချီတက်ခဲ့သည့် အင်္ဂလိပ်တပ်တစ်တပ်နှင့် ရင်ဆိုင်အတိုး အင်္ဂလိပ်တပ်နှင့် ပါလာသော ပေါ်တာများသယ် တောတွင်းသားများက အရှင်ဉာဏကို တောခေါင်း အန္တရာယ်ရှိသည်ဟုဆိုကာ ဝိုင်းရိုက်ကြသည်။

နှစ်ကာလရှည်ကြာစွာ မရိတ်မသင်ခဲ့ရသော ဆံပင်များ၊ မုတ်ဆိတ်ကျယ်စွယ်များနှင့် စုတ်ပြတ်နေသော သင်္ကန်းများကြောင့် တောပုန်းဟုလည်း ထင်စရာဖြစ်မည်။ အရှင်ဉာဏကို ဝိုင်းဝန်း၍ တုတ်၊ ဓားအစုံဖြင့် ရိုက်နှက်ကြ ထုထောင်းကြသည်။ အရှင်ဉာဏ လဲကျမေ့မြောသွားသောအခါ သေပြီအထင်နှင့် တောတွင်းမှာ ထားရစ်ခဲ့ကြသည်။

နောက်တစ်နေ့မနက် အရှင်ဉာဏမှာ ဘာဒဏ်ရာမှလည်းမရှိ၊ ဘာမှလည်းမဖြစ်ဘဲ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို (၅၀၀၀)ပြည့်အောင် ရွတ်ဖတ်နေနိုင်သေးသည်။ အရှင်ဉာဏကို နှိပ်စက်ညှဉ်းဆဲခဲ့သော ပေါ်တာများကတော့ ချောင်းတောင်အဆင်းတွင် ချောက်တွင်းကျ၍ သေဆုံးသွားကြပါသည်။

ဒိဗ္ဗစက္ခုနှင့် မနောမယသိဒ္ဓိ ပြီးစီးမှုကို စမ်းသပ်သည့်အနေဖြင့် အရှင်ဉာဏသည် တစ်ခါက ရွှေတိဂုံဘုရားမှာ ဆုံကာ နေ့ဆွမ်းဆက်ကပ်ခဲ့သော ဒကာမ မြနန်းနွယ်ဆီ စိတ်က ညွှတ်လိုက်သည်။ ရွှေတိဂုံစေတီတော်ကြီးကို စမြင်သည်။ ရွှေတိဂုံစေတီ စတည်ထားစဉ်က ရန်ကုန်မရှိသေးပါ။ ဥက္ကလာပဟု ခေါ်ကြသည်။ ဥက္ကလာပဟူသောအမည်သည် စေတီတော်ကြီးဒါယကာ ဥက္ကလာပမင်းကြီးကို အစွဲပြု၍ ခေါ်သည်ဟုဆိုကြသလို ဥက္ကလ(အိန္ဒိယပြည်တောင်ပိုင်း ဩရိဿပြည်နယ်)ဒေသမှ လာသောသူများ နေထိုင်ကြ၍ ဥက္ကလာပဟု ခေါ်သည်လည်း ဆိုကြသည်။

ပုဂံခေတ်တွင် ဥက္ကလာပသည် ဒဂုံအမည်သို့ ပြောင်းသွားသည်။ ဒဂုံကို ရှေးက တိဂုံ-တိကုံဟု ရေးကြသည်။ တိသည် သုံး၊ ကုံ(ကုမ်)သည် မြစ်ချောင်းဖြစ်ရာ မြစ်ချောင်းသုံးခုဆုံရာ ဒေသဖြစ်၍ တိကုံဟု ခေါ်ဆိုရာမှ တိဂုံ၊ ဒဂုံ ဖြစ်လာကြောင်း သိရသည်။ ဒဂုံသည် ပုဇွန်တောင်မြစ်၊ လှိုင်မြစ်(ရန်ကုန်မြစ်)နှင့် ငမိုးရိပ်ချောင်းကြီးတို့ဆုံရာ၌ တည်ရှိပါသည်။ အလောင်းမင်းတရားကြီးက ဒဂုံ



ကို ရန်ကုန်ဟု အမည်တွင်စေခဲ့သည်။

ဒကာမလေး မြနန်းနွယ်သည် မကြာခဏ ဘဝများစွာမှာ ရန်ကုန်မှာ လူလာဖြစ်ခဲ့၍လားမသိ မြနန်းနွယ်က ရန်ကုန်ကိုချစ်သည်။ အထက်မြန်မာနိုင်ငံကို နယ်ချဲ့တွေ သိမ်းပိုက်ခါနီးမှာ လူ့ဘဝမှ သိုက်နန်းရှင်သို့ ကူးပြောင်းခဲ့သော မြနန်းနွယ်သည် နယ်ချဲ့တွေ ဆုတ်ခွာအပြီး လူ့ပြည်သို့ ပြန်ဝင်ဦးမည်ဆိုသည်ကို အရှင်ဉာဏ သိလိုက်သည်။

(၁၉၄၈)ခုနှစ် ရန်ကုန်မှာ သူမ လူလာဖြစ်မည်။ သူမစောင့်ရှောက်ဖို့ တာဝန်ကျသည့် ကျိုက်ဒေးအပ်ဆံတော်ရှင် ဗိုလ်တထောင်ဘုရားနှင့် မနီးမဝေးမှာ လူ့ဘဝကို ရောက်ရှိမည်။ သည်တစ်ကြိမ် လူလာဖြစ်ခြင်းသည် မြနန်းနွယ်အတွက် အရေးကြီးသည်။ သူမသည် တရားအားထုတ်၍ ကျင့်ကြံကြိုးကုတ် အားထုတ်လျှင် တရားရလွယ်မည့် အတိတ်ဘဝများစွာက ပါလာခဲ့သော ပါရမီအဟုန် လူ့ဘဝတွင် ဖခင်ကဲ့သို့ စောင့်ရှောက်မည့် ဝိဇ္ဇာဗိုလ်ကြီးများ၏ ပံ့ပိုးကူညီမှုတို့ကြောင့် သိုက်နန်းရှင် သိုက်ချုပ်အဖြစ်မှ ဝိဇ္ဇာဘဝသို့ ကူးပြောင်းမည်။

တစ်ကြိမ်တစ်ခါက ဆွမ်းကပ်လှူခဲ့ဖူးသော ကျေးဇူးကို ဆပ်သောအားဖြင့် ဒကာမ မြနန်းနွယ်ကို နောက်ဘဝတွင် ပြန်လည်တွေ့ဆုံ ကူညီချင်ပါသေးသည်။ သူကိုယ်တိုင် သမ္ဗုဒ္ဓေဂါထာတော်ကြီးနှင့် ကိစ္စပြီးခဲ့သည်ဖြစ်ရာ မြနန်းနွယ်ဒကာမသည်လည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးဖြင့် ဝိဇ္ဇာဉာဏ်ပေါက်ကြောင်း ပြောပြကူညီသွားမည်ဖြစ်ပါသည်။

**စကြာကောင်းမ**



www.burmeseclassic.com

www.burmeseclassic.com

# ရန်နိုင်
# ပြန်ပြောမိသော အိပ်မက်များ




နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ရသည်ဟူ၍မရှိ။ တစ်ေ တာကာလအတွင်း ပင်ပန်းခဲ့လေသမျှ ညရေးညတာ အိပ်စက်ရသည်မှာ အပန်းဖြေမှု ဖြစ်မလာခဲ့။ နေ့စဉ် ညတိုင်း အိပ်မက်များနှင့် လုံးထွေးနေသည်။ နေ့စဉ်ကြုံတွေ့သမျှ အတွေ့အကြုံက တစ်မျိုး၊ ညစဉ် အိပ်မက်များမှ အဖြစ်အပျက်က တစ်ဖုံ။ နားချိန်၊ အပန်းဖြေချိန် မရလိုက်သည်မှာ ကြာခဲ့ပြီ။

အသက်အရွယ်ကလည်းတစ်ဖက်၊ ရောဂါခံစားနေရမှုကလည်းတစ်ဖက်။ ယခင်ရောဂါ ခံစားခဲ့ရစဉ်က အိပ်နားချိန်က နည်းနည်း။ အချိန်တိုင်းလိုလို ရောဂါဖြင့် ဖိစီးခဲ့သည်။ ထိုကာလတွင် ထေရဝါဒဗုဒ္ဓနည်းဖြင့် ဝင်လေထွက်လေ ရှုမှတ်ခြင်းဖြင့် တရားရှာဖွေရသည်။ ဘာသာအရ အကျိုးများသည်ဟု ဆိုရသော်လည်း လူ၏ အိပ်စက်ချိန် နည်းပါးသဖြင့် အင်အားလျော့နည်းလာသည်က

အခက်အခဲ။ ရင်ကလှုပ်ရှား၍ လူက တုန်လှုပ်လာသ ကာလ။ ရင်၏ ကိုယ်ခံအားက သိသိသာသာ က ကယင် လှုပ်လှုပ်ရှားရှား။

အိပ်မက်ရာတွင် မိမိစိတ်ဆန္ဒထဲမှ တမ်းတမ်း သတိရမိစေသော အဖြစ်အပျက်များ လူပုဂ္ဂိုလ်မျ အောက်မေ့မိခြင်းကြောင့်မဟုတ်သာ။ အချိန်များစွာ မြင့်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များကို မေ့သလောက်ရှိခဲ့ လည်း ယခုတစ်ဖန် ပြန်လည်နိုးဆော်လာသည်။ သည် လွမ်းဆွတ်သတိရဖွယ်၊ အချို့မှုကား ပျော်ရွှ



www.burmeseclassic.com

www.burmeseclassic.com

တူးဖွယ်၊ အချို့မှု ကြောက်လန့်ထိတ်လန့်ဖွယ်၊ မည်သို့ဖြစ်စေကာမူ တစ်ရေးနိုးလာသောအခါ စိတ်က လှုပ်ရှားရဆဲ။ အိပ်ရေးမဝတဝတွင် စိတ်အစဉ်က မရှင်မလန်း။

ငယ်စဉ် ရှုးရှုးမိုက်မိုက် မသိသားဆိုးရွားသည့်အရွယ် အိပ်မက်တိတ္ထံကျမ်းကိုလည်း ပြန်ကြည့်လိုလာသည်။ အဘယ်ကြောင်းကြောင့် ဤအိပ်မက် မြင်မက်သည်ကို သိလိုလာသည်။ သို့သော် စာဖတ်ရုံသာ ကြာခဲ့သည်၊ အကျိုးအကြောင်းဆက်စပ်မှုကမရှိ။ အချို့ပုဂ္ဂိုလ်များသည် ယနေ့လူ့လောကတွင် မရှိတော့။ ကိုယ်ကသာ စိတ်စွဲ သတိရကျန်ခဲ့သည်။ အိပ်မက်အဟောကျမ်းက ရယ်စရာလိုလို၊ ပျော်စရာလိုလို။

အဘိဓာန်စာအုပ်ကိုလည်း ဖွင့်လှန်ဖြစ်သည်။ အိပ်မက်အကြောင်း သိလိုခြင်းထက် အိပ်မက်အမျိုးအစားကို သိလိုခြင်းက အဓိက။ 'အိပ်ခြင်း'နှင့်ပတ်သက်သည့် ဝေါဟာရကမျိုးစုံ။ အိပ်ခန်း၊ အိပ်ချင်မူးတူး၊ အိပ်ချိန်၊ အိပ်ငိုက်၊ အိပ်ငွေ့ချ (အိပ်မွေ့ချ)၊ အိပ်စက်၊ အိပ်စင်၊ အိပ်ဆေး၊ အိပ်ဆောင်၊ အိပ်တန်းတက်၊ အိပ်ပျော်၊ အိပ်ပျက်၊ အိပ်မောကျ၊ အိပ်မက်၊ အိပ်မက်ပေး၊ အိပ်မက်မက်၊ အိပ်မက်ရ၊ အိပ်မှုန်စုံမွှား၊ အိပ်ရာ၊ အိပ်ရာထ၊ အိပ်ရာဝင်၊ အိပ်ရာလိပ်၊ အိပ်ရေးဝ၊ နည်းမှမနည်းသော ဝေါဟာရများ။ အိပ်မက်တိတ္ထံထက် အကျိုးရှိနေသလိုလို။

အဘိဓာန်အရ ထူးခြားသည်မှာ 'အိပ်ရာလိပ်'ဖြစ်သည်။ ယနေ့ခေတ်လူငယ်များ သိနိုင်ခွင့်မသာ။ ယခင်ကာလက ကျွန်တော်တို့ ငယ်ရွယ်စဉ်က ခရီးသွားရာတွင် ခရီးဆောင်အိတ်တစ်ခု လွယ်အိတ်တစ်လုံးနှင့် အိပ်ရာလိပ်တစ်လိပ် ပါဝင်ဆောင်သယ်သွားတတ်သည်။ ထိုခေတ်က ကျောပိုးအိတ် မပေါ်သေး။ ခရီးဆောင်အိတ်နှင့် လွယ်အိတ်က ခရီးစဉ်အတွက် ဝတ်ဆင်ရန် အဝတ်အထည်များ ထည့်ရန်၊ အိပ်ရာလိပ်ကမူ အမည်အတိုင်း အလိပ်တစ်ခု၏ပုံစံမျိုး။ ခေါင်းအုံးပါသည်။ မွေ့ရာနှင့် စောင်များ ပါသည်။ ခေါင်းရင်းဘက်အိတ်ထဲတွင် ခေါင်းအုံးနှင့် ခေါင်းဆောင်ကိုထည့်ကာ၊ ခြေရင်းဘက်တွင် စောင်ထားသည်။ မွေ့ရာကို အိပ်ရာလိပ် အပြည့်ခင်းထားသည်။ အိပ်ရာလိပ်တွင် သရေပြား၊ ပတ္တူပြားများ ခင်းထားသည်။ ခရီးသွားစဉ် ထိုအခင်းအလိပ်ကို လိပ်၍ သားရေကြိုးဖြင့် အိတ်ပုံစံ ပတ်ထားသည်။ ထိုအရာကို အိပ်ရာလိပ်ဟု ခေါ်သည်။ ခရီးသွားရာတွင် အိပ်စရာ အိပ်ရာကို ဆောင်ယူသွားသည့်သဘော။ အိမ်ရှင်က တာဝန်မကြီးစေလို။

ယခုကာလ တည်းခိုဆောင်၊ ဟိုတယ်၊ မိုတယ် ပေါများလာသည့်အလျောက် အိပ်ရာလိပ်ကို သယ်ဆောင်မှု ထုံးစံက ပျက်ယွင်းသွားတော့သည်။ တစ်ချိန်က ခရီးသွားရာတွင် တည်းခိုရန်မိတ်ဆွေ အဆက်အသွယ်လိုသည်။ အိပ်ရာလိပ် ဆောင်ယူသွားကြသည်။ ယခုကာလတွင် အိမ်ရှင်မိတ်ဆွေအား ဒုက္ခမပေးလို။ တည်းခိုဆောင်၊ ဟိုတယ်များ၏ လုပ်ငန်းတာဝန်များက ခေတ်စားလာသည်။ ထို့ကြောင့် ခေတ်လူငယ်များ 'အိပ်ရာလိပ်ကို' မသိကြ၊ နားမလည်ကြ။ အဘိဓာန်အဆိုအရသာ မှတ်သားကြရသည်။

အိပ်ရာလိပ်နှင့် ဆက်စပ်၍ 'လွယ်အိတ်'ဟူသော ဝေါဟာရအသုံးအနှုန်းကို စဉ်းစားမိသည်။ 'လွယ်ရသောအိတ်' ခေါ်ဝေါ်သည်။ အမှန်က ပိတ်စဖြင့် ပြုလုပ်သဖြင့် အင်္ဂလိပ်ဘာသာဖြင့် clothe sling bag ဟု ခေါ်နိုင်သည်။ ကြိုးဖြင့်လွယ်ရသော အိတ်ဟူ၍လည်း မှတ်ယူနိုင်သည်။ 'လွယ်'၏ အဓိပ္ပာယ်မှာ 'ပခုံး'၌ အသုံးပြုရသဖြင့် နိုင်ငံခြားသားတို့က မြန်မာတို့၏ လွယ်အိတ်ကို shoulder bag ဟု ပြန်ဆိုကြသည်။ ဤလွယ်အိတ်မှာ မြန်မာနိုင်ငံတစ်ခုတည်းတွင်သာ ထူးထူးခြားခြား သုံးစွဲကြသည်။

ယခင်ကဆိုလျှင် သူသူငါငါ လွယ်အိတ်ကို အလေးအနက်ထားကြသည်။ စာရွက်စာတမ်း ထည့်စရာအစုံ ပါဝင်သောအိတ်။ အချို့က 'လွယ်အိတ်ရုံး ဖွင့်သည်'ဟု တင်စားကြသည်။ ရုံးကို အဆောက်အအုံတွင် မဖွင့်လှစ်ဘဲ လမ်းလျှောက် အကျိုးဆောင်သည့် ဝန်ထမ်းတို့၏ သဘောထား။ လွယ်အိတ်အား ပခုံးတွင် ထမ်းပိုးစေလျက် လက်ကို အခြားတာဝန်ဖြင့် အသုံးချသည်။ လွယ်အိတ်ဆိုသည်က ခရီးစဉ်တွင် အရာရောက်သား၊ အကျိုးရှိသား။ ယခုအခါတွင် လွယ်အိတ်ကို အသုံးနည်းလာသည်။

သို့သော် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုတွင် လွယ်အိတ်အစဉ်အလာက ယခုထက်တိုင် ထင်ရှားဆဲ။ လွယ်အိတ်၏ သဘောထားမှာ လူ၏ဘေးတွင် တည်ရှိနေခြင်းကြောင့် လူမှုပေါင်းသင်း ဆက်ဆံရေး နယ်ပယ်တွင် 'လွယ်အိတ်လို ဘေးတိုက်မနေနှင့်၊ ရှေ့မှ


www.burmeseclassic.com

www.burmeseclassic.com

သွားပါ။ သို့မဟုတ် နောက်မှလိုက်ပါ'ဟူ၍ ပြောစမှတ်ရှိသည်။ လွယ်အိတ်၏ အနေအထားကို သရိုးသရီ ပြုမူစေသည့်စကား။

◆◆◆

အမေ၏မောင်၊ ကျွန်တော်၏ဦးလေး ရောက်လာသည်။ သူက သင်္ဘောဆိပ်မှ တက်လာသည့်ပုံစံ။ ဆိုက်ကားတစ်စီး မြင်ကွင်းထဲသို့ ဝင်လာသည်။ ရှေ့ခုံတွင် ဦးလေးက ထိုင်၍ပါလာသည်။ လွယ်အိတ်ကို ဘယ်ဘက်ပခုံး၌ ချိတ်ဆွဲလာသည်။ ခရီးဆောင် အခြားအိတ်ကို ဆိုက်ကားဆရာ၏ အနောက်ဘက်ရှိ ကယ်ရီယာတွင် တင်ထားသည်။ အိပ်ရာလိပ်ကို နောက်ခုံတွင် အကျအန နေရာချထားသည်။ ဤသို့ပုံစံဖြင့် ရောက်လာတတ်သော ဦးလေး၏ လည်ပတ်ခြင်းကို ကျွန်တော် ပျော်ရွှင်မြူးထူးတတ်သည်။ ဦးလေးရောက်လာလျှင် အမေက ဟင်းကောင်းချက်ကျွေးမည်မှာ အသေအချာ။ ဦးလေးအနီးတွင် ကပ်၍ထိုင်ရသည်ကိုက လုံခြုံပျော်ရွှင်စရာ။

'သားအတွက် မင်းဒေါ်လေး ထည့်ပေးတဲ့ လက်ဆောင်ပါလာတယ်'

'သားပြောပြမယ်၊ နောက်မှ အမှန်ကိုပြောပါ'

'ကဲ..ဘာမှတ်သလဲ ပြောပြပါ'

'ထမင်းခြောက်နဲ့ ဟာလဝါ တစ်ခုခုပဲ'

'မှန်တယ်၊ ထမင်းခြောက်နဲ့ ဟာလဝါ'

ပုသိမ်ထွက်ကုန် ဟာလဝါမှာ ကုလားမုန့်တစ်မျိုး။ မယ်စကတ်ဟုလည်း ပြောကြသည်။ ဟိန္ဒူအချိုမုန့်ဖြစ်သည်။ ဂျုံမှုန့်၊ ထောပတ်၊ သကြား စသည်ပါဝင်သည်။ ဆီများများဖြင့် ကျိုချက်ထားသော ဟာလဝါမှာ ပူတုန်းပို၍စားကောင်းသည်။ ဟာလဝါ အခြောက်ခံထားသော ပုံခဲကလည်း စားကောင်းသည်။ ထို့ထက်ပို၍ ကောင်းသည့် ဒေါ်လေး၏လက်ဖြစ် 'ထမင်းခြောက်' စား၍ကျန်သောထမင်းကို နေတွင်လှန်း၍ အခြောက်ခံထားသည်။ ပို၍ခြောက်လေ ကောင်းလေ။ မြန်မာစစ်ပညာ၌ 'မသိုးထမင်း မသိုးဟင်း'တွင် 'ထမင်းခြောက်'လည်း အပါအဝင်။ ကျွန်တော် အလွန်ကြိုက်သည်။

'ထမင်းခြောက်'အား ဆီပူထိုး၍ စားရသည်။ စိမ့်သည်။ ဝမ်းဝသည်။ သွားဖြင့် တကျွတ်ကျွတ် စိစိညက်ညက်ကြေအောင် ဝါးစားလေ အရသာရှိလေ။ ထမင်းခြောက်ကြော်နှင့် ဟာလဝါကို ဖွန်းဖြင့် တစ်လှည့်စီ ... ယူလျက် အားရပါးရ စားသောက်နေသော ကျွန်တော်...

ထိုစဉ် အိပ်ရာမှနိုးသည်။ ဝမ်းသာလိုက်သည့်... ခြင်း။ ဦးလေးကို တွေ့ဆုံရသည်။ ကွာဝေးသော ကာ... တွင် မစားရကြာခဲ့သော ထမင်းခြောက်နှင့် ဟာလဝါ... အားရပါးရ နှစ်နှစ်ခြိုက်ခြိုက်။ ယခုတိုင်ခံတွင်းတွင် အ... သာရှိနေဆဲ။ သို့သော် ကျွန်တော်နှင့် လုံးဝမတည်။ ကျွ... တော် ရှောင်ရှားနေရသော အရသာမှာ အချိုဓာတ်၊ ဆေး... အခံက ဆီးချို။ ထို့ကြောင့် အချိုရသာကို ရှောင်ကြဉ်... သည်မှာ နှစ်ချီ၍ကြာပြီ။ ယခုအိပ်မက်တွင် ဟာလဝါ... အရသာက အလွန်ကောင်းမွန်လှကြောင်း နောက်တ... မှာ မိမိ၏ သွားအံတုများ တပ်ထားခဲ့ရသည်မှာလည်း... ငါးနှစ်ကျော်သည်။ ထိုသွားဖြင့် ထမင်းခြောက်ကြော်... စဉ်းစားခဲ့ရသည်မှာ ကြောက်ခမန်းလိလိ။ ပဲကြော်နှင့်... ထမင်းခြောက်ကြော်သည် မိမိနှင့်အစပ်မတည့်။ အိပ်မ... ထဲမှာလည်း စားနိုင်သောအစားအစာ၊ ထို့နောက် အ... ဆုံး ဦးလေးသည်ပင် လူ့လောကမှ စွန့်ခွာခဲ့သည်မှာ ... ပေါင်း(၅၀)ကျော်ပြီ။

အဘယ်ကြောင့် ဦးလေးတော်အား ပြန်လည်တ... မိပါလိမ့်။ စိတ်ဓွဲလမ်းမှုကြောင့် အိပ်မက်၊မက်သည်... ဆိုရခက်သည်။ ဦးလေးအား သတိမေ့သည်မှာ နှစ်ပေါ... ကြာချေပြီ။

◆◆◆

လေဖြတ်ခြင်း သို့မဟုတ် ဦးနှောက်သွေးကြော... သည့်ရောဂါ ဖြစ်သွားပြီးနောက်မှ စတင်၍ ဆရာဝ... ဆေးတစ်မျိုးကို စွဲစွဲမြဲမြဲ သောက်ခိုင်းသည်။ ဆေးနာ... ဖတ်ကြည့်မိရာ Xarelto 15 mg ဟုသိရသည်။ ဆေး... သေသေချာချာ မှာသည်။

'နေ့စဉ် တစ်လုံးမှန်မှန်သောက်ရမယ်၊ ပျက်ကွက်... မရှိစေရဘူး အဘ'

သည်ဆေးက နယ်နယ်ရရမဟုတ်။ အလွန်အ... ပုံရသည်။ မည်ရွေ့မည်မျှ လူနာကို စောင့်ရှောက်နိုင်... နည်း။

အထူးကုဆရာဝန်အား သားသမီးများက ... မျက်ရိပ်မျက်ခြည်ပြသည်မသိ။ ချော့မော့စကားဖြင့်... ပြေပြစ်ပြစ်။ အာရုံထွေပြားအောင် အပြင်စကား...

www.burmeseclassic.com

www.burmeseclassic.com

...သွားသည်။ ဆေးစာကို ရေးပေးနေသည်။ အိပ်ပျော်စေသော ဆေးဝါးတစ်မျိုး ပြန်တိုးလာသည်။

သည်ဆေးဝါးက ရောဂါအတွက် မည်သို့အကျိုးရှိသည် မသိနိုင်။ သို့သော် ညဘက်၌ အိပ်ချိန်ပိုမိုရရှိလာသည်။ သို့အတွက် အိပ်မက်များက မျက်ခြည်မပြတ်။ ...လိုသည်က ညစဉ်ညတိုင်း အိပ်မက်များ မြင်မက်သည်။ ...မှတ်မထားသော မိတ်ဆွေအပေါင်းအသင်းကို အိပ်...တွင် ကြုံဆုံရသည်။ အထူးသဖြင့် သေလွန်ပြီးသူတွေ ...များလာသဖြင့် မသိစိတ်က ရှိုးတိုးရိပ်တိပ်။

အောင်ကြည်တစ်ယောက် ပေါက်ချလာသည်။ သူ...ဘဝစုံသည်။ တက္ကသိုလ်ပြီးနောက် ရဲကျောင်းဆက်...တက်သည်။ ဒုရဲအုပ်သင်တန်းဆင်းသည်။ ရဲဝတ်စုံဝတ်...း သူငယ်ချင်းနှင့် တွေ့ဆုံသည်။ သူ ရဲစခန်းမှူးအဖြစ် ...ထူးတက်သည်။ မကြာခင် ရဲမှ ထွက်ရသည်။ ဖြစ်ရ...က ရဲစင်စစ်ဖြစ်ပါလျက် ဖဲရိုက်မှုကျူးလွန်သည်။ သူ ...လောင်းကစား ဝါသနာမပါ။ မည်သည့်အခါကမှ ဖဲ...စားခဲ့။ သို့သော် ရပ်ကွက်ထဲရှိ အသိမိတ်ဆွေအိမ်တွင် ...င်းထောင်သည်။ ထိုအိမ်၏ ထမင်းစားခန်းထဲတွင် သူ...ရောက် နေ့လယ်စာစားသည်။ သက်ဆိုင်ရာရဲက ဝင်ဖမ်း...သူက ရှောင်မထွက်ခဲ့။ အမှုထဲ သူပါသည်။ သူ...ရာရှိမှ ထွက်ရသည်။

ထို့နောက် ထမင်းကြော်ဆိုင် ဖွင့်သည်။ အမည်က ...န်းမှူးထမင်းကြော် အမည်'ကို ခံယူသည်။ သူက ...ဝါသနာရှင်။ အတွက်အချက် ကောင်းမွန်သည်။ ...သနာလည်း ပါသည်။ ညတိုင်း အိပ်ပျော်သည်မရှိ။ ...က်စာတမ်း၊ ဘောပင်တစ်ချောင်းနှင့် အလုပ်ရှုပ်နေ...နက်လင်းသော် သူ့ထံမှ ကိန်းဂဏန်းတောင်းမည့် ...ထမင်းကြော်စားရင်း ဝင်လာမစဲ တသဲသဲ။ ဤကိစ္စ...တ်သက်၍ လူဆိုးထိန်းရဲက သတိပေးသည်။ သူက ...ချင်းချင်းမို့ ဂရုမစိုက်။ နှစ်လုံး၊ သုံးလုံး ထီကိစ္စ...အောင်ကြည်က ဆရာတစ်ဆူ။ လောင်းကစား ဝါ...ထုံပါသည်။

သနေ့ခေတ် လူငယ်များ Lucky Draw နှင့်ပတ်...၍ ကျွမ်းကျင်သည်။ နှစ်လုံး၊ သုံးလုံး ထီကိစ္စများ ...ကြသည်။ အလွန်စိတ်ဝင်စား၍ စွဲစွဲလမ်းလမ်းကြီး ...နည်းစနစ်ဖြစ်သည်။ အရက်ကလေးတမြမြ၊ ချဲထီက တသသ။ အိပ်ရေးပျက်၊ အားအင်ကုန်ခန်း၊ ရောဂါစုပြုံလျက် သူသေဆုံးရသည်က နောက်ဆုံးရလဒ်။ ယခု သူရောက်လာသည်ကို ကျွန်တော်က ကြိုဆိုမိသည်။

'ငါးရှဉ့်ခြောက်စပ်နဲ့ ထမင်းကြော်ပူပူလေး စားစမ်းပါ၊ အားရပါးရ'

သူ့ထုံးစံအတိုင်း။

'အမဲသားနှပ်နဲ့ စားချင်ပုံရတယ်'

သူ့ဘာသာပြောင်းလဲသည်။ ဝယ်သူက ခေါင်းညိတ်ရုံသာ။

'ဘဲဥနှစ်လုံး တွဲစားမယ်။ သုံးလုံးက ပိုပိုင်တယ်'

သူ့စကားက သူ့ဝါသနာအလျောက်။

ကျွန်တော်က အောင်ကြည် ဈေးရောင်းပုံကို ကြည့်ကောင်းသလိုလို။ သူ ဈေးရောင်းပြီးလျှင် သွားစရာသွားမည်ကို စိတ်က အတပ်သိနေသည်။ ယခင်ကဲ့သို့ ကိုယ်ဦးဆောင်ရာသို့ အောင်ကြည်က လိုက်ပါနေကျ။ နောက်လိုက်သက်သက်။ ယခုမူ သူ့က လမ်းရှေးမည့်သဘော။ ကိုယ်ကလည်း သဘောတူသည်။

သူ့လမ်းလျှောက်မှု မြန်ဆန်သည်။ ကျွန်တော်လည်း ထိုနည်းအတူ။ နှစ်ဦးသား လမ်းလျှောက်ပြိုင်ပွဲဝင်နေသည့်နှယ်။ လမ်းခွဲနှစ်ခုဆုံရာသို့ရောက်သည်။ အောင်ကြည်က ဘယ်ဘက်လမ်းသို့ ဦးတည်နေချိန် ကျွန်တော်က တွေဝေနေဆဲ။ အခြားလမ်းဘက်သို့ စူးစမ်းနေသည့်သဘော။

'ကျုပ်နောက် လိုက်ခဲ့လေဗျာ'

သူက လှမ်းခေါ်သည်။ သူသွားရာလမ်း၏ တစ်နေ





www.burmeseclassic.com

www.burmeseclassic.com



ရာတွင် လူသေအလောင်းပေါင်းများစွာ စုပုံထားခြင်း။ သူက သိနေသည်လား၊ သူ မသိနိုင်လေသလားမသိ။ ကျွန်တော် စဉ်းစားနေသည့်လမ်း၌ ဘာဆိုဘာမျှ မတွေ့ရသေး။

'ကျုပ်သေရမယ့် အခြေအနေကို ကြိုမြင်တွေ့နေရတာ မကောင်းဘူးလား'

သူ့စကားက နားစွန်နားဖျားမို့ မသဲကွဲ။ ထပ်ပြန်မေးမှ သဘောပေါက်သည်။ လူက တစ်နေ့မှာ သေရမယ့် အမျိုးပဲ။ မည်သည်ကို စိုးရိမ်နေသနည်း။ ထို့ကြောင့် သူနှင့်ကျွန်တော် လမ်းဆုံတွင် လမ်းခွဲလိုက်သည်။ ယခုမူ မိမိလည်း တစ်ကိုယ်တည်း။ ကိုယ့်လမ်းကိုယ်သွား။ လူ့ဘဝ ရောက်ကတည်းက တစ်ကိုယ်တည်း။ သေရွာသို့လည်း တစ်ဦးတည်း ဖော်မပါ။ မွေးဖွားစဉ်က မိမိနှင့် အတူ မိခင်၏အကူအညီ ပါဝင်သည်။ ယခုအခါ မိခင်ကလည်း လူ့ဘဝမှ ကြိုတင်ထွက်ခွာသွားနှင့်သည်။ ယခုအခါ မိခင်၏ ကူညီပံ့ပိုးမှုကို မျှော်မှန်းမရ။ ကိုယ်ကိုယ်တိုင် အားတင်းမှ တော်ကာကျမည်။ ယခုအချိန်မှ မိခင်ကို တမ်းတ၍မရ။

လမ်းအဆုံးတွင် အဆောက်အအုံတစ်ခု။ အဝင်ဝတွင် ခရီးကြိုသူကတစ်ဦး။ လူပုံက ခံ့ခံ့ညားညား။ စတစ်ကော်လံပုံစံက လူကြီးလူကောင်းဟန်။ မျက်နှာထားက ခပ်တည်တည်။ သူ့စားပွဲပေါ်မှ သားရေဖုံး စာရင်းစာအုပ်ကြီးကိုသာ ဂရုထား၍ စူးစိုက်ကြည့်နေသည်။ စာအုပ်ကိုတစ်

လှည့်၊ ကျွန်တော့်အားတစ်လှည့် အပြန်အလှန် စိစ
ဆေးနေသည့်ပုံ။ မည်သူ့ကိုမျှ မျက်နှာချိုမသွေး။ မျ
လုပ်မည့်သူ မဟုတ်တန်။ သူ့ထံ လာဘ်ပေးလာဘ်ယူ
မည့်သူ မရှိ။ အခန်းထဲ ဝင်လိုက်သည်နှင့် အင်္ကျီအ
အစားအားလုံး ချွတ်ရသည်။ ဆေးရုံတွင် ခွဲစိတ်ခ
မည့် လူနာကဲ့သို့ ကိုယ်လုံးတီး။ သူက အင်္ကျီတစ်
ထုတ်ပေးသည်။ နှုတ်မှလည်း တတွတ်တွတ်။

'ဒီအင်္ကျီက ရောဂါကို စမ်းသပ်မှာ။ သွေးချိ
ကိရိယာလိုပုံစံမျိုး။ တဖြည်းဖြည်း လေအားဖိအား
ကိုယ်လုံး တင်းလာလိမ့်မယ်။ ရင်ထဲမှာရှိတဲ့ အစိတ်
အားလုံးကို ထိုးဆွစမ်းသပ်မှာ။ နှလုံးအသည်းက
စွာ တင်းခံနိုင်ရင် အင်္ကျီဘက်က လျှော့ပေးမယ်။
ရင် ပိုပြီးဖိနှိပ်ပေးမယ်။ သည်နည်းနဲ့ လူဟာ နှလုံး
ကြောင့် သေရမယ်။ ဒါမှမဟုတ် အာခံပြန်တင်း
မြင်လျှင် လူဘက်က သာမယ်။ ရောဂါပြန်သက်သာ
အခြားရင်ထဲရောဂါ တစ်ခုချင်းစီကို ပြောင်းလွှဲရှာ
မယ်။ တစ်ခုမဟုတ် တစ်ခုခုကြောင့် သေရသ
လည်အသက်ရှင်ခွင့် အခွင့်အလမ်းလည်းရှိတ
ကာလ နည်းနည်းတော့ ခံစားရမယ်'

သူက နည်းနည်းသာ ခံစားရမယ်ဆိုသည့်
ခပ်တင်းတင်း ခပ်မာမာ။ အတော်ကလေး ခံစား
သေချာသည့်ပုံ။ ရှောင်လွှဲ၍မရသည့်အဆုံး အင်္ကျီ
လိုက်ရသည်။ ကျွန်တော် မည်သို့မျှ မခံစားရ
အိပ်မက်မှ တစ်ရေးနိုးလာသည့်ပုံ။ သို့သော် နဖူ
ချွေးက တစိုစိုဖြင့်။ အောင်ကြည်ကိုလည်း သ
သည်။ ထို့ထက်ပို၍ ဆိုးရွားသည်က ခရီးဦးကြို
မျက်နှာထား။ သူ့ပုံကိုက ကြောက်စရာ။ သူက
များလားမသိ။ ဦးချိုဦးထုပ်ဆောင်းမထား။

သူ၏ နောက်ကျောဘက် အခန်း၏ အ
ထိတ်လန့်စရာ။ ဝိညာဉ်နားနေရန်နေရာဟူ၍
သည်။ လူသေလျှင် ဝိညာဉ်က အခြားနေစရာ
ချင်းမသွားရသေးပါက ဤနေရာတွင် ယာယီ
နေရာဟု ဆိုလိုခြင်း။ ကျွန်တော် ဤနေရာသို့
အိပ်ရာမှ နိုးလာခြင်းဖြစ်၍ ထိုအခန်း၏ အနေ
ပြောမရနိုင်ပါ။

နောက်ပိုင်း ဆက်၍မပျော်။ အိပ်၍မရသည်



www.burmeseclassic.com

www.burmeseclassic.com

-း‌တက်တက်စင်လင်းသည်အထိ။

◆◆◆

အထူးကုဆရာဝန်နှင့် တွေ့ရပြန်သည်။ သွေးစစ်၊ သွေးချိန်၊ အဖျားတိုင်းပြီးလျှင် ဆရာမကတစ်ဆင့် တင်ပြ-ေးသည်။

'ညဘက် အိပ်ပျော်ပါတယ်။ ဒါပေမဲ့ အိပ်မက်တွေ-ာ ထွေလီကာလီ'

'ဘယ်လိုမက်လို့လဲ'

'သေပြီးသူတွေနဲ့ချည်း ပြန်တွေ့နေရတယ်'

'အဲဒါ ကြောက်လို့လား'

'တစ်ချိန်ချိန် သူ့နောက်ကိုလိုက်ရမှာ သေချာနေလို့ ကြောက်ပါဘူး'

'ရာသီဥတုက အေးနေလို့ အိပ်မက်,မက်တာပါ'

ကိုယ့်ထက် တတ်သိပညာရည်ပြည့်ဝသူမို့ အငြင်း-ခုံမလုပ်လို။ သူပြောသမျှ လိုက်နာရုံမျှသာ။ မည်သို့-င်ဖြစ်စေ ဖြစ်ပျက်ခဲ့သော အိပ်မက်များမှာ ကျွန်တော်တို့-သက်အရွယ်တန်းအတွက် ပြန်လည်သတိရမိစေသည်။

ထိုအတွေ့အကြုံမှ ယနေ့ခေတ်ကာလသား ကာလသမီးတို့ မသိနိုင်သော ဗဟုသုတအနည်းငယ်ရနိုင်ပါသည်။ အိပ်မက်မှတစ်ဆင့်ရရှိသော အသိပညာကို ဝေငှရသည်က မိမိအတွက် အမြတ်။

သူတို့ အိပ်ရာလိပ်၊ လွယ်အိတ်၊ လွယ်အိတ်ရိုးဖွင့်လှစ်ခြင်း၊ ထမင်းခြောက်၊ ဟာလဝါမုန့်၊ ခေတ်ကာလတစ်ခုတွင် ရဲအရာရှိကို အရေးယူသည့်ဖြစ်ရပ်။ ထိုများအကြောင်း၊ သေခြင်းအရိပ်အယောင်များကို မျိုးဆက်သစ်များသို့ ပြောပြဖြစ်သည်။ နောက်ထပ်မံအိပ်မက်များကို ပြန်လည်ရေးသားတင်ပြပေးရန် ဆုံးဖြတ်ထားသည်။ ဤနည်းဖြင့် ကိုယ်ကိုယ်တိုင် အလုပ်ပေးသည့်ပုံစံခံယူသဖြင့် အိပ်မက်ကို မကြောက်တော့။ အိပ်၍မပျော်သောညများကို ပျော်ရွှင်စွာ ရင်ဆိုင်တွေ့မည်။

အိပ်မက်ပေါ်လာလျှင် ပြန်လည်စေ့စုံစေ့ငွစွာ စဉ်းစားမှတ်သားထားသည်။ သို့မှ စာရေး၍ ဖြောင့်တန်းမည်။ ဖတ်ရှုသူ အကျိုးရှိလျှင် မိမိလည်း တာဝန်ကျေသည်။

ရန်နိုင်

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်မေးစေခိုင်းချက်အရ

အထူးအမိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော



# ဆရာမကြီး အေးမိုးမိုး

စိတ်မနော အာရုံ အကြားအမြင်လက္ခဏာဖြင့် ၂၇ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်,ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊

မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၂၅၅၉၅၂၅၂၀ ၊ ၀၉၄၂၀၂၀၂၁၆၈

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ ပညာရပ်တွေထဲမှာ ဗေဒင်လက္ခဏာပညာရပ် ပါတယ်လို့ ယူဆမိတယ်။ ခပ်ငယ်ငယ် မတောက်တခေါက် လူပျို့ပေါက်အရွယ်လောက်ကတော့ ဗေဒင်လက္ခဏာပညာကို စိတ်ဝင်စားမှု မရှိခဲ့ပါဘူး။ လူလတ်ပိုင်းအရွယ်လောက်ရောက်မှ ဗေဒင်လက္ခဏာပညာရပ်ကို သတိထားလာမိတယ်။ ဗေဒင်လက္ခဏာပညာရပ်ဟာ အင်မတန် ခက်ခဲနက်နဲပြီး ကျယ်ဝန်းလှတယ်။ အံ့ဩဖို့လည်း ကောင်းတယ်။ ဆန်းလည်း ဆန်းကြယ်တယ်။ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသူရဲ့ မွေးနေ့၊ မွေးရက်ကို တွက်ချက်ပြီး လက်ဝါးပြင်က အ... အကြောင်းတွေကြည့်ပြီး ရှေးဖြစ်နောက်ကြောင်းတွေ ... နိုင် ပြောနိုင်တယ်ဆိုတာ အံ့ဩစရာပါပဲ။ ဒါပေမဲ့ ... လမ်းလမ်းကြီး ခိုင်ခိုင်မာမာ ယုံကြည်နေဖို့တော့ မဟု... ပါဘူး။ အံ့ဩဆန်းကြယ်တာကို ဆိုလိုတာပါ။

# ရည်သာ ကောက်ချက်ချသော်
## ဘဝသံသရာမှ ဘဝကံကြမ္မာပုံရိပ်များ






www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက အထက်အညာမြေလတ်ဒေသ ဧရာဝတီ
အရှေ့ဘက်ကမ်းပေါ်က မြင်ကွန်းမြို့လေးကို
ာက်ခဲ့ဖူးတယ်။

အဲဒီမြို့က ဆရာမြဆိုတဲ့ ပုဂ္ဂိုလ်ဟာ
တော် ဘာမှမမေးမမြန်းဘဲ ကျွန်တော့်
ည်ကို စဉ်းစားပြီး-





www.burmeseclassic.com

www.burmeseclassic.com

'မင်းနာမည်မှာ နောက်ဆုံးက ဇော်တစ်လုံး ပါနေတာ မကောင်းဘူးကွ။ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ အပေါ်အတား ဖြစ်နေတယ်'

ဒီတော့ ကျွန်တော်က-

'အခုအရွယ်ရောက်မှတော့ ဘယ်တတ်နိုင်မလဲဗျာ။ မှတ်ပုံတင်ထဲမှာလည်း ဒီနာမည်၊ သန်းခေါင်စာရင်းထဲလည်း ဒီနာမည်၊ ဆယ်တန်းဖြေထားတာလည်း ဒီနာမည်ပဲ'

'အေး..ဒါတော့ ဘယ်တတ်နိုင်မလဲကွာ။ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် ဇော်တစ်လုံး ပြုတ်သွားတဲ့အခါ မင်း အောင်မြင်မှုတွေ ရလိမ့်မယ်ကွ။ မင်း ဘယ်နှစ်ခုဖွား၊ ဘာနေ့သားလဲ'

ဆရာမြက မေးလာတော့ ကျွန်တော့်ရဲ့မွေးသက္ကရာဇ်၊ ခုနှစ်၊ လ၊ ရက်၊ အချိန်တွေ မှတ်သားထားတာတွေ ပြောပြလိုက်တယ်။ ဆရာမြဟာ မျက်စိမှိတ်ပြီး စိတ်တွက်တွက်ပါတယ်။

ပါးစပ်က တတွတ်တွတ် ရွတ်ဆိုပြီးတော့-

'မင်းက ပညာတတ်တစ်ယောက်တော့ ဖြစ်မှာမဟုတ်ဘူးကွ။ ဒါပေမဲ့ ဖွဲတို့၊ ဝီရိယတို့ကြောင့် မနိမ့်ကျပါဘူး။ အကြီးအကဲဖြစ်မယ့် ဇာတာပါ။ ဖွားဇာတာကလည်းကောင်းတယ်။ အထွန်းဖွားဆိုတော့ ကုန်ကုန်ပြောမယ်ကွာ၊ ကုန်ထမ်းတဲ့အလုပ်သမား ကူလီဖြစ်တောင်မှ မင်းက ကူလီခေါင်းဖြစ်မယ့် ဇာတာပဲ။ အင်္ဂါနံ အကျိုးပေးမယ်ကွ။ ဖခင်အမွေအနှစ် ရတတ်တယ်'

ကျွန်တော် စိတ်မဝင်စားမှန်းသိလို့ ဆရာမြက ဒီလောက်ပဲ ဟောခဲ့ပါတယ်။

အဲဒီအချိန်က ဆရာမြရဲ့ ဟောပြောချက်ကို ကျွန်တော် ပြုံးမိရယ်မိပါသည်။ သဘောကျလို့၊ နှစ်ခြိုက်လို့ ပြုံးတာ ရယ်တာ မဟုတ်ပါဘူး။ မဖြစ်နိုင်ဘူး ထင်တာရယ်၊ လွဲချော်နေတာတွေကြောင့်ရယ် လှောင်ပြုံး ပြုံးမိတာပါ။ ဒါပေမဲ့ ကျွန်တော်ငယ်စဉ်ကတည်းက နေ့စဉ်မှတ်တမ်းဒိုင်ယာရီ ရေးလေ့ရှိလို့ မှတ်သားတော့ ထားလိုက်ပါတယ်။ တကယ်တော့ သူဟောသလို ဖခင်အမွေအနှစ်ရဖို့ နေနေသာသာ အဖေက ကျွန်တော့်ကို ကြည့်မရလို့ အိမ်ပေါ်က ဆင်းနေရတဲ့ဘဝပါ။ မြင်ကွန်းမြို့က စာတိုက်ထဲ ခိုကပ်နေရတဲ့ဘဝပါ။ အဖေက နိုင်ငံရေး သမား၊ လွတ်လပ်ရေး မော်ကွန်းဝင်ဖြစ်ခဲ့ပြီး ကျွန်း… မှူးဘဝ တာဝန်ထမ်းဆောင်နေသူပါ။ အင်မတန်… ကမ်းကြီးပြီး အတိမ်းအစောင်းမခံ ခပ်ကြမ်းကြမ်း … ချုပ်တဲ့သူပါ။ လက်ကလည်း မြန်တယ်။ အရိုက်က… ကြမ်းတယ်။ ကျွန်တော်က လူပျိုပေါက် စိတ်က… အရွယ်။ စိတ်လေလေနဲ့ စည်းမဲ့ကမ်းမဲ့ ခပ်ပေါ့ပေါ့… တတ်သူ။ ဒီတော့လည်း အဖေက ကျွန်တော့်ကို ကြ… မရတော့ဘူး။ အမေ့အစီအစဉ်နဲ့ အဖေ့အရိပ်က ခပ်… ရှောင်လေး နေရတဲ့ဘဝ။

ဖေဒင်ဟောသလို အဖေ့အမွေရနိုင်တယ်ဆိုတာ ကျွန်… တော့်အတွက် ပြုံးစရာ ရယ်စရာ ဖြစ်ခဲ့တယ်။ ကျွန်… စိတ်လေလေနဲ့ အိမ်ကနေ အဝေးကို ထွက်သွားခဲ့တ… ရန်ကုန်ရောက်တော့ ဌာနကြီးတစ်ခုမှာ ဝင်အလုပ်လု… တယ်။ ဌာနက လူကြီးတွေက ကျွန်တော့်နာမည်ခေါ်… ရှည်လို့ထင်ပါရဲ့၊ ဒါမှမဟုတ် သံယောဇဉ်နဲ့ ရင်း… သဘောလားမသိ။ ဇော်တစ်လုံးဖြုတ်ပြီး လွယ်… အောင်ချမ်းလို့ပဲ ခေါ်ကြတယ်။ လူကြီးတွေ ခေါ်… သံယောင်လိုက်ပြီး သက်တူရွယ်တူတွေကလည်း … ချမ်းလို့ပဲခေါ်သလို ကျွန်တော့်ထက် အသက်ကြီးသူ… ထမ်းတွေကလည်း အောင်ချမ်းလို့ပဲ ခေါ်ကြတယ်။ ကျွန်… တော်ထက် ရာထူးငယ်သူ၊ တာဝန်အဆင့်နိမ့်သူ… လည်း ကိုအောင်ချမ်း၊ ဦးအောင်ချမ်းလို့ပဲ ခေါ်ကြ…

အလိုလိုနေရင်း သတင်းစာထဲထည့် မကြေ… နာမည်မပြောင်းလိုက်ရဘဲ ဇော်တစ်လုံး အလိုလိုပြု… တယ်။ ရန်ကုန်မှာနေရတာ ဘယ်မှလည်း အဆင်… ရုံးတက် ရုံးဆင်း ဘတ်(စ်)ကားခကလည်းကုန်၊ လု… ပင်ပန်း၊ ရုံးမှာ နေရ အိပ်ရတာက ရေမီးအပြည့်… အိမ်သာ၊ ရေချိုးခန်းကလည်းကောင်း၊ တယ်လီ… တော့ ရုံးကို အိမ်လုပ်နေလိုက်တယ်။ မြို့ထဲ ရပ်ရွ… လို့လည်း အဆင်ပြေ၊ ဘတ်(စ်)ကားခလည်းမကုန်… လမ်းက ထမင်းဆိုင် ည,မနက်စား တစ်လလုံး… ကျပ်ပဲ ပေးရတာ။ (၁၂၆)ကျပ် လခရတာ တော်… ပိုသေးတယ်။ လူကြီးတွေက ရုံးပိတ်ရက်တွေ၊ ရုံး… ညတွေ အကြောင်းရှိလို့ ဖုန်းဆက်လိုက်တိုင်း ကျွန်… နဲ့သာ တိတွေ့ပါများတော့ ဒီကလေး အလုပ်တော်… လုပ်တယ်ထင်ပြီး ရာထူးအဆင့်ဆင့်တက်ခဲ့တယ်။ …

www.burmeseclassic.com

www.burmeseclassic.com

အရည်အချင်းအရသာဆိုရင် ရာထူးတက်စရာ အကြောင်း မမြင်ဘူး။ ဘာပဲပြောပြော တစ်ချိန်က ဗေဒင်ဟောတဲ့ အတိုင်း ဇော်တစ်လုံး ပြုတ်တဲ့အချိန် အောင်မြင်မှုတွေရ ခဲ့တယ်။ ဒါလည်း အံ့သြကုန်နိုင်ဖွယ်။ ကဲ··မယုံချင်နေ ဆိုသလိုပေါ့။

တစ်ခါကတော့ ကံအကြောင်းမလှလို့ တိုင်းတစ်ပါး သူများနိုင်ငံသွားပြီး ကျွန်လုပ်ခဲ့ရဖူးတယ်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ ဆောက်လုပ်ရေး အလုပ်ကြမ်းသမား အဖြစ် သွားလုပ်တော့လည်း သူတို့နိုင်ငံသား အုပ်ချုပ်သူ ဒိုမင် မန်နေဂျာအင်ဂျင်နီယာတွေက ကျွန်တော့်နာမည် အပြည့်အစုံ မခေါ်တတ်ကြဘူး။ အထူးသဖြင့် ဇော်ဆိုတာ ကို သူတို့ အသံမထွက်တတ်ကြဘူး။ ချမ်းဆိုတဲ့ အသံ ထွက်တော့ သူတို့က ရင်းနှီးကျွမ်းဝင်တယ်။ ဂျက်ကီချမ်း၊ ဒေးဗစ်ချမ်း စသဖြင့် ခေါ်တတ်သလို ကျွန်တော့်ကို အောင်ချမ်းလို့ပဲခေါ်ကြတယ်။ အဲဒီမှာလည်း အလိုလိုနေ ရင်း ပတ်(စ်)ပို့၊ ဝပ်(ခ်)ပါမစ်ထဲပါတဲ့ နာမည်ရင်းကနေ ဇော်တစ်လုံး အလိုလိုပြုတ်သွားပြန်တယ်။ အောင်ချမ်းဖြစ် သွားတယ်။

နိုင်ငံပေါင်းစုံက အလုပ်ကြမ်းသမား (၁၀၀၀) လောက်ရှိတာထဲ ကျွန်တော်လည်း အလုပ်သမားတစ် ယောက်ဖြစ်တာမို့ သေလုအောင် ပင်ပန်းဆင်းရဲရပါတယ်။ မလုပ်ဖူးတဲ့ အလုပ်တွေလုပ်ရ၊ မတက်ဖူးတဲ့ အမြင့်တွေ ကြောက်ကြောက်နဲ့ တက်ခဲ့ရတယ်။ ချွေးတွေဆိုတာ နဖူး ကချွေး ခြေမကို စမ်းချောင်းရေလို စီးကျခဲ့ရတယ်။ ရောက် ဘာမှတော့ မထူးဘူး။ ဝက်ဖြစ်မှ မစင်ကြောက်နေလို့ မဖြစ် အတော်ရုန်းကန်ခဲ့ရတယ်။ သူတို့နိုင်ငံမှာက နွေ၊ မိုး ဆောင်းရယ်လို့ ရာသီဥတုမရှိဘူး။ နေ့စဉ် မိုးသည်း သည်းရွာ၊ နေ့စဉ် နေချစ်ချစ်တောက်ပူတာမို့ မိုးနဲ့နွေ နေ့တိုင်း ဆိုပါတော့။ တွံတေးသိန်းတန်ရဲ့ ဆောင်းရယ် နှင်းရယ် ဆိုတဲ့ အေးချမ်းတဲ့ဆောင်းတွင်း မရှိဘူး။ အမြဲ ပူအိုက်တဲ့နိုင်ငံ။

တစ်နေ့မှာတော့ နေ့လယ်ဘက် ကျွန်တော်အိပ်တဲ့ အဆောင်နား ဘိလပ်မြေ(၂)တန်လောက်ကို ကရိန်းကား ကြီးနဲ့ ပိုက်ကွန်ထုပ်ကြီး(၂)ထုပ် လာချသွားတယ်။ ညဦး ပိုင်း မိုးတွေရွာလာတယ်။ ဘိလပ်မြေတွေ မိုးမိရေစိုပြီး ပျက်ကုန်တော့မယ်။ အမှန်ကတော့ ကျွန်တော်နဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်တော့်တာဝန်လည်း မဟုတ်ဘူး။ ကျွန် တော်က သာမန်အလုပ်ကြမ်းသမား တစ်ဦးပါ။ အလုပ် သမားတွေ ရာနဲ့ ထောင်နဲ့ချီ ရှိတယ်။ ဒီကိစ္စ ဘယ်သူမှ လှည့်မကြည့်ဘူး။ ဘာမှလည်း မဆိုင်ဘူး။ ဒါပေမဲ့ ကျွန် တော် မနေနိုင်ဘူး၊ နေလို့မရဘူး။ ဘိလပ်မြေ(၁)တန် အိတ်(၂၀)ပါတဲ့ အထုပ်ကြီးကြီး(၂)ထုပ် မိုးရေတွေရွှဲ ပျက်စီးတော့မယ်။ ကျွန်တော် စိတ်ပူလာတယ်။

အလုပ်ထဲ ဆိုဒ်ထဲမှာက ကားမျိုးစုံ၊ ယန္တရားမျိုးစုံ ရှိတယ်။ အလုပ်သိမ်းချိန်မို့ မောင်းသူ မရှိဘူး။ သော့တွေ တန်းလန်းနဲ့ ဒါက သူတို့နိုင်ငံထုံးစံ။ သူတို့ဆီမှာ သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက် လုံးဝမရှိဘူး။ ဘာပစ္စည်းမဆို ပစ် ထားလေ့ရှိတယ်။ ဘာမှမပျောက်ဘူး။ ကျွန်တော် အပြင် ထွက်ကြည့်တော့ မိုးသည်းသည်းရွာတော့မယ်။ ဂိုဒေါင် ရှေ့မှာက ကားတွေ ပိတ်ရပ်ထားတယ်။ ကျွန်တော် ကား တွေ တစ်စီးပြီးတစ်စီး တက်မောင်းပြီး နေရာရွှေ့လိုက် တယ်။ ပြီးတော့ ကရိန်းပါတဲ့ကားကြီး တက်မောင်းပြီး ဘိလပ်မြေအိတ်တွေ ကရိန်းနဲ့မ,တင်ပြီး ဂိုဒေါင်ရှေ့ထား လိုက်တယ်။ ဂိုဒေါင်ထဲထိ ကရိန်းကားကြီး ဝင်မရဘူး။ ဒီတော့ ဖော့လစ်(ဖ်)ယန္တရားလေး တက်မောင်းပြီး ဘိလပ် မြေအိတ်တွေကို ဂိုဒေါင်ထဲ ထားလိုက်တယ်။ မိုးသည်း သည်းရွာနေတယ်။ ကျွန်တော်လည်း တစ်ကိုယ်လုံး ရွှဲရွှဲ စိုသွားတယ်။ ဘိလပ်မြေအိတ်တွေကတော့ မပျက်စီးတော့ ဘူး။ မိုးလွတ်သွားတယ်။

ဒါကို ဘယ်သူမှ သိကြမှာ မဟုတ်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ သူဌေးနဲ့ မန်နေဂျာတွေ၊ အင်ဂျင်နီယာတွေ အစည်းအဝေးလုပ်နေချိန် ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ ဘာမှန်းမသိ အစည်းအဝေးခန်းထဲ ဝင်သွားတယ်။

သူဌေးက ကျွန်တော့်ကို လက်ညှိုးထိုးပြီး-

'မနေ့က ဘီလပ်မြေအိတ်တွေ ဘာလို့ရွှေ့တာလဲ' လို့ မေးပါတယ်။

ကျွန်တော်လည်း ပြဿနာတော့တက်ပြီ ဒုက္ခပဲဆိုပြီး အမှန်အတိုင်း 'ကျွန်တော်ရွှေ့တာပါ။ မိုးတွေ စိုမှာစိုးလို့ပါ' လို့ ဖြေလိုက်တယ်။

ဒီတော့ သူဌေးက 'မင်းကို ဘယ်သူခိုင်းလို့လဲ' မေးပြန်ပါတယ်။

ကျွန်တော်က ဖြစ်ချင်ရာဖြစ် 'ကိုယ့်သဘောနဲ့ ကိုယ်ရွှေ့တာ၊ ဘယ်သူမှ မခိုင်းပါဘူး' လို့ ဖြေလိုက်တယ်။

ဒီတော့ သူဌေးက ဆက်ပြီးမေးပြန်ပါတယ်။

'ဘယ်သူမှ မခိုင်းဘဲ ဘာလို့လုပ်ရတာလဲ'

'မလုပ်ရင် မိုးတွေစိုပြီး ပျက်စီးကုန်တော့မယ်။ ဘီလပ်မြေ(၂)တန်အိတ်(၄၀)ဆိုတာ အများကြီး တန်ဖိုးကြီးတယ်။ ကုမ္ပဏီပစ္စည်း ဆုံးရှုံးမှာစိုးလို့ ရွှေ့လိုက်တာပါ။ မနေနိုင်လို့ လုပ်လိုက်တာပါ'

ဒီတော့ သူဌေးက သူ့ရဲ့ မန်နေဂျာတွေ၊ အင်ဂျင်နီယာတွေကို သူတို့ဘာသာစကား ကွိကွိကွကွနဲ့ အများကြီး ပြောတယ်။ ကျွန်တော် သူတို့ချင်းပြောတာတော့ နားမလည်ဘူး။ အားလုံးက ထိုင်နေကြတာ ကျွန်တော်တစ်ယောက်တည်း မတ်တတ်ရပ်နေရတာ။ သူတို့ ပြောကြဆိုကြပြီးတဲ့နောက် အားလုံး မတ်တတ်ရပ်ကြပြီး တစ်ယောက်ပြီးတစ်ယောက် ကျွန်တော့်ကိုလာပြီး လက်ဆွဲနှုတ်ဆက်ကြတယ်။ ခါးကုန်းပြီးတော့လည်း အရိုအသေပေးကြတယ်။ သူဌေးကိုယ်တိုင်လည်း ဒီလိုပဲ လာပြီး လက်ဆွဲနှုတ်ဆက်တယ်။ ခါးကုန်းပြီး အရိုအသေပေးတယ်။ လက်ခုပ်တွေ တီးကြတယ်။ ကျွန်တော်လည်း ကြောင်တောင်တောင်နဲ့ ဘာမှန်းမသိ အံ့သြနေတယ်။ နောက်မှ အကြောင်းစုံ သိရပါတယ်။

ညဦးပိုင်း မိုးဖွဲဖွဲရွာစ သူဌေးက ကိစ္စတစ်ခုနဲ့ ကားမောင်းလာရင်း သူ့အလုပ်ထဲ အမှတ်မထင် လှမ်းကြည့်မိသတဲ့။ ဘီလပ်မြေအိတ်တွေ မိုးမိတော့မှာကိုမြင်တော့ သူ စိုးရိမ်ပူနေချိန် ကျွန်တော်က ဂိုဒေါင်အပေါက်ဝပိတ်နေ

တဲ့ ကားလေးတွေ တစ်စီးပြီးတစ်စီး မောင်းရွှေ့၊ ကရိန်း
တဲ့ကားကြီး မောင်းလာပြီး ဘီလပ်မြေအိတ်တွေ ကရိန်း
မ,တင်၊ ဂိုဒေါင်ထဲ ဖော့လစ်(ဖ်)နဲ့ မောင်းသွင်းတာ သူ
ကြည့်နေလို့ အားလုံးမြင်ခဲ့တဲ့အကြောင်း၊ ဘယ်သူမှမ
ဘဲ ကိုယ့်အသိစိတ်နဲ့ကိုယ် ကုမ္ပဏီပစ္စည်း မဆုံးရှုံးအော
တစ်ယောက်တည်း လုပ်နေတာဟာ ဂုဏ်ယူစရာကော
တဲ့အကြောင်း၊ နိုင်ငံပေါင်းစုံက အလုပ်သမားတွေ အ
ကြီးထဲမှာ မြန်မာလုပ်သားဟာ သိပ်သိတတ် ထူး
တယ်ဆိုပြီး ကျွန်တော်တို့ မြန်မာလုပ်သားအဖွဲ့ကို
ထပ်တိုက်လေး တစ်လုံးမှာ သီးခြားထားပေးပြီး အ
အထည်တွေ၊ စားသောက်စရာတွေ ပေးတယ်။ ကျွန်
ကိုလည်း ကားပေါင်းစုံ၊ ယန္တရားပေါင်းစုံ မောင်းတတ်
သူတို့နိုင်ငံ ယာဉ်မောင်းလိုင်စင် ရအောင်လုပ်ပေး
အလုပ်ကြမ်းတွေ မလုပ်ရတော့ဘဲ လစာလည်းပိုရ
ကိစ္စတွေ၊ အလုပ်သမား ကြိုပို့ရတဲ့ ကားမောင်းအလု
လုပ်ရတော့တယ်။ ဖော်ဆိုတဲ့ အမည်တစ်လုံး ပြု
လို့ အဆင်ပြေအောင်မြင်ရပြန်တယ်။ ဗေဒင်ဟော
မှန်လိုက်တာလို့ သတိထားမိလာတယ်။

နိုင်ငံရပ်ခြား တိုင်းတစ်ပါး သွားရလိမ့်မယ်လို့
ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ခဲ့၊ စိတ်
ပါဘူး။ ကိုယ့်ပညာအရည်အချင်းနဲ့ ကိုယ့်ရာထူးအ
လည်း နိုင်ငံခြားဆိုတာ ဘာမှမဆိုင်ဘူး။ ရုံးဝန်ထမ်း
သမီးအချို့ ဗေဒင်လက္ခဏာမေးသွားကြတာ အဖော်
ဖူးတယ်။ မေးကြ ပြောကြ ဟောကြတာတွေ ထိ
ထောင်တာပါ။ ❧

အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုက
မေးတဲ့ ရုံးဝန်ထမ်းအမျိုးသမီးကို ဗေဒင်ဆရာက မ
အမှုအခင်း ရုံးပြင်ကနား ရောက်ဖို့မြင်တယ်။ အ
အနှောင် ထောင်တွေဘာတွေ မြင်တယ်လို့ ဟောတ

အဲဒီအမျိုးသမီးက စိတ်ဆိုးတယ်။ ဟုတ်တယ်
အဲဒီဝန်ထမ်းအမျိုးသမီးဟာ ပညာတတ် ဆွေကြီးမျိုး
ထဲက အဆင့်မြင့် ရာထူးနဲ့သူ။ ဘာမှဖြစ်စရာ အ
မရှိဘူး။ ဒါပေမဲ့ဗျာ အဲဒီအမျိုးသမီးဟာ ငွေစာရင်း
မှားယွင်းမှု၊ ငွေကြေးကွာဟမှုတွေကြောင့် သူ့မှာ
ရှိတယ်ဆိုပြီး ရုံးတွင်း ပီအီး၊ ဒီအီးအဖွဲ့ ဖွဲ့ စစ်ဆေး
ငွေကြေးကလည်း နိုင်ငံခြားသုံးငွေဒေါ်လာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

...ကြောင်း၊ ဘီအက်(စ်)အိုင်ကေ့(စ်) စစစ ဌာနကိုင်တဲ့ ...ဖြစ်တာကြောင့်မို့ ဘယ်သူမှ မတတ်နိုင်တော့ဘဲ အင်း ...ထောင်ကျသွားတယ်။ အံ့ဩလို့မဆုံးဘူး။

ဒါကြောင့် ကျွန်တော် စိတ်ဝင်စားပြီး အဲဒီဗေဒင် ...ရာဆီ ဘဝမှာ ပထမဆုံး ဗေဒင်မေးဖြစ်တယ်။ အဲဒီ ...န်းက အခုလို ထောင်နဲ့ သောင်းနဲ့ ဈေးမကြီးသေးဘူး။ ...ည်ကျော်အောင်မြင်နေတဲ့ ဗေဒင်ဆရာကြီးဆီ ဗေဒင် ...တာ (၃၀)ပဲပေးရတဲ့ခေတ်ပါ။ အခုတော့ တစ်ခါဟော ...ပ်(၃၀၀၀၀)တဲ့။ ကျွန်တော့်ကို ဟောလိုက်တာလည်း ...တာပဲ။ ကျွန်တော် ဒိုင်ယာရီထဲတော့ အသေအချာ ...တ်ထားတယ်။

တစ်နေ့တော့ မထင်မှတ် မမျှော်လင့်ဘဲ ကျွန်တော်တို့ ...နား ဆူးလေဘုရားတစ်ဝိုက်မှာ ဆူပူအုံကြွတဲ့ အရေး ...င်းဖြစ်ပါလေရော။ ကျောင်းသားတွေ လူတွေ အများ ...ပဲ။ နောက်တော့ ဌာနရှေ့ရပ်ထားတဲ့ မော်တော်ယာဉ် ...း မီးရှို့ကြတယ်။ မီးသတ်ကားတွေ လုံထိန်းကားတွေ ...က်လာပြီး ပစ်ခတ်တာ သေနတ်သံ တဒိုင်းဒိုင်း ဆူ ...ပြီး မီးခိုးတွေတလူလူနဲ့ လူတွေလည်း အဖမ်းခံရတာ ...ည်းဘူး။ ညမှောင်ရီပျိုးမှ လူအုံပ်ကွဲသွားတယ်။ ဒါက ...)အရေးအခင်းကြီး မဟုတ်သေးဘူး။ (၅)လလောက် ...လို အကြီးဆူပူအုံကြွမှု အရေးအခင်းပေါ့။

အဲဒီနောက်··။

မကြာခင်ရက်အတွင်း ကျွန်တော်လည်း ငပလီဟို ...ယ် ပြောင်းရွှေ့တာဝန်ချထားခံရလို့ ငပလီရောက်သွား ...ယ်။ ပျော်လိုက်တဲ့ဖြစ်ခြင်း။ ကိုယ့်စရိတ်နဲ့ကိုယ်ရောက် ...ို့ မလွယ်တဲ့နေရာ။ စားတာတော့ ငပလီဟိုတယ်မှာ၊ ...ပြီး အိပ်ရနေရတာက ပညာရေးဌာနက လွှဲပြောင်း ...ထားတဲ့ ရွှေဝါချိုင်စခန်းထဲ နေရတယ်။ ငပလီရွှေဝါ ...စခန်း အိပ်ဆောင်အပေါ်ထပ်ကနေ အုန်းတောကြီးနဲ့ ...ယ်ကြီးကြည့်ပြီး ကြည်နူးလွန်းလို့၊ ပျော်လွန်းလို့ ...ရပါ၊ ရအော်လိုက်မိသေးတယ်။

ဟော့··အသက်ကြီးမှ ငါ လူရည်ချွန်ဖြစ်ပြီကွ လို့။

(၂)လလောက်ကြာတော့ ငပလီဟိုတယ် မန်နေဂျာ ...ဆီ ရုံးချုပ်က အမိန့်စာရောက်လာတယ်။ အရေး ...င်းဖြစ်တုန်းက မော်တော်ယာဉ်တွေ ဖျက်ဆီးခံရတာ ...တော့်မှာ တာဝန်ရှိတယ်ဆိုပြီး အလုပ်ဖြုတ်လိုက်ပြီ တဲ့။ ငပလီသောင်ယံမှာ အလုပ်ပြုတ်ပါလေရော။

ရန်ကုန်ပြန်ရောက်တော့ စိတ်ထဲမှာ မကျေနပ်လို့ ဒိုင်ယာရီစာအုပ်ကိုင်ပြီး ဗေဒင်ဆရာဆီ သွားလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟောတဲ့အထဲမှာ အလုပ်ပြုတ်တာ မပါဘူး။ တနင်္ဂနွေနံ အိုးအိမ်၊ အလုပ်အကိုင် သိပ်ကောင်းတယ်။ တိုင်ထိပ်ရောက်နေသတဲ့။ ဒီမှာတော့ အလုပ်က ပြုတ်နေပြီ။ ဗေဒင်ဆရာနဲ့ အချေအတင်စကားတွေ ပြောရတော့တာပေါ့။ သူကလည်း လျှော့မပေးဘူး။ ပေါ့သေးသေးဆရာမှ မဟုတ်တာ။ နာမည်ကြီး ခေတ်ပညာတတ်။ သူ့ဖခင်ဆိုတာ တစ်ချိန်က မြန်မာပြည်မှာ နာမည်အကြီးဆုံး၊ အတိအကျ အဟောနိုင်ဆုံး၊ အအောင်မြင်ဆုံး ပုရောဟိတ်ဗေဒင်လက္ခဏာပညာရှိဆရာကြီး။

ဒီတော့ သူက ပြန်ပြီးစစ်ဆေးတွက်ချက်တယ်။ သူဟောထားတာ မလွဲဘူး။ ဒီအတိုင်းပဲတဲ့။ စောင့်ကြည့်ပါဦးတဲ့။ ကျွန်တော်ကလည်း ရုံးအမိန့်ဆိုတော့ ရှုံ့ချည်နှပ်ချည် လုပ်လို့ရတာ မဟုတ်ဘူးဆိုပြီး အလုပ်ဖြုတ်တဲ့ ရုံးအမိန့်စာ ထုတ်ပြတယ်။ သူက လက်မခံဘူး။ မပြုတ်ပါဘူး။ (၁၀)ရက်စောင့်ကြည့်ပါတဲ့။

ဒါနဲ့ သူနဲ့ကျွန်တော် ရှုံးတဲ့သူက တိုင်းသိပြည်သိ ဝန်ခံပြီး ကြော်ငြာကြေး သဘောတူကတိဝန်ခံချက် လုပ်ခဲ့တယ်။ အံ့ဩဖို့ကောင်းလိုက်တာဗျာ။ သူဟောတဲ့ (၁၀) ရက်ပြည့်တဲ့နေ့ပဲ ရုံးက စာရောက်လာတယ်။ ယခင်စာကို ကျော်လွန်ပယ်ဖျက်ကြောင်း၊ မှားယွင်းစွာ အလုပ်ဖြုတ်





www.burmeseclassic.com

www.burmeseclassic.com

မိတာဖြစ်ကြောင်း၊ နစ်နာမှုတွေ ပြန်လည်ခံစားခွင့်ပြုကြောင်း ရုံးအမိန့်အသစ် ထွက်လာတော့ ကျွန်တော် ရှုံးပြီပေါ့ဗျာ။ ဒါကြောင့် ကတိအတိုင်း ဆရာဟောသမျှ အတိအကျမှန်ကန်ကြောင်း ဖြစ်ကြောင်းကုန်စင် မြဝတီမဂ္ဂဇင်းမှာ (၃)လ၊ ပေဖူးလွှာမဂ္ဂဇင်းမှာ (၃)လ ဝန်ခံပြီး ကြော်ငြာထည့်လိုက်ရတယ်။

ဗေဒင်လက္ခဏာပညာနဲ့ ပတ်သက်လို့ ကျွန်တော် အထင်မသေးရဲတော့ဘူး။ ဥပေက္ခာလည်း မထားရဲတော့ဘူး။

ဗေဒင်လက္ခဏာဆရာနဲ့လည်း အတော်ခင်မင်ရင်းနှီးသွားတယ်။ သူက မေတ္တာနဲ့ အလကား ဟောပေးလိုက်သေးတယ်။ နောင်ဖြစ်မယ့် အကြောင်းတွေ တစ်ခုမှ မကောင်းဘူး။ ကြောက်စရာ လန့်စရာတွေ။ ပြီးတော့ ယတြာလည်း လုံးဝမပေးဘူး။ ဝဋ်ရှိသရွေ့ ခံရမှာပဲတဲ့။ ဘယ်လောက်အားရှိဖို့ကောင်းလဲ။

ဒါနဲ့ ဒီတိုင်းနေလို့တော့ မဖြစ်ဘူးဆိုပြီး တခြားနာမည်ကြီး ဗေဒင်လက္ခဏာဆရာတွေ လျှောက်မေးတယ်။ ဟောချက်တွေက တစ်သံတည်း အတူတူထွက်တယ်။ တစ်ခုမှ မကောင်းဘူး။ ကြောက်စရာ လန့်စရာ စိတ်ဆင်းရဲစရာ။ အံ့သြပါရဲ့။ ဖြစ်တော့ မဖြစ်နိုင်တဲ့ကိစ္စတွေပါ။ မယုံရခက် ယုံရခက် ယုံရခက်ကြီး ပါဆိုသလို စိတ်ကတော့ အတော်ဆင်းရဲနေပြီ။

ဗေဒင်လက္ခဏာဆရာတွေ တစ်သံတည်း ဟောချက်တူတာက မကြာတော့တဲ့ကာလမှာ မိသားစုနဲ့ ခွဲရမယ်။ အိမ်ပေါ်က ဆင်းရမယ်။ ရေခြားမြေခြား သွားရမယ်။ ရဲစခန်း၊ အကျဉ်းထောင်၊ ဆေးရုံပေါ် ရောက်ဖို့ရှိတယ်။ အချုပ်အနှောင်ကြီး၊ လက်ထိတ်မြင်တယ်တဲ့။ ကဲ··တစ်ခုမှမကောင်းဘူး။ စိတ်ဆင်းရဲရတာ လွန်ပါရော။ တချို့ ဗေဒင်လက္ခဏာဆရာတွေက ယတြာတွေပေးတယ်။ တချို့ဆရာတွေက ယတြာမပေးဘူး။ ဒါပေမဲ့ အဆိုးတွေက သက်သာအောင် ဘာသာရေးပြင်းပြင်းထန်ထန်လုပ်ဖို့၊ သီလလုံခြုံအောင် စောင့်ထိန်းဖို့၊ ပရိတ်တရားတော်တွေ၊ ဂါထာတော်တွေ ရွတ်ဖတ်ပူဇော်ဖို့ ဘုရားကူ၊ ကူဖို့ အကြံဉာဏ်ပေးကြတယ်။ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ နေ့စဉ် သီလမြဲအောင် ဆောက်တည်ပြီး အဓိဋ္ဌာန်ပုတီးတွေ စိပ်တဲ့အပြင် ရန်ကုန်မှာ လူအတော်များများ လုပ်နေကြတဲ့ ကြီးလေးကြီး အဓိဋ္ဌာန်ဆိုတာ လုပ်တယ်။

(၉)ထပ်ကြီးဘုရား၊ (၆)ထပ်ကြီးဘုရား၊ (၅)... ကြီးဘုရားနဲ့ ကြေးသွန်းဘုရားကြီးတွေမှာ အဓိဋ္ဌာန်... စိပ်တယ်။ ခွေးစာ၊ ခိုစာ၊ ငှက်စာတွေ ကျွေးရ... လူတွေဟာ အကြောက်တရားရှိမှ၊ စိုးရိမ်သောက ... တွေရှိလာမှ ဘာသာတရားကို ပြေးဖက်လိုက်စားကြ... တယ်။ ကျွန်တော်လည်း ဗေဒင်လက္ခဏာပညာကို ... ကြီး ယုံကြည်စွဲလမ်းနေတာ မဟုတ်ပေမယ့် မယုံ... တော့ ဥပေက္ခာမပြုရဲဘူး။ မယုံတစ်ဝက် ယုံတစ်... ရင်တထိတ်ထိတ်တော့ ဖြစ်နေမိတယ်။

မကြာခင်ကာလမှာပဲ အံ့သြစရာ အကြောင်း... တစ်ခုက ပေါ်ပေါက်လာတယ်။ ဆွေထဲမျိုးထဲက ... ယောက်သောသူက ကျွန်တော့်ကို စင်ကာပူနိုင်ငံ ... လုပ်ရေးကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်ခွင့် ဝပ်(ခ်)... စာချုပ်နဲ့ သွားလုပ်ဖို့ စီစဉ်ပေးတယ်။ ကျွန်တော်ကြ... စိတ်ကူး စီစဉ်ထားတာ မဟုတ်ဘဲ ပေါ်ပေါက်... အခွင့်အရေးကြောင့် လုပ်ဖြစ်ခဲ့တယ်။

ဒီလိုနဲ့ မျှော်လင့်ဘဲ စင်ကာပူနိုင်ငံ Build... Construction Co Pte Ltd ဆိုတာ ရောက်သွ... အလုပ် လုပ်ဖြစ်ပါတယ်။ ရောက်ရောက်ချင်း S... Course ဆိုတဲ့ သင်တန်းတက်ရပြီး မကြာခင်ပဲ လု... ခွင်လက်တွေ့ စဝင်ရပါတော့တယ်။ အလုပ်လုပ်ရ... က မလေးရှားကို လှမ်းမြင်နေရတဲ့ ရေလက်ကြ... သာခြားတဲ့ စင်ကာပူနယ်စပ် လင်(မ်)ချူ့ကောင်... ရဲစခန်းလေးထဲမှာပါ။ (၂)ပတ်လောက်ကြာတယ်... အဆောက်အအုံ ပြုပြင်ထိန်းသိမ်းပြင်ဆင်ရတာ၊ ... လိုင်းဟောင်းတွေ ပြန်ပြင်ရတာတွေ လုပ်ရတယ်... ဆုံးရက်မှ သတိထားမိတော့တယ်။ ဩော်··ငါ ... အပြစ်မှုမရှိဘဲ ရဲစခန်းထဲ ရောက်နေရတာပါလား၊ ... ရယ် မှန်လိုက်တာလို့။

လောကကြီးမှာ တိုက်ဆိုင်တာလေးတွေဆို... တတ်ပါတယ်လို့လည်း ကိုယ့်စိတ်ကိုယ် ဖြေခဲ့... မြန်မာပြည်က ဗေဒင်လက္ခဏာဆရာတွေ တညီ... တစ်သံတည်း ဟောထားတဲ့အထဲက တစ်ချက်... ပြန်ပြီ။ မိသားစုနဲ့ ခွဲခွာရတယ်။ အိမ်ပေါ်က ဆင်း... ရေခြားမြေခြား သွားရတယ်။ ဒါတွေက ဗေဒင်...

www.burmeseclassic.com

www.burmeseclassic.com

ရာတွေ ဟောချက်အတိုင်း မှန်ခဲ့သလို ရဲစခန်းထဲလည်း ရောက်ခဲ့ရလို့ နောက်ထပ်ဟောချက်တွေ မှန်နေမှာကို မိစိတ်တော့ဝင်မိတယ်။ ရဲစခန်းပြုပြင်ဆောက်လုပ်ရတဲ့ အလုပ်တွေပြီးလို့ မကြာခင်ဘဲ ကုမ္ပဏီတာဝန်ပေးချက် ရ ဆင်ဘန်ဝဲ(လ်)အကျဉ်းထောင်ကြီးထဲ ရောက်ရပါ တော့တယ်။ ထောင်ဘူးဝက ငုံ့ဝင်ခဲ့ပြီး စစ်ဆေးမှုတွေခံ၊ ထောင်ကြီးထဲမှာ ထောင်ကျအကျဉ်းသားတွေနဲ့ အတူနေ စား ထောင်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို ၁၀)ရက်ကြာလုပ်ခဲ့ရတယ်။ အလုပ်တွေ ပြီးပြတ်တော့ ကျွန်တော် ထောင်ထွက်ဘဝ ရောက်ခဲ့တော့တာပေါ့။

ဒီတော့လည်း တွေးပြီး ကြက်သီးဖြန်းဖြန်းထလို့ နောက်ထပ်ဗေဒင်ဟောချက်တွေကို တွေးပူနေမိတယ်။ ရဲ စခန်းထဲလည်း တကယ်ရောက်ရတယ်။ အကျဉ်းထောင် ကြီးထဲလည်း တကယ်ရောက်ရတယ်။ တော်ပါသေးရဲ့၊ ပြစ်ကျူးလွန်လို့ ရောက်ရတာမဟုတ်ဘဲ တာဝန်အရ ကုမ္ပဏီစေခိုင်းချက်နဲ့ ရောက်ရလို့ တော်ပါသေးရဲ့လို့ တွေးမိပါတယ်။ တစ်လလောက်ကြာတော့ ကျွန်တော်တို့ ကုမ္ပဏီက တာဝန်ပေးလာပြန်ပါတယ်။ စင်ကာပူနိုင်ငံမှာ ဟောင်းအဆောက်အအုံလေးအဖြစ် ကျန်နေသေးတဲ့ တန်လှပသာယာတဲ့ ခြံဝင်းကျယ်ကြီးနဲ့ ဆေးရုံကြီး ခုပေါ် ရောက်ရပြန်ပါတယ်။ ဆေးရုံနာမည်က View d Hospital တဲ့။ ကျွန်တော်ကတော့ ရှုခင်းသာလမ်း ဆေးရုံလို့ နာမည်ပေး မှတ်ထားလိုက်တယ်။

ဆေးရုံတော့ ဆေးရုံပါပဲ၊ ဒါပေမဲ့ ထူးဆန်းတာက- ဝေဒနာခံစားညည်းညူပြီး ခုတင်တွေပေါ်မှာ အောက် တွေ၊ ဆေးပိုက်တန်းလန်းတွေနဲ့ လူနာဆိုလို့ တစ် ကိမှမရှိဘူး။ သီချင်းသံတွေနဲ့ ပန်းတွေပန်ပြီး ပြုံးနေ နေကြတဲ့ လူနာတွေချည်းပဲ။ အလုပ်လုပ်ရတာ သတိ ထားရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဆေးရုံဟာ ရောဂါခံစားနေကြတဲ့ စိတ္တဇဝေဒနာသည်တွေ တက် နေတဲ့ စိတ္တဇဆေးရုံဖြစ်လို့ပါ။ ဒါပေမဲ့ စိတ်ဝေဒနာ လူနာတွေဟာ အဆိုးကြီးမဟုတ်ဘူး။ လူကောင်း သွားသွားလာလာ ပြုံးပြုံးရွှင်ရွှင်ပါပဲ။ ဒီဆေးရုံ လန်ထစိတ်ရောဂါအထူးကု စိတ္တဇဆေးရုံ။ ဆေးရုံ ဟောင်းပျက်စီးနေတဲ့နေရာတွေ၊ ရေပိုက်လိုင်းတွေ ပြုပြင်ရတာ (၁၅)ရက်လောက်ကြာတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော် ဆေးရုံပေါ် ရောက်ခဲ့ရတာ အမှန်ပါပဲ။ ဗေဒင်လက္ခဏာဆရာတွေရဲ့ ဟောချက်တွေက ဆက် တိုက်မှန်နေပါပြီ။ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ အချုပ် အနှောင်ကြိုး၊ လက်ထိတ်မြင်တယ်ဆိုတာကြီးကို တွေး ပြီး ရင်လေးနေမိတယ်။ ဘယ်လိုများ ကြုံရမှာပါလိမ့်လို့။ ကိုယ့်ကိုယ်ကိုယ် စိတ်ဖြေအားတင်းတယ်။ ငါ အကုသိုလ် ဒုစရိုက် ဘာမှမလုပ်ဘူး။ စင်ကာပူကိုလာပြီး အလုပ်,လုပ် တယ် ဆိုတာကလည်း တရားဝင်နိုင်ငံကူးလက်မှတ် [ပတ်(စ်)ပို့]၊ ဝပ်(ခ်)ပါမစ်(အလုပ်လုပ်ခွင့်ပါမစ်)နဲ့ တရား ဝင် လာတာပဲ။ အချုပ်အနှောင် လက်ထိတ်ကြိုးဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ဒါပေမဲ့လည်း တစ်နေ့ မှတ်မှတ်ရရ မြန်မာလို တပေါင်းလပြည့်နေ့ကြီးပေါ့။ ဘင်ဒါလမ်းထဲက (၂)ထပ် တိုက် အချောသပ်ပြင်ဆင်ရေးအတွက် မြန်မာလုပ်သား (၅)ဦး၊ ဘင်္ဂလားလုပ်သား(၅)ဦး၊ အိန္ဒိယနဲ့ မလေးရှား လုပ်သား(၅)ဦးစီနဲ့ အလုပ်လုပ်နေကြတယ်။ မွန်းလွဲ(၂) နာရီလောက် အရပ်ဝတ်တွေနဲ့ စင်ကာပူရဲ၊ လ.ဝ.က၊ အလုပ်သမားဌာနတွေက လူ(၆)ယောက် ရောက်လာ တယ်။ အလုပ်တွေ ရပ်ခိုင်းပြီး တန်းစီခိုင်းတယ်။ ဒီ(၂) ထပ်တိုက်လေး ပြုပြင်ရေးအလုပ်မှာ ဖိုမင်၊ မန်နေဂျာ၊ အင်ဂျင်နီယာတွေ မရှိပါဘူး။ ကျွန်တော်ခေါင်းဆောင်ပြီး လုပ်နေတာပါ။

စစ်ဆေးရေးအဖွဲ့က သူတို့ဟာ ဘယ်သူဘယ်ဝါတွေ ဖြစ်ကြောင်း ပြောပြပြီး တစ်ဦးချင်း ဘယ်နိုင်ငံသားလဲ မေးပါတယ်။ ဘင်္ဂလား၊ အိန္ဒိယ၊ မလေးရှားတွေ ထိုင် ခိုင်းတယ်။ ကျွန်တော်ကစပြီး မြန်မာလို့ ဖြေလိုက်တာနဲ့ မြန်မာ(၅)ဦးလုံးကို မပြောမဆို လက်ထိတ်ခတ်လိုက်ပါ တော့တယ်။

ကျွန်တော်လည်း တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ လက်ထိတ်ဆိုတာကို အသေအချာ မြင်ဖူးတော့တယ်။ ဘာကြောင့်လက်ထိတ်ခတ်တယ်ဆိုတာလည်း မသိရဘူး။ မြန်မာ(၅)ဦး လက်ထိတ်အတွဲလိုက်ခတ်ခံရပြီး တကယ့် တရားခံတွေပမာ ထိုင်နေကြရတယ်။ အတော်ကြာတယ်။ စစ်ဆေးရေးအဖွဲ့ သူတို့အချင်းချင်း ကွိကွိကွကွတွေပြော၊ စာရွက်စာတမ်းတွေ ရေးမှတ်နေကြတယ်။ ကျွန်တော် မနေသာတော့ဘူး။ ကုမ္ပဏီကို ဖုန်းဆက်လိုက်တယ်။

www.burmeseclassic.com

ရုံးက မန်နေဂျာလာရင် ကျွန်တော်တို့ရဲ့ ပတ်(စ်)ပို့တွေ၊ ဝပ်(ခ်)ပါမစ်တွေ တစ်ပါတည်းယူလာဖို့ ပြောလိုက်ရတယ်။ မကြာခင် သူဌေးနဲ့ မန်နေဂျာတို့ ပတ်(စ်)ပို့တွေ၊ ဝပ်(ခ်)ပါမစ်တွေနဲ့ ရောက်လာပြီး စစ်ဆေးရေးအဖွဲ့ဝင်တွေနဲ့ ကွိကွိကွကွတွေ ပြောကြတယ်။ ဒီတော့မှ ဆော ရီး..ဆောရီးဆိုပြီး ကျွန်တော်တို့ကို ခတ်ထားတဲ့ လက်ထိတ်တွေ ပြန်ဖြုတ်ပေးတယ်။

ဖြစ်ရပုံက စစ်ဆေးရေးအဖွဲ့ စစ်ဆေးခဲ့သမျှ အလုပ်ခွင်တိုင်းမှာ မြန်မာလုပ်သားတွေဟာ တရားမဝင် အလုပ်သမားတွေချည်းဖြစ်နေလို့ ကျွန်တော်တို့ဆီ ရောက်လာတော့လည်း ဘာမှ ထွေထွေထူးထူး ပြောမနေတော့ဘူး။ မြန်မာဆိုတာနဲ့ တစ်ခါတည်း လက်ထိတ်တန်းခတ်လိုက်တော့တာပါပဲ။ သေချာတယ်ပေါ့လေ။ မြန်မာဆိုရင် တရားမဝင်ကောင်တွေပဲဆိုပြီး လက်ထိတ်တန်းခတ်တာ။ သြော်..မှားတဲ့အခါလည်း မှားပေမပေါ့။

သူတို့က ရယ်ရယ်ပြုံးပြုံး တောင်းပန်ပေမယ့် ကျွန်တော်တို့မှာတော့ တစ်နာရီလောက် လက်ထိတ်ခတ်ခံထားရတယ်။ အိမ်ပြန်ရောက်တော့ လပြည့်ညကြီး မော့ကြည့်ပြီး သြော်..မြန်မာပြည်က ဗေဒင်လက္ခဏာဆရာတွေ ဟောချက်က မှန်လိုက်တာနော်လို့။ တကယ်တော့ ကျွန်တော့်မှာ ဒီအသက်အရွယ်၊ ဒီအချိန်အခါ၊ ဒီကာလမှာ မိသားစုနဲ့ ခွဲခွာရကိန်း၊ အိမ်ပေါ်က ဆင်းကိန်း၊ ရဲစခန်း၊ အကျဉ်းထောင်၊ ဆေးရုံပေါ် ရောက်ကိန်း၊ အချုပ်အနှောင် လက်ထိတ်ခတ်ခံရကိန်း အမှန်တကယ်ရှိတယ် ဖြစ်ပါလိမ့်မယ်။

ဒါကြောင့်လည်း ဗေဒင်လက္ခဏာဆရာတွေက မိသားစုနဲ့ ခွဲခွာရကိန်းရှိတယ်။ အိမ်ပေါ်က ဆင်းရမယ်။ ရေခြားမြေခြား သွားရမယ်။ ရဲစခန်း၊ ထောင်၊ ဆေးရုံ လက်ထိတ်မြင်တယ်လို့ ဟောလိုက်တာ ဖြစ်မှာပါ။ ဘာကြောင့်ဖြစ်မယ်လို့ မဟောဘူး။ ကျွန်တော်ကလည်း ကြောက်ကြောက်လန့်လန့်နဲ့ စိတ်ရောကိုယ်ပါ အာရုံစိုက်ပြီး သီလကိုဆောက်တည်တယ်။ သတိထားတယ်။ ဂုဏ်တော်တွေ၊ ပရိတ်တော်တွေ၊ ဂါထာတွေ ရွတ်ဖတ်ပူဇော်တယ်။ အဓိဋ္ဌာန်တွေ ဝင်ခဲ့တယ်။ ဒီတော့ ကံကြမ္မာရှိပေမယ့် ကံကြမ္မာကို လက်တစ်လုံးခြား လှည့်စားလွှဲပြောက်နိုင်ခဲ့တာ ဖြစ်မှာပါ။ ဒါက အတိတ်တုန်းက ကြုံခဲ့ရတဲ့အဖြစ်အပျက်လေးတစ်ခုပါ။

ကျွန်တော့်ဘဝမှာ ကိုယ်တွေ့ကြုံရတဲ့ ဖြစ်ရပ် လေးတွေ ရှိပါတယ်။ အသက်အရွယ်လေး ရလာ အမျှ အတွေ့အကြုံလေးတွေလည်း စုံခဲ့ပါတယ်။ တ တော့ ကျွန်တော်ဝါသနာပါတာ ဖြစ်ချင်တာကတ တကယ်ဖြစ်လာတာတွေကတလွဲ။ ဖြစ်ချင်တာလည်း ရပါ မဖြစ်ချင်တာတွေလည်း ဖြစ်ရတာဆိုတဲ့ သရာ သီချင်းထဲကလိုပါပဲ။

တစ်ချိန် ငယ်ရွယ်စဉ်ကတော့ ဆရာဝန်ကြီးတွေ ရင် ဆရာဝန်ဖြစ်ချင်၊ အင်ဂျင်နီယာကြီးတွေတွေ့ရင် ဂျင်နီယာဖြစ်ချင်၊ စစ်ဗိုလ်တွေ့ရင် စစ်ဗိုလ်ဖြစ်ချ တယ်။ ဆရာဝန်ဖြစ်ဖို့က ကျွန်တော့်ပညာအရည်အ မဖြစ်နိုင်မှန်း သိလာတယ်။ စက်မှုတက္ကသိုလ် အ တက်ပြီး အင်ဂျင်နီယာကြီးတော့ တကယ်ဖြစ်ချင် ဒါကလည်း ကျွန်တော့်ပညာအရည်အချင်းနဲ့က အ ဝေးလွန်းလို့ လက်လျှော့ခဲ့တယ်။ စစ်ဗိုလ်ဖြစ်ဖို့က နီးစပ်တယ်လို့ ထင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ချိန်က (၉)တန်းကို တန်းမြင့်ကျောင်းထွက်တန်း လို့ခေါ်ပြီး (၁၀)တန်းကို တက္ကသိုလ်ဝင်တန်းလို့ခေါ် (၉)တန်းအောင်လို့ (၁၀)တန်းတက်နေတဲ့နှစ်မှာ သိုလ် မေမြို့ DSA က (၉)တန်းအောင် HSF ဗိုလ်သင်တန်းတက်ဖို့ခေါ်တယ်။ ကျွန်တော်ဝါသန အပတ်စဉ်(၁၂) ဝင်ဖြေတယ်။ မအောင်ဘူး။ သေးဘူး။ ရဲဘော်ဘဝနဲ့ စစ်ထဲဝင်မယ်ဆိုပြီး အမှတ်(၃)လေ့ကျင့်ရေးတပ်ထဲသွားတယ်။ ကျွန် စစ်ဗိုလ်နဲ့ တပ်ကြပ်ကြီးက ခြေဆုံးခေါင်းဆုံး ပြုံးကြတယ်။

စစ်ဗိုလ်နဲ့ တပ်ကြပ်ကြီးက စစ်ထဲဝင်ချင်ရင် စုဆောင်းရေး သွားရတယ်။ ဒီလေ့ကျင့်ရေးတပ် ရိုက်လာလို့မရဘူး။ ဒါပေမဲ့ ကျွန်တော်ကို စု တပ်လည်း မသွားပါနဲ့တဲ့။ နတ်ကန္တားပွဲရှိတဲ့ န တွေဆီသာ သွားပါလို့ ချစ်စနိုးနောက်ပြောင်လ ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအရွယ် တုန်းက ကျွန်တော်ဟာ လူကောင်ကညက်ညက် ပါးပါး၊ ဖြူဖြူနွဲ့နွဲ့ ကနွဲ့ကလျ ကလေးသာ ဖြစ်နေလို့ပါပဲ။ ဒီတော့လည်း ဆရာဝန်၊ စက်မှု



www.burmeseclassic.com

www.burmeseclassic.com

စ်တပ်ဆိုတဲ့ အင်္ဂါနံ ငါနဲ့အကျိုးမပေးဘူး ထင်ပါရဲ့လို့ တွေးခဲ့မိတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် တကယ်တမ်း ဘာဖြစ်ချင်တာလဲဆိုတာ အသေအချာ တိတိကျကျ မသိသေးတဲ့ အရွယ်ပါ။ ဒီလိုနဲ့ ဟိုရောက်ဒီရောက် ကံဇာတ်ဆရာ စီမံရာပဲလို့ ဆိုရမှာပဲ။ ဒေသအတော်များများ ရောက်ပြီး ရရာအလုပ်လုပ် ဘဝလေးတွေ စုံခဲ့တယ် ဆိုပါတော့။ အသက်အရွယ်လေးလည်း ရလာခဲ့တယ်။ အိုလာပြီ။

တစ်နေ့တော့ အသက်(၉၀)နားနီးအရွယ်ရောက်နေတဲ့ အထက်အညာမှာနေတဲ့ ဖခင်ကြီးက ငါ့အနား သားသမီး တစ်ယောက် လာနေစမ်း။ ငါက အိုနေ နာနေပြီ။ ငါ့မှာရှိတဲ့ တိုက်ခန်းလေးတွေ အမွေပေးခဲ့ချင်လို့ဆိုပြီး ခေါ်တယ်။ မောင်နှမတွေထဲ ကျွန်တော်က သားအကြီးဆုံး။ ညီမလေးတွေကလည်း အိမ်ထောင်တွေကျ၊ သားသမီးတွေနဲ့ပြီး တိုင်းတစ်ပါး ရောက်နေကြတယ်။ ဒီတော့ ကျွန်တော် အဖေ့ဆီ ရောက်သွားတယ်။ အဖေလည်း အရွယ်ကျ၊ စိတ်တွေလည်း ကျနေပြီမို့ အဆင်ပြေတယ်။ သားအဖချင်း ကွဲနေကြတာလည်း နှစ်ပေါင်းအတော်ကြာတယ်။ ကျွန်တော် အဖေ့ဆီရောက်ပြီး သိပ်မကြာဘူး အဖေသေတယ်။ အမေဆုံးခဲ့တာတော့ နှစ်ပေါင်းကြာပြီ။ ဒီတော့ သားသမီးထဲက မြန်မာပြည်မှာရှိတဲ့ ကျွန်တော်တစ်ယောက်တည်း မောင်နှမအားလုံးဆိုင် အမွေတိုက်ခန်းတွေ ကျွန်တော်နေခွင့်ရတယ်။ စဉ်းစားမိပြန်တယ်။ တစ်ချိန်က မြင်ကွန်းမြို့ ဆရာမြ ဗေဒင်ဟောလိုက်တဲ့အထဲ ဖခင်အမွေ ခံစားရမယ်ဆိုတာ မှန်နေပြန်ပါလားလို့။ ဒီလိုနဲ့ အထက်အညာ မြေလတ်ဒေသမြို့မှာ အခြေချနေဖြစ်ဖို့ ကြုံလာရတယ်။

အဲဒီမှာ ဘာလုပ်ရမှန်းမသိ ယောင်ချာချာဖြစ်နေရာက ငါ့ဘဝမှာ ဖြတ်သန်းခဲ့ရတဲ့အချိန်တွေ ဘဝလေးတွေ၊ အတွေ့အကြုံလေးတွေကို စာရေးရင်ကောင်းမယ်လို့ တွေးရာက စာလေးတွေရေးတယ်။ မဂ္ဂဇင်းတိုက်တွေပို့တယ်။ ကံကောင်းချင်တော့ ရေးသမျှလေးတွေ ရွေးချယ်ခံရ၊ ပုံနှိပ်ဖော်ပြခံရတယ်။ ကိုယ်ရေးတာလေးတွေ စာမျက်နှာတွေပေါ်မှာ တွေ့ရတော့ ပီတိတွေဖြစ်လိုက်တာ ပျော်လိုက်ရွှင်လိုက်တာ မပြောပါနဲ့တော့။

အဖေ တစ်ခါတုန်းက ပြောဖူးတယ်။ ကျွန်တော့်ကို



ဆုံးမတာ။ လူဆိုတာ အတတ်ပညာတစ်ခုလောက်ဖြစ်စေ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် တတ်ရတယ်။ ထီးပြင်တာ၊ ဖိနပ်ချုပ်တာ၊ ဆံပင်ညှပ်တာကအစ လူရှိတဲ့နေရာတိုင်း လုပ်စားလို့ရတဲ့ အတတ်ပညာ စိုက်ပျိုးရေး၊ ဆေးပညာ၊ စက်မှုလက်မှု၊ ပန်းရန် စသဖြင့် တတ်ရင် မငတ်ဘူး။ ဆိုက်ကားနင်းတတ်ရင်တောင် ဆိုက်ကားဆရာ၊ ပန်းရန်ဆရာ၊ လက်သမားဆရာ ဆရာအခေါ်ခံရမယ်။ ဘာမှမတတ်ရင် ဆရာခေါ်ခံရဖို့ နေနေသာသာ ငတ်ပြီသာမှတ်တဲ့။ ကျွန်တော် အဖေပြောတာတွေ ဘာမှမတတ်ဘူး။ အခြေအနေကလည်း ပေးတာရယ်၊ ဝါသနာအရင်းခံကြောင့် ထင်ပါရဲ့ အသက်ကြီးမှ စာတွေ ရေးဖြစ်တယ်။ စာရေးဆရာ။

မြင်ကွန်းမြို့က ဆရာမြ ဗေဒင်ဟောတဲ့အထဲမှာ တစ်ချက်ပါသေးတယ်။ ကျွန်တော်မေ့နေလို့။ အင်္ဂါနံအကျိုးပေးတယ်။ ဆရာအခေါ်ခံရမယ့် ဇာတာတဲ့။ အခုတော့ စာလေးတွေ ရေးနေရာက အင်္ဂါနံ(၂)ထပ်ပူးမှ အကျိုးပေးတယ် ထင်ပါရဲ့။ စာရေးဆရာဆိုတာ ဖြစ်လာခဲ့တယ်။ ဆရာလည်း အခေါ်ခံရပါပြီ။ သြော်··မှန်လိုက်တာ လက္ခဏာဆရာ၊ ဗေဒင်ဆရာတို့ရယ်။ ဘဝသံသရာကြီးထဲက ဘဝကံကြမ္မာ ပုံရိပ်တွေကို သူတို့ကမှ သူတို့ပညာနဲ့ ကြိုတင်သိကြတာပါလားလို့ တရေးရေး တွေးနေမိပါရဲ့။

**ရေနံ့သာ အောင်ချမ်းဇော်**

www.burmeseclassic.com

# သတိုးချာလီအေး

## သီလ၊ သစ္စာ

မိုးမရွာအောင်



ရာသီဥတုက ထင်ထားသည်ထက် အုံ့ကာမှိုင်းပြ၍ နေသည်။ ဓာတ်စင်ပေါ်၌ ကျွန်တော်တို့ တစ်ဖွဲ့လုံးသည် စင်ပေါ်အခင်းအကျင်းအားလုံး တက်ညီလက်ညီ တပ်ဆင်နေကြသော်လည်း ပြုံမယောင်ညိုမှောင်ကာသန်းနေသည့် ထိုမိုးရိပ်မိုးဆင်ကြောင့် စိုးတထိတ်ထိတ်ဖြစ်၍ နေကြသည်။

သည်ည ဖျော်ဖြေရမည့် ကျွန်တော်တို့ ရောက်ရှိနေသည့် မြို့ကလေးသည် မန္တလေး-မြစ်ကြီးနားလမ်းပေါ်ရှိ မြို့ကလေးပင်ဖြစ်သည်။ ဆားမှော်အမည်ရှိသည့် ထိုမြို့ကလေးသည် အေးချမ်းသာယာသော မြို့ကလေးဖြစ်ကာ အခြားသော လူသိများ ထင်ရှားသည့် ကျောက်စိမ်းနယ်ဖားကန့်နှင့် ဆက်သွယ်ထားသော မိုးကောင်း၊ မိုးညှင်း



www.burmeseclassic.com

www.burmeseclassic.com

သည့်မြို့ကြီးများလောက် များစွာမစည်ကားသော်လည်း
ဒေသခံလူများနှင့်ပင် အထိုက်အလျောက်တော့ စည်ကား
ပါ၏။

မိုးကောင်ကင်က မည်းကာညို့နေသော်လည်း ပွဲမျှော်
သူ ပွဲပျော်သူ ပရိသတ်ကတော့ သည်ညအတွက် လွန်ခဲ့
သော လပေါင်းများစွာကပင် ကြိုတင်အားခဲထားရသည်
ဖြစ်လေရာ ဇာတ်စင်နှင့် နီးသည်ထက်နီးကပ်စွာ ကြည့်ရှု
နိုင်ရေးအတွက် အလုအယက် ဖျာခင်းသူကခင်း၊ ငုတ်ရိုက်
သူက မိမိနေရာ သတ်မှတ်သူကသတ်မှတ်၊ တစ်ဦးနှင့်တစ်
ဦး ဟစ်အော်ငြင်းခုံကြရင်း ပွဲခင်းတို့၏ထုံးစံဖြင့် ဆူညံနေ
ကြကာ မှောင်မည်းကာနေသောမိုးကို ဂရုမစိုက်နိုင်ကြ။

နာရီများစွာ အချိန်ပေး၍ တပ်ဆင်ရသည့် မြန်မာ့
ဆိုင်းဝိုင်းကြီးမှ ဝိုင်းတော်သားများသည်လည်း ရှေ့တိုးရ
ခက် နောက်ဆုတ်ရခက်နှင့် ဗျာများနေကြလေ၏။
ဘုန်းတော်ထို့ နယ်လှည့်ကဇာတ် အဖွဲ့ကြီးအနေဖြင့် နိုင်ငံ
တော်၏ စီစဉ်ညွှန်ကြားမှုဖြင့် ပြည်နယ်နှင့်တိုင်း အသီး
သီးသို့ နှစ်စဉ်ပွဲချီ တစ်ရာ့နှစ်ဆယ်ကျော်မျှ လှည့်လည်
ဖျော်ဖြေနေရသည်ဖြစ်လေရာ ခေတ်ပေါ်တေးဂီတအဖွဲ့
သည်း တူရိယာအစုံအလင်နှင့် မြန်မာ့ဆိုင်းဝိုင်းကြီးသည်
လည်း ရွှေရောင်ရွှေဝါ တောက်ပြောင်ကာနေသည့် ရောင်
စုံကျောက်စီ မြန်မာ့ဆိုင်းဝိုင်းကြီးကို ကြွရှုလှပနေသည့်
ကိုးနယားပုံကြီး ဆင်ယင်ကာ လှပဝင့်ကြွားလျက် မျက်စိ
ပသာဒ အမြင်တင့်စဖွယ် ဆင်ယင်ထားရသည်ဖြစ်၍ မိုး
ရွာခဲ့လျှင်ဟူသော စိုးရိမ်စိတ်ကြောင့် ကြိုတင်စီစဉ်နေ
ကြရသူများမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ။

တစ်ခုရှိသေးသည်မှာ တာဝန်ကျရာ ပြည်နယ်နှင့်
တိုင်းများမှ တိုင်းစစ်ဌာနချုပ်ကနေ၍ ဖျော်ဖြေပေးရန်
အတွက် ဘယ်မြို့တွင် ဘယ်နေ့ည၊ နောက်တစ်နေ့ ဟိုမြို့
သို့သွား၊ ဟိုမြို့တွင် နောက်တစ်နေ့ဖျော်ဖြေ စသည်ဖြင့်
သူ့မြို့နှင့်သူ့ရက် ကြိုတင်ကာ အစီအစဉ်ချထားပြီး ဖြစ်
လေရာ ရောက်သောမြို့ကလည်း သူ့မြို့သို့ရောက်ခိုက်
အပျက်မခံနိုင်ကြချေ။ ပျက်သွားမည်ကိုသာ စိုးရိမ်၍နေ
ကြသည်။

ကဇာတ်အဖွဲ့ကြီးအနေနှင့်လည်း ဤမြို့တွင် ပျက်
သွားသော ဖျော်ဖြေမှုအတွက် တစ်ညအစားထိုးကာ မိမိ
တို့သဘာဝအလျောက် ထပ်မံဖျော်ဖြေတင်ဆက်ပေးခြင်း
ငှာ မတတ်နိုင်ကြ။ နောက်မြို့လည်း နောက်ညအတွက်
စောင့်ဆိုင်းနေကြပြီဖြစ်သဖြင့် စိတ်မကောင်းစွာဘဲ နောက်
တစ်မြို့သို့ ကူးကြရမည် ဖြစ်သည်။

ခက်သည်ကလည်း တူရိယာဝိုင်းတော်သားများ၏
နေရာချထားမှုမှာ ဇာတ်စင်၏ ရှေ့ဘက်တွင်ဖြစ်၍ အမိုး
အကာဟူ၍မရှိဘဲ ဟင်းလင်းဖြစ်နေသဖြင့် ရုတ်တရက်
မိုးရွာချလျှင် ဒုက္ခများဖို့သာ ရှိလေသည်။ မိုးရေစိုသည့်
ဒဏ်ခံရသည်နှင့် သားရေဖြင့် ကြက်ကာပြုလုပ်ထားရ
သော ဆိုင်းဝိုင်းအတွင်းရှိ ပတ်လုံးများ၊ ပတ်မကြီးနှင့်
ဖန်မီးလုံးများ ကွဲအက်ပျက်စီး၍ ဆုံးရှုံးမှုများပြားနိုင်လေ
သည်။

ဇာတ်စင်ပေါ်ရှိ မီးခွင်၌ တပ်ဆင်ထားသော လျှပ်
စစ်မီးလုံးကြီးများသည်လည်း ထွန်းလင်းထားစဉ်တွင် မိုး
ရေအနည်းငယ် ထိမိသည်နှင့်ပင် ကွဲအက်ပျက်စီးလွယ်
လွန်းသည်ဖြစ်ကာ လျှပ်စစ်ဝိုင်ယာကြိုးများလည်း လျှပ်
ကူးပတ်လမ်းတစ်လျှောက် ရှော့ခ်ဖြစ်ကာ အန္တရာယ်ကြီး
မားနိုင်လေသည်။

နောက်တစ်ချက်မှာလည်း ဇာတ်စင်ပေါ်ရှိ စင်တင်
ပိတ်ကားချပ်များသည် ဆေးရေးပန်းချီများဖြင့် အလှဆင်
ထားရသည်ဖြစ်သောကြောင့် ရေစိုဒဏ်မခံနိုင်ခြင်းကို
အထူးတင်ပြရန်ပင် လိုမည်မထင်ချေ။ အဖွဲ့သူအဖွဲ့သား
များ ဖြစ်ကြသော မင်းသား၊ မင်းသမီး၊ လူရွှင်တော်များ
နှင့် အခြားသရုပ်ဆောင်များ၏ နေရာဖြစ်သည့် ဇာတ်ခုံ
ဘေးဘယ်ညာနှင့် အနောက်ဘက်တို့တွင် အမိုးပြုလုပ်ပေး
ထားသည်ဆိုသော်လည်း ကျူထရံ သို့တည်းမဟုတ် ဝါး
ထရံတို့ဖြင့်သာ မိုးထားကာထားသည် ဖြစ်လေရကား
အကယ်စင်စစ် မိုးရွာချလျှင် ထိရောက်သော လုံခြုံမှုကို
မပေးစွမ်းနိုင်ပါချေ။

မြန်မာ့ဆိုင်းဝိုင်းကြီး၏ ဦးဆောင်တာဝန်ခံ ရှာစား
ဆိုင်းဆရာသည် ဆိုင်းဝိုင်း၏ ပန်းပြားအစိတ်အပိုင်းအချို့
ကို တပ်ဆင်နေလျက်က မိုးကိုမော့ကြည့်၍ သက်ပြင်း
တချချ။ သူတို့နည်းတူ စင်ပေါ်မှ ဆက်တင်တာဝန်ထမ်း
ဆောင်နေကြသောသူများနှင့် လျှပ်စစ်ဘက်ဆိုင်ရာ တာဝန်
ခံများလည်း လုပ်သာလုပ်နေရသည် စိတ်ကား တထင့်
ထင့်။

သို့ရာတွင် သူတို့အားလုံး၏ တူညီသော စိတ်ဆန္ဒမှာ



www.burmeseclassic.com

www.burmeseclassic.com

ရွေပွဲလာဧည့်ပရိသတ်များအား မိုးလေကင်းလွတ်စွာဖြင့် အားပါးတရ ဖျော်ဖြေမှုပေးလိုက်လိုသောဆန္ဒသာ ပြင်းပြသောသဘောဖြင့် ထပ်တူကျ၍နေလေ၏။

အခြေအနေကို အကဲခတ်ရန် ရောက်ရှိလာသော ဖျော်ဖြေရေးအဖွဲ့ ခေါင်းဆောင်သည် ဇာတ်စင်ရှေ့သို့ ရောက်လာသဖြင့် ဆိုင်းဆရာ ရွာစားက ဆီး၍-

'ဘယ်လိုဆက်လုပ်ရမလဲ ဗိုလ်ကြီး'

'ဆိုင်းဆရာရေ..လုပ်စရာရှိတာသာ ဆက်လုပ်ထားဗျာ။ ခမျာများမှာလည်း ဆိုင်းဆရာမြင်တဲ့အတိုင်းပဲ ပွဲငတ်နေကြရှာတာမို့ သူတို့ရဲ့ မျှော်လင့်ချက်ကလေးတွေ မပျက်စီးစေချင်ဘူး'

အဖွဲ့ခေါင်းဆောင်၏ စကားပင် မဆုံးသေးချေ မိုးသေးမိုးဖွဲကလေးများပင် ကျစပြုလာ၏။ မိုးသည်းထန်စွာ မရွာသေးသည်ကိုပင် ကျေးဇူးတင်နေရသည်။ အဖွဲ့ခေါင်းဆောင်သည် စိတ်ကူးတစ်ခု ရသွားသည်ဟု ထင်၏။ စကားပြောနေရာမှ ရုတ်တရက် ချာခနဲလှည့်ကာ ထွက်သွားလေ၏။ သူဘယ်သွားလိုက်ဦးမည်ဟု မပြောခဲ့သဖြင့် အဖွဲ့သားများမှာ လိပ်ခဲတည်းလည်းဖြစ်ကာ ကျန်ရစ်၏။

ပွဲထွက်ရမည့်အချိန်က ည(၈)နာရီဖြစ်လေရာ ယခုမှ ခြောက်နာရီခွဲသာရှိသေးသည်။ တစ်နာရီခွဲခန့်မျှ အချိန်လိုသေးသော်လည်း ပွဲခင်းအတွင်းတွင် ပရိသတ်က နေရာယူထားနှင့်ကြသည်မှာ အတန်အသင့်ရှိနေကြပြီ။ ပွဲထွက်လျှင် ကွင်းပြင်ပင် ပြည့်သွားနိုင်၏ ထိုသို့သောပရိသတ်ကို မျှော်လင့်ချက်မကုန်ဆုံးစေချင်ကြပါ။ ပြီးနောက် မိမိတို့မရောက်မီ လေးငါးရက် အချိန်ယူ တည်ဆောက်ထားရသော ပေ(၆၀) ပေ(၄၀)အကျယ်၊ အမြင့်(၁၃)ပေရှိသော ကခွင်ဇာတ်ခုံကြီးနှင့် မင်းသား မင်းသမီးအခန်းများ ပါပါလျှင် အားလုံးပေ(၈၀)ပတ်လည်ခန့်ရှိသော ဇာတ်ရုံကြီး တစ်ခုအတွက် မည်မျှထိ ပင်ပင်ပန်းပန်း ဝါယမစိုက်ထုတ်လုပ်ကိုင်ခဲ့ကြရမည်ကို တွေးမကြည့်ဘဲနှင့်ပင် လွယ်ကူစွာ သိမြင်နိုင်၏။ မိုးဖျက်၍ ဖျော်ဖြေမှုအစီအစဉ် ပျက်စီးရမည်ဆိုပါက ထိုလုပ်အားရှင်များလည်း ခြေကုန်လက်ပန်းကျကာ ပင်ပန်းရကျိုးမနပ်ဘဲ လုပ်အားများ အလဟဿဆုံးရှုံးရ၍ မည်မျှအထိ မချိတင်ကဲဖြစ်ကြလေမည်နည်း။

မိုးဖွဲကလေးများကား ရပ်မသွားသေးသည့်အပြင် ည

ဦးအရောင်အမှောင်သန်းချိန်နှင့် ရောယှက်ကာ ကော
ကင်တစ်ခုလုံး မှိုင်းညို့ကာ မည်းမှောင်၍ နေလေသည်
ထိုစဉ်တွင် အဖွဲ့ခေါင်းဆောင် ဗိုလ်ကြီးသည် မာ
ဂျစ်တစ်စီးဖြင့် ပြန်လည်ရောက်ရှိလာ၏။ ကားရပ်လို
သည်နှင့် ကားပေါ်မှ ဗိုလ်ကြီးနှင့်အတူ ရှမ်းဘောင်း
ဝတ်ထားသော ရှမ်းအဘိုးအိုတစ်ဦးနှင့် လူငယ်နှစ်ယော
ပါ ဆင်း၍လာကြ၏။ လူငယ်နှစ်ယောက်သည် ကား
တွင် အသင့်ပါလာသော သက်ငယ်ပျစ်များကို သယ်
ကြကာ ဇာတ်စင်၏ လက်ယာဘက်ထောင့်တွင် အ
ပင် စင်ငယ်တစ်ခုကို တည်ဆောက်လိုက်ကြ၏။
ကလေးမှာ ခါးစောင်းခန့်အမြင့်ရှိပြီး အမိုးအထိဆို
လူတစ်ရပ်ကျော်ကျော်ခန့် ရှိလေသည်။

စင်ကလေးကို တစ်ဖက်ဖွင့်အနေအထား စီ
ကာ သုံးဖက်သုံးတန် ကာရံ၍ထား၏။ စင်ကလေး
ဆောက်ပြီးသည်နှင့် ရှမ်းအဘိုးအိုသည် စင်ပေါ်၌
တုံကြီး တစ်လုံးကို ရေတစ်ဝက်ခန့် ထည့်လိုက်
လျှင် အသင့်ပါလာသော ရှင်ဥပဂုတ္တမထေရ်ရုပ်ပွား
ကို စဥ့်အင်တုံအတွင်း ရေအလယ်တွင် ပင့်ဆောင်
ထားလိုက်၏။ မိုးဂှာလည်း ဖွဲဖွဲကလေးပင် ပိုကာ
လေသဖြင့် ပရိသတ်မှာ ထီးကလေးများပင်ဖွင့်၍
ထားကြလေပြီ။

အဘိုးအိုသည် ဆိုင်းဆရာထံသွားကာ ပတ်
စားပေးလျက် တီးလုံးတစ်မျိုးကို အဆက်မပြတ်
လိုက်၏။ ဆိုင်းဆရာအနီးမှ ပြန်လာပြီးသည်
ဖယောင်းတိုင်ကြီးသုံးတိုင်ကို ထွန်းညှိကာ ရှင်
ထေရ်ထံ ကပ်လှူပူဇော်လိုက်ပြီး မြေပြင်တွင်
ကြောင့်ထိုင်ချလိုက်ကာ ဘုရားစတင်ရှိခိုးလေ
သူ ဘုရားရှိခိုးနေစဉ်တွင် မြန်မာ့ဆိုင်းဝိုင်းကြီး
အဆက်မပြတ်တီးကာ ရှမ်းအဘိုးအို အချက်
မရပ်တမ်း တီးမှုတ်နေကြ၏။

သူသည် ဘုရားရှိခိုးပြီးသည့်နောက် မတ်တ
ကာ ကောင်းကင်ကို မော့ကြည့်လျက် တစ်စုံ
ရွတ်ဆိုတိုင်တည် ဆုတောင်းရင်း လက်နှင့်
ဝှေ့ယမ်းလိုက်သည်နှင့် ဖွဲဖွဲကလေးကျနေသော
ရပ်တန့်၍သွားလေတော့၏။ တစ်မှုန်ကလေးမျှ
တော့ချေ။ ထူးဆန်းလေစွ။ အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com

ကဲခတ်ရင်း လိုအပ်သည်ကို ကူညီပေးနိုင်ရန် အနီးတွင် သင့်စောင့်ဆိုင်းနေသော ကျွန်တော်တို့၏ အဖွဲ့ခေါင်း ဆောင် ဗိုလ်ကြီးသည် မိုးရေစက်များ ထပ်မံကျမလာတော့ င်းကို အံ့ဩဝမ်းသာဖြစ်နေရာမှ-

'အာဘရေ··အခြေအနေကတော့ အိုကေမှာ ပြနေပြီ ကျ်ချရမယ့်အနေအထား ဖြစ်သေးပါ့မလား'

'စိတ်ချလက်ချသာ ယုံယုံကြည်ကြည်နဲ့ ဖျော်ဖြေကြ တော့ ဗိုလ်ကြီးရေ။ ကျွန်တော် နောက်တစ်နေ့မနက် ထိ ခွင့်ပြုပေးပါလို့ မေတ္တာရပ်ခံ တောင်းပန်ထားပါ ယ်'ဟု ပြောရင်း ဆိုင်းဆရာဘက်သို့လှည့်ကာ ယခု မှတ်နေခြင်းကို ရပ်တန့်၍ရပြီဖြစ်ကြောင်း လက်ကာ၍ က်ပြလိုက်၏။

ပွဲခင်းတစ်ခင်းလုံး ကွင်းလုံးပြည့်မျှ လာရောက်ကာ းပေးနေကြသည့် ပရိသတ်ကား အားရစဖွယ် များပြား သည်။ တစ်မြို့လုံးနီးပါး အိမ်စောင့်ပင် မကျန်လောက် ဆောင် လာရောက်အားပေးကြလေသလောဟုပင် မှတ် င်မိ၏။ ကျွန်တော်တို့ အဖွဲ့သားများလည်း အံ့ဩကာ သာလွန်းလှသည်ကြောင့် ထိုအဘိုးအိုနှင့် ရှင်ဥပဂုတ္တ ရှိရာသို့သွား၍ ဦးချကန်တော့ကြလေသည်။ ရှမ်း ဘိုးအိုကလည်း ဆုများပေး၏။

အချိန်ကလည်း ညရှစ်နာရီထိုးရန် မိနစ်နှစ်ဆယ်မျှ လိုတော့၏။ အဖွဲ့သားများသည်လည်း ဖျော်ဖြေမှု ဆင်နိုင်ရန် အားတက်သရော ပြင်ဆင်နေကြလေပြီ။

ကျွန်တော်လည်း အဖွဲ့ခေါင်းဆောင် ဗိုလ်ကြီးထံ ၍-

'ဗိုလ်ကြီးရေ··အစကတော့ မိုးလေဝသအခြေအနေ ကြောင့် ဒီညအစီအစဉ်ကို ခွင့်ပြုညှိမဟုတ်ဘဲ အတိုး လျှော့ လုပ်ရမလားလို့ စဉ်းစားနေတာ'

'မလုပ်ပါနဲ့ဗျာ။ ထုံးစံအတိုင်း ခွင့်ပြည့်သာ ဖျော် ပေးကြပါ'

ဗိုလ်ကြီး၏ စကားမဆုံးမီပင် မြို့နယ်၏ တာဝန်ရှိ ည် (ထိုစဉ်က မဝတဥက္ကဋ္ဌ)သည် ဇာတ်စင်ပေါ်သို့ ာက်ရှိလာပြီး-

'အခြေအနေကတော့ အိုကေမှာ စိုပြည်သွားပြီ ဗိုလ် ရေ။ အဲဒီတော့ ဗိုလ်ကြီးတို့ အဖွဲ့တော်သားတွေကို င်ဆိုင်ဆိုင် အားရပါးရ ဖျော်ဖြေပေးခဲ့ကြပါလို့ လာ ပြောတာပါခင်ဗျာ။ လိုအပ်တာရှိသေးရင်လည်း ကျွန်တော် တို့ကိုပြောပါ။ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက် ပေးပါ့မယ်နော်'

'ရပါပြီ ဥက္ကဋ္ဌရေ၊ ဘာမှမလိုပါဘူး။ ကျွန်တော်တို့ လည်း အဲဒီကိစ္စပဲ ပြောနေကြတာပါ။ စိတ်သာချပါ။ ကျွန်တော်တို့တစ်ဖွဲ့လုံး မခိုတမ်းမကပ်တမ်း အင်ပြည့် အားပြည့် ဖျော်ဖြေပေးပါ့မယ်။ ဒါနဲ့ ဥက္ကဋ္ဌတို့မိသားစု ရော ပွဲကြည့်မလာကြဘူးလား'

'ဘယ်နေလိမ့်မလဲ ဗိုလ်ကြီးရာ၊ ညနေစောင်းချိန်က တည်းက ရှစ်ထိုးနေကြတာ။ အိမ်မှာ အိမ်စောင့်တောင် မထားခဲ့ဘူး။ ဒီကို ခုနစ်နာရီထိုးကတည်းက ရောက်နေ ကြတာ။ ရှေ့ဆုံးတန်းက ထိုင်ခုံတွေမှာ ထီးဆောင်းပြီး တော့ကို နေရာယူထားကြတာဗျ။ ကျွန်တော့်ဇနီးကဆို ပြီးခဲ့တဲ့နှစ်က ကပြသွားတဲ့ သံလွင်ရေပြာ မခန်းပါလေ ပြဇာတ် ကောင်းလွန်းလို့တဲ့ ပြောလို့ကိုမဆုံးဘူး'

'ဩော်··ဟုတ်လား၊ ဒီနှစ်ပြဇာတ်လည်း စောင့်သာ ကြည့်တော့။ ကောင်း,မကောင်းကို ကပြလို့ ပြီးတဲ့အခါ ကျ အဖြေပေါ်ပါလိမ့်မယ်။ ပြီးတော့ ကလေးတွေ ယဉ် ကျေးလိမ္မာရေး ဦးတည်ချက်ကို အဓိကထားပြီး မိတ် ကောင်းဆွေသာ မင်္ဂလာဆိုတဲ့ ကျေးညီနောင် အော်ပရာကို လည်း ထပ်တိုးထားပါသေးတယ်'

'ကျွန်တော့်သားတွေ အကြိုက်နေမှာပဲဗျ'

'အနုပညာမြောက် တင်ဆက်ထားတာမို့ ကလေး လည်းကြိုက်၊ လူကြီးတွေလည်း သဘောကျကြမှာပါ'

'ကဲ··ဗိုလ်ကြီးရေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ရှစ် နာရီလည်း ထိုးတော့မှာမို့ ကျွန်တော့်မိသားစုနဲ့ သွားထိုင် နေတော့မယ်။ လိုတာရှိလည်း ပြောကြပါဗျာ ဘာမှအား မနာကြပါနဲ့။ ဗိုလ်ကြီးတို့အဖွဲ့ နေထိုင်စားသောက်ရေးနဲ့ ပတ်သက်လို့လည်း လိုအပ်တာ ချို့ယွင်းတာများရှိခဲ့ရင် နားလည်ခွင့်လွှတ်ကြပါဗျာ'

'ဟာဗျာ··အားလုံးပြည့်စုံလွန်းလို့ ကျွန်တော်တို့က တောင် အားနာနေရတာပါ။ ဘာမှမလိုအပ်ပါဘူး ဥက္ကဋ္ဌ ရယ်'

'ကဲ··ကဲ··ဒါဆို ကျွန်တော်လည်း သွားတော့မယ်။ ခွင့်ပြုကြပါဦး'

ပြောပြောဆိုဆိုဖြင့် မဝတဥက္ကဋ္ဌသည် စင်ပေါ်မှဆင်း



www.burmeseclassic.com

www.burmeseclassic.com

ကာသွား၏။ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့မှလည်း ပဏ္ဏာမဒေ့ခ်ဂီတသံဖြင့် စတင်ကာတီးမှုတ်၍ ဧည့်ခံဖျော်ဖြေနေကြပြီဖြစ်သည်။ မိုးရိပ်မိုးသားအခြေအနေကို မော့ကာကြည့်လေရာ ပြိုဆင်း၍ကျတော့မည့်နှယ် မည်းမှောင်နေလျက်ပင်။ လေကလည်း တစ်ချက်တစ်ချက် တိုက်လိုက်သေး၏။ စင်ပေါ်ရှိ ကတ္တီပါပြည်ဖုံးကားကြားမှ ချောင်းကာကြည့်လိုက်တော့ ရှမ်းအဘိုးအိုမှာ ပက်လက်ကုလားထိုင် တစ်လုံးနှင့်ထိုင်လျက် ဆေးတံအသောက်မပျက်၊ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် မိုးအတွက် စိုးရိမ်ဖွယ်ရာ လုံးဝမရှိသလို ဣန္ဒြေပင်မပျက်။

ပူဇော်ထားသော ရှင်ဥပဂုတ္တကျောင်းဆောင်မှာလည်း ဖယောင်းတိုင်မီးတလက်လက်ဖြင့် ရှိနေ၏။ ရှမ်းအဘိုးအိုကလည်း ထွန်းညှိပူဇော်ထားသောမီး မငြိမ်းစေရန် အထူးသတိဝီရိယ ထားနေသည်ကို သတိပြုမိသည်။ လေပြင်းပြင်းတိုက်လိုက်သောအခါများတွင် ထိုင်ခုံနေရာမှထကာ မီးမငြိမ်းစေရန် အကွယ်အကာတစ်ခုခုဖြင့် လေကာခြင်းကို ဂရုတစိုက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရ၏။ မိုးကား မည်းမှောင်နေသော်လည်း ရေတစ်ပေါက်မျှပင် မကျသေးပါချေ။

ထိုတစ်ညလုံးပင် အဖွဲ့သူအဖွဲ့သားများမှာ ကောင်းကင်ကို မော့ကြည့်လိုက်ကြ၊ ကရင်းခုန်ရင်း ဖျော်ဖြေရင်းဖြင့် အစီအစဉ်များအားလုံးကို ထုံးစံအတိုင်း ဖျော်ဖြေပေးခဲ့ကြပြီး နံနက်လေးနာရီခွဲခန့်တွင် အစီအစဉ်အားလုံးပြီးဆုံးသွားခဲ့ကြ၏။ လူအနည်းငယ်မျှသာ လျော့ပါးခဲ့သော်လည်း ပွဲပြီးသည့်အချိန်အထိ ပွဲစချိန်ကအတိုင်း ကွင်းလုံးပြည့် ငြိမ်သက်စွာ အားပေးကြသဖြင့် ဗိုလ်ကြီးကပင် အတော်ပွဲကြိုက်တဲ့ မြို့ဗျာဟုပင် မှတ်ချက်ပေးခဲ့ရသည်အထိ။

ပွဲပြီးသွားသောအခါ စင်ပေါ်ရှိ ပစ္စည်းများအားလုံးကို အဖွဲ့သားများက သိမ်းဆည်းနေစဉ်တွင် ကျွန်တော်လည်း စင်ပေါ်မှဆင်းသွားကာ ရှမ်းအဘိုးအိုအား သွားရောက်နှုတ်ဆက်လိုက်ရင် ကျေးဇူးတင်စကားဆိုကာ သိလိုသမျှကို မေးမြန်း၍ စပ်စုလိုက်၏။

'ကျေးဇူးအများကြီးတင်ပါတယ် အဘိုးရယ်၊ အဘိုးသာ တာဝန်မယူရင် ဒီည ပွဲပျက်ပြီ'

'ကိစ္စမရှိပါဘူး ဆရာရယ်၊ ကိုယ့်မြို့ကိုယ့်ရွာကို ဟိုးရန်ကုန်လို အဝေးကြီးကနေလာပြီး ကပြကြတာ တစ်ယောက်အနေနဲ့ ဒီလောက်ကလေးကူညီရတာ မလေးလှပါဘူး။ ခု ကျွန်တော် ဆရာတို့ သိမ်းပြီး လို့ ကားထွက်သွားကြတဲ့အခါ ဆရာတို့ ယာယီ ခိုမယ့် အဆောင်ကို ရောက်ချိန်လောက်ကျမှ မိုး ထားတာကို ငြိမ်းသတ်မှာပါ။ အဲဒီအခါကျတော့ မိုး သားရဲ့ သဘောအတိုင်းပေါ့ဗျာ'

မှန်ပါသည်။ ကျွန်တော်တို့တစ်ဖွဲ့လုံး တက်ညီ ညီဖြင့် သိမ်းဆည်းပြီး ကားပေါ်သို့ ပစ္စည်းများတင် သည်။ တင်၍ပြီးသည်နှင့် ကားသုံးစီးလုံး တည်း အဆောင်ရှိရာသို့ အဖွဲ့သားများကိုတင်ဆောင်ကာ နှင်လာခဲ့ကြပါ၏။ ကျွန်တော်တို့ရောက်၍ အနား ၌ အဝတ်အစားများ လဲနေစဉ်တွင် တဖျောင်းဖျောင်း ရွာချလိုက်သည့်မိုးမှာ သဲကြီးမဲကြီးဖြင့် သွန်ချလို ကဲ့သို့ သည်းထန်လွန်းလှလေ၏။ ရှမ်းအဘိုးအို မိုး လိုက်ပြီဟု ထင်ပါသည်။

ထိုကဲ့သို့ အားပါးတရ သည်းသည်းထန်ထန် မိုးကို ယခုလောက် တစ်ခါမျှ မကြုံခဲ့ရဖူးပါချေ စဖူး ထူးကဲစွာဖြင့် မိုးကိုတားဆီး၍ ရပ်တန့်ထား တောင်းပန်ထားခြင်းမျိုးကိုလည်း ယခုတစ်ခါသာ ဖူးပါသည်။ ကျွန်တော်သည် ကားပေါ်မတက်မီ အား ကန်တော့ကာ သိလိုသော အကြောင်းအရာ မေးမြန်းခဲ့ပြီး ထိုအဘိုးအို၏ အဖြေစကားမှာ လိုက်နာဖွယ်ကောင်းလှသည်ဖြစ်သဖြင့် အောက်ပါ မခြွင်းမချန် ရေးသားတင်ပြလိုက်ရပါတော့သည်

'အဘိုး မိုးကိုတောင်းပန်ပြီး မရွာသေးအောင် လိုဂါထာတွေ၊ မန္တရားတွေ ရွတ်ဖတ်သရဇ္ဈာယ် ဆိုတာ ကျွန်တော်သိချင်လို့ အပန်းမကြီးရင် ဖြေပြ ခင်ဗျာ'

'ဘယ်လိုဂါထာမန္တရား မဟုတ်ပါဘူး။ တော့ အဘိုးတစ်သက်လုံးကျင့်ဆောင်ခဲ့တဲ့ သ နဲ့ အဘိုးရာသက်ပန် မပျက်မယွင်း ဆောက် ငါးပါးသီလကို သစ္စာပြု တိုင်တည်လိုက်တာ ကလေးရယ်'

သတိုး

www.burmeseclassic.com

www.burmeseclassic.com




# ဝင်းဇော် (ရုပ်ရှင်သင်း)

## ဂျိုရုပြဇာတ်ခုံများနှင့် အိပ်မက်တွေကြားက ပျောက်သွားတဲ့ ရွာလေး

ကျွန်တော် ဆယ်နှစ်သားအရွယ် (၁၉၅၀) ပြည့်နှစ်က အဖြစ်အပျက်တွေမို့ ကြာတော့ အတော်ကြာခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့မို့ ကြည့်ဖူးတဲ့ ရုပ်ရှင်ကားကောင်းတစ်ကားကို ဘယ်လောက်ကြာကြာ မမေ့သလိုမျိုး ဖတ်ဖူးတဲ့ ဝတ္ထုကောင်းတစ်ပုဒ်ကို အမြဲအမှတ်ရနေသလိုမျိုး ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်နေဆဲ၊ အမှတ်ရနေဆဲ ဖြစ်ရပ်တွေပါ။

အဲဒီအချိန်က ကျွန်တော်တွေ့မြင်ခဲ့တဲ့ ဖြစ်ရပ်တွေကို ထူးဆန်းလိုက်တာလို့ ကလေးအတွေး ဆယ်[illegible] အမြင်နဲ့ တွေ့မြင်ခံစားမိခဲ့ပေမယ့် ကျွန်တော်မျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ခဲ့တာတွေဟာ တွေ့ရခဲ၊ ကြုံရခဲတဲ့ ဂမ္ဘီရဖြစ်စဉ်တွေပဲလို့တော့ မတွေးမိဘူး။ သိလည်း မသိဘူး။ ဘယ်သိမှာလဲ၊ အရွယ်က မူလတန်းကျောင်းသားအရွယ်မို့ ကျောင်းစာကလွဲ အပြင်စာမှ မဖတ်ခဲ့ဖူးဘဲကိုး။

ကျွန်တော်ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရတဲ့ ဂမ္ဘီရဖြစ်စဉ်အချို့ကို ပြောပြချင်ပါတယ်။ အဲဒီလို ပြောပြရမယ်ဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်ပတ်ဝန်းကျင် ကျွန်တော့်ရဲ့ ကျောင်းနေဖော်သူငယ်ချင်းများအကြောင်း၊ ကျွန်တော့်မွေးရပ်ဇာတိမြေနဲ့ ပတ်ဝန်းကျင်က ကျေးရွာများအကြောင်း ထဲထဲဝင်ဝင် ပြောပြမှ အဆင်ပြေမှာမို့ ကျွန်တော့်ကို ပြောပြခွင့်ပြုပါ။

ကျွန်တော့်မွေးဇာတိဟာ ကျီတော်ကုန်းရပ်၊ ရမည်းသင်း ဖြစ်ပါတယ်။ ဇာတိမြေက အရှေ့စူးစူးကို လှမ်းမျှော်ကြည့်မယ်ဆိုရင် နေ့တစ်မျိုး ညတစ်ဖုံ အမြင်ဆန်းဆန်း မိုးပြာရောင်ညို့ညို့သန်းနေတဲ့ ရှမ်းရိုးမတောင်တန်းကြီးကို အနီးကပ်တွေ့မြင်နိုင်ပါတယ်။ တစ်ချိန်တည်း ဆက်စပ်ကြည့်လိုက်မယ်ဆိုရင်တော့ လွန်ခဲ့သော နှစ်ပေါင်း(၇၀၀)ကျော်က ရှေးမင်းမြို့စား နယ်စားများ တူးဖော်ခဲ့တဲ့ ရောမကန်ကြီး ကျေးနီကန်လို့ အမည်ရပါတယ်။-အဲဒီကန်ကြီးကို တွေ့ရမှာဖြစ်ပါတယ်။ ကန်ကြီးရဲ့အမျိုးအစား အကျယ်အဝန်းကတော့ တောင်-မြောက်နှစ်ဖက်ပိတ်ကန် အမျိုးအစားဖြစ်ပြီး ရေမျက်နှာပြင်အကျယ်ကတော့ (၁၅၂၅) ဧကရှိပါတယ်။ ရေလှောင်နိုင်တဲ့ပမာဏကတော့ (၈၀၆၀) ဧက ကျယ်ဝန်းပါတယ်။

ကျိုးနီကန်ကြီးရဲ့ တောင်ဘက်မှာဆိုရင် ကန်ဆွယ်ရွာ၊ ကန်မြင့်ရွာ၊ မှန်စီရွာ၊ ဝါးတောရွာ၊ ထိန်ကန်ရွာ၊ ရုံးပင်တွင်းရွာတွေရှိပြီး မြောက်ဘက်မှာတော့ မာလီကုန်းရွာနဲ့ ရွှေကူကုန်းရွာ(ယခု ရွှေကူရပ်ကွက်ဟု မြို့ပေါ်ရပ်ကွက်အဖြစ် အဆင့်မြှင့်ထားကြောင်း သိရသည်)၊ ကန်ကြီးရဲ့ အနောက်တောင်ဘက်ယွန်းယွန်းမှာတော့ ကန်ထဲရွာ၊ ဆင်ကျုံးတောရကျောင်းတိုက်ကြီး၊ ကျောင်းတိုက်ကြီးရဲ့မြောက်ဘက် ကျိုးနီကန်ကြီးရဲ့ အနောက်ဘက်တည့်တည့်မှာတော့ သိမ်ကုန်းလေးရွာဆိုတာ ရှိပါတယ်။

အဲဒီသိမ်ကုန်းလေးရွာဆိုတော့ ကျွန်တော် ဆယ်နှစ်သားအရွယ်က ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ဂမ္ဘီရဖြစ်စဉ်တွေကြောင့် လူအများ ရွာတွင် မနေဝံ့လောက်အောင် ကြုံရပြီး ရွာကိုစွန့်ပစ် အလျှို့အလျှို့ ထွက်ခွာသွားကြ... ပျက်သွားရတဲ့ရွာပါပဲ။ ရမည်းသင်းနဲ့ကပ်လျက် အနီး... ရွာများထဲတွင် သိမ်ကုန်းရွာဟူ၍ အမည်တူရွာနှစ်ရွာ ... တယ်။ ဒေသခံတွေက မြို့ရဲ့အရှေ့ဘက်က သိမ်ကုန်းရွာ... သိမ်ကုန်းကြီးမြို့ အနောက်တောင်ဘက်တွင် ကပ်လျ... သော သိမ်ကုန်းရွာကို သိမ်ကုန်းလေးရွာဟု ခေါ်... တယ်။ အရှေ့ဘက်မှာရှိတဲ့ သိမ်ကုန်းကြီးရွာဟာ ရွာ... ရွာငယ်မဟုတ်။ တချို့သော မြို့များထက်ပင် အဆင့်... သော စံပြရွာကြီးဖြစ်ပါတယ်။ အခု ကျွန်တော်ပြော... ဂမ္ဘီရဖြစ်စဉ်တွေဟာ အဲဒီစံပြသိမ်ကုန်းရွာကြီးမှာ ဖြစ်... မဟုတ်ဘဲ သိမ်ကုန်းလေးရွာမှာ ဖြစ်ခဲ့တာပါ။

ကျိုးနီကန်(ကြေးနီ)ကန်ကြီးကို ပထမအင်းဝ... နေပြည်တော်မှာ ထီးနန်းစိုးစံခဲ့တဲ့ မင်းမှူးမတ်အပေါင်း... ရမည်းသင်းဒေသခံ မြို့စားနယ်စားမင်းတွေ လက်... ကတည်းက မြို့ကိုလည်းတည်၊ ကန်ကြီးကိုလည်း ... တည်တူးဖော်ခဲ့ကြဟန် ရှိပါတယ်။

ကျိုးနီကန်ကြီးတူးဖော်ခဲ့တာ နှစ်ပေါင်း(၇၀၀) ... ပြီဆိုတော့ ကန်ကြီးထဲ တောင်ကျရေများ ဝင်တဲ့... သဲနုန်းများလည်း ကျန်ခဲ့ပြီး ကန်အတွင်း ဟိုတစ... တစ်စ သဲသောင်ခုံတွေပေါ်တဲ့အထိ ဖြစ်ခဲ့ရတယ်။ ... ကြီးတစ်ကန်လုံး ရေခန်းသွားတဲ့အဖြစ်မျိုး မရှိခဲ့... နှစ်တွေကြာခဲ့တော့ ကန်ကြီးရဲ့တာပေါင်ရိုးတွေ ... အားနည်းလာတာမျိုးတော့ ရှိပါတယ်။ ဘယ်လို... အနေမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒေသခံတွေ... သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် ဒီကန်ကြီး... ထားနေရဆဲပါ။ နောင်နှစ်ပေါင်း ထောင်သောင်းမ... တဲ့တိုင်အောင်လည်း အားထားရဦးမယ့်ကန်ကြီး ... တယ်။ ဒေသခံ ရမည်းသင်းသူ ရမည်းသင်း... အနေနဲ့ကတော့ ရမည်းသင်းမြို့ အရှေ့ဘက်မှာရှိ... မြင်တင်တောင်တော်နဲ့ ရွှေမြင်တင်ဘုရားရယ်၊ ... သင်းဒေသသား သာသနာ့အာဇာနည်ရသေ့ကြီး ... ရယ်၊ ကျိုးနီကန်ကြီးတို့ဟာ ဂုဏ်ယူဖွယ်ကြွားစရာ ... တွေပါပဲ။

(၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလတုန်းက ရန်ကု... ရမည်းသင်းအသင်းသားများနဲ့အတူ အသင်းနာယ... ဦးမြတ်သင်းအောင် ဇာတိမြေ ရမည်းသင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com

ဆောက်လှူဒါန်းတဲ့ လှူမှုထူးချွန်စာကြည့်တိုက် (E-LIBARY) ဖွင့်ပွဲအခမ်းအနားကို တက်ဖြစ်ပါတယ်။ ရမည်းသင်းရောက်ရောက်ချင်း ကျွန်တော် ဆယ်ကျော်သက်အရွယ် ကလေးဘဝက တစ်ရပ်ကွက်တည်းသား ငယ်ဖော်သူငယ်ချင်းများနဲ့ ဆော့ကစားခဲ့ကြတဲ့ ကျိုးနီကန်ကြီးကို တွေ့ချင်မြင်ချင်ဇောနဲ့ သွားကြည့်ဖြစ်ပါတယ်။

တာပေါင်ထိပ်ရောက်ရောက်ချင်း နယ်ရှင်ပယ်ရှင်မြို့တော်သခင်နဲ့ ကန်တော်ရှင်နတ်နန်းကို တွေ့မြင်ရပြီး ကျိုးနီကန်ကြီးကို မျက်စိတစ်ဆုံး မျှော်ကြည့်လိုက်တော့ ကျွန်တော့်ရင်ထဲ ဖော်ပြလို့မစွမ်းအောင် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဘာလို့လဲဆိုတော့ ကြီးမားလှတဲ့ ဧရာမကန်ကြီး တစ်ကန်လုံး ဖွေးဖွေးလှုပ်နေတဲ့ ရေတွေဟာ သောင်ခုံသဲခုံဆိုတာမျိုး ဘာမှမရှိတော့ဘဲ တာပေါင်ကိုများကျော်တော့မလား ထင်ရမလောက် မြင်တွေ့ခဲ့ရတဲ့အပြင် ကန်တော်ရှင်နတ်နန်းနဲ့ မလှမ်းမကမ်းရှိ ကျောက်တလားလို့ ခေါ်တဲ့ ရေလွှတ်ရေလွှဲပေါက်က လယ်သမားတွေအတွက် စိုက်ရေ အောင်ရေတွေ လွှတ်ပေးနေတဲ့ တဝေါဝေါ စီးဆင်းနေတဲ့ ရေစီးသံတွေကလည်း သောသောညံနေတာပဲ။ တစ်ဆက်တည်း ကန်ကြီးရဲ့အနောက်ဘက် တာပေါင်ရေလွှဲပေါက်ကလည်း ရေစစ်ကန်ထဲ ရေအဆက်မပြတ် သွင်းပေးနေတာ မြင်ရပြန်တယ်။ အဲဒီရေကတော့ ကန်သစ်လို့ခေါ်တဲ့ ကန်ထဲ မြို့သူမြို့သားအားလုံး သောက်သုံးရေအတွက် ဖြည့်တင်းပေးတဲ့ရေ ဖြစ်ပါတယ်။

ဒီလိုနဲ့ သတ်မှတ်ထားတဲ့ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားရောက်တော့ သူငယ်ချင်းတစ်ဦးနဲ့တွေ့ပြီး ကျိုးနီကန်ကြီးအကြောင်း ပြောဖြစ်ကြပြန်ပါတယ်။

"ကန်ကြီးကို တာရိုးတာပေါင်မြှင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းတွေ လုပ်ရတာ မလွယ်ဘူးဗျ။ ကန်ကြီးက အလွန်သက်တမ်းရှည်ပြီး အကြီးစားပြင်ဆင်မှုရယ်လို့ မရှိခဲ့ဘူးတော့ သဲနုန်းတွေပို့ပြီး သောင်ထွန်းတဲ့နေရာ သောင်ထွန်းနေတယ်။ အဲဒီသောင်တွေပေါ်မှာ ညံပင်တွေ တောအအောင် ပေါက်နေတဲ့အပြင် အခြားအပင်မျိုးစုံတွေပါ ပေါက်နေကြတယ်။ အဲဒီတော့ အဲဒါတွေပါ ရှင်းလင်းပြီး အသစ်တူးဖော်ရမယ့် လုပ်ငန်းတွေကို လူ့လုပ်အားသက်သက်နဲ့ လုပ်မယ်ဆို နှစ်ပေါက်အောင်ကြာမယ်။ အဲသလိုကြာလို့မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ လုပ်ငန်းမပြီးခင် ရှေ့မိုးနောက်မိုးဆက် တောင်ကျရေကြောင့် လုပ်ငန်းပျက်မှာလေ။ ကျွန်တော်တို့ ဒေသကလူတွေ ကံကောင်းတယ်လို့ ပြောရမယ်။ ဒီလုပ်ငန်းကြီးဟာ မြို့နယ်အဆင့်နဲ့ မစွမ်းသာဘူး။ အထက်အဆင့်ဆင့်တင်ပြ၊ အင်နှင့်အားနှင့် ဆောင်ရွက်မှ အချိန်မီပြီးမြောက်မယ်ဆိုတာ သဘောပေါက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်လာတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ(ဟောင်း) ဦးခင်အောင်မြင့်ပဲ။ ဦးခင်အောင်မြင့်ဟာ ကျိုးနီကန်ကြီးရဲ့ အခြေအနေကို ဘက်စုံက လေ့လာပြီး မန္တလေးတိုင်းဒေသကြီးနဲ့ ရမည်းသင်းခရိုင် မြို့နယ်အဆင့်က တာဝန်ရှိပုဂ္ဂိုလ်တွေအပြင် လယ်/ဆည်ဝန်ကြီးဌာနနဲ့ အခြားဌာနအသီးသီးက ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းကာ စက်ယန္တရားကြီးတွေနဲ့ သဲနုန်းဖော်ခြင်း၊ တာပေါင်(ကန်ပေါင်)မြှင့်ခြင်း၊ သောင်တူးဖယ်ရှားခြင်းလုပ်ငန်းတွေ သူကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလို့ အချိန်တိုအတွင်း ပြီးမြောက်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ တာပေါင်တစ်လျှောက် အုတ်စီခြင်းလုပ်ငန်းများ လုပ်မယ့်အပြင် တာပေါင်ပေါ်ကနေ ကန်ပတ်ကားလမ်းဖောက်မယ့် အစီအစဉ်လည်း ရှိပါတယ်။

ကျွန်တော်တို့ ရမည်းသင်းသားတွေအားလုံးက ဦးခင်အောင်မြင့်နဲ့ ကျိုးနီကန်ကြီး ပြန်လည်ပြုပြင်မွမ်းမံရာမှာ ပါဝင်ကြတဲ့ စွမ်းအားရှင်၊ လုပ်အားရှင်များ အားလုံးကို ကျေးဇူးတင်မဆုံးအောင်ပါပဲ။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာကြပါစေလို့ ဆုတောင်းနေကြတယ်လို့ ကျွန်တော့်မိတ်ဆွေက အဲဒီလိုပြောပြ သိရှိခဲ့ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်တို့ ရန်ကုန်ရောက် ရမည်းသင်းအသင်းသားတွေကလည်း ဒေသခံများနဲ့ ထပ်တူထပ်မျှ ဝမ်းသာရပါကြောင်း ပြောပြတော့ ကျွန်တော့်ကို သူက အလျဉ်းသင့်တဲ့အခါ ရမည်းသင်းအကြောင်း ရွှေမြင်တင်နဲ့ (ကြေးနီကန်) ကျိုးနီကန်ကြီးအကြောင်းတွေ ရေးပါဦး" လို့ တောင်းဆိုလာပါတယ်။

ဒါကြောင့် ကျွန်တော် ဆယ်နှစ်သားအရွယ်က မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးတဲ့ သိမ်ကုန်းလေးရွာမှာ ဂမ္ဘီရဖြစ်စဉ်တွေ ပေါ်ပေါက်ခဲ့ပြီး နောက်ဆုံး ရွာပျက်သွားတဲ့အကြောင်း ဖြစ်ရပ်မှန်အတိုင်း ရေးသားတင်ပြလိုက်ပါတယ်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မြန်မာတွေ သူ့ကျွန်ဘဝက လွတ်ပြီးစ ကာလ နှစ်နှစ်သား မြန်မာအစိုးရလက်ထက်၊ တိတိကျကျ ပြောရရင် (၁၉၅၀)ပြည့်နှစ် ဖဆပလအစိုးရလက်ထက် က ဖြစ်ခဲ့တဲ့ ဖြစ်စဉ်အကြောင်းအရာတွေမို့ ကြာတော့ အတော်ကြာခဲ့ပါပြီ။

'သိမ်ကုန်းလေးရွာ ပျက်တော့မယ်တဲ့'

'ဟဲ့··ငလုံး၊ မနက်စောစောစီးစီး မဦးမချွတ် ဘာ တွေလျှောက်ပြောနေတာလဲ။ နဂိုကမှ လူတွေ သူတစ်လူ ငါတစ်မင်း ဖြစ်နေကြတဲ့အထဲ မင်းတို့ ကလေးတွေက လည်း တစ်မှောင့်'

'တကယ်ပြောတာ၊သိမ်ကုန်းလေးက ကုန်စိမ်းရောင်း တဲ့ မိန်းမတွေနဲ့ ဆန်သည်တွေလည်း ဈေးမထွက်ကြဘူး တဲ့'

'သိမ်ကုန်းလေးရွာ ကပ်ဆိုက်တော့မယ်တဲ့'

'လာပြန်ပြီ တစ်ယောက်။ စောစောစီးစီး မပြော ကောင်း ပြောကောင်း'

'ကပ်ဆိုက်မယ်လည်း ပြောတယ်'

'ဘီလူးဝင်မယ်လို့လည်း ပြောတယ်'

'ပြေးနိုင်မှ သေဘေးက လွတ်မယ်တဲ့'



ရုတ်တရက်ဖြစ်ပေါ်လာသော သတင်းထူး သတင်း ဆန်းတွေကြောင့် ကျွန်တော်တို့ အိမ်ဝိုင်းအတွင်း ဆယ် ကျော်သက်အရွယ် ကျွန်တော့်ကစားဖော် ကျောင်းနေဘက် ညီအစ်ကိုများအပါအဝင် သူငယ်ချင်းများ စုဝေးရောက် လာကြတယ်။ သူတို့ကတော့ တင်လှ၊ ငလုံး (ခေါ်) တင် ဝင်း၊ ဘိုဘို (ခေါ်) မောင်သန်း၊ ဖိုးပြူး (ခေါ်) မြင့်သိန်း တင်ဦး၊ ပြားကြီး (ခေါ်) တင်မောင်၊ ကျွန်တော်ပါဆို (၇)ယောက်ပါ။ ကျွန်တော့်ထက် အသက်ကြီးတဲ့ တင် တင်မောင်တို့ ပါပေမယ့် အဖွဲ့ကို ကျွန်တော် ဦးဆောင် တယ်။ သူတို့နှစ်ယောက်က တစ်ဆယ့်သုံးနှစ်၊ တစ်ဆယ့် လေးနှစ်အရွယ်တွေဖြစ်ပေမယ့် ကျန်လူအားလုံးက ဆယ် နှစ်၊ ဆယ့်တစ်နှစ်သား အရွယ်များသာ ဖြစ်ကြပါတယ်။

'ဟဲ့··ဟဲ့··ကောင်လေးတွေ ဘယ်ကိုသွားကြမှာ လဲ'

'ကျွန်တော်တို့ ပြောတဲ့စကားကို မမစန်း မယုံ မဟုတ်လား။ ကျွန်တော်တို့ကလည်း တခြားလူတွေ ပြော တာကြားခဲ့ပြီး ပြန်ပြောပြတာဆိုတော့ ဟုတ်ပါတယ် တပ်အပ်သေချာ မပြောနိုင်ဘူးလေ။ ဒါကြောင့် သိမ်ကုန်း လေးရွာကို သွားကြည့်ကြမလို့'

'ဟဲ့··ဟဲ့··ကောင်လေး၊ ဘာမှန်းညာမှန်းမသိ အတော်ခေါင်းမာတယ်။ မသွားရဘူး'

'အဖေနဲ့ အမေတွေ ရှိသေးတာမို့ အစ်မ မနှာခံနိုင်တာ ဝမ်းနည်းပါတယ်။ သူငယ်ချင်းတို့ လာ။ လစ်စို့'

ကျွန်တော်သည် ငယ်စဉ်ကပင် မလိုအပ်သော ချယ်တားမြစ်ခြင်းများကို လက်မခံတတ်ပါ။ ဒါကြော ကျွန်တော့်အစ်မလတ် မခင်စန်း တားနေတဲ့ကြား အပေါင်းအသင်းများနဲ့ ကောလာဟလ သတင်း သတင်းဆန်းတွေဖြစ်နေတဲ့ သိမ်ကုန်းလေးရွာသို့ များနှင့် ထွက်လာခဲ့ကြပါတယ်။

သိမ်ကုန်းလေးရွာဆိုတာက ရမည်းသင်းက နင်းသွားရင် မိနစ်(၂၀)လောက်ပဲနင်းရင် ရောက် တော့ ရွာနဲ့ မြို့ဟာ ရေအိုးနဲ့ ရေမှုတ်လို့ ပြောရ အဲဒီလောက် နီးပါတယ်။

စကားတပြောပြောနဲ့ စက်ဘီးနင်းလာလိုက် မနက်(၈)နာရီလောက်မှာ သိမ်ကုန်းလေးရွာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ပါတယ်။ မြင်ကွင်းကတော့ ရွာအဝင်အထွက် လူတွေ၊ လှည်းတွေ အရင်နဲ့မတူ များနေတာတွေ့ရလို့ ထူးဆန်းနေပါတယ်။ ကျွန်တော်တို့ တွေ့တဲ့လူတွေကို ဘာမှမေးတော့ဘဲ ရွာထဲ ဆက်ဝင်ခဲ့ပါတယ်။ အကယ်၍ ကျွန်တော်တို့မေးလည်း သူတို့ ပြောချင်ပုံမရဘူး။ သူတို့မှာ အလောတကြီးလုပ်ရမယ့် အလုပ်တွေကြောင့် အလွန်သာကရောက်နေကြဟန်တူပါတယ်။ ကျွန်တော်တို့လို ကလေးတွေက မေးလာစမ်းလားလုပ်ရင် အော်ငေါက်တာတောင် ခံရနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘဒ္ဒေးသူကြီး ဦးစောအိမ်ရှိရာ ရွာအရှေ့ပိုင်းသို့ ဆက်သွားခဲ့ကြပါတယ်။ သူကြီးဦးစောရဲ့ဇနီး အရီးလေး ဒေါ်ရွှေတင်နဲ့ ကျွန်တော့်အမေ ဒေါ်အေးခင်တို့ဟာ ညီအစ်မဝမ်းကွဲ တော်စပ်ပါတယ်။

မရှေးမနှောင်းဘဲ ကျွန်တော့်အစ်မများဖြစ်တဲ့ မခင်စန်းနဲ့ မသန်းညွန့်တို့ ရွာကိုရောက်လာလို့ အရီးလေး ဒေါ်ရွှေတင်နဲ့တွေ့ပြီး လက်ရှိဖြစ်ပေါ်နေတဲ့ ရွာရဲ့အခြေအနေကို ပြောဖြစ်ကြပါတယ်။

'အရီးလေးတို့ရွာရဲ့ သတင်းစကားတွေကြားပြီး အမေတစ်အားစိတ်ပူနေတယ်။ အဲဒါ ညည်းတို့ညီအစ်မ သွားကြည့်စမ်းဆိုလို့ ကျွန်မတို့လာတာ'

'ပြောမပြောချင်တော့ဘူး။ ငါသေချင်တယ် လုံမလေး'

'အို..အရီးလေးရယ်၊ ဘာမှမပြောရသေးဘဲ သေချင်တာက အရင်ပဲ။ နေစမ်းပါဦး။ ရွာပျက်မယ်၊ ကပ်ဆိုက်မယ်ဆိုတဲ့အကြောင်း ကောင်လေးပြောပြလို့ ကျွန်မတို့ သိပြီးပြီ။ အဲဒီစကား ဘယ်သူက ပြောတာတုန်း အရီးလေး'

ကျွန်တော့်အစ်မ မခင်စန်းက သတင်းဇာစ်မြစ် ဘယ်ကသလဲ သိချင်သောကြောင့် အရီးလေး ဒေါ်ရွှေတင်ကို မေးလိုက်သည်။

'ဟော..လုံမလေးတို့လည်း ရောက်နေကြသကိုး'

မခင်စန်းရဲ့အမေးကို အရီးလေး ဒေါ်ရွှေတင် မဖြေမီ ဘဒ္ဒေးဦးစော ရွာဦးကျောင်းမှ ပြန်ရောက်လာသဖြင့် ဘဒ္ဒေးဦးစောကပဲ ပြောပြဖြစ်ပါတယ်။

'ဒီလိုကွယ့် လုံမလေး။ ပြီးခဲ့တဲ့သီတင်းပတ်က ရွာဦးကျောင်းက ကပ္ပိယဦးမော်က ဘဒ္ဒေးနဲ့အတူ ဗိန္ဒောဆရာကြီး အဘဖိုးညာဏ်၊ ရွာအရှေ့ပိုင်းက အဘဖိုးသက်ပြင်း၊ ရွာအလယ်ပိုင်းက ဦးစံတို့ကို ပြောပြတာပါ။ ရွာပျက်မယ်၊ ကပ်ဆိုက်မယ်ဆိုတာက ကပ္ပိယကြီး အရင်ဦးဆုံး အိပ်မက်ရတာပါ။ အိပ်မက်အကြောင်း တိတိကျကျ ပြောပြရရင် ဆရာတော်နဲ့ ကျောင်းနေရဟန်းသံဃာတော်များ ကျောင်းမှ အမြန်ခွာပါ။ ရွာသူရွာသားအားလုံးကိုလည်း ရွာက အမြန်ပြောင်းရွှေ့ကြဖို့ ဆရာတော်က တိုက်တွန်းပေးဖို့ လျှောက်ထားပါ။ ဤရွာတွင် မကြာမီ ဘေးဆိုးရန်ဆိုး ကပ်ဆိုးကြီးဆိုက်ပြီး ဘီလူးဝင်စီးလိမ့်မယ်လို့ အိပ်မက်ရသတဲ့။

အိပ်မက်က ဒီလောက်ပါပဲ။ ဒါပေမဲ့ ညဥ့်စဥ် အိပ်တဲ့အခါတိုင်း ကပ္ပိယကြီးဦးမော်ကို အိပ်မက်ပေးနေတာမို့ ကပ္ပိယကြီးက ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူးဆိုပြီး ဘဒ္ဒေးနဲ့ ကျေးရွာက လူကြီးတွေကို ပြောပြတိုင်ပင်တာကွယ့်'

'ဘဒ္ဒေးပြောပြတော့လည်း အတော်ထူးခြားတဲ့ အိပ်မက်ပဲဆိုတာ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ မယုံဘူး။ အိပ်မက်ဆိုတာ သွေးလေချောက်ချားတဲ့အခါတွေ အတွေးလွန် အိပ်မောကျတဲ့အခါတွေမှာ မက်တတ်တယ်လို့ ဆောင်းပါးတစ်ပုဒ်မှာ ကျွန်မဖတ်ဖူးတယ် ဘဒ္ဒေး'

'ဘဒ္ဒေးလည်း ကပ္ပိယကြီးဦးမော် ပြောခါစက အဘိုးကြီး သွေးလေချောက်ချားပြီး ကယောက်ကယက်တွေမက်သလား ထင်ခဲ့မိတယ်ကွယ့်။ ဒါပေမဲ့ ရွာကလူတွေတော်တော်များများ ဒီအကြောင်းအရာတူတွေပဲ အိပ်မက်မက်လာကြပြီး နောက်ဆုံး ကပ္ပိယကြီးကို ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကိုယ်တိုင် ကိုယ်ထင်ပြပြီး ကျောင်းပေါ် တက်လာပြောတဲ့အကြောင်း ကပ္ပိယကြီးက ပြောပြတော့မှ အံ့ဩယုံကြည်မိတော့တာပဲ။ ကပ္ပိယကြီးဟာ အလွန်တည်ကြည် တော်တည့်မှန်ကန်တဲ့ပုဂ္ဂိုလ်၊ ကျောင်းထိုင် ဆရာတော်ကြီးရဲ့တပည့်ရင်း စာတတ်ပေတတ် ပုဂ္ဂိုလ်မို့ ယုံကြည်ထိုက်သူပါကွယ့်'

'ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကြီးက ကပ္ပိယကြီးကို ဘာတွေပြောပြခဲ့တယ်လို့ ပြောပြလဲဟင် ဘဒ္ဒေး'

'သူတော်စင်ပုဂ္ဂိုလ်ထူးကြီး ပထမ ကျောင်းပေါ်ကို ရောက်လာတယ်။ ရောက်ရောက်ချင်း ကျောင်းပေါ်က



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကျောင်းဆောင်မှာ ကိန်းဝပ်စံပွယ်နေတဲ့ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပါတယ်။ နောက် ဆရာတော်ကြီး ကျိန်းစက်နေတာကို ဦးတိုက်ဝတ်ဖြည့်ပြီး ဆရာတော်ရဲ့ခြေရင်းဘက် မလှမ်းမကမ်းမှာ အိပ်စက်နေတဲ့ သူ့ဆီရောက်လာသတဲ့။ ပြီးတော့ အချိန်မရှိတော့ဘူး ကပ္ပိယကြီး။ ဤရွာ ဤကျောင်းသင်္ခမ်းမှ ထွက်ခွာပြီး အခြားအရပ်က ကျောင်းသင်္ခမ်းတစ်ခုခုကို ပြောင်းရွှေ့သီတင်းသုံးဖို့ ဆရာတော်ကြီးကို လျှောက်ထားပါ။ ရွာသူရွာသားတွေကို အခြားအရပ်ဒေသ တစ်ခုခုကို ပြောင်းရွှေ့နေထိုင်ကြဖို့ တိုက်တွန်းပေးပါလို့ပြောပြီး သူ့ရှေ့က ပျောက်သွားသတဲ့။ ပုဂ္ဂိုလ်ထူးကြီး ကျောင်းပေါ် ရောက်လာကတည်းက အလင်းရောင်ဟာ တစ်ကျောင်းလုံး လင်းထိန်နေတာ တွေ့ရပြီး ပုဂ္ဂိုလ်ထူးကြီး ရုတ်တရက်ပျောက်သွားမှပဲ အလင်းရောင်ပါ ပျောက်သွားသတဲ့'

'နေပါဦး ဘဒွေးရယ်။ ဒီပုဂ္ဂိုလ်ထူးကြီး ဆိုတာက ဘာလို့များ ဆရာတော်ကြီးနဲ့ ရဟန်းတော်တွေကို တခြားပြောင်းဖို့ ရွာသူရွာသားတွေကို တစ်နယ်တစ်ကျေး ပြောင်းရွှေ့နေကြဖို့ ပြောနေရတာလဲ ဘဒွေး'

'ဟဲ့ကောင်လေး၊ မသိဘဲနဲ့ တောပြောတောင်ပြော မပြောနဲ့။ ကလေးဟာ ကလေးပီပီနေစမ်း'

အစ်မ မခင်စန်းသည် ကျွန်တော် ပေါက်တတ်ကရ ပြောလိုက်မှာစိုး၍ ဟန့်တားလိုက်သည်။ ပြီးတော့ အရီးလေးဒေါ်ရွှေတင်၊ ဘဒွေးဦးစောတို့ကို နှုတ်ဆက်၍ အစ်မတို့က မြင်းလှည်းနဲ့ ပြန်ခဲ့ကြသလို ကျွန်တော်တို့က စက်ဘီးနဲ့ ပြန်ခဲ့ကြတယ်။ ပထမရက် အတွေ့အကြုံက ပုံပြင်လိုလို ဘာလိုလိုမို့ သိပ်စိတ်ဝင်စားဖို့ မကောင်းသေး။ နောက်နှစ်ရက်ခန့်အကြာ အရီးလေးဒေါ်ရွှေတင် ကျွန်တော်တို့အိမ်သို့ အူယားဖားယားရောက်လာပြီး ပြောလို့ ထူးထူးခြားခြား အဖြစ်အပျက် ထူးခြားဖြစ်စဉ်တွေ သိရတော့မှ အားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြတော့တယ်။ အရီးလေး ဒေါ်တင်ရွှေက ကောလာဟလဖြစ်နေတဲ့ သိမ်ကုန်းလေးရွာက လာတာလေ။

'အမေရေ··အရီးလေး ဒေါ်ရွှေတင် လာတယ်'

'လာ···လာ··မရွှေတင်၊ ငါ နင့်ကို သတိရပြီး အရမ်းတွေ့ချင်နေတာ'

'ငါလည်း ညည်းကို သတိရပါတော်။ ရွာကလူတွေ ပြောနေတဲ့ 'သတင်းဆိုးတွေကြောင့် ဘယ်ကစ ဘာ... ရမယ်တောင် မသိတော့ဘူး'

'ဒါနဲ့ မရွှေတင်၊ ရွာမှာ ဘာသတင်းတွေ ထူးသော... ဟင်'

'အဲဒီကိစ္စပြောဖို့ ငါလာတာ မအေးခင်၊ ရွာမှာ ... လုံးနီးပါး အိပ်မက်တွေ မက်ကြတဲ့အပြင် နေရာအနှံ့ ... အက္ခရာစာလုံးတွေလည်း ပေါ်နေတယ်။ ဘုရားကြီး... နဲ့ ရွာထဲက မန်ကျည်းပင်၊ ထနောင်းပင်၊ ကုက္ကို... တမာပင်၊ ထန်းပင်နဲ့ မြို့ဦးကျောင်းထိပ်က အုန်းပင်... ရဲ့ ပင်စည်တွေမှာ ပေါ်နေတယ်။ တချို့ အိမ်ခါးပန်း... မြင့်မိုရ်ပိတ်တွေမှာလည်း ပေါ်နေတယ်။ တို့အိမ်ရှေ့... ညောင်ပင်ကြီးနဲ့ တို့အိမ်နောက်က စပါးကျီ ပတ်... မှာလည်း စာတွေ အထင်းသား ပေါ်နေတယ်တော့'

'ဒါနဲ့ အရီးလေး စာတွေကို ဘာနဲ့ရေးထား... ဟင်'

'အရီးလေးအထင် ထုံး ဒါမှမဟုတ် မြေဖြူလို့ ... တာပဲ လုံမလေး'

အရီးလေး ဒေါ်ရွှေတင်သည် ကျွန်တော့်အစ်မ ... စန်းရဲ့အမေးကို သူ၏နဖူးပေါ်ကချွေးကို သူခေါင်း... လာတဲ့ အညာတဘက်ကြမ်းကလေးနဲ့သုတ်ရင်း ... သောကဖြစ်နေသံဖြင့် ဖြေလိုက်သည်။

'နေဦး အရီးလေး၊ ရွာမှာ မထိတ်သာလန့်သာ... ကောလာဟာလသတင်းတွေ ဖြစ်နေတုန်း ရွာက ... ကာလသားတွေ နောက်တာများလား အရီးလေး'

'အိုကွယ်၊ လုံမလေးကလည်း တစ်ချိန်တည်း ... ရွာလုံး နေရာအနှံ့မှာ တစ်ပြိုင်တည်းပေါ်လာတဲ့ ... တွေ၊ စာတွေကို ဘယ်သူတွေ ရေးနိုင်မှာလဲကွယ်။ ... လူတွေလည်း ကြောက်လန့်ပြီး ပြောင်းသွားကြ... မှာ သုံးပုံတစ်ပုံတောင် မကျန်တော့ဘူးကွယ်'

'ဒါနဲ့ မရွှေတင်၊ စာနဲ့ ဘယ်လိုရေးထား...'

'အက္ခရာ ကကြီး၊ ခကွေးကနေ အ,အထိ ... တစ်လုံးချင်းတွေလည်း ရေးထားပြီး ရွာက အ... သွား။ ဘီလူးဝင်တော့မယ်။ ဘီလူးစားခံချင်... ဘာလားညာလားနဲ့ ခြောက်လှန့်တဲ့ စကားတွေ... ညဥ့်,ညဥ့် ခွေးတွေ အူတာကလည်း သွေးပျက်...

တချို့ရွာကလူတွေ ပြောင်းသွားကြပြီဆို...



www.burmeseclassic.com

www.burmeseclassic.com

တွေမှာရှိတဲ့ ခွေးတွေလည်း သခင်တွေပြောင်းရာ ပါသွားသို့ ရွာမှာ ခွေးမရှိသလောက် နည်းသွားပါပြီ။ ရွာဦးကျောင်းက ခွေးကြီးသုံးကောင်၊ တို့အိမ်မှာတစ်ကောင်ခြားအိမ် အားလုံးပေါင်းမှ တစ်ကောင် နှစ်ယောက်လောက်ရှိတာ။ ညဥ့်ဆို ခွေးတွေအူတဲ့ အသံတွေဟာကြောက်ခမန်းလိလိပဲ။ အဲဒီခွေးအူသံတွေ ကြားပလားဆိုရွာကခွေးတွေ မအူရဲတဲ့အပြင် ကြောက်ပြီး အမြီးကုပ်အီအီဖြစ်နေတော့တာပဲ'

'အဲဒါတော့ ဆန်းတယ် မရွှေတင်။ ညည်းတို့ အဲဒီရွာက ခုချိန်အထိ ဘာကြောင့်မပြောင်းကြသေးတာလဲ'

'ငါတို့အိမ်က လူကြီးက သူကြီးလေ။ နောက်ဆုံးအချိန်ထိ ရွာကို စောင့်ရှောက်ရမယ်။ ဆရာတော်ကြီးနဲ့ကျောင်းရှိ သံဃာတော်များကို သင့်လျော်ရာ တျောင်း၊ အိမ်းတွေ ပြောင်းပေးရဦးမယ် မဟုတ်လား။ ကျောင်းမှာတဲ့ ကိုရင်နှစ်ပါးနဲ့ အမောင်ကျောင်းသားများကတော့ နောက်ဆုံးမှာ မိဘတွေဆီ အပ်ပေးခဲ့ဖို့ စီစဉ်ထားပြီးပါပြီ'

'ဒါနဲ့ မရွှေတင်ရေ၊ နင်တို့က ဘယ်မြေခင်းနေကြမယ် စိတ်ကူးထားလဲဟင်'

'အဲဒီကိစ္စပြောဖို့ ငါလာခဲ့တာ မအေးခင်။ နောက်ဆုံးတို့ မဖြစ်မနေပြောင်းဖို့ဆိုရင် နင်တို့တောင်ဝိုင်းက မြေကွက်တစ်နေရာရာမှာ အိမ်ဆောက်ပြီး ခဏနေချင်တယ်'

'ဟယ်··အဲဒါ ပြောစရာလား မရွှေတင်ရယ်။ လာ၊ ချက်ချင်း အမေ့ကို ငါပြောပေးမယ်'

ကျွန်တော်တို့တွင် အဘွားလေးယောက် ရှိပါတယ်။ ဥင်ယယ်လိုက် 'ပြောပြမယ်ဆို အဘွားဒေါ်ရွှေတုတ်၊ အဘွားဒေါ်ငွေသောင်း၊ အဘွားဒေါ်ငွေအောင်၊ အဘွားဒေါ်ရွှေဖောင်လို့ အမည်ရတဲ့ အဘွားလေးယောက်ပါ။

အဘွားလေးယောက်အနက် အဘွားဒေါ်ငွေသောင်းယောက်ပဲ သူ့မိသားစုနဲ့အတူ ကျွန်တော်တို့ ဆွေစဉ်ဆက်တွေ သတ်မှတ်အမည်ပေးထားတဲ့ အရှေ့ဝိုင်းခင်ရပ်မှာနေပြီး ကျန်အဘွားများနဲ့ ပွားစီးလာတဲ့ဆွေစဉ်မျိုးဆက်တွေကတော့ ဒီနေ့အထိ တောင်ဝိုင်း ကျီကုန်းရပ်ကွက်မှာ နေထိုင်ကြပါတယ်။ (အဘွားများခင်ရာ အရပ်မျက်နှာကို အစွဲပြု၍ ဆွေစဉ်မျိုးဆက်မီး၊ မြေး၊ မြစ်တို့က အရှေ့ဝိုင်း၊ တောင်ဝိုင်းရယ်သတ်မှတ်ခေါ်ဆိုကြခြင်းသာဖြစ်ပြီး ဘယ်အစိုးရအာဏာပိုင်များကမှ အရှေ့ဝိုင်း၊ တောင်ဝိုင်းဟု သတ်မှတ်အမည်ပေးထားခြင်း မရှိပါ။)

အဘွားဒေါ်ရွှေတုတ်သည် တောင်ဝိုင်းအတွင်းရှိ အငယ်ဆုံးသမီး ဒေါ်သန်းတင်မိသားစုနှင့် အတူနေသည်မို့ ကျွန်တော့်အမေ ဒေါ်အေးခင်နှင့် အရီးလေးဒေါ်ရွှေတင်တို့ ကျွန်တော်တို့ တောင်ဝိုင်းအတွင်း ယာယီအိမ်ဆောက်နေထိုင်ခွင့်ပေးပြုဖို့တောင်းရန် အမေက စိတ်မြန်လက်မြန်ဆွဲခေါ်သွားခဲ့သည်။

'မရွှေတင် ဘယ်တုန်းက ရောက်သတုံး။ မောင်ဖိုးစောနဲ့ ကလေးတွေရော နေကောင်းကြလားကွယ့်။ ညည်းတို့ရွာ သတင်းတွေကြားလို့ ငါ စိတ်ပူမိတယ်'

'ကျွန်မ··ကျွန်မ စောစောကပဲ မအေးခင်တို့အိမ်ရောက်ပါတယ်။ ရွာမှာတော့ လူတွေ သွေးပျက်ပြီး ဟိုဟိုဒီဒီ ပြောင်းရွှေ့ကုန်ကြပြီ။ ရွာမှာ အိမ်ထောင်စုသုံးပုံတစ်ပုံလောက်ပဲ ကျန်တော့တယ်'

'အိုကွယ်··ညည်းတို့ရွာသားတွေ သတ္တိအတော်နည်းသကိုး။ အိပ်မက်ဆိုတာ သွေးလေချောက်ချားရင်လည်း မက်တတ်တာပဲကွယ့်'

'အိပ်မက်က တစ်ယောက်တည်းမက်တာ မဟုတ်ဘူး။ ရွာရှိ လူကုန်လောက်နီးပါး မက်ကြတာပဲအမေ။ ဒီကြားထဲ ကမှ အ,အထိ အက္ခရာစာလုံးတွေ သစ်ပင်တွေ၊ ဇရပ်တွေ၊ အိမ်တွေ နေရာအနှံ့မှာ ပေါ်လာတယ်တဲ့။ နောက်ပြီး ရွာကနေ အမြန်ထွက်သွား၊ ဘီလူးဝင်တော့မယ်။ ဘီလူးစားခံချင်သလား၊ ဘာလားညာလား စုံနေတာပဲတဲ့။ အမေက မြို့ပေါ်မှာနေတာ ဘယ်ကြောက်မလဲ'

'အိုကွယ်··ငါက နားစွန်နားဖျားကြားတာ။ ဒီလောက်မှမသိဘဲ။ ကဲ··ကဲ··မောင်ဖိုးစောနဲ့ မရွှေတင်မိသားစုတွေရော အဲဒီရွာက မပြောင်းကြသေးဘူးလားဟင်'

'ဟုတ်ကဲ့၊ မရွှေတင်က ကျွန်မတို့ တောင်ဝိုင်းထဲမှာရှိတဲ့ မြေလွတ်တစ်ခုမှာ အိမ်ဆောက်ပြီး ခဏနေချင်လို့လာပြောတာ အမေ'

'ဟုတ်လား မရွှေတင်၊ ငါတို့တောင်ဝိုင်းကို အချိန်မရွေး ပြောင်းလာခဲ့ကွယ့်'

'ကဲ··မရွှေတင်၊ ညည်းအကြားပဲ။ အမေက အချိန်မရွေး ပြောင်းလာတဲ့'



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ဒေါ်ရွှေတင်တစ်ယောက် ရွာမှပြောင်းရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အဘွားဒေါ်ရွှေတုတ်ထံ လာပြောသောကိစ္စ အဆင်ပြေသွားသည်။

သိမ်ကုန်းလေးရွာ ကစဉ့်ကလျားဖြစ်နေချိန် အဲဒီနှစ်က မိုးခေါင်တော့ စပါးမရ၊ ငရုတ်လည်း ပိုးကျအထွက်နည်းတာမို့ လယ်သမား၊ ယာသမား၊ ကိုင်းသမားတွေလည်း ထွက်ကုန်သီးနှံတွေ ရောင်းစားဖို့ နေနေသာသာ ကိုယ့်ဝမ်းကိုယ်စားဖို့ပင် မလောက်ငဖြစ်ကြလို့ အတော်အတိဒုက္ခရောက်ကြရတယ်။ သိမ်ကုန်လေးရွာသူရွာသားများကတော့ အတိဒုက္ခရောက်ကြဆုံးပါပဲ။

အဲဒီလိုအတိဒုက္ခများနေတဲ့ သိမ်ကုန်းလေးရွာသားတွေအနက် မမျှော်လင့်ဘဲ ဝင်ငွေကောင်းကောင်းရ စီးပွားဖြစ်နေတဲ့ မိသားတစ်စုကတော့ ဦးကျွဲကြီးမိသားစုပဲ။ သူ့မိသားစုက အားလုံး(၉)ယောက်ရှိပါတယ်။ အဲဒီ(၉)ယောက်အနက် ဦးကျွဲကြီးမိန်းမနဲ့ သမီးပဲ အမျိုးသမီးတွေဖြစ်ပြီး ကျန်(၇)ယောက်က ကျားကျားလျားလျား ယောကျ်ားသားတွေချည်းပဲ ဖြစ်တဲ့အပြင် အားကောင်းမောင်းသန်တွေချည်းပဲ။ ကိုယ်စီ,ကိုယ်စီ အလုပ်ကြမ်းလည်း လုပ်နိုင်ကြသူတွေ ဖြစ်ပါတယ်။ ဘယ်သူတွေ ဘယ်ပြောင်းပြောင်း သူတို့တွေကတော့ ဘယ်မှမပြောင်းဘူးဆိုတဲ့ မိသားစုတွေပေါ့။

'ဦးကျွဲကြီးရေ..ကျုပ်တို့အိမ်လေးဖျက်ပြီး သဖန်းကုန်းရွာ ပြောင်းကြမယ်ဗျာ။ လူရော လှည်းပါ ကူပါဦး'

'ဟုတ်ကဲ့၊ ကူပါ့မယ်'

'မောင်ကျွဲရေ..အစ်မတို့ အင်းဇင်းပြောင်းမယ်။ အဲဒါ အစ်မတို့ စပါးကျီလေးဖျက်ပြီး လှည်းနဲ့ ပို့ပေးပါဦး'

'ဟုတ်ကဲ့ မကြီး၊ စောရင် ချက်ချင်းဆောင်ရွက်ပေးမယ်'

'ကိုရင်ငကျွဲ၊ ကျုပ်အိမ်ဖျက်ပြီး ပုံထားတယ်။ လှည်း(၂)စီးတိုက်လောက် ရှိမယ်ထင်တယ်။ ဒီနေ့ လက်ဆယ်ကန်ရွာ အရောက်ပို့ပေးဗျာ။ ဒီသစ်ဝါးတွေနဲ့ပဲ အိမ်ပြန်ဆောက်ရမှာမို့ ဒီနေ့ရောက်မှဖြစ်မယ်'

'အေးပါ..အေးပါ။ တို့သားအဖ လှည်း(၂)စီးနဲ့ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ပို့ပေးပါ့မယ်'

နေ့စဉ်နှင့်အမျှ ဦးကျွဲကြီးတို့သားအဖများ မအားရ။ အိမ်အငှား ဖျက်သူကဖျက်၊ လိုရာအရပ် လှည်းနဲ့သယ်ပို့

ပေးသူက ပို့ပေးဆိုတော့ ဝန်ဆောင်ခတွေက တ...
တစ်နေ့ မနည်းရတာကလား။ ဒါ့အပြင် တစ်နေ့တာ ...
သောက်ဖို့လည်း ကာယကံအိမ်ရှင်တွေက ကျွေးကြ...
ကြတာဆိုတော့ ဦးကျွဲကြီးတို့ သားအဖတွေ ကြက်...
ဆန်အိုးတိုးဆိုသလို ဟန်ကျနေကြတယ်။

အိမ်ခြေ(၇၀)လောက်ရှိတဲ့ သိမ်ကုန်းလေးရွာ...
လတ်တလောဖြစ်ပေါ်လာတဲ့ အဖြစ်အပျက်တွေ နေ...
မြင်မက်နေတဲ့ အိပ်မက်ဆိုးတွေ ရွာထဲမှာ ခွေး...
သလောက် အခြေအနေဖြစ်နေပေမယ့် ညဥ့်တိုင်း ...
ငင်ငင်အူနေတဲ့ ကြောက်ခမန်းလိလိ ခွေးအူသံတွေ...
တစ်နေ့ထက်တစ်နေ့ ရွာသူရွာသားများကို သွေးပျက်...
အားငယ်စေပါတယ်။

ဒီလိုနဲ့ တစ်နေ့,တစ်နေ့ ရွာက ရွာသူရွာသား...
ပြောင်းရွှေ့သွားကြတာ အိမ်ခြေနှစ်ဆယ် အစိတ်...
ပဲ ကျန်တော့တယ်။ ဒီအခြေအနေက ရွာဦးကျောင်း...
တော်ကြီးနဲ့ ကျောင်းရှိ ရဟန်းသံဃာတော်များအ...
ဆွမ်းကွမ်းအခက်အခဲဖြစ်လာတယ်။ ဒီကိစ္စဟာ ...
တစ်ရက်ကိစ္စ မဟုတ်ဘူးလေ။ ဒါကြောင့် ရွာ...
ဦးစော၊ ဗိန္ဒောဆရာကြီး အဘဦးဖိုးညဏ်၊ ဦးစံနဲ့ ဦး...
ပြင်းတို့ ဆရာတော်နဲ့ တွေ့ဆုံသြဝါဒခံဖို့ ရွာဦး...
ကို ရောက်လာကြတယ်။

'ဒကာကြီးတို့ရွာမှာ တစ်နေ့တခြား အိမ်...
နည်းလာပြီး ဘယ်လိုအစီအမံများ ရှိကြလဲ'

ဆရာတော်ကြီးသည် ကျေးရွာလူကြီးများ ...
ပေါ် ရောက်ရှိလာပြီး ဝတ်ဖြည့်ထိုင်ပြီးပြီးချင်း ...
လိုက်သည်။

'မှန်ပါဘုရား၊ တပည့်တော်တို့ ရှေ့ဆက်...
မလဲဆိုတာ ဝေခွဲဖို့ခက်နေကြပါတယ်ဘုရား။ ဆ...
ရဲ့ သြဝါဒနာခံပြီး လိုက်နာဆောင်ရွက်ကြပါမယ်...

'အိမ်း..အိမ်း..ဘုန်းကြီးသဘောကတော့ ...
အိမ်ထောင်စုတစ်စု ကျန်သေးရင်တောင် ဒီရွာ၊ ဒီ...
သခ်မ်းက ဘယ်ကိုမှ ကြွမသွားပါဘူး။ ကပ္ပိယ...
ဟာလည်း ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲ...
ယောက်ပါ။ ဘုန်းကြီးနဲ့ အတူနေလာတာကြာ...
ကြီး သိပါတယ်။ မဟုတ်မမှန်တာ မပြောတ...
အဖြစ်မှန်တွေ ပြောတယ်ဆိုတာ ဘုန်းကြီး ...



www.burmeseclassic.com

www.burmeseclassic.com

ဆုံပါတယ်'

'မှန်ပါဘုရား'

'သို့ပေမယ့် အိပ်မက်တိုင်းဖြစ်မယ်လို့ ဘုရားဟောခဲ့တာမှ မဟုတ်ဘဲ'

'မှန်ပါ။ ဆရာတော်ကြီးနဲ့ ကျောင်းရှိ ရဟန်းသံဃာတော်များအတွက် ဆွမ်းကွမ်းမပြည့်စုံမှာ- စိုးတဲ့အတွက် တပည့်တော်တို့ စွမ်းနိုင်သမျှ ဆောင်ရွက်ပေးမယ်ဆိုတာ ဆရာတော်ထံလာပြီး လျှောက်ထားကြတာပါဘုရား'

'ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ဒကာကြီးတို့ မပူကြပါနဲ့။ ဆင်ကျုံးတောရကျောင်းတိုက်ကြီးက ကိုယ်တော်တွေတောင် ရမည်းသင်းမြို့ပေါ်တက်၊ တန်းဆွမ်းကြွ ဆွမ်းခံကြတာပဲ။ ဘုန်းကြီးတို့လည်း မြို့ပေါ်တက် ဆွမ်းခံကြပါမယ်။ ဝိနည်းတော်နဲ့လည်း ညီပါတယ်'

'ဆရာတော်ကြီးရဲ့ မိန့်ကြားချက် ကြားရတာ တပည့်တော်တို့ အားရဝမ်းသာလှပါတယ်ဘုရား။ လောလောဆယ်တော့ တန်းဆွမ်းကြွတာ မပြုပါနဲ့ဦးဘုရား။ အခုသာတဲ့ မိသားစုတွေကပဲ ဆွမ်းကွမ်းဝေယျာဝစ္စကို တာဝန်ယူပါ့မယ်ဘုရား'

ထိုနေ့က သူကြီးဦးစော၊ ဗိန္ဓောဆရာကြီး အဘဦးဖိုးညဏ်၊ ဦးစံနှင့် ဦးသက်ပြင်းတို့ ရွာလူကြီးများ ဖြစ်ပေါ်နေတဲ့ သောကများ သက်သာကာ ကျောင်းမှ ပြန်လာခဲ့ကြသည်။ ဆရာတော်ကြီးရဲ့ မိန့်ကြားချက်များကိုလည်း သက်ရှိရွာတွင် ရှိနေသေးသည့် အိမ်ထောင်စုများကို လက်ဆင့်ကမ်း ပြောပြလိုက်ကြသည်။

'ပြောင်းချင်သူပြောင်း တို့မပြောင်း'

'ခြောက်ချင်တိုင်းခြောက် တို့မကြောက်'

'ဟဲ့··ဟဲ့··ဘာတွေလဲ၊ စာတွေ ပေါ်လာပြန်ပြီလား'

'စာတွေ ထပ်ပေါ်လာတာ မဟုတ်ပါဘူး။ ဦးကျွဲကြီးတို့ သားအဖတွေ အိမ်ဟောင်းတွေဖျက် လက်ဆယ်ကန်ရွာ သွားပို့ပြီးအပြန် သောက်စားမူးယစ်ပြီး အော်ချင်တာအော်လာကြတာပါ'

'အမယ်လေးတော်၊ နဂိုကမှ လူတွေ သွေးလေချောက်ချားနေတဲ့ကြားထဲ ဒင်းတို့က တစ်မျောင့်'

'အဘွားကြွယ် သေလို့တဲ့'

'အဲတော့၊ သွားသွားလာလာ စားစားသောက်သောက် အကောင်းတိုင်းကြီးက ဘယ်လိုဖြစ်ပြီး သေတာလဲ'

'မနေ့က ကိုရင်ပေတလူ ဆွမ်းချိုင့်လာယူတုန်းကတောင် ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး၊ ရတနာသုံးပါးမမေ့ကြနဲ့ ကိုရင်။ နေပူထဲလည်း သိပ်မထွက်နဲ့။ ကျောက်ကြီးပေါက်တတ်တယ်လို့ပြောပြီး ကိုရင်ပေတလူအတွက် ထန်းလျက်လှူလိုက်သေးသတဲ့' (ကိုရင်ပေတလူသည် ဗိန္ဓောဆရာကြီး အဘဦးဖိုးညဏ်၊ အဘွားဒေါ်ကြွယ်တို့၏ မြေးဖြစ်သည်။ ကိုရင်တွင် ရှင်ဘွဲ့ရှိပါသည်။ သို့သော် ရွာကလူတွေက လူအမည် ပေတလူကို အစွဲပြု၍ ကိုရင်ပေတလူဟု ခေါ်နေကြခြင်းဖြစ်သည်။)

'ဟိုအိပ်မက် စတာလား မသိဘူးနော်'

'ဟယ်··မဦးမချွတ်။ အဘွားကြွယ်အသက်က (၇၀) ရှိပြီဟဲ့။ တောသူတောင်သားမို့ ထင်းခွေရေခပ် လုပ်နေနိုင်သေးတာ။ အရွယ်က အချိန်တန်နေပြီပဲ'

နေရာတကာ အကြောင်းကြီးငယ်ကိစ္စဖြစ်တိုင်း ရွာမှာ ဖြစ်တဲ့အိပ်မက်ကို ဆွဲစပ်ပြီး ပြောတတ်တဲ့ မကြာစိဆိုသူကို သူငယ်ချင်း မဖြူအေးက ပြောလိုက်သည်။

ခက်တာက ရွာမှာ အိမ်ခြေအစိတ်၊ နှစ်ဆယ်လောက်ကျန်သေးတယ်ဆိုပေမယ့် အိမ်ရှိလူကုန် ရှိကြတာမဟုတ်ဘူး။ ယောကျ်ားသားတစ်ယောက်စ နှစ်ယောက်စ အိမ်စောင့်ထားပြီး ကျန်အိမ်သားတွေက မြို့တက်နေသူနေ၊ နီးစပ်တဲ့ ဆွေမျိုးရှိတဲ့ ရွာတွေမှာ သွားနေသူနေကြတာကြောင့် ညဦးညဦးဆို ငှက်ဆိုးထိုးသံနဲ့ ခွေးအူသံတွေကလွဲလို့ ဘာသံမှမကြားရဘူး။ ခွေးအူသံကလည်း ရွာကလက်ကျန်ခွေးတွေ အူတာမဟုတ်ဘူး။ ရွာမှာလည်း ခွေးသိပ်မရှိတော့ဘူး။

'တို့အဖေပြောတာ ငါသတိရတယ်။ အိမ်မွေးသတ္တဝါ ကျွဲ၊ နွား၊ မြင်း၊ ခွေး စတဲ့သတ္တဝါတွေဟာ လူတွေထက် ဝိညာဉ်တစ္ဆေ၊ သရဲ၊ မကောင်းဆိုးဝါးတွေကို ပိုပြီးမြင်တွေ့နိုင်သလို အန္တရာယ်ကျရောက်တော့မယ် ဆိုတာကိုလည်း ကြိုသိသတဲ့'

'အေး··အဲဒါ ငါလည်းကြားဖူးတယ်'

'ဒါ··ဒါဆို ဟိုအိပ်မက်က မက်သလို ကပ်ဆိုက်မယ်။ အန္တရာယ်တွေ ကျရောက်တော့မှာ ခွေးတွေက ကြိုသိပြီး ခွေးတွေ ရွာက ပျောက်ကုန်သလားပဲနော်'

'လာပြီ တိုးမောင်၊ မင်းကို ကြာစိနဲ့ ပေးစားနိုးပ်

www.burmeseclassic.com

ကောင်းတယ်။ တစ်ခါလာ အိပ်မက်နဲ့ ဆွဲစပ်ပြီး တွေးတော့ ပြောတော့တာပဲ။ အလကားနေရင်း ရွာကလူတွေ သွေးပျက် ကယောင်ချောက်ချားတွေ ဖြစ်နေရတဲ့ကြားထဲ မင်းက တစ်မျောင့်'

'ငါလည်း ထင်တာပြောမိတာပါ ဘကြည်ရာ။ ကဲကွာ၊ ဒါဆို ရွာထဲက ခွေးတွေ ဘယ်ပျောက်ကုန်လဲ'

'အေး..အေး..သိချင်ရင် ငါပြောပြမယ်။ ခွေးဆိုတဲ့ သတ္တဝါဟာ အိမ်မွေးသတ္တဝါတွေထဲမှာ သစ္စာအရှိဆုံး သတ္တဝါပဲ။ ဘယ်လောက်တောင် သစ္စာရှိသလဲဆိုရင် တချို့တချို့သော လူ့အမည်ခံလူတွေထက် သစ္စာရှိတယ်။ သခင်သာတဲ့အခါမှာလည်း သခင့်အနီးမှာ အတူနေပြီး သခင်ကို စောင့်ရှောက်သလို သခင်နုံချာတဲ့အခါမှာလည်း ပစ်ခွာမသွားဘဲ အနီးမှာ အနာခံနေ အသက်အသေခံပြီး သခင်ကို စောင့်ရှောက်တဲ့ သတ္တဝါမျိုးဆိုတာ မင်းသိထား။ သစ္စာမရှိ၊ ကျေးဇူးမသိတဲ့ လူတွေထက် တန်ဖိုးရှိတယ်'..

'အေး..အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ။ ရွာကလူတွေ ပြောင်းရွှေ့နေကြတာ မင်းမမြင်ဘူးလား။ ခွေးတွေ သူတို့သခင်ပြောင်းရာ သူတို့လိုက်ပါသွားကြတာပေါ့။ သခင်မရှိတဲ့ ခွေးလေခွေးလွင့်များကျတော့လည်း အိမ်ခြေနည်းသွားတဲ့ရွာမှာ အစာရေစာ ခက်ခဲတော့ ရေကြည်ရာ မြက်နုရာဆိုတာလို အစားအစာရနိုင်မယ့် နေရာဒေသတွေ ထွက်သွားကြလို့ မြင်နေ၊ တွေ့နေကျ ခွေးတွေတို့ မြင်ကွင်းက ပျောက်သွားကြတာပါ တိုးမောင်ရာ။ တောင်တွေးမြောက်တွေး လျှောက်



မတွေးစမ်းပါနဲ့ကွာ'

သိမ်ကုန်းလေး ရွာသူရွာသားတွေ ကိုယ့်သော... ကိုယ် ပူတာ၊ အေးတာတွေ သတိမထားနိုင်ဘဲ သ... ပြောင်းရွှေ့နေရတော့ ကိုယ်စီ ကိုယ်စီ အတော်ပင်... ကြပြီ ဖြစ်ပါတယ်။ တော်သလင်းနေ ပူစွန်သေ... စကားလိုပဲ အဲဒီအချိန် အဲဒီအခါတုန်းက ကျဲကျဲတော... ပူပြင်းလှတဲ့ နေရောင်အောက်မှာ သောကကို ရင်... ပိုက်ကာ လှုပ်ရှားနေကြရတာကိုး။

'ဦးကျွဲကြီးသား အလတ်ကောင် ကျော်သိန်း... လို့ ဆေးရုံပို့တာ လမ်းမှာပဲ ဆုံးသွားသတဲ့'

'ကျော်သိန်းဆိုတဲ့ကောင်က အလွန်ကြမ်းတဲ့ကော... တော်ရုံမြွေလောက်တော့ အမြီးဆွဲပြီး ကိုင်ရိုက်ပစ်... စန့်သွားတာပဲ။ အခုဟာက အငိုက်ခံလိုက်ရတာ'

'ဦးစံရေ၊ ကျုပ်တော့ စိတ်ထဲ စနောင့်စနင်းဖြစ်... ဗျာ။ သူကြီးအိမ်သွားပြီး စကားစမြည်လေး ပြောကြ...

'ကောင်းပါလေ့ ဖိုးသက်ပြင်း။ သွားကြတာ...

'ဟော..ဦးစံနဲ့ ဖိုးသက်ပြင်းတို့ပါလား။ လာကြ... ထိုင်ကြ။ မရွှေတင်ရေ..အကြမ်းအိုးနဲ့ ထန်းလျက်... ကွာ'

သူကြီးဦးစောသည် ဦးစံနှင့် ဖိုးသက်ပြင်းတို့ကို... ဆိုရင်း သူကြီးကတော်ကို တစ်ဆက်တည်း ရေနွေး... အိုးနှင့် ထန်းလျက် ယူခဲ့ရန် ပြောလိုက်သည်။

'သူကြီးရေ.. ဒီတစ်ခါ ကျုပ်တို့ ပြောမယ့်... အလေးအနက်ထား စဉ်းစားစေချင်တယ်ဗျာ'

'ဟုတ်ကဲ့၊ ပြောပါဗျာ။ ကျုပ်တို့က ကောင်းတိုင်... ဆိုးတိုင်ပင် ဆိုတာလို နေလာကြတဲ့သူတွေပဲဟာ'

'ဒီလိုဗျ သူကြီး'

'ဟုတ်ကဲ့၊ ဖိုးသက်ပြင်း ပြောပါဗျာ'

'ဒီလိုပါ။ ကျွန်တော်တို့ရွာမှာ ကပ္ပိယကြီး အိမ်... စကားတွေ ယုံတဲ့သူတွေရှိသလို မယုံတစ်ဝက် ယုံ... ဝက် ဆိုသူတွေနဲ့ လုံးဝမယုံကြည်တဲ့လူတွေလည်း ရှိ... ပါတယ်။

အဲဒီလိုအခြေအနေမှာ အံ့ဩစရာကောင်း... ဇရပ်၊ တန်ဆောင်း၊ ဘုရားပြို ဘုရားပျက်၊ အိမ်၊... စတာတွေမှာ အက္ခရာစာလုံးတွေနဲ့ ရွာပျက်မယ်... ဆိုက်မယ်။ ဘီလူးဝင် ဘီလူးစားမယ်။ ပြေးနိုင်...



www.burmeseclassic.com

www.burmeseclassic.com

ယ်။ မသေချင်ရင် အမြန်ထွက်သွား စသဖြင့် စာတွေဟာ ရွာရဲ့ နေရာအနှံ့မှာ ပေါ်လာတယ်။ သူကြီးအိမ်ရှေ့က သွာင်ပင်နဲ့ အိမ်နောက်က စပါးကျီမှာတောင် စာလုံးစာ ာန်းတွေ ပေါ်ခဲ့တယ်လေ။ ဒါတွေဟာ တော်ရုံကိစ္စ ူးခြားဖြစ်စဉ်တွေ မဟုတ်ဘူး။ ဂမ္ဘီရဆန်တဲ့ ဖြစ်စဉ်တွေ ါ။

အဲဒီဂမ္ဘီရဖြစ်စဉ်တွေကို အလေးမထား၊ မယုံကြည် ကြသူတွေထဲမှာ ဗိန္ဒောဆရာကြီး အဘဦးဖိုးညာဏ်လည်း ါတယ်။ သူ မယုံကြည်တဲ့အကြောင်း ကျွန်တော်တို့ကို ပြောသလို အလျဉ်းသင့်ရင် သင့်သလို တခြားလူတွေကို ည်း ပြောတာ သူကြီးလည်း သိပါတယ်။ သူက ကံ ောင်းနေတော့ ဘာမှမဖြစ်ပေမယ့် သူ့ဇနီး အဘွားဒေါ် ွယ် အိပ်ရာပေါ် အိပ်နေရင်း ဘာဖြစ်လို့ ဘာဖြစ်မှန်း ိ သေဆုံးသွားရှာတယ်။ ဒါက ပထမဖြစ်စဉ်ပဲ။ ထန်း ကြွေခိုက် ကျီးနင်းခိုက်ဆိုသလို တိုက်ဆိုင်တာပါလို့ ပြောချင်ပြောဦး ကျုပ်လက်ခံပါတယ် သူကြီး။ နောက် ကျော်သိန်းကိစ္စ။ ဦးငွေမောင်းတို့အိမ် ကျောင်းဖြူကုန်းရွာ ပြောင်းပေးရမှာမို့ မနက်အစောကြီးကတည်းက ကျော် သိန်းအပါအဝင် ကျွဲကြီးတို့ သားအဖတွေ တစ်ယောက် တစ်လက် ဦးငွေမောင်းအိမ်ကိုဖျက်ပြီး ဦးငွေမောင်းတို့ ခြံထဲမှာ သစ်၊ ဝါးတွေ စုပုံထားလိုက်ကြတယ်။ နေ့ ယ်ပိုင်းက နေပူဒဏ်ပြင်းတော့ နွားတွေလည်းပန်း၊ လူ ွေလည်းနွမ်းတာကြောင့် ညနေစောင်းမှ ပို့မယ်လို့ ဖခင် ဖြစ်တဲ့ ဦးကျွဲကြီးကပြောပြီး နွားတွေကို အစာကျွေး ောက်တိုက် အနားပေးထားလိုက်တယ်။ သူတို့သားအဖတွေ ကတော့ တောအရက် အကြီးသုံးလုံးကို အလယ်မှာ ထားပြီး တစ်ခွက်တစ်ဖလား သောက်စားကာ တစ်မှေး ေရး ခဏမှေးလိုက်ကြတယ် ဆိုပါတော့'

'ဟေ့ကောင် ကျော်သိန်း၊ ညနေ(၅)နာရီထိုးတော့ ထ..ထ။ ကျောင်းဖြူကုန်းရွာ သွားကြစို့။ ကျန် ကောင်တွေ တို့လှည်းတွေပေါ် သစ်ဝါးတွေ တင် ကြဦး'

'အား..အဘ၊ ကျုပ်တော့ ပိုးထိပြီ'

'ဟေ..အဲဒီကောင် ဘယ်မှာလဲ၊ ဘယ်မှာလဲ'

'ဟို..ဟိုမှာ၊ သစ်ပုံဘေးမှာ ခွေနေတယ်။ မြွေပွေး မြွေပွေး'

'ကိုင်းကွာ၊ ကိုင်း..သေစမ်း၊ ဖြောင်း..ဖြောင်း.. ဖြောင်း'

ဦးကျွဲကြီးသည် လက်ထဲတွင် အသင့်ရှိနေသော နှစ်တစ်လက်မ သစ်သားချောင်းနှင့် သုံးချက်ဆင့်ရိုက် လိုက်ရာ မြွေပွေးသေသွားသည်။

'ကဲ..ကဲ.. ဟေ့ကောင်တွေ၊ ကျော်သိန်းကို ငါ့ လှည်းပေါ်တင်၊ ဆေးရုံအမြန်ပို့ကြမယ်'

ထိုနေ့က ကျော်သိန်း ဆေးရုံမရောက် လမ်းမှာသေ ဆုံးသွားသည်။

'ကျော်သိန်းရက်လည်ပြီး နောက်တစ်နေ့ ဦးကျွဲကြီး နွားစာစဉ်းရင်း ရုတ်တရက် လဲကျသေဆုံးပြန်တယ်။ ကျုပ်စဉ်းစားမိတာတော့ ကပွိုယ်ကြီးအိပ်မက်တွေကို မယုံ ကြည်တဲ့သူတွေထဲမှာ ဦးကျွဲကြီးတို့ သားအဖတွေက ထိပ် ဆုံး။ ပြီးတော့ အဘဖိုးညာဏ်။

တကယ်တော့ ကျုပ်တို့တွေလည်း အဘဖိုးညာဏ် ပြောင်းသွားကတည်းက ပြောင်းသွားသင့်တာ။ ဆရာ တော်ကြီးနဲ့ သူကြီးကို အားနာလို့။ အခုတော့ အန္တရာယ် တွေ တစ်စ,တစ်စ နီးလာပြီ။ ကျန်လူတွေအားလုံး ရွာက ပြောင်းသင့်ပြီထင်တယ်'

'ကဲ..ကဲ..မမြင်ရတဲ့အန္တရာယ်တွေနဲ့ ထူးခြားဆန်း ပြားတဲ့ ဂမ္ဘီရဖြစ်စဉ်တွေ မျက်မြင်ကိုယ်တွေ့ ကြုံလာတော့ ကျုပ်လည်း ခင်ဗျားတို့ကို မတားတော့ပါဘူး။ အခုပဲ ဆရာတော်ကြီးကို သွားလျှောက်ကြမယ်။ ဆရာတော်ကြီး နဲ့ သံဃာတော်တွေကို သင့်ရာ ကျောင်းသင်္ခမ်းတွေမှာ ပထမပြောင်းရွှေ့ပေးပြီး ကျုပ်တို့တွေလည်း တစ်ဆက် တည်း ပြောင်းကြတာပေါ့ဗျာ'

ထိုနေ့ကစ၍ သိမ်ကုန်းလေးရွာ ရမည်းသင်းမြို့နယ် အတွင်းက ပျောက်သွားခဲ့တာ အံ့ဩစရာ အဖြစ်အပျက် တစ်ခုပါ။ အခုတော့ အဲဒီရွာရဲ့ မျက်နှာချင်းဆိုင် ရန်ကုန်- မန္တလေး ကားလမ်းဟောင်းတစ်လျှောက် အစိုးရစက်ရုံ၊ အလုပ်ရုံကြီးတွေနဲ့ လုပ်သားတွေ နေ့စဉ် သွားလာလှုပ် ရှားနေကြတာမို့ စည်ကားလှပါတယ်။

တောင်တိုင်းမှာလည်း ပတ္တမြားမရှိ၊ တောတိုင်းမှာ လည်း စန္ဒကူးမရှိ ဆိုပေမယ့် နေရာတိုင်းမှာ ဂမ္ဘီရဖြစ်စဉ် တွေရှိတယ်ဆိုတာ အားလုံးသိထားသင့်ပါတယ်။

**ဝင်းသောင်(ရမည်းသင်း)**

www.burmeseclassic.com

www.burmeseclassic.com

# အော်သံနှင့် ဂမ္ဘီရအာဖြစ်ဆန်း အောင်ချိန်ဘွား



အော်သံ။

'လာကြပါဦး··ကယ်ကြပါဦး··ကယ်ပါ'

ငယ်သံပါအောင် အော်သည့်အသံ။ အမျိုးသမီးတစ်ယောက်၏ စူးစူးဝါးဝါး အော်သည့်အသံ။

လက်ထောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းလွင် ခြေလှမ်းသွက်သွက် လှမ်းနေရာမှ ရုတ်တရက်ရပ်သွားသည်။ ဤအဝေရာလမ်းထဲမှ ဖြတ်၍ မြို့နယ်မီးသတ်ရုံးကို လမ်းလျှောက်ရုံးတက်ခဲ့သည်မှာ ဆယ်ရက်ရှိပြီ။ ဤခြံစည်းရိုးပျက်နေသော နှစ်ထပ်ပျဉ်ထောင်အိမ်

အိုကြီးရှေ့က ဖြတ်လျှော

နေကျဖြစ်သည်။

အော်သံက အတန်ပင် ကျယ်လောင်

ဦးကောင်းလွင် နားနှင့်ဆတ်ဆတ်

သည်။ ဘေးဘီကို အကဲခတ်ကြည့်ရာ

ချင်းဆိုင် အိမ်ရှေ့မှ စက်ဘီးပြင်ဆရာကြီး သူ့အလု

ကုန်း၍လုပ်နေသည်။ အော်သံကို ကြားလိုက်ဟန်မ

ရှေ့ခပ်လှမ်းလှမ်းသို့ပင် ရောက်နေပြီဖြစ်သော

ကြီးတစ်ယောက်သည် ခုနလေးတင်မှ သူ့ကို ဖြတ်

သွားသည်။ အော်သံကို ကြားသွားဟန်မတူ။

ဘာပဲဖြစ်ဖြစ် သူသည် လူမှုရေးကို အလွန်

ပါ များစွာအလေးထား၍ လူမှုရေးနှင့်ဆိုင်သော

လုပ်ငန်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်သူပီပီ

လူမှုရေးကြောင့်ဖြစ်စေ အန္တရာယ်ဘေးဒုက္ခတစ်ခု

ဖြစ်စေ အမျိုးသမီးတစ်ယောက်၏ ကယ်ပါ ယူ

စာ အော်သံကို ကြားလျက်နှင့် လျစ်လျူရှု၍

မသင့်၊ မဖြစ်။

'လာကြပါ··ကယ်ကြပါ··လာကြပါရှင့်'

ထိုစဉ် အိမ်အိုကြီးထဲက အော်သံထပ်

သည်။ ဦးကောင်းလွင်သည် ဘာမျှတွေဝေမနေ

အိုကြီးထဲသို့ စွတ်ဝင်ပြေးခဲ့သည်။.. တံခါးမကြီ

ဧည့်ခန်းလို အခန်းကျယ်၏ အလယ်၌ အမျိုးသ



www.burmeseclassic.com

www.burmeseclassic.com

ယောက် မတ်တတ်ရပ်နေသည်။ အလင်းရောင်က အားနည်းနည်း ပြတင်းပေါက်များက ပိတ်ထားခြင်းကြောင့်။

သူ့ကိုမြင်သော် အမျိုးသမီးက ပွင့်နေသောအိပ်ခန်းဟု ယူဆရသည့် အခန်း၏ တံခါးဆီသို့ ပြေးသွားသည်။ အင်္ကျီ ကြယ်သီးများ ပြုတ်ထွက်နေသည်။ ထဘီကို စွန်တောင်ဆွဲထားသည်။

ဦးကောင်းလွင် နောက်ကပြေးလိုက်ရန် ဟန်ပြင်ပြီးမှ ချက်ချင်း အသိတရား ဝင်လာသောကြောင့် တံခါးကြီးမှဝင်ပြီးသော ရှေ့ခြေလှမ်းကို ရပ်ထားလိုက်သည်။ ထိုစဉ်နောက်ဘက်မှထွက်လာသော အဒေါ်ကြီးတစ်ယောက်က လူစိမ်းဝင်ရပ်နေပုံကိုကြည့်၍ မေးလေ၏။

'ဒါ ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ'

'ကျွန်တော်လား၊ ဒီအိမ်ကြီးထဲက မိန်းမအော်သံကြားလို့ ဝင်လာတာပါ။ ကယ်ကြပါဦးလို့ တစာစာအော်ခဲ့တာပဲ'

'ဒီလိုလားကွယ့်'

'ဟုတ်ပါတယ်။ စောစောက အမျိုးသမီးတစ်ယောက် အဝတ်အစားဖရိုဖရဲနဲ့ ဟောဟိုတံခါးပွင့်နေတဲ့ဆီ ဝင်သွားတယ်။ အိပ်ခန်းထင်တာပဲ။ ဘာဖြစ်လို့လဲ။ ဘာကြောင့်အော်တာလဲ။ ဘယ်သူက ဗလက္ကာရပြုခဲ့လို့လဲ'

ဦးကောင်းလွင်က စက်သေနတ်ပစ်သလို တရစပ်မေးပစ်လိုက်သည်။ အသက်ရှစ်ဆယ်ခန့် အဒေါ်ကြီးက ဘာမှမဖြစ်သလို ဦးကောင်းလွင်ကို ခပ်အေးအေး ငေးကြည့်နေသည်။ ပြီးမှ-

'အော်သံ ဟုတ်လား၊ ဒီအိမ်ထဲက အော်တဲ့အသံလား'

'ဟုတ်တယ်··ဟုတ်တယ်'

'အဲဒီ အော်သံက အဲဒီလိုရှိတယ်။ အော်တဲ့ မိန်းမလေးတော့ မရှိဘူး။ အော်သံပဲ ရှိတာပါ'

'ဗျာ··ဗျာ'

'ဟုတ်တယ်။ အဲဒီ အခုကြားရတဲ့ အော်သံက လူအော်တဲ့အသံ မဟုတ်ဘူး'

'အို··လူအော်တဲ့အသံမှ မိန်းမတစ်ယောက်အော်တဲ့အသံပဲ။ ကျွန်တော် အသေအချာကိုကြားခဲ့တာ။ ဘာတွေးကွယ်စရာရှိလို့လဲ။ ဒါမျိုးက အမှုကြီးငယ်ဖြစ်နိုင်တယ်။ အခုလေးတင်ပဲ အမျိုးသမီးက အိပ်ခန်းဘက်ဝင်သွားတာတွေ့ခဲ့တယ်။ အဝတ်အစားဖရိုဖရဲနဲ့ဆိုတော့ တစ်ယောက်ယောက်က တစ်ခုခုလုပ်တာကို ခံရလို့အော်ခဲ့တာပဲ။ အဒေါ်ကြီး ဘာကိုဖုံးကွယ်ချင်လို့လဲ'

'ဟင်··ဒီလိုမဟုတ်ရပါဘူး။ ဘာမှလည်း မဖုံးကွယ်ချင်ပါဘူး။ လာ··လာ··မောင်ရင်၊ ဟောဒီနားက ဆက်တီမှာ ဝင်ထိုင်ပါဦး။ ဒေါ်ကြီး ရှင်းပြပါ့မယ်'

'ဟုတ်ပါပြီ။ အခက်အခဲရှိရင်ပြော၊ ကျွန်တော်က လူမှုရေးကိစ္စတွေမှာ အမြဲဝိုင်းကူပေးတဲ့ မီးသတ်တပ်ဖွဲ့ကပါ အဒေါ်ကြီး'

ထိုစဉ် အိမ်ရှေ့တံခါးမှ လူကြီးတစ်ယောက် ပေါ်လာသည်။

'ဘာဖြစ်နေကြတာလဲ။ ပူညံ ပူညံနဲ့'

'ဟော··ကိုဖေတင်၊ အတော်ပဲ။ လာ··လာ··ထိုင်ပါဦး။ ဟောဒီက သူငယ်လေးက ဒီအိမ်ထဲက အော်သံကြားလို့ ဝင်လာတာတဲ့။ အမျိုးသမီးတစ်ယောက် အဝတ်အစား ဖရိုဖရဲနဲ့ အိပ်ခန်းထဲ ဝင်ပြေးသွားတာ မြင်လိုက်လို့တဲ့'

'ဟုတ်ပါတယ်။ အဲဒါ ဗလက္ကာရပြုမှုတို့ဘာတို့ ဖြစ်နိုင်တယ်။ ဒီအဒေါ်ကြီးက တစ်ခုခုထိမ်ချန်ထားသလိုပဲ။ ဘာမှမကြောက်နဲ့။ ကျွန်တော်ကူညီပါ့မယ်'

'မကြောက်နဲ့၊ ဟုတ်လား။ အေးကွယ်၊ အဖြစ်မှန်ပြောပြပါ့မယ်။ မောင်ရင်သာ မကြောက်နဲ့။ အဲ··အဲ··ကိုဖေတင်။ အဖြစ်မှန်ကို နင်ပဲ ပြောပြလိုက်ပါတော့'

'ဟုတ်တယ်၊ ဒေါ်ဒေါ်က ပြောထွက်မှာမဟုတ်ဘူး။ ဦးဦးပဲပြောမယ် ငါ့တူ။ ဒါနဲ့ ငါ့တူက ဒီမြို့ကို မကြာခင်လေးကမှ ပြောင်းလာတဲ့ လက်ထောက်မြို့နယ်မီးသတ်ဦးစီးမှူးလား'

'ဟုတ်ကဲ့ပါ'

'ဒါကြောင့် ဒီအိမ်ကြီးရဲ့ အဖြစ်အပျက်တွေကို မသိသေးတာပေါ့။ ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြမယ်။ နားထောင်မယ်လား'

'နားထောင်ပါ့မယ်'

'ဒီလိုကွယ့်'

သို့ဖြင့် လွန်ခဲ့သော အနှစ်သုံးဆယ်က အဖြစ်တွေကို စက်ဘီးပြင်ဆရာ ဦးဖေတင်က ပြန်ပြောပြသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

နှစ်အကြာတွင် သူလည်း သေရွာသို့ မြန်းလေ၏။

သူနှင့် ကြံရာပါ သူ့ထောင်ချောက်ကို ဝိုင်းဖန်တီး ပေးသည့် သူ့အဒေါ်ကြီးသာ လူ့ပြည်၌ ကျန်ရစ်သည်။ သို့သော် အသက်က ရှစ်ဆယ်ကျော်လေပြီ။ မကြာသေး မီကမှ လက်စွဲတော် အိမ်မွေးခြံပေါက် အိမ်ဖော်အေးတင် အသက်ခုနစ်ဆယ်တွင် သေဆုံးသွားသောအခါ ဒေါ်တင် တင်ကြိုင် ဖော်မဲ့တစ်ကိုယ်တည်း အိမ်အိုအိမ်ဟောင်းကြီး ၌ ကျန်ရစ်သည်။ လူသူအဖော်သာမဲ့သည်၊ သူ့တူမ မိမိ ကြီး၏ နာနာဘာဝ မကျွတ်မလွတ်သည့် ဝိညာဉ်ကတော့ ဤအိမ်ကြီးတွင် ရှိနေခဲ့သည်။ တစ်ခါတစ်ရံတွင် အော် သံများ ဤအိမ်ကြီးက ထွက်ထွက်လာသည်။

'လာကြပါ..ကယ်ကြပါ..လာကြပါရှင့်'

ဤအော်သံမျိုးကို မျက်နှာချင်းဆိုင်တွင် စက်ဘီးပြင် ဆိုင်ဖွင့်ထားဆဲဖြစ်သော ဦးဖေတင်လည်း ရံဖန်ရံခါဆို သလိုကြားသည်။ သူသည် လွန်ခဲ့သော အနှစ်သုံးဆယ်က မိမိကြီးနှင့် သူ့အဒေါ်တို့၏ ကမ်းလှမ်းမှုကြောင့် လက် ထောက်မြို့ပိုင်ကို ထောင်ချောက်ဆင် အဖိုင်ကြပွဲတွင် ငွေယားလေး မက်မက်ရ၍ ကြံရာပါ ဖြစ်ခဲ့ဖူးသည်။

ယခုလည်း အော်သံ။ အိမ်ကြီးထဲက အော်သံကြောင့် ပတ်သက်လာသော လက်ထောက်မီးသတ်မြို့နယ်မှူး ဦး ကောင်းလွင်ကို တစ်ချိန်တုန်းဆီက အော်သံကြောင့် ဖြစ် ပျက်ခဲ့သော ဇာတ်လမ်းကို ဦးဖေတင် အစအဆုံး ပြောပြ လိုက်သည်။

ယခင်က ရာအိမ်မှူး ဦးကျောက်ဒိုးသည် ယခု အသက်(၇၅)နှစ်ကျော်ကျော်ရှိ ဗေဒင်ဆရာကြီး ဖြစ်နေ သည်။ ဦးဖေတင်၊ ဒေါ်တင်တင်ကြိုင်တို့၏ ပြောပြချက် ကို နားထောင်နေသည့် ဦးကောင်းလွင်၏ဘေးသို့ ရာအိမ် မှူးဟောင်း ဗေဒင်ဆရာကြီး ဦးကျောက်ဒိုးလည်း ကပ် လာသည်။

'အော်သံ၊ အဲဒီအော်သံကြောင့် နံမတည့်သူ နှစ် ယောက် အိမ်ထောင်ကျခဲ့ပြီး စနေသားနဲ့ ကြာသပတေး သူတို့ ပျက်စီးခဲ့ကြရတယ်။ အခု အော်သံကိုကြားလို့ လာခဲ့သူက တနင်္လာသားမဟုတ်လား ဦးကောင်းလွင်'

'ဟုတ်ပါတယ်'

'အိမ်း..အင်္ဂါ၊ ဂဘော၊ စရေ၊ ဝံသေတဲ့။ ကမ္ဘာ မိတ်ဓာတ်ပဲ။ ဒီတနင်္လာသားဟာ အော်သံပေးပေးနေတဲ့ ကြာသပတေးသူ စောင့်နေတဲ့ မိတ်ဖက်ဖြစ်တယ်။ ဒါ... မောင်ရင် ဘယ်နေ့၊ ဘယ်နှစ်ခုဖွားလဲ'

'ကျွန်တော့်အသက် သုံးဆယ့်နှစ်နှစ်ပါ'

'အိမ်း..ရပြီ။ အခု သုံးဆယ့်နှစ်နှစ်ဆိုတော့ ... လေး။ အဲ..ဆရာလေးက သိုက်ဖွားပဲ။ ငွေရှင်မယ် ... ပေါက်တာတို့ ဝင်ငွေများများ အမွေရတာတို့ကိန်းရှိတယ် ... တွက်ကြည့်တော့ အခု မူလဇာတာနဲ့ ကောဇာဂြိုဟ် ... ရှိတဲ့နေရာကိုကြည့်၊ လဂ်နဲ့ (၁၁)တန့်မှာ ကြာသပ ... ဂြိုဟ် ရောက်နေတယ်။ ထီဆုကြီးပေါက်မယ်။ အ ... အလုံးလိုက် အခဲလိုက်ရမယ်။ အခုချိန်ဟာ ဇနက ... ရထားဆိုက်ကိန်းနဲ့ တိုက်နေတယ်။ ဘုန်းတန်ခိုး ... နေချိန်မို့ နာနာဘာဝ၊ တစ္ဆေ၊ သရဲ မပူးမကပ်နိုင် ... အခု နာနာဘာဝက ခြောက်ဖို့ခေါ်တာ မဟုတ်ဘူး။ ... လို့ ပေးဖို့ခေါ်တာ'

'အို..သူ့မှာ ပေးစရာဘာရှိလို့လဲ'

စက်ဘီးပြင်ဆရာက ဝင်မေးသည်။

'သိဘူးလေ။ ပေးစရာမှ တစ်လုံးတစ်ခဲကြီးကို ...

ဤစကား မှန်ခဲ့သည်။ ဂမ္ဘီရပညာကို လိုက် ... ယုံပေမည်။

မကြာမီ ဒေါ်တင်တင်ကြိုင် ကွယ်လွန်သည်။ ... ခံမည့်ဆွေမျိုးက ဟိုအထက်ချင်းတွင်း ကလေးမြို့ ... ရာဇဂြိုဟ်တွင် ရှိသည်ဆိုသော်လည်း အချိန်မီ ...

တစ်နေ့ အိမ်ရှေ့က ဖြတ်အသွား ဦးကောင်း ... အော်သံကြားရသည်။

'လာကြပါရှင့်..လာကြပါ'

သူ အိမ်ထဲဝင်သွားသော် မိမိကြီးက ... တက်သွားသည်ကို မြင်ရသည်။ လက်ယပ်ခေါ်၍ ... ကားထိပ်က စောင့်နေရာမှ တက်လိုက်သွားသော် ... စင်အောက်က ဗီရိုနောက်ရှိ အံဝှက်ထဲက အထုပ် ... လေ၏။ ထိုအထုပ်ထဲ၌ ဤအိမ်အိုကြီး၏ ဂရန်ကို ... သည်။

အံ့သြဖို့ အကောင်းဆုံးက အိမ်ပိုင်ရှင် မူလ ... သူ၏အမည်မှာ ဦးကောင်းလွင်ဟူ၍ အမည်ပေါ် ... သတည်း။

အောင် ...



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။


အမျိုးသားများ၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဖ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဖ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

ရပြီးနောက်၊ အသံကျယ်ကျယ်ဖြင့်-

'ကဲ..ကဲ..အားလုံး ငြိမ်ကြစမ်းပါ။ ခင်ဗျားတို့ တစ်ယောက်တစ်ပေါက် ပွစိ,ပွစိ ပြောနေကြတာက ဘာလဲ ခင်ဗျားတို့ ကျော်မင်းထွေး ပြောတာကို မယုံလို့လား'

ကိုတင်မောင် ထန်းရည်ဆိုင်တစ်ဆိုင်လုံး တိတ်သွားသည်။ မတိတ်ခင်က အော်ကြီးဟစ်ကျယ် ပြောနေသူက တခြားလူမဟုတ်၊ ဘုရားကုန်းကျေးရွာက ဘောလုံးအသင်းခေါင်းဆောင် ကိုကြင်ငွေ ဖြစ်သည်။ သူလည်း ထန်းရည်ကြိုက်သည်။ ဘုရားကုန်းကျေးရွာမှာ ထန်းရည်ဆိုင်တွေ အများကြီး ရှိသော်လည်း ကိုတင်မောင် ထန်းရည်ကို သဘောကျသောကြောင့် မကြာခဏ သောက်သုံးသူ စာရင်းမှာ သူ့နာမည် လာထည့်သူဖြစ်သည်။

'ကျုပ်ဆိုတဲ့ အကောင်က ဟိုဟာဒီဟာတွေကို အယုံအကြည်ရှိတဲ့ကောင် မဟုတ်ဘူး။ သန်လျင်နဲ့ ဘုရားကုန်းဆိုတာ သုံးမိုင်လောက်ရှိတဲ့ ခရီးကို ကျုပ် ညကြီးသန်းခေါင် ကုန်းကြောင်းလျှောက်ပြန်နေတာ အခေါက်ပေါင်း မရေနိုင်တော့ဘူး။ လမ်းမှာ နာမည်ကြီးတဲ့ ညောင်သုံးပင်သုသာန်တို့၊ သရက်ပင်မောင်နှမတို့က အချိန်မရွေး ဖြတ်ဖြတ်ပြီး ပြန်နေရတာ ခင်ဗျားတို့လည်း ကြားဖူးမှာပါ။ ညောင်သုံးပင်သုသာန်ဆိုရင် လမ်းမှာ မီးတစ်တို့လောက်ဆိုပြီး ထွက်ထွက်တောင်းတာ၊ နောက်နေ့လည်းကျရော အဲဒီလူ လန့်ဖျား,ဖျားရော၊ သရက်ပင်မောင်နှမ ဆိုရင်လည်း ဆံပင်ဖားလျားနဲ့ ခပ်ချောချော မိန်းကလေးတစ်ယောက် အကြုံလိုက်ပါရစေဆိုပြီး လိုက်တတ်တာ၊ အဲဒါတွေက ဟိုလူတွေဒီလူတွေနဲ့ နာမည်ကြီးနေတာ ကြာပြီ။

ကျုပ်ကတော့ တွေ့ချင်လဲ တွေ့ကွာဆိုပြီး ကုန်းကြောင်းပဲ ပြန်နေတာ နှစ်ချီနေပြီ။ ဘယ်သူမှလည်း မီးတစ်တို့ လာမတောင်းပါဘူး။ ခပ်ချောချော မိန်းကလေး မပြောနဲ့၊ အဘွားကြီးတောင် လူကြုံမလိုက်ဖူးဘူး။ အဲ..ဒါပေမဲ့ တစ်ရက်မှာတော့ဗျာ ကျုပ်တွေ့ဖူးတာကို ပြန်ပြောပြရရင် ခင်ဗျားတို့ လန့်ဖျား,ဖျားသွားလိမ့်မယ်'

ကိုကြင်ငွေက အားရပါးရပြောပြီး ထန်းရည်တစ်ခွက်ကို ငွတ်ဆို မော့သောက်လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်နေသော ထန်းရည်ဝိုင်းများလည်း တဖြည်းဖြည်း အသက်ဝင်လာကာ အမြည်းစားလိုက်၊ ထန်းရည်သောက်လိုက်နှင့် ဖန်ခွက်ချင်း၊ ပန်းကန်ချင်း ထိသံများပါ ထွက်ပေါ်လာပြန်သည်။

ကိုကြင်ငွေက အာပြဲခြောက်တစ်ဖတ်ကို ဝါး...
ထန်းရည်သောက်လိုက် လုပ်နေချိန်တွင် ထောင့်စွန်း...
မှာ ထိုင်နေကြသောဝိုင်း၊ ထိုဝိုင်းတွင် ဆရာပွင့်...
(သတ္တုတွင်း)၊ သန်လျင်မောင်မောင်ဦးနှင့် ကျော်...
တို့ ရှိသည်။

ဆရာပွင့်လန်းက အာလေးလျှာလေး အသံ...

'ဟော့..ကိုကြင်ငွေ၊ ခင်ဗျား တွေ့ဖူးတာ ဆ...
လေ။ ဒီဝိုင်းက နားစွင့်နေတာ'

အဲဒီတော့မှ ကိုကြင်ငွေက လက်ထဲက ထ...
ခွက်ကို ချကာ-

'သြော်..ဆရာပွင့်လား၊ ကျွန်တော်ပြောတာ...
ဝင်စားလို့လား'

'အေးလေ၊ စိတ်ဝင်စားလို့ ဆက်ပြောပါလို့...
တာပါ'

ကိုသော်ဝင်းကြည်တို့ ဝိုင်းကလည်း-

'ဟုတ်တယ် ကိုကြင်ငွေ၊ ဆက်ပြောလေ။ ...
ဘာပြောမလဲဆိုတာ နားထောင်နေတာ'

'သြော်..ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော် ဆ...
ပါ့မယ်။ ဒီလိုဗျာ၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ...
စက်ရုံဘောကွင်းမှာ ကျွန်တော်တို့ ဘုရားကုန်း...
ဘောလုံးအသင်းနဲ့ ရေနံချက်စက်ရုံ ဘောလုံးအ...
ချိန်းပွဲကန်ကြတယ်။ ဘုရားကုန်းကျေးရွာ အသင်း...
သူက ကျွန်တော်ပေါ့။ အဲဒီပွဲမှာ ရေနံက (၂)ဂိုး ...
နိုင်သွားတယ်။ နိုင်တော့ပွဲအပြီးမှာ ရေနံညှော်...
ရေနံအသင်းက ကျွန်တော်တို့ကို ပြန်ပြီးညှော်ခံ...

'သူငယ်ချင်းတွေဆိုတော့ ရှုံးပေမယ့်လည်း ...
ညှော်ဝတ်ပြုပါတယ်။ ညှော်ခံပွဲမှာ ဘီယာတွေရော ...
တွေရော အလျှံပယ်ချကြတော့ အဲဒီညက ...
မူးသွားတယ်။ ညည့်နက်လာတော့ ပြန်ဖို့အခါ...
ရှိသေးတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် အလျှို...
ကုန်ကြတာပေါ့ဗျာ။ ဆက်ရရင် ကျွန်တော်လည်း...
မူးတာ ကိုတင်မောင် ထန်းရည်ဆိုင်ကို သ...
ရေနံချက်စက်ရုံအပိုင် တိုက်ကြီးကုန်းထဲက ဖြ...
လမ်းလျှောက်လာတယ်။ အဲဒီအချိန်က မိုးက...
တော်ရွာနေတယ်။ ဒီဆိုင်ရောက်တော့ (၁၀)...



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ဆိုင်ထဲမှာလည်း လူရှင်းနေပြီ။

အောင်မင်္ဂလာထဲက အေးမြင့်နဲ့ သန်းအောင်တို့ နှစ် ယောက်တော့ ထိုင်နေတာ တွေ့တယ်။ အဲဒီညက မိုးတွေ ပြီး အချိန်မတော်မှ ရောက်လာတဲ့ ကျွန်တော့်ကို တွေ့ ဆိုင်ရှင် ကိုတင်မောင်ကြီးတောင် အံ့ဩနေတယ်။ တင်မောင်က ပြောသေးတယ်။ ခင်ဗျား ထန်းရည် သောက်နဲ့တော့။ အရက်ကော၊ ဘီယာကော၊ ထန်းရည် ဆိုရင် ခင်ဗျား ရွာလည်သွားလိမ့်မယ်တဲ့။ အဲဒီ တော့ ကျွန်တော် အဆောင်လုပ်ထားတဲ့ Rum နှစ်ပက် ယောက်ပဲ သောက်တော့ဆိုပြီး ထည့်ပေးတယ်။ ကျွန် တော်လည်း ချမ်းနေတာနဲ့ နှစ်ပက်ထပ်ချလိုက်တယ်။ တော့ ကိုအေးမြင့်တို့ ကိုသန်းအောင်တို့ကို နှုတ်ဆက် ဆိုင်ထဲက ထွက်ခဲ့တယ်။

ကားလမ်းပေါ်ရောက်တော့ မိုးကလည်း တဖွဲဖွဲရွာ၊ လမ်းလုံးလည်း ခြောက်ကပ်လို့၊ လမ်းပေါ်မှာ ကျွန် တော်တစ်ယောက်တည်း။ ကျွန်တော်ကလည်း ခပ်ထွေ ဆိုတော့ တစ်လမ်းလုံး သိုင်းကွက်တွေ နင်းလာမယ် ကျွန်တော်တွေးမိတယ်။ ဒါပေမဲ့ ရဲစခန်းရှေ့နား ရောက်တော့ ကံအားလျော်စွာ ကိုယ်ပိုင်ကားကလေးတစ် ခပ်ဖြည်းဖြည်း မောင်းလာတာ တွေ့လိုက်ရတယ်။

ကျွန်တော်ကလည်း ဝမ်းသာအားရပေါ့ဗျာ။ ကားကို တားလိုက်တော့ ကားက ဖြည်းဖြည်းလေးအနားကို ရောက်လာတယ်။ ဘရိတ်က သိပ်မကောင်းဘူး ထင်ပါ ဖြုန်းခံနဲ့ ရပ်မသွားဘူး။ ကျွန်တော်လည်း ဝမ်းသာ ကားတံခါးဖွင့်ပြီး ရှေ့ခန်းက တက်ထိုင်လိုက် ဒါဆိုရင်တော့ မဆိုးဘူးပေါ့။ လမ်းလျှောက်ရတာနဲ့ ကားက မြန်မြန်ရောက်နိုင်တာကိုး။ ကျွန်တော်က ဒီဂရီကလေးကမြင့်ပြီး ခပ်ထွေထွေကလေးနဲ့ ကား ကို ကျေးဇူးတင်ကြောင်း ပြောမလို့ လှည့်ကြည့်လိုက် ကျွန်တော်ဗျာ ခေါင်းကို ပုတ်လောက်ကြီးသွား အောက်မေ့ရတယ်။

မကြောက်တတ်တဲ့ ကျွန်တော်တောင် ရေစိုအဝတ် ချွေးပြန်သွားသလို ခံစားလိုက်ရတယ်။ ဘာဖြစ်လို့ တော့ ကားထဲမှာ မောင်းတဲ့လူတစ်ယောက်မှ မပါ ကားကတော့ သွားလျက်ပဲ။ ကျွန်တော်စိတ်ထဲမှာ တံခါးဖွင့်ပြီး ဆင်းပြေးရကောင်းမလား၊ ဆက်လိုက် သွားရကောင်းမလား၊ ဝေခွဲလို့ မရဘူး။ ဒါပေမဲ့ ကျွန် တော်က မကြောက်တတ်တဲ့အပြင် ရဲဆေးကလည်း တင် ထားတော့ ဖြစ်ချင်ရာဖြစ် မဆင်းဘူး။ ဘုရားကုန်းရောက် ဖို့ အမိကပဲ တွေးပြီး ဆက်လိုက်သွားတယ်။

မိုးကတော့ သဲသဲမဲမဲရွာတုန်းပဲ။ ကားမှန်ကို မိုးစက် တွေက တဖြန်းဖြန်းလာပက်နေတယ်။ ကားရှေ့မှန်ကတော့ မိုးစက်တွေကြောင့် ရှေ့ကို တော်တော်အားယူကြည့်နေ ရတယ်။ တော်သေးတယ်၊ ဒီအချိန်မှာ ကားကလည်း ပြတ်တော့ ရင်ဆိုင်ကားတစ်စီးတလေမှကို မလာဘူး။ ညောင်သုံးပင်သုသာန်တို့၊ သရက်ပင်မောင်နှမတို့ ကျော် လာခဲ့ပြီ။

ဒီနေ့ဆိုရင်တော့ အော်ချမ်းသာရပ်ကွက်ပေါ့ဗျာ။ အဲဒီနားမရောက်ခင်မှာ တံတားကလေးတစ်ခုရှိတယ်။ အဲ ဒီ တံတားနားရောက်တော့ ကျွန်တော် မျက်လုံးပြူးသွား တယ်။ ဘာဖြစ်လို့လဲဆိုတော့ တံတားပေါ်ကို ရောက် အောင် ကားစတီယာရင်ကိုလှည့်မှ တံတားပေါ်ကိုရောက် မှာ။ မလှည့်ရင် မြောင်းထဲကို ကားက ထိုးကျတော့မှာ လူမရှိတဲ့ကားကို ကျွန်တော်ကိုယ်တိုင် လှည့်ရမလား၊ ဆင်းပဲပြေးရမလား စဉ်းစားနေတုန်း ဖြုန်းဆို ကားပြတင်း ပေါက်ကနေ လက်ကြီးတစ်ခု ဝင်လာတယ်။ အဲဒီလက် ကြီးက မည်းမည်းကြီး။ လက်မည်းကြီးက စတီယာရင်ကို ဆွဲလှည့်လိုက်တယ်။ အဲဒီတော့မှ ကျွန်တော် ရင်အေးရ တော့တယ်။

စတီယာရင်ကို လှည့်ပြီးတာနဲ့ လက်မည်းကြီး ပြန် ပျောက်သွားတယ်။ ကားပေါ်မှာ ထိုင်လာရင်း ကျွန်တော် ဝတ်ထားတဲ့ ရေစိုအဝတ်တွေတောင် တော်တော်ခြောက် ကုန်ပြီ။ နောက်ပြီး လူကလည်း တစ်ချက်,တစ်ချက် အိပ်ငိုက်ငိုက်သွားတယ်။ ကားကို တငြိမ့်ငြိမ့်စီးလာရင်း မေ့ခနဲ အိပ်ပျော်သွားလိုက်၊ သတိရလိုက်။ သတိရလို့ ခေါင်းထောင်ကြည့်လိုက် မရောက်သေးဘူး။ (၁၈)ကုန်း ထိပ်ပဲ ရှိသေးတယ်။ (၁၈)ကုန်းထိပ်ရောက်တော့ လမ်း ခင်းတဲ့ ကျောက်စရစ်ခဲပုံက လမ်းဘေးမှာ ပုံထားရာက ပြန့်ကျဲပြီး လမ်းမပေါ်ကို ရောက်နေတယ်။ အဲဒီကျောက် စရစ်အပုံနားလည်း ရောက်ရော ကားက အလိုလိုရပ်သွား တယ်။ ပြီးတော့ လက်မည်းကြီး ပေါ်လာပြန်ပြီး စတီ ယာရင်ကို ဆွဲလှည့်လိုက်တယ်။ အဲ··ပြီးတော့မှ ကားက



www.burmeseclassic.com

www.burmeseclassic.com

ဆက်သွားတယ်။ ကားလည်း ဆက်သွားရော၊ လက်မည်းကြီးလည်း ပျောက်သွားပြန်ရော။

တစ်ခါ မမင်းလှကန်နား မရောက်မီမှာ လမ်းက အကွေ့ကလေး။ စတီယာရင် မလှည့်ရင် ကန်ထဲကိုကျမှာ။ အဲဒီနားလည်းရောက်ရော ကားက အလိုလိုရပ်သွားပြန်ရော။ ထုံးစံအတိုင်း လက်မည်းကြီး ပေါ်လာပြီး စတီယာရင်ကို ကွေ့လိုက်ပြီး ကားက ဆက်မောင်းလာတယ်။ မိုးကလည်း ကောင်းလိုက်တာမှ တစ်ခါမှကို မရပ်သေးဘူး။ မမင်းလှကန်နားရောက်တော့ တံတားကလေးရှိတယ်။ အဲဒီနားရောက်တော့ ကျွန်တော် မစိုးရိမ်တော့ပါဘူးဗျာ။ ထုံးစံအတိုင်း လက်မည်းကြီး ပေါ်လာပြီး စတီယာရင်ကို ဆွဲကွေ့မယ်ဆိုတာ ကျွန်တော် သဘောပေါက်ပြီးသား။ မှန်တယ်ဗျာ၊ ကျွန်တော် သဘောပေါက်တဲ့အတိုင်းပဲ လက်မည်းကြီး ထွက်လာတာပဲ။ ပြီးတော့ ပြန်ပျောက်သွားရော။

ကြာတော့ ကျွန်တော်လည်း ကြောက်စိတ်မရှိတော့ပါဘူး။ အမှူးကလည်း နည်းနည်းတောင် ပြေသွားပါပြီ။ ဒါနဲ့ ကျောက်တန်း-သုံးခွ လမ်းဆုံနားလည်း ရောက်ရော ကျွန်တော်လည်း ကားတံခါးဖွင့်ပြီး ဆင်းလိုက်တယ်။ ကျွန်တော့်အိမ်လည်း ရောက်ဖို့ နီးလာပြီလေ။ မိုးက ရွာတုန်းဆိုတော့ ခြောက်သွားတဲ့ အဝတ်တွေ မစိုအောင် အနားက ဈေးရောင်းတဲ့ တဲကလေးတစ်ခုရဲ့ တံစက်မြိတ်



အောက်ကိုဝင်ပြီး မိုးခိုလိုက်တယ်။

ကျွန်တော့်အိမ်က နတ်စင်တစ်ရာကျောင်းရှေ့နား... ဆိုတော့ အိမ်နဲ့လည်း နီးနေပြီမို့ အေးအေးဆေးဆေး... တိတ်မှ လမ်းလျှောက်ပြန်တော့မယ်ဆိုပြီး အိတ်... မီးခြစ်နဲ့ ဆေးလိပ်ကို ထုတ်လိုက်တယ်။ မီးခြစ်က... နေပေမယ့် ကားထဲမှာ ထိုင်လာတာကြာတော့ ကိုယ်... နည်းနည်းတော့ ခြောက်နေပါပြီ။ ကျွန်တော်လည်း... လိပ်ဖွာရင်း စောစောက ကျွန်တော်စီးလာတဲ့ ကား... ဘာများထူးခြားမှုရှိသလဲလို့ အမှတ်မထင်ကြည့်လိုက်... ကားက လမ်းမီးရောင်ဖျော့ဖျော့အောက်မှာ သုံးခွ... လမ်းဘက်ကို ချိုးသွားတာ တွေ့လိုက်ရတယ်။ ဆေး... ဖွာရင်း ဒီညကတော့ အတော်ကို ထူးခြားတဲ့ညပဲလို့... စားမိတယ်။ ငါ့အတွေ့အကြုံကို သူများတွေကို ပြော... တောင် ယုံနိုင်မယ် မထင်ဘူးလို့။

အဲဒီအချိန်မှာ မှောင်ထဲကနေ လူတစ်ယောက်... တော့်ဆီကို တည့်တည့်လာနေတာ သတိထား... သဲသဲကွဲကွဲ မြင်လိုက်တော့မှ ကျွန်တော်လည်း န... အားတက်သွားတယ်။

အဲဒီလူက အနားရောက်လာပြီး-

'မိတ်ဆွေ မီးတစ်ခြစ်လောက်ဗျာ' တဲ့။ နေ...

'စောစောက မိတ်ဆွေ ဆေးလိပ်ဖွာနေတာ... မီးခြစ်တော့ရှိမှာပဲဆိုပြီး အကူအညီ လာတောင်း...

ကျွန်တော်လည်း အိတ်ထဲက မီးခြစ်ထုတ်ပြီး... လိုက်မှ သူ့မျက်နှာကို သဲသဲကွဲကွဲ မြင်လိုက်... အခြားလူ ဟုတ်ရိုးလား။ သူ့ငယ်နာမည် နယူး... ခေါ်တဲ့ ကျွန်တော်တို့ ငယ်သူငယ်ချင်း ကြည်... နေတယ်။

အဲဒီတော့ ကျွန်တော်က-

'ဟော့ကောင် ကြည်စိန်၊ မင်းက ဒီအချိန်မှ... ပြန်လာတာလဲ'

သူလည်း ကျွန်တော့်ကို တွေ့တော့ တအံ့...

'ဟာ..ကြင်ငွေ၊ မင်းကော ဒီအချိန်ကြီး ဒီ... လုပ်နေတာလဲ'

'ဟ..ကြည်စိန်ရေ၊ ငါ ဒီမှာ မိုးတွေရွာ... မိုးခိုနေတာ။ ငါ သန်လျင်က ပြန်လာတာ။ ဒီနေ့... စက်ရုံနဲ့ ဘုရားကုန်းဘောလုံးပွဲ ရှိတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com

ကြည်စိန်လည်း တစ်ကိုယ်လုံး စိုရွှဲလို့ ခေါင်းက ဆံပင်တွေလည်း မိုးရေကြောင့် မျက်နှာပေါ်ကို အုပ်လို့၊ ကြွက်စုတ်တစ်ကောင်လို ပုံပေါက်နေတယ်။

'မင်း ဘောလုံးပွဲက ဘယ်အချိန်ပြီးလို့ မင်းက သန်လျင်က ဘယ်အချိန် ပြန်လာတာလဲ'

'ဘောလုံးပွဲက ညနေက ပြီးတာပါကွာ။ ငါက အပြန် ...ား ရေနံချောင်းရိပ်သာမှာ ဘောသမားတွေနဲ့ ဘီယာတွေ ...ရော၊ ရမ်တွေရော သောက်ပြီး မှန်လာပြီးတော့ တစ်ခါ ...ကိုတင်မောင်ဆိုင်ဝင် ထပ်သောက်၊ ပြီးတော့မှ ခပ်ထွေ ...ထွေနဲ့ ပြန်လာတာ ခုဒီမှာ မိုးခိုနေတာ (၅)မိနစ်လောက်ပဲ ...ရှိသေးတယ်'

'ဘာ··သန်လျင်က မင်းပြန်လာတာ (၅)မိနစ်လောက် ရှိသေးတယ်။ ဟုတ်လား'

ကျွန်တော်ဝတ်ထားတဲ့ ခြောက်သွေ့နေတဲ့ အဝတ် ...စားတွေကို ကြည့်ပြီး သူက အံ့သြနေတယ်။

'ငါလည်း အခုပဲ သန်လျင်က ပြန်လာတာ၊ လမ်းမှာ ...ဆိုလို့ တစ်ယောက်မှ မတွေ့ပါဘူးကွာ။ မင်းဉစ္စာက မင်း အခုထက်ထိ အမူးမပြေသေးဘူးလား'

'ဟာ··အမူးပြေတာ ကြာပါပြီ။ ငါလည်း မင်းပြောမှ အံ့သြနေတာ။ ငါလည်း အခုပဲ သန်လျင်က ပြန်လာတာ။ မင်းလိုပဲ လမ်းမှာ လူဆိုလို့ တစ်ယောက်မှ မတွေ့ခဲ့ပါဘူး'

'ဒီလောက်မိုးရွာနေတာတောင် မင်းမှာ ရေစိုတာ မတွေ့ဘူး။ နောက်ပြီး အခုပဲ သန်လျင်က ပြန်ရောက် တယ်လည်းဆိုသေး၊ မင်းကိုလမ်းမှာလည်း ငါမတွေ့ဘူး။ ငါကတော့ ငါ့ကား သန်လျင်က ဘုရားလမ်းမှာ ဓာတ်ဆီ ကုန်သွားလို့ အနီးအနားမှာလည်း အသိအိမ်မရှိလို့ ကားကို မထားခဲ့ချင်တာနဲ့ တစ်လမ်းလုံး တွန်းလာခဲ့ရတာ လူကို သေချင်စော်နံသွားတယ်။ အေး··မင်းနဲ့ငါ လမ်းမှာ ဘယ် နေရာမှာများ လွဲသွားတာပါလိမ့်။ ဒါမှမဟုတ် ငါပဲ ဒီည မသောက်ရဘဲ မူးသွားသလား မပြောတတ်ပါဘူး'တဲ့။

'ကဲ··ကဲ·ဆရာပွင့်လန်းတို့၊ ကိုသော်ဝင်းကြည်တို့ အဲဒီညက ကျွန်တော့်အဖြစ်ကတော့ အဲဒါပါပဲ။ ခုလည်း ကျူပ် မူးသွားပြီ၊ ပြန်တော့မယ်'

**မောင်မြင့်မား(မိုလ်ကလေး)**


"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



**ဝန်းသော်တာ**

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

...- ဝန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်းမြို့နယ်၊ ဖုန်း-၇၀၉၀၆၈။




www.burmeseclassic.com

www.burmeseclassic.com

# တာရွှေ့ဖြူကြသိမ်းမိပ်
# ဧလာင်ဒသယန (ထင်မြူကွန်း)



(၁)

ပြာသိုလပြည့်ကျော်ပြီမို့ နံနက်မိုးလင်းစအချိန်တွင် ဆောင်းနှောင်းဟေမန္တ၏ အငွေ့အသက် အအေးဓာတ်သည် ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိ၏။ မြသား... မြက်လွှာစိမ်းစိမ်းပေါ်တွင် နှင်းငွေရည်ဥတို့သည် ... ထွက်စ နေရောင်အောက်၌ စိန်ပွင့်ကလေးများ... တွဲလဲခိုလျက် တလက်လက်တောက်ပလျက် ရှိ... မြက်ပင်ကလေးများပေါ်မှ တွဲခိုနေသော ငွေ... ကလေးများကြောင့် ကိုသံချောင်း၏ ခြေထော...



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေပြီး အေးမြနေသော ဖုန်တောထဲမှ ဖြတ်လျှောက် သည့်အခါတိုင်း ရွံ့ဖွက်တွေလို ပေကျံသွား၏။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ နေဝန်းနီကြီးက ရင့် ပြီဖြစ်၍ ချွေးတစိုစိုနှင့် ချမ်းတစ်ဝက် ပူတစ်ဖုံ ဖြစ် သော ကိုသံချောင်းသည် စပါးပင်များ ဝါးလှဲနေရာမှ-

'ဖိုးခွေးရေ..မြန်မြန်လုပ်ပါဟ။ ဒီနေ့မနက်စာ ဒီ အကွက်တော့ ပြီးလောက်ပါတယ်'

ဖိုးခွေးနှင့်အတူ အခြားနှစ်ယောက်လည်း ကိုသံ ချောင်း၏ လယ်ကွက်ထဲမှ စပါးများကို ဝါးလှဲနေကြ၏။ ဝါးလှဲပြီးလျှင် စပါးက ချက်ချင်းရိတ်သိမ်း၍ မရသေး။ အကွက်ထဲမှာ အနည်းဆုံး တစ်ပတ်၊ ဆယ်ရက်ခန့် နေ လှန်းထားရပြီး နောက်မှ စပါးရိတ်၊ ကောက်ရိုးဘွဲ့ကြိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

စပါးကောက်ပင်ကိုထုံးကာ အကွက်ထဲတွင် နေလှန်းထား ရပြန်သေး၏။ ခြောက်သွေ့လောက်ပြီဆိုမှ စပါးကို တလင်းသို့ သယ်ယူရ၏။ ပြီးတော့ စပါးက နည်းလျှင် စပါးရိုက် ကြပြီး များလျှင်တော့ နွားနှင့်နယ် စပါးလှေ့ စသည်ဖြင့် ပြုလုပ်ကြရ၏။

ရွာသစ်ကြီးရွာဘက်က အုန်းမောင်းခေါက်သံကြောင့် ဖိုးခွေးက ကပျာကသီ-

'ဗျို့..ကိုသံချောင်း၊ (၁၁)နာရီတုံးခေါက်ပြီဗျ'

ဆိုလိုသည်မှာ ထမင်းစားပြန်ကြရတော့မည်ဆိုသည့် သဘော။ ကိုသံချောင်းက ခေတ္တခေါင်းမော့၍ ဝါးလုံးပြီး လုဂုရှိနေသော လယ်ကွက်ကြည့်လိုက်၏။ ပြီးတော့မှ-

'ပြီးခါနီးပါပြီဟ၊ ဝါးတစ်ပြန် ဆင်တစ်လှမ်းလောက် ကလေးကိုများ ဘာကြာမှာမှတ်လို့'

အချိန်အနည်းငယ်အတွင်းမှာပင် ကိုသံချောင်း၏ လယ်တစ်ကွက်လုံး ဝါးလုံးပြီး ဖြစ်သွား၏။ တစ်ဖက်မှာ လည်း ဤကဲ့သို့ ဝါးလုံးပြီးသော အချိန်မှစ၍ ကိုသံချောင်း တလင်းခေါက်ထားရပေဦးမည်။ တလင်းပြင်ထားရပေဦး မည်။

ကောင်းကင်ပြာကြီး တစ်ခုလုံး ကြည်လင်နေ သလောက် နေမင်းကြီး၏ အပူရှိန်ကလည်း ပို၍ပို၍..။

(၂)

'လယ်တောကအပြန်×××ပန်ချင်တယ် ခရေဖူးဆို လို့×××မောင်ခူးကာပေး×××မနက်တုန်းဆီက×××ကျော ဆုံးကို မောင်မြင်တော့×××သူ့ဆံပင်×××နှင်းဆီပွင့်တွေနဲ့ ×××ဂုဏ်တင့်တယ်လေး'

သီချင်းအဖြစ် ဖန်တီးထားသော ဆရာမင်းသုဝဏ်၏ ကဗျာလေးကို မက်မက်စက်စက် တမ်းတမ်းတတ သီဆို တတ်သူမှာ ကိုသံချောင်း။ လယ်တောက ပြန်လာတိုင်း လည်း ဤသီချင်းကို သီဆိုတတ်၏။

ယနေ့ ကောက်သိမ်းပြီး လယ်တောကအပြန် ထမင်း စားပြီး ခါးဆန့်ကတည်းက ကိုသံချောင်း တုံးခနဲအိပ်ပျော် သွား၏။ မအိပ်မီက မဖြူကို ညနေ ကျောက်ခဲကုန်းရွာ သွားမည့်အကြောင်း ပြောထား၏။ ဒီလိုဆိုလျှင် မဖြူ သဘောပေါက်သည်။ မဖြူသည် ကိုသံချောင်း၏ တောင် ညာစံ မယားသီ။ အသားဖြူ၏။ မနောကောင်း၏။

ကျောက်ခဲကုန်းသွားမည်ဆိုခြင်းမှာ အခြားမဟုတ်၊ ထန်းရည်သောက်သွားရန်ဖြစ်၏။ ကျောက်ခဲကုန်းက ထန်း ရည်သည် အရသာပို၏။ အချိုလေး၏။ မြေနီကျော စရစ်ခဲကုန်းများပေါ်တွင် ပေါက်ရောက်သောကြောင့် သာမှာလည်း လေးရာရာဖြစ်ဟန်တူ၏။ ထန်းရည် လည်း ကြည်စိမ်းနေပြီး မြူအိုးဖင်မှ အနည်ကိုပင် မြင် ၏။

အလုပ်ပင်ပန်းပြီး အားလပ်ရက်ရပြီ ဆိုလျှင် ကိုသံချောင်းသည် အနားယူ အပန်းဖြေသည့် သဘော ထန်းရည်သောက်ရန် ကျောက်ခဲကုန်းရွာလေးဆီသို့ တတ်၏။ အလွန်အကျွံတော့မဟုတ်။ တစ်ခွက်တစ် ထန်းရည်ခါးကို ဆားထည့်ပြီး ဝမ်းသက်အောင် သော တတ်၏။ ဘယ်တော့မှ ရုပ်ပျက်ဆင်းပျက် အမူး အောင် မသောက်ချေ။

ညနေစောင်းပြီမို့ ဒီအချိန်မှာ ချောင်းစပ်မှ လျှင် နမတောင်(နတ်မတောင်)ကြီးကို မေးတင်ပြီး ချိတ်နေသည့် နေဝန်းနီကြီးမှာ အတိုင်းသား။ နေ့ ချမ်းဆိုပေမယ့် တပေါင်းလတော့ မဟုတ်သေး။ လကုန်လုနီးပြီမို့ နေ့တာက ရှည်စပြုလာပြီ ဖြစ်

(၃)

ကိုသံချောင်းသည် ကပျာကယာ မျက်နှာသ ရုပ်အင်္ကျီကို ဝတ်လိုက်၏။ ထို့နောက် မဖြူ ပြင်ဆင် ထားသော လွယ်အိတ်ကိုလွယ်ကာ အိမ်ပြင်ဘက်သို့ ခဲ့၏။ လွယ်အိတ်ထဲတွင် အမြည်းအတွက် မဖြူ လုပ်ပေးလိုက်သည်ကိုမသိ။

ကျောက်ခဲကုန်းရွာသို့ အသွားတွင် သရက်ချုံ ဖိုးခွေးကို အဖော်အဖြစ် ဝင်၍ခေါ်ရပေဦးမည်။ ကြီးနှင့် သရက်ချုံရွာက အနည်းဆုံး တစ်ဖာလုံ နှစ်ဖာလုံနီးပါး။

သရက်ချုံရွာရောက်တော့ လက်စွဲတော် ဖိုး ခေါ်၍ ချောင်းပြင်ကိုဖြတ်ကာ အနောက်ဘက် ကျော ကုန်းရွာဆီသို့ သုတ်ခြေတင်၍ လှမ်းခဲ့ကြ၏။ စက်ဝိုင်းမှ နေဝန်းနီကြီးကို နောက်ခံထား၍ ပျံ သော အိပ်တန်းဝင် ငှက်ကလေးများက တသီ ကြီး ပျော်မြူးစွာ ပျံသန်းလျှက်။ ရဲရဲနီစွေးသော ကြီးကပင် မျက်နှာညှိစပြုလာနေသည်။ နမတောင် မတောင်)တန်းကြီး၏ ရှည်လျားသော တောရိပ်

www.burmeseclassic.com

www.burmeseclassic.com

တို့သည်လည်း မေးမိုန်စပြုလာ၏။

ချောင်းအနောက်ဘက်ကမ်းမှ ကျောက်ခဲကုန်းရွာက လေးတွင်ရှိ ကိုသာအေးထန်းတဲအရောက်တွင် ကိုသာအေး က-

'လာဗျို့..လာဗျို့ ကိုသံချောင်း။ မလာတာ ကြာပြန် ပကောလား'

'ဟုတ်တယ်ဗျို့၊ ကျုပ်လည်း မအားလို့ မရောက်တာ ဗျို့'

ထိုသို့ပြောရင်းဆိုရင်း အိမ်ရှေ့ရှိ နီးဖျာပေါ်တွင် ကိုသံ ချောင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ နီးဖျာပေါ်တွင် ထမင်းစားစားပွဲဝိုင်းကလေး တစ်ခုရှိပြီး အလယ်မှာ ရေ နွေးကရားတစ်အိုးနှင့် လက်ဖက်သုပ်တစ်ပန်းကန် ရှိ၏။

'ကိုင်း..ဆရာရေ၊ နဂါးနို့ရည်မြူတစ်အိုးနဲ့ အောင် သေအောင်သား အောင်ဖလား နှစ်လုံးသာ ချပေတော့ဗျို့' ဟု ကိုသံချောင်းက မှာလိုက်၏။

အိမ်မိုးရပ်နိမ့်နိမ့် အမိုးစောက်စောက် ထန်းရွက်တဲ အတွင်းမှ ကိုသာအေးသည် မကြာသေးမီက ချထားသော မြူအိုးမည်းမည်းတစ်လုံး လည်ပင်းရစ်မှာ ချိတ်ဆွဲချည် နှောင်ထားသော ကြိုးတန်းလန်းနှင့် အုန်းမှုတ်ခွက်နှစ်ခွက် လက်မှကိုင်ကာ ယူလာပြီး စားပွဲပေါ်သို့ ချပေး၏။ လတ် လတ်ဆတ်ဆတ် ပင်ကျရည်မို့ ပုစွန်ဆိတ်မြုပ် ငွေရည်ပုလဲ ဥကလေးများ ခုန်တက်နေကြ၏။ နဂါးနို့ရည်ဆိုသည်မှာ ထန်းရည်ကို ပြောခြင်းဖြစ်ပြီး အောင်သေအောင်သား အောင်ဖလားဆိုသည်မှာ အုန်းမှုတ်ခွက်ကို ပြောခြင်းဖြစ် ၏။

'ကိုယ့်လူကိုသံချောင်းကတော့ ကံအကောင်းသား။ ဒီနေ့ ဆွမ်းလှည့်ပို့ရတဲ့နေ့ဆိုတော့ ကြက်သားကာလ သားချက် ဟင်းတစ်ခွက်တော့ အမြည်းပေးရဦးမှာပေါ့'

ပြောပြောဆိုဆို ကိုသာအေး တဲအတွင်းမှ ကြက် သားကာလသားချက်ဟင်းတစ်ခွက်ကို ခတ်၍ပေးလာပြီး 'ကဲ..အေးအေးဆေးဆေး သောက်နှင့်ပေတော့။ ကျုပ် အလုပ်လုပ်လိုက်ဦးမယ်'ဟူ၍ပြောကာ ထွက်သွား၏။

(၄)

နဂါးထန်းနို့ရည်ကိုင့်ကာ သောက်ရင်း အမြည်းစား ရင်းနှင့် မြူအိုးတစ်ဝက်ခန့်ပင် ရှိနေလေပြီ။

အရှိန်ကလေး ရလာပြီဖြစ်သော ဖိုးခွေးက-

'ဘာတဲ့၊ အစ်ကိုကိုသံချောင်းဆိုတဲ့ ဟိုသီချင်းဟာ လေ။ ဩော်..သိပြီ၊ သိပြီ။ အဟာမ်း..အဟာမ်း..နဂါးရယ် သွန်×××ရသာမွန် ဂဠုန်စို့ပါတဲ့×××ပင်နို့ရည်ထူး'

သံနေသံထားဖြင့် ဟဲချလိုက်၏။

'နောက်ပြီးကောကွာ'

'ဟာ..အစ်ကိုကြီးကိုသံချောင်းကလည်း ကျွန်တော် က အစအဆုံးရတာမှ မဟုတ်ဘဲ။ ဘာတဲ့၊ နောက်ဆုံး ပိုဒ်က'

'အလိုဗျာ×××ထန်းရိုင်းပင်ပျို ပေါက်တယ်××× ကျွမ်းဆောင့်အောင်မူး..မူး..မူး'

'ဒီ..ဒီအသံနဲ့တော့'

ကိုသံချောင်းစကားကို ထေ့ထား၏။

ဒီတော့ ဖိုးခွေးက-

'ဘာလဲ၊ မင်းသားဖြစ်လောက်တယ်ပေါ့'

'မဟုတ်ဘူးဟေ့၊ တိုက်တည်ရမှာ'

ကိုသံချောင်း၏ဆိုရင်းအဓိပ္ပာယ်မှာ အုတ်နီခဲဖြင့် ဝိုင်း အပေါက်ခံရ၍ အုတ်နီခဲကတော့ တိုက်တည်ရလောက် အောင် ပေါများလိမ့်မည်ဆိုသည့် သဘောပင်ဖြစ်၏။

'ဒါထက် ဟိုတစ်ခါက အစ်ကိုကြီးကိုသံချောင်း ပြောတဲ့ ကျပင်းဦးမြတ်သာဒွန်းဆိုတဲ့ သူ့အကြောင်းလေ။ ဘာတဲ့၊ မင်းသားဂိုက်မကျလို့ ခါးပြရိုက်ခံရဆိုတဲ့လူ အကြောင်းလေ။ အဲဒါ တချို့က ပြောကြတော့ စလင်းဦး မြတ်သာဒွန်းလို့ ပြောကြတယ်ဗျ'ဟု ဖိုးခွေးက အစ ထောင်လိုက်၏။

'ဟေ့ကောင် ဖိုးခွေး၊ အဲဒါ ကျပင်းဦးမြတ်သာဒွန်း ကွ။ မှတ်ထား။ ပါမောက္ခဦးချမ်းမြ (ခေါ်) ကလောင် အမည် ဆရာကြီးမြကေတုက သဘင်မဂ္ဂဇင်းမှာ ကျပင်း ဦးမြတ်သာဒွန်း ဖြစ်တဲ့အကြောင်းကို အတိအလင်း ဆောင်း ပါးရေးခဲ့ဖူးတာပဲ မှတ်ထား။ သူများပါးစပ်မှာ လမ်းမဆုံး ရအောင်လည်း စာများများဖတ်ကွ'

ဤကဲ့သို့ မာန်ပါပါ ပြောလိုက်ရင်းမှ ဆက်လက်၍-

'ဖိုးခွေး၊ ဒါလေး မြန်မြန်ပြီးအောင်ဖြတ်။ အချိန်က လင့်နေပြီကွ။ ဒီနေ့ လကွယ်ညလေ။ အပြန်မှာ မှောင် မှောင်မည်းမည်းထဲ စမ်းပြန်ရမှာ'

မှန်ပေသည်။ ယနေ့ညသည် လကွယ်ည မိုးက လည်း အုံ့ဆိုင်းနေ၏။ ရွာမည့်ပုံတော့မပေါ်။ မှောင်စပြု



www.burmeseclassic.com

www.burmeseclassic.com

လာပြီ။ တဲ့ရှင်ကိုသာအေးက ရေနံ့ဆီမီးခွက် လာချပေး၏။ လက်လေးသစ်ခန့်အရှည် မီးတောက်က လေပြည်နှင့်အတူ ဘယ်တိမ်းညာယိမ်းနှင့် တည်ငြိမ်မှုမရှိသော သေသောက်ကျူးတို့၏ ခန္ဓာကိုယ်အလား ယိမ်းထိုးလျက်ရှိနေ၏။ မကြာမီအချိန်အတွင်း ကိုသံချောင်းနှင့် ဖိုးခွေးတို့သည် ကျောက်ခဲကုန်းရွာထန်းတဲမှ ထွက်ခွာလာခဲ့ကာ အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားကြတော့သည်။ လောကဓာတ်ကြီးတစ်ခုလုံး အမှောင်ထုက စိုးမိုးသည်ထက် စိုးမိုးလာနေ၏။

(၅)

ယနေ့ လကွယ်ည။ လအလင်းရောင်သည် နတ္ထိမရှိ။ သို့ပေမယ့် မိုးကောင်းကင်မှ ကြယ်စင်အလင်းရောင်များက မှုန်ပျပျ။ မလင်းတလင်း ဝါးတစ်ပြန်အတွင်းမှာ မှုန်ရီဝိုးတဝါး မြင်နိုင်၏။ ဒါတောင် အမှောင်ထဲမှာ မျက်စိအကျင့်ကြာလာပါမှ အနည်းငယ် မြင်ရသည့်သဘော။ ဘေးပတ်ဝန်းကျင်တွင် ငှက်ဆိုးများ ဂီး··ဂီးဆိုသည့် ငှက်ဆိုးထိုးသံများ၊ ညဥ့်ငှက်အော်မြည်သံများ၊ တစ်ခါ,တစ်ခါ ပုစဉ်းရင်ကွဲတို့၏ မြည်သံများကြောင့် ချောက်ချားဖွယ်ဖြစ်နေပြန်၏။ တစ်ချက်,တစ်ချက် သစ်ရွက်များ ကြွေလွင့်သံ၊ လေပြည်နှင့်အတူ တရှဲရှဲလွင့်မြောသွားသော အသံများမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ကိုသံချောင်းတစ်ယောက် အမှောင်ထုအတွင်းသို့ တိုးဝင်၍ သွက်လက်သော ခြေလှမ်းများဖြင့် ရွာသစ်ကြီးရွာဆီသို့ လှမ်းနေ၏။ သူလှမ်းနေသော ခြေလှမ်းများသည်ပင်လျှင် တိမ်စင်တိမ်တိုက်ပေါ်သို့ ပျံတက်နေသည့်အလား သွက်လက်နေ၏။ သူ၏အဖော် လက်စွဲတော် ဖိုးခွေးကတော့ သရက်ချဉ်ရွာမှာ နေရစ်ခဲ့ပြီဖြစ်သည်။ ယခုလောက်ဆိုလျှင် ဆက်ရက်မင်းစည်းစိမ်၊ ဝက်မင်းစည်းစိမ် အပြည့်ခံစားနေလောက်ပေပြီ။ ကိုသံချောင်းသည် သရက်ချဉ်ရွာမှအထွက် မြွေပါးကင်းပါးကို ရှောင်တိမ်းသည့်အနေဖြင့် စလင်း-ဆင်ဖြူကျွန်း လမ်းမကြီးပေါ်မှ လမ်းလျှောက်လျက် အိမ်သို့ ပြန်လာနေခြင်းဖြစ်၏။

လမ်းဘေးဝဲယာတွင်ရှိ ကျိုးတိုးကျဲတဲ တဲအိမ်ငယ်များမှာ မီးခွက်ကလေးများ၊ ဖယောင်းတိုင်များ၊ ပုဏ္ဏစီမှန်မီးအိမ်များနှင့်သာ အလင်းရောင်ကို ဖန်တီးရသောကာလဖြစ်၍ ရွာနှင့် အလှမ်းကွာဝေးသော နေရာများတွင် မီးရောင်ကိုပင် မမြင်ရနိုင်ချေ။

သရက်ချဉ်ရွာပြီးတော့ ပုရပိုက်တန်းရွာ၊ ပုရ... တန်းရွာ ပြီးတော့ ရမ်းဖိုးကုန်းရွာ၊ ရမ်းဖိုးကုန်းရွာ ပြီး... တော့ ချုံနွယ်ပိတ်ပေါင်းထူပြောသော ကပြုပ်ပင်သချိုင်း (ဖားပြုပ်ပင်သင်္ချိုင်း) သင်္ချိုင်းနှင့်ကပ်လျက် ပြိုပျက်... သော ဘုရားငုတ်တိုများကို ကျော်ဖြတ်ရပေဦးမည်။ ... သံချောင်းအဖို့ အဓိကအကျဆုံးနေရာမှာ ဖားပြုပ်... သင်္ချိုင်းနှင့်ကပ်လျက် ဘုရားငုတ်တိုစေတီများကို ... ဖြတ်ပြီးမှ ရွာသစ်ကြီးရွာရှိ သူ့အိမ်သို့ ရောက်ပေ...

ဖားပြုပ်ပင်သင်္ချိုင်းကလည်း နာမည်ကြီး။ ဖားပြု... ပင်သင်္ချိုင်းဟု ခေါ်ဆိုသည်မှာ သင်္ချိုင်းအတွင်းရှိ သ... ပင်ကြီးကို အစွဲပြု၍ ခေါ်ခြင်းဖြစ်၏။ ၎င်းသရက်... အသီးသီးလျှင် ဖားပြုပ်၏ ကျောက်ကုန်းကဲ့သို့ အဖုအ... များဖြင့် သီးလေ့ရှိသော လုံးပုသရက်တစ်မျိုးဖြစ်၏။ ... အချိန်မှ စ၍ ဖားပြုပ်ပင်သင်္ချိုင်းဟု အမည်တွင်ခဲ့ခြင်း... ၏။ ဖားပြုပ်ပင်သင်္ချိုင်းသည် ချုံနွယ်ပိတ်ပေါင်း ထူ... ၏။ မိုးနံ့ပင်ချုံကြီးများ မင်းမူရာ၊ နဘူးနွယ်ချုံကြီး... ကြီးစိုးရာ ဆူးလေဆူးများ ပြန့်ကျဲပေါက်ရောက်ရာ အ... ရနေရာဖြစ်၏။ လူသွားလမ်းသေးသေးလေးမှလွဲလျှင် ... နေရာအားလုံး၌ ဆူးပင်ချုံပင်များအတိသာရှိ၏။

(၆)

ကိုသံချောင်းသည် လမ်းမပေါ် လျှောက်နေ... သင်္ချိုင်းဘက် လမ်းခွဲသို့ဝင်ရန် ရုတ်တရက် ရပ်တန့်... ၏။ ရီဝေနေသော မျက်စိကို အားယူ၍ ကြိုးစား... အမှောင်ထဲမှ ဖားပြုပ်ပင်သင်္ချိုင်းကို အကဲခတ်ကြည့်... လိုက်၏။ ဖားပြုပ်ပင်သင်္ချိုင်းသည် ပကတိတည်ငြိမ်... လျက်။ သရက်ပင်ပင်မြင့်ထက်က ညဥ့်ငှက်တစ်... အတောင်ပံဖြန်းဖြန်းမြည်အောင် ပြင်းပြင်းခတ်၍ ... တစ်ချက်တည်း အော်မြည်ကာ မြောက်ဘက်ဆီသို့ ပျံ... သွား၏။

ကိုသံချောင်း ကြက်သီးမွေးညင်းဖြန်းဖြန်းထသွား... ကြောက်လှသည်တော့မဟုတ်။ ရုတ်တရက်မို့ လန့်... ၏။ ချောက်ချားသွား၏။ ကြယ်ရောင်မှုန်ပျပျထဲမှ လူ... လမ်းကလေးကတော့ ရေးရေးမြင်နေရသေး၏။ ပတ်ဝန်း... ကျင်မှာတော့ မှောင်ပိန်းနေပြီး မည်သည့်အရာကိုမျှ ... ကွဲကွဲ မမြင်နိုင်ချေ။ သို့ပေမယ့် ကိုသံချောင်းက...

www.burmeseclassic.com

www.burmeseclassic.com

က်သီးမွေးညင်းထနေဆဲ။

ဘယ်သို့ပင်ဖြစ်စေ မပြေးသော် ကံရာရှိဆိုသကဲ့သို့ သနေသော မျက်လုံးများသည် အမှောင်ထုထဲတွင် သတိ ကြီးစွာဖြင့် ကြည့်ရှုနေရင်း ပါးစပ်မှလည်း သရဏဂုံများ၊ ဏ်တော်များကို တွတ်တွတ်၊တွတ်တွတ်နှင့် ရွတ်ဆို ရှက်ရှိနေစဉ် 'ဟာ'တစ်လုံးတည်းသော အသံထွက်လိုက် ပြီး မှင်တက်မိသွား၏။ သူ့ရှေ့တည့်တည့် ဘုရားငုတ် တိုများကြားမှ ထွက်လာသော ဖြူဖြူအရောင်ရှိ အရာကြီး တစ်ခုကို မှုန်ပျပျ အမှောင်ထဲတွင် ဝိုးတဝါးမြင်ရ၏။ ဖြည်းဖြည်းနီးကပ်လာကာ ကြီးလာသည်ဟု ထင်ရ၏။ ကလိုဆိုလျှင် ဘုရားငုတ်တိုကြားမှ ထွက်ပေါ်လာသော စ္ဆေလော၊ သရဲလော။ အခြားမည်သည့်အရာနည်း။ ခွဲနိုင်တော့ချေ။

ကိုသံချောင်း နှလုံးခုန်တွေ မြန်လာ၏။ အာတွေ ခြောက်ကပ်လာ၏။ တံတွေးပျစ်လာ၏။ ထိုနီးကပ်လာ သော အမျိုးအမည်မသိ အဖြူရောင်အရာသည် ပိုမိုကြီး ထွားလာသည်ကို မြင်ရသောကြောင့် သတိလစ်မသွား အောင် စိတ်ကိုတင်းထားရ၏။ ဒူးတွေတုန်နေပြီး အားအင် ကုန်ခန်းသလို ခံစားလာရသည်။

သို့သော်လည်း ထိုအဖြူရောင် တစ္ဆေကြီးသည် ရုတ် တရက် အနီးသို့ရောက်ရှိလာပြီး လွှားခနဲ ကိုသံချောင်း၏ ခေါင်းပေါ်မှ ကျော်လွှားသွားလေတော့သည်။ ထိုသို့ကျော် လွှားသွားစဉ် ကိုသံချောင်းတစ်ယောက် စိမ့်ခနဲ အေး သွားသည်ကို ခံစားလိုက်ရ၏။ ကိုသံချောင်းတစ်ယောက် ဆက်လု ပြေးရသော သားကောင်တစ်ကောင်ကဲ့သို့ သံကုန်အော်ဟစ်ရင်း ရွာသစ်ကြီးရွာဆီသို့ ဦးတည်၍ ပြေးလေတော့သည်။

'အောင်မယ်လေးဗျာ၊ အောင်မယ်လေးဗျာ၊ ကယ်.. ကယ်..ကယ်ကြပါ'ဟူသော အသံသည်လည်း လုံးဝ ပါသတော့ဘဲ ဝါး..ဝါး..ဝါး..ဝါးနှင့်သာ ကြားနေရ၏။

ရွာသစ်ကြီးရွာနှင့် ဖားပြုပ်ပင်သင်္ချိုင်းမှာ တကယ် တော့ မဝေးလှ၊ အနီးကလေးသာ။ ဆယ်တောင်ဝါး (၁၅) အပြန်(၂၀)ခန့်သာဝေး၏။ ရွာသစ်ကြီးရွာ သူ့အိမ်ရှေ့ ရောက်တွင် ကိုသံချောင်း မပီသသောအသံဖြင့် မဖြူကို ခေါ်၏။ မဖြူလည်း ကမန်းကတန်း အိမ်ရှေ့တံခါးဖွင့် ပေး၏။

ကိုသံချောင်းမှာ ချွေးများစိုရွှဲနေပြီး တုန်တုန်ယင်ယင် မောဟိုက်နေသော အသံဖြင့်-

'ငါ..ငါ..ငါ့အပေါ်ကို..ငါ့အပေါ်ကို တစ္ဆေကြီး၊ ကျော်..ကျော်..သွားတာ..ကျော်သွားတာ'

ထိုသို့ပြောရင်းမှ ကိုသံချောင်း မျက်ဖြူလန်သွားတော့ သည်။ ပျော့ခွေလဲကျသွားပြီး သတိလစ်သွား၏။

'ကိုသံချောင်း..ကိုသံချောင်း'

မဖြူ လှုပ်၍လှုပ်၍ မေးသော်လည်း စကားမေးမရ။

'အမယ်လေး..လာကြပါဦးတော့်။ ကိုသံချောင်း ဘာဖြစ်သွားမှန်း မသိလို့ပါတော်'

မဖြူ၏ အော်ဟစ်အကူအညီတောင်းသံက တစ်ရွာ လုံး ဖုံးလွှမ်းသွားတော့၏။

လကွယ်ည၏ညဉ့်သည်ကား ပိုး၍ချောက်ချားဖွယ်ရာ အတိနှင့် နိဂုံးချုပ်သည်လား မပြောတတ်။

(၇)

ဆင်ဖြူကျွန်းမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး သည် ထင်ရှားသော သမိုင်းဝင်စေတီတစ်ဆူ ဖြစ်၏။ သမိုင်းဝင်စေတီတော်ကြီး၏ မြောက်ဘက်နားတွင် ရှေး ခေတ်က ရွာဟောင်းကုန်းဟုခေါ်သော ရွာတစ်ရွာရှိ၏။ ထိုရွာဟောင်းရွာတွင် နန်းတွင်းသမားတော်ကြီးများ၏ အနွယ်တော်များ၊ မင်းညီမင်းသား၊ မင်းမှုထမ်းအနွယ် တော်များ ရှိလေ၏။ မူလက မိသားစုလေးငါးဆယ်စုခန့် သာ ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်များသည် ဆုတောင်းပြည့်ဘုရား ကြီး၏ ဝေယျာဝစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ခေါင်း လောင်းထိုးလှူခဲ့သော ကျွန်သီးတော် (ခေါ်) သီးခြား ဘုရားကျွန်များအဖြစ် ရှိခဲ့လေသည်။ အမှန်စင်စစ် သူ တောင်းစားများမဟုတ်ချေ။ ဝတ်ဖြူစင်ကြယ်သာ ဝတ် ကြပြီး ဘုရားကြီး၏ လိုအပ်ချက်ကိစ္စများကိုသာ ဆောင် ရွက်ရသော ပုဂ္ဂိုလ်များဖြစ်၏။ ထို့အပြင် ဘုရင့်ဘဏ္ဍာ တော်မှ ထုတ်နုတ်၍ ဘုရင်ကိုယ်တိုင် ထောက်ပံ့ရသော ပုဂ္ဂိုလ်ဖြစ်ပြီး သဿမေအခွန်များ ပေးဆောင်ရန် မလို ချေ။

ထိုရွာဟောင်းရွာတွင် သမားတော်မျိုးဆက်သစ် ဆရာ ကြီး ဆရာထွေးသည် မြန်မာဆေးတွင် အကျော်အမော်ဖြစ် ၏။ ဆေးကုသွားရာတွင် အနည်းငယ်ကွာလှမ်းပါက မြင်း စီး၍ ဆေးကုသွားလေ့ရှိ၏။ ဆရာထွေး၏ ပုံသဏ္ဌာန်ကား



www.burmeseclassic.com

www.burmeseclassic.com

ဘောင်းဘီအပွဂျုံချုံ လောက်သားလွှမ် သည်။ ညနေတိုင်းဆိုလှိုင်လိုက်ရ ည့်ကာလများမှာ မြင်းလှည်းမှာ

သျှောင်တစောင်းနှင့် အသားဖြူဖြူ ဝဝပုပု ရုပ်လက်ရှည် အင်္ကျီအဖြူလည်ကတုံး(စတစ်ကော်လာ)ကိုသာ ဝတ်ဆင်၍ အပေါ်ဖုံးအင်္ကျီ တိုက်ပုံအင်္ကျီ ဝတ်ဆင်လေ့ရှိ၏။ ဦးခေါင်းသျှောင်တစောင်းကို ရုပ်ပန်းထည်ပိုးသား တဘက်ရှည်ဖြင့် ပေါင်းထားလေ့ရှိပြီး အလွန်သပ်သပ်ရပ်ရပ် ခန့်ခန့်သန့်သန့် နေထိုင်သူဖြစ်၏။

ယနေ့ညနေပိုင်းတွင် မြင်းစီး၍ ဆေးကုသွားရာ အချိန် အတော်လေးလင့်နေပြီဖြစ်၍ ဆရာထွေး၏ဇနီးသည် တဗျစ်တောက်တောက်နှင့်-

'တကတည်းတော်··ဆေးကုသွားတာ။ ညဥ့်တောင် အတော်နက်နေပြီ။ ခုထိ ပြန်မလာနိုင်သေးဘူး'

အိမ်ထဲရှိ ပုဏ္ဏစီမှန်မီးအိမ်တစ်လုံးလင်းလျက် ပွဲဈေးရောင်း ရေနံဆီမီးခွက်ကြီးတစ်လုံးကလည်း ထွန်းညှိထားလျက်ရှိ၏။ (ယခုခေတ်ကဲ့သို့ လျှပ်စစ်သုံးစွဲနိုင်ခြင်း မရှိသေးချေ။)

ထိုစဉ် ရွာလယ်လမ်း အရှေ့ထိပ်ဖျားဆီက မြင်းဟီသံ ကြားရ၍-

'သမီးရေ··သမီးတို့အဖေကြီး ပြန်လာပြီထင်တယ်။ မြင်းဟည်းသံက အိမ်က မြင်းကြီးအသံနဲ့ တူတယ်အေ့'

'ဟုတ်တယ် အမေရေ၊ ဟုတ်တယ်'

သမီးဖြစ်သူ၏ ပြန်လည်ဖြေကြားသံကို ကြားလိုက်ရ၏။

ဆရာထွေး၏ဇနီးသည် အိမ်ရှေ့တံခါးဖွင့်၍ ဆရာထွေးကို ထွက်ကြိုရင်း တံခါးတိုင်အနီး မီးခွက်ကိုကိုင်ကာ သားအမိနှစ်ယောက် စောင့်မျှော်နေစဉ် ဆရာထွေး ရောက်ရှိလာပြီး မြင်းပေါ်မှ ဆင်းလိုက်၏။

မြင်းဇက်ကြိုးကို သမီးအား ပေးလိုက်ပြီး-

'သမီးရေ··မြင်းကို ဇောင်းထဲသွင်းပြီး အစာကျွေးထားလိုက်ဦးနော်'

'ဟုတ်ကဲ့'ဟု ဖြေဆိုလိုက်ပြီး မြင်းကို ဆွဲခေါ်သွားတော့၏။

'ကဲ··ကလေးတို့ အမေကြီးရေ၊ ငါ့ကို နည်းနည်းလေး တွဲပါဦး'

'ဟောတော့။ တော် ဘာတွေဖြစ်လာပြန်တုံး'ဟုပြောရင်း ဆရာထွေးကို တွဲခေါ်လိုက်သည်။

'ငါ့ကို ဓါးဝတ်ဆံနဲ့ဖော်ထားတဲ့ တိုင်းရင်းအမှတ်(၁၅)

သည်းခြေဆေး တစ်ခါစား မြန်မြန်ပေးစမ်းပါအေ

ဆရာထွေး တစ်စုံတစ်ခု ဖြစ်လာသည်ကို ဆရာ ၏ဇနီးက တွေးမိ၏။ ထို့ကြောင့် အခွင့်အခါကို မေးရမည်ကို သဘောပေါက်၏။ ဆရာထွေးသည် သည်များထိုင်ရန် ထားရှိသောစားပွဲနှင့် တန်းလျားတွင် ၍ ရေနွေးတစ်ခွက်ကို အမြန်ငှဲ့ကာ ဇနီးသည်ပေး သည်းခြေဆေးကို သောက်လိုက်၏။ ဆရာထွေး များ တုန်ယင်နေသည်ကို ပုဏ္ဏစီမီးအိမ် မီးရောင်အော တွင် မြင်နေရ၏။

'ဘယ်လိုဖြစ်လာရတာတုံး ကလေးတို့ အဖေကြီး

ဤသို့ မေးလိုက်သောအခါ ဆရာထွေးက-

'ဒီလိုဟေ့၊ ငါ တစ်သက်နဲ့တစ်ကိုယ် တခွေ တာ မတွေ့ခဲ့ဖူးဘူး။ ဒီနေ့ ငါ့ကို သရဲခြောက် ကိုယ်တွေ့ပဲ'

'ဘယ်သွားလို့ ဘယ်ကခြောက်လိုက်တာတုန်း

'အေး··ရွာသစ်ကြီးရွာက ဆေးကုအပြန် ပင်သချိုင်းကုန်း ဘုရားပျက်တွေနားကဟေ့။ မည်းမည်း,မည်းမည်းနဲ့ ငါ့ဆီကို တိုးလာတာမြင် ကြောက်အားလန့်အားနဲ့ မြင်းကို ကြိမ်နဲ့တို့ပြီး ဒုန်း ပြေးခဲ့ရတာ။ သရဲအသံကတော့ ကြောက်စရာအ ပဲ။ ဝါး··ဟား··ဝါး··ဝါးဆိုတဲ့ အသံဝါကြီးနဲ့ လေရဲ့။ ငါလည်း ဒိတ်ဒိတ်··ဒိတ်ဒိတ်နဲ့ ရင်တုန် ခုထက်ထိတောင်ပဲဟေ့'

'ဘာတဲ့··ခုနက တော်ပြောတဲ့ သချိုင်းဟာ

'သြော်··ဖားပြုပ်ပင်သချိုင်းပါဆို'

ဆရာထွေးအသံက တစ်အိမ်လုံး လွှမ်းမိုးသွ ပတ်ဝန်းကျင်ကား တိတ်ဆိတ်လျက်။

(၈)

စလင်း-ဆင်ဖြူကျွန်း လမ်းမပေါ်တွင် ခရီး ကျယ်ဆုံးနှင့် အဓိကအားအကိုးရဆုံးမှာ မြင်းလှ သာဖြစ်၏။ ကားဆိုသည်မှာ တစ်နေကုန်မှ ခန့်သာ ဖြတ်သွားဖြတ်လာရှိ၏။ (ယခုခေတ်လို တက်မှု မရှိသေးချေ။)

ဆင်ဖြူကျွန်းမြင်းလှည်းလောကတွင် ဘကြီး မသိသူ မရှိသလောက်ပင်။ ဘကြီးခင်သည် အ အဖွဲ့များတွင် မင်းသားလတ်အဖြစ် ကပြအသုံး



www.burmeseclassic.com

www.burmeseclassic.com

အနားယူခဲ့ပြီးနောက် စားဝတ်နေရေးအတွက် မြင်းလှည်းမောင်းရင်း ဘဝကို ထိန်းကျောင်းခဲ့သူဖြစ်သည်။ သူ၏မြင်းလှည်းဆိုလျှင် စီးချင်သူ များလှ၏။ ဆင်ဖြူကျွန်းမှ စလင်းသို့ရောက်သည့်တိုင် မြင်းလှည်းပေါ် ဇာတ်ခင်း၊ ဇာတ်သဘင်စာများရွတ်ရင်း ကွက်စိပ်ပြောရင်း၊ ဟာသုတမျိုးစုံပြောရင်း စလင်းမြို့သို့ ရောက်မှန်းမသိ ရောက်သွား၏။ တစ်ချက်ကလေးမှ ပျင်းစရာမရှိ။ သူ မြင်းလှည်းမောင်းပုံကလည်း ညင်သာလှ၏။

နံနက်ပိုင်း စလင်းသို့ တစ်ခေါက်သွားပြီး (၁၂)နာရီ ထိုးမီပြန်၏။ ညနေပိုင်းတွင်မူ ခရီးဝေးမမောင်း။ မြင်းက ဝယ်ရင်း အခေါက်တိုလိုက်၏။ ဘကြီးခင်၏ပုံစံက ကျောင်းတစောင်း၊ ပန်းနုရောင်ခေါင်းပေါင်းနှင့် ရှပ်လက်ရှည် လည်ကတုံးတွင် ရွှေကြယ်သီးကြိုးတပ်လျက် မင်းသားဂိုက်။

ယခုလည်း ဘကြီးခင် မြင်းစာဝယ်အပြန်ကို စောင့်မျှော်နေသော အမျိုးသမီးသုံးယောက်တစ်သိုက်သည် ရွာသစ်ကြီးက ကိုသံချောင်း၏ ကျန်းမာရေးအတွက် ဆရာထံသွားရန် လမ်းမမှ စောင့်နေကြသည်။ ဘကြီးခင် မြင်းလှည်းရောက်လာသောအခါ အားလုံးသည် မြင်းလှည်းပေါ်တက်၍ ဆုတောင်းပြည့်ဘုရားကြီး၏မြောက်ဘက် ရွာဟောင်းရွာရှိ သမားတော်ဆရာထွေးအိမ်သို့ ပို့ဆောင်ပေးရန် ပြောကြားပြီး လိုက်ပါလာကြ၏။

ရွာသစ်ကြီးရွာအထွက်မှ ဆင်ဖြူကျွန်းမြို့ဘက်ဆီသို့ သွားသောလမ်းပေါ်တွင် လိမ့်၍ပြေးလျက်ရှိသော မြင်းလှည်းဘီး၏ ဒေါက်ဆန်ကို ကြိမ်ခေါင်းနှင့်တိုက်၍ ဒေါက် ဒေါက်··ဒေါက်ဒေါက်မြည်အောင် ဒေါက်ခြစ်အသံပေးကာ လမ်းပေါ်ရှိ အခြားမြင်းလှည်းယာဉ်များကို ရှောင်တိမ်းကျော်ဖြတ်၍ ခရီးနှင်လျက်ရှိ၏။

ဆုတောင်းပြည့်ဘုရားကြီးမြောက်ဘက် ရွာဟောင်းရွာထဲသို့ဝင်၍ ဆရာထွေး အိမ်ရှေ့သို့ရောက်လျှင် မြင်းကို ရပ်သတ်လိုက်၏။

'ကဲ··သမီးတို့ရောက်ပြီ။ ဟောဒါ ဆရာထွေးအိမ်ပဲ'

ဘကြီးခင်က အမျိုးသမီးငယ်တို့အား ပြောလိုက်သည်။ အမျိုးသမီးတစ်သိုက်လည်း ဆရာထွေးအိမ်ထဲသို့ တန်းတန်းမတ်မတ်ဝင်သွားပြီး အမျိုးသမီးများထဲမှ ကိုသံချောင်း၏ဇနီး မဖြူသည် ဆရာထွေးအား နှုတ်ဆက်လိုက်၏။ မဖြူသည် ဆရာထွေးအား ယခင်ကတည်းက သိကျွမ်း၏။

မြင်းလှည်းဆရာ ဘကြီးခင်ကတော့ အိမ်ပြင်ဘက်မှ စောင့်လျက်။

မဖြူက သမားတော်ကြီး ဆရာထွေးအား-

'ဆရာ··ဆရာ့တပည့် ကိုသံချောင်း အပြင်းဖျားပြီး ကယောင်ချောက်ချားတွေ အော်အော်နေတယ်။ ကျောက်ခဲကုန်းကအပြန် ဖားပြုပ်ပင်သင်္ချိုင်း ဘုရားပျက်တွေနားမှာ တစ္ဆေခြောက်ခံရကတည်းက လန့်ပြီးဖြစ်တာ ဆရာရေ'

'ဟေ··'

ဆရာထွေး မျက်လုံးပြူးသွား၏။ ပို၍လည်း စိတ်ဝင်စားလာ၏။ ဆက်လက်၍-

'အင်း··ဒီသင်္ချိုင်းကလည်း သရဲတစ္ဆေခြောက်တယ်လို့ လူပြောသူပြော များလာပြီ။ အေး··ဒီတော့ လိုရင်းက ဆရာလာပင့်တယ် ဆိုပါတော့'

'ဟုတ်ကဲ့ပါဆရာ။ ပြီးတော့ ဟောဒီ ဘကြီးခင်မြင်းလှည်းနဲ့ နေ့တိုင်းကြွခဲ့ပါဆရာ။ လူနာအခြေအနေက ဆရာရောက်တော့ သိမှာပါ'ဟု မဖြူက ပြောလိုက်ပြီး ဆရာ့ကို နှုတ်ဆက်ကာ ပြန်သွားကြတော့၏။

'အေး··အေး··အေး'

လေးတွဲတွဲအသံဖြင့် သက်ပြင်းကြီးချကာ ဟိုနေ့က



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့ရသော ဖားပြုပ်ပင်သချိုင်းက နာနာဘာဝသည် တစ္ဆေလော၊ သရဲလော၊ (သို့မဟုတ်) အခြားဝေမာနိက ပြိတ္တာများလော စသည့်အတွေးများဖြင့် စဉ်းစားတွေးတော ရင်း ငေးမောကျန်ရစ်ခဲ့တော့သည်။

(၉)

နေစွယ်ကျိုးစ ညနေစောင်းအချိန်ကလေးတွင် ဆင်ဖြူကျွန်းမြို့အတွက် လမ်းမကြီးပေါ်တင် မြင်းလှည်းတစ်စီး မောင်းနှင်လျက်ရှိသည်။ မြင်းလှည်းပေါ်တွင် ဆေးဆရာဟု ယူဆရသော သျှောင်တစောင်းနှင့် ပိုးသားတိုက်ပုံအင်္ကျီအဖြူ ဝတ်ဆင်ထားပြီး ပန်းနုရောင်ပဝါရှည် ခေါင်းပေါင်းထားသော ပုဂ္ဂိုလ်တစ်ယောက် ရှိလေ၏။ ထိုမြင်းလှည်းသည် နေ့စဉ်နေ့တိုင်း ရွာသစ်ကြီးရွာထဲသို့ ချိုးဝင်သွားပြီး အိမ်တစ်အိမ်ရှေ့၌ ရပ်လေ့ရှိ၏။ အိမ်ရှင်များကလည်း နေ့စဉ်နေ့တိုင်းထွက်၍ ခရီးဦးကြိုပြုကြပြီး ဆေးဆရာဟု ယူဆရသော ပုဂ္ဂိုလ်၏ ဆေးသေတ္တာကိုကိုင်၍ နောက်မှ ရိုကျိုးစွာ လိုက်ပါလာကြ၏။ ဤကဲ့သို့ ခရီးဦးကြိုပြုလာခဲ့ရသည်မှာလည်း ယနေ့ဆိုလျှင် ဆယ်ရက်ခန့် ရှိပြီဖြစ်သည်။

'ကြွပါဆရာ၊ ကြွပါ။ အိမ်ပေါ်ကိုကြွပါ ဆရာ'

အိမ်မှာ မြေစိုက်သုံးပင်အိမ်လေးဖြစ်၏။ အိမ်ပေါ်သို့ ရောက်သော် ဆရာထိုင်ဖို့ရာ ခေါက်ချိုးစောင်ခေါက်ထားပြီး ရေနွေးပွဲနှင့် ရေနွေးမြည်း လက်ဖက်ပဲကြော်ဖြင့် အဆင်သင့်ပြုလုပ်ထား၏။ လူနာကတော့ တုံးလုံးလဲလျက်ရှိ၏။ ဆရာသည် အိမ်ပေါ် ရောက်ရှိလာပြီး လူနာအနီးရှိ ခေါက်ချိုးစောင်ပေါ်တွင်ထိုင်ကာ လူနာကိုသံချောင်း၏ လက်ကို မြန်မာသမားတော်များ သွေးစမ်းသည့်နည်း အတိုင်း သွေးစမ်းကြည့်၏။

ကျေနပ်နှစ်သက်သော အပြုံးဖြင့် -

'ကိုင်း..မောင်သံချောင်း၊ မင်းရောဂါ တော်တော်သက်သာပြီပဲ။ သွေးလှည့်ပတ်မှုကလည်း ပုံမှန်။ ကိုယ်ငွေ့ကလည်းကောင်း၊ ပါစက ဝမ်းမီးကလည်း တောက်စပြုနေပြီကွ'

မှန်ပေသည်။ သမားတော်ဆရာထွေး၏ ဆေးချက်ကလည်းမှန်၊ ဆေးဝါးကလည်းကောင်း၊ ဇနီးသည်မဖြူ၏ ပြုစုအားပေးမှုကလည်း စေ့စပ်သေချာ စသောအချက်များကြောင့် ဆယ်ရက်အတွင်း ထူထူထောင်ထောင် ဖြစ်လာသည်။

ဆရာထွေးသည် တစ်စုံတစ်ရာကို အလေး… မျက်မှောင်ကြုတ်၍စဉ်းစားပြီး သိလိုစိတ်ဖြင့် စူးစ…၏။

'နေပါဦးကွ မောင်သံချောင်းရ။ မင်း တစ္ဆေ… ခံရတဲ့နေ့က ဘယ်နေ့တုန်းကွ'

'ပြီးခဲ့တဲ့ လကွယ်နေ့ညကပါ ဆရာ'

'ဟေ..အေး၊ ဟုတ်ပြီ။ ည ဘယ်အချိန်… ရှိသလဲဟေ့'

'အာ..ဆရာကလည်း၊ ကိုးနာရီခွဲသာသာ ဆယ်… လောက် ရှိပြီထင်တယ် ဆရာရဲ့'

'အေး..ဟုတ်ပြီ။ မင်းက ဘယ်ကလာလို့ … ဖြစ်တာတုံးဆိုတာ ဆရာ့ကို စေ့စေ့စပ်စပ်ပြောစမ်း…'

'ဒီလိုဆရာရေ၊ ကျောက်ခဲကုန်းကအပြန် … သ…ချည်ရွာမှာ ထားခဲ့ပြီး ကျွန်တော်က လမ်း… အတိုင်း ပြန်လာခဲ့တာ ဖားပြုပ်ပင်သချိုင်းနားရောက်… ရွာဘက်ကိုချိုးပြီး ကွေ့ဝင်လိုက်တယ်။ ညက… မှောင်ပိန်းလို့။ သချိုင်းကုန်းနားက ဘုရားငုတ်တို… ရောက်တော့ ဘုရားမြောက်ဘက်က ဖြူဖြူကြီး … တော့တာပဲ။ တဖြည်းဖြည်း နီးလာပြီး ကြီးကြီးလာ… ကျွန်တော်လည်း တတ်သမျှ မှတ်သမျှ ဘုရားစာ… ရင်း ကြောက်ကြောက်နဲ့ မျက်စိမှိတ် ငုတ်တုတ်… လိုက်တယ်။ အဲဒီအချိန်မှာ တစ္ဆေကြီးဟာ ကျွန်… ခေါင်းပေါ်ကနေ လွှားခနဲကျော်သွားတော့တာပဲ ဆ…'

'ဟေ..အေး..လကွယ်ည ကိုးနာရီခွဲ ဆယ်… ကြား။ မင်းက တောင်အရပ်ကလာတာ။ ဟုတ်ပြီ … ပြီ။ သေချာပါပြီ'

ဆရာထွေး၏မျက်နှာသည် အရာအားလုံးကို … စပ်တွေးခေါ်မိသွားပြီး ပြုံးရွှင်ဝင်းပသွား၏။

'မောင်သံချောင်းရေ၊ မနက်ဖြန် မင်းခေါင်းပေါ်… သွားတဲ့တစ္ဆေကို ဆရာကိုယ်တိုင် ဖမ်းလာခဲ့မယ်'

'ခင်ဗျာ'

ကိုသံချောင်း အံ့သြတုန်လှုပ်စွာဖြင့် -

'ခင်ဗျာမနေနဲ့။ တစ္ဆေတို့၊ သရဲတို့၊ နာနာဘာ… တာ ကြောက်စရာ မဟုတ်ပါဘူးကွာ'

ကိုသံချောင်းနှင့် အိမ်ပေါ်ရှိ ဧည့်သည်များ…



www.burmeseclassic.com

www.burmeseclassic.com

ါးစပ်အပေါင်းသားနှင့် အံ့သြလျက်ရှိနေစဉ်-

'ကိုင်း..ဆရာပြန်မယ်ဟေ့။ မနက်ဖြန် ညနေသုံးနာရီကျတော့ ဆရာဖမ်းလာတဲ့တစ္ဆေကို ကြည့်ဖို့သာ ပြင်ထားဟေ့'

ဆရာထွေး နှုတ်ဆက်ပြီး ဦးဘခင်မြင်းလှည်းဖြင့် ပြန်ကြွသွား၏။

အနောက်ဘက် နမတောင်(နတ်မတောင်)ပေါ်က နေ ဝန်းနီကြီး၏ ညနေဆည်းဆာအလှတရားတွင် တိမ်မင်ခိုးတို့ ယှက်သန်းပျော်ဝင်လျက် တောက်ပနေဆဲ။

(၁၀)

နေက စောင်းစပြုပြီ။ စောစောတုန်းကလောက် မပူတော့။ တိမ်တောင်ဆိုက်နေသဖြင့် အပူလျော့သွားဟန်တူ၏။ သုံးနာရီလည်းထိုးပြီးပြီ။ ကိုသံချောင်း၏အိမ်ထဲတွင် ကလေးသူငယ်များ၊ အမျိုးသမီးငယ်များ၊ အချို့ အသက်ကြီးကြီး မိန်းမများနှင့် လူကြီးများလည်း ရောက်ရှိနေရာယူလျက် ရှိကြ၏။ ဤသို့ လူစုရခြင်းအကြောင်းမှာ သမားတော်ဆရာထွေးသည် ကိုသံချောင်းခေါင်းပေါ်မှ ကျော်ဖြတ်သွားသော တစ္ဆေကို ဖမ်းဆီးခေါ်ဆောင်လာပြီး အားလုံးရှေ့မှောက်၌ ပြသမည် ဖြစ်သောကြောင့်ပင်။

အချို့မှာလည်း ကြောက်၍ တံခါးဝနားနီးနီး နေရာယူထားကြ၏။ လူများစုံသလောက် စကားများလည်း ညံနေကြ၏။ ထိုစဉ်-

'ဟော..ဆရာလာပြီတော့'

အိမ်ပေါက်ဝမှ အမျိုးသမီးတစ်ဦးက အသံပြုလိုက်၏။ နောက် အမျိုးသမီးတစ်ယောက်ကလည်း-

'ဟင်..ဆရာကြီးက ကနေ့ မြင်းလှည်းနဲ့ကြွလာတာ မဟုတ်ဘူးတော့'

မှန်ပေသည်။ ဆရာထွေးသည် ဆေးကုရာ၌ ခရီးလှမ်းဝေးလျှင် စီးလေ့ရှိသော မြင်းကြီးကိုစီး၍ လာခြင်းဖြစ်သည်။ ဆရာထွေး စီးသည့်မြင်းသည် တစ်လှမ်းချင်းလှမ်း၍လာနေ၏။ အိမ်ပေါက်ဝအရောက်တွင်ရပ်ပြီး ဆရာထွေးသည် မြင်းပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ ဇက်ကြိုးကိုဆွဲ၍ အိမ်ရှေ့ မန်ကျည်းပင်ကိုင်းတစ်ခုတွင် ချည်နှောင်လိုက်၏။

ဆရာထွေးအား မဖြူနှင့်အတူ အချို့ဧည့်သည်များကလည်း ဆီးကြိုပြီး-

'ဆရာ..အိမ်ပေါ် ကြွပါဆရာ။ ရေနွေးလည်း အဆင်သင့်ပါပဲ ဆရာ'

ဆရာထွေးသည် တစ်ဖက်ရပ်သုံးပင်တဲ့အိမ်ရှေ့ ကြမ်းပြင်ပေါ်သို့ တက်လိုက်၏။ အိမ်ပေါ်တွင်လည်း လူများပြည့်ကျပ်နေ၏။ စောစောက ဆူညံနေသော ကလေးသံ၊ လူကြီးသံများအားလုံး တိတ်ဆိတ်သွား၏။

ဆရာထွေးသည် လူနာကိုသံချောင်းကို စေ့စပ်သေချာစွာ စစ်ဆေးပြီး-

'ကဲ..မောင်သံချောင်း၊ ကျန်းမာရေးကတော့ အားလုံးအခြေအနေကောင်းသွားပြီ။ ပုံမှန်ပဲ။ အဲ..အားရှိဖို့ကတော့ အားရှိတဲ့ အစားအစာတွေ ဖီးကြမ်းငှက်ပျောသီးတို့၊ ပျားရည်တို့၊ နွားနို့တို့၊ ထောပတ်တို့ စားပေါ့။ ဟုတ်လား'

ကိုသံချောင်း၏ဇနီး မဖြူ၏ရင်ထဲတွင် 'အင်း..ကိုသံချောင်းနေကောင်းမှ စပါးတွေကလည်း စည့်(စပါးကျီ)ထဲ မရောက်သေးဘူး'ဟူ၍ ရှိနေသည်ကို မျက်နှာတွင် မြင်တွေ့နေရ၏။

ဆရာထွေး၏ စကားအဆုံးတွင်-

'ဟုတ်ကဲ့ဆရာ၊ ဒါထက် ဆရာပြောတဲ့ တစ္ဆေဖမ်းခဲ့မယ်ဆိုတာ'

'သြော်..ဒါလား၊ တစ္ဆေကို ပြပါ့မယ်'ဟု ပြောလိုက်၏။ ဆက်လက်၍-

'မောင်သံချောင်း သေသေချာချာ နားထောင်ဟေ့'

'ဟုတ်ကဲ့'

'ဒီလိုကွ၊ လကွယ်ည ကိုးနာရီခွဲ ဆယ်နာရီလောက်က မင်းက တောင်ကအလာ ဖားပြုပ်ပင်သချိုင်းနားက ဘုရားငုတ်တိုနားရောက်တော့ ငါကလည်း မြောက်ကအလာ မည်းမည်း၊မည်းမည်းနဲ့ သရဲတစ်ကောင်တွေ့ရောဟေ့။ ငါကလည်း တစ်သက်နဲ့တစ်ကိုယ် ဒီလိုမတွေ့ဖူးဘူး။ အမှတ်တမဲ့ဆိုတော့ ငါလည်း လန့်သွားပြီး မြင်းကို ကြိမ်နဲ့တို့ ဒုန်းစိုင်းစီးပြေးခဲ့တာ။ တခြားမဟုတ်ဘူးကွ။ မင်းရဲ့ခေါင်းပေါ်က လွှားခနဲကျော်ဖြတ်သွားတဲ့ သရဲဟာ'

'ဟို..မန်ကျည်းပင်မှာချည်ထားတဲ့ ငါ့ရဲ့မြင်းဖြူကြီးပဲဟေ့'

'ဗျာ'

'အဲဒီနေ့က မင်းနဲ့ငါ နှစ်ယောက်တွေ့ခဲ့တာပဲဟေ့။


www.burmeseclassic.com

www.burmeseclassic.com

ငါ့မြင်းဖြူကြီးကို မင်းက တစ္ဆေမှတ်၊ ငါကလည်း မည်းမည်း၊မည်းမည်းနဲ့ မှုးပြီးပြန်လာတဲ့မင်းကို သရဲမှတ်ပြီး ငါလည်း မြင်းဒုန်းစိုင်းစီးပြေး၊ မင်းကလည်း ငါ့မြင်းဖြူကြီးကို တစ္ဆေထင်ပြီး ရွာထဲ ကြောက်အားလန့်အားနဲ့ပြေး အဲဒီလို ဖြစ်ကြတာဟေ့။ သိပြီလား'

သည်းထိတ်ရင်ဖို ဇာတ်ကားတစ်ကားကို ကြည့်နေရသလို ငြိမ်သက်နေသော ရွာသူရွာသားများသည် ဖြစ်ကြောင်းရယ်တဲ့မှကုန်စင် သိလိုက်ရသောအခါ စကားပြောသံများ၊ အသံဗလံများ ဆူညံလာပြီး ဟိုနားကတစ်မျိုး၊ ဒီနားကတစ်ဖုံ၊ တစ်ယောက်ကတစ်မျိုး ပြောဆိုကြရင်း ထပြန်ကြ၏။

လူအုပ်ထဲမှ ကလေးအမေတစ်ယောက် အသံကျယ်ကျယ်ဖြင့် ပြောလိုက်ပုံမှာ-

'ဘာမှမဟုတ်ပါဘူးအေ။ တစ္ဆေဖမ်းလာမယ်ဆိုလို့ လာကြည့်ပါတယ်။ စပ်စပ်တော့ ကိုသံချောင်းခေါင်းပေါ် ကျော်သွားတာ တစ္ဆေသရဲမဟုတ်ဘဲ မြင်းဖြူကြီး ဆိုပါကောအေ့'

အားလုံးသော ရွာသူရွာသားများသည် ကိုသံချောင်း တစ္ဆေဟု ထင်ခဲ့သော မြင်းဖြူကြီးကိုကြည့်၍ အချို့က လည်း ပြုံးစိစိနှင့်။

'ဩော်..တစ္ဆေဖြူဆိုတာ ဒါပါလား'

မြီးကောင်ပေါက် အပျိုဖြန်းမကလေး တစ်သိုက်က မြင်းကြီးကို လက်ညှိုးထိုး၍ ပြုံးဖြီးဖြီးနှင့် ကိုသံချောင်း အိမ်ကို ကျောခိုင်းလျက် ရွာထဲဆီသို့..။

(၁၁)

ဆုတောင်းပြည့်ဘုရားကြီး၏မြောက်ဘက်ရွာဟောင်း ရွာထဲရှိ သမားတော်မျိုးဆက် ဆရာထွေးသည် ယနေ့အဖို့ ဆေးကုရာမှ စောစီးစွာ ပြန်ရောက်ရှိနေ၏။ ဆရာထွေး၏ အနီးတန်းလျားပေါ်တွင် ကန်တော့ခံ ငှက်ပျောခိုင်တစ်ခိုင် ဆန်ရှစ်ပြည်အိတ် တစ်အိတ်နှင့် မုန့်ထုပ်များ ပြည့်နေသည်။

ဆရာထွေး၏ဇနီးသည် ဈေးမှအပြန် အိမ်ပေါက်ဝကပင် ဆရာထွေးကို မြင်သောကြောင့်-

'ကလေးတို့အဖေကြီး၊ ဘယ့်နှယ် ကနေ့ အစောကြီး ပြန်ရောက်လာတာတုံး။ ဆေးကုသွားတာ အဆင်မပြေဖြစ်ခဲ့လို့များလား။ ဒါမှမဟုတ် ကျန်းမာရေးမကောင်းလို့လား' စိုးရိမ်စိတ်ဖြင့် မေးလိုက်၏။

'အို..မင်းကလည်း ကောင်းသမှ အားလုံးကော ဗျာ'

ဆရာထွေး စကားမဆုံးမီ ဆရာကတော်က-

'ဒါဖြင့်'

'ဟိုတစ်ခါ ငါသရဲခြောက်ခံရတယ်ဆိုတာ မှ လား။ အဲဒီသရဲခြောက်ခံရတယ်ဆိုတာ တခြားမဟုတ် ဗျာ။ ငါ အခု ဆေးကုနေတဲ့ ကလေးနဲ့ သချိုင်း အမှောင်ကြီးထဲမှာ သူက ငါ့မြင်းကို တစ္ဆေထင် သူ့ကို သရဲမှတ်ပြီး ကြောက်ကြောက်နဲ့ မြင်းကို တို့ ဒုန်းစီးပြန်လာတာ။ အိမ်ကမြင်းကလည်း သိတဲ့ ပဲ။ ကြိမ်နဲ့ တို့လိုက်ကတော့ ရှေ့မြင်သမျှကို လွှားခဲ့ ပြေးနေကျလေ'

'အဲဒီတော့'

ဆရာကတော်က စကားကို ဝင်ထောက်လိုက်

'အဲဒီအကြောင်းကို အကြောင်းစုံ ရှင်းပြလိုက် အားလုံး သံသယတွေရှင်းပြီး ကြောက်တာလန့်တာ တစ်ခါတည်း ယူပစ်သလို အမြစ်ပြတ်ပျောက်သွား တာပေါ့ကွာ။ ကြံကြံဖန်ဖန် ဆရာရယ်..တိုက်မှတို လွန်းတယ်။ ခုလို ဆရာရှင်းပြတော့ အစွဲအလမ်း သွားတာပေါ့ ဆရာရယ်။ ကျေးဇူးတင်လိုက်တာ၊ တင်လိုက်တာ ဆရာရယ်နဲ့ ဆရာချင်း ထွေးနေ

'အောင်မယ်..အောင်မယ်..တော်က သူများ ပြောလို့။ အဲဒီနေ့က တော်လည်း ပြန်လာတော့ ပြီး တုန်တုန်ယင်ယင်နဲ့ ချွေးတွေပြန်လို့။ ငါ သရဲ ခံရလို့ဆိုပြီး သွေးဆေးတွေဘာတွေ တောင်းသော တိုက်လိုက်ရသေးတယ်လေ။ ကိုယ့်ဘက်ကဖြစ် တော့ သူတို့ ပြောမပြခဲ့ဘူးလား'

'ဩော်..မင်းကလည်းကွာ၊ ဒါကတော့ ဟဲ.. ဟဲ'

ဆရာထွေး ရယ်မောရင်းဖြင့်-

'မင်းယောကျာ်းက ဘာလဲ ဆရာလေ။ မှ ဆရာဆိုတာ တစ်ကွက်တော့ချန်စမြဲပဲ။ ဒါမျိုးတော့ ပြောလိမ့်မလဲကွာ။ ဟဲ..ဟဲ..ဟဲ..ဟဲ'


ဆရာထွေးသည် မပွင့်တပွင့် အပြုံးကလေး

မောင်ဒဿန(ဆင်ဖြူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မသက်မသာ ခံစားနေရတဲ့သူ့ကို ကျွန်တော်ကြည့်ရင်း သူ့ရဲ့ အတိတ်အကြောင်းတွေကို ပြန်လည်တွေးတောရင်း မြင်ယောင်နေမိသည်။

သူသည် တကယ်တော့ အကြင်နာတရားတွေ စာနာတရားတွေအပြည့်နဲ့ လူသားတစ်ဦး ဖြစ်ခဲ့သည်။ သူ့ကို နှလုံးသားလှတဲ့သူဟူ၍ အားလုံးက သိထားကြသည်။

# ဖျာပုံ ရှုညီလွှင်မေအောင်

# ဝဋ်ကြွေးသင့်ချိန်



www.burmeseclassic.com

ဟုတ်သည်။ သူကလည်း တကယ့်ကို နှလုံးသားလှတဲ့နေရာမှာ စံပြစံပြုလောက်အောင်ကို ထင်ရှားခဲ့သူဖြစ်သည်။ အတန်းထဲမှာ စာတော်သလောက် စာနာမှု၊ ညှာတာမှုအရာမှာ သူမတူအောင် ထင်ရှားလှသူမို့ ဆရာ၊ဆရာမတို့၏ အချစ်တော်လည်း ဖြစ်ခဲ့သူတစ်ဦး ဖြစ်သည်။

အရွယ်နဲ့မလိုက်အောင် တည်ငြိမ်သလို သူလေ့လာသင်ကြားသော ကျောင်းစာနှင့် အိမ်ကိစ္စ၊ ကျောင်းကိစ္စ၊ လူမှုရေးကိစ္စကလွဲပြီး အခြားကိစ္စများကို စိတ်မဝင်စားဘဲ အမည်နှင့်လိုက်အောင် အေးဆေးတည်ငြိမ်သူ တစ်ဦးဖြစ်သည်။

ထို့ကြောင့်လည်း ဆရာ၊ဆရာမတို့က ကျွန်တော်တို့အား မောင်အေးနှင့် စံပြထားကာ ဆိုဆုံးမလေ့ရှိသည်အထိ တကယ်တော်တတ် လိမ္မာခဲ့သော စံပြလူသားတစ်ဦး ဖြစ်ခဲ့သည်။

ကြီးသူကိုလေးစား ငယ်သူကိုသနားတတ်တဲ့ ညဉ်ကြောင့်လည်း သူ့ကို လူတိုင်းက ချစ်ခင်ကြသည်။

'ဟာ..ကိုမောင်အေးကြီး လာပြီဟေ့' ဆိုပြီး မောင်အေးကျောင်းထဲ ဝင်လာပြီဆိုတာနဲ့ အတန်းငယ်ကျောင်းသားလေးများ၏ ပြေးကြိုမှုကို ခံရလေ့ရှိသည့် မောင်အေးပင်ဖြစ်သည်။

'ရော့..ရော့၊ ဒါက မင်းယူ၊ ဒါက မင်းစား။ ဒီ မုန့်စွာလေးက မင်းအတွက်' ဆိုပြီး ပါသမျှတွေ ဝေငှရင်း အေးမ,တတ်တဲ့သူ တစ်ယောက်ဖြစ်သည်။

'ရော့..ကိုကြီးမောင်အေး၊ ဒါ သားတို့အိမ်ကလုပ်တဲ့ မုန့်'

စေတနာရဲ့ ရောင်ပြန်ဟပ်မှုတွေနဲ့ တုံ့ပြန်ခြင်းခံရတဲ့အတွက် သူ့မှာ စားစရာတွေ အလျှံပယ်ပေါနေတတ်တဲ့အဆင့်အထိ အားကျစရာကောင်းအောင် ထင်ရှားခဲ့တဲ့ မောင်အေးပင် ဖြစ်သည်။

ဤမျှစားစရာ သောက်စရာတွေ အလျှံပယ်ပေါနေတတ်သော်လည်း တစ်ခါတစ်ရံ မုန့်စားကျောင်းဆင်းချိန်မှာ မုန့်စားစရာမရှိလို့ စာကြည့်တိုက်မှာ အချိန်ဖြုန်းရင်း ကျောင်းတက်ခေါင်းလောင်းသံကို မျှော်လင့်ရတဲ့အထိ ရှိတတ်အောင် ပါသမျှ အစားအစာတွေ၊ ရသမျှ မုန့်ဖိုးငွေတွေကို စားစရာမရှိတဲ့ ကျောင်းသူကျောင်းသားတွေကို ပြန်လည်ဝေငှရင်း စေတနာကောင်းတတ်ရှာတဲ့ မောင်အေး။ အဲဒီလောက်အထိ စေတနာဖွေးသူဟု ဆိုရပေမည် ဖြစ်သည်။

အဲဒီလို မောင်အေးနှင့် ကျွန်တော်သည် သူငယ်တန်းမှသည် အလယ်တန်း၊ အထက်တန်းအဆင့်အထိ အတူသွား အတူလာသူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ မောင်အေး၏ စေတနာကောင်း၊ အကျင့်ကောင်းတွေကို ကျွန်တော် အတတ်နိုင်ဆုံး ပုံတူကူးယူနိုင်ခဲ့သည်။ မောင်အေး ကြိုးစားသလို ကျွန်တော် ကြိုးစားနိုင်အောင် ကျင့်ခဲ့၏။ မောင်အေး စေတနာထားတတ်သလို ကျွန်တော်ပါ ထားနိုင်အောင် ကြိုးစားခဲ့၏။ ထို့ကြောင့် ကျွန်တော်သည် မောင်အေးအတွက်နဲ့ အရောင်လက်ခဲ့ရသည်။ အရောင်တက်ခဲ့ရသည်။ မောင်အေးသည် ပေါင်းထိုက်သင်းထိုက်သော သူငယ်ချင်းကောင်း တစ်ယောက်ဟူ၍ပင် ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် မောင်အေးနဲ့ ပေါင်းသင်းခဲ့တဲ့အတွက် ဘယ်အခါမျှ ဂုဏ်မညှိုးခဲ့သောကြောင့်ပင် ဖြစ်သည်။

ကျွန်တော်ရဲ့ အမိ၊အဖတွေကလည်း မောင်အေးနှင့် ပေါင်းသင်းခြင်းအပေါ် ကြည်ဖြူကြ၏။ ထို့ကြောင့် မောင်အေးအတွက် ကျွန်တော့်အိမ်သည် စားအိမ်သောက်အိမ်အဖြစ် တံခါးမရှိ ဓားမရှိ အခွင့်ထူးကိုပင် ရရှိစေခဲ့လေသည်။

ကျောင်းပိတ်ရက်တိုင်း မောင်အေး ကျွန်တော့်အိမ်မှာ ရှိနေတတ်သည်။ စာတွေ အတူကျက်ကြသည်။ စာတွေ အတူဆွေးနွေးကြသည်။ ဤသို့ဖြင့် အားလပ်သည့်အချိန်များကို ကောင်းစွာအသုံးချခြင်းဖြင့် အချိန်ကို တန်ဖိုးရှိစွာ ဖြတ်သန်းလေ့ရှိသည်။ ထို့ထက်ပို၍ အချိန်ကို တန်ဖိုးရှိအောင် အသုံးချသည့် အချက်သည်ကား အားလပ်ချိန်များ၌ လက်ဖက်ရည်ဆိုင်ထိုင် အချိန်ဖြုန်းနေမယ့်အစား ဘုရားသွား ပုတီးစိပ်ဖြင့် အကျိုးရှိအောင် နေထိုင်တတ်သော အကျင့်ပင်တည်း။

အရွယ်နှင့်မတူ အသိကို သတိဖြင့် ထိန်းချုပ်နိုင်သော မောင်အေးသည်ကား အကျင့်စရဏပိုင်းမှာ တကယ့်ကို ယှဉ်နှိုင်းမရအောင်ကို ပြည့်စုံလှသူဟူ၍ ဆိုရပေမည်တည်း။

ဤသို့ဖြင့် ကျွန်တော်နှင့် မောင်အေးသည် ဆယ်တန်းဆိုသော အထက်တန်းကျောင်းတော်ကြီး၏ နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးအဆင့်ကို ဖြေဆိုအပြီးမှာတော့ ဘဝ၏စေခိုင်းရာ ကံဇာတ်ဆရာ၏ လမ်းညွှန်ရာဆီသို့ လိုက်ပါရင်း တစ်နေရာစီ လမ်းခွဲဖြစ်ခဲ့ကြပါလေတော့သတည်း။

◆◆◆

လူ့ဘဝ၏ အချိန်သည် တိုတောင်းသည်ဟု မဆိုလှသော်လည်း အချိန်ရဲ့ စေစားမှုအရ ကျွန်တော်နှင့် မောင်အေး လမ်းခွဲဖြစ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှ ကြာမြင့်ခဲ့ပြီဟူ၍ ဆိုရမည်ဖြစ်သည်။

ကျွန်တော်သည် အမိ၊အဖတို့၏ လုပ်ငန်းသဘောအရ ပြောင်းရွှေ့ရာသို့လိုက်ပါခဲ့ပြီး တက္ကသိုလ်ပညာကို ရန်ကုန်မှာပင် ဆက်ပြီးသင်ယူဖြစ်ခဲ့သည်။

မောင်အေးသည်ကတော့ စေတနာကောင်းသလောက် ဘဝကံခေသူ တစ်ယောက်ဟူ၍ပင် ဆိုရလေမည်လား မပြောတတ်။ သူ ဆယ်တန်းအောင်သည့်နှစ်မှာပင် သူတို့အားကိုးမှီခိုရာ အာဝါသကောင်းဖြစ်သော ဖခင်ကြီးသည် မထင်မှတ်ဘဲ လုပ်ငန်းခွင် အက်ဆီးဒင့်တစ်ခုဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့ရရှာသည်။

ဤအတွက် အိမ်ထောင်ရဲ့တာဝန်သည် မောင်အေး ပခုံးပေါ်သို့ စုပြုံရောက်ရှိလာသည့်အတွက် မောင်အေးသည် အတန်းပညာကို ဆက်၍မသင်ကြားနိုင်တော့ကြောင်း ကျွန်တော်ကြားသိခဲ့ရသည်။

သို့အတွက် ကျွန်တော်လည်း အမိ၊အဖတို့ကို အကျိုးအကြောင်းဖွင့်ဟပြောပြရင်း မောင်အေးရဲ့ပညာရေးကို ကူဖေးနိုင်ဖို့ လမ်းစရှာခဲ့သည်။ သို့သော် ထိုအစီအစဉ်သည် မအောင်မြင်ခဲ့ပေ။

'ရတယ် သူငယ်ချင်း၊ ကျေးဇူးတင်တယ်။ မင်းရဲ့ စေတနာကိုလည်း ငါ အရမ်းလေးစားတယ်။ ဒါပေမဲ့ ငါ ပညာရေးကို ဆက်သင်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး သူငယ်ချင်း'

'ဟာ…ဘာလို့မဖြစ်နိုင်ရမှာလဲ သူငယ်ချင်းရဲ့။ မင်းရဲ့ ပညာရေး ဆုံးခန်းတိုင်တဲ့အထိ ငါတာဝန်ယူမယ်လေကွာ။ နေရေးထိုင်ရေး စားရေးသောက်ရေးကအစ ငါနဲ့အတူနေ၊ ငါ့တာဝန်ထား။ မင်းဘွဲ့ရတဲ့အထိ ငါ တာဝန်ယူမှာလေကွာ သူငယ်ချင်း'ဆိုတဲ့ ကျွန်တော့်ရဲ့စကားကို အဲဒီတုန်းက ခေါင်းကို လေးတွဲ့စွာခါယမ်းရင်း သူငြင်းဆိုခဲ့သည်။

'မဖြစ်နိုင်ဘူး သူငယ်ချင်း၊ ငါ့ဘဝတစ်ခု ကောင်းစားရေးအတွက် ငါ့မိသားစုကို ဥပက္ခာမပြုရက်ဘူး။ ငါ ဆိုတဲ့ အကောင်က အဖြည့်ခံလူသားအဖြစ်နဲ့ မွေးဖွား… တယ်လို့ ငါ့ကိုယ်ငါ အမြဲခံယူထားတဲ့လူဆိုတာ မင်း… ပါတယ်'

'ဟုတ်ပါတယ် သူငယ်ချင်း၊ ငါသိပါတယ်'

'အေး…အဲဒီလို ခံယူထားတဲ့ ငါ့ရဲ့စိတ်ဟာ ဘယ်… တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး သူငယ်ချင်း။ အဲ… တော့ ငါ့မိသားစု တစ်စုလုံးအတွက် ငါအနစ်နာခံရ… မယ်။ ငါ့မှာ အမေရှိတယ်။ အမေကို စိတ်မဆင်းရဲစေ… ဘူး။ နောက် ညီလေးတွေ၊ ညီမလေးတွေရှိတယ်။ သူ… အနာဂတ်တွေကို မညှိုးနွမ်းစေချင်ဘူး။ အဲဒီတော့ ငါ… ကို ငါ ချခင်းရလိမ့်မယ်။ သူတို့နင်းဖို့အတွက် ငါ့ဘဝ… တံတားအဖြစ် ထိုးပေးရမယ်။ အဲဒါကြောင့် မင်းကူညီ… ကို ငြင်းပယ်ခဲ့တာပဲ သူငယ်ချင်း'ဆိုတဲ့ စကား… ကျွန်တော်တို့မိသားစုတွေရဲ့ ကူညီမှုကို သူငြင်းပယ်ခဲ့… ဘဝကို သူဖြစ်သလိုရင်ဆိုင်ပစ်လိုက်တယ်။ ပထမ … ဆိုက်ကားနင်းတယ်။ ဒါနဲ့ သူမလုံလောက်တော့ … ကမ်းမှာ ကူလီထမ်းတယ်။ ပင်ပန်းတယ်။ နွမ်းနယ်… ကြမ်းတမ်းတယ်ဆိုတဲ့ ဒဏ်တွေကို သူခံရတယ်။ … မှာတင် သူ့ရဲ့အဖြူစင်ဆုံး အသန့်ရှင်းဆုံးစိတ်က… အမည်းကွက်နဲ့တူတဲ့ အစွန်းအထင်းတွေပေဖို့ ကျဲဖို့ လ… တွေ ဖြစ်ခဲ့ရတယ်။

မနိုင်ဝန်နဲ့ ကျုံနေခဲ့တဲ့သူဟာ မနိုင်ဝန်ကို … အောင်ထမ်းရင်း ဖြတ်လမ်းနည်းတွေကို သူသုံး… တယ်။ ကုန်ထုပ်တွေထဲက ကြက်သွန်တွေ ယူရ… ယူတတ်လာတယ်။ ပဲ၊ ငရုတ်သီး၊ အာလူးကအစ … သာသမျှ သမ္မာအာဇီဝဆိုတာ သူမေ့ပစ်လာတတ်ခဲ့… 

မောပန်းနွမ်းနယ်ခြင်းကို အကြောင်းပြု ဘ… ယမကာဆိုတာနဲ့ ချော့သိပ်ခဲ့တယ်။ ဒီမှာတင် … သမား အမှားကုဋ္ဌေဆိုသလို ဖြစ်လာရတယ်။ … ကြက်သွန်ကစပြီး အဖိုးတန် ကုန်ထုပ်မှန်သမျှ သူ… အသုံးချခဲ့တယ်။

နောက်ဆုံး သူ့ရဲ့မသမာမှုရိုက်ချက်ဒဏ်နဲ့ ဆိပ်… က သူထွက်ခဲ့ရတယ်။ ဒီမှာတင် သူ့ရဲ့ဘဝဟာ ယိ… ဖို့ လမ်းစတွေ ပိုလို့ပိုလို့ ဖြစ်ခဲ့ရတယ်။

ညာတာမှုတွေ၊ စာနာမှုတွေ၊ ကိုယ်ချင်းစာမှု…

www.burmeseclassic.com

www.burmeseclassic.com

မနိုင်ဝန်ရဲ့ တွန်းပို့အားနဲ့အတူ သူပျက်ပြားခဲ့ရတယ်။ အဖိုးတန်ကျောက်ရိုင်းဘဝမှ အဖိုးမဲ့ကျောက်တုံးတစ်ခု ဖြစ်ခဲ့ရတယ်။

ပညာရှိ သတိဖြစ်ခဲပဟူ၍ပင် ဆိုရလေမည်လား၊ ဘယ်အရာမဆို သတိနဲ့တွေး၊ သတိနဲ့သွား၊ အသိနဲ့ယှဉ်၊ အသိနဲ့ မြင်တတ်တဲ့ မောင်အေးဟာ အသိခေါက်ခက်နဲ့ အဝင်နက်ခဲ့ရော့လေသလား မပြောတတ်။ သူစိုက်ခဲ့တဲ့ စေတနာအသီးအပွင့်မေတ္တာတွေ ဝေဆာသီးပွင့်နေတဲ့ ပန်းကောင်းမည်သော စရဏပန်းတစ်ပွင့်ကို ရင့်ရင့်သီးသီးပဲ အညွန့်ချိုးပစ်ခဲ့တယ်။

အမြဲတမ်းပဲ လူတိုင်းရဲ့ ယုံကြည်ခြင်း၊ လေးစားခြင်း ခံခဲ့ရတဲ့ မောင်အေးဘဝကနေ အယုံအကြည်မဲ့လူသားတစ်ဦးဘဝကို သူကိုယ်တိုင် ဖန်တီးတည်ဆောက်ခဲ့တယ်။

မောင်အေးရဲ့ ကိုယ်ကျင့်တရားကတော့ စံပဲဟေ့ဆိုတဲ့ စကားတွေရဲ့နေရာမှာ မလုပ်ပါနဲ့ကွာ။ မောင်အေးဆို လန့်လွန်းလို့ဆိုတဲ့ စကားတွေက နေရာရလာတယ်။ မိသားစုအတွက် အဖြည့်ခံရင်း မိမိဘဝကို အဖျက်ခံလိုက်ခြင်းဟာ အမှန်တရားလား ဆိုတာကိုတောင် တွေးတောဆင်ခြင်နိုင်အားတွေမဲ့စွာ ဘဝကို မိသားစုအတွက်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရေစုန်မျောပစ်လိုက်ခြင်းကတော့ တကယ့်ဆုံးရှုံးမှုတစ်ရပ်ကို မောင်အေး ဖန်တီးလိုက်ခြင်းပဲလို့ ကျွန်တော်မြင်တယ်။

မိကျောင်းမင်းကို ရေကင်းပြ၊ ဘုန်းကြီးကို စာချခြင်း မဟုတ်ဖေမယ့် အတုမြင်အတတ်သင် ဆိုတဲ့စကားနဲ့ သူကြောင့်ပဲ ကျွန်တော့်ဘဝကို ပြုပြင်နိုင်ခဲ့တဲ့အတွက် ကျွန်တော်ရဲ့ ကျေးဇူးရှင်ဟူသော အတွေးနဲ့ ကူညီဖေးမ,ရင်း ကျွန်တော်သွားပြီး လမ်းပြပေးခဲ့ပေမယ့် ကျွန်တော့်ရဲ့ စေတနာတွေဟာ သူ့ရဲ့ မရေမရာစကားအောက်မှာ ကွယ်ပျောက်ခဲ့ရသည်။

'ငါ ကျေနပ်တယ် သူငယ်ချင်း။ ငါ့ဘဝနဲ့ငါ ရင်းလိုက်ရပေမယ့် ငါ့ရင်တွင်းမှာတော့ အေးချမ်းနေတယ်။ ငါ့အမေကို ငါစိတ်ချမ်းသာအောင်အထိ ငါထားနိုင်ခဲ့တယ်။ ငါ့အမေ သိပ်မျှော်လင့်နေရှာတဲ့ ပညာတတ်သားသမီးတွေပိုင်တဲ့ မိဘဆိုတဲ့ စကားလုံးတစ်လုံးရဖို့ ငါ့အမေဆန္ဒအတွက် ငါဖြည့်ဆည်းနိုင်ခဲ့တယ်။ အခုဆို ငါ့ညီလေးလည်း ဘွဲ့ရတော့မယ်။ ငါ့ညီမလေးလည်း ဆယ်တန်းအောင်ပြီ။ ငါ့ကို နင်းပြီး လှမ်းတက်သွားကြတဲ့ ငါ့ညီတွေ၊ ငါ့ညီမတွေ ပန်းတိုင်နဲ့နီးနေပြီ။ ငါစိုက်တဲ့ပန်းတွေ ဝေတော့မယ်။ ဖူးတော့မယ်။ ငါကြည်နူးတယ် သူငယ်ချင်း။ ငါရဲ့ ဖြည့်ဆည်းခြင်းတွေကို အသုံးချပြီး သူတို့ဘဝ ပြီးရပြီ သူငယ်ချင်း။ ငါ့ဘဝက အဖြည့်ခံ ငြမ်းပါ။ ငြမ်းဆိုတာက တစ်ချိန်ကျရင် ပျက်ရတာ ဓမ္မတာပဲလေ။ ဒါကြောင့် ငါပျက်လိုက ပျက်ပါစေကွာ။ သူတို့တစ်တွေ အရောင်လက်သလို အမေ့အတွက်လည်း ငါ့ကြိုးစားမှုအောင်ချက်လို့ ခံစားရင်း ငါ့ရင်မှာ ပီတိဖြစ်ရတယ်။ ငါ့ရင်မှာ ပျော်ရွှင်ရတယ်။ ကြည်နူးရတယ်။ အားလုံးက ငါ့ကို မငြိမ်းချမ်းဘူးလို့ မြင်ကြပေမယ့် ငါ့ရင်မှာတော့ ငြိမ်းချမ်းနေတယ် သူငယ်ချင်း' ဆိုတဲ့ စကားတွေနဲ့ ဘဝကို အဖြည့်ခံတံတားတစ်စင်း၊ အသုံးချခံငြမ်းတစ်ခုအဖြစ် သဘောထားခဲ့တဲ့ မောင်အေးကတော့ သူ့ဘဝကို ပြုပြင်ဖို့ လုံးဝစဉ်းစားခဲ့ဟန်မရှိတော့။

ဤသို့ဖြင့် သူနဲ့ ကျွန်တော်သည် တစ်စ,တစ်စဖြင့် နီးရာမှ ဝေးကွာခဲ့ရပါလေတော့သည်။

◆◆◆

ဘာလိုလိုနှင့် ကျွန်တော်တို့ အသက်တွေသည်ပင် လေးဆယ်ကျော်လို့ ငါးဆယ်အတွင်း ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ သို့နှယ် ကျွန်တော်ချစ်သော၊ ကျွန်တော်ခင်သော၊ ကျွန်တော်လေးစားစံပြုရသော သူငယ်ချင်းမောင်အေးသည်လည်း ငါးဆယ်ပင် ပြည့်ရော့ပေမည်။

ဤသို့သော အချိန်ကာလအတွင်း ကျွန်တော်တို့သည် ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်အသိုက်အမြုံနှင့်ကိုယ် ဖြစ်နေခဲ့သလောက် မောင်အေးသည်ကတော့ အထီးကျန်ဆန်ဆဲ၊ အကျည်းတန်မာန်ခဲလျက် အံလွှဲချက်ကို မပြင်နိုင်သေးချေ။

ထို့ထက်ပိုဆိုးသည်ကား မောင်အေး၏ ကြားသတင်းသည်ကား နားတွင်းမချိုမြနိုင်ဟု ဆိုရပေလိမ့်မည်။ သူသည် ကျွန်တော်နှင့် ကွဲကွာသွားပြီးနောက်ပိုင်း ထောင်တစ်ကြိမ်ကျခဲ့သည်။ ထောင်က လွတ်ပြန်တော့ အမှီအခိုကင်းသည့် မောင်အေးသည် တွယ်ရာမဲ့ဘဝဖြင့် ဖြစ်သလိုနေ ဖြစ်သလိုစားရင်း ဘဝကို လည်စင်းခံခဲ့သည်။

သူစိုက်ခဲ့သော အသီးအပွင့်တို့သည် မွှေးမြသောရနံ့တွေဖြင့် သူ့ရင်ကို ပျံ့မွှေးအောင် မခြုံထွေးနိုင်ခဲ့။ ကျေးဇူးတရားကို ဥပေက္ခာများနှင့် မျက်ကွယ်ပြုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်နာဖွယ် ကောင်းလေစွ။

ကျွန်တော်တို့ အိမ်မင်းခြင်းကို စတင်ချဉ်းနင်းခဲ့ကြပေပြီ။ ဤလိုအခါမှာ ကျွန်တော်သည် ကျွန်တော်၏ အသီးအပွင့်များဖြစ်သော သားသမီးတို့၏ ကူညီစောင့်ရှောက်မှုဖြင့် အေးငြိမ်းစွာ ရပ်တည်နိုင်ခဲ့သလောက် အဖြည့်ခံလူကြမ်းကြီး မောင်အေးဘဝကတော့ အထီးကျန်ဆန်လွန်းလှပေစွ။ ဩော်··လောကဟူသည် ပေးသာပေး၏မရ၊ ကျွေးသာကျွေး၏မဝ ဆိုသော တုံ့ပြန်မှုကင်းမဲ့သော အဖြစ်တွေလည်း ရှိတတ်ပါပေလားဟူသော အတွေးကို တွေးမိခိုက် မောင်အေးအစား ကျွန်တော့်ရင်ပင်လျှင် နာကျင်ထိခိုက်စွာ ခံစားခဲ့ရှ၏။

ဒီလိုနှင့် မောင်အေး မှီစရာရှာ၏။ ခိုစရာတွေး၏။ ဝန်လေးနေတဲ့ ဝမ်းရေးဖြည့်ပေးဖို့ မောင်အေး လမ်းစရှာခဲ့၏။ ချောက်အတွင်းကျနေသူသည် မည်မျှပင် ကြိုးစားရုန်းကန်တက်တက် ချောက်နက်နက်သို့ ပို၍ကျရန်နည်းသည်ဟူသောစကားကဲ့သို့ ချောက်ကမ်းပါးထဲက မောင်အေး ချောက်ကမ်းပါးဘေးကိုပဲ ရောက်ခဲ့သည်။

မောင်အေး အလုပ်ရသည်။ အလုပ်ရသည်ဟု ဆိုသော်လည်း မောင်အေးရသည့် အလုပ်က ကြောက်မက်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ် လူတကာအလယ်မှာ မျက်နှာငယ်ရသည့်အလုပ်ဟူ၍ ဆိုရမည်ပင် ဖြစ်သည်။

သူပေါ့၊ သူများအသက်သတ်ပြီးမှ ထမင်းစားရတဲ့လူ၊ အညာအတာကင်းတဲ့လူ၊ စာနာကင်းတဲ့လူ၊ လူမဆန်တဲ့လူ၊ လူဘီလူးနဲ့လူ ဆိုတဲ့ ဂုဏ်ပုဒ်ဆိုးတွေကို သူပိုင်ဆိုင်ခဲ့ရသည်။ တစ်ချိန်က အကြင်နာတရားတွေ၊ မေတ္တာတရားတွေ၊ စာနာစိတ်တွေ၊ သနားကရုဏာစိတ်တွေနဲ့ ဆန့်ကျင်စွာ သူရပ်တည်ခဲ့သည်။

'ကျွန်တော်တို့ ဝက်ရုံမှာတော့ ကိုမောင်အေးက ဝက်သတ်ချန်ပီယံဗျ' ဆိုတဲ့ စကားကို ကြားရတဲ့နေ့က ကျွန်တော့်ခေါင်းတစ်ခုလုံး ချာချာလည်မူးနောက်သွားတဲ့အထိ ခံစားလိုက်ရသလို မယုံကြည်ခြင်းတွေဖြင့် ကျွန်တော့်ရဲ့ သူငယ်ချင်း မောင်အေးမှ ဟုတ်ပါရဲ့လားဆိုတဲ့ သံသယအတွေးတွေ ဝင်ရောက်လာတဲ့အထိကို ဖြစ်ခဲ့ရသည်။

'ဟုတ်မှ သိပ်ဟုတ်ပေါ့ သူငယ်ချင်း။ တို့သူငယ်ချင်း မောင်အေးဟာ တို့နဲ့ တစ်ချိန်က ကျောင်းအတူတက်ခဲ့တဲ့ မောင်အေး မဟုတ်တော့ဘူးကွ။ သူ့မှာ ကြင်နာတာတွေ၊ သနားတာတွေ မရှိတော့ဘူး။ ရက်စက်မှု စိတ်[illegible] တွေကသာ သူ့ကို အုပ်မိုးလွှမ်းခြုံသွားပြီ သူငယ်ချ[illegible]

'ဖြစ်ရလေကွာ'

'ဟုတ်တယ် သူငယ်ချင်း၊ သူ့ရက်စက်မှုတွေကို [illegible] တွေ့လိုက်ရတဲ့နေ့ကဆိုရင် အတော်ကို တုန်လှုပ်သွ[illegible] တယ် သူငယ်ချင်း။ သူ တစ်နေ့,တစ်နေ့ ဝက် သတ်[illegible] ဟာ အကောင်နှစ်ဆယ်ကနေ ငါးဆယ်အတွင်းရှိ[illegible] တစ်နေ့,တစ်နေ့ သူ့ရဲ့အကုသိုလ်ဟာ ကြောက်ခမန်း[illegible] လို့ ဆိုရမှာပဲ။ ငါတော့ သူ့အစား အတော်တုန်လှုပ်[illegible] ကွာ' ဆိုတဲ့ စိုးဝင်စကားကို ကြားရတဲ့နေ့က ကျွန်[illegible] နားကိုပင် ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်ရ[illegible] ဘုရား··ဘုရားပင် တ,လိုက်မိသည်အထိကို ခံစား[illegible] ရသည်။

အခုဆို သူဟာ ဘီလူးသဘက်တစ်ကောင်လို ဖြ[illegible] ပြီ။ တစ်နေ့,တစ်နေ့ သောက်လိုက်တဲ့ အရက်တွေ[illegible] လည်း လူက လူရုပ်မပေါ်တော့ဘူး။ မေတ္တာစေတ[illegible] တာ ရောင်ပြန်ဟပ်တတ်တယ်ကွ။ မေတ္တာစေတနာ[illegible] တတ်သူကို သတ္တဝါတိုင်းက ချစ်ခင်နှစ်သက်တယ်[illegible] မေတ္တာစေတနာမထားတဲ့သူတိုင်းကို သတ္တဝါတိုင်[illegible] ကြောက်ရွံ့ကြတယ် ဆိုသလိုပဲ အခုဆို သူ ဝက်ရုံ[illegible] လာပြီဆိုတာနဲ့ ဘီလူးသရဲ ဝင်လာသလိုဖြစ်ပြီး ဝက်[illegible] ဟာ ဆောက်တည်ရာမရ အော်ဟစ်ရုန်းကန်ကြ[illegible] အရပ်ထဲလည်း သူသွားတာနဲ့ ခွေးတစီစီကွာ။ တ[illegible] သူ့အဖြစ်က မသတီစရာကို ကောင်းနေပြီဆိုတဲ့ [illegible] သတင်းဆိုးက ကျွန်တော့်ရင်တစ်ခုလုံးကို အပ်နှင့် [illegible] နှက်သလို နာကျင်ခံစားနေရသည်။

သတ္တဝါတွေကို သတ်ဖို့မဆိုထားနဲ့၊ နာကျင်[illegible] တောင် မလုပ်ရက် မပြုရက်ခဲ့တဲ့ မောင်အေး၊ လ[illegible] က ခွေးလေခွေးလွင့်တွေကိုတောင် အကြင်နာပေး[illegible] တာ ကျွေးတတ်ခဲ့တဲ့ မောင်အေး၊ မွေးနေ့တိုင်[illegible] လှောင်ချိုင့်စံငှက်ကလေးတွေကိုဝယ်ပြီး သက်စေ့[illegible] တတ်တဲ့ မောင်အေး၊ စေတနာတွေ ဝေဖြာနေတဲ့ [illegible] အေး၊ မေတ္တာတွေ ထုံလွှမ်းနေတဲ့ မောင်အေး၊ [illegible] တွေ ပြည့်လျှံနေတဲ့ မောင်အေး၊ ဘဝကံအကျိုး[illegible] မကောင်းမှုကို အကြောင်းပြုပြီး ဘဝကို ရေစုန်[illegible] လိုက်လေရော့သလား။ အမှား,အမှန်ကို တရား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တတ်တဲ့ မောင်အေးမှာ တရားစံပျောက်ပြီး အမှား ကိတွေ နောက်နေမှုကိုတော့ ကျွန်တော်-ရင်ထုမနာ ဖြစ် ခဲ့ရသည်က အမှန်ပင်။

မေတ္တာတရားဆိုတာ ရောင်ပြန်ဟပ်သတဲ့။ အဖြည့်ခံ သူသားကြီး မောင်အေးအတွက်တော့ ဒီစကားဟာ ရယ် ရာပျက် မြင်ယောင်နေရော့လေသလား။ ကရုဏာပွား မေတ္တာထားသမျှ သူပြန်ရခဲ့သည်က ခါးသီးမှုများသာ ဖြစ်ခဲ့သည်မို့ မေတ္တာတရားကို နားလည်မှုလွဲမှားစွာ သူ ပေက္ခာပြုခဲ့လေရော့သလားဟု စဉ်းစားမိတိုင်း အတွေး တို့က ရိုင်းနေဆဲ။

သို့ကြောင့် မောင်အေးတစ်ယောက် အမှန်တရားကို ထားနိုင်သူတစ်ယောက် အမြန်ဖြစ်လာပါစေတော့ဟူ၍ သာ ကျွန်တော် ဆုတောင်းနေမိပါတော့သည်။

♦ ♦ ♦

ကျွန်တော်တို့ရောက်တော့ မောင်အေးအခြေအနေက ဟန်တော့။ အရက်ကြောင့်ပင် ရေဖျဉ်းဆွဲ၊ ကျောက်ကပ် တွေပဲ ကွဲခဲ့လေရော့သလား။ သို့တည်းမဟုတ် ဝဋ်တို့ ဝဋ်ကံကိုပဲ မောင်အေး ခံနေရလေရော့သလားမသိ။ တစ် ကိုယ်လုံး ဖောအစ်နေမှုက ရုပ်ပင် မမှတ်မိနိုင်တော့။

ဝက်တွေကို ရေထိုးထားခဲ့တဲ့ ဝဋ်ကျွေးနေမှာပေါ့ကွာ တဲ့။ အမြင်ကို အထင်နဲ့ဖုံးပြီး စုရုံးပြောဆိုနေကြသူတွေရဲ့ ကား ကျွန်တော့်အနေနဲ့ အမှားလို့ မဝေဖန်ရဲပေမယ့် ကျွန်တော် မောင်အေးကို သနားသောအားဖြင့် အမှန်လို့ လည်း မထင်ရက်။

နံဘေးမှ စီးထွက်လာတဲ့ ပုပ်အက်အက်အနံ့နဲ့ အရည် ရည်းတွေက ဖောက်ထုတ်ထားတဲ့ ပြွန်တစ်လျှောက်ကနေ ဆက်မပြတ် ယိုစီးကျနေမှုက မြင်ရချက်က မသက်သာ ဘူဟု ဆိုရပေမည်။

တစ်ချက်,တစ်ချက် ဝက်တစ်ကောင်အလား နာကျင် အတွက် ညည်းညူအော်ဟစ်နေသံက ကြားရသူတွေ အတွက် စိတ်မသက်သာစရာ ကောင်းလွန်းလှသည်။

'သူငယ်ချင်းရယ်··အဖြစ်ဆိုးလှချည်လား'

ကျွန်တော့်ရင်ထဲကနေ လှိုက်တက်ခံစားလာရတဲ့ စကားသံတို့က လည်ချောင်းဝမှ အပြင်သို့ အန်မထွက်လာ ပါ။

'သူငယ်ချင်း'



သူရဲ့ မပီကလာပီကလာ ခေါ်လိုက်သံက ရင်ကို မွှန်းကျပ်စွာ ခံစားစေလွန်းလှသည်။

'ပြော သူငယ်ချင်း၊ ပြော။ ငါဘာလုပ်ပေးရမလဲ'

ကျွန်တော်ပြန်ပြောလိုက်တဲ့စကားကို မျက်ရည်များ ရစ်ဝဲနေတဲ့ အကြည့်ဖြင့်ကြည့်ရင်း ခေါင်းကို ဖြည်းလေး စွာ ခါယမ်းလိုက်သည်။ ကျွန်တော် သူ့အနားကို တိုးကပ် ရင်း သူ့လက်ကို တင်းတင်းဆုပ်ကိုင်လို့ သူ့ကို အားရှိ အောင် ခွန်အားတွေ ပေးနေပေမယ့် ကျွန်တော်ရဲ့ အားပေး မှုတွေက အရာမထင်နိုင်တော့ဘူး ဆိုတာကို ကျွန်တော် ရော သူပါ သိနေခဲ့ကြပြီ ဖြစ်သည်။

'ငါ··ငါ့ဆီ မင်းလာတဲ့အတွက် ငါ ဝမ်း··ဝမ်းသာ တယ် သူငယ်ချင်းရယ်' ဆိုတဲ့ မောင်အေးရဲ့ စကားသံမှာ ဝမ်းနည်းသံတွေ ရောစွက်နေမှန်း ကျွန်တော်သိနေသည်။

'လာရမှာပေါ့ သူငယ်ချင်းရယ်။ မင်းဟာ ငါ့ရဲ့ အကောင်းဆုံးသူငယ်ချင်းလေ'

'ဘာ··ငါဟာ မင်းရဲ့ အကောင်းဆုံးသူငယ်ချင်း၊ ဟုတ်လား'

'အေးလေ၊ ဟုတ်တယ်။ မင်းသာ ငါ့ရဲ့ အကောင်း ဆုံးသူငယ်ချင်းလေ'

'ဟား··ဟား··အခုလိုစကားကြားရတာ ငါ အရမ်း ကျေးဇူးတင်တယ်။ ငါလို ရက်စက်ယုတ်မာ ကြမ်းတမ်း တဲ့ လူတစ်ယောက်ကို သူငယ်ချင်းကောင်းအဖြစ်နဲ့ လက် ခံပေးသူ ရှိသေးတဲ့အတွက် ငါ သိပ်ဝမ်းသာတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ငါဟာ အကြင်နာတရားတွေ၊ မေတ္တာတရားတွေကို ငါ တစ်အားယုံကြည်ခဲ့သလောက် အဲဒီ အကြင်နာတရား၊ မေတ္တာတရားတွေကို ငါ အခုအချိန်မှာ လုံးဝမယုံကြည်နိုင်တော့ဘူး သူငယ်ချင်း။ အဖြည့်ခံဆိုတာ ငြိမ်းပဲကွ။ အသုံးမဝင်ရင် စွန့်ပစ်ကြမှာပဲ။ ဒါ ငါ ရွေးခဲ့တဲ့လမ်းမို့ ငါကျေနပ်တယ်။ ငါခံနိုင်တယ် သူငယ်ချင်းရယ်' ဆိုတဲ့ မောင်အေးရဲ့ စကားသံတွေဟာ မနည်းအားယူနေရမှန်း သိသာနေသည်။

လေလုံးတို့က မဆက်မိတော့၊ ရင်တစ်ခုလုံးက ဖားဖိုပမာ လှိုက်ခါ၍နေသည်။

'သူငယ်ချင်း..မောနေမယ်လေ'

'ရတယ် သူငယ်ချင်း၊ ငါ မပြောနိုင်တော့မှန်း ငါ့ကိုယ်ငါသိတယ်။ ဒါကြောင့် ငါ နောက်ဆုံးပြောချင်တာလေး တစ်ခုပြောခဲ့ပါရစေ။ ငါ့အတွက်ရည်စူးပြီး ကောင်းမှုတွေပြုလို့ အမျှဝေပေးပါ သူငယ်ချင်းရယ်။ တကယ်လို့များ ကုသိုလ်ကံ အတိတ်ဆိုးက နိုးခွင့်သာခဲ့ရင် ငါ.. ငါလေ သာ..ဓု..ခေါ်..ပါ..ရစေကွာ' ဆိုတဲ့စကားလုံး

အဆုံးမသတ်ခင်မှာပဲ မောင်အေးသည် ကျွန်တော်... နာကျင်ဖွယ် ကောင်းလွန်းလှတဲ့ အဖြည့်ခံဘဝ... သူ့ ကျောခိုင်းစွန့်ခွာသွားခဲ့လေပြီ။

ငရဲဆိုသည် ကြောက်စရာကောင်းသလော... ကြွေးဟူသည် ငြင်းပယ်၍မရသော အရာဟူ၍ ကျွ... သဘောပေါက်လိုက်သည်။

မောင်အေးရဲ့ မသေခင် ခံလိုက်ရသော ဝဋ်... ကြွေးသည် ရင်မအေးဖွယ် ကောင်းလွန်းလှသည်...

ထို့အတူ သူ ဝိညာဉ်ချုပ်ခဲ့လေပြီ။ ဒီဘဝဒီ... ထားပြီး ခန္ဓာအသစ်တစ်ဖန်ကို သူပြန်ရခဲ့ပေမယ့်... ဒဏ်သည် သူ့ကို ဒဏ်ခတ်ပေလိမ့်ဦးမည်။

သြော်..ဝဋ်ကြွေးဟူသည် သူ့ကို ဒဏ်ခတ်... ဦးမည်ဟူ၍သာ ကျွန်တော် သူ့ကိုကြည့်ရင်း သံ... စွာ အထပ်ထပ် ရေရွတ်လိုက်မိပါတော့သည်။

မောင်အေးဘဝ နောင်သံသရာဝဋ်ကြွေး ကုန်... မှာ ငြိမ်းချမ်းပါစေဟူ၍သာ။

ဖျာပုံ ရည်လွင်...




www.burmeseclassic.com

www.burmeseclassic.com

'ဘဘ..ပိုက်ဆံတစ်ရာ ပေးပါ'

'ဟော..ခုနကပဲ စမူဆာစားမယ်ဆိုပြီး ပိုက်ဆံလာယူသွားတာ မဟုတ်လား'

'လျက်ဆားသွားဝယ်မလို့'

'ဘယ်လိုဖြစ်လို့ လျက်ဆားသွားဝယ်မှာလဲ။ အိမ်မှာ ဘကြီးအောင် ဖော်ပေးထားတဲ့ အထောင်လျက်ဆားရှိတယ်မဟုတ်လား'

အထောင်လျက်ဆားဆိုသည်မှာ ဘကြီးအောင်သည် ဘသံ့ာတခရိုင်၊ အထောင်ရွာဇာတိဖြစ်၍ မိသားစုအားလုံးက အထောင်လျက်ဆားဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

ကိုခန့်ကြည်နှင့် မြေးဖြစ်သူ အောင်ကောင်းခန့်တို့ စကားအချေအတင် ပြောနေဆဲမှာပင် လမ်းထိပ် ကုက္ကိုပင်ကြီးအောက်မှ ခုနစ်အိမ်ကြားလောက်သည့် သီချင်းသံက ဘင်တီးသံနှင့်အတူ ပေါ်လာသည်။

ကိုခန့်ကြည် သီချင်းသံကို နားစိုက်ထောင်လိုက်ရာ-

လွမ်းလေစေရ ဟိုမြိုင်လယ်မှာ
သည်မြိုင်လယ်မှာ
စံပယ်လေးကို ထားဝယ်ခတယ် ဒေါနကသင်း၊
ဇော်ဆိုဇော်ချင်း ဇော်ချင်းမို့ ကြောက်ဖက်ကွာ။
ဇော်တကာတွင် ခေါင်က ချုပ်တယ်၊
ဂျီတကာတွင် ခေါင်က ချုပ်တယ် ဂိုဏ်းအုပ်မဲ့လား။
(ဇော်ရောင်ဂျီရောင် ဆေးကြိတ်တဲ့တောင်)²



www.burmeseclassic.com

ကိုင်ဆောင်တောင်ဝှေး လိုလိုရာသွေးနေဆေး။

ဘင်ကိုတီးလိုက်၊ တောင်ဝှေးမြှောက်မြှောက်ပြီး ကလိုက်၊ ဆေးကြိတ်သည့်ပုံသဏ္ဌာန်ဖြင့်ကလိုက်၊ ဇော် ရောင်ဂျီရောင်အပိုဒ်ကို ထပ်ကာ၊ထပ်ကာ အသံကုန်ဆို လိုက်နှင့် ရပ်ကွက်ထဲမှ ကလေးတွေအားလုံး ကုက္ကိုပင် အောက် ရောက်ကုန်ကြသည်။ ဘင်သံနှင့် ကိုသာဂေါင် ကြီး၏ ဇော်ကကို ကလေးတို့ အလွန်ကြိုက်ကြ၏။ ပျော် ရွှင်ကြ၏။ ထပ်ကာ၊ထပ်ကာ အကြိမ်ကြိမ် ကခိုင်းကြ ၏။ လိုက်ကသည့် ကလေးတွေက လိုက်ကကြ၏။ လက် ခုပ်တီးပေးသည့် ကလေးတွေက အများအပြား။ ပျော်ရွှင် စရာမြင်ကွင်း ဖြစ်နေပါ၏။ ကလေးတို့ လက်ထဲတွင် ရောင်စုံစက္ကူအထုပ် ကလေးတွေကို တွေ့နေရ၏။

ကလေးတွေ ပွဲတောင်းတိုင်း မမောနိုင်မပင်ပန်းနိုင် ကပြနေသည့် ဇော်ဂျီတစ်ဖြစ်လဲ ကိုသာဂေါင်ကြီးကို ကြည့်နေစဉ်မှာပင်-

'ဘဘ··လျက်ဆားသွားဝယ်ပေးလေ။ သားကို ခေါ် သွားလေ'

'ဘွားဘွားနဲ့ သွားလေ။ ဘဘ မအားဘူး။ စာရေး နေတယ်'

'ဘွားဘွားက ဒူးနာနေတယ်။ ဘွားဘွားနဲ့ မသွား ချင်ဘူး။ သွားပြောရင် သားသားကို အော်လွှတ်မှာ'

လိုချင်တာ မရလျှင်၊ မပေးလျှင် အနားကမခွာ စွဲစွဲမြဲ မြဲ ပေကတ်နေတတ်သော ဖွဲ့နပဲစိတ်ဓာတ်ကြောင့် ကိုခန့် ကြည် ပိုက်ဆံသွားယူရန် ပြင်ဆင်နေဆဲမှာပင် အိမ်ခြေရင်း မှ မြေးနှင့်ရွယ်တူ ပိုပို၏လက်ထဲတွင် အနီ၊ အဝါ၊ အစိမ်း စက္ကူထုပ်ကလေးတွေကိုကိုင်ပြီး ပြန်လာသည်ကို တွေ့ လိုက်ရသဖြင့်-

'ပိုပို လျက်ဆားဝယ်ပြီး ပြန်လာတာလား'

'ဟုတ်တယ် ဘဘရဲ့၊ တစ်ထုပ်ကို ငါးဆယ်ပေးရ တယ်။ သမီး သုံးထုပ်ဝယ်လာတာ။ ဦးဦးဇော်ဂျီက သိပ် အကကောင်းတာ။ ဦးဇော်ဂျီက ပြောတယ်၊ သူ့ရဲ့လျက် ဆားက အစာကြေတယ်။ မုန့်တွေလည်း အများကြီးစား နိုင်မှာ။ ဘယ်အနာမျိုးမှ မပေါက်တော့ဘူးတဲ့။ အရမ်း စွမ်းတယ်တဲ့'

ပိုပိုက ပြောလည်းပြော၊ မေးလည်းမေး၏။

'ဘဘကြီး၊ ဦးဦးဇော်ဂျီရဲ့ လျက်ဆားက တကယ် စွမ်းတာလား'

'စွမ်းတာပေါ့ သမီးရဲ့။ ဦးဦးဇော်ဂျီက လေမျိုး(... လျက်ဆားထုပ်ထဲကနေ သမီးတို့ကို ရောင်စုံစက္ကူက... တွေနဲ့ ခွဲခွဲထုပ်ပြီး ရောင်းတာ'

ဤတွင် တူမဖြစ်သူ တက္ကသိုလ်ကျောင်းသူ မသီ... က တစ်ထောင့်တစ်နေရာမှ ပါဝင်လာသည်။

'ဦး··လေးမျိုးရှစ်ဆယ်ဆိုတာ ဘာကိုပြောတာ...

ကိုခန့်ကြည်က တိုတိုနှင့်လိုရင်းကို ရှင်းပြသည်မှာ-

* အနာရောဂါ ဖြစ်စေသော အကြောင်းသုံးပါး... သော သလိပ်၊ သည်းခြေ၊ လေဖြစ်ကြောင်း ရသေ့... ကျမ်းတွင် ပြဆိုထားရာ လေသည် တစ်ပါးအပါအဝင်... ကြောင်း၊ လေသည် လှုပ်ရှားကန့်တတ်သောသတ္တိ (... ယောဓာတ်)ဖြစ်ကြောင်း၊

လေရောဂါများမှာ-

* ခြေဖဝါးမှဖြစ်စေသော လေရောဂါ(၈)ပါး၊
* ဝမ်းဗိုက်မှဖြစ်စေသော လေရောဂါ(၁၂)ပါး၊
* ရင်မှဖြစ်စေသော လေရောဂါ(၁၂)ပါး၊
* ထိပ်နဖူးပူရာမှ ဦးခေါင်း၊ မျက်စိ၊ နား၊ ခံ... သွားဖုံး၊ လျှာ၊ အသံ၊ လည်ချောင်းတွင်ဖြစ်စေသော... ရောဂါ(၁၂)ပါး၊
* အင်္ဂါကြီးငယ်ကို လျှောက်၍ဖြစ်စေသော ... (၁၁)ပါး၊
* အသည်း၊ နှလုံး၊ အရေပြား၊ ကွဲအက်စုတ်ပြတ်... သော ရောဂါ(၇)ပါး၊
* အသွားအလာမမှန် ခြေတုန်လက်တုန် ဓာတ်... ပြန်ရောဂါ(၁၃)ပါး၊
* ကိုယ်လက်လေးလံ ရှူးသွပ်သည့်ရောဂါ(၅)ပါး

စုစုပေါင်း လေရောဂါ(၈၀)ရှိကြောင်း ရှင်းပြ... သည်။ မသီတာက ဗလာစာအုပ်တွင်လိုက်ပြီး ... သည်။

မြေးလေးအောင်ကောင်းခန့်က မသီတာ လက်... ကို လာဆွဲပြီး-

'အန်တီလေး··လျက်ဆားလိုက်ဝယ်ပေး။ ဘ... ဘွားဘွားရော မအားဘူး။ လျက်ဆားက ကုန်သွား... မယ်။ ဦးဇော်ဂျီကြီးက သွားတော့မယ်'

'မသွားသေးပါဘူး အောင်ကောင်းခန့်ရဲ့။ သူ...



www.burmeseclassic.com

www.burmeseclassic.com

ပူပူကြီးထဲမှာ လျက်ဆားထုပ်တွေ အများကြီးရှိတယ်။ ဘာဘပြောပြနေတဲ့ လေမျိုး(၈၀)ပြောတာ ပြီးရင် သားသားကို သုံးရာဖိုးတိတိ အန်တီလေး လိုက်ဝယ်ပေးမယ်။ အခု ငြိမ်ငြိမ်ကလေး ထိုင်နေဦး'

တကျည်ကျည်နှားပူနှားဆာနှင့် လမ်းထိပ်သွားရန် ခြေလှမ်းတပြင်ပြင်လုပ်နေသော အောင်ကောင်းခန့်ကို ထိုင်ခိုင်းပြီး မသီတာက ဆက်မေးသည်။

'ဦးပြောပြတဲ့ လေမျိုး(၈၀)ကို ဒီခေတ်ကာလ လူငယ်တွေ နားလည်နိုင်တဲ့ အများသိနိုင်တဲ့ လေရောဂါကို ပြောပြပါဦး'

'ကဲ..ဒါဖြင့် ဆက်ပြီး လိုက်မှတ်လေ။ သမီးတို့ မကြာခဏဖြစ်တတ်တဲ့ လေထိုးတာ၊ လေနာတာ၊ လေကျင့်ထိုးတာ၊ အစာအိမ်တွင်း အခုအခံတွင်းဖြစ်လို့ လေခံတာမျိုး။ အရိုးအဆစ်ကြား လေဝင်လို့ လေခိုတယ်ဆိုတဲ့ ရောဂါမျိုး။ တစ်ခါတလေ လေချဉ်တက်တယ်လို့ ပြောကြတယ်မဟုတ်လား။ ကိုယ်ခန္ဓာတွေ မလှုပ်နိုင်၊ ကိုယ်အင်္ဂါတွေ မလှုပ်နိုင်၊ အကြောဆွဲသွားတဲ့ လေငန်းရောဂါ၊ ရင်ခေါင်းဝမ်းခေါင်းမှာ လေထကြွလို့ လေပူထကာ လေပွတာ အထူးသဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ဖောရောင်တာကို လေဖြန်းတယ်လို့ ပြောကြတယ်။

အကြောတွေဆိုင်းပြီး လှုပ်ရှားမရတာကို လေဖြတ်တာ။ ခန္ဓာကိုယ်တစ်ခုလုံး အစိတ်အပိုင်းတစ်ခုခု စောင်းမှု၊ အကြောသေ (ရုတ်တရက်သေတတ်)တဲ့ လေသင်တုန်းရောဂါ။

ကိုခန့်ကြည်သည် လေနှင့်စပ်ဆိုင်သည့် လေရောဂါအမျိုးမျိုးကို ရှင်းပြနေဆဲမှာပင် မီးဖိုခန်းထဲမှ ဘွားဘွားကြီး၏ စူးစူးရှရှဖြင့် ပြောလိုက်သည့်အသံက ကိုခန့်ကြည် ပြောနေသော စကားကို တုံ့ခနဲရပ်ပစ်လိုက်တော့သည်။

'စကားအစလေး တစ်စရရင် လေကြောရှည်တတ်တဲ့ ဘာဘရေ၊ လေတွေပွပြီး ထမင်းမစားနိုင် ဖြစ်ဦးမယ်။ ဇော်ဂျီလျက်ဆားက မြေးကလေးလျက်ဖို့တင် မဟုတ်ဘူး၊ ဘဘကြီးရော လျက်ရမှာ။ မသီတာ လျက်ဆားလိုက်ဝယ်ရင် နှင့်အဘအတွက်ပါ အပိုငါးထုပ်လောက် ထည့်ဝယ်ပေးလိုက်ဦး'

မသီတာသည် ဘွားဘွားကြီး၏ အကြောင်းသိနေသူ ဖြစ်၍ စကားမဆုံးမီမှာပင် မြေးကလေး အောင်ကောင်းခန့်ကို လက်ဆွဲပြီး လမ်းထိပ်သို့ အပြေးကလေး သွားလေတော့သည်။

◆◆◆

'အောင်ကောင်းခန့် လျက်ဆားသွားဝယ်မယ်ဆို ဘယ်လိုဖြစ်လို့ ပူပေါင်း(ပူဖောင်း)တွေ ဝယ်လာတာလဲ'

'ဘာဘက ဘာမှလည်း မသိဘဲနဲ့ ဆူလိုက်မယ်ဆိုတဲ့ အထဲကပဲ။ အန်တီလေးက လျက်ဆားသုံးရာဖိုးဝယ်လို့ ဦးဦးဇော်ဂျီက အချလောင်းလို့ဆိုပြီး လက်ကို အပေါ်မြှောက်လိုက်တာ ပူဖောင်းတွေ လက်ထဲကို ရောက်ရောက်လာတယ်။ ပူဖောင်းတွေကို ပါးစပ်နဲ့မှုတ်မှုတ်ပြီး ပေးလိုက်တာ။ စိုးမောင်မောင်ကျတော့ လက်ထဲမှာ ချိုချဉ်တွေ ရောက်လာတာ။ ဦးဦးဇော်ဂျီက အရမ်းစွမ်းတာ။ ဗိုဗိုရဲ့ ဘွားဘွားကလည်းပြောတယ်။ ဇော်ဂျီက တန်ခိုးလည်းရှိတယ်တဲ့။ ဒါဆို တန်ခိုးရှိတယ်။ စွမ်းလည်းစွမ်းတယ်ပေါ့'

အောင်ကောင်းခန့်သည် တစ်ခါမှ မတွေ့ကြုံ မမြင်ဖူးသော ပဉ္စလက်မျက်လှည့်ပြကွက်ဆန်းကို ယခုမှပင် တွေ့မြင်လာရခဲ့ရ၍ အလွန်အံ့သြခြင်းကြီးစွာဖြင့် ၎င်း၏ အတွေ့အကြုံကို ပြောပြနေသည်။

ခေါင်းရင်းအိမ်မှ အောင်ကောင်းခန့်နှင့် ကစားဖက် မောင်ဝဏ္ဏလည်း လျက်ဆားထုပ်နှင့် ပူဖောင်းတို့ကိုကိုင်ပြီး ရောက်လာသည်။

'ဘာဘ၊ သားသားလေ ဦးဇော်ဂျီ တောင်ဝှေးနဲ့ ဆေးကြိတ်ပြီး ကတော့ သားသိပ်ကြိုက်တာပဲ။ အခု ဒေါ်လေးတင့်ကို ကြိမ်လုံးဝယ်ပြီး ဆေးနီသုတ်ခိုင်းထားတယ်၊ သားသား ဇော်က သင်ခိုင်းမလို့။ ဘာဘဇော်ဂျီက ဘာကြောင့် ဆေးကြိတ်ရတာလဲ'

ယနေ့မျက်မှောက်ခေတ်ကာလ မျိုးဆက်သစ်ကလေးလူငယ်တို့သည် ရဲရဲဝံ့ဝံ့ ရှိကြသည်။ ၎င်းသိချင်သည့် အကြောင်းအရာဆိုလျှင် စိတ်ထဲတွင် မထားတတ်။ ခိုင်လုံသည့် အဖြေမရမချင်း ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ။ ဘယ်သူက ဘယ်သူ့ကို ပြောတာလဲ၊ ဘယ်တုန်းကလဲ စသည်ဖြင့် (ဘ)ပေါင်းများစွာ မေးကြသည်။ ယခုလည်း ဇော်ဂျီလျက်ဆား သွားဝယ်ကြပြီး သိချင်တာကို မသိရမချင်း မေးနေကြသည်။ ကိုခန့်ကြည် ရှောင်လွှဲနေ၍မရ။ အဖြေပြောရတော့မည်။

- မသီတာကလည်း မှတ်စုစာအုပ်ကလေး ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ ကိုခန့်ကြည် မဖြစ်မနေ ပြောရတော့သည်။

'ဇော်ဂျီဆိုတာ တောထဲတောင်ထဲမှာနေတာ။ ယောရဆိုတဲ့ မန္တန်ရယ်၊ ဂန္ဓာရီဆိုတဲ့ မန္တန်ရယ် အဲဒီမန္တန်နှစ်မျိုးကိုရွတ်ဆိုပြီး ဂုဠိကာဆိုတဲ့ ဆေးအောင်မြင်အောင် ဆေးကြိတ်ရတယ်။ အဲဒီမန္တန်ရော ဆေးရော အောင်မှ ဇော်ဂျီက အစွမ်းထက်တဲ့ဇော်ဂျီ ဖြစ်တယ်။ အဲဒီအစွမ်းတွေ ပိုပိုစွမ်းလာရင် ဝိဇ္ဇာဓိုရ်အဆင့်ကို ရောက်သွားတယ်။

ဗမာလူမျိုးတွေ တော်တော်များများ သိကြပါတယ်။ သထုံရာဇဝင်မှာ ဆရာတော်ကြီးတစ်ပါးဟာ ဇော်ဂျီဖိုလ်ဝင်သား (ဇော်ဂျီမှ ဝိဇ္ဇာဓိုရ်အဆင့်ရောက်နေသူ)ကို ရခဲ့တယ်။ အဲဒီကျောင်းမှာရောက်နေတဲ့ ကုလားညီနောင်တို့ဟာ ဆရာတော်မရှိခိုက် ဇော်ဂျီဖိုဝင်သားကို ဖုတ်ကင်စားလိုက်ကြတယ်။ အလွန်အစွမ်းထက်တဲ့သူတွေ ဖြစ်ကုန်ကြတယ်။ ဦးကုလားရာဇဝင်မှာတော့ ဝိဇ္ဇာဓိုရ်ဇော်ဂျီတောင်ဆိုတဲ့ အသုံးအနှုန်းကို တွေ့ရတယ်'

မောင်ဝဏ္ဏက စကားကို ကြားဖြတ်မေး၏။

'ဘဘ‥ဒီလိုဆိုရင် ဇော်ဂျီရဲ့အသားက သေပြီးတာတောင် အစွမ်းထက်နေရင် အသက်ရှင်လျက်ဆို ဘယ်လောက်တောင် အစွမ်းထက်မလဲ။ ဘဘဆက်ပြောပါဦး'

'သားသားတို့ ဇာတ်ပွဲတွေ၊ ရုပ်သေးတွေ ကြည့်ရတဲ့အခါ တွေ့ရလိမ့်မယ်။ ကောင်းကင်ထဲက တိမ်တိုက်တွေထဲကို ဝင်သွားတဲ့ မိုးပျံဇော်အကတွေ၊ မြေလျှိုးတဲ့ အကတွေ၊ ရေလှိုင်းတွေထဲမှာ ငုပ်ချည်ပေါ်ချည်လုပ်တဲ့ အကတွေ အဲဒီအကတွေက ဇာတ်တွေမှာ မကမဖြစ် ကပြကြတယ်။ လက်ဆင့်ကမ်း အစဉ်အလာမပျက် မြန်မာ့ရိုးရာယဉ်ကျေးမှုလို့ ပြောရမှာပဲ။

ဇော်ဂျီက ဘယ်လောက်တောင် စွမ်းသလဲဆိုရင် တောတွေတောင်တွေ ဘယ်လောက်ထူထပ်ပြီး အကာအကွယ်ဖြစ်နေပါစေ ဟာလာဟင်းလင်း လေဟာနယ်လို ဖြတ်သွားနိုင်တယ်။ ရေပြင်ကျယ်ကြီးကို မြေပြင်လို လမ်းလျှောက်သွားနိုင်တယ်။ ဇော်ဂျီကနေ ဝိဇ္ဇာဓိုရ်ဖြစ်သွားရင် နတ်ပြည်ထက်မြင့်တဲ့ ဗြဟ္မာပြည်ထိ သွားနိုင်တယ်။ အဆိပ်မိပြီး သေမယ့်အခြေအနေ၊ မျောနေတဲ့သူကို အသက်ကယ်နိုင်တယ်။ ဆေးဝါးမန္တရားအတတ်ကို အလွန်ကျွမ်းကျင်ကြတယ်။

မောင်ဝဏ္ဏက သူ့အထင်နှင့် ထောက်ခံစကား ဆို
သည်။

'ဒါကြောင့်ထင်တယ် အဘ၊ ဦးဦးဇော်ဂျီရဲ့ လျက်ဆားကို လူကြီးတွေကပါ ဝယ်ကြတာဖြစ်မယ်။ ကလေးရော လူကြီးပါ အများကြီး ဝယ်ကြတယ်ဘ ဘ'

ဤနေရာတွင် ရုပ်ရှင်၊ ဗီဒီယို ဇာတ်လမ်းဇာတ်ကွက် ဇာတ်ကောင်တို့နှင့်အတူ အကျွမ်းဝင်သော ဘွားဘွားကြီးက-

'အေး‥ဇော်ဂျီလျက်ဆားက ရောင်းကောင်းသ ဇော်ဂျီဇာတ်လမ်းအသားပေး ဇော်က‚ကနေသည် ဇာတ်ကားဆိုရင် ဇာတ်လမ်းဇာတ်ကွက်တင်မကဘူး၊ မင်းသားကိုပါ ကြိုက်ကြလို့ ထပ်ကာ‚ထပ်ကာ ရုံတင်နေရတယ်

စက်ကြိုးတွေကို အသုံးပြုပြီး ဇော်က‚ကတဲ့ ဇာတ်မင်းသားဖိုးချစ်လည်း ဇော်က အကကောင်းလို့ ရုံလျှံသွားတာလည်း ရှိတယ်။

ဆရာဇော်ဂျီရေးတဲ့ မဖေဒါက တစ်ပင်တည်းဆိုတဲ့ ပန်းပန်လျက်ပါ ဇာတ်ကားက ဘယ်ခေတ်မှာပြပြ ရုံပြည့်ပါပြီဆိုတဲ့ စာတန်းက အမြဲချိတ်ခံရတယ်။

မြန်မာနိုင်ငံရောက်လာတဲ့ နိုင်ငံခြားဧည့်သည်တွေ အဝယ်အများဆုံး၊ အနှစ်သက်ဆုံးက ဇော်ဂျီကြိုးဆွဲ ရုပ်သေးရုပ်၊ ပန်းချီကား၊ ရုပ်တုတွေဆိုတာ တန်းဝင်ပစ္စည်းထဲမှာ ပါတယ်'

ဘွားဘွားကြီး စကားမဆက်မီမှာပင်-

'ဟုတ်ပါပြီ ဘွားဘွားကြီးရယ်၊ လည်ချောင်းနာသွားအောင် ဇော်ဂျီလျက်ဆားလေး လျက်လိုက်ပါဦး မသိတာ၊ ဆေးတစ်ထုပ် ပေးလိုက်ပါဦး'

ကိုခန့်ကြည်က အပျော်တစ်ဝက်စွက်ပြီး ပြောလိုက်ရာ အားလုံး ပြုံးစစမျက်နှာဖြင့် ဘွား ဘွားကြီးကို ကြည့်နေကြတော့သည်။

◆◆◆

'ဘဘ‥သမီး ကုန်စုံရောင်းတဲ့ ဒေါ်လေးဒေါ်ကြည် သန့်ဆိုင်ကို ဆီသွားဝယ်တုန်းက စာအုပ်စင်ပေါ်မှာ တင်ထားတဲ့ ဗီးကွက်ပေါ်မှာ ဒူးထောက်ပြီး ဆေးကြိတ်နေတဲ့ ဇော်ဂျီရုပ်တုကို စက္ကူခြင်းထားတဲ့ ဆန်ကောသေးသေးလေးထဲမှာ ထည့်ထားတာ တွေ့ခဲ့ရတယ်။ သမီးရဲ့ မှတ်ဉာဏ်ထဲမှာ အမြင်ဆန်းနေတာမို့ ဒီရုပ်တုကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်စင်ပေါ်တင်ထားတာလဲလို့ စပ်စုမိတယ်'

ဘွားဘွားကြီး စိတ်ဝင်စားသွားဟန်တူသည်။

ဒေါ်လေးဖြူသန့်က 'ဘာပြန်ပြောသလဲ'ဟု မေးခွန်းဆုတ်လိုက်ရာ-

'ဒေါ်လေးဖြူကပြောတယ်။ စစ်ကိုင်းတော့ ကိုကျော်ခင်က ဈေးကုန်းရပ်ထဲမှာပေါက်တဲ့ စောင်ချမ်းပင်(စောင်ချန်းပင် အပင်တွင် ဆူးချွန်များပေါက်၍ အသီးဆန်ကို အချဉ်တည် စားရသော အပင်တစ်မျိုး)ရဲ့ ကိုင်းကို ဖြတ်ပေးတယ်။ ဒေါ်လေးက မဟာမုနိဘုရားကြီးက ပန်းပုဆိုင်ကိုသွားပြီး ထုခိုင်းတယ်။ ဈေးရောင်းကောင်းအောင်လို့'ဟု ပြောလိုက်တယ်။

ကိုခန့်ကြည့်က ထပ်ပြီးရှင်းအောင် ပြောရသည်။

'ဗမာတွေ အယူအဆက ဇီးကွက်ကို လာဘ်ကောင်လို့ ယူဆသလို ဇော်ဂျီကိုလည်း အစွမ်းသတ္တိရှိတယ်လို့ သိထားကြတယ်။ ဇော်ဂျီနဲ့ ဇီးကွက်ဆိုတဲ့ ပြောင်းပြန်အမည်(နာမ်ဓာတ်)တွေနဲ့ ကက်ကင်းဓာတ်ဆင်တဲ့ လာဘ်ခေါ်အစီအရင်လို့ သိမှတ်ဖူးတယ်။ တချို့က ဇော်ဂျီဂါထာရွတ်ပြီး ဇော်ဂျီရုပ်တုကို သိဒ္ဓိတင်တာလည်းရှိတယ်'

ဘွားဘွားကြီးသည် ထမင်းပန်းကန်ပြားကို ကိုင်လာပြီး-

'မသိတာ၊ ထမင်းစားဖို့ ဟင်းပန်းကန်တွေ ယူလာခဲ့တော့။ ဇော်ဂျီလျှက်ဆားရောင်းတဲ့ ကိုသာဂေါင်ကြီးတောင် ပြန်သွားပြီ။ နင့်အဘက စကားစမိရင် ဆုံးတာမဟုတ်ဘူး။ ဇော်ဂျီလျှက်ဆားပြီးရင် ဝိဇ္ဇာဓိုရ်ကြီးရဲ့ ဓာတ်လုံးအကြောင်းတွေ ရောက်တော့မယ်။ ကဲ··ဘာဘကြီး စကားပြောတာ၊ ရှင်းပြတာတွေကို ဒီမျှသာပဲ'ဆိုပြီး ရပ်လိုက်ပါတော့သည်။

'ပိုပိုနဲ့ မောင်ဝဏ္ဏပါ ထမင်းဝင်စားသွားကြ'

ဤတွင် ကိုခန့်ကြည်လည်း ဇော်ဂျီအကြောင်း စပ်မိသမျှ ပြောခဲ့သည်များကို မှတ်တမ်းမှတ်ရာစာစုအဖြစ် ရေးသားဖော်ပြလိုက်ပါသတည်း။

သက်ရှည်ကျန်းမာ ချမ်းသာကြပါစေ

မောင်ကောင်းထက်(ကျောက်တံတား)

<u>စာကိုး</u> * မြန်မာအဘိဓာန်။

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ပေါသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

ဖော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး၊ ဒေးဒရဲ့ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ ၀၉ ၉၇၂ ၆၃၂၂၇၂
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆



www.burmeseclassic.com

www.burmeseclassic.com

(၁)



တောကြီးမာယာ

သီတင်းကျွတ်လဆန်း (၁၄)ရက် အ... ည၏ လရောင်သည် ထိန်ထိန်သာလျ... သည်။ ပဲခူးရိုးမတောကြီး၏ အရပ်ရှ... လမင်းစန္ဒာ၏ ဘော်ငွေရောင်များ ... ထားသလို သစ်ရွက်သစ်ခက်တို့ ... တောက်ပလျက် ရှိနေကြသည်။ ... တို့ ဆော်သွေးချိန်ဝယ် သစ်ရွက်... များ ပွတ်တိုက်သံပင် ဂီတသံ... ယာချိုအေးလှသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်နှင့်တောတို့ ပိတ်ပိတ်ဖုံးနေသည့် ရိုးမတောကြီးသည် မာယာများလှသည်။ ဝါလကင်းလွတ် သီတင်းကျွတ်ချိန် ရောက်တော့မည့်တိုင် မိုးရိပ်မိုးသားတို့ မကင်းလွတ်နိုင်သေး။ ဟိုအဝေးမှာ လျှပ်ပြက်သလို၊ မိုးချုန်းသံလို ထစ်ချုန်းသံများ ကြားနေရသည်။ ညဥ့်ငှက်ကလေးများပင် သစ်ရွက်များကြား အိပ်တန်းတက်နေရာက လန့်ပြီး ထပျံကုန်ကြသည်။ တဝေါဝေါ အသံကြီးဖြင့် သစ်ပင်ကြီးများ ယိမ်းကကုန်ကြသည်။ တောကြီးမာယာများလှချည်သေး။

ဖိုးသာနိုင်လို တောမုဆိုးတစ်ယောက်အဖို့ ထူးဆန်းလှသည် မဟုတ်ချေ။ သို့ပေမယ့် သတိအနေအထားဖြင့် လင့်စင်ပေါ်မှာ ဒူးထောက်ထားပြီး ဒူးလေးကြိုးကို တင်းနေအောင် ဆွဲတင်ထားလိုက်ပြီး မြားတံကို ပစ်လွှတ်ရန် အသင့်အနေအထားဖြင့် ဝင်လာမည့် သားကောင်ကို စူးစိုက်ကြည့်နေမိသည်။ သူနေထိုင်သော လင့်စဥ်ကို ဒီကဒုတ်တောင်အနီး စမ်းတွင်းလေးနားရှိ တောင်ကြီးပင်ထိပ်ကိုင်းခွကြားမှာ တည်ဆောက်ထားခြင်းဖြစ်သည်။ တောင်ကြီးပင်သည် သူရောက်ရှိနေရာ ရိုးမတောကြီး၏ တောစိုးသစ်ပင်ကြီးဖြစ်သလို အကိုင်းအခက်များ သန်မာလှပြီး သစ်ရွက်များကလည်း ကြီးမား၍ အရွက်စိပ်စိပ်ဖြင့် အရိပ်ကောင်းလှသည်။

သစ်ကြီးဝါးကြီးများ သဘာဝအလျောက် ပေါက်



www.burmeseclassic.com

ရောက်နေ၍ လင့်စင်ထိုးရန် အခက်အခဲမရှိ လုပ်ဆောင်နိုင်သည်။ စမ်းတွင်းနားတွင်ဖြစ်၍ သောက်သုံးရန် ရေအဆင်သင့် ရရှိနိုင်သည်။ သည်ပဲခူးရိုးမတောကြီးထဲသို့ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ စတင်ဝင်ရောက်ခဲ့ပြီး ဝါတွင်းသုံးလကာလပတ်လုံး မိုးထဲ လေထဲ လှည့်လည်သွားလာနေခဲ့သည်။ သည်ရိုးမတောကြီးအတွင်း ကြက်တညင်လေးတစ်ကောင်ကို အမိအရဖမ်းဖို့ ဖိုးသာနိုင် ကြိုးစားအားထုတ်နေခြင်း ဖြစ်သည်။ ကြက်တညင်လေးက နှယ်နှယ်ရရမဟုတ်၊ သူတွန်သံပေးချိန် အာခံတွင်းမှာ ရဲရဲတောက်နီနေသော ပတ္တမြားတစ်လုံးကို မြင်တွေ့ကြရသည်။ အနယ်နယ်အရပ်ရပ်မှ မုဆိုးကျော်များ တောရိပ်ခို၍ ကြက်တညင်လေးကို ချောင်းမြောင်းပစ်ခတ် ဖမ်းဆီးရမိရန် ကြိုးစားအားထုတ်ကြသော်လည်း မည်သည့်မုဆိုးမှ ဖမ်းဆီးမရနိုင် ရှိနေသည်။

မုဆိုးဗီဇ

ဖိုးသာနိုင်ကို မွေးဖွားလာစဉ်ကပင် မုဆိုးဗီဇ ပါလာသူဖြစ်သည်။ ဘုန်းတော်ကြီးသင်ကျောင်းမှ မူလတန်းအောင်ပြီး အလယ်တန်းအဆင့် ကျောင်းပြောင်းတက်ရသည်။ လှည်းကူးမြို့ အထက်တန်းကျောင်းမှာ အလယ်တန်းကျောင်းသား ဖြစ်လာသည်။ သည်မှာ ဖိုးသာနိုင် ငယ်ချစ်ရည်းစား ရတော့သည်။ နွယ်နွယ်ဆိုသော ကောင်မလေး။

နွယ်နွယ်က တစ်ဦးတည်းသောသမီး။ မိဘများက ခြံသမား ဖြစ်ကြသည်။ လှည်းကူးမြို့ တာဆုံမှ မဝေးလှသော ငမိုးရိပ်ချောင်းနားမှာ သပြေခြံကြီးရှိသည်။ နွယ်နွယ့်မိဘနှစ်ပါးက သပြေပင်များစိုက်ကြသည်။ သပြေခြံကြီးက နှစ်ဧက ကျယ်ဝန်းသည်။ ကျောင်းပိတ်ရက်မှာ နွယ်နွယ်တို့ သပြေခြံထဲ ရောက်နေတတ်သည်။ နွယ်နွယ်ကို သင်္ချာဘာသာနှင့် အင်္ဂလိပ်စာဘာသာရပ်ကို ပြန်လည်ရှင်းပြရသည်။ ဖိုးသာနိုင်က သပြေပင်များ ရေလောင်း၊ ပေါင်းသင်၊ သပြေညွန့်များ ဖြတ်ညှပ်ပြီး အစည်းများလုပ်ကိုင်ပေးတတ်သည်။ နွယ်နွယ့်မိဘများက ဖိုးသာနိုင်ကို သားသမီးလို ချစ်ခင်ကြသည်။ နွယ်နွယ်က ကျောင်းပိတ်ရက် သပြေစည်းများကို မိခင်နှင့်အတူ ထုပ်ပိုး၊ လှည်းကူးဈေးသို့ အော်ဒါပို့ လိုက်ပါတတ်သည်။

နွယ်နွယ် သပြေစည်းများကို ဈေးသို့ သွားပို့နေခိုက် ငမိုးရိပ်ချောင်းမှာ ငါးသွားမျှားသည်။ နွယ်နွယ့်အဖေ... ဝါသနာတူ။ တစ်ခါတစ်ရံ ဖိုးသာနိုင် နွယ်နွယ့်သပြေ... သို့ ရောက်မလာလျှင် နွယ်နွယ်က ဖိုးသာနိုင်တို့အိမ်... လိုက်လာတတ်သည်။

'သမီးရေ..လူလေးတစ်ယောက် မနက်အစော... ကတည်းက မင်းကုန်းဘက် တက်သွားတယ်။ အမဲလိုက်... ဖို့ ထင်ပါရဲ့။ အမေတို့က မကြိုက်ပါဘူးကွယ်။ သမီး... ပဲ တားမြစ်ပေးပါဦး'

နွယ်နွယ်တစ်ယောက် ဘယ်လောက်တားမြစ်... မြစ်၊ မကြိုက်တဲ့ အမူအရာပြပြ ဖိုးသာနိုင်က ခံမ... နားမထောင်။

'နင် မသိဘူး။ အမေတို့က ငါအမဲပစ်ထွက်... ထင်နေတာ။ ငါ့အကြောင်းနဲ့ငါပါ။ ငါ ဆရာကြီး... ရွှေနှင့် လိုက်သွားပြီး ပညာယူနေတာ။ ပဲခူးရိုးမတော... ရတနာရှာနေတာဟ'

ဖိုးသာနိုင်က ခပ်တည်တည်နှင့် ပြောလာတော့ နွ... နွယ်တစ်ယောက် မျက်လုံးလေး ပေကလပ် ပေကလ... ဖိုးသာနိုင်ကို ဘာမှပြန်မပြောမိ။

'နွယ်နွယ်..ငါတို့ လက်ထပ်တဲ့အခါကျရင် သူ... ဖြစ်အောင် ရတနာရှာနေတာဟ'

'ကိုနိုင်..နင်က ငါ့ကို လက်ထပ်မလို့လား'

'ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ'

'နင် ငါ့ကို ရည်းစားစကား ပြောသေးလို့... ဟိုနေ့က ကျောင်းလွှတ်ချိန် နင် ငါ့ကိုလိုက်မပို့လို့ ... ကြိုင်က ငါ့ကို စာလိုက်ပေးတယ်။ ငါက နင့်ကို ... ထိုးလိမ့်မယ်ပြောတော့ မောင်ကြိုင်က နင်နဲ့ ဖိုးသာ... ကြိုက်နေလားလို့ မေးတယ်။ ငါ ဘာမှပြန်မပြောခဲ့ဘူး...'

'နွယ်နွယ်..နင် မောင်ကြိုင်ကို ကြိုက်နေလို့...'

'အေး..ငါကြိုက်မလားလို့ စဉ်းစားနေတယ်'

'ဘာလို့ကြိုက်ရမှာလဲ။ နင့်ကို ငါယူမှာ'

'ကိုနိုင်..နင် ငါ့ကိုချစ်လို့လား။ လူကြီးတွေက ... နှစ်ယောက်ကို ပေးစားမယ်ပြောတာနဲ့ နင် ပိုင်စိုးပိုင်... မပြောနဲ့နော်'

ဖိုးသာနိုင်က နွယ်နွယ်နား ကပ်သွားပြီး အတင်း... နမ်းသည်။

'နင့်ကို ငါ တစ်အားချစ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာနိုင်စကားကြောင့် နွယ်နွယ် မျက်နှာလေး ငိုင်းထိန်သွားသည်။

'နင် တကယ်ပြောတာလား ကိုနိုင်'

'တကယ်ပေါ့ဟ နွယ်နွယ်ရ။ နင်ဟာ ငါငယ်စဉ်က တည်းက ချစ်လာရတဲ့ အချစ်ဦးလေးပါ'

'ဒါဆို နင် မိစိန်ကို ဘာလို့ပရောပရည် လုပ်နေတာလဲ။ ကျောင်းမှာ နင်တို့နှစ်ယောက် တတွဲတွဲနဲ့'

'ငါ..ငါးမျှားဖို့ မိစိန်က တီကောင်ရှာပေးတာဟ။ နင့်ကို ငါ မခိုင်းရက်လို့ပါ'

ဖိုးသာနိုင်စကားကြောင့် နွယ်နွယ်တစ်ယောက် ကျေနပ်ဝမ်းသာသွားရသည်။

'ကိုနိုင်..လွှတ်ပါဟ။ အဖေ၊ အမေတို့ သပြေညွန့်တွေ ခူးနေတာ၊ တို့ကို မြင်သွားရင် ရှက်စရာကြီးဟာ'

သည်လိုနှင့် ချစ်သူနှစ်ဦး ကြည်နူးခဲ့ကြရသည်။

(၂)

**မုဆိုးကြီး စောစံရွှေ**

လှည်းကူး၊ ဖောင်ကြီး၊ မင်းကုန်းပတ်ဝန်းကျင် တောတောင်များ၌ ကျင်လည်ကျက်စားနေသော ကရင်လူမျိုး မုဆိုးကြီးတစ်ဦးဖြစ်သည်။ နာမည်ကျော်ကြားသော မုဆိုးကြီးတစ်ဦးဖြစ်သည်။ မုဆိုးကြီး စောစံရွှေနှင့် ကရင်အမျိုးသမီးကြီး လင်မယားနှစ်ဦးတည်းသာ ရှိသည်။ ငယ်လင်ငယ်မယားဖြစ်သော်လည်း သားသမီးမရှိ၊ သားသမီးမရကြချေ။ မင်းကုန်း၊ ဖောင်ကြီးမှ နှစ်မိုင်ခန့်ဝေးသော ရိုးမတောစပ်၌ အိမ်တစ်လုံးနှင့် နေကြသည်။ စောစံရွှေ အမဲလိုက်၍ရလာသော သားကောင်များကို ကိုယ်တိုင်အမဲခုတ်၍ ကိုယ်တိုင် မင်းကုန်းဈေးသို့ တက်ရောင်းသည်။ ဇနီးဖြစ်သူ အမိုးကြီးကို အမဲကောင်များအား ကိုင်တွယ်ခွင့်မပေးချေ။ ကြမ်းတမ်းလှသော မုဆိုးကြီး၏ နှလုံးသားသည် ချစ်ဇနီးအပေါ် မေတ္တာတရားကြီးမား၍ နူးညံ့လှသည်။

'အစ်ကိုကြီး..အသက်တွေ ကြီးလာပြီ။ သားသတ်ငါးသတ် မုဆိုးအလုပ်တွေ မလုပ်ပါနဲ့တော့ရှင်။ တောင်ယာစိုက်ပျိုးပြီး စားပင်တွေ ရောင်းချလို့ ရတဲ့ငွေနဲ့ပဲ စားသောက်ကြတာပေါ့။ ပိုက်ဆံချမ်းသာဖို့ မလိုပါဘူး။ ကျွန်မတို့ စိတ်ချမ်းသာစွာ နေကြရဖို့ အရေးကြီးပါတယ်'

ချစ်ဇနီးရဲ့ စကားကြောင့် မုဆိုးအလုပ်ကိုစွန့်ရန် ဆုံးဖြတ်လိုက်သည်။ မုဆိုးကြီး စောစံရွှေ အသက်က ခုနစ်ဆယ်ကျော်လာပြီဖြစ်သည်။ စိတ်ကြမ်း လူကြမ်းဘဝကို နားလိုက်ပြီဖြစ်သော်လည်း ချစ်ဇနီးမျက်နှာမငယ်ရအောင် ရိုးမတောကြီးထဲဝင်၍ ရတနာရှာသည့် လုပ်ငန်းကို လုပ်သည်။ သူရှာသည့် ရတနာက မင်းရမ်းကား၏ ပတ္တမြားဖြစ်သည်။

'မိန်းမရေ..ငါ့ကို နောက်ဆုံးအလုပ်လေး လုပ်ခွင့်ပေးပါကွာ။ ငါ ရိုးမတောထဲ တစ်ဝါဆိုပြီး ရတနာသွားရှာဦးမယ်။ တောထဲက ပြန်လာပြီဆိုရင် မုဆိုးအလုပ်ကို အပြီးစွန့်လိုက်ပါ့မယ်'

ဒူးလေး၊ ဓားရှည်၊ ဓားတို၊ စားရိက္ခာအပြည့်အစုံဖြင့် မုဆိုးလက်နက်များအပါအဝင် ရိက္ခာထုပ်ကိုထမ်း၍ ရိုးမတောထဲ ဝင်သွားသော ချစ်လင်မုဆိုးကျော်ကြီး စောစံရွှေကို ဇနီးဖြစ်သူက တဖြည်းဖြည်း ဝေးကွာသည့်တိုင် ကြည့်ရင်း ကျန်ရစ်ရှာသည်။ အမိုးကြီးက သက်ပြင်းတစ်ချက်ရှိုက်ရင်း ကျန်ရစ်ရှာသည်။ ချစ်လင် မုဆိုးကျော်ကြီးကို နောက်ဆုံး မြင်တွေ့ခွင့်ရလိုက်ခြင်းပင် ဖြစ်တော့သည်။

**လက်ဦးဆရာ**

ကျောင်းပိတ်ရက်မှာ ဖိုးသာနိုင်က မိဘများကို နွယ်နွယ်တို့ သပြေခြံထဲသွားမည်ပြောပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။ သူတကယ်ရောက်သွားသည်က ဖောင်ကြီး မင်းကုန်းရွာဖြစ်သည်။

မုဆိုးလမ်းပြ ဦးကုလားအိမ်သို့ ဖိုးသာနိုင် ရောက်လာသည်နှင့်-

'ကောင်လေး..စောလှချည်လားကွ။ မုဆိုးကြီး စောစံရွှေ ရောက်မလာသေးဘူး'

'သူမလာတော့လည်း သူ့အိမ်ကို လိုက်သွားကြတာပေါ့။ အဘ..ကျွန်တော့်ကို ဆရာကြီးစောစံရွှေအိမ် လမ်းညွှန်ပေးပါလား'

'ငါကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်ကွာ။ ဒီကဒုတ်တောင်သွားတဲ့ တောလမ်းမှာပဲ စောစံရွှေ နေတာကွ။ သွားကြမယ်' •

စိတ်မြန်လက်မြန် ဦးကုလားက ဓားမတိုကို ခါးကြားထိုးလိုက်ပြီး အိမ်ဝိုင်းထဲက စတင်ထွက်လိုက်သည်။ အသက်(၇၀)ကျော် ဦးကုလားသည် ဖျတ်လတ်သန်မာလှသည်။ ဦးကုလားနောက်သို့ ဖိုးသာနိုင် မပြေးရုံတစ်မည်

www.burmeseclassic.com

အမီလိုက်ရသည်။

'ဟကောင်ရ၊ မုဆိုးလုပ်မယ့်ကောင်က လျင်မြန်မှ ပေါ့။ လိပ်လို နှေးကွေးနေလို့ မရဘူးကွ'

ဦးကုလား၏ဆော်သြသံစကားနှင့်အညီ ရှေ့က လျင်မြန်စွာ သွားနေသည်။

ဒီကဒုတ်တောလမ်းအတိုင်း တစ်မိုင်ခန့် ခရီးပေါက်လာမှ လမ်းသွယ်လေးထဲ ချိုးဝင်လိုက်သည်။ ဝါးနှစ်ရိုက်ခန့် ဝင်သွားပြီး ခြံစည်းရိုးခတ်ထားသော ခြေတံရှည်တဲအိမ်တစ်လုံးရှေ့ ရောက်လာကြသည်။ ရုတ်တရက် လူတစ်ယောက် ခြံထဲမှ စည်းရိုးကိုကျော်ပြီး ကျွမ်းပစ်ထွက်လာသည်။ သူတို့နှစ်ယောက်ရှေ့ ကြောင်ကျ ကျသည်။

'ချီးမှပဲ..တယ်နောက်ကျတဲ့ကောင်တွေပဲ'

ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးထုတ်လိုက်ပြီး မတ်တတ်ထရပ်လိုက်သည်။ ဖိုးသာနိုင်က လေးခွလောက်စာ အိမ်ထဲ လောက်စာလုံးထည့်ပြီး သားရေကြိုးကို အဆင်သင့် ဆွဲလိုက်သည်။

'ကောင်လေး..မပစ်လိုက်နဲ့ဦး။ ငါ့မျက်လုံး ကန်းသွားဦးမယ်။ မုဆိုးဆိုတာ အဲဒီလို လျင်နေရမယ်ကွ'

ဦးကုလား အံ့အားသင့်သွားသည်။ လေးခွကိုင် ဖိုးသာနိုင်လက်က အဖြောင့်သား။ တစ်ချက်တစ်ကောင် ပစ်မလွဲ။ ဖိုးသာနိုင် လေးခွသားရေကြိုးကို ဖြေလျှော့လိုက်ပြီး မုဆိုးကြီးစောစ်ရွှေကို ထိုင်ကန်တော့လိုက်သည်။

'ကျွန်တော် လန့်သွားလို့ လေးခွနဲ့ ချိန်မိတာ ဆရာကြီး ခွင့်လွှတ်ပေးပါ'

'အပြစ်မယူပါဘူးကွာ။ မကြောက်မလန့်မှ ငါက ကြိုက်တာကွ။ ငါ့တပည့်လုပ်ရင်တော့ လျင်မြန်ဖျတ်လတ်နေရမယ်'

မုဆိုးကြီး စောစ်ရွှေကို ကြည့်စမ်း၊ အရပ်က ငါးပေသာသာရှိသည်။ ကိုယ်ခန္ဓာကျုံလှီသေးကွေးပြီး ကတုံးနှင့် ကွမ်းစားလွန်းလို့ သွားတွေ မည်းနက်နေသည်။ မျက်နှာက လေးထောင့်၊ မေးရိုးကားကား၊ မဟာနဖူးနှင့်။ ထူးခြားသည်က စူးရှတောက်ပြောင်သော ကြောင်မျက်လုံးတစ်စုံ ပိုင်ဆိုင်ထားသည်။ ကျောမှာ ဓားရှည်လွယ်ထားသည်။ လက်ထဲမှာ ဒူးလေးကို ကိုင်ထားသည်။ ခါးမှာ ဓားမြှောင် အတိုတစ်ချောင်းကို ခါးပတ်ဖြင့် ချိတ်ထားသည်။ ခါးတောင်းမြှောင်အောင်ကျိုက်ထား၍ ပေါင်နှစ်ဖက်စလုံး ထိုးကွင်းအပြည့်နှင့် မုဆိုးပီသလွန်းသည်။

'ကိုကုလားပြောလို့ မင်း ငါ့ဆီက မုဆိုးပညာ သင်ချင်တယ်ဆို။ ကျောင်းစာလို စာတွေသင်လို့ မရဘူး လက်တွေ့သင်မှ တတ်မှာ။ ကျောင်းပိတ်ရက်တွေ ... တဲ လိုက်ပြီး ပညာယူပေတော့'

မုဆိုးကြီး စောစ်ရွှေက အပြောပြတ်သားလွန်းသည်။ လောကွတ်စကား မပြောချေ။

'မင်း အပင်ပန်းခံနိုင်မှ ပညာရမှာနော်။ ဖြစ်မလား'

ဆရာဖြစ်သူ၏ အမေးကို ဖိုးသာနိုင်ကလည်း-

'ဟုတ်ကဲ့'

တစ်ခွန်းတည်းသာ ဖြေသည်။

သည်လိုနှင့် ကျောင်းပိတ်ရက်တွေမှာ ဆရာကြီး စောစ်ရွှေနောက်သို့ လိုက်ပါရင်း တောတိုး၊ တောင်တက် ငှက်ပစ်၊ ငှက်ထောင် အခြေခံကအစ ချေ၊ ဆတ်၊ ... ဝက်၊ တောင်ဆိတ် အမဲကောင်များ ဒူးလေးမြားဖြင့် ... နည်း၊ သားကောင်များ ခြေရာကောက်၊ ထောင်ချော... ဆင် ဖမ်းနည်းများ၊ မုဆိုးရိက္ခာနှင့် လင့်စင်ထိုးနည်း... လက်တွေ့သင်ပေးသည်။ မြန်မာ့ကိုယ်ခံပညာ ... ဗန်ရှည်သိုင်းကို အခြေခံကစ၍ သင်ကြားပြသပေးသည်... ဝါတွင်းသုံးလအချိန်အတွင်း ဖိုးသာနိုင် မုဆိုး... ဖြစ်သွားသည်။

မိဘနှစ်ပါး ဝါတွင်းကာလ ဥပုသ်စောင့် တရား... ဝနာပွားနေစဉ် ဖိုးသာနိုင်တစ်ယောက် ဖောင်ကြီး... ကုန်း၊ ကုံကော်ကျွန်း၊ ဒီကဒုတ်တောင်များရှိရာ ... ကြီးထဲ ကျင်လည်ကျက်စားနေခဲ့သည်။ ချစ်သူနွယ်... မရောက်ဖြစ်တော့ချေ။ ကျောင်းဖွင့်ရက်မှ တွေ့... သည်။ နွယ်နွယ် စိတ်ဆိုးစိတ်ကောက်နေမှန်းသိ၍ ... တောတွင်းမှ သစ်ခွပန်းလှလှလေးများ ဆွတ်ခူး... လက်ဆောင်ပေး၍ ချော့တော့လည်း နွယ်နွယ် စိ... စိတ်ကောက် ပြေရပြန်သည်။

'ကိုနိုင် အဖေနှင့် အမေက ခြံထဲလာတာ ... မေးနေကြတယ်။ နွယ်က ဥပုသ်စောင့်သွားတာ ... ပိတ်ရက်တိုင်းပဲလို့ လိမ်ပြောနေရတယ်'

'အေးပါ နွယ်နွယ်ရာ၊ ဦးလေးအတွက် ရိုး... ထဲက ပျားဖွပ်ပြီး ပျားရည်တစ်ပုလင်းနှင့် ဆ...



www.burmeseclassic.com

www.burmeseclassic.com

ခြောက်တွေ လာပေးဦးမယ်'

'ကိုနိုင် အန္တရာယ်တွေကို သတိထားနော်။ ကျိုက်ဒေးဗားတောင်မှာ ကျားသားအမိရှိတယ် ကြားတယ်။ အင်းခနီမှာ ဥစ္စာစောင့်တွေ ရှိတယ် ပြောတယ်။ ကိုနိုင့်အတွက် စိုးရိမ်လိုက်ရတာ'

စိုးရိမ်တကြီး ပြောနေသော ချစ်သူမျက်နှာလှလှလေးကို အသာအယာ အနမ်းပေးရင်း-

'အေးပါ နွယ်နွယ်ရာ၊ ဆရာကြီးစောစ်ရွှေလည်း ပါတယ်။ မစိုးရိမ်ပါနဲ့ဟာ'

ဖိုးသာနိုင် ရင်ခွင်အတွင်း မျက်နှာအပ်၍ နွယ်နွယ်ချစ်သူ၏ အ်ယုအယကို ဝမ်းသာပီတိ ဖြစ်ရပြန်သည်။

(၃)

**မင်းရမ်းကား၏ ကိုနှိစာလော**

ဝါတွင်းသုံးလကာလပတ်လုံး ပဲခူးရိုးမတောအတွင်း တောင်သုံးလုံး၊ အင်ခနီ၊ ကျိုက်ဒေးဗား၊ ဖောင်ကြီးမဟာမြိုင်တော၊ မင်းကုန်း၊ ဒိကဒုတ်တောင်တောတွင်း ကျင်လည်ကျက်စားနေခဲ့သော မုဆိုးကြီး စောစ်ရွှေ ပုတ္တချောင်းအား တောင်ပိန္နဲပင်ကြီးပေါ်က လင့်စင်မှာ သည်နေ့နံနက်သူစိတ်တွေ လေးပင်နေသည်။ ညက အိပ်မက်ထဲမှာ သူ့ချစ်ဇနီးက နန်းဝတ်နန်းစားနှင့် သူ့ကို အိမ်ပြန်ဖို့ လာခေါ်နေသည်။

အထုပ်အပိုးတွေ ပြင်ဆင်လိုက်ပြီး သူ့တည်ကြက်လေးကို လေချွန်၍ ခေါ်လိုက်သည်။ အံ့အားသင့်ဖွယ်ရာ မြင်လိုက်ရသည်။ တည်ကြက်မလေးနှင့်အတူ ပတ္တမြားငုံထားသော ကြက်တည်င်လေး အတူပါလာသည်။ ကျိုက်ဒေးဗားတောင်ကနေ ကြက်တည်င်နှစ်ကောင်နောက်လိုက်နေသည်မှာ ပဲခူးရိုးမတောတစ်ခွင် ပြုပြစ်နေပြီ။ အိပ်မက်ထဲမှာ လူသူတော်တစ်ယောက်က ပုတ္တချောင်းအားမှာ သွားစောင့်နေဟု ပြောသည်။ သူ့အိပ်မက် မှန်လေပြီ။

သည်နေ့ သီတင်းကျွတ်လဆန်း (၁၄)ရက် ဝါကျွတ်တော့မည်။ သူ့အဆိပ်လူးမြားတပ် ဒူးလေးကို မောင်းတင်လိုက်သည်။ မြင်ကွင်းက အကွယ်အကာမရှိ ရှင်းလင်းလှသည်။ လေးကြိုးကို ဖြုတ်ဟန်ပြင်သည်နှင့် ကြက်တည်င်လေးက ကြက်တည်င်လေးရှေ့ အတောင်ဖြန့်ကာ၍ ကာကွယ်လိုက်သည်။

'တောက်'

မုဆိုးကြီး တောက်တစ်ချက် ခေါက်လိုက်ရင်း လေးကြိုးကို ဖြေလျှော့လိုက်သည်။

သံယောဇဉ်ကား ကြီးလှသည်။ သည်တည်ကြက်ကြက်တည်င်မလေးကို ဥမှ ပေါက်ဖွားလာကတည်းက ယုယ်စွာ မွေးခဲ့ရသည်။ သူတို့လင်မယားမှာ သားသမီးမရှိ။ ကြက်တည်င်မလေးကိုပင် သမီးရင်းပမာ ခင်မင်တွယ်တာခဲ့ကြရသည်။ သူမကို တည်ကြက်ထား၍ တောကြက်၊ ခါ၊ ငုံးများကို ရခဲ့ပေါင်းများပြီ။ သည်တစ်ခါသူ အရှုံးပေးလိုက်ရပြီ ဖြစ်သည်။ တိရစ္ဆာန်ပင် ဖြစ်သော်လည်း ချစ်ခြင်းမေတ္တာ ကြီးလေစွ။

မုဆိုးကြီး ဝမ်းနည်းကြေကွဲစိတ်ဖြင့် မျက်ရည်ပေါက်တို့ ကျဆင်းလာသည်။ အံကို တင်းတင်းကြိတ်ရင်း လေးညှို့ကို ပြန်တင်လိုက်သည်။ ပတ္တမြားငုံထားသော ကြက်တည်င်လေးကို ရမှဖြစ်တော့မည်။ အရှင်မရနိုင်လည်း အသေရအောင် ယူတော့မည်။ အဆိပ်လူးမြား တပ်ထားသော လေးကြိုးကို ပစ်ရန် ဆွဲတင်လိုက်စဉ် တောတန်းလေးထဲမှ ဖိုးသာနိုင် ထွက်လာသည်ကို တွေ့လိုက်ရသည်။ ဖိုးသာနိုင် ခြေသံကြောင့် ကြက်တည်င်လေးနှစ်ကောင်စလုံး ကောင်းကင်ထက် ပျံတက်ထွက်ပြေးသွားကြသည်။ ကြက်တည်င်လေး နှစ်ကောင်ကို မျက်စိတစ်ဆုံးကြည့်ရင်း မြင်ကွင်းမှ ကွယ်ပျောက်သွားသည့်အချိန် စောစ်ရွှေ ရင်မောပြီး ကျန်ခဲ့ရှာသည်။

'ဆရာကြီး..ဆရာကြီး'

ဖိုးသာနိုင် ခေါ်သံကြောင့် ဝေဝါးနေသော မျက်လုံးအစုံနှင့် လင့်စင်အောက်သို့ ငုံ့ကြည့်လိုက်သည်။ တောလမိုင်းများ လှည့်စားခြင်းမဟုတ်ဘဲ ဖိုးသာနိုင်အစစ် ဖြစ်နေသည်။

'ဟေ..ဘာလဲကွ ဖိုးသာနိုင်၊ ငါ့လေးချက် မိတော့မလို့။ မင်း ကံကောင်းတယ်မှတ်'

ဖိုးသာနိုင် လင့်စင်ပေါ်သို့ မော့ကြည့်လိုက်ပြီး အမောတကော ပြောလိုက်သည်။

'အမိုးကြီး ကွယ်လွန်သွားပြီဗျ ဆရာကြီး'

ဖိုးသာနိုင် စကားဆုံးသည်နှင့် လင့်စင်ထက်မှ မြေပေါ်သို့ မုဆိုးကြီးစောစ်ရွှေ နှစ်ပတ်ကျွမ်းပစ်ပြီး ခုန်ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသာနိုင်ရှေ့ ကြောင်ကျ ကျလာသော မုဆိုးကြီး စောစံရွှေက–

'တကယ်ပြောတာလား ဖိုးသာနိုင်'

'ဟုတ်ပါတယ် ဆရာကြီး'

'ဦးကုလားက ဆရာကြီးဇနီးအတွက် ရိက္ခာသွားပို့တော့ အမိုးကြီးကို အော်ခေါ်တာ တဲတံခါးဖွင့်မပေးလို့ တံခါးဖွင့်ပြီး ဝင်ကြည့်တော့ အိပ်ရာထဲမှာ အသက်ပျောက်နေတဲ့ အမိုးကြီးကို တွေ့ရတာ။ မင်းကုန်းရွာက ဗိန္ဓော ဆရာကို ခေါ်လာပြီး စမ်းသပ်မှ နှလုံးအခုန်ရပ်ပြီး သေတာလို့ ပြောတယ်။ ကျွန်တော် ရိုးမတောထဲ ဆရာကြီးကို လိုက်ရှာနေတာ နှစ်ရက်ရှိပြီ။ ဆရာကြီးကို ခေါ်လာပြီးမှ အမိုးကြီးကို မြေမြှုပ်သင်္ဂြိုဟ်မှာလို့ ဦးကုလားက မှာလိုက်တယ်'

<u>မုဆိုးကျတဲ့မျက်ရည်</u>

'ဟီး..ဟီး..ဟီး..မိန်းမရေ၊ ငါ့ကို တစ်ယောက်တည်း ထားခဲ့ပြီလားကွ။ ငါ မနေဘူး။ နင့်နောက်လိုက်ပြီး သေမယ်'

ပြောပြောဆိုဆို မုဆိုးကြီးစောစံရွှေ ကန်ဖျင်းထိုးထားသော ဝါးပိုးဝါးတိုင်ကြီးကို ခေါင်းနှင့် ပြေးတိုက်လိုက်သည်။ ဝါးပိုးတိုင်ကြီး ဖောင်းခနဲ နှစ်ခြမ်းကွဲသွားသည်။ ဖိုးသာနိုင် အံ့အားသင့်သွားသည်။ ဝါးအမျိုးအစားများစွာ ရှိသည်။ ယင်းတို့အနက် ဝါးပိုးဝါးသည် ဝါးသားထူ၍ မာကျောလှသည်။ သာမန်လူဆိုလျှင် ဦးခေါင်းထက်ခြမ်းကွဲသွားမည်ဖြစ်သည်။ မုဆိုးကြီး စောစံရွှေအကြောင်း ကြားဖူးထားသည်။ အင္ဂါဝကဘီလူးဆေး ထိုးထား၍ ဆေးထလာလျှင် တုတ်၊ ဓား၊ လက်နက်များ ပြီးသည်ဆိုသည်။ မျက်မြင်ကိုယ်တွေ့ဖြစ်၍ ဖိုးသာနိုင် စောစံရွှေ၏ အစွမ်းသတ္တိကို သိလိုက်ရသည်။

'ဟီး..ဟီး..ဟီး..'

ရှိုက်ကြီးတငင် မြေပေါ်လှိမ့်၍ ကလေးတစ်ယောက်ပမာ ငိုကြွေးနေသော မုဆိုးကြီးစောစံရွှေ၊ ရိုးမတောထဲ ကျားရဲ၊ ဝက်ဝံ၊ တောဝက်လို သတ္တဝါများကို သတ်ဖြတ်နှိမ်နင်းခဲ့သော မုဆိုးကျော်ကြီး ချစ်ဇနီးအတွက် ဝမ်းနည်းခြင်းကြီးစွာ ငိုနေရှာသည်။

ဦးကုလားနှင့် မိတ်ဆွေတချို့ စောစံရွှေကိုကြည့်၍ စိတ်မကောင်းကြီးစွာ ဖြစ်နေရရှာသည်။

'ငါ ဂရုမစိုက်လို့ ငါ့မိန်းမ သေရတာကွ ကုလား

'ငါ ဘာလုပ်လုပ် မကန့်ကွက်ဘဲ ငါ့ပါရမီဖြည့် တဲ့ မိန်းမကွ။ ငါနဲ့ညားပြီး ဆင်းဆင်းရဲရဲနေရလို့ မြားသာ ရခဲ့ရင် သူ့ကို ချမ်းချမ်းသာသာ ထားနိုင် ထင်ခဲ့တာ။ ဝါတွင်းသုံးလကာလပတ်လုံး သူ့ကို ယောက်တည်း ထားခဲ့တာ။ ငါ့ကြောင့် ငါ့မိန်းမ ရတာကွ။ မိန်းမရေ..မင်းမကြိုက်တဲ့ မုဆိုးအလုပ် သည်နေ့ကစပြီး ငါ မလုပ်တော့ပါဘူးကွာ'

ပြောရင်း ငိုရင်း မုဆိုးကြီး စောစံရွှေတစ်ယော မျက်ဖြူလန်ပြီး သတိလစ်မေ့မြောသွားရှာသည်။

'ဖိုးသာနိုင်..လုပ်ပါဦးကွ။ မင်းဆရာကြီး စော သူ့မိန်းမနောက် လိုက်သွားပြီထင်တယ်။ သူ့ခြေ ချိုးပြီး သတိပြန်ရအောင် လုပ်ပေးပါ'

ဦးကုလားနှင့် အသုဘပို့လာသူများ ပျာယာခတ် ကြသည်။ အားလုံး ပိုင်းပြုစုကြ၍ စောစံရွှေ သတိ လာသည်။ သူ့နှုတ်မှ စကားတစ်ခွန်း ထွက်လာ

'မင်းရမ်းကားရဲ့ကျိန်စာ သင့်ပြီထင်တယ် ကု ရေ'

<u>ပညာအမွေ</u>

အမိုးကြီး ကွယ်လွန်ပြီး တစ်လအကြာ မု စောစံရွှေ ရဟန်းဝတ်သွားသည်။ ဖိုးသာနိုင်ကို သူ နှင့် မြားကျည်တောက်၊ ဓားရှည်တစ်လက်၊ လွယ် တစ်ခု ပေးခဲ့သည်။ ဖိုးသာနိုင်ကို ဩဝါဒစကားနှင့် အမွေပါ ပေးခဲ့သည်။ မုဆိုးအတတ်ပညာဖြစ်သော ကောင်ချောင်းနည်း၊ ဒူးလေးပစ်နည်း၊ ခြေရာကောက် ရိက္ခာစုဆောင်းနည်းများ ဖြစ်သည်။

'ဖိုးခွား..မုဆိုးသုံးလေးဆက်ရှိပြီကွ၊ ပတ္တမြား တဲ့ ကြက်တညင်လေးကို မိအောင် မဖမ်းနိုင် မင်း ဆက်လက်ပြီး မိအောင်ဖမ်းပေတော့။ အ ရှိရင် ငါ့ဆီကို အရောက်လာခဲ့။ ဟိုးအဝေးက မြင် တောင်တန်းမြင့်မြင့်ကြီးက မင်းရမ်းကားရဲ့ မြို့ရိုး ကြီးလို့ ဆိုကြတယ်။ အဲဒီမြို့ရိုးပျက်ထဲမှာ ငါ ဝတ်နဲ့ ကျောင်းဆောက်ပြီး နေထိုင်မယ်။ ပတ္တမြ မင်း ဆက်ပြီးကြိုးစားပေတော့'

ဖိုးသာနိုင် မုဆိုးကြီး စောစံရွှေကို ဦးချ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဆရာကြီးကို ကျွန်တော် ကတိပေးပါတယ်။ ပတ္တမြား ငုံထားတဲ့ ကြက်တညင်ကို တွေ့အောင်ရှာပြီး ပတ္တမြားကို အရယူပြပါ့မယ် ဆရာကြီး'

'အေးကွာ၊ အကြံကောင်းရင် တစ်ချက်ပေါ့။ ငါနဲ့ ကိုကုလားတို့ ကြိုးစားခဲ့ကြတာ အချည်းနှီးဖြစ်ရတယ်။ ဖိုးခွား..မင်း ပတ္တမြားရအောင် ကြိုးစားအားထုတ်ပေတော့'

မျက်ရည်များ ပြည့်လျှမ်းနေသော မျက်လုံးအစုံသည် မှိန်ဖျော့နေသည်။ မုဆိုးကြီး စောစံရွှေ၏ ပညာအမွေနှင့် လက်နက်များကို ယူဆောင်ပြီး ထွက်ခွာလာခဲ့တော့သည်။

ဝေါခနဲ လေပြင်းတစ်ချက် တိုက်ခတ်လိုက်သည်။ လင့်စင်ပေါ်မှာ ဒူးထောက်အနေအထားဖြင့် ဒူးလေးကို ချိန်ရွယ်ထားရာက ပက်လက်လန်ကျသွားရသည်။ လေပြင်းတိုက်ခတ်၍ တောင်ကြီးပင်ကြီး လှုပ်ခါယိမ်းထိုးသွား၍ လင့်စင်ပါ ယိမ်းယိုင်သွားပြီး ဖိုးသာနိုင် ဟန်ချက်ပျက်သွားရခြင်းဖြစ်သည်။ ကောင်းကင်ပြင်ဝယ် လမင်း၏ အလင်းရောင်က ထိန်လင်းလျက် ရှိနေသော်လည်း ရိုးမတောကြီး အရပ်ရှစ်မျက်နှာလုံး လေကြီးမိုးကြီး ကျတော့မည့်ဟန် တဝေါဝေါဖြင့် လေတိုးသံကြီး အော်မြည်နေသည်။ ဖိုးသာနိုင် လင့်စင်ပေါ် အလျားမှောက်ချလိုက်သည်။ တောခြောက်သည့်အသံများဖြစ်၍ အတွေ့အကြုံအရ သိလိုက်ရသည်။ သူ့အတွေးစများလည်း ပြတ်တောက်သွားသည်။

'ဖိုးခွား..တောခြောက်တယ်ဆိုတာ တောလမိုင်း၊ တောင်လမိုင်းတွေက မင်းကို အယောင်ဆောင် ခြောက်လှန့်နေတာ။ မကြောက်နဲ့ကွ။ ကြံ့ကြံ့ခံပြီး ကြောက်စိတ်တွေ မဝင်နိုင်အောင် စိတ်တင်းထားရမယ်။ မုဆိုးတိုင်း တွေ့ကြုံရတဲ့ အတွေ့အကြုံ တစ်ခုပေါ့ကွာ'

ဆရာကြီးစောစံရွှေစကားကို ပြန်လည်ကြားယောင်လာမိသည်။ ဖိုးသာနိုင် သရဏဂုံသုံးပါးကို နှုတ်က တီးတိုးရေရွတ်နေရင်း ယိမ်းထိုးလှုပ်ယမ်းနေသော လင့်စင်ပေါ်က ပြုတ်မကျသွားအောင် လင့်စင်အောက်ခင်းကို လက်ဖြင့် ဆုပ်ကိုင်ထားရသည်။

သည်လိုအချိန်မှာ မိဘနှစ်ပါးနှင့် ချစ်သူနွယ်နွယ်တို့၏ အမှာစကားကို ကြားယောင်လာမိသည်။

'လူလေး..ငါတို့ မချမ်းသာချင်နေပါကွာ။ မင်းရဲ့ အသက်နဲ့ရင်းပြီး ပတ္တမြားရှာတာကို မလုပ်ပါနဲ့လား'

ချစ်သူနွယ်နွယ်ကလည်း-

'ကိုနိုင်..ပတ္တမြားရရ၊မရရ အသက်ရှင်လျက် ပြန်လာခဲ့ပါနော်'

ဖိုးသာနိုင်ရင်ထဲ စူးခနဲ နာကျင်သွားရသည်။

ငှက်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသောစကားရှိသည်။ မုဆိုးဗီဇပါလာသူဖြစ်၍ မိဘနှစ်ပါးနှင့် ချစ်သူနွယ်နွယ်တို့ လက်လျှော့လိုက်ကြရသည်။ ကျောင်းပညာ အလယ်တန်းအဆင့် (၇)တန်းအထိသာ ပညာသင်ယူပြီး တောဝင်တောထွက် မုဆိုးကြီးစောစံရွှေထံ တပည့်ခံရင်း မုဆိုးအဖြစ် ခံယူလိုက်တော့သည်။

**တောအလယ် မောတယ်**

ဖိုးသာနိုင် ကျောင်းသားဘဝကတည်းက ပဲခူးရိုးမတောထဲ ကျင်လည်ခဲ့ဖူး၍ တောတောင်ထဲ သွားလာနေရသည်ကို ပျော်ပိုက်နေမိသည်။ တောပျော်တစ်ဦး ဖြစ်နေသည်။ တောင်သုံးလုံး၊ အင်းခနီ၊ ကျိုက်ဒေးဗား၊ ကံ့ကော်ကျွန်း၊ ဖောင်ကြီး၊ မင်းကုန်း၊ ဒိကဒုတ်တောင်နှင့် တောများသည် ပဲခူးရိုးမကြီး၏ တောင်စွယ်ချား၊ တောများဖြစ်ကြသည်။ လေးခွကိုင် မုဆိုးအငယ်စားမှ ဒူးလေးနှင့် မြား၊ ဓားရှည်၊ ဓားတို စသည့်လက်နက်ကိုင် မုဆိုးတစ်ဦး ဖြစ်လာသည်။

မုဆိုးအလုပ်ဖြင့် မိဘနှစ်ပါးနှင့် ညီမလေးကို လုပ်ကျွေးရသည်။ ညီမဖြစ်သူ တက္ကသိုလ်မှာဘွဲ့ရ၍ အစိုးရဝန်ထမ်းဖြစ်လာတော့ အိမ်စရိတ်အတွက် အထောက်အကူရလာသည်။ ဖိုးသာနိုင်က ရည်မှန်းချက်ကြီးမားသည်။ မုဆိုးဆိုပေမဲ့ သာမန်မုဆိုးမဟုတ်၊ ဂမ္ဘီရမုဆိုးဖြစ်သည်။

ဖိုးသာနိုင်မှာ ဆရာရှိသည်။ လက်ဦးဆရာသည် ဘုန်းတော်ကြီး ဦးပညာ ဖြစ်သည်။ ဘုန်းတော်ကြီးက ဂန္ဓာရီဝိဇ္ဇာလမ်းကို ကျင့်ကြံအားထုတ်နေသူ ဖြစ်သည်။ ဘုန်းတော်ကြီးထံမှ အင်္ဂါရတ်ဖိုပညာ ရသည်။ သူ ဖိုထိုးသည်။ ဖားဖိုကြီးတစ်လုံးဖြင့် သူ့အိမ်ခေါင်းရင်းမှာ ရာဇမတ်ကာပြီး ဖိုရုံဆောက်ထားသည်။ မီးသွေးကို ဝယ်စရာမလိုဘဲ ဝါသနာတူ ဦးကုလားနှင့် မင်းကုန်းတောထဲဝင်ပြီး မီးသွေးဖုတ်သည်။ ယင်းမီးသွေးများဖြင့် ဝါတွင်းသုံးလ တောပစ်မထွက်ဘဲ ဖိုထိုးသည်။ ဖိုးသာနိုင်၏ အင်္ဂါရတ် လုပ်ရပ်က စားလမ်း၊ ရွှေဖြစ် ငွေဖြစ်လမ်း။ သူ့ပြဒါးလုံး

www.burmeseclassic.com

www.burmeseclassic.com

လုံထဲက အထက်တစ်ပေအထိ အတက်အဆင်း လုပ်နေပြီ။

တစ်နေ့ သူ ထမင်းစားချိန် ဖိုထိုးနေတာကို ရပ်ထားပြီး လုံကို ဖော်မံ၍ မီးဖြင့် နှပ်ထားခဲ့သည်။ ထမင်းစားပြီး၍ မီးခဲများထဲမှ လုံကို ညှပ်ဖြင့် ဆယ်ယူပြီး လုံအဖုံးကို ဖွင့်ကြည့်လိုက်တော့ ပြဒါးလုံး မရှိတော့သည်ကို တွေ့ရသည်။ ဘယ်လိုပျောက်သွားသည် မသိလိုက်ရ။ ဖိုးသာနိုင် ရူးကြောင်ကြောင်စိတ် ဝင်သွားသည်။

ဖိုးသာနိုင် ပုတီးကို လည်မှာဆွဲရင်း လျှောက်သွားနေမိသည်။ သူ့ကို ရူးသွားပြီဟု ဆိုကြသည်။ သူ့ပြဒါးခတ်လုံး အောင်မြင်ခါနီးမှ လုံထဲမှ ထွက်သွားသည်။ သူ စိတ္တဇဝေဒနာ ခံစားလိုက်ရသည်။ လှည်းကူးမြို့မှာရှိသမျှ အမှိုက်ပုံများကို တုတ်တစ်ချောင်းဖြင့် မွှေနှောက်ရှာသည်။ သူ့ခတ်လုံးကို ပြန်တွေ့ရနိုးဖြစ်သည်။

ဖိုးသာနိုင်ကို နွယ်နွယ့်မိဘများက မနှစ်မြို့ကြတော့။ နွယ်နွယ်ကို ဖိုးသာနိုင်နှင့် မတွေ့ဖို့ တားမြစ်လာကြသည်။ နွယ်နွယ်ကမူ ချစ်ဦးသူဖြစ်၍ ကျောင်းမှ အလစ်ထွက်ပြီး ဖိုးသာနိုင်ကို စားစရာများ ဝယ်လာပေးသည်။

'ကိုနိုင်ရယ်··ဖိုမထိုးပါနဲ့တော့။ မုဆိုးလုပ်ရင် လုပ်ပါ။ ကိုနိုင် ရူးသွားရင် နွယ် သေရလိမ့်မယ်'

'အေးပါဟ။ ငါ နင့်ကို ချမ်းသာအောင် လုပ်ပေးမလို့ပါ'

'မချမ်းသာချင်နေပါ ကိုနိုင်ရယ်၊ နွယ်တို့ စိတ်ချမ်းသာရင် တော်ပါပြီ'

မျက်ရည်လည်ရွဲနှင့် ပြောနေသော ချစ်သူ့မျက်နှာဝိုင်းဝိုင်းလေးကိုကြည့်ပြီး ဖိုးသာနိုင် ဆုံးဖြတ်ချက်ချလိုက်သည်။

'စိတ်ချပါ နွယ်နွယ်ရာ။ ငါ ဖိုမထိုးတော့ပါဘူး'

ဖိုးသာနိုင် နောက်ဆုံးအနေဖြင့် သူ့ခတ်လုံးကို လှည်းကူးမြို့ လူစည်ကားသော ဈေးကြီးရှေ့ အမှိုက်ပုံကြီးမှာ တောင်ဝှေးတစ်ချောင်းဖြင့် မွှေနှောက်ရှာဖွေနေသည်။ သူ့ကို မမှတ်မိစေရန် ရုပ်ဖျက်ပြီး ရသေ့အဝတ်အစားဖြင့် ဖုံးကွယ်ထားသည်။ သူ့ခတ်လုံးကို တွေ့လိမ့်နိုးရှာနေစဉ် တစ်စုံတစ်ယောက်က နောက်ကျောကို ပုတ်လိုက်၍ လှည့်ကြည့်လိုက်မိသည်။

ဖိုးသူတော်အဝတ်အစား ပိတ်ဖြူစင်ကြယ်ဖြင့် ပုဂ္ဂိုလ်တစ်ဦးက-

'မုဆိုးလေး··မင်းခတ်လုံးကို ပြဒါးဝိဇ္ဇာတွေ သိမ်း... သွားပြီ။ ပြန်မရတော့ဘူးကွ။ နောက်ဘဝကျမှ ပြန်ရ... မယ်။ မုဆိုးအလုပ်က မပြီးသေးဘူး၊ ဆက်လုပ်ဦး... မင်းဘဝရဲ့ ဝဋ်ကြွေးဆပ်ရဦးမယ်။ အင်းတကော်န... မြို့လေးစွန်းကို သွားလိုက်ဦး။ မင်းဘဝအကြောင်းဆ... တွေ သိလာလိမ့်မယ်'

'မင်းက ရူးလည်းမရူး၊ ထူးလည်းမထူးတဲ့ကော... ဖြောင်တောင်တောင်-ကြောင်တောင်တောင်နဲ့။ ဟား... ဟား··သွားပြီဟေ့'

ဖိုးသူတော်အရူး ခုန်ပေါက်ပြီး ထွက်ပြေးသွားသည်...

**<u>မြို့လေးစွန်း</u>**

ရန်ကုန်-ပဲခူး လမ်းမကြီး အင်းတကော်တာဆုံ... မြို့လေးစွန်းရှိသည်။ ဘုရင်မကြီး ရှင်စောပု၏ မြို့ဟော... ဟု ပြောကြသည်။ သမိုင်းအထောက်အထားများ ... သေး။ မြို့ရိုးဟောင်း၏ နံရံကြီးများက တာပေါ်... သဖွယ် မြင့်မားခိုင်မာလှသည်။ မြို့ဟောင်းအတွင်း... ဘုန်းကြီးကျောင်းများသာရှိသည်။ ယောဂီဇရပ်များ... ရှိသည်။ လူနေအိမ်ခြေ မရှိချေ။ ဆရာကြီး စော... ပြောထား၍ သိနေခဲ့ပြီဖြစ်သည်။

မုဆိုးကြီးစောစံရွှေက မုဆိုးသက်သက်မဟုတ်... ဂမ္ဘီရမုဆိုးတစ်ဦး ဖြစ်သည်။ ရိုးမတောထဲ သား... ရှာရာတွင် ယုန်၊ ဖွတ်၊ ပဒတ်၊ လိပ်၊ ငှက်ငယ်မျ... မသတ်ဖြတ်ချေ။ ကျား၊ ဝက်ဝံ၊ ချေ၊ တောဝက်များ... အမဲလိုက်ပြီး သတ်ဖြတ်တတ်သည်။ သူ့အဓိကအ... မိုးကြိုးသွား၊ ဂျိုးအမြဲတေ၊ ကျောက်လက်ဝါး၊ ... မထွက်သော ခတ်လုံးများဖြစ်သည့် အဆန်းတ... ဂမ္ဘီရပစ္စည်းများ ဖြစ်သည်။ မုဆိုးကြီး စောစံရွှေ... ယင်းပစ္စည်းများရှာသည့် တောလိုက်မုဆိုး ဖြစ်သ...

မြို့လေးစွန်းမှာ ရှေးမြန်မာဘုရင်များ၏ ရတ... မြှုပ်နှံထားကြောင်း ကရင်မကြီး တစ်ဦးထံမှ သိ... သည်။ ယင်းကရင်မကြီးသည် မြန်မာ့ဂမ္ဘီရပညာ... ဦးလည်း ဖြစ်သည်။ အရပ်သူ အရပ်သားမျ... အောက်လမ်းပညာရှင်တစ်ဦး ဖြစ်သည်။ ကဝေ... ပညာ၊ ခြေရာကောက်ပညာ၊ ဆရာတိုက်၊ စုန်း... အစိမ်းတိုက်ပညာများကို တတ်ကျွမ်းထားသူဖြစ်...



www.burmeseclassic.com

www.burmeseclassic.com

မြို့လေးစွန်း၏ မြို့ဟောင်းမြို့ရိုးကြီးအတွင်းဘက်၌ တဲငယ် တစ်လုံးဖြင့် တစ်ယောက်တည်း နေထိုင်လျက် ရှိသည်။ မကြောက်မရွံ့ နေထိုင်ပြီး သူ့ကို မည်သူတစ်ဦးတစ်ယောက်မျှ စော်ကားမပြုရဲကြချေ။ မုဆိုးကြီး စောစံရွှေကိုယ်၌ပင် ကရင်လူမျိုး အမိုးကြီးကို ကြောက်ရွံ့လေးစားစွာ ဆက်ဆံတတ်သည်။

အမိုးကြီးနာမည်က ဒေါ်စောနဝင်းစိုး ဖြစ်သည်။

'ဖိုးခွားရ၊ ကရင်အမိုးကြီး ပြောပြလို့ သိရတာ။ မြို့ရိုးဟောင်းအတွင်းမှာ ရွှေတလားကြီးကို ကျောက်သံပတ္တမြားတွေ စီခြယ်ထားပြီး ဘုရင်မကြီး ရှင်စောပုရဲ့ ရုပ်အလောင်းကို ထည့်သွင်းမြေမြှုပ်ထားတယ်လို့ ဆိုတယ်'

'သိုက်ဆရာတွေလာပြီး သိုက်တူးကြတာ အစောင့်မြွေကြီး ထွက်လိုက်လို့ သေပြေးရှင်ပြေး ပြေးကြရတာချည်းပဲ။ ငါလည်း သိုက်တူးဖို့ သွားတာကွ။ အမိုးကြီးက သူ့တဲမှာ ညအိပ်ခိုင်းတယ်။ ငါ့ကို ရှင်စောပုဘုရင်မကြီးရဲ့ လူသတ်သမား အာဏာသားပါးကွက်လို့ ပြောတယ်ကွ။ သိုက်မတူးဖို့ ဆုံးမစကားပြောတယ်။ ငါလည်း သိုက်တူးဖို့ချည်း ပြောနေတာကွ။ ငါ့ကို တားမရတဲ့အဆုံး ညဥ့်သန်းခေါင်ယံမှာ မြို့ရိုးကြီးဆီ ခေါ်သွားတယ်ကွ။ မြို့ရိုးရှေ့ရပ်ပြီး ဒေါ်စောနဝင်းစိုး ပါးစပ်က တတွတ်တွတ်နဲ့ မန္တန်တွေ ရွတ်နေတာ ကွမ်းတစ်ယာညက်လောက်ပဲ ကြာမယ်။ မြို့ရိုးအောက်ခြေ တွင်းထဲက ရှူးခနဲ အသံကြီးနှင့် ငန်းတောက်ကျားမြွေကြီး ပါးပျဉ်းထောင်ပြီး ထွက်လာတာ။ ပါးပျဉ်းအမြင့်က လူတစ်ရပ်လောက် မြင့်တယ်ကွ။ ငါလည်း ဆရာကြီးတွေ သင်ပေးထားတဲ့ ဂါထာကို ရွတ်လိုက်တာ ပါးပျဉ်းကြီးအောက်စိုက်ကျသွားတယ်။ မြွေကြီးရဲ့ ဇက်ကို ငါ့ဆောင်ဓားနဲ့ ပိုင်းချမယ်အလုပ် အမိုးကြီး တားလိုက်လို့ မြွေကြီးကို ဓားနဲ့ မခုတ်လိုက်ရဘူး။ မြွေကြီးလည်း မြို့ရိုးအောက်က တွင်းကြီးထဲ ပြန်ဝင်သွားတော့တယ်။ တစ်နေ့ကျရင် မြို့လေးစွန်းကို မင်းရောက်သွားလိမ့်မယ်'

မုဆိုးကြီး စောစံရွှေ၏ အတွေ့အကြုံ ပြောပြချက်များကို ဖိုးသာနိုင် သတိတရရှိလာသည်။ အရူးဖိုးသူတော်ပြောစကားကို မမေ့သလို သည်နေ့ မြို့လေးစွန်းကို သူရောက်လာခဲ့သည်။ မြို့ရိုးဟောင်း တာပေါင်ကြီးနားရှိ အမိုးကြီး တဲသို့ ရောက်သွားသည်နှင့် အမိုးကြီးက-

'ဖိုးခွားပါလား။ နင့်ဆရာကြီး စောစံရွှေ ပါမလာဘူးလား'

'မပါဘူး အမိုးကြီး၊ ကျွန်တော်သိချင်တာတွေရှိလို့ အမိုးကြီးဆီ လာခဲ့တာ'

ဖိုးသာနိုင်က ဆတ်သားခြောက်နှင့် ငါးပိများကို အမိုးကြီးအား လက်ဆောင်ပေးလိုက်သည်။

'ငါလိုချင်နေတဲ့ ပစ္စည်းတွေပဲ။ ဝမ်းသာလိုက်တာ။ ငါ မြွေသားချက်ထားတယ်။ မနေ့က ငါ့တဲထဲ မြွေဟောက်တစ်ကောင် ဝင်လာတာ မောင်းထုတ်မရလို့ သတ်စားလိုက်တယ်။ အကောင်ကြီးလို့ အသားများတယ်။ ထမင်းစားတော့မလား'

ကွမ်းစားထား၍ မည်းချိပ်နေသော သွားများပေါ်အောင် ရယ်မောလိုက်ပြီး အမိုးကြီးက-

'ဖိုးခွား..နင် ရွှေခေါင်းကြီး လာရှာတာလား။ မနေ့ညက ငါ အိပ်မက်,မက်တယ်။ နင်က ရေးမြန်မာတပ်မတော်သား အဝတ်အစားနဲ့ လှံကိုင်ပြီး ငါ့တဲထဲ ဝင်လာတာ။ ငါက ဘာကိစ္စလဲမေးတော့ နင်က ပတ္တမြားလာရှာတာလို့ ပြန်ဖြေတယ်။ အိပ်မက်က နိုးတော့ ငါ နင့်ကို အိမ်ပတ်လည် လိုက်ရှာနေမိတယ်။ နင် တကယ်ရောက်လာတာပဲ။ နင်ရှာနေတဲ့ ပတ္တမြားက မင်းရမ်းကားရဲ့ ပတ္တမြားပဲ။ ဖိုးကုလားတို့၊ စောစံရွှေတို့ မရနိုင်တဲ့ ပတ္တမြားပဲ။ နင်ရှာလို့ရရင် ကောင်းတာပေါ့။ မင်းရမ်းကားရဲ့ ပတ္တမြားက မြို့လေးစွန်းမှာ မရှိဘူး။ ပဲခူးရိုးမတောထဲက ကျိုက်ဒေးဗား၊ မင်းကုန်းနှင့် ဒိကဒုတ်တောင်တွေဘက် သွားရှာပေတော့'

အမိုးကြီးက ရယ်ကျဲကျဲဖြင့် ပြောသည်။

'ကျွန်တော့်ကို လူသူတော်တစ်ယောက်က မြို့လေးစွန်း သွားလို့ပြောတာနဲ့ လာခဲ့တာ။ ပတ္တမြားရှာဖို့ မဟုတ်ပါဘူး'

'မသူတော် သာစိန်ပါလား။ မြေလျှောက်ဝိဇ္ဇာဟ။ ဒီကောင် တောင်ကိုးလုံးက ဘိုးဝါယမရဲ့ တပည့်တစ်ဦးပဲ'

'အမိုးကြီးကလည်း ဦးသူတော်က လူကောင်းပါဗျာ။ မဟုတ်တာ ဘာမှမလုပ်ပါဘူး'

'ဖိုးခွားရ၊ နင့်စကားအဓိပ္ပာယ်ကို နားမလည်ဘူး။ မသူတော်ဆိုတာ မ,မယ့်သူတော်လို့ ပြောတာ။ နင့်ကို

www.burmeseclassic.com

www.burmeseclassic.com

မ ,လိုက်တာ။ နင်က မုဆိုးဘဝက ကျွတ်ချိန်နီးလာပြီပဲ။ ငါ ခန့်မှန်းမိသလောက် မြို့လေးစွန်းမှာ ဘဝဟောင်းက နင့်ရုပ်အလောင်း ရှိနေတယ်လို့ ထင်တယ်။ နင် ညအိပ်ရင် လိုက်ပြစရာရှိတယ်။ ငါ့နောက်က လိုက်ခဲ့ပေတော့'

ဒေါ်စောနဝင်းစိုးက တဲထဲမှ စတင်ထွက်ခွာလိုက်သည်။ ဖိုးသာနိုင် အမိုးကြီးနောက်မှ ခပ်သုတ်သုတ်လိုက်ပါရသည်။ နေဝင်ချိန်ပင် ရောက်နေပြီ။

**မြို့ဟောင်း၏ လူသတ်ကွန်း**

မြို့လေးစွန်းခေါ် မြို့ဟောင်း၏ ဧရိယာအကျယ်အဝန်းက ကြီးမားလှသည်။ မုဆိုးဇီဇပါလာသော ဖိုးသာနိုင်၏ ဆယ်ကျော်သက် ကျောင်းသားဘဝက လေးခွတစ်ချောင်းဖြင့် ငှက်ပစ်ထွက်ရင်း မြို့လေးစွန်းသို့ ရောက်တတ်သည်။ အမိုးကြီး၏ တဲအိမ်က သူ့စားအိမ်သောက်အိမ် ဖြစ်သည်။ ဖိုးသာနိုင် ပစ်၍ရလာသော ငှက်ကလေးများကို အမိုးကြီးက ကြော်လှော်ပေးတတ်သည်။ မြို့လေးစွန်းမှာ အမိုးကြီးက နာမည်ကြီးဆေးဆရာ၊ အဆန်းတကြယ် ဂမ္ဘီရပညာများ တတ်ကျွမ်းသည်။ သိုက်ပူး၊ နတ်ပူး၊ စုန်းပူး၊ ပယောဂဝေဒနာရှင်များ၊ အစာမိ၊ အပင်းသွင်း၊ ဝမ်းတွင်းစုန်းများ၏ ပညာများကို အမိုးကြီးက အနိုင်ယူနိုင်သည်။ နာမည်ကြီး ဆရာမကြီး ဒေါ်စောနဝင်းစိုးဟု ထင်ရှားကျော်ကြားသည်။ အမိုးကြီး တဲအိမ်သည် အိမ်အမိုးနှင့် အကာသာရှိပြီး မြေစိုက်တဲအိမ်ဖြစ်သည်။ တဲအိမ်အတွင်း မြေကြီးသည် သန့်ရှင်းတောက်ပြောင်နေပြီး အမိုးကြီးအိပ်ဖို့ ကွပ်ပျစ်တစ်လုံးသာရှိသည်။ တဲအိမ်စင်ပေါ်မှာ လူအရိုးခေါင်းခွံ တစ်လုံးနှင့် ဂမ္ဘီရပစ္စည်းများ တွေ့မြင်ရသည်။ ဆေးကုသခကို ငွေကြေးမယူချေ။ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဆား၊ ငါးပိ၊ ငါးခြောက်များ တောင်းအပြည့်၊ ပုံးအပြည့် ရထားသည်။

'ဖိုးခွား..နင်ပြန်သွားရင် ပဲဆီတစ်ပုံး ထမ်းသွား။ ငါ ပေးလိုက်မယ်'

'ကျွန်တော် ဘာမှမလိုချင်ဘူး။ အမိုးကြီးမှာရှိတဲ့ ဂဝံသားပိုက်မျက်နှာဖုံး အရုပ်လေးပဲ လိုချင်တယ်'

'ဂဝံသားပိုက်အရုပ်က ပီယနှင့် အကာအကွယ်ကောင်းတယ်။ နင့်ဆရာနှစ်ကောင် စောစ်ရွှေနှင့် ကုလားတို့ တောင်းခိုင်းလိုက်တာလား။ နင့်ဆရာ နှစ်ကောင် သေခါနီးအရွယ် ရောက်နေပြီ နှာဘူးထတုန်းလား'

'မဟုတ်ပါဘူး အမိုးကြီးရယ်။ ကျွန်တော် လိုချင်တာပါ'

'နင်လည်း တဏှာကောင် လုပ်မလို့လား။ နွယ်နွယ် တစ်ယောက်လုံး နင့်ချစ်သူ ဖြစ်နေပြီဟာ။ တခြားမိန်း တွေနဲ့ ဖောက်ပြားမလို့လား။ သစ္စာမမဲ့ရဘူး'

ဒေါ်စောနဝင်းစိုးတို့လို ပညာရှင်များသည် သစ္စာ သူများ ဖြစ်ကြသည်။

'အမိုးကြီးကလည်း၊ ကျွန်တော် ဂဝံမယ်တော်ကို ချင်တာ မိန်းမတွေနဲ့ ရှုပ်ပွေဖို့ မဟုတ်ပါဘူး။ အမဲလိုက် ခိုင်းမလို့ဗျ'

'ဟား..ဟား..ဟား..နင့်စိတ်ကူး တကယ်ကောင်း ပါလား။ နင့်မိထွေးက နင့်ကိုသာ ခိုင်းစားမှာ၊ ခိုင်းစားရင် နင် ကျွန်ခံရမှာနော်'

ဖိုးသာနိုင် အံ့သြသွားသည်။

'ဖိုးခွား..ဂဝံမယ်ကို အမဲလိုက်ခိုင်းလို့ရရင် ငါ စားနေတာ ကြာလှပြီပေါ့။ မသူတော်သာစိန် ငါ့ကို စမ်းချင်လို့ ဂဝံမယ်ရုပ်ကို တစ်ည ငှားလိုက်တယ်။ စိန်ကို ဂဝံမယ်က ညအိပ်ချိန် ခြင်ထောင်ထဲဝင်ပြီး ကတက်ခွလို့ မနက်အစောကြီး ငါ့ဆီ ပြန်လာပေး နင်လည်း အခွခံချင်လို့လား'

ဖိုးသာနိုင် ခစ်ခနဲ ရယ်သံထွက်သွားသည်။

'ဟဲ့ကောင်..ဘာရယ်တာလဲ'

ရှေ့ကသွားနေသော အမိုးကြီး ဒေါ်စောနဝင်း နောက်ပြန်လှည့်ပြီး မေးသည်။

'ကျွန်တော် ဂဝံမယ်တော်အကြောင်း အမိုးကြီး ခဲ့တာတွေ ပြန်သတိရပြီး ရယ်မိတာပါ'

'နင် ဂဝံမယ်တော် အခွခံချင်လို့လား'

'မဟုတ်ပါဘူးဗျာ'

'ရှေ့မှာ နင့်မိခွေး သွားနေတယ်။ လှမ်း

ဖိုးသာနိုင်ရှေ့ ဝါးတစ်ရိုက်အကွာမှာ ခုန် သွားနေသော ဂဝံမယ်ရုပ်ကလေးကို လှမ်းမြင် သည်။

'အမိုးကြီး ခေါ်လာတာလား'

'အေး..သင်္ချိုင်းကုန်းကို ရောက်တော့ ကြမ်းလာပြီ။ ရှေ့က တောင်ကတုံးလေးဟာ ကုန်း လုပ်ခဲ့တဲ့နေရာပဲ။ ဂဝံမယ်ကို ဖြေရှင်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com

နေဝင်တော့မယ်။ မြန်မြန်လျှောက်ပေတော့ ဖိုးခွား'

မြို့လေးစွန်း မြို့ဟောင်းအတွင်း အမှောင်ရိပ်က ကြီးစိုးလာပြီဖြစ်သည်။ မရှိမဲ့ရှိမဲ့ အလင်းရောင်လေးကို အားပြု၍ ဒေါ်စောနဝင်းစိုး နောက်သို့ အမီလိုက်နေရသည်။ အသက်(၈၀)နီးပါးရှိသော ဒေါ်စောနဝင်းစိုးသည် အရွယ်နှင့် မလိုက်အောင် လျင်မြန်ဖျတ်လတ်လှသည်။ ရှေ့ဝါးတစ်ရိုက်အကွာတွင် ဒေါ်စောနဝင်းစိုး ရပ်တန့်လိုက်သည်။ ဖိုးသာနိုင် ဒေါ်စောနဝင်းစိုးနား ရောက်သွားချိန် ဆယ်ပေခန့်မြင့်သော တောင်ပူစာလေးကို မြင်လိုက်ရသည်။ ယင်းတောင်ပူစာလေးပေါ် ချုံနွယ်များ ပေါက်ရောက်ပိတ်ဖုံးနေသည်။ တောင်ပူစာလေးပေါ် သစ်ခြောက်ပင်တစ်ပင်က ထီးတည်းကြီး ခြောက်သွေ့စွာရှိနေသည်။ သစ်ခြောက်ပင်ပေါ်မှ လင်းတတစ်ကောင် ရုတ်ခြည်းပျံထွက်သွားသည်။ ဒေါ်စောနဝင်းစိုး တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။ သူ့ဖနောင့်ဖြင့် မြေကြီးကို ပေါက်ချလိုက်သည်။ ဝေါခနဲလေတိုးသံကြီး မြည်ဟည်းထွက်ပေါ်သွားသည်။

ဖိုးသာနိုင် ကြက်သီးမွေးညင်းထ၍ ခေါင်းနားပန်းကြီးသွားသည်။ သူ့ခေါင်းသည် ပုတ်လောက်ကြီးသွားသည်ထင်ရသည်။ လွယ်အိတ်ထဲမှ လေးခွကို ဆွဲထုတ်ပြီး လောက်စာအိမ်ထဲ လောက်စာလုံးထည့်ကာ လေးခွသားရကြိုးကို ဆွဲတင်လိုက်သည်။

'မပစ်လိုက်နဲ့ဦး ဖိုးခွား၊ တို့ကို အထိတ်တလန့်လုပ်လိုက်တာ။ ကြောက်စရာမလိုဘူး။ ငါတစ်ယောက်လုံး ပါနေတာပဲ။ မကျွတ်မလွတ်သေးတဲ့ ပါးကွက်အာဏာသား သဲတွေက လန့်အောင်လုပ်ပြတာ စောနဝင်းစိုးတဲ့ဟေ့'

ဒေါ်စောနဝင်းစိုး ထခုန်လိုက်သည်။ ဖိုးသာနိုင် မြင်လိုက်ရသည်က ဒေါ်စောနဝင်းစိုး လင်းတတစ်ကောင်အသွင်ဖြင့် ပျံတက်သွားပြီး တောင်ပူစာလေးပေါ် ရောက်သွားသည်။

'ဟား..ဟား..ဟား..ဘုရင်မကြီးရဲ့ ကိုယ်ရံတော်တပ်မှူးလေးကို အပါခေါ်လာပါပြီ။ ကျွန်တော်မျိုးမ အရှင်သခင်ရဲ့ ခိုင်းစေချက် တာဝန်ကျေပါပြီ'

ပတ်ဝန်းကျင် လောကတစ်ခုလုံး အမှောင်တိုက်ကြီးလွှမ်းသွားပြီဖြစ်သည်။ ရုတ်တရက် ဖိုးသာနိုင် ဒူးညွှတ်ချလိုက်သည်။ သူ့ရင်ထဲ ဝမ်းနည်းကြေကွဲစွာ ဆို့နင့်ခံစားနေရသည်။ ဒေါ်စောနဝင်းစိုး တောင်ပူစာလေးပေါ်က ခုန်ချပြီး ဖိုးသာနိုင်အနီး လာရပ်လိုက်သည်။

'ဖိုးခွား..ဒီမြို့ဟောင်းအတွင်းမှာ ဘုရင်မကြီးရဲ့ စစ်သည်ရဲမက် အလောင်းတွေ မြှုပ်နှံထားခဲ့တယ်။ နင့်ရုပ်အလောင်းလည်း ဒီမြေမှာရှိတယ်။ ဘုရင်မကြီး ရှင်စောပုက ငါ့ကို အိပ်မက်ပေးထားတယ်။ နင် ဒီနေရာကို ရောက်လာမယ်ဆိုတာ ငါကြိုသိထားတယ်။ မင်းရမ်းကား ယူသွားတဲ့ နန်းစဉ်ပတ္တမြားကို နင့်လူ့ဘဝမှာ ရအောင်ရှာပြီး သေဆုံးသွားတဲ့ ရဲမက်တွေ အကျွတ်အလွတ်ဖြစ်ဖို့ စေတီဂူဘုရား တည်ပေးရမယ်။ ဒါ အရှင်သခင်မကြီးရဲ့ အမိန့်မှာတမ်း ဖြစ်တယ်'

ဖိုးသာနိုင်ရင်ထဲ အမည်မသိ ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။

သူ့ခေါင်းပေါ် လက်တင်ထားသည်ကို ဖယ်ရှားလိုက်ပြီး-

'ပတ္တမြားကြီးရရင် ကျွန်တော် ကတိပေးပါတယ်'

ဒေါ်စောနဝင်းစိုး သူ့လက်ကို ဖိုးသာနိုင် ဖယ်ရှားခံလိုက်ရသည်နှင့်-

'တပ်မှူးလေး..ကျွန်တော်မ အထိန်းတော်ကြီးကို ခွင့်လွှတ်တော်မူပါ'

ဖိုးသာနိုင်ရှေ့ လက်အုပ်ချီ ဒူးထောက်ခံစားနေသော ဒေါ်စောနဝင်းစိုးကို ကြည့်၍-

'အမိုးကြီး၊ ပေါက်ကရတွေ ပြောမနေနဲ့တော့။ မိုးချုပ်လို့ မှောင်မည်းသွားပြီ။ ပြန်ကြရအောင်'

ဖိုးသာနိုင် တောင်ပူစာလေးဘေးမှ လှမ်းအထွက် သူ့ပခုံးပေါ် တင်လာသော မျက်နှာသုတ်ပဝါလေးကို တစ်စုံတစ်ဦးက လှမ်းယူထားလိုက်သည်။ ပဝါလေးက လေတိုက်၍ လွင့်ပါသွားသလို လူသတ်ကုန်းတောင်ပူစာလေးပေါ်ရှိ ချုံပုတ်တွေပေါ် တင်ပြီး ကျန်ရစ်ခဲ့တော့သည်။

**ဘဝဟောင်း၏ ပုံရိပ်များ**

အာဇဋ္ဌာကောင်းကင်ပြင်ကြီးဝယ် ကြယ်ပွင့်လေးများ စိန်ရောင်တောက်ပလျက် ရှိနေကြသည်။ ကောင်းကင်ပြင်ကျယ်ကြီးရှိ ကြယ်ပွင့်လေးများ လင်းတစ်လှည့် မှိန်တစ်လှည့်နှင့် တွေ့မြင်နေရသည်။ ဒေါ်စောနဝင်းစိုး၏ တဲအိမ်လေးမှာ တစ်ညတာခိုနားရင်း အိပ်စက်ရတော့မည် ဖြစ်သည်။ ဖိုးသာနိုင် ပက်လက်အနေအထားဖြင့် နဖူးပေါ်



www.burmeseclassic.com

www.burmeseclassic.com

လက်တင်ရင်း တဲအမိုးဖြစ်သော တောင်ထန်းလက်များကြားမှ ကြယ်လေးများကို ကြည့်နေရင်း အတွေးနယ်ချဲ့နေမိသည်။

ဆရာကြီး စောစ်ရွှေနှင့် ဒေါ်စောနဝင်းစိုးသည် ဂမ္ဘီရပညာရှင်များ ဖြစ်ကြသည်။ ဆရာကြီး စောစ်ရွှေ မုဆိုးဘဝဖြင့် ပဲခူးရိုးမတောထဲ တစ်ယောက်တည်း ကျင်လည်ကျက်စားနေခဲ့သည့် နှစ်ပေါင်းများစွာ ရိုးမတောကြီး၏အဆန်းတကြယ်ကိစ္စရပ်များ ကြုံရခဲ့ရသလို အတွေ့အကြုံများကို ဖိုးသာနိုင်ကို ပြန်လည်ပြောပြထားပြီးဖြစ်သည်။

'ဖိုးခွား‥စောနဝင်းစိုးက ဇနပဒဂန္ဓာရီခေါ်တဲ့အောက်လမ်းပညာသည် တစ်ဦးကွ။ ဒါပေမဲ့ အဆင့်မြင့်တယ်။ ဇော်ဂနီ၊ ဇော်ဂနက်၊ ဆယ့်နှစ်ကြိုးကဝေ အုပ်စုထဲ ပါတယ်။ ထဘီခြုံရင် လင်းတဖြစ်တယ်။ အတိတ်နှင့် အနာဂတ် ကာလတွေကို မှန်းဆပြောနိုင်တယ်။ ဥပါဒါန်အစွဲလည်း ကြီးတယ်။ ငါ့ကိုတော့ ဒေါ်စောနဝင်းစိုး မလွှမ်းမိုးနိုင်ဘူးကွ။ ငါ့ဆရာကြီး တိုက်ထားတဲ့ အင်းအစီအရင်တွေသောက်ထား၊ မျိုထားတဲ့ အခံရှိတယ်။ သူက ငါ့ကိုလိုချင်တာကွ'

ဆရာကြီး စောစ်ရွှေ၏ ပြောစကားများ ဖိုးသာနိုင်ပြန်လည်ကြားယောင်ရင်း မျက်ခွံများ လေးလာသည်။ တဲအိမ်ထဲမှာ ဒေါ်စောနဝင်းစိုး မရှိချေ။ တဲအိမ်ပတ်ဝန်းကျင်မှာ ခြေသံများ တရှပ်ရှပ်နှင့် သွားလာနေသံ ကြားရသည်။ ဒေါ်စောနဝင်းစိုးနှင့် တစ်စုံတစ်ယောက် စကားပြောနေသံ ကြားရသည်။ ဖိုးသာနိုင် ကြောက်စိတ်လုံးဝမရှိချေ။ တဲထဲသို့ ဒေါ်စောနဝင်းစိုး ဝင်လာသည့် ခြေသံကြား၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။ အိပ်ချင်စိတ် များ-နေ၍ ဒေါ်စောနဝင်းစိုးကို မပီပိုးဝါး မြင်တွေ့လိုက်ရသည်။

ဒေါ်စောနဝင်းစိုးက ထဘီရင်လျားနှင့် ဆံပင်ဖားလျားချထားသည်။ မျက်လုံးများ ဝင်းဝင်းတောက်နေကြသည်။ ဒေါ်စောနဝင်းစိုး ခြေသံဖော့၍ သူ့နား ချဉ်းကပ်လာသည်။ သူ့လက်ထဲမှာ ကြက်တစ်ကောင်ကို လည်လိမ်ပြီး ကိုင်ထားသည်။ ဖိုးသာနိုင် ခြေရင်းနား ရောက်သည်နှင့် 'ဝုန်း'ခနဲ အသံကြီး မြည်သွားပြီး ဒေါ်စောနဝင်းစိုး နှစ်ပတ်ကျွမ်းပစ်ပြီး ပက်လက်လန်ကျသွားသည်။

ဖိုးသာနိုင် ခေါက်ခနဲ ထထိုင်လိုက်သည်။ အံ့အားသင့်ဖွယ်မြင်ကွင်းကို မြင်လိုက်ရသည်။ ဂဝံမြေမျက်နှာဖုံးအရုပ်ကလေး လဲကျနေသည်။ ဒေါ်စောနဝင်းစိုး မဟုတ်ချေ။

'ဟဲ့‥ကောင်မလေး‥တဏှာရူးမလေး၊ နင် သာ[illegible]အကောင် ထင်လို့လား၊ ဒါ ငါ့သခင်လေးဟဲ့'

ဒေါ်စောနဝင်းစိုး တဲထဲဝင်လာရင်း ငေါက်ငမ်း[illegible]ကြားလိုက်ရသည်။

'တပ်မှူးလေး ရဲသင်ရဲ၊ ကျွန်တော်မျိုးမကို ခွင့်လွှတ်ပါ'

သူ့ရှေ့ ဒူးထောက်ပြီး ဒေါ်စောနဝင်းစိုး လက်အုပ်ချီထားသည်။

'အမိုးကြီး၊ ပေါက်ကရတွေ မပြောနဲ့တော့ဗျာ။ ကျွန်တော် အိပ်တော့မယ်'

'မှန်ပါ့ တပ်မှူးလေး၊ ဂဝံမယ်ရုပ် သတ်ယူလာ[illegible]ကြက်ကို တပ်မှူးလေး စားဖို့ ချက်ပြုတ်လုပ်ကိုင်လိုက်ပါဦးမယ်'

ဖိုးသာနိုင် အိပ်ရာပေါ် ပက်လက်လှန်ချလိုက်သည်နှင့် အိပ်မောကျသွားသည်။ သူ မအိပ်မီ သူ့ဆရာ[illegible]ဦးပညာ သင်ပေးထားသည့် သရဏဂုံ(၃)ပါးရွတ်၍ [illegible]တတ်သည့် အလေ့အကျင့်ကြောင့် ဂဝံမယ်ရုပ် သူ့[illegible]ပေါ် တက်ခွ၍ မရခြင်းဖြစ်သည်။

ဖိုးသာနိုင် ရှေးခေတ်ဟောင်း ဟံသာဝတီရွှေမြို့[illegible]ကြီးဆီ ရောက်သွားသည်။ ထိုခေတ်ကာလ နန်း[illegible]ရေးပြဿနာမှာ သူပါဝင်နေရသည်။ နန်းတော်ကြီး[illegible]တန်းစစ်မျက်နှာ ကင်းစခန်း လဝွန်းဗျည်းမြို့၌ [illegible]ကျနေစဉ် သူ့အရှင်သခင်မကြီး ရှင်စောပုအား [illegible]ရှင် အသစ်က သိမ်းပိုက်လိုက်သည့် သတင်းစကား [illegible]သိပြီး ကင်းစခန်းမှ မြင်းကို ဒုန်းစိုင်းစီးလာခဲ့သည်။

နန်းတော်ကြီးရှေ့ ရောက်သည်နှင့် တံခါး[illegible]ရဲမက်များ တားဆီးချိန် မရလိုက်ဘဲ နန်းတော်[illegible]အပြေးအလွှားဝင်လိုက်သည်။ သူ မြင်တွေ့လိုက်ရ[illegible]ရွှေရောင်တောက်ပနေသော ရာဇပလ္လင်ထက် နန်း[illegible]ဘုရင်ဗညားကျန်း ခံ့ညားစွာထိုင်နေသည်။ အနီးရှိ [illegible]မှာ မိဖုရားကြီး ရှင်စောပု အသိမ်းပိုက်ခံမိဖုရား [illegible]အဖြစ် စံပယ်နေရသည်။ တပ်မှူးလေး ဗညား[illegible]ကျန်းရှေ့ ရောက်သည်နှင့် ဒူးမထောက် ဦးမ[illegible]စလွယ်သိုင်းထားသော ဓားအိမ်မှဓားကို လျှပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆွဲထုတ်ပြီး ဗညားကျန်း ဇက်ပေါ် မိုးထားလိုက်သည်။ တုန်လှုပ်ခြောက်ခြားစိတ်ဖြင့် ဗညားကျန်း ကိုယ်ကို ရို့ရင်းနောက်လှန်ချလိုက်သည်။

ရာဇက္ကန္ဒြေ ပျက်ယွင်းသွားသော ဘုရင်ကို ဗညားရံဓားဖြင့် မိုးထားရာမှ ခုတ်ပိုင်းရန် ဟန်ပြင်လိုက်သည်နှင့်-

'ရပ်လိုက် တပ်မှူးငယ်၊ ကိုယ့်ကံနှင့်ကိုယ် ရှိပါစေတော့'

သူ့သခင်မ ရှင်စောပု၏ အမိန့်သံ။ ဗညားရံဓားကို ရုပ်သိမ်းလိုက်သည်။

'လေးသည်တော်တွေ ဘာဇာကြောင့် ကြည့်နေကြသလဲ၊ ငသင်ရံကို ပစ်ကြစမ်း'

လေးတော်များ၏ မြားတံများက ရဲသင်ရံ၏နောက်ကျောမှ ဖောက်ထွက်ကုန်ကြသည်။ မြားအစင်းပေါင်းများစွာဖြင့် အပစ်ခံရသည့်တိုင် ရဲသင်ရံ ဒူးညွတ်ကျသွားခြင်းမရှိချေ။ ရဲသင်ရံ အံကို တင်းတင်းကြိတ်ထားပြီး လက်ကိုင်ဓားကို လွှတ်မချ၊ နန်းရင်ပြင်ပေါ် သွေးအိုင်ထွန်းသွားသည်။

'တော်လောက်ပြီ ထီးနန်းရှင်'

ရှင်စောပုဘုရင်မကြီး၏ ကြွေကွဲဝမ်းနည်း သံစကားအဆုံး-

'ဟယ်··သစ္စာရှိ ငသင်ရံ၊ သူရဲကောင်း ဝီသပါဘိ။ မြည်းတော် သူ့ရှင် ရာဇာဓိရာဇ် အားထားလောက်တဲ့ တပ်မှူးငယ်ပေပဲ။ ငါ့ကို အာမခံခဲ့ရင် သူကောင်းအပြုခံရမယ့် ရဲမက်တစ်ဦးပေပဲ။ သင်းကို သူရဲကောင်းတို့ ထုံးစံနှင့်အညီ သင်္ဂြိုဟ်လိုက်ကြစမ်း'

အရှင်သခင်မ ရှင်စောပု မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ငိုရှိုက်လိုက်သည်။

'သစ္စာရှိပါပေ့ ကိုယ်ရံတော် တပ်မှူးငယ်'

အသံမှုကား တိုးညင်းလှချေသည်။

ဖိုးသာ့နိုင် အိပ်ရာမှ ထတော့ နေထန်းတစ်ဖျားခန့်ရှိနေပြီ။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးချိန် ဒေါ်စောနေဝင်းစိုးက ထမင်းပွဲနှင့်အတူ စောင့်နေသည်။

'တပ်မှူးလေး၊ ထမင်းသုံးဆောင်ဖို့ အသင့်ပါ'

ဖိုးသာနိုင်ကို ရိုသေကျိုးနွံစွာ ပြောဆိုဆက်ဆံနေသော ဒေါ်စောနေဝင်းစိုးကို ကြည့်၍ ဖိုးသာနိုင် ခပ်ပြတ်ပြတ် ပြောချလိုက်သည်။

'အမိုးကြီး၊ ဘဝဟောင်း ရှိခဲ့တယ်ဆိုလည်း ထားလိုက်ပါတော့ဗျာ။ အမိုးကြီးမှာရှိတဲ့ မိုးကြိုးသွား ခဏငှားလိုက်ပါ'

ဒေါ်စောနေဝင်းစိုး ခေါင်းငိုက်စိုက်ကျသွားသည်။

'ဖိုးခွားရေ၊ ဆိုင်ရာပုဂ္ဂိုလ်တွေက မိုးကြိုးသွားကို သိမ်းပိုက်လိုက်ပြီ'

ဖိုးသာနိုင် တောက်တစ်ချက်ခေါက်လိုက်သည်။

'ကျွန်တော်တို့နဲ့ မထိုက်တန်လို့ နေမှာပေါ့ဗျာ'

မိုးကြိုးသွားအစစ်သည် အစွမ်းထက်လှသည်။ စက်နှိုးထားသော ကားခေါင်းအဖုံးပေါ် တင်ထားလိုက်ပါက ကားစက်ရပ်သွားသည်။ ဓာတ်မီးတိုင်အောက် ယူသွားလျှင် မီးပျက်သွားတတ်သည်။ သေနတ်ကျည် မထွက်ဘဲ သေနတ်ပြီးသည်။ အဖုအကျိတ်များ၊ သက်တံနာများ မိုးကြိုးသွားနှင့် ခုတ်ချလိုက်ပါက ပျောက်ကင်းသည်။ ဥဏ်ရှိသလို သုံးနိုင်သည်။ မိုးကြိုးသွားတန်ဖိုးက ခေတ်ကာလပေါက်ဈေး သိန်း(၁၀၀၀)ကျော်ရှိသည်။

ဒေါ်စောနေဝင်းစိုး သူ့တဲဘေးက သရက်ပင်ကြီးကို မိုးကြိုးပစ်ချ၍ မီးလောင်သွားသော သရက်ပင်အမြစ်များကြားမှ ဝင်းလက်တောက်ပနေသော မိုးကြိုးသွားကို ပုံသုကူရရှိခဲ့ခြင်း ဖြစ်သည်။ မိုးကြိုးသွားမှာ ရဲတင်းအသွားပုံသဏ္ဍာန် နှစ်လက်မခန့်ရှိ၍ ကြေးနီရောင်အဆင်း ရှိသည်။

မိုးကြိုးသွားဖြင့် ပယောဂများကို ကုစားနေသော ဒေါ်စောနေဝင်းစိုး သူ့ခေါင်းအုံးအောက်မှာ ထားပြီး အိပ်နေစဉ် အိပ်မက်ထဲမှာ ဖိုးသူတော်တစ်ဦးက လာရောက်ယူငင်သွားခြင်း ခံလိုက်ရသည်။ အိပ်မက်က လန့်နိုးချိန် မိုးကြိုးသွားလေး မရှိတော့ချေ။ ဒေါ်စောနေဝင်းစိုး စိတ်ကယောင်ချောက်ချား ဖြစ်သွားသည်။ မိုးကြိုးသွား မရှိတော့၍ သူ့အစွမ်းအစများ ကွယ်ပျောက်သွားသည်။

သူ ကြားဖူးနားဝရှိသော မြို့လေးစွန်း ရာဇဝင်ကို နှုတ်က တဖွဖွပြောရင်း စိတ္တဇဝေဒနာရှင် ဖြစ်သွားခဲ့သည်။ ဒေါ်စောနေဝင်းစိုးကို ဂမ္ဘီရအရူးဟု ခေါ်ကြသည်။ သို့သော် ဒေါ်စောနေဝင်းစိုးအတွက် ထူးသည့် နေ့ကစ်နေ့ မွေးဖွားခဲ့သည်။

(ဆက်ရန်)

သိန်းထွန်းသင်



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်ပြည်။

လွန်စွာမှ စည်ပင်သာယာသော မင်းနေပြည်နိုင်ငံတော်ကြီး တစ်နိုင်ငံ ဖြစ်လေ၏။ တစ်ခုသောဇနပုဒ်၌ သူငယ်ချင်း နှစ်ဦးသည် ရှိလေ၏။

ထိုနှစ်ဦးတို့မှာ ဗီဇဝါသနာချင်း မတူကြသော်လည်း ၎င်းတို့ သူငယ်ချင်းနှစ်ဦးကား အလွန်ချစ်ကြခင်ကြလေ၏။

တစ်ယောက်သောသူကား ဗုဒ္ဓဘာသာ ဥပါသကာဖြစ်၍ တစ်ယောက်သော သူကား သားသတ်မုဆိုး ဖြစ်လေ၏။

ဥပါသကာကား ကိုဝဏ္ဏဖြစ်၍ သားသတ်မုဆိုးကား ကိုဒေဝ ဖြစ်လေ၏။ သူတို့ချင်း ဆုံမိကြလျှင် တစ်ယော ကိုတစ်ယောက် အချင်းချင်း မိမိဝါဒသို့ပါအောင် သိ သွင်းပြောဆိုတတ်ကြလေ၏။

"ကိုဒေဝရယ်‥ခင်ဗျားမှာလည်း နေ့ရှိသရွေ့ အ သိုလ်အလုပ်နဲ့ပဲ" အချိန်ကုန်နေတယ်။ မုဆိုးအလုပ် မလုပ်စမ်းပါနဲ့ဗျာ။ ရတနာသုံးပါးကို ဆည်းကပ် ကုသိုလ်ကောင်းမှုလေး လုပ်စမ်းပါဦးဗျာ။ ဒါမှ ဘဝ



အချိန်ပိုင်း မုဆိုးပြိုတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှာဗျာ' ဟူ၍ ပြောဆိုတိုက်တွန်း စည်းရုံးတတ်ပေ၏။ သို့သော် စည်းရုံး၍ မရခဲ့ပေ။

ထိုအခါ ကိုဒေဝက သူ့အခက်အခဲကို ဤသို့ပြောဆိုတင်ပြတတ်လေ၏။

'သူငယ်ချင်းဝဏ္ဏရာ..သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတာ အမြဲဖြည့်တာတောင် ပြည့်တယ်လို့ မရှိဘူး။ မုဆိုးအလုပ်မှ မလုပ်ရင် ငတ်သေသွားမှာပေါ့ကွာ။ ဒါ ငါ့အသက်ဝမ်းကျောင်းမှုလေ' ဟူ၍ ဆင်ခြေပေး၍ ငြင်းဆိုတတ်လေ၏။

ဤသို့ဆင်ခြေပေး ငြင်းဆိုရာတွင်မက-

'ငါလို မုဆိုးအလုပ် လုပ်ကြည့်စမ်းပါ။ ဝမ်းရေးပြည့်ရုံတင်မက ပျော်စရာလည်း ကောင်းတယ်' ဟူ၍ မုဆိုးက သူ့ဘက်ပါအောင် စည်းရုံးဆိုတတ်ပြန်လေ၏။

တရားပြည့်ဝသော ဝဏ္ဏမှာ ဒေဝကိုကြည့်ပြီး ငါ့သူငယ်ချင်းတော့ ဘဝကူးကောင်းမှာ မဟုတ်တော့ဘူးဟု တွေးရင်း စိတ်မကောင်း ဖြစ်နေတတ်လေ၏။

တစ်ခါတစ်ရံ မုဆိုးဒေဝက-

'ဒီမှာ သူငယ်ချင်း၊ မုဆိုးအလုပ်ဆိုတာ အင်မတန်ပျော်စရာကောင်းတယ်။ သူ့အသက်သတ်တာ မဆန်းပါဘူးကွာ။ ကမ္ဘာတည်စကတည်းက သတ်လာခဲ့ကြတာမဟုတ်လား။ ပြီးတော့ တိရစ္ဆာန်ဆိုတာ အပါယ်ဘုံသားတွေကွ။ မင်းသိပါတယ်။ တိရစ္ဆာန်သတ်တာ အပါယ်ကျနေတဲ့ သတ္တဝါကို ကယ်တင်ရာတောင် ရောက်ပါသေးတယ်ကွာ။ ငါနဲ့အတူ မုဆိုးလိုက်လုပ်ကြည့်ပါလား။ လိုက်လုပ်ကြည့်၊ မင်း လုံးဝကို ပျော်သွားစေရမယ်' ဟူ၍လည်း ခေါ်လုံးပေး ပြောတတ်ပြန်သေး၏။

ဝဏ္ဏသည် သူငယ်ချင်းဒေဝ၏ အပြောကို သိပ်ပြီး ဘဝင်မကျ။ သို့သော် အတိုက်အခံတော့ မပြောပေ။ သဘောလွယ်စွာ အသိမှန်အောင်တော့ လေသံအေးအေးဖြင့် ဒေါသသံမပါဘဲ ဤသို့ ဥပမာစကားဖြင့် ပြန်၍ပြောဆိုတတ်လေ၏။

'ဥပမာတစ်ခု မင်းကို ပြောမယ်'

'ပြောလေ'

'မင်း ခြင်အကိုက်ခံဖူးလား'

'ခံဖူးတာပေါ့၊ သိပ်ဆိုးတဲ့ကောင်ကွ။ နားနား တဝီဝီနဲ့ စိတ်အနှောင့်အယှက်လည်း ဖြစ်တယ်။ ကိုက်တော့လည်း နာတယ်'

'ကိုက်တော့ မင်း ဘာလုပ်လဲ'

'ကိုက်တော့ ရိုက်သတ်လိုက်တာပေါ့ကွ။ သတ္တဝါဆိုတာ လူချွတ်မှ ကျွတ်တာ'

ဒေဝကဆိုလျှင် ဝဏ္ဏက-

'ခြင်မှာလည်း မင်းလိုပဲ အသက်နဲ့ကွ။ မင်းကိုကိုက်တော့ နာတတ်သလို သူလည်း နာရှာမှာပေါ့။ မင်းက ခြင်ကို သတ်တောင်ပစ်လိုက်တယ်ဆိုတော့ အသက်ရှိသူအချင်းချင်း ကိုယ်ချင်းစာတရား ခေါင်းပါးရာ မကျပေဘူးလား ဒေဝ။ ဒီလိုတရားမဲ့တဲ့အလုပ်ကို ငါဘယ်တော့မှ မလုပ်ဘူး'

ဤသို့ ဝဏ္ဏက ဥပမာဥပမေယျဖြင့် စည်းရုံးပြောဆိုသော်လည်း ဒေဝကတော့မှု တဟဲဟဲရယ်လျက် ခေါင်းကိုသာ ဘယ်ညာယမ်းလျက်နေလေ၏။ စည်းရုံး၍ မရခဲ့ပေ။ နှစ်ယောက်သား အရှုံးအနိုင်မပေါ်ဘဲ အားပြိုင်လျက်သာ နေတော့၏။

ဥပါသကာဝဏ္ဏကား မိတ်ဆွေကောင်း ပီသစွာဖြင့် သူငယ်ချင်းကို လမ်းမှား မရောက်စေချင်။ တတ်နိုင်သလောက် လမ်းမှန်သို့ ပို့မည်ဟု အစဉ်စိတ်၌ရှိလေ၏။ ဆုံတိုင်း ကြုံတိုင်း ကောင်းသော်စကားကိုသာ ဆိုလေ့ရှိလေ၏။

'သူငယ်ချင်း ဒေဝရာ၊ ငါလို့ မိတ်ဆွေကောင်းတစ်ယောက် မင်းအနားမှာ ရှိနေပါလျက်နှင့် မင်း မုဆိုးမဖြစ်သင့်ဘူး။ မုဆိုးအလုပ်ကို မင်းဆက်လုပ်နေရင် မင်း အပါယ်ကျလိမ့်မယ် ငါ့လူ။ အပါယ်လေးပါးရဲ့ သားကောင်တော့ မင်းကို အဖြစ်မခံစေချင်ဘူး။ အဲဒါ ငါ့စေတနာအမှန်ပဲ ဒေဝ'

ဝဏ္ဏ ဘယ်လောက်ပြောပြော ဒေဝကား ခေါင်း၌ နားမပါသူကဲ့သို့ ခေါင်းသာ တွင်တွင်ခါလျက် ရှိနေလေတော့၏။

တစ်ခါသော် မုဆိုးဒေဝသည် သူငယ်ချင်းဝဏ္ဏအပေါ် အားနာလာဟန်တူ၏။ ဝဏ္ဏကလည်း ဒေဝအနေအထားနှင့် သဘောထားကို သိထားဟန်တူပေ၏။ ဒီကောင်ကြီးကို အတင်းအကျပ်တိုက်တွန်းလို့ကတော့ ဖြစ်မယ်မထင်ဘူး။ လျှော့လျှော့ပေါ့ပေါ့ လေချိုသွေးမှ၊ ဖြည်းဖြည်းချင်း ကိုင်တွယ်မှ ဖြစ်မည်ဟု နားလည်လိုက်၏။

သို့ဖြင့် ဤသို့ အပျော့ဆွဲ၍ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ဒေဝ..မင်း တစ်သက်လုံး လုပ်လာခဲ့တဲ့ မုဆိုးအလုပ်ကို ရုတ်တရက်ရပ်ပစ်ဖို့ မလွယ်ဘူးဆိုတာ ငါနားလည်တယ်။ ငါ တစ်ခုတော့ စဉ်းစားမိတယ် သူငယ်ချင်း။ ငါတိုက်တွန်းတာလည်း ကြာပြီ။ တစ်ခုတော့ မင်းကို ငါ မေတ္တာရပ်ခံချင်တယ်'

'ပြော..ဝဏ္ဏ၊ မင်း ဘာပြောချင်တာလဲ'

'ဒီလိုကွာ၊ မုဆိုးအလုပ်ကို မင်းက မစွန့်လွှတ်နိုင်တော့ နေ့ဘက်မှာ မင်းဆန္ဒအတိုင်း မုဆိုးအလုပ်ကိုလုပ်၊ ညဘက်တော့ မလုပ်နဲ့ကွာ။ မင်း ငါ့ကို တကယ်ချစ်ရင် အဲဒီကတိတော့ ပေးကွာ။ ဘယ့်နှယ်လဲ ဒေဝ၊ အဲဒီကတိ ငါ့ကို ပေးနိုင်မလား'

ဝဏ္ဏက လိမ္မာပါးနပ်စွာဖြင့် အချိန်ကို ပိုင်း၍ တစ်ပိုင်းကို အလှူခံလေရာ ဒေဝ အတန်ကြာ စဉ်းစားပြီးနောက်-

'အဲဒီကတိ ငါပေးတယ်။ မင်းက ငါ့အချစ်ဆုံး သူငယ်ချင်းပဲ၊ ပေးရမှာပေါ့'ဟူ၍ ဆိုလေ၏။

ထိုအခါမှစ၍ မုဆိုးဒေဝသည် သူ့ကတိအတိုင်း ညအခါ မုဆိုးအလုပ်ကို မလုပ်ဘဲ နေ့အခါကျမှပဲ သူငယ်ချင်းကို ပေးထားသည့် ကတိအတိုင်း မုဆိုးအလုပ်ကို လုပ်ကိုင်လေတော့၏။

ထိုအကြောင်းကို ကြားသိမြင်သိရသောအခါ ဝဏ္ဏသည် များစွာကျေနပ်ဝမ်းသာ ဖြစ်မိလေ၏။ ဒေဝသည် ညအချိန်၌ မုဆိုးအလုပ်ကို မလုပ်ရသောကြောင့် ညအချိန်ပို၌ ကုသိုလ်တရားတွေ ပွားနေမိတော့၏။ ဤသို့ဖြင့် သားသမင်များသည် မုဆိုးသတ်၍ သေကျေရကုန်သကဲ့သို့ ကံကြမ္မာတည်းဟူသော မုဆိုး၏ လက်ချက်ဖြင့် ဒေဝသည် ကွယ်လွန်ဆုံးပါးခဲ့ရရှာလေ၏။

မုဆိုးဒေဝသည် ဘဝသစ်သို့ ရောက်သွားသောအခါ ရာဇဂြိုဟ်ပြည်၌ ဗိမာန်ရှင်(ဝေမာနိက)ပြိတ္တာ ဖြစ်လေတော့၏။

မုဆိုးဖြစ်ခဲ့စဉ်က နေ့အခါများတွင် သားကောင်များကိုသတ်သော အကုသိုလ် ပါဏာတိပါတကံကြောင့် နေ့အခါတွင် ဆင်းရဲဒုက္ခကို အလူးအလဲခံရလေ၏။

ညအခါတွင်မူ ပါဏာတိပါတကံကို စောင့်ထိန်းခဲ့သောကြောင့် ည,ညအခါများတွင် ကာမဂုဏ်ငါးပါးကို နတ်တို့တမျှ ခံစားရလေ၏။ အကုသိုလ်ကလည်း သူ့အကျိုးကို သူပေးသကဲ့သို့ ကုသိုလ်ကလည်း သူ့အကျိုးကို ပေးလေတော့၏။

◆◆◆

အခါတစ်ပါး၌ အရှင်နာရဒ မထေရ်သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူလေ၏။ ထိုရပ်ဝန်းတစ်ဝိုက်၌ ကျက်စားကြကုန်သော နာနာဘာဝများသည် ရှိကြလေ၏။ မထေရ်လည်း မြင်တော်မူလေ၏။

ဂိဇ္ဈကုဋ်နယ်တောင်သို့ အသစ်ရောက်လာသော ပုဂ္ဂိုလ်တစ်ဦးရှိ၏။ ထိုပုဂ္ဂိုလ်ကား မုဆိုးပြိတ္တာဒေဝပင် ဖြစ်လေ၏။

တစ်နေ့သ၌ ထိုမထေရ်သည် ရာဇဂြိုဟ်သို့ ဆွမ်းခံကြွတော်မူလေ၏။ တောင်ပေါ်မှအဆင်း ပြိတ္တာဒေဝနှင့် ပက်ပင်းတွေ့လေ၏။

ပြိတ္တာဒေဝ၏ နေ့ခံညစံ ဘဝကို ကောင်းစွာသိတော်မူသော ထိုမထေရ်ကြီးက ပြိတ္တာဒေဝအား ဤသို့ မေးလေ၏။

'အချင်းပြိတ္တာဒကာ၊ သင့်အဖြစ်ကား ထူးဆန်း ပေ၏။ ထူးဆန်းသော ထိုအဖြစ်ကို ငါသိလေ၏။ ည အခါများတွင် ဒေဝီဒေဝါနတ်သမီး၊ နတ်သားများ သည် သင်၏အပါးတွင်ရံလျက် ခစားကြကုန်၏။ သီချင်း သည်၊ ကချေသည်၊ ပန်တျာသည်တို့က သီချင်းဆို ဆို၍ သီချင်းအလိုက် စည်းဝါးလိုက်အောင် က ကလျက် သင့်အား ဖျော်ဖြေကြကုန်၏။ နေ့အခါ၌ နှိပ်စက်ပြင်းထန် ဆင်းရဲဒုက္ခကို လူးလိမ့်ခံနေရ သင်သည် အတိတ်ဘဝက မည်သည့်အမှုကို ပြု သနည်း။ ငါ့အား ပြောပြလော့'ဟု ဆိုလေ၏။

ထိုအခါ မုဆိုးပြိတ္တာဒေဝသည် အောက်သို့ဆန့် ထားသော လက်နှစ်ဖက်ကို အထက်သို့ မြှောက်တင် ပူး၍ ဦးထိပ်တင်လျက် ဤသို့ လျှောက်ကြား

'အရှင်သူမြတ်ဘုရား..ဘုရားတပည့်တော်သည် ခဲ့သောဘဝက ငါးလုံးသော တောင်မြတ်တို့ဖြင့် ပတ်လျက် နှလုံးမွေ့လျော် လွန်စွာပျော်မွေ့ဖွယ် သည့် ဤရာဇဂြိုဟ်ပြည်၌ သွေးရည်တို့ဖြင့် လူး နေသည့် သားသတ်မုဆိုး ဖြစ်ခဲ့ပါသည်ဘုရား။

အရှင်ဘုရား..ဘုရားတပည့်တော်သည် ထို စဉ်က ဘာသာဘာဝ မြူးကြွပျော်ရွှင် မည်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ကျင်သော သမင်၊ ဒရယ် စသေဒသားကောင်တို့အပေါ်၌ သတ်လိုဖြတ်လိုသော စိတ်မိုက်စိတ်ဆိုး မွေးခဲ့ပါသည် ဘုရား။ ရက်စက်ကြမ်းကြုတ် လူတစ္ဆေ မြေဖုတ်ဘီလူး ကြီး ဖြစ်ခဲ့ပါ၏။ အချိန်ရှိသရွေ့ သူတစ်ပါးအသက်အား ညှဉ်းဆဲမှု၌သာ မွေ့လျော်ခဲ့ပါ၏။ တောတောင်တခို လျှို မြောင်မြိုင်ထဲ လက်နက်စွဲကိုင်လျက်သာ လှည့်လည်ခဲ့ပါ ၏'

ဟူ၍ မုဆိုးပြိတ္တာဒေဝသည် သူ၏ အတိတ်ဘဝက မုဆိုးဇာတ်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း ပြန်ပြောင်း လျှောက်ထားပြီးနောက် မိမိမိတ်ဆွေကောင်း၏ ကျေးဇူး ကိုလည်း ထိမ်ချန်၍မထားဘဲ ဤသို့ ပြောပြပြန်လေ၏။

'အရှင်ဘုရား··ထိုစဉ်က တပည့်တော်မှာ စိတ်နေ စိတ်ထား သဘောထား လွန်စွာပြည့်ဝသော သူငယ်ချင်း ကောင်းတစ်ယောက် ရှိခဲ့ပါ၏။ သူသည် ရတနာသုံးပါး ကို ကြည်ညိုလှသော ဥပါသကာတစ်ဦးပါဘုရား။ ထိုသူ ငယ်ချင်း ဖြစ်သူသည် တပည့်တော်အား သနားစောင့် ရှောက်သောအားဖြင့် မုဆိုးအလုပ်ကို မလုပ်ရန် ကြိမ်ဖန် များစွာ တားမြစ်ခဲ့ပါ၏။ ထိုသူငယ်ချင်းက သူငယ်ချင်း ဒေဝ··သူ့အသက်ကို သတ်ခြင်းဟူသည် မကောင်းသော အမှု ဖြစ်၏။ မပြုပါလင့်။ ဒုဂ္ဂတိဘဝသို့ မလားချင်ပါနဲ့၊ မသွားချင်ပါနဲ့။ တမလွန်ဘဝ၌ ကိုယ်၏ချမ်းသာမှု၊ စိတ် ၏ချမ်းသာမှု ဤချမ်းသာနှစ်မျိုးကို အလိုရှိပါလျှင် သူ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ။ မသတ်မိအောင် စောင့်စည်းပါ။ စိတ်ကို ထိန်းချုပ်ပါဟု တားမြစ်ပါသည် ဘုရား။

အရှင်ဘုရား··တပည့်တော်သည် တပည့်တော်၏ အကျိုးစီးပွားကို လိုလား၍ သတ်ဖြတ်ခြင်း မပြုပါနှင့်။ ဒုဂ္ဂတိဘဝသို့ မလားချင်ပါနဲ့၊ မသွားချင်ပါနဲ့ဟု တားမြစ် ပါသည်ဘုရား။

ထိုသူငယ်ချင်းကောင်း၏စကားကို ကြားရသောအခါ တပည့်တော်မှာ သတ်ဖြတ်မှုဒုစရိုက်အာရုံကို ကြာမြင့်စွာ အထုံရနေသည်ကတစ်ကြောင်း၊ ကိုယ်ပိုင်အသိဉာဏ် ခေါင်းပါးသည်ကတစ်ကြောင်းတို့ကြောင့် သူငယ်ချင်း၏ တားမြစ်ချက်ကို တပည့်တော် လက်မခံဘဲ တွန်းလှန်ခဲ့ ပါသည်ဘုရား။

အရှင်ဘုရား··မြေကြီးအထုပမာ ကြီးမားသည့် ပညာ ရှိသော သူငယ်ချင်းသည် တပည့်တော်အား သနားသော အားဖြင့် ဤသို့ စောင့်စည်းစေပါ၏။ နေ့အခါတွင် မုဆိုး အလုပ်ကိုလုပ်၊ ညအခါတွင် မုဆိုးအလုပ်ကို မလုပ်နှင့်။ သားကောင်ကို မသတ်မိအောင် စောင့်စည်းပါလော့ဟူ၍ တိုက်တွန်းပါ၏။

ဤသို့ သူငယ်ချင်းက တိုက်တွန်းသောအခါ တပည့် တော်သည် ထိုတိုက်တွန်းမှုကို လက်ခံခဲ့ပါ၏။ အမျိုးမျိုး အဘက်ဘက်ကလည်း တပည့်တော် စဉ်းစားခဲ့ပါ၏။ စိတ်ထဲမပါဘဲ ပါဏာတိပါတ ဝေရာမဏီ ဆိုကာမျှဖြင့် အရာမရောက်၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သည် မမည်။ နှုတ်တက်ရွရွ ရကာမျှသာ ဖြစ်သည်။ စိတ်ထဲ၊ နှလုံးသားထဲက လှိုက်လှိုက်လှဲလှဲ သူ့အသက်ကို မသတ် မိအောင် ရှောင်ကြဉ်မှသာ အဓိဋ္ဌာန်မြောက်မည် ဖြစ်၏။ ဤသို့ တပည့်တော် စဉ်းစားမိပြီးမှ တပည့်တော်၏ သူ ငယ်ချင်း စကားကို လက်ခံခဲ့ခြင်း ဖြစ်ပါသည်ဘုရား'ဟု လျှောက်ကြားလေ၏။

ထို့နောက် ထိုမုဆိုးပြိတ္တာကပင်-

'အရှင်ဘုရား··တပည့်တော်သည် သူငယ်ချင်းက တိုက်တွန်းသည့်အတိုင်း နေ့အခါ၌သာ သားကောင်များကို သတ်၍ ညအခါများတွင် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ ညအခါ ငါ မသတ်ပြီဟူ၍ ဆောက်တည်ပါ၏။ အဓိဋ္ဌာန် ပြုလျက် အဓိဋ္ဌာန်ပါရမီပြည့်အောင် စောင့်စည်းခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့စောင့်စည်းခဲ့သောကြောင့် ညအခါတွင် ချမ်းတောင့်ချမ်းသာ နတ်စည်းစိမ်ကို ခံစားရပါ၏။ နေ့အခါတွင်မူ သွေးသံရဲရဲ ခွေးကိုက်ခံခြင်း စသောဒုက္ခကို မချိမဆံ့ ခံစားရခြင်း ဖြစ်ပါသည်ဘုရား။

နိဂုံးချုပ်အနေဖြင့် တပည့်တော်၏ ထင်မြင်ချက်ကို လျှောက်ပါ၏ဘုရား။ မည်သူမည်ဝါမဆို အကြင်ပုဂ္ဂိုလ်တို့သည် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၏ သာသနာတော်နှင့် မပြတ်မလပ် အားထုတ်ခြင်း ရှိကုန်၏။ ထိုသူတို့သည် ပြုပြင်ခြင်းကင်းရာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို ရကုန်၊ ရောက်ကုန်သည်ဟု တပည့်တော် ထင်ပါ၏ ဟူ၍ လျှောက်ထားပြီးလျှင် မုဆိုးပြိတ္တာသည် ကွယ်ပျောက်လေ၏။

အရှင်နာဒရလည်း ရာဇဂြိုဟ်မြို့၌ ဆွမ်းခံခဲ့ပြီး ဆွမ်းခံရာမှ အပြန်တွင် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားလေ၏။

ဘုရားရှင်လည်း ထိုအကြောင်းဇျတ္တုပ္ပတ်ကို အတ္ထုပ္ပတ္တိပြုတော်မူ၍ ရောက်လာကြကုန်သော ပရိသတ်တို့အား ဟောကြားတော်မူလေ၏။ ထိုဒေသနာသည် ကြားနာရသူတို့အား အကျိုးစီးပွားများလှပေတည်း။

**မှတ်ချက်**

ဤ၀တ္ထုမှာ ပေတ၀တ္ထု၊ အဋ္ဌကထာ စူဠဝဂ်၊ ဒုတိယမိဂလုဒ္ဒက ပေတ၀တ္ထုကို မြန်မာပြန်ဆိုထားခြင်း ဖြစ်၏။

အရှင်နာဒရ၏ ကိုယ်တွေ့လည်းဖြစ်သော ကောင်း... အကုသိုလ် မကောင်းမှုများကို တစ်နေကုန် (၂၄)နာရီပတ်လုံး မရှောင်ကြဉ်နိုင်သည့်တိုင်အောင် အချိန်သတ်မှတ်... အချိန်ပိုင်းဖြင့် ရှောင်ကြဉ်နိုင်ပါကလည်း အချိန်ပိုင်း... အလိုက် အကျိုးခံစားရခြင်းသည် ဤ၀တ္ထု၏ ရည်ရွယ်... ဦးတည်ချက် ဖြစ်သည်။

**မောင်အောင်ဇော်(ပန်တော်ဝင်...)**

**ကျမ်းကိုး** * အာစရိယဓမ္မ အရှင်ဓမ္မပါလ ရေးသားတော်... မူသော အနှိုင်းမဲ့ဘုရားရှင်လက်ထက် ဘုရားကိုယ်တွေ့... တစ္ဆေများ။


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူ... နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘ၀တစ်သက်တာဟောစာတမ်း... ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ... ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း... အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်... ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတံမန်ဝန်ထမ်း အ... နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ... မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာ... OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ ... ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသဘော်သား... လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေ... ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာ... ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်... သော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း ... ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်... သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်... မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေ့... ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ... ဆက်လိုက်ပါ။

**အမှတ်-၉၄ (ပထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဗိုလ်ရက်မရှိ)** ☎ (01)394727, (01)399426 📱 09 7300 9994, 09 51...




www.burmeseclassic.com

www.burmeseclassic.com

# ဂါဝန်နှင့်စကါ

မကြောက်ရေးချ
မကြောက်ပါ




'မမလတ်နော်၊ ဟာ··ပြောပြန်ပြီ။ သမီးကို လာမစနဲ့'

'နင့်ကို ဘယ်မှာစလို့လဲ'

'ဟော··သူစတုန်းကစပြီး ခုမှ ဖြောင်မလိမ်နဲ့နော်။ သမီးစိတ်ဆိုးမှာ'

'ငါ မစပါဘူး။ နင့်စတာမှ မဟုတ်တာ။ ငါ့ဘာသာ အသားဖြူဖြူ အလကားလူလို့ ပြောတာပဲ'

'မသိရင် ခက်မယ်။ သမီးကို မမလေး စောင်းပြောနေတာပဲဟာ'

'စောင်းမပြောပါဘူး။ ဒီမှာ တည့်တည့်ပြောနေတာ မတွေ့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com

ဖြူတို့ ညီအစ်မနှစ်ယောက် ကျီစားနေသံကို ခပ်လှမ်းလှမ်းမှပင် အတိုင်းသား ကြားနေနိုင်သည်။ ဘာမဟုတ်တဲ့ ကိစ္စလေးကို ဖြူကလည်း ဖွတ်ပြော၊ မမလတ်ကလည်း ဖွတ်ငြင်းနေသံတွေ။ ဖြူနဲ့ ဖြူ့မမလတ်က ခြောက်နှစ်နီးပါး အသက်ကွာခြားသော်လည်း သူက ကလေးဆန်သည်။ အလှမပြင်၊ ပဲမများ၊ ဖြူ့ကိုလည်း အမြဲတစေ စနောက်ကျီစယ်နေတတ်သောကြောင့် ဖြူပင် တစ်ခါတလေ စိတ်ညစ်ရသည်။

ဖြူမှာ ပျော်ချင်းသုံးယောက်ရှိသော်လည်း ဒီညီအစ်မနှစ်ယောက်သာ တတွဲတွဲနေတတ်သဖြင့် ရန်ဖြစ်ခဲ့လျှင်လည်း သိပ်ကြာကြာ စိတ်မကောက်ဘဲ ပြန်ခေါ်ဖြစ်ကြတာပဲ များသည်။ ယခုလည်း ညနေခင်း ထမင်းစားပြီး၍ လမ်းလျှောက်ထွက်လာရာမှ မမလတ်က လိုက်စနေသဖြင့် ဖြူ ပြန်ပြောနေခြင်း ဖြစ်သည်။

ဖြူတို့ ညီအစ်မက ခုလို နေဝင်ရီတရောအချိန်ကို အိမ်ရှေ့ မြေနီလမ်းကြားလေးအတိုင်း လမ်းလျှောက်ထွက်တတ်သည်။ ဖြူတို့ရပ်ကွက်က ဆိတ်ငြိမ်ရပ်ကွက်လေး ဖြစ်သလို အေးချမ်းသာယာမှုလည်း ရှိသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ကူညီရိုင်းပင်းမှုရှိသော ရပ်ကွက်လေး ဖြစ်သည်။

'အေးပါဟယ်..နင်ကလည်း ငါ စတိုင်း စိတ်တိုနေတာပဲ။ တစ်ခါတလေလေး သည်းခံကြည့်ပါလား။ ဟွန်း'

'သည်းမခံနိုင်ပါဘူး။ ညီမလေးက အငယ်လေ။ သည်းခံမယ့်ခံ မမလတ်က ခံပေါ့'

ဒီလိုနဲ့ သူကစလိုက်၊ ဖြူကစိတ်တိုလိုက်၊ နှစ်ဦးသား ရန်ဖြစ်ပြီး ပြန်ခေါ်လိုက်နဲ့ လုံးလည်ချာလည်လိုက်နေပါရောလား။ ဒါဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲ။

◆◆◆

ဒီနေ့ကတော့ ဖြူ အတုန်လှုပ်ဆုံးနေ့။ အကြောက်ဆုံးနေ့။

မကြောက်ခံနိုင်ရိုးလား။ ဖြူတို့က လမ်းထိပ်မှာ ကုန်ဆိုင်လေးဖွင့်ထားပြီး မမလတ်က ဆိုင်ထိုင်သည်။ ကုန်ဆိုင်ရဲ့ ဘေးချင်းကပ်လျက် အိမ်မှာတော့ ညီအစ်ကိုနှစ်ယောက်နဲ့ အဘွားအိုတစ်ယောက် နေသည်။ အဘွားအိုက အသက်(၈၀)ကျော်အရွယ်။ ညီအငယ်က မမလတ်ရဲ့ သူငယ်ချင်း။ အကြီးကောင်က မမကြီးနဲ့ အတန်းဖော်တွေဖြစ်သည်။ ယခု အကြီးကောင် ရေနစ်လို့ ဆုံးပြီတဲ့။

ထိုသတင်းကို မမလတ်က စကားပလ္လင်မခံဘဲ ဝုန်းဒိုင်းပြောချလိုက်တော့ ဖြူ ကြောက်လန့်သွားမိသည်။ အိမ်မှာပဲ အေးဆေးနေမိကောင်းသား။ ခြေရှည်ပြီး ဆိုင်ကို ထွက်လာမိတာ မှားပါပေါ့။ အခုတော့ မမလတ်ရဲ့ သတင်းပေးမှုကြောင့် ခေါင်းမွေးထောင်ကာ ကြောက်လန့်နေရပါပြီ။ ကြောက်လျှင်လည်း ကြောက်ချင်စရာပဲကိုး။ အဲဒီ အကြီးကောင်က မမကြီးကို ကြိတ်ပိုးနေသူ။ ဒါကို ဖြူ သိ၍ မမကြီးနဲ့ အောင်သွယ်ပေးမယ်ဟုဆိုကာ မုန့်နီးတောင်း မုန့်ဝယ်ကျွေးခိုင်းခဲ့ပေါင်းများပြီ။ ခုတော့ သေရှာပြီတဲ့။

'သွား..ဖြူ မမကြီးကို ဒီအကြောင်း သွားပြောလိုက်ဦး။ သူ့သူငယ်ချင်း ဆုံးတာသာ သူသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး။ နင် သွားပြောလိုက်ချေ'

'အာ..ဖြူ မသွားရဲဘူး။ ညနေစောင်းနေပြီ။ တော်ကြာ သ..သရဲခြောက်နေဦးမယ်'

'ဟဲ့..အရေးထဲ ဟိုကဖြင့် သူသေမှန်းတောင် သိမှာမဟုတ်ဘူး။ နင့်ခြောက်ဖို့နေနေသာသာ ခုလောက်ဆိုရင် ရေချိုးလို့ ကောင်းတုန်း။ သွားပြောချေ'

မမလတ်က ရပ်တည်နဲ့ပြောနေ၍ ဖြူလည်း စိတ်မပါ လက်မပါဖြင့် အိမ်ပြန်လာခဲ့ရသည်။ နေလုံးက အနောက်ဘက်တောင်စွန်းတွေပေါ် မေးတင်နေပြီ။ ဖြူ စက်ဘီးကို ကသုတ်ကရက်စီးကာ ဘေးဘီကို ကြည့်လိုက်မိတော့ လူနေအိမ်ခြေနည်းပါးသော ရပ်ကွက်ဖြစ်၍ တစ်အိမ်နှင့်တစ်အိမ် အတော်ခြားသည်။ ဖြူတို့အိမ် ရောက်ဖို့လည်း လိုသေးသည်မို့ ဖြူစိတ်ထဲ ထိတ်လန့်နေမိတာတော့ အမှန်။ ရုတ်တရက် စက်ဘီးနောက်ကို ဝုန်းခနဲ လှမ်းဆွဲလိုက်မှုဖြင့် ဖြူ ငယ်သံပါအောင်အော်ပြီး ထွက်ပြေးမိမှာ။

'ဖြူ အမောတကောနဲ့ ဘာဖြစ်လာတာလဲ။ ဒီလိုနာလို့ ပြေးလာတာလား'

အိမ်သို့ ရောက်ရောက်ချင်း မမကြီးက ဆီးပြီးမေးတော့ ဖြူ ဘာပြန်ဖြေရမှန်းမသိ။ စက်ဘီးကို အိမ်ဘေးရပ်ကာ ဒေါက်ထောက်လိုက်သည်။

'ဟို..ဟို'

'ဟဲ့..ပြောလေ၊ တဟိုဟိုနဲ့ ဘာဖြစ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

မမကြီးက တံမြက်စည်းလှည်းနေရင်းမှ စိတ်မရှည်တော့သည့်အလား ဖြူ့မျက်နှာကိုကြည့်ကာ မေးလိုက်သည်။

'ဟို··ကိုကြီးအာကာ ဆုံးပြီတဲ့။ ရေနစ်သေတာတဲ့'

ဖြူ မျှော်လင့်ထားသည်က ဖြူ့စကားအဆုံးမှာတော့ မမကြီး ဝမ်းနည်းမည်၊ ငိုမည်ပေါ့။ တကယ့်တကယ်တမ်း လက်တွေ့မှာတော့ မမကြီးက တံမြက်စည်းကို ပစ်ချကာ မျက်ရည်ထွက်မတတ် ရယ်ရင်း-

'အမယ်လေး ဖြူရယ်၊ နင်တော့ ခံရပြန်ပြီ။ ဒါ နင့်မမလတ် ပြောလိုက်တာမှ ဟုတ်ရဲ့လား'

'အင်း··ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ'

မမကြီးက စကားကို မဆက်နိုင်သေးဘဲ တခစ်ခစ် ရယ်နေသေးသည်။

'အားကွေ့ မသေပါဘူးဟယ်။ ခုနကမှ ဟိုဘက်နား သွားတာကို ငါမြင်လိုက်တယ်။ နင့်ကို နင့်မမလတ် နောက်လိုက်တာနေမှာပေါ့။ နင်ကြောက်တတ်မှန်း သူ သိတာပဲဟာ'

မမကြီးစကားကြောင့် ဖြူ တွေခနဲ ဖြစ်သွားသည်။ ဟုတ်မည်၊ မမလတ်က အစအနောက်သန်သူ။ ဆိုင်ထဲ ...င်လာလာချင်း ခုလို ဖြုန်းစားကြီးပြောလိုက်လျှင် ဖြူ ...န့်သွားမှာကို သူသိပြီးသား။ နောက်ပြီး အငယ်ကောင် ...ဆုံးလျှင်တောင် ဖြူ ဒီလောက်ကြောက်မည် မဟုတ်။ ...အကြီးကောင်ကို ဖြူ မြှောက်စား ခြောက်စား လုပ်နေတဲ့ ...ကိစ္စကို သူသိသည်။ သို့ကြောင့်-

'မမကြီး၊ အားကွေ့ အဲ··ကိုကြီးအာကာကို တွေ့ ...လိုက်တာ သေချာလား'

'အေး··ခုနတင် အိမ်ဘေးက ဖြတ်သွားတာ'

'ဒါ··ဒါဆို မမလတ် ဖြူ့ကို နောက်လိုက်တာ သေ ...ချာတယ်။ ဟွန်း··တွေ့မယ်'

ဖြူ စက်ဘီးကို ဆွဲထုတ်ကာ ဝရန်းသုန်းကား ထွက် ...လာခဲ့သည်။ တွေ့မည်။ ဖြူ့ကို ကြောက်အောင်လုပ်တဲ့ ...မမလတ်ကို ဖြူလည်း ပြန်ခြောက်ရမည်။

◆◆◆

ဖြူ တစ်ကိုယ်လုံး ဒေါသကြောင့် သွေးတို့ ပူနေ ...သည်။ စက်ဘီးကို ခပ်မြန်မြန် နင်းလာသောကြောင့် ...ကိုယ်တစ်ထည်လုံး ချွေးတို့ဖြင့် စိုရွှဲလျက်။ ဖြူတို့အိမ်နဲ့ ကုန်စုံဆိုင်က အလှမ်းကွာဝေးတာမို့ ဒီလောက်မြန်မြန် သွားတာတောင် ရောက်ဖို့လိုသေးတယ်။ သို့ပေမယ့် ဖြူ အားမလျှော့တမ်း နင်းဆဲ။ ရောက်ချင်စိတ်ကြောင့်ထင် အသားကုန်ပြေးနေသော စက်ဘီးပင် နှေးနေသလို။

'ရှူး'

'ဟာ··သွားပါပြီကွာ'

ပေါက်သွားသော နောက်ဘီးကိုကြည့်ကာ ဖြူ စိတ်ပျက်လက်ပျက် ညည်းတွားလိုက်မိသည်။ လမ်းထိပ်က ဆိုင်ကိုရောက်ဖို့ နှစ်လမ်းကျော်ကျော်လောက် သွားရဦးမည်။ အိမ်ကို ပြန်ရအောင်ကလည်း အတော်ဝေးဝေးမှာ ကျန်ခဲ့ပြီမို့ မထူးတော့၊ ဆိုင်ကိုသာ ခပ်သွက်သွက် ခြေလှမ်းတို့ဖြင့် ချီတက်ခဲ့သည်။

နာရီကိုကြည့်လိုက်တော့ (၆)နာရီခွဲခါနီး။ ရာသီက မိုးနှောင်းကာလမို့ မိုးငွေ့တို့ဖြင့် အုံ့ဆိုင်းလျက်ရှိသည်။ ရုတ်တရက် သတိရလိုက်မိတာက ကိုကြီးအားကွေ့ ခေါ် ကိုကြီးအာကာ။

'တော်သေးတာပေါ့။ ကိုကြီးအာကာ တကယ်မသေလို့'ဟု စဉ်းစားမိ၍ ဖြူ့စိတ်ထဲ ကြောက်စိတ်အတန်ငယ် လျော့သွားသည်။

ဖြူတို့ရပ်ကွက်က တစ်အိမ်နဲ့တစ်အိမ်ကြားမှာ မြေကွက်လပ်ကြီးတွေ ခြားနေသည်။ အုတ်တံတိုင်းကြီးတွေ ကျယ်ဝန်းစွာ ခတ်ထားသည်။

'ဟိတ်··ဖြူ၊ ညီမလေး ဆိုင်ကို သွားမလို့လား'

နောက်က နှုတ်ဆက်သံကြား၍ ဖြူ အသာရပ်ကာ လှည့်ကြည့်မိတော့ တွေ့လိုက်ရသူက ကိုကြီးအာကာ။

အမယ်လေး··တော်သေးတာပေါ့။ ဖြူသာ အသွားတုန်းက တွေ့လိုက်လျှင် လန့်အော်ပြေးမိမှာ အမှန်။ ခုတော့ အကြောင်းစုံကို သိထားပြီးဖြစ်၍ ဖြူ ပြန်လည် နှုတ်ဆက်လိုက်သည်။

'ဟုတ်··ကိုကြီးအာကာ၊ ကိုကြီး ဘယ်ကပြန်လာတာလဲ'

ကိုကြီးအာကာက ဖြူ့ကို တစ်ချက် တွေခနဲကြည့်ကာ ပြုံးသွားသည်။ မျက်နှာအနေအထားက တစ်မျိုးပဲဟု ဖြူတွေးလိုက်မိသည်။

'အမယ်··ဖြူကလည်း မသိချင်ယောင်ဆောင်လို့။ ကိုကြီး ရေကူးပြီး ပြန်လာတာလေ'



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် ရေဆိုတဲ့အသံ ကြားလိုက်ရတော့ ဘာကြောင့်မှန်းမသိ၊ ဖြူ ကြက်သီးမွေးညင်းများ ထောင်ထသွားသည်။ နားအူသလိုလို ရင်ပူသလိုလိုလည်း ခံစားလိုက်ရသည်။

'ဒါနဲ့ ဖြူ၊ အရင်နေ့က စောသားနဲ့။ ဒီနေ့ နောက်ကျတယ်နော်။ မှောင်တောင်နေပြီ'

'မမလတ်ပေါ့ ကိုကြီးရယ်၊ ကိုကြီးအာကာ ရေနစ်သေပါပြီလို့ ပြောတယ်လေ။ ဖြူက တကယ်မှတ်ပြီး မမကြီးကို ပြန်ပြောတော့ မမကြီးက ကိုကြီးကို အခုပဲ တွေ့လိုက်တယ်တဲ့လေ။ နင့်မမလတ် နောက်တာနေမယ်လို့ ဆိုတော့မှ ဖြူ ခံလိုက်ရမှန်းသိတာ။ ဒါနဲ့ ကိုကြီးက ဘယ်မှာရေကူးပြီး ပြန်လာတာလဲ'

အကြောင်းစုံကို ရှင်းပြပြီးမှ ဖြူ့စကား နည်းနည်းလွန်သွားမှန်း သိလိုက်သည်။ ကိုကြီးအာကာရဲ့မျက်နှာ ဖျော့ခနဲ ပျက်သွားလို့ပါ။ သူက ရီဝေဝေမျက်လုံးတွေဖြင့် အဝေးတစ်နေရာကို ငေးကြည့်နေသည်။ ရေတစက်စက်ကျနေသော အပြာရောင်ပုဆိုးတိုတိုကိုဝတ်ကာ ဆံပင်တွေ ရေရွှဲနေသော သူ့ကိုကြည့်ရင်း ဖြူ လန့်သလိုလိုဖြစ်လာ၍ မျက်နှာလွှဲလိုက်မိသည်။

'သရက်ပင်ကန်လေ။ ဖြူတို့ရပ်ကွက် နောက်ဘက်က ကန်မှာ။ ဖြူ့မမလတ်က အစအနောက် အတော်သန်တယ်နော်။ ကိုယ့်ညီအတိုင်းပဲ'

ကိုကြီးအာကာက ဆံပင်ကို တစ်ချက်ခါယမ်းရင်း ဆိုသည်။ ထိုအခိုက် ကွေ့လာသော စက်ဘီးတစ်စီးကို ရှောင်တိမ်းလိုက်သဖြင့် သူနဲ့ ဖြူ အသားချင်း ထိသွားသည်။ ဘုရား..ဘုရား..သူ့အသားတွေက ရေခဲတမျှ အေးစက်နေပါလား။

'ဆောရီးနော် ဖြူ၊ ရေတွေ စင်သွားရင် တောင်းပန်တယ်။ ဟော..အိမ်လည်း ရောက်တော့မယ်။ ဖြူ သွားနှင့်တော့။ ကိုကြီး ဒီနား ခဏဝင်လိုက်ဦးမယ်'

ကိုကြီးအာကာက ဖြူ့ဆီက နှုတ်ဆက်စကားကိုပင် မစောင့်တော့ဘဲ လမ်းကြားထဲသို့ ကွေ့ဝင်ပျောက်ကွယ်သွားတော့သည်။

◆◆◆

ဆိုင်ထဲရောက်တော့ ဖြူ့အနည်းငယ် တုန်ယင်နေပြီ။ ကိုကြီးအာကာနဲ့ လမ်းခွဲကတည်းက အသည်းအသန်ပြေးလာမိ၍ မောလည်းမောနေသလို ရင်တွေလည်းတုန်လို့ ထိတ်လန့်အံ့ဩစိတ်ကြောင့်လား၊ ကြောက်လန့်တုန်လှုပ် စိတ်ကြောင့်လား ဖြူ ဝေခွဲမရသေး။ ရေခဲသေတ္တာ ဆွဲဖွင့်ကာ ရေတစ်ဘူးကို မော့ချလိုက်မိသည်။

'ဟဲ့..အမယ်လေး၊ လန့်လိုက်တာဟယ်။ ဖြူရယ် အသံမပေး ဘာမပေးနဲ့ နင် ဘာလုပ်ဖို့ ပြန်လာတာလဲ'

ဆိုင်ပိတ်နေရင်း ရုတ်တရက် ဖြူ့ကိုမြင်လိုက်၍ မမလတ် ထိတ်လန့်သွားပုံရသည်။ ဘာပဲပြောပြော မကြေ ရဘဲ ခြောက်လှန့်ခွင့် ရလိုက်သဖြင့် ဖြူကျေနပ်မိသည်။

'မမလတ် ဖြူ့ကို နောက်တာမဟုတ်လား။ ကိုကြီး အာကာ တကယ်မသေသေးဘူး မဟုတ်လား'

ဖြူ့အမေးစကားကြောင့် မမလတ် အံ့ဩသွားသည်။ နောက်ပြီး ဖြူ့ကိုလည်း စိတ်တိုသလို ကြည့်လို ရင်း-

'ငါက သူများ သေပါတယ်လို့ နောက်စရာ ကိုအားကွေ့ ဆုံးသွားတဲ့အတွက် ငါလည်း စိတ်မကော ပါဘူး'

'ဒါ..ဒါပေမဲ့ ကိုကြီးအားကွေ့ကို ဖြူ လမ်းမှာ ခဲ့တယ်။ ဖြူ..ဖြူနဲ့တောင် စကားတွေ ပြောသွား တယ်'

ဖြူ့စကားလည်းကြားရော မမလတ်ရဲ့ မျက်လုံး ဝိုင်းကျယ်ပြူးစက်ကာ ဆွံ့အသွားသည်။

တစ်ဆက်တည်းမှာပဲ တံတွေးတစ်ချက်ကို မျိုချရင်း-

'ဖြူ..ဒါ နောက်စရာ မဟုတ်ဘူးနော်။ နင် ဘယ်မှာမြင်ခဲ့တာလဲ'

'လမ်းမှာ သူက တစ်ကိုယ်လုံး ရေတွေရွှဲလို့။ မမလတ်ပြောတဲ့ အကြောင်းတွေ ပြောပြမိတော့ ဖြူ့ကိုတောင် နင့်အစ်မက တော်တော်နောက်တာပဲ။ အတိုင်းပဲလို့ ပြောလိုက်သေးတယ်'

မမလတ်က ဖြူ့ကို ဘာမှမပြောတော့ဘဲ ဆိုင် တွေကို ကမန်းကတန်းပိတ်သည်။ တံခါးတွေ မကျ သေချာကြည့်သည်။ ရှိုးကေ့(စ်)တွေကို ပိတ်သည်။

အားလုံး ပြီးတော့မှ-

'ကဲ..ပြန်ကြမယ်။ ဘာမှမကြောက်နဲ့။ နင်

www.burmeseclassic.com

တာ ညီငယ်ဥက္ကာ နေပါလိမ့်မယ်။ သူတို့နှစ်ယောက်က အမြွှာတွေလေ။ ဒါပေမဲ့ စရိုက်ချင်းက တခြားစီ။ ကိုအားကွေ့က အကြီးပီပီ တည်တည်ကြည်ကြည်နဲ့ သိပ်ကြိုးစားတဲ့လူ။ ဥက္ကာကတော့ ငပေါငပျင်း။ စာမေးပွဲတဖုန်းဖုန်းကျလို့ ငါနဲ့တောင် အတန်းတူခဲ့တာသာကြည့်။ ဒီတော့ အနောက်အပြောင်သန်တဲ့ အငယ်ကောင်ကို နင်က မှားနှုတ်ဆက်တာနဲ့ ကွက်တိဖြစ်သွားတာနေမှာ။ သရဲက ခုလို စကားတွေဘာတွေ ပြောနိုင်ပါ့မလားဟယ်။ လာဟာ၊ မြန်ကြစို့'

မမလတ်က ပြောလည်းပြော၊ စက်ဘီးကိုလည်း ရှေ့က တွန်းသွားနှင့်သည်။ ဖြူလည်း ခြင်တံခါးပိတ်ရင်း မမလတ်ရဲ့စကားကို စဉ်းစားနေမိသည်။ ဟုတ်မှာပါလေ၊ ဖြူမှ အငယ်ကောင် ဥက္ကာနဲ့ မရင်းနှီးတာ။ ဒါကြောင့် ကိုကြီးအာကာလို့ ခေါ်လိုက်မိတော့ ကိုဥက္ကာအတွက် ကျီစယ်ဖို့ ခွင်တည့်သွားတာဖြစ်မှာပေါ့။ သူတို့နှစ်ယောက်က အမြွှာတွေပဲ။ နောက်ပြီး သရဲက ခုလို စကားလက်ဆုံကျနိုင်မှာ မဟုတ်လောက်ပါဘူး စသဖြင့် ကိုယ့်ဘာသာကိုယ် ဖြေသိမ့်ရင်း နောက်က လိုက်လာခဲ့သည်။

ဖြူတို့ဆိုင်ကို လွန်လာချိန်မှာ နံဘေးအိမ်က ငိုယိုသံများကို ကြားလိုက်ရသည်။ အထူးသဖြင့် အသက်(၈၀)ကျော်အရွယ် အဘွားအိုရဲ့ ဝမ်းနည်းပက်လက် ငိုကြွေးနေသံကို အတိုင်းသားကြားနေရသည်မို့ ပွင့်နေသော ခြံတံခါး မကြီးဆီကနေ အိမ်ရှေ့ကို ဖြူ လှမ်းကြည့်လိုက်မိသည်။

အိမ်ရှေ့တွင် ကုလားဖျင်းထိုးကာ ခုံများချထားပြီး သေးစင်တိုင် ခုတင်လေးပေါ်မှာတော့ အလောင်းကို ပြင်ထားသည်။ နံဘေးတွင် အဘွားကြီးက ပုံလျက်သားထိုင်ကာ ရှိုက်ကြီးတငင် ငိုကြွေးလို့။ ဆွေမျိုးတော်စပ်ပုံရသော မျိုးသမီးကြီးတစ်ဦးက အဘွားကြီးကို နှစ်သိမ့်လျက်သည်။ အလောင်းနဲ့ ခပ်လှမ်းလှမ်းမှာတော့ မိန်းမကြီးသည်များ၊ ယောကျ်ားကြီးငယ်များ ဝိုင်းဖွဲ့ထိုင်နေကြသည်။

'အမယ်လေး'

ဖြူရဲ့ ရေရွတ်သံက အတော့်ကို ကျယ်လောင်သွား၍ ရောက်နေသော မမလတ်က ဖျတ်ခနဲလှည့်ကြည့်ကာ ဘာဖြစ်တာလဲ ဖြူ ဟု မေးသည်။

ဖြူမှာ ချက်ချင်း မဖြေနိုင်။ အသံက တိမ်ဝင်နေ၍-

'ဟို··ဟိုမှာ အ··အလောင်းမှာ ဝတ်ထားတဲ့ ပုဆိုးကလည်း အ··အပြာရောင်'

မမလတ်က ဆတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီး ခပ်သွက်သွက်ထွက်သွားသည်။ ဖြူလည်း ထိုရှေ့တွင် ဆက်မနေဝံ့တော့၍ မမလတ်နောက်သို့ အပြေးလိုက်လာခဲ့သည်။ အတော်ဝေးဝေးရောက်မှ မမလေးက သူ့ရဲ့ယူဆချက် အမှန်ပဲလား။ ဖြူ ကြောက်နေရမှာစိုး၍လား မသိ။ စကားတစ်ခွန်း ဆိုလိုက်သည်။

'ဟဲ့··ဖြူ၊ သိပ်မကြောက်ပါနဲ့။ အမြွှာဆိုတော့ ပုဆိုးလည်း ဆင်တူရှိမှာပေါ့'

'အို··ယောကျ်ားလေးအမြွှာတွေမှာ အဲသလိုမျိုး သိပ်မရှိပါဘူး။ နောက်ပြီး ရေသွားကူးတာကို ပုဆိုးဆင်တူဝတ်ပါ့မလား။ နောက်ပြီး အတူတူရေသွားကူးတာဆို အစ်ကို သေတဲ့အချိန် ညီက ကျီစယ်နေစရာလား။ ဘယ်လိုကြီးလဲ၊ ဒီကိစ္စက'

'ဩော်··တစ်ယောက်တစ်နေရာဆီ သွားလို့နေမှာပေါ့။ အဲဒါ ငါတို့ အပူလား။ လာ··မြန်မြန်ပြန်ကြစို့။ နောက်ကျလို့ အမေဆူနေဦးမယ်'

မမလတ်က ဖြူနဲ့ ပြိုင်မငြင်းတော့ဘဲ ရှေ့က ခပ်သွက်သွက် လျှောက်သွား၏။ ဖြူလည်း နောက်က ခပ်သုတ်သုတ်လိုက်ခဲ့သည်။

ပတ်ဝန်းကျင်ကတော့ တဖြည်းဖြည်း ပို၍,ပို၍မှောင်မည်းလာပြီ။ ခုနက ကိုကြီးအာကာ၊ ဒါမှမဟုတ် ကိုကြီးဥက္ကာနဲ့ ဆုံတဲ့နေရာကိုရောက်တော့ ဖြူ ကြက်သီးမွေးညင်းများ ထောင်ထသွားမိသည်။ မမလတ် ပြောသလို အစ်ကို သေဆုံးသွားမှန်း မသိသေး၍ မှားနှုတ်ဆက်သူဖြူ့ကို ညီဖြစ်သူ ဥက္ကာကပဲ ကိုကြီးအာကာ အယောင်ဆောင်ကာ စနောက်သွားခြင်းလား၊ ဒါမှမဟုတ် ဖြူယူဆသလို ကိုကြီးအာကာ ကိုယ်တိုင်ကပဲ နှုတ်ဆက်သွားခြင်းလား ဖြူမပြောတတ်။

သေချာတာကတော့ ထိုနေ့သည် ဖြူ့ဘဝတွင် အချောက်ချားဆုံး၊ အထိတ်လန့်ဆုံး နေ့တစ်နေ့ ဖြစ်ခဲ့ရပါသည်။

စေတနာရှေ့ထားလျက်

ဂါဦးနွန်းကိုင်




www.burmeseclassic.com

www.burmeseclassic.com

ကိုသန်းကြွယ်တစ်ယောက် သင်္ဘောပေါ်ရှိ ကုန်တင်သည့် အပေါက်(Cargo Hold) ထဲ ပြုတ်ကျသွားခဲ့သည်ဟု သူနှင့်အတူ ထိုကုန်ပေါက်အတွင်း (Hatch Cleaning) သန့်ရှင်းရေးလုပ်နေကြသော တာဝန်ကျအရာရှိနှင့် သင်္ဘောသားများက ကပ္ပတိန်အား အလျင်အမြန်လာ၍ သတင်းပို့ကြလေသည်။

ကိုသန်းကြွယ်မှာ ဦးခေါင်းနောက်ဘက်အခြမ်း ကွဲသွားပြီး လက်နှင့် ခါးရိုးလည်း ကျိုးသွားခဲ့လေသည်။ နောင်ဆေးစစ်သော အဖြေမှ သိရခြင်းဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

ကွဲသွားသော ဦးခေါင်းမှ ထွက်လာသောသွေးများမှာ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေလေသည်။ သင်္ဘောကုန်းပတ်ပေါ်ရှိ Cargo Hold ခေါ် ကုန်တင်သည့်အခါ ကုန်များထည့်သည့် အပေါက်မှာ ကုန်းပတ်ပေါ်မှ (၈)မီတာ(၂၅ ပေခန့်) အနက် ရှိလေသည်။ သို့ဖြစ်၍ ဒဏ်ရာရနေသော ကိုသန်းကြွယ်ကို လူနာတင်ထမ်းစင်ဖြင့် သင်္ဘောကုန်းပတ်ပေါ် ရောက်အောင် သင်္ဘောသားတို့ ခက်ခက်ခဲခဲ သယ်ယူကြရလေ၏။ သင်္ဘောကုန်းပတ်ပေါ်သို့ ရောက်သောအခါ သင်္ဘောပေါ်ရှိ ဆေးရုံခန်းသို့ သယ်ယူကြရပြန်လေသည်။

တတိယအင်ဂျင်နီယာ ကိုစောလွင်မှာ သူ့သူငယ်ချင်းဖြစ်သူ သင်္ဘောကုန်းပတ်မှူး ကုန်ပေါက်ထဲသို့ ပြုတ်ကျသည်ဟု ကြားသောအခါ သူအလုပ်လုပ်နေရာ အင်ဂျင်ခန်းမှ သင်္ဘောကုန်းပတ်ပေါ်ရှိ ကိုသန်းကြွယ်နှင့် သင်္ဘောသားများ အလုပ်လုပ်နေသော ကုန်ပေါက်ထဲသို့ အပြေးအလွှားရောက်လာခဲ့၏။ ထို့နောက် အခြားသင်္ဘောသားများနှင့်အတူ ကိုသန်းကြွယ်အား ထမ်းစင်ဖြင့် သယ်ယူခဲ့ပြီး သင်္ဘောပေါ်ရှိ ဆေးရုံခန်းသို့ ပို့ပေးခဲ့လေသည်။

ကိုသန်းကြွယ်နှင့် ကိုစောလွင်မှာ ယခု သူတို့နှစ်ဦး အတူအလုပ်လုပ်နေသော သင်္ဘောကုမ္ပဏီတွင် အတူတကွ အလုပ်လုပ်လာကြသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါးပင် ရှိပြီဖြစ်၏။ တစ်ခါတစ်ရံ သင်္ဘောတစ်စင်းတည်းတွင် တာဝန်ကျသကဲ့သို့ တစ်ခါတစ်ရံတွင်လည်း သင်္ဘောမတူဘဲ တာဝန်ကျရလေသည်။ သို့သော် သင်္ဘောပေါ်တွင် တစ်စင်းတည်း တာဝန်မကျပါက အိမ်ပြန်ချိန် အလုပ်နားရက်များ တူပါက ရန်ကုန်၌ တတွဲတွဲသွားလာနေကြသူများ ဖြစ်သည်။

သူတို့နှစ်ဦးစလုံးမှာလည်း ယမကာလုလင်များ ဖြစ်ကြသည့်အလျောက် တစ်ယောက်က မော့လိုလျှင် တစ်ယောက်ကို အဖော်ညှိကာ အတူတကွ သောက်သောက်စားစားနှင့် နေကြသူများဖြစ်၏။ သူတို့နှစ်ဦးက တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်သွားလာမှုများရှိသဖြင့် သူတို့၏ အိမ်သူသက်ထားများသည်လည်း တစ်ဦးနှင့်တစ်ဦး ငယ်သူငယ်ချင်းလို ညီအစ်မများလို ချစ်ခင်လာကြလေသည်။

ထို့ကြောင့် ယခုအခြေအနေမျိုးတွင် ဒဏ်ရာရသူ ကိုသန်းကြွယ်သည် ကိုစောလွင်အား အားကိုးတကြီးဖြင့်-

'ကိုစော..ကျွန်တော်တော့ နေရမထင်တော့ဘူးဗျာ'

ဟု ပြောရာ ကိုစောလွင်က-

'ဟာ..သူငယ်ချင်းကလည်း မဟုတ်တာတွေ မပြောစမ်းပါနဲ့။ မင်း ဘာမှမဖြစ်နိုင်ပါဘူး'

'ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါဗျာ။ ပြီးတော့ အိမ်က မိန်းမနဲ့ သမီးလေးကိုလည်း စိတ်မချဘူး။ ဒီတော့ ကျွန်တော် မရှိရင်လည်း ကိုစောတို့မိသားစု ကျွန်တော့်မိန်းမနဲ့ သမီးလေးကို စောင့်ရှောက်ပေးပါနော်'

ကိုသန်းကြွယ်စကားကိုကြားတော့ ကိုသန်းလွင်စိတ်ထဲ မကောင်းသလို ရင်ထဲနင့်နေအောင် ဖြစ်သွား၏။

ထို့ကြောင့်-

'အေးပါကွာ၊ ကိုယ်ကတိပေးပါတယ်။ ဒါပေမဲ့ စကားမပြောနဲ့တော့၊ မောနေမှာပေါ့'

ကိုစောလွင်၏ ကတိစကားကြောင့် ကိုသန်းကြွယ်မှာလည်း စိတ်အေးသွားပုံရပြီး စကားဆက်မပြောဘဲ နေလိုက်၏။ သို့သော် ဒဏ်ရာကြောင့် ညည်းညူနေလေသည်။

သင်္ဘောကပ္ပတိန်သည် သင်္ဘောကုန်းပတ်မှူး ကိုသန်းကြွယ် မတော်တဆဖြစ်၍ ဒဏ်ရာရကြောင်းကို ကုမ္ပဏီသို့ ဖုန်းဆက်၍ အကြောင်းကြားခဲ့လေသည်။ ထို့ကြောင့် ကုမ္ပဏီမှ ပင်လယ်သို့ သင်္ဘောထွက်သွားသည်မှာ နာရီပိုင်းသာရှိသေးသဖြင့် ကိုသန်းကြွယ်အား ဆေးရုံပို့နိုင်ရန် ကမ်းဘက်သို့ သင်္ဘောပြန်လှည့်လာရန် ညွှန်ကြားလိုက်လေသည်။ ကုမ္ပဏီမှ စပီဘုတ်တစ်စင်းကိုလည်း ပင်လယ်ဘက်သို့ အမြန်မောင်းကာ သင်္ဘောပေါ်မှ လူနာကို သယ်ယူရန် စေလွှတ်လိုက်၏။ ထို့ကြောင့် ပြန်လှည့်လာသော သင်္ဘောနှင့် စပီဘုတ်တို့ တစ်နာရီအတွင်း ဆုံကြမည် ဖြစ်လေသည်။ စပီဘုတ်ပေါ်တွင်လည်း ဆေးရုံမရောက်မီ လမ်းတွင်ပင် စတင်ကုသပေးနိုင်ရန် ဆရာဝန်နှင့် ဆေးဝါးပစ္စည်းကိရိယာများ ပါဝင်လေသည်။ ထို့အပြင် ကမ်းမှ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် ကိုသန်းကြွယ်အား သွေးများကို သန့်စင်ပေးပြီး ဆေးထည့် ပတ်တီးစီး၍ ဆေးတစ်လုံးပါ ထိုးပေးခြင်းကို သင်္ဘောမှ ဒုတိယအရာရှိနှင့် အရာရှိချုပ်တို့က ပြုလုပ်ပေးကြလေသည်။

ကိုသန်းကြွယ်၏ အခြေအနေမှာလည်း မိနစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ဆိုးရွားသည်ထက် ဆိုးရွားလာပြီး စပိဘုတ်ကို သင်္ဘောမှ လှမ်းမြင်ရသော အချိန်တွင်မူ ကိုသန်းကြွယ်မှာ သေဆုံးသွားခဲ့ပါတော့သည်။ ကိုသန်းကြွယ်သည် (Cargo Hold) ကုန်ပေါက်အတွင်းသို့ ဆင်းရာတွင် သူ ဝတ်ထားသော (Safety Shoe) ရှူးဖိနပ်မှာ ချော၍ ချော်လဲကာ အောက်သို့ အရှိန်ဖြင့် ပြုတ်ကျသွားခဲ့ခြင်း ဖြစ်လေသည်။ သူ၏ခေါင်းတွင် ဆောင်းထားသော (Safety Hemelt) အမာအမျိုးအစား ဦးထုပ်မှာလည်း မေးသိုင်းကြိုး မချည်ထား၍ ချော်လဲချိန်တွင် ဦးခေါင်းမှ ဦးထုပ်လွင့်စဉ်သွားသဖြင့် ဦးခေါင်းဗလာဖြင့် အကျ မကောင်းဘဲ သံမဏိလှေကားလက်တန်း၊ လှေကားထစ် တို့ဖြင့် ခေါင်းကိုရိုက်မိ၍ နာရီပိုင်းအတွင်း ယခုကဲ့သို့ အဖြစ်ဆိုးနှင့်ကြုံတွေ့ရခြင်း ဖြစ်လေသည်။ ထို့ကြောင့် စပိဘုတ်ပေါ်သို့ ကိုသန်းကြွယ်၏ အလောင်းကို လွှဲပြောင်း ပေးလိုက်ရ၏။ သင်္ဘောသားအားလုံးလည်း စိတ်မကောင်း ကြပေ။

ကိုသန်းကြွယ်အလောင်းကို ကုမ္ပဏီမှ တာဝန်ယူ၍ သင်္ဂြိုဟ်ပေးခဲ့လေသည်။ မိသားစုကိုလည်း ရှာပ်နအခမ်း အနားတက်ရောက်ရန် ခေါ်ယူပေးခဲ့လေသည်။

ကိုသန်းကြွယ် ကွယ်လွန်ပြီး တစ်လခွဲ နှစ်လခန့် အကြာတွင် သင်္ဘောမှာ ပင်လယ်ပြင်တွင် ညအချိန် ခုတ် မောင်းနေစဉ် ရုတ်တရက် မီးစက်ပျက်သွားလေသည်။ ထို့ကြောင့် သင်္ဘောအင်ဂျင်လည်း ထိုးရပ်သွားလေ၏။ အခြားမီးစက် တစ်လုံးမှာလည်း ရုတ်တရက် နှိုးမရဘဲ ဖြစ်နေ၏။ သို့ဖြစ်၍ သင်္ဘောမောင်းခန်း ပဲ့ထိန်းစင်မှ သင်္ဘောကို ထိန်းမရတော့ပေ။

အင်ဂျင်နီယာများမှ မီးရရှိရန် ကြိုးစားနေစဉ်အတွင်း သင်္ဘောမှာ ရေစီးကြောင်း၊ လှိုင်းနှင့် လေပြင်းတိုက်ခတ် ့တို့ကြောင့် တိုတောင်းလှသော မိနစ်ပိုင်းအတွင်းမှာပင် သင်္ဘောမှာ ထိန်းမရတော့ဘဲ ရေတိမ်ပိုင်းရှိရာသို့ မျော၍ ;သောင်တင်သွားလေတော့သည်။

သင်္ဘောသောင်တင်သွားသောအခါ သင်္ဘောသား ျားက လက်နှိပ်ဓာတ်မီးဖြင့် ရေထဲသို့ ဟိုထိုးဒီထိုးနှင့် ကြည့်၍ သုံးသပ်ကြလေ့လာကြ၏။ မကြာမီ မီးစက်မှ းပြန်လည်ထုတ်လုပ်ပေးနိုင်ပြီဖြစ်သော်လည်း သင်္ဘော ာ သောင်တင်သွားခဲ့လေပြီ။ သင်္ဘောသားများအားလုံး အရေးပေါ်အခြေအနေဖြစ်၍ အလုပ်ရှုပ်ကုန်၏။ အနီး ပတ်ဝန်းကျင်ရှိ သင်္ဘောများနှင့် ကုမ္ပဏီသို့ သောင်တင် ကြောင်း အကြောင်းကြားခြင်း၊ သင်္ဘောဝမ်းဗိုက်ပေါက် ကာ သင်္ဘော၏ ရေချိုထည့်သောကန်၊ လောင်စာဆီထည့် သောကန်နှင့် Ballast Tank ခေါ် သင်္ဘောဟန်ချက်ညီရန် အတွက် ရေသွင်းရေထုတ်ရသည့် ကန်များအတွင်းသို့ ပင်လယ်ရေများ ဝင်ရောက်လာခြင်းရှိ,မရှိ၊ အခြားအပျက် အစီးရှိ,မရှိ စစ်ဆေးကြရလေသည်။ အဆိုးထဲမှ အကောင်း ပင်ဖြစ်၏။ သင်္ဘောမှာ သဲသောင်ပြင်ပေါ်သို့ ထိုးတင် သွားခြင်းဖြစ်၍ ဝမ်းဗိုက်ပေါက်ကာ ရေဝင်ခြင်းမျိုး မရှိ ခဲ့ပေ။ သို့သော် သောင်တင်ပြီး သင်္ဘောပဲ့ပိုင်းမှ ပန်ကာ ပျက်စီးသွားပြီး သင်္ဘောမှာလည်း လက်ယာဘက်သို့ သုံး ဒီဂရီကျော်လောက် စောင်းသွားသဖြင့် သင်္ဘောရေ အောက်ရှိ KBBL လိုင်းကောက်သွားသည်ဟု ကပ္ပတိန် နှင့် အရာရှိများမှ ယူဆကြပါသည်။

နံနက်မိုးလင်း၍ ကြည့်သောအခါ သင်္ဘောအနီးပတ် ဝန်းကျင်၌သာ ရေအနည်းငယ်ရှိ၍ သင်္ဘောမှ ပေ(၅၀)ခန့် အကွာတွင် သဲသောင်ပြင်ကြီးသာ ဖြစ်နေသည်။ နေ့လယ် ပိုင်း ရေကျသွားသည့်အခါ သင်္ဘောနံဘေးတွင်လည်း ရေများမရှိတော့ဘဲ သဲသောင်ပြင်ကြီးသာ ဖြူး၍နေလေ သည်။ ထို့ကြောင့် သင်္ဘောသားများမှာ ညနေ အလုပ် သိမ်းလျှင် သင်္ဘောပေါ်မှဆင်း၍ ထိုသဲသောင်ပြင်ပေါ်တွင် လမ်းလျှောက်သူလျှောက်၊ အားကစားလေ့ကျင့်ခန်းလုပ် သူလုပ်နှင့် အကြိုက်တွေ့နေကြ၏။ သောင်တင်နေသော သင်္ဘောကို ရေတက်ရက် ရေတက်ချိန်တွင် Tug Boat ခေါ် တွန်း၊ ဆွဲသင်္ဘောများဖြင့် သောင်ပြင်မှ ဆွဲချ ကုမ္ပဏီမှ စီစဉ်ထားပြီးဖြစ်သည်။ သို့သော် ထိုရက်သို့ ရောက်ရန် နောက်ထပ်ရှစ်ရက် တစ်ပတ်ခန့် စောင့်ရဦးမည် ဖြစ်ရာ ကုမ္ပဏီမှ လောလောဆယ် သင်္ဘောတွင် လိုအပ် နေသော ရိက္ခာများနှင့် သင်္ဘောထိန်းသိမ်းပြင်ဆင်ရေး အတွက် လိုအပ်သည်များကို မှာခိုင်းရာ သင်္ဘောသားများ လည်း ဘောလုံးများပါ မှာလိုက်၏။ ကုမ္ပဏီမှ သင်္ဘော တွင် လိုအပ်သည့် ပစ္စည်းများကို Supply Boat ခေါ် သင်္ဘောငယ်များနှင့် လာပို့ရာ သောင်တင်နေသောသင်္ဘော မှ ရေအနည်းငယ်တက်ချိန်တွင် အသက်ကယ်လှေ ချ ထိုလှေဖြင့် သုံးလေးခေါက် သယ်ယူရ၏။ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com

လည်း သင်္ဘောသားများမှာသော ဘောလုံးများပါ ထည့်ပေးလိုက်ရာ ညနေအလုပ်သိမ်းချိန်သည် ဒီရေကျချိန်ဖြစ်သဖြင့် သင်္ဘောသားများလည်း နှစ်ဖက်အသင်းခွဲ၍ သဲသောင်ပြင်ပေါ်တွင် ဘောလုံးကန်ကြလေသည်။ အခြားဘေးမဖြတ်သွားသော သင်္ဘောများက သောင်တင်နေသော သင်္ဘောမှ သင်္ဘောသားများ၏ ဘောလုံးပွဲကို မှန်ပြောင်းဖြင့်ကြည့်၍ သဘောကျကာ ဓာတ်ပုံရိုက်သူရိုက်၊ စကားပြောစက်မှနေ၍ နှုတ်ဆက်သည့် သင်္ဘောက နှုတ်ဆက်၊ လက်ဝှေ့ယမ်းပြ အော်ဟစ်နှုတ်ဆက်သူများက နှုတ်ဆက်ဖြင့် သူတို့၏ အပူပင်ကင်းစွာ ပျော်ရွှင်နေပုံကို သဘောကျနေလေသည်။ သင်္ဘောကပ္ပတိန်နှင့် အရာရှိကြီးများကမူ အလုပ်ပို အလုပ်ရှုပ်၍ စိတ်ညစ်နေကြသော်လည်း သင်္ဘောသားများမှာမူ ပင်လယ်ကမ်းခြေသို့ လာရောက်အနားယူ အပန်းဖြေသူများကဲ့သို့ ပျော်ရွှင်နေကြလေ၏။

တဖြည်းဖြည်းနှင့် သင်္ဘောကို သောင်ပြင်မှ ဆွဲချနိုင်ရန် အချိန်နီးလာပြီဖြစ်၍ ကမ်းမှ အလုပ်သမားများ သင်္ဘောပေါ်သို့ ဦးစွာရောက်ရှိလာပြီ ဖြစ်လေသည်။ ထိုလူတို့သည် သင်္ဘောပေါ်တွင် Winch ခေါ် ဝန်ချီစက်ကြီးများကို တပ်ဆင်ကြရမည် ဖြစ်လေသည်။ ထို့နောက် ထိုဝန်ချီစက်ကြီးမှပါသော သံမဏိ Stell Wire ကြိုးကြီးများဖြင့် ဆွဲ သင်္ဘောတွင် တပ်ဆင်ချည်နှောင်ကာ သောင်ပြင်ပေါ်မှ ဆွဲချရန်ဖြစ်သည်။ ထို့ကြောင့် သင်္ဘောကုန်းပတ်ပေါ်တွင် ဝန်ချီစက်ကြီးများကို တပ်ဆင်ရန်အတွက် အလုပ်သမားများ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။ ထိုအလုပ်သမားများမှာ ဝန်ချီစက်ကြီးများ စတင်တပ်ဆင်သည့် အချိန်မှစ၍ သင်္ဘောကို သောင်ပြင်မှ ဆွဲချပြီး ပင်လယ်ခရီးစဉ်တစ်လျှောက် သင်္ဘောဆိပ်ကမ်း ဆင်အထိ တာဝန်ယူရမည်ဖြစ်၍ သင်္ဘောပေါ်တွင် နေထိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် သင်္ဘောမှ ထိုအလုပ်သမားများကို နေရာအခန်း စီစဉ်ပေးရလေသည်။ အလုပ်သမား ရှစ်ဦးအတွက် အခန်းတစ်ခန်းလျှင် နှစ်ယောက်စီ နေရာချထားပေးပြီး စုစုပေါင်း အခန်း(၄)ခန်း စီစဉ်ပေးလေသည်။

ယခင်က ကွယ်လွန်သွားသော ကိုသန်းကြွယ်၏ အခန်းတွင် ကပ္ပတိန်က မည်သူကိုမျှ မနေခိုင်းစေခဲ့ပါ။ စိတ်ချောက်ချားမည်စိုး၍ဖြစ်သည်။ ကိုသန်းကြွယ်နေရာ လူစားလာသော သင်္ဘောကုန်းပတ်မှူးအသစ်ကိုပင် အခြားအခန်းတွင်သာ နေစေခဲ့သည်။ ယခုမူ အခန်းပိုမရှိတော့ခြင်း၊ တစ်ခန်းတွင် နှစ်ယောက်နေရမည်ဖြစ်၍ ထိုအခန်းတွင် အလုပ်သမားနှစ်ယောက်အား နေရာချထားပေးလိုက်လေသည်။

ပထမဆုံး အလုပ်သမားများ သင်္ဘောပေါ်တွင် အိပ်စက်သည့် ညနှစ်နာရီကျော်ခန့်၌ ကိုသန်းကြွယ်အခန်းတွင် အိပ်သည့် အလုပ်သမားနှစ်ဦးသည် ညပိုင်း ဂျူတီဝင်နေသော ဒုတိယအရာရှိထံ မျက်စိပျက် မျက်နှာပျက်နှင့် ရောက်လာခဲ့ပြီး-

'ကျွန်တော်တို့နှစ်ယောက် အဲဒီအခန်းမှာ မအိပ်ချင်တော့ဘူး။ ကျွန်တော်တို့ အခြားအခန်းတစ်ခန်းမှာ နေလို့ရမလား'

ဒုတိယအရာရှိက-

'ဘာဖြစ်လို့လဲ'

'စောစောတုန်းက ကျွန်တော်တို့နှစ်ယောက် အခန်းထဲမှာ အိပ်နေတုန်း လူတစ်ယောက် ဝင်လာပြီး (Get out, Get out) ထွက်သွား..ထွက်သွားဆိုပြီး လာမောင်းထုတ်တယ်ဗျ။ လူက လူကောင်ကြီးကြီး အရပ်အရှည်ကြီး။ သူ့အရပ်က မျက်နှာကြက်တောင် ထိလုနီးပါးပဲ'

'မျက်နှာက ဘယ်လိုပုံစံလဲ'

'အခန်းမီး ပိတ်ထားတော့ မှောင်နေတာနဲ့ မျက်နှာတော့ မမြင်ရပါဘူး။ ဒါပေမဲ့ သူ့ပုံပန်းသဏ္ဌာန်က အကြီးကြီးဆိုတော့ ကြောက်စရာကြီးပေါ့'

ထို့ကြောင့် ဒုတိယအရာရှိက-

'ကျွန်တော်လည်း ခင်ဗျားတို့ကို အခန်းပြောင်းပေးချင်ပါတယ်။ ဒါပေမဲ့ အခန်းပိုမရှိဘူးဗျ'

'ကိစ္စမရှိပါဘူး။ ဒါဆိုလည်း ကျွန်တော်တို့ တစ်ယောက်စီ တခြားအခန်းတစ်ခန်းဆီမှာ ကျွန်တော်တို့ လူအချင်းချင်း ပေါင်းနေလိုက်ပါ့မယ်'

'အဲဒါဆိုရင်တော့ ရပါတယ်။ ပြည့်စုံအောင် မစီစဉ်ပေးနိုင်တာ ဝမ်းနည်းပါတယ်'

ဒုတိယအရာရှိမှ အလုပ်သမားနှစ်ဦးကို တောင်းပန်လိုက်၏။

နောက်တစ်နေ့ နံနက်မိုးလင်းသောအခါ အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com

သတင်းမှာ သင်္ဘောပေါ်ရှိ လူများအကြား ပျံ့နှံ့သွားပါတော့သည်။ အလုပ်သမားများက သင်္ဘောပေါ်ရှိ ထိုအခန်းတွင် တစ္ဆေတစ်ကောင် နေနေသည်ဟု ပြောဆိုကြကာ သင်္ဘောသားများကမူ ကိုသန်းကြွယ်တစ်ယောက် သေဆုံးသွားပြီး သင်္ဘောပေါ်တွင် တစ္ဆေအဖြစ် ရှိနေလေပြီဟု ယူဆကြလေသည်။

ထိုအယူအဆကို ပိုမိုခိုင်မာစေသော အဖြစ်အပျက်တစ်ခု ထိုသင်္ဘောပေါ်တွင် ထပ်မံဖြစ်ပေါ်ခဲ့လေသည်။ ဖြစ်ပေါ်ပုံမှာ မကြာမီရောက်ရှိလာသော တရုတ်နှစ်သစ်ကူးကာလတွင် ဖြစ်၏။ သင်္ဘောပေါ်တွင် နှစ်သစ်ကူးညစာစားပွဲ ကျင်းပလေသည်။ ထိုအခါ ယမကာအဖြစ် ဘီယာများ ပါဝင်လေသည်။ ကွယ်လွန်သွားခဲ့သော ကိုသန်းကြွယ်၏သူငယ်ချင်း ကိုစောလွင်မှာ ဘီယာသောက်ရင်း ငေးငေးငိုင်ငိုင်ဖြင့် တစ်ခုခုကို စဉ်းစားနေ၏။

ထို့နောက် သူ့အနားတွင်ရှိသော မြန်မာသင်္ဘောသားအချို့အား-

'အရင်ကဆို ငါသောက်မယ်ဆိုရင် ငါ့သူငယ်ချင်း ကိုသန်းကြွယ်ကို သွားခေါ်နေကျကွ။ ရန်ကုန်မှာဆိုရင်လည်း ငါခေါ်ရင် သူလာတာချည်းပဲလေ'ဟု ဆွေးဆွေးမြည့်မြည့် ပြောပြလေသည်။

ထို့နောက် သူသည် ထမင်းစားဝိုင်းမှ ထသွားပြီး ခဏအကြာ ပြန်ရောက်လာခဲ့၏။

ထို့ကြောင့် မြန်မာသင်္ဘောသား အချို့က-

'ဘယ်ထွက်သွားတာလဲဗျ'

'အပေါ့ထသွားတာလား'

စသဖြင့် မေးရာ-

'ဟုတ်ပါဘူးဗျာ၊ ကိုသန်းကြွယ်ကြီး ဒီသင်္ဘောမှာ ရှိတယ်၊ နေတယ် ပြောနေကြတယ်။ တကယ်လို့ သူသာ ရှိနေရင် ကျွန်တော်တို့ အခုလို သောက်နေ စားနေကြရင်လည်း ဝင်နွှဲချင်မှာပေါ့။ ဒါကြောင့် ကျွန်တော် သူ့အခ... တံခါးခေါက်ပြီး သူ့ကို နှစ်သစ်ကူးပါတီမှာ ကျွန်တော်တို့နဲ့အတူ အရက်လာသောက်ဖို့ ခေါ်လာခဲ့တယ်ဗျ'



ထို့ကြောင့် မြန်မာသင်္ဘောသားတို့က-

'ကိုကြီးစော၊ ဘာတွေလျှောက်လုပ်နေတာလဲ'

'လုပ်ကောင်းမှန်းမသိ မလုပ်ကောင်းမှန်းမသိ ဘာ... တွေလျှောက်လုပ်နေတာလဲ'

'ဘီယာလေး တစ်လုံး၊ နှစ်လုံးလောက်ပဲ သော... ရသေးတယ် မူးနေပြီလား ဟေ့လူ'

စသဖြင့် တစ်ယောက်တစ်မျိုး ပြောဆိုကြလေသည်။

ကိုစောလွင်ကမူ-

'သူ တကယ်ရှိနေရင် ငါခေါ်ရင် လာမှာပဲ။ ဘယ်... တော့မှ မလာဘဲ မနေဘူး'ဟု ဆိုကာ မဖောက်ရသေးသော ဘီယာတစ်လုံးကို လှမ်းယူလိုက်၏။

ထို့နောက် စားပွဲထိုးဆီမှ ဖန်ခွက်တစ်လုံးကို တော... ယူလိုက်ပြန်သည်။ ပြီးလျှင် စားပွဲလွတ်တစ်လုံးပေါ်... မဖောက်ရသေးသော ဘီယာပုလင်းနှင့် ဖန်ခွက်တို့... တင်လိုက်၏။

ထို့နောက် မြန်မာသင်္ဘောသားများအား-

'ဒါ··ငါ သန်းကြွယ်ကြီးအတွက် ထားပေး... တာ။ ဘယ်သူမှ ယူမသောက်ကြနဲ့နော်'ဟု ပြော... သည်။

ပြီးလျှင် အင်္ဂလိပ်ဘာသာစကားဖြင့်-

'တစ်ဆိတ်လောက် နားထောင်ပေးပါ။ ကျွန်တော်... သင်္ဘောသားတစ်ယောက်ကို ပါတီပွဲတက်ဖို့ ဖိတ်... နေတယ်။ အဲဒါကြောင့် ကျွန်တော် စောစောက သွား... လိုက်ပါတယ်။ အဲဒီလူကတော့ ကုန်းပတ်မှူး သန်း... ပါ။ သူ့ကို ကျွန်တော် ဟိုဘက်ကစားပွဲမှာ သူ့သော... ဘီယာချပေးထားပါတယ်။ ဒါကြောင့် လူကြီး... ဘီယာကုန်ရင် ဒီမှာယူပါ။ ဟိုပုလင်းကို ကျေး... မထိကြပါနဲ့'ဟု ပြောလေသည်။

နိုင်ငံခြားသားသင်္ဘောသားအချို့က နားမ... သဖြင့် ပခုံးတွန့်သူတွန့်၊ ခေါင်းခါသူခါ၊ ပြုံးသူ... နေကြသော်လည်း လူတစ်ဦး၏ အယူအဆကို ... ကွက်လိုသဖြင့် ပြစ်တင်ဝေဖန်ခြင်း တစ်စုံတ...



www.burmeseclassic.com

မပြုလုပ်ကြပေ။

ထို့နောက် သင်္ဘောသားတို့သည် ယမကာဝိုင်းကို ဆက်ကြပြီး စားကြသောက်ကြ ပြောကြနှင့် အခြားဝိုင်းမှ ကိုသန်းကြွယ်ဖို့ ဘီယာတစ်လုံးနှင့် ဖန်ခွက်တစ်ခု ချပေးထားခြင်းကိုပင် မေ့နေကြလေသည်။ ဤသို့ဖြင့် ခဏအကြာ ဖောင်းခနဲဟူသော မြည်သံကို ကြားလိုက်ရလေသည်။ ထို့ကြောင့် သင်္ဘောသားများအားလုံး စကားပြောသံများ ရုတ်တရက် တိတ်ဆိတ်သွားပြီး အသံလာရာဆီသို့ ဝိုင်းကြည့်ကြရာ ကိုသန်းကြွယ်အတွက် ချထားပေးသော ဘီယာပုလင်းမှ လင်မနစ်အဖုံးသည် လေထဲတွင် မြောက်တက်သွားပြီး စားပွဲခုံပေါ်တွင် လိမ့်သွားကာ ခဏအကြာတွင် ရပ်သွားသည်။ တစ်ဆက်တည်းမှာပင် ဘီယာပုလင်းအဖုံး ပွင့်သွားသဖြင့် ပုလင်းထဲမှ ဘီယာများ အပွက်၍ အပြင်သို့ လျှံကျလာလေသည်။

အမြုပ်များနှင့်အတူ ပုလင်းထဲမှ ဘီယာများမှာလည်း အနည်းငယ် အောက်သို့ လျှောကျသွားသည်ကို တွေ့ကြရလေသည်။

ထိုအခါ ခပ်တွေတွေဖြစ်နေသော ကိုစောလွင်သည် အားရဝမ်းသာဖြင့်-

'ဟာ..ကိုသန်းကြွယ်ကြီး တကယ်လာတာပဲဟေ့။ သောက်သောက်..သူငယ်ချင်းရေ၊ ဝအောင်သောက်' ဟု ပြောလိုက်လေတော့သည်။

ဒီအဖြစ်အပျက်က ကိုယ်တို့ သင်္ဘောမှာရှိတဲ့ လူပေါင်း နှစ်ဆယ်ကျော်လောက် မြင်ခဲ့ရတဲ့ တကယ့်အဖြစ်အပျက် တစ်ခုပေါ့။ အတော်လည်း အံ့သြဖို့ကောင်းတယ် ဟု စာရေးသူကို လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လောက်က ထိုသင်္ဘောတွင် (Radio Operator) ရေဒီယိုအော်ပရေတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးကျော်ရှိန်က ပြောပြခဲ့ပါသည်။

ထို့ကြောင့် အထက်ပါ ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်ပြောပြပေးခဲ့သော ဦးကျော်ရှိန်ကိုလည်း စာရေးသူမှ အထူးကျေးဇူးတင်ပါသည်။

**အေးမောင်မောင်ဆန်း**


**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

ဘမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အနောက်ဘက်မုခ်၊ ဖြူသုံ့နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ၀၉ ၅၀ ၇၅၈၂၇



**ဒေါက်တာယတြာဆေဒီ**

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

**ကြိုတင် ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

တိုက်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၅၀ ၁၀၇၃၅

www.burmeseclassic.com

'ပဲပြုတ်'

'ပဲပြုတ်ဟော့ . . ယူကြဦးမလား'

နံနက်၏ လင်းရောင်ခြည်နုနုလေးနှင့်အတူ ကြည်မြပီသသည့် ပဲပြုတ်အော်သံကြောင့် လမ်းထဲမှ အိပ်နေသူတချို့ နိုးထပြီး ရေနွေးတည်သူ၊ ဘုရားဝေယျာဝစ္စ လုပ်သူတို့နှင့် လုပ်ငန်းဝင်ရန် ပြင်ကြဆင်ကြသည်။ မနက်ပိုင်းအဆာပြေစားကြရန် ပဲပြုတ်ဝယ်သူနှင့်

လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားသည်။ ထိုကဲ့သို့ဖြစ်သည်မှာ တစ်ရက်၊ တစ်လ၊ တစ်နှစ် မဟုတ်ပါ။ နှစ်ပေါင်းတစ်ဆယ့်ငါးနှစ်ကျော်ကျော် ရှိခဲ့ပါပြီ။

ဒေါ်ရှင်ညို ပဲပြုတ်ရောင်းလာခဲ့သည်မှာ တစ်ဆယ့်ငါးနှစ်ကျော်ကျော် ရှိခဲ့သည်မှာ ဦးအောင်ဘမ်းဆိုသည့် လင်ယောကျ်ား မကွယ်လွန်မီ တစ်နှစ်လောက်ကပင်ဖြစ်သည်။ ယခု ခင်ပွန်းသည် ဦးအောင်ဘမ်း ကွယ်လွန်ပြီးသည်မှာ တစ်ဆယ့်လေးနှစ်ပင် ရှိခဲ့ပြီ။

ရဲချောင်းရွာ၊ ကြာဖြူကန်ရွာ၊ ကနောင်ရွာကြီးဆိုသည့် သန်လျင်စား ဇေင်ကာလက်ထက်သန်လျင်၊ မီးပြ၊ မှော်ဝန်းတို့နှင့် သိပ်မဝေးသောခရီးဖြစ်၍ သန်လျင်စား ပေါ်တူဂီဇေင်ကာ သိမ်းပိုက်နယ်မြေပြုသောအရပ် ကနောင်ရွာကြီးကရွာကြီးရွာကောင်း အိမ်ခြေများ လူစည်လယ်ယာကောင်းသည့်အရပ်၊ လယ်မြေ



## ရိုးယခုတွန်း ဆန်ကွဲထမင်း ရတနာရောင်လင်း

www.burmeseclassic.com

ကောင်း၍ စပါးထွက်သည်။ လယ်ပိုင်ချောင်းပိုင်များက ရွာသူဌေးများဖြစ်သည်။ ဦးဖူးသိန်း၊ ဒေါ်မြစ်တို့က ကနောင်ရွာတွင် လယ်ပိုင်၊ ချောင်းပိုင်ဖြစ်၍ ပြည့်စုံချမ်းသာသည်။ ယခင်ကလည်း မိဘမျိုးရိုးစဉ်ဆက် ချမ်းသာခဲ့ကြသည့်သူများဖြစ်သည်။ ချမ်းသာကြသလောက် အလှူအတန်း၊ ရွာကျိုးရပ်ကျိုး လူမှုရေးပရဟိတ အလုပ်များကိုလက်မတား၊ ခေါင်းမခါ၊ မတွန့်မတိုနှင့် လှူဒါန်းပေးကမ်းသူများ ဖြစ်သည်။ စေတနာသဒ္ဓါတရားပြည့်စုံပြီး ချမ်းသာကြွယ်ဝပေမယ့် သားသမီးရတနာ နည်းပါးစွာနှင့် သမီးလေးတစ်ယောက်ပဲ မွေးဖွားကြသည်။

ဦးဖူးသိန်း၊ ဒေါ်မြစ်တို့၏သမီး ရှင်ညိုက ကနောင်ကျေးရွာသူလို့ပြောရင် ယုံမှားမဟုတ်အောင်ပင် အသားအရေဖြူဝင်းစိုပြည်ပြီး ရုပ်ရည်ပြေပြစ်မှုက ရှေးပါရမီကုသိုလ်ကံတရား ပြည့်ဝခဲ့လို့သာဖြစ်ကြောင်းကို တရားသဘောသိသူ သက်ကြီးရွယ်အိုများက သိကြသည်။ တချို့ကတော့ ဘုရင်ကမွေးလို့ ဘုရင့်သမီးဖြစ် ချမ်းသာပြည့်စုံလို့ရယ်လို့ ပြောကြသည်။ လူဆိုတာ ကိုယ့်အတွေးနဲ့ကိုယ် ကိုယ့်အသိနဲ့ကိုယ်ပဲလေ။ ဒီလောက်တော့ ရှိမှာပေါ့။ ရှင်ညိုလေးက ရွာကျောင်းနဲ့ ဆရာတော်ကြီး သင်ပေးတဲ့ စာတွေကိုတတ်လို့ အထက်တန်းကျောင်း၊ တက္ကသိုလ်တို့ မရောက်ဖူးဘူး။ ရန်ကုန်မြို့ကြီးနဲ့ကလည်း အလှမ်းဝေးတာကိုး။ အဲဒီအချိန်က အရာရှိသားသမီးတွေနဲ့ လူမျိုးခြားသားသမီးတွေသာ နေနိုင်တဲ့ အင်္ဂလိပ်ကျောင်းတွေပဲ ပေါတာကိုး။ ရှင်ညိုက ဘုန်းကြီးကျောင်းထွက်ဆိုတော့ ဘာသာရေးကို ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်သမီးအရွယ်ကလေးနှင့် အလေးအမြတ် စွဲမြဲသွားလေသည်။

ကနောင်ရွာကြီးတွင် အလှူကြီးပေးသလို ဘုန်းကြီးကျောင်းဆောက်၊ လမ်းတွေဖောက် လှူဒါန်းကြသည်။ လှူလိုက်သည့် အလှူတွေက ကြီးကြီးမားမားများပင်ဖြစ်သည်။ မရှင်ညိုပင် အသက်(၁၈)နှစ်၊ (၁၉)နှစ် ဖြစ်လာသည့်အချိန်တွင် အလှူရှင်လယ်ပိုင်ရှင်သူဌေး ဦးဖူးသိန်းက အရင်ကွယ်လွန်သွားသည်။

မရှင်ညိုနှင့် မိခင်ကြီးဒေါ်မြစ် သားအမိနှစ်ယောက်သည်း ဆက်လက်ပြီး လယ်ယာစီးပွားရေးကို မကျွမ်းကျင်နှင့် လုပ်ကိုင်ရင်းပဲ လယ်တွေပျက်၊ စီးပွားကျ၊ ဒေါ်မြစ်မှာလည်း အသက်အရွယ်ကြီးရင့်သည့် ဇရာ၏ဒဏ်ပိပြီး အိပ်ရာထဲ လဲလေသည်။

ဒေါ်မြစ် ကွယ်လွန်ချိန်မှာ လယ်ယာအနည်းအကျဉ်းပဲကျန်ပြီး မရှင်ညိုက အရွယ်ငယ်ငယ်နှင့်ပင် မိမဲ့ဘမဲ့ဖြစ်သွားရှာသည်။ လယ်ယာစီးပွားတွေလည်း ဆုံးရှုံးတာကများလို့ မရှင်ညိုက အိမ်တစ်လုံးနှင့် ပိုတဲ့မြေနေရာလေးကိုပဲချန်ပြီး ကျောင်း၊ ကန်၊ ဇရပ်တွေလှူပြီး အိမ်တစ်လုံးနှင့် စားနိုင်လောက်ရုံ ပစ္စည်းဥစ္စာပဲ ကျန်တော့သည်။

ရွာမှာ လယ်သူရင်းငှားလုပ်တဲ့ တစ်ကောင်ကြွက်သမား အောင်ဘမ်းဆိုသူနှင့် အိမ်ထောင်ကျသွားလေသည်။ လင်ကိုယ်မယားနှစ်ယောက်မှာ စိတ်တူကိုယ်တူဘာသာရေးအလေးထားကြပြီး အလှူအတန်းများ ပြုကြသည်။

'ကိုအောင်ဘမ်းရေ..ရွာတောင်ဘက်ပိုင်းက လမ်းကအတော်ဆိုးတယ်'

'အေးပါ မရှင်ညိုရယ်၊ မင်းလှူချင် လှူပါကွာ။ ရွာထဲကလူတွေ ဝိုင်းလုပ်ကြမှာပေါ့'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ထိုကဲ့သို့ စိတ်တူကိုယ်တူ သဒ္ဓါကြည်ဖြူကြတဲ့ လင်မယား အိမ်ထောင်သက်သိပ်မကြာ သားသမီးလည်း မရသေးချိန်မှာ လယ်လုပ်ရင်းနှင့် ပိုးထိ(မြွေကိုက်)လို့ သေဆုံးရလေသည်က အောင်ဘမ်း။

ငယ်ရွယ်သေးသည့် မရှင်ညိုမှာ သခ်ီါရနှင့် တရားသဘောကို ပိုက်မိပြီး အားမငယ်ဘဲ နေရင်းထိုင်ရင်း ရှိသမျှတွေကိုလှူ၊ ဥပုသ်သီတင်းဆောက်တည်ပြီး ဘဝကိုဖြတ်သန်းလာခဲ့သည်။

မရှင်ညိုတစ်ယောက် ပဲပြုတ်တောင်း ခေါင်းပေါ်ရွက်လို့ ပဲပြုတ်ရောင်းတော့ တစ်ရွာလုံးက မယုံသလို ရွာနီးပတ်ဝန်းကျင်က မယုံကြဘူး။

ဒါပေမဲ့ မရှင်ညိုက ဒေါ်ရှင်ညို ဖြစ်သွားတဲ့-

'ပဲပြုတ်..ယူကြဦးမလား၊ ပဲပြုတ်'

ဒေါ်ရှင်ညို နံနက်ပဲပြုတ်အရောင်းထွက်သည်နှင့် အိမ်အနီးအနားမှ ခွေးများရော ရွာထဲလမ်းထဲမှ ခွေးများကပါ-

'အု..အု'

'အိ..အိ'

'ဝုတ်'

အူခြင်း၊ မာန်ဖီခြင်း၊ ဟောင်ခြင်း မဟုတ်သော ခွေး



www.burmeseclassic.com

www.burmeseclassic.com

့၏အသံက ဒေါ်ရှင်ညို ပဲပြုတ်အရောင်းထွက်ရာတစ် လျှောက် တစ်ကောင်ပြီးတစ်ကောင် အသံဆက်သွား ည်။

ဒါ့ကလည်း ခွေးတွေမှာ ဒေါ်ရှင်ညိုနှင့် အကြောင်းရှိ ၏။ အကယ်၍များ မာဂဓစကားကို နားလည်ပါလျှင် ;တို့သည် ဒေါ်ရှင်ညိုကို နှုတ်ဆက်ခြင်း၊ ကြိုဆိုခြင်း၊ ကောင်းချီးသြဘာပေးခြင်းလို့ သိကြပြီး ဘာသာပြန်ပြော ကြမည် ဖြစ်ပါသည်။ ခွေးတွေ အဲဒီလိုဖြစ်ရတာက ါ်ရှင်ညိုတစ်ယောက် ဦးအောင်ဘမ်းနှင့် အိမ်ထောင်ကျ းသည်၏ နောက်ပိုင်းအချိန်မှစပြီး ခွေးတို့ကို ဆန်ကွဲ မင်းချက်၍ ရှိသည့်ဟင်းကျန်တို့နှင့် ထည့်ပုံ၍ နေရာ န့်သန့်တွင် ကျွေးမွေးသောကြောင့်ဖြစ်သည်။

ဒေါ်ရှင်ညို၏ အိမ်ဘေးတွင်နေကြသော စိန်တိုး၊ ရှည်၊ မပေါက်စတို့က–

'ရှင်ညိုက အောင်ဘမ်းနဲ့ ကလေးမရတော့ ဒီခွေး ကို သူ့သားသမီးလို အောက်မေ့ပြီး ကျွေးမွေးနေတာ'

'အေးလေ၊ ဒါကြောင့် ခွေးတွေက သူ့ကိုမြင်ရင် ြီးနဲ့ အသံပေးနဲ့ ဖြစ်တာ'

'ဒါဆိုရင် အဲဒီခွေးတွေက ဘယ်သူနဲ့ ရတာလဲ'

'ဟဲ့··ဟား··ဟား··ဟား··ဟား'

'မင်းစကားကြီးကလည်း ကောင်းရှည်ရာ။ အဟီး·· း··ဟား··ဟား'

'ဟား··ဟား··ဟတ်··ဟတ်·· ငါ··ငါပြောတာ။ ··ငါက သိချင်လို့ မေးတာပါကွာ'

'တော်ပါတော့ ကိုရှည်ကြီးရာ။ ရယ်ရတာ လုံချည် ာင် စိုသွားပြီ'

'ဟော့ကောင် စိန်တိုး၊ ပေါက်စမက ရယ်လို့ လုံချည် ွားတယ်တဲ့ကွ။ အဲဒါ မင်းရော သိချင်သေးလား'

မရှင်ညိုတစ်ယောက် ပဲပြုတ်ရောင်းပြီးအပြန် ခြံဝ ရောက်တွင် ဖိုးရှည်၊ စိန်တိုးနှင့် မပေါက်စတို့ ပြီးခဲ့ ည့် နှစ်တော်တော်ကြာကြာက ပြောခဲ့ကြခြင်းဖြစ်သည့် ား။ ယခုအချိန် အသက်ကြီးသည့်ကာလအထိ ဒေါ် ညိုက ပဲပြုတ်ရောင်း ခွေးတွေကို ဆန်ကွဲထမင်းကို ည့်ဟင်းနှင့် ကျွေးနေသလို ဟင်းမရှိလျှင် ပဲပြုတ်နှင့် ျးနေတုန်းပင် ဖြစ်သည်။

◆◆◆

သင်္ချိုင်းဆိုသည်ကို ဖြစ်ပြီးပျက်ခြင်း အစဉ်အမြဲ မဟုတ်ဆိုခြင်းကို သိကြသူတွေများပြီး မသိသူမှာ အလွန် နည်း၏။ သေခြင်းသည် မဆန်းသော်လည်း သေရခြင်း အကြောင်းက ဆန်း၏။ အရွယ်အို ဇရာဖိ၍ ရောဂါဝေဒ နာ ခံစားရပြီး သေဆုံးခြင်းလား၊ မအိုမမင်းအရွယ် မအိုတဲ ဖြစ်သည့် ဝေဒနာကြောင့် သေဆုံးရခြင်းလား၊ အရွယ်မအို နုပျိုနေဆဲ ဥပစ္ဆေဒကကံကြောင့် သေဆုံးရတာလား ဆို သည်၏ သေဆုံးခြင်းက ကွာခြားဆန်းကြယ်မှုဖြစ်သည်။

ဒေါ်ရှင်ညိုမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ် စွန်း၍ ဇရာ၏နယ်နိမိတ်ကို အတော်လေးလွန်နေပေမယ့် သက်တူရွယ်တူများ ဖြစ်ကြသည့် ဖိုးရှည်တို့၊ ပေါက်စမ တို့၊ စိန်တိုးတို့က ဘဝမခိုင်လို့ ဇရာယိုင်ပြီး ဝေဒနာက ဖိစီးခြင်း ခံကြရလို့ အိပ်ရာထဲလဲသူနှင့် တောင်ဝှေးဆွဲရ သူတို့ ဖြစ်နေသည်။

'ဟော့··ဖိုးရှည်၊ ရှင်ညိုက ပဲပြုတ်ရောင်းလိုက်၊ ခွေး စာကျွေးလိုက်နဲ့ ဒီဟာမ အိပ်ရာထဲ မလဲဘူးကွ'

'ဟ··တိုးစိန်၊ အဲ···စိန်တိုး၊ မင်းက ရှင်ညို ကျွေး တာကို စားချင်လို့လား။ ပေါက်စမလည်း မုဆိုးမပါကွာ'

'ဒီကောင် ဖိုးရှည်၊ မင်းပြောလိုက်ရင် အနှောင့် မလွတ် အသွားမလွတ်နဲ့ မင်းပေါက်စမ ငါးဖောင်ရိုး မွဲခြောက်ခြောက်။ တစ်ရေးနိုးထပြေးရမယ့်ရုပ်။ ငယ်ငယ် ကတည်းက စိတ်မကူးတာ။ ငါးဆယ်၊ ခြောက်ဆယ် ကျော်မှများကွာ'

'အေး··ဟုတ်တာပဲကွ။ ပေါက်စမ ပုံကကွာ ထမင်း စားပျက်ပါတယ်။ ရှင်ညိုက ရှေးကုသိုလ်ကံဟောင်း ကောင်းလို့ကွာ ဖြူဖြူစင်စင်နဲ့ အနာရောဂါကင်းပြီး သူ့ ခြေ သူ့လက် နိုင်နေသေးတယ်'

'အေး··အေး··မင်းတောင် တရားနဲ့ယှဉ်ပြီး ပြော တတ်လာပြီ။ တရားသိအောင်တော့ ကြိုးစားဦးကွ'

ဦးစိန်တိုးနှင့် ဦးဖိုးရှည်တို့ ပြောမှုဆိုမှုက အကြောင်း အရာ ယှဉ်တာလေးတွေ ပါသည်။

'ဟ··စိန်တိုးတို့၊ ဖိုးရှည်ကြီးနဲ့ ဘာတွေပြောနေတာ လဲ'

'အဲ··ပေါက်စ၊ နင်က ဘုန်းကြီးကျောင်းဘက် ဘာ သွားလုပ်တာလဲ'

'ငါတို့က နင့်အကြောင်းနဲ့ ရှင်ညိုအကြောင်း ပြော

www.burmeseclassic.com

နေတာဟ'

'ဘာလဲ၊ ရှင်ကြီးနဲ့ စိန်တိုးက ယောကျ်ားတန်မဲ့ အတင်းတုတ်နေတာပေါ့။ ကျုပ်က ဘုန်းကြီးသင်္ကန်း လှျော်ဖို့ရှိလားလို့ သွားမေးတာ။ ဘုန်းကြီးကို ရှင်ညိုက သူ့ပျဉ်ထောင်အိမ်ကြီးကိုလှူဖို့ ပြောနေတာ ကြားခဲ့တယ်'

'ဟော..ရှင်ညိုက ဒီလောက်အဖိုးတန်တဲ့ ပျဉ်ထောင် အိမ်ကြီးကို ဘုန်းကြီးကိုလှူမယ်။ ပေါက်စ..နင်ကတော့ ဘုန်းကြီးသင်္ကန်းလျှော်ပြီး ပိုက်ဆံတောင်းတယ်'

'အောင်မာ၊ ရှင်ညိုက ချမ်းသာခဲ့တာ။ အခုလည်း ဆင်းရဲတယ်လို့ပြောပြီး ပဲပြုတ်ကို အရောင်ပြရောင်းနေ တာ။ ရွှေတွေ၊ ငွေတွေ၊ စိန်တွေ ဘယ်လောက်ရှိမှန်းမှ မသိဘဲဟာ။ သိန်းထောင်ချီတန်တဲ့ အိမ်ကြီးကိုတောင် ဘုန်းကြီးကို လှူနေတာ။ ကျုပ်က ဆင်းရဲတယ်။ ပြီးတော့ ုဆိုးမလေ'

ဒေါ်ပေါက်စက မဲ့မဲ့ရွဲ့ရွဲ့နဲ့ပြော၍ ထွက်သွားသည်။ ဦးစိန်တိုးနှင့် ဦးဖိုးရှည်တို့ နှစ်ယောက်က ခပ်ဖြည်းဖြည်း င် ရွာလယ်လမ်းအတိုင်း လျှောက်လာကြသည်။

ဒေါ်ရှင်ညိုမှာ ရွာဦးဘုန်းကြီးကျောင်းမှ ပြန်လာရင်း းစိန်တိုး၊ ဦးဖိုးရှည်တို့နှင့် မျက်နှာချင်းဆိုင် တွေ့လိုက် ဒေါ်ရှင်ညိုကပင် ပြုံးပြုံးရွှင်ရွှင်နှင့်-

'သြော်..ကိုစိန်တိုးနဲ့ ကိုဖိုးရှည်တို့၊ ဘယ်ကပြန်လာ ကြတာလဲ'

'ဘယ်ကရယ်လို့ မဟုတ်ပါဘူး မရှင်ညိုရယ်။ ခင် းကရော ဘယ်ကပြန်လာတာလဲဗျာ'

'ဆရာတော်ကျောင်းကို လှူစရာရှိလို့ သွားလျှောက် ပါ။ နေလို့ကောင်းကြရဲ့လား'

'ဟုတ်ကဲ့ဗျ၊ ကျုပ်ကတော့ နေကောင်းပါတယ်။ ရှည်ပဲ နည်းနည်းချူချာနေတယ်'

'ဟုတ်ကဲ့ရှင့်၊ အသက်တွေရလာတော့ ချို့ယွင်းလာ ပြီလေ။ ကဲ..သွားမယ်နော်'

'ဟုတ်ကဲ့ပါ'

'ကောင်းပါပြီ'

နှုတ်ဆက်၍ ကိုယ့်လမ်းကိုယ် ထွက်လာရင်း ဦးစိန် ဦးဖိုးရှည်ကို-

'ဖိုးရှည်၊ ရှင်ညိုက ဘာသာရေးအလေးထားသလို အတန်းလည်း ရက်ရောတယ်။ ဒါကြောင့်လည်း ရွှင်ရွှင်ပျပျနဲ့ ကျန်းမာနေတာနဲ့ တူတယ်ကွာ'

'စိန်တိုးရာ၊ သူက ချမ်းသာတာကိုးကွ'

'ဟ..ဖိုးရှည်၊ ချမ်းသာတာ ဟိုတုန်းက။ အခု မချမ်းသာလည်း လှူနေတာပဲလေကွာ'

'ဘာလဲ၊ ခွေးတွေကို ဆန်ကွဲထမင်းချက်ကျွေးတဲ့ အလှူလား။ အခုမှ ပျဉ်ထောင်အိမ်ကြီးကို လှူမယ်လို့ကြံ ကာရှိပါသေးတယ် စိန်တိုးရာ'

'မင်း အဲဒါတွေကြောင့်ခက်တာ။ ရှိမှလှူရမှာလား။ မရှိဘဲလှူတဲ့အလှူက ပိုပြီးဒါနပြည့်တယ်၊ မွန်မြတ်တယ် လို့ ရွာဦးကျောင်းဆရာတော် ဟောပြနေတာလေကွာ'

'အေးပါ စိန်တိုးရာ။ ဆန်ကွဲလှူတော့လည်း ဆန်ကွဲ ပေါ့ကွာ'

'ကဲ..ကဲ..ဖိုးရှည်၊ မင်း အိမ်ထဲဝင်တော့။ ဆေး လေးဘာလေးလည်း ဂရုစိုက်ပြီး ကုဦးကွ။ ရှိတာတွေက မင်းယူသွားလို့ မရဘူးနော်'

'အောင်မာ၊ ငါ..ကောင်'

ဦးစိန်တိုး၏ အပြောကြောင့် ငယ်ပေါင်းသူငယ်ချင်း ဝိဝိ ဦးရှည်ကြီး ဆဲဆဲဆိုဆိုနှင့် ကျန်ခဲ့သည်။

◆◆◆

ကနောင်ရွာကြီး၏ ရွာလယ်ပိုင်းရှိ ကွယ်လွန်သူများ ဖြစ်သည့် လယ်ပိုင်ရှင်သူဌေးကြီး ဦးဖူးသိန်းနှင့် ဒေါ်မြစံ ၏ ပျဉ်ထောင် အုတ်ကြွပ်မိုး ပျဉ်ကာနှစ်ထပ်အိမ်ကြီးကို အမွေခံတစ်ဦးတည်းသောသမီး ဒေါ်ရှင်ညိုက ရွာဦး ကျောင်းဆရာတော်ကို ရေစက်ချလှူဒါန်းရာ ရပ်ရွာလူကြီး များ၊ ဘေးရွာများမှ ရွာလူကြီးများပါ ရေစက်ချလှူဒါန်း ပွဲကို ရောက်ကြသည်။ ဘုန်းကြီးကို နေ့ဆွမ်းကပ်၍ လူ ဧည့်ပရိသတ်တို့ကို မုန့်ဟင်းခါးနှင့် ကျွေးမွေးဧည့်ခံသည်။

ရွာထဲမှ ခွေးပေါင်းစုံတို့ အူကြသည်။ မွန်းတည့်ဆယ့် နှစ်နာရီအချိန်ကြီးတွင် ခွေးများအူသည်ကို တချို့က ဒေါ်ရှင်ညိုက အိမ်ကြီးကို လှူလိုက်၍ သူဌေးကြီး ဦးဖူး သိန်းနှင့် ဒေါ်မြစံရော ဒေါ်ရှင်ညို၏ယောကျ်ား ဦးအောင် ဘမ်းတို့ကပါ ဝိညာဉ်အဖြစ်နှင့် ရွာထဲကိုဝင်လာ၍ ခွေး တွေအူတာဟု ပြောသူတွေက ပြောကြသည်။

ဒေါ်ရှင်ညိုက ဆရာတော်ကို ဆွမ်းကပ်၊ ဧည့်သည် များကို မုန့်ဟင်းခါး ကျွေးမွေးပြီး အိမ်ကြီးကို ရေစက် ချလှူပြီးသည်တွင် သူ၏ နေ့စဉ်ပြုလုပ်မှုဖြစ်သည့် ဆန်ကွဲ

www.burmeseclassic.com

www.burmeseclassic.com

ာမင်းချက်၍ မုန့်ဟင်းခါးဟင်းရည်ကျန်များနှင့်ရော၊ ရှိ ည့်ဟင်းနှင့်ပါ အိမ်ရှေ့ဘေးဘယ်ညာ လမ်းပေါ်အထိ ာမင်းကို သန့်သန့်ရှင်းရှင်းပုံ၍ ကျွေးနေသည်။ အစော င်းက အူကြသော ခွေးများက ဒေါ်ရှင်ညိုကျွေးသည့် န်ကွဲထမင်းကို လာစားကြသည်။ အစာစားရင်း တစ် ကောင်နှင့် တစ်ကောင် ကိုက်ခြင်း၊ မာန်ဖီခြင်း၊ လုယက် းခြင်းများ မရှိသည်ကို ဒေါ်ရှင်ညိုကကြည့်ပြီး ပြုံးရွှင် နသည်။

နောက်တစ်နေ့တွင် ဒေါ်ရှင်ညိုက သူ့အိမ်ကြီးကို ရစက်ချလှူခြင်းအကြောင်းကို ရွာထဲတွင် ပြောဆိုနေကြ ည်။ ဦးဖိုးရှည်၏အိမ်တွင် နေထိုင်မကောင်းဖြစ်နေသော းဖိုးရှည်ကို လူနာကြည့်၊ လူနာမေးလာသူများကလည်း ဒေါ်ရှင်ညို၏ အိမ်ကြီးလှူသည့်အကြောင်းကို ပြောနေကြ ည်။ နေ့စဉ် ခွေးစာကျွေးသည့် အကြောင်းလည်း ပြော ဲ ဆိုကြသည်။

ထိုနေ့၏ ညနေပိုင်းတွင် ဦးဖိုးရှည်၏အိမ်တွင် လူစု ုဝေးနှင့် အသံပလံများလည်း ဆူ၍ ရုတ်ရုတ်သဲသဲ စ်နေသည်။

'ဗျို့..ဦးစိန်တိုး၊ ဦးဖိုးရှည် ဘာဖြစ်လို့လဲဗျ'

'မောင်သန်းစိုးရေ၊ ငါလည်း မသိသေးဘူးကွ။ အခု သွားကြည့်မလို့'

'ဟဲ့..စိန်တိုး၊ နင်က အခုမှ သွားကြည့်မလို့လုပ်နေ။ ့ကိုဖိုးရှည်က ဆုံးပြီ'

'ဟဲ့..ပေါက်စရယ်၊ မနက်က ငါရောက်ပါတယ်။ ကောင်းကြီးပဲဟာ။ ဘယ်လိုက ဘယ်လို'

'ဂိန်တိုးရယ်..ငါ အခု အဲဒီက ပြန်လာတာပါဟာ။ ား..သွားလိုက်ဦး'

ဒေါ်ပေါက်စက ပြောပြီးသည်နှင့် ရွာအနောက်ပိုင်း ထွက်သွားသည်။ သန်းစိုးနှင့် ဦးစိန်တိုးတို့က ဦးဖိုးရှည် အိမ်ဘက် ထွက်လာကြသည်။

'ကိုစိန်တိုးရေ..ရှင့်သူငယ်ချင်းကို ခေါ်ပါဦး၊ ကိုရှည် ကိုစိန်တိုး လာခေါ်နေတယ်။ လက်ဖက်ရည်ဆိုင်သွား မို့တဲ့။ ဟီး..ဟီး'

'အဖေ..အဖေရေ'

ဦးစိန်တိုးက အိမ်ပေါက်ဝမှဆီး၍ ငိုလိုက်သော ဦးဖိုး ည်၏မိန်းမ ဒေါ်ဆုံမိနှင့် သမီးဂျမ်းဘုံတို့ကြောင့် ခြေလှမ်း

နေးသွားပြီး အိမ်ပေါ်ကို ကြည့်လိုက်ရာ အိပ်ရာပေါ်တွင် ပက်လက်အနေအထားနှင့် စောင်ကို မျက်နှာထိ ဖုံးအုပ် ထားသည့် ဦးဖိုးရှည်ကို တွေ့လိုက်ရသည်။

ခဏအကြာတွင် ရွာထဲမှ သတင်းမေးလာကြသူများ၊ လာကြည့်ကြသူများနှင့် အိမ်ကပြည့်သွားသည်။ အိမ်၏ ခန်းဆီးကို ဖြုတ်သူများက ဖြုတ်ကြပြီး အိမ်တွင်းနတ် အုန်းကို ဖြုတ်သူဖြုတ်သည်နှင့် လုပ်ကိုင်ကြရန် ပြောကြ ဆိုကြ ဖြစ်နေကြသည်။ နေလုံးပျောက်သွားသည်။

အိမ်ဘေးနှင့် အိမ်ရှေ့ခြံဝမှရော ရွာလယ်လမ်းမကပါ ခွေးများက အဆက်မပြတ် အူနေကြသည်။ အမှောင်က သန်းပြီး မီးထွန်းဖို့ကို မီးအိမ်များကို ဝင်ငှားကြသည်။ ဖဲဝိုင်းလုပ်ချင်ကြသူများက အိမ်ရှေ့တွင် ရစ်သီ,ရစ်သီ လုပ်နေကြသည်။ အမှောင်ထဲမှ ခွေးများအူနေကြသည်မှာ လွမ်းလွမ်းဆွေးဆွေးဖြစ်စေသလို နားငြီးစရာလည်းကောင်း သည့်အပြင် ငှက်ဆိုးကလည်း ဂစ်ဂစ်ဟု အော်မြည်သံပေး သေးသည်။

ဦးဖိုးရှည်၏အိမ်တွင် ငိုသံနှင့် စကားပြောသံတို့က ပြတ်တောင်း,ပြတ်တောင်းနှင့် ကြားရပြီး မိုးလင်းပိုင်း ကို ရောက်လာသည်။ သက်ပျောက်သပိတ်လုပ်ရန်နှင့် အလောင်းပြင်ကြရန်ပါ တိုင်ပင်ကြပြီး တာဝန်ခွဲကြသည်။

အလင်းရောင်ပိုလာသဖြင့် ဦးဖိုးရှည်၏ အလောင်းကို ရေချိုးရန်၊ နေရာရွှေ့ရန် လုပ်နေကြသည်။ နံနက်စော‌စော ပင် ဖြစ်သော်လည်း ခွေးက ညကပင် အူနေတာ အသံ မပြတ်ပင်ဖြစ်သည်။

'ကဲ..ကဲ..ရေချိုးမယ်။ အိမ်ရှေ့မှာ ခုတင်ပြင်ထား ပျော့။ လာ..သန်းစိုး၊ ခေါင်းရင်းဘက်က မ,စမ်း'

'ဟုတ်ကဲ့ ဦးမောင်..မောင်'

'ဟ..သန်းစိုးရ၊ မင်းကို ဖိုးရှည်က ဘာမှမလုပ်ပါ ဘူး။ ခေါင်းဘက်က မ,ပါဆိုကွာ'

'ဟို..ဟို..ဦးမောင်၊ မျက်..မျက်လုံးပွင့်'

'ဟုတ်..ဟုတ်တယ် ဦးမောင်၊ ဖိုးရှည်က မျက်လုံး ပွင့်..ပွင့်နေတယ်'

'ဟာ..ဒီသန်းစိုးနဲ့ ငသီး ဘာမျက်လုံးပွင့်ရမှာ ကွ။ ကိုဖိုးရှည်က မနေ့ညနေစောင်းကတည်းက သေ လေကွာ'

ကျန်လူများက သန်းစိုးနှင့် ငသီးတို့၏ ပြော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ရော ဦးမောင် ၏ပြန်ပြောလိုက်သောစကားကြောင့် ပါ နောက်ကို တွန့်သွားသူနှင့် ရှေ့ကို တိုးကြည့်သူတို့နှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

'ဟာ..ဟာ..ဟုတ်တယ်၊ ဟုတ်တယ်။ ဦးဖိုးရှည် မသာကြီးက မျက်လုံးပွင့်နေတယ်'

'အေးဟဲ့၊ ဟုတ်ပါရဲ့'

'အောင်မယ်လေး..ကိုရှည်ရဲ့၊ ဖုတ်ဝင်ပြတာလား၊ သရဲပူးတာလားတော့။ ဟီး..ဟီး..ဟီး'

'အဖေရေ..အဖေရဲ့'

တော်တော်ပင် လှုပ်လှုပ်ရှားရှား ဆူဆူညံညံဖြစ်သွားသည်။

ဦးမောင်က ဦးဖိုးရှည်၏ မျက်နှာအနားကို ကပ်၍ ကြည့်ပြီး-

'အေးဟာ၊ ပေား..လုပ်ကြပါဦးဟ'

'ကိုဖိုးရှည်..ကိုဖိုးရှည်'

ရွာလူကြီးဦးဘညာဏ်က ဦးဖိုးရှည်၏ ပခုံးကိုကိုင်၍ ခေါ်လိုက်သလို ဦးစိန်တိုးကပါ-

'ဖိုးရှည်..ဟေ့ ဖိုးရှည်'

'ဟင်း..ဟင်း'

'ဟ..ဟ..အသံထွက်တယ်ဟေ့'

'ထူပေးလိုက်၊ ထူပေးလိုက်'

ဦးစိန်တိုးက ပြောပြောဆိုဆိုနှင့် ဦးဖိုးရှည်၏ကျော ကို ဖက်၍ ထူပေးလိုက်သည်။

'ရေ..ရေ..ရေ'

ရေတောင်းသဖြင့် ရေခပ်ပေးသူနှင့် ဒီတော့မှ ဦးဖိုးရှည်၏မိန်းမ ဒေါ်ဆုံမိက အနားကို ကပ်လာပြီး-

'ငါ့ယောကျ်ား မသေတာ ဟုတ်ရဲ့လား။ သရဲပူးတာလား၊ လုပ်ကြပါဦး'

ဦးဖိုးရှည်ကို ရေတိုက်သူနှင့် လက်ကိုင်သူ၊ ခြေကိုင်သူတို့နှင့် အနားကိုအုံ၍ ကပ်လာကြသည်။ သူကြီး ဦးဘညာဏ်က ဘုရားစင်ပေါ်မှ ဘုရားကိုကပ်လှူထားသော သောက်တော်ရေကိုစွန့်ပြီး ခေါင်းကို ရေနှင့်သပ်ပေးပြီး ရအနည်းငယ်လည်း တိုက်လိုက်သည်။

'ကိုဖိုးရှည်..ကိုဖိုးရှည်၊ သတိရပြီလား။ ဘာဖြစ်တာလဲ'

'အင်း..သ..သ..တိ..သတိရရ'

'ဖိုးရှည် ငါ့ကို သိလား။ မြင်ရော မြင်လား'

သူကြီးဦးဘညာဏ်ကလည်း မေးခေါ်,ခေါ်လိုက်သလို ဦးစိန်တိုးကပါ သူ့ကိုသိလား၊ မြင်လားဟု မေးလိုက်သဖြင့် ခေါင်းညိတ်ပြသည်။

'ငါ..ငါ့ကို ခေါ်သွားကြတယ်။ အဲဒါ ဘယ်သူတွေလဲ မသိဘူး။ အခုကျတော့ ပြန်ဆိုပြီး ပြန်လွှတ်လိုက်တာ။ အဲဒါ'

ဦးဖိုးရှည်က ပြောပြသည်မှာ နေ့လယ်ပိုင်းက ဆေးသောက်ပြီး အိပ်မည်ဟု လှဲလိုက်ရာ လူနှစ်ယောက်က ဘေးမှ တစ်ဖက်ဆီကိုင်ပြီး ဆွဲခေါ်သွားသည်။ အပေါ် အမြင့်ကြီးသို့ ဆွဲခေါ်သွားသဖြင့် အောက်မှ အိမ်များ၊ ရေကန်များ၊ လမ်းများ၊ ကျောင်း၊ ကန်၊ ဇရပ်များနှင့် စေတီပုထိုးများမြင်ရပြီး ပြိုးပြိုးပြောင်ပြောင်နှင့် အိမ်လိုမျိုး အချွန်အတက်များနှင့် အိမ်ကြီးများကို တွေ့ရပြီး လူကြီး တစ်ယောက် ထိုင်နေရာရှေ့ကို ခေါ်လာသူနှစ်ယောက်က တွန်းပြီးပို့လိုက်ရာ ရှေ့ကို ထိုင်လျက်ကျသွားသည်။

ရှေ့မှလူကြီးက ခေါ်လာသူ နှစ်ယောက်ကို- .

'မင်းတို့က သူ့ကို ဘာလို့ခေါ်လာတာလဲ။ သူမဟုတ်ဘူး'

'ကနောင်ရွာကြီးကပါ။ ဒီဗိမာန်ကြီးက ကနောင်ရွာကြီးက လူအတွက်ဆိုလို့ သူ့ကို ခေါ်လာတာပါ'





www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ဘူးကွ၊ အခုခေါ်ရမှာလည်း မဟုတ်ဘူး။ နောက်မှခေါ်ရမှာ။ အဲဒါ အမျိုးသမီးကြီး ဒေါ်ရှင်ညိုတဲ့ မှတ်ထား။ ဒီဗိမာန်က ဒေါ်ရှင်ညိုအတွက်ကွ။ ဒေါ်ရှင်ညို ဆိုတာ ခွေးကို ဆန်ကွဲထမင်း အမြဲကျွေးပြီး အလှူတွေလှူ၊ အိမ်ကြီးလှူတဲ့ သူတော်ကောင်းမကြီးကွ၊ မှတ်ထား။ သွား..သူ့ကိုပြန်ပို့လိုက်။ အခုပို့လိုက်ဆိုလို့ ပြန်ရောက်ပြီး သတိရ..ရတာပါ'

'အောင်မယ်လေး ယောက်ျားကိုရှည်ရယ်။ ဟီး.. ဟီး..ဟီး'

'ဟင်..ဟုတ်လား'

'ဟာ..ထူးဆန်းလိုက်တာ'

'အင်း..ကိုဖိုးရှည်က မေ့မြောသွားတာကိုး'

'တစ်နေ့ခင်းနဲ့ တစ်ညလုံး မေ့သွားတာ မသေလို့ပေါ့ကွာ'

ဦးဖိုးရှည်၏အိမ်တွင် နေ့ဆွမ်းအလှူအဖြစ် သံဃာသုံးပါးကိုပင့်၍ ဆွမ်းကပ်လှူရာတွင် ဒေါ်ရှင်ညိုပါ ဖိတ်၍ သံဃာများကို ဆွမ်းကပ်ပြီး ရေစက်ချအမျှဝေပြီး သူကြီးဦးဘညာဏ်က ဦးဖိုးရှည်ဖြစ်ခဲ့သော အဖြစ်အပျက်ကို ဒေါ်ရှင်ညိုကို ပြောပြရာ ဆွမ်းဘုဉ်းပေးပြီးသော သံဃာတော်တို့က သာဓုသုံးကြိမ်ခေါ်ပြီး ဆရာတော်ကြီးက-

'ဒကာမကြီး ဒေါ်ရှင်ညိုက ခွေးတွေကို ဆန်ကွဲထမင်း အမြဲကျွေးလို့ နတ်ပြည်မှာ ဗိမာန်ပေါက်တာ သေပန်းလှတယ်။ ဆန်ကွဲထမင်းနဲ့ ရွှေလမ်းဖောက်ပြီး ရတနာဆောင် လင်းတာဗျာ။ သာဓု..သာဓု..သာဓု'ဟု ဆရာတော်ကိုယ်တိုင် သာဓုသုံးကြိမ် ထပ်ပြီးခေါ်လိုက်သဖြင့် ကျန်လူများကပါ သာဓုသုံးကြိမ် ခေါ်ကြသည်။

ဦးဖိုးရှည်၏ အိမ်ရှေ့၊ အိမ်ဘေးတို့မှပါ ခွေးများက သံပြိုင်ဆွဲဆွဲငင်ငင် အူလိုက်ကြသည်။

(ခွေးအူတိုင်း မကောင်းဆိုးဝါး နာနာဘာဝ ဝိညာဉ်များကို မြင်၍ပဲမဟုတ်ပါ။ ကောင်းမှုပြုသူအတွက် ဝမ်းသာခြင်းအတွက်လည်း ဖြစ်သည်ဟု ရှေးလူကြီးသူမတို့ ပြောသည်ကို ကြားဖူးခဲ့ပါသည်။ ကြေးစည်တီးသည့်တွင်လည်း ခွေးများအူကြသည်ပင် ဖြစ်သည်။)

**စိုးယဉ်ထွန်း**


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး**

**ခရုသင်း**

**ဟိမဝန္တာ သွေးသန့်ဆေး**

**သမင်ဖြူ**

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုဂ္ဂိုလ်ရေးဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ စာတ်ရိုက်စာတ်ဆင်ယတြာပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

ဘဝအောင်မြင်မှုကို ရယူပါ။

သား၊ သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမတရက္ခာမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သိတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com ✵ ကြိုတင်ရက်ချိန်းယူပါ ✵


www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ မယုံကြဘူးလား။ ဘိုးလေးပြောပြလို့ ငါ သိခဲ့ရတာကွ'

'မယုံဘူးကွာ၊ ဘယ့်နှယ် သရဲကို ခေါ်လို့ရတယ်ဆို တာ ယုတ္တိမှမရှိတာ'

ဖိုးချစ်စကားကို ကျော်မောင် လက်မခံ။ ခေါင်း တခါခါလှုပ်ရင်း ဆန့်ကျင်ပြသည်။ ဖိုးချစ်က တစ်ဝိုင်း တည်း အတူတူထိုင်နေကြသည့် သန်းဇော်၊ ထူးမြင့် ချက်ကြီးတို့ကို အကဲခတ်လိုက်၏။ အမူအရာတွေက ပြုံးစေ့စေ့၊ သူ့စကားကို ထောက်ခံမည့်သူ တစ်ယောက် မျှမရှိ။

'အေး··မင်းတို့ မယုံဘူးဆိုရင်လည်း နေပေါ့ကွာ။ အဲဒီတုန်းက ခေါင်းဆောင်လုပ်ပြီး သရဲခေါ်သူက တို့ဘိုး လေးကွ။ ဘယ်လိုခေါ်ရတယ် ဆိုတာကာစပြီး ငါ့ကို ပြော ပြတာ'

# ချစ်သူ့ဝိညာဉ် လွမ်းရိပ်ထင်ခဲ့






www.burmeseclassic.com

www.burmeseclassic.com

ဖိုးချစ်က သူ့ဘိုးလေးငယ်စဉ်က သရဲခေါ်ခဲ့ပုံကို ပြန်ပြောပြနေခြင်းဖြစ်သည်။ ဘိုးလေးဆိုတာက ဖိုးချစ် ဘကြီး၏ညီ အမေ့ဦးလေးတော်သူ ဖြစ်၏။ ဘိုးလေးက ပုံပြောကောင်းသူ၊ ဖိုးချစ်ကို မကြာခဏ အိပ်ရာဝင် ပုံပြင်များ ပြောပြတတ်သည်။ ဖိုးချစ် အကြိုက်ဆုံးက သရဲပုံပြင်။ သည်တုန်းက ဖိုးချစ် ငါးတန်းကျောင်းသားပဲ ရှိသေးသည်။ တစ္ဆေသရဲအကြောင်း နားထောင်ချင်သည်။ ကြောက်လည်း ကြောက်သည်။ ပုံပြောသည့်နေ့ဆိုလျှင် ညဘက် ဖိုးချစ် ခေါင်းမြီးခြုံအိပ်တော့သည်။ နေ့လယ်က ဘိုးလေးပြောပြသည့် တစ္ဆေကောင်တွေနှင့် အိပ်မက်ထဲမှာ နပန်းလုံးနေရ၏။ သေးလန့်အော်သည်ထိ ဖြစ်ခဲ့ဖူးသည်။

'ဘိုးလေး‥ဘုန်းကြီးကျောင်းထဲမှာ သရဲတကယ်ရှိလားဗျ'

'ရှိတာပေါ့ကွ။ သူတို့က ပြိတ္တာတွေပဲ။ နေရာအနှံ့ နေကြတယ်။ သင်္ချိုင်းသုသာန်ဆိုတာ တစ္ဆေသရဲတွေစုဝေးရာ နေရာပေါ့'

'ဘိုးလေး တကယ်မြင်ဖူးခဲ့လားဟင်'

'ဘိုးလေးငယ်ငယ်က ဘုန်းကြီးကျောင်းမှာ နေခဲ့ရဘာ။ ကျောင်းဝင်းက အကျယ်ကြီး။ သစ်ပင်ကြီးတွေက တစ်ခြံလုံးပြည့်လို့ ညဘက်ဆိုရင် အိမ်သာကို တစ်ယောက်တည်း မသွားရဲဘူး။ ဇရပ်ပျက်ကြီးဆီက တဝုန်းဝုန်းအသံတွေ၊ သစ်ကိုင်းလှုပ်ပြတာတွေ၊ တစ်ခါ,တစ်ခါ ညီးမည်းကောင်ကြီးတွေ ညဘက်မှာ ရိပ်ခနဲ,ရိပ်ခနဲ မြင်ရတယ်'

ဘုန်းကြီးကျောင်းဝင်းထဲ ဘိုးလေးတို့ လူငယ်တွေ သရဲခေါ်ကြပုံ၊ သရဲနှင့် စကားပြောကြပုံ၊ ကပ္ပိယကြီးက ခေါင်းမှုတ်ပြီးလိုက်လို့ ပြေးခဲ့ရပုံ ဖြစ်ရပ်စုံကို ပြောပြတော့ ဖိုးချစ် အားကျခဲ့သည်။ သူ ကြီးလာရင် ဘိုးလေးလို သရဲတွေခေါ်ပြီး စကားပြောကြည့်ချင်ခဲ့၏။ ခုတော့ ဘိုးလေး မရှိတော့ပါ။

ဖိုးချစ်တို့ရွာက သုံးဆယ်ချောင်းနံဘေး ဖလန်ကုန်းရွာလေးဖြစ်သည်။ မြို့နှင့် လေးမိုင်ခန့်ဝေး၏။ ရွာဦးဘုန်းတော်ကြီးကျောင်းသက်တမ်းက ကြာမြင့်ခဲ့ချေပြီ။ အင်္ဂလိပ်ခေတ်ကထည်းက ရှိခဲ့တာဟု ဘိုးလေး ပြောခဲ့ဖူးသည်။ ဖိုးချစ်တို့ ငယ်စဉ်က ကျောင်းဝင်းအပြင်ဘက် မူလတန်းကျောင်းလေးတွင် လေးတန်းထိ စာသင်ခဲ့ရ၏။ လေးတန်းအောင်တော့ ချောင်းတစ်ဖက်ကမ်း ကျပ်ချောင်းရွာအလယ်တန်းကျောင်းမှာ ခုနစ်တန်းထိ နေခဲ့သည်။ ထိုစဉ်က အလယ်တန်းကျောင်းများမှာ ခုနစ်တန်းထိသာ ရှိသေးသည်။

ခုနစ်တန်းအောင်တော့ ကျောင်းဆက်မတက်နိုင်ဘဲ မိဘလယ်လုပ်ငန်းခွင် ဝင်ခဲ့၏။ သူငယ်ချင်းတွေထဲက ကျော်မောင်နှင့် သန်းဇော်သာ သုံးဆယ် တန်းမြင့်ကျောင်းမှာ အထက်တန်းဆင့် ရောက်ခဲ့ကြသည်။ အစိုးရစစ်ကိုးတန်းနှစ်ခါကျပြီး ကျောင်းဆက်မတက်ကြတော့ဘဲ လယ်လုပ်၊ ကိုင်းလုပ် တောင်သူတွေ ဖြစ်လာကြ၏။ ရိုးသားအေးချမ်းသော ဘဝကိုယ်စီဖြင့် ဖလန်ကုန်းရွာ အသက်နှစ်ဆယ်ကျော် ကာလသားကြီးတွေ ဖြစ်နေကြပါပြီ။ ခုလည်း ကျော်မောင်တို့ သူငယ်ချင်းတစ်သိုက်နှင့် ညဘက် ကင်းတဲမှာ ဆုံကြရင် ဘိုးလေး သရဲပုံပြင်ကို စကားစကြည့်သည်။ သူတို့ လုံးဝမယုံကြပါ။ ဖိုးချစ်က ဘိုးလေးစကားကို အကြွင်းမဲ့ယုံသည်။ ဘိုးလေးတို့ခေတ်က လူတွေဟာ တော်တော်ကတ်သီးကတ်သတ် လုပ်တတ်တာပဲဟူ၍လည်း တွေးမိပြန်၏။ ဟုတ်သည်,မဟုတ်သည်အပထား၊ သူကိုယ်တိုင် စမ်းကြည့်ချင်စိတ်က ရှိနေခဲ့သည်လေ။

'မင်းတို့ တကယ်မယုံတာလား၊ သရဲကြောက်တာလား'

'မမြင်ရဘဲ အသံကြားရုံနဲ့ ကြောက်ကြတာက သရဲတစ္ဆေကွ။ သူတို့က ပြိတ္တာတွေပဲ။ တို့မှာ သရဏဂုံရှိတယ်။ ဘာကြောက်စရာရှိလဲ။ တို့က သရဲကို ခေါ်လို့ရတယ်ဆိုတာသာ မယုံတာ'

သန်းဇော်က ဖိုးချစ်အမေးကို တုံ့ပြန်သည်။ ကျော်မောင်နှင့် ထူးမြင့်တို့ကလည်း တစ်သံတည်း ထွက်လာ၏။

ဖိုးချစ် ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း-

'မင်းတို့ သရဲကြောက်ရင် ကြောက်တယ် ပြောပါကွာ။ ငါက ဘိုးလေးပြောခဲ့တာကို လက်တွေ့စမ်းချင်လို့ စကားစတာ။ တို့ဘိုးလေးက မဟုတ်တာတော့ မပြောတတ်ဘူးကွ။ ငါတစ်ယောက်တည်းလည်း မလုပ်နိုင်လို့ပါ'

'မင်းက ဖြစ်နိုင်တယ် ထင်လို့လား'



www.burmeseclassic.com

www.burmeseclassic.com

'အေး..သူပြောသလို လုပ်ကြည့်ရင် သရဲတကယ် လာ,မလာ သိရတာပေါ့။ လက်တွေ့မစမ်းသပ်ဘဲ မယုံဘူးလို့တော့ ဇွတ်မပြောကြနဲ့ကွာ'

လူငယ်တစ်သိုက် တွေဝေသွားကြပြီ။ လူငယ်တွေဆိုတော့ စူးစမ်းလိုစိတ်က ရှိစမြဲ။ သူတို့အတွက် အထူးအဆန်းဖြစ်နေသည်။ စွန့်စားခန်းတစ်ခုလို မြင်လာကြ၏။ ကျော်မောင်က တက်တက်ကြွကြွ ဆိုလာသည်။

'ကောင်းပြီလေ။ သီအိုရီနဲ့ လက်တွေ့ပေါ့ကွာ။ မင်းက သီအိုရီကိုသိတယ်။ တို့က လက်တွေ့ကွင်းဆင်းကြတာပေါ့'

အားလုံး စိတ်ဝမ်းညီသွားကြသည်။ တစ္ဆေသရဲကို သူတို့မကြောက်ပါ။ သင်္ချိုင်းမြေပုံတို့ကြားဖြတ်ပြီး အချိန်မတော် မြို့တက် ပွဲကြည့်ဖူးသည်။ ပဲခူးရိုးမတောင်ခြေ သစ်ဝါးခုတ်ကြပြီဆိုလျှင်လည်း တောထဲတောင်ထဲ တစ်ညလုံး လှည်းမောင်းနှင်ခဲ့ဖူးသည်။ တောခြောက်တာလည်း ကြုံဖူးခဲ့ပါ၏။ ပရလောကသားတို့နှင့် သူတို့ မစိမ်းဟု ထင်ကြ၏။

'ဖိုးချစ်..လိုအပ်တာတွေ ကြိုတင်ပြင်ကွာ။ မင်းချိန်းတဲ့နေ့ ချိန်းတဲ့နေရာ တို့လာခဲ့မယ်။ ဘယ့်နှယ်လဲ'

'ဟုတ်ပြီ။ မင်းတို့ ပါလာပြီဆိုတော့ ငါလည်း အားရှိတယ်ကွာ။ ခုလာမယ့် လကွယ်နေ့ည သန်းခေါင်ကျော်တို့ရွာသင်္ချိုင်းနံဘေးက ချောင်းသောင်ပြင်မှာ ဆုံကြမယ်'

◆◆◆

'ခတ်မီးကို သဲခုံပေါ် ချဖွင့်ထားကွာ။ ဒီအလင်းရောင်နဲ့ မြင်နိုင်ပါတယ်'

ချိန်းဆိုထားသည့် သုံးဆယ်ချောင်းအတွင်း သဲသောင်ခုံပေါ်တွင် သရဲခေါ်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ လကွယ်ညဆိုသော်လည်း မိုးသားကင်းစင်နေ၏။ မှုန်ပျပျကြယ်ရောင်လေးတို့၏ လင်းအားဖျော့ဝန်းကျင်သာရှိသည်။ ချောင်းကမ်းပါးတစ်လျှောက် ထူထပ်ရှည်လျားသည့် ကိုင်းတောကြီးက ရွာသုသာန်နှင့် သူတို့လူသိုက်ကို ခြားထားသည်။ သုံးဆယ်ချောင်းက တောင်ကျချောင်းဖြစ်သည်မို့ မိုးကုန်လျှင် ရေမလာတော့။ ချောင်းအလယ်ကြောမှာသာ ရေစီးကြောင်းမျှင်မျှင်လေး စီးဆင်းနေ၏။

'တို့အထဲက တစ်ယောက်ယောက် လက်လှုပ်ရင် စားပွဲက လှုပ်သွားမှာပဲ။ ဒါဆိုရင် သရဲလာတယ်၊ မလာဘူးဆိုတာ ဘယ်သိတော့မလဲ'

ချက်ကြီးစကားကြောင့် အားလုံး နှုတ်ဆိတ်သွားသည်။ သည်အချက် သူတို့ မစဉ်းစားမိခဲ့ပါ။ ဖိုးချစ်ကလည်း ဘိုးလေး နည်းစနစ်အတိုင်း ပြင်ဆင်နေခြင်းဖြစ်၏။

'ဟုတ်တယ်ကွ၊ သေချာအောင် စားပွဲပေါ် လက်မတင်ဘဲ ဘေးက ဝိုင်းထိုင်ပြီး ခေါ်ကြည့်ရင် ကောင်းမယ်ထင်တယ်'

အစီအစဉ်က တစ်မျိုးဖြစ်သွားသည်။ မူလက ခြေလေးချောင်းပါ ထမင်းစားပွဲငယ်တစ်လုံးကို ညီညာသော သဲနုန်းမြေပေါ်တွင် ချထားပြီး စားပွဲဝိုင်း၏ ထောင့်ဖြတ်ခြေထောက်နှစ်ချောင်းအောက်၌ သစ်သားခုံဖိနပ် တစ်ဖက်စီကို မှောက်ခုံအနေအထား ခုထားလိုက်သည်။ စားပွဲမျက်နှာပြင်အောက်တွင် နွားခြူလေးတစ်လုံး ဆွဲထားပြီးသည်။ စားပွဲခြေထောက် နှစ်ချောင်းက ဖိနပ်ခု၍ ကျန်နှစ်ချောင်းက အောက်ခံမြေသားနှင့် လွတ်နေသည်။ လက်ညှိုးတစ်ချောင်း ခပ်တင်းတင်းထောက်ရုံနှင့် စားပွဲငယ် လှုပ်ခါပြီး နွားခြူလေး အသံမြည်လာမည် ဖြစ်၏။

အရေးပါသည့်အချက်က စားပွဲငယ်ကို ဝိုင်းထိုင်ပြီး အလယ်ကောင်တွင် လူငါးယောက် လက်ဖဝါးနှစ်ဖက် မှောက်ကာ ထိထားရသည်။ လက်လှုပ်၍မရပါ။ ဤပုံစံဖြင့် သရဲခေါ်ကြမည်။ တစ်ဦးဦးက လက်လှုပ်လိုက်လျှင် စားပွဲငယ်လှုပ်နိုင်သည်။ လူ့အသားကို ခြင်လာကိုက်လျှင်လည်း အငြိမ်နေမည်မဟုတ်။ စားပွဲလှုပ်၍ စားပွဲက ခြူသံမြည်နိုင်သည်။ သို့ဖြစ်လျှင် သရဲလာသည်၊ မလာသည် မရေရာတော့။ သူတို့ စွန့်စားခန်း ရင်ခုန်မည်မဟုတ်။

'မင်းတို့ပြောတာ သဘာဝကျတယ်။ တို့တစ်တွေ ဝိုင်းထိုင်ကြမယ်။ စားပွဲပေါ် လက်မတင်ကြနဲ့တော့'

သရဲခေါ်ရာတွင် ကန်တော့ပွဲမတင်ရ။ ကွမ်း၊ ဆေးထုံး၊ နံ့သာတိုင် မလို။ သရဲရောက်,မရောက် သိရန်သာ စနစ်တကျ ပြင်ဆင်ရန်လိုသည်။ သရဲရောက်လာသည်၊ မလာသည်ကို စားပွဲလှုပ်,မလှုပ်က အဓိကဖြစ်၏။ စားပွဲကို လှုပ်ပြရမည့်သူမှာ ရောက်လာသောသရဲသာဖြစ်သည်။ စားပွဲလှုပ်သည်နှင့် နွားခြူသံ မြည်လာမည်။ ညအခါ အမှောင်ထုအတွင်း သိသာအောင် နွားခြူလေး ဆွဲထားခြင်း ဖြစ်၏။

'အားလုံး အဆင်သင့်ဖြစ်ရင် ငါ သရဲခေါ်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

မယ်။ တစ်ယောက်မှ စကားမပြောကြနဲ့။ စားပွဲကိုလည်း မထိကြနဲ့ကွာ။ ဓာတ်မီးပိတ်လိုက်တော့'

ဖိုးချစ်က သူတို့အကြံပြုချက်ကို လက်ခံလိုက်ပြီး ဝိညာဉ်ခေါ်ရန် ဟန်ပြင်တော့၏။ သူတို့အားလုံး ရင်တဒိတ်ဒိတ်ခုန်နေကြပြီ။ အသက်ရှူသံပင် ကြားရမတတ် တိတ်ဆိတ်နေကြ၏။ ဆောင်းည၏ မြောက်ပြန်လေကြောင့် ကမ်းပါးအစပ်ရှိ ကိုင်းပင်တို့ တရှဲရှဲအော်မြည်ရင်း ယိမ်းခါနေသည်။ သင်္ချိုင်းမြေပေါ်ရှိ ကုက္ကို၊ လက်ပံပင် ကိုင်းတံရှည်ကြီးတို့က ကိုင်းတောကိုဖြတ်၍ သူတို့ရှိရာ တရွေ့ရွေ့လာနေသယောင် ထင်ရ၏။

'သင်္ချိုင်းစောင့် နယ်ရှင်ကြီးခင်ဗျာ..သင်ပိုင်ဆိုင်သည့် နယ်မြေအတွင်းက ဝိညာဉ်ပုဂ္ဂိုလ်တစ်ဦးကို ခေါ်ယူလိုပါတယ်။ ခွင့်ပြုပေးပါခင်ဗျား။ စေလွှတ်ပေးပါခင်ဗျား'

ဖိုးချစ်က သူ့ဘိုးလေး မှာခဲ့သည့်အတိုင်း ဆိုင်ရာပုဂ္ဂိုလ်ကို ခွင့်ပန်လိုက်၏။ သင်္ချိုင်းမည်သူပိုင်သည်ကို မသိရသည့်တိုင် ထုံးစံအရ ခွင့်ပန်ရခြင်းဖြစ်သည်။ အသံတုန်တုန်ယင်ယင်နှင့် မရဲတရဲခေါ်သံမှန်း သိသာလှ၏။ ဖိုးချစ် ခေတ္တမျှ စောင့်ဆိုင်းလိုက်၏။ ကွမ်းတစ်ယာညက်ခန့် ကြာသွားပြီ။

'ဤဒေသဝန်းကျင်မှ ဝိညာဉ်ပုဂ္ဂိုလ်တစ်ဦး ကျွန်ုပ်တို့ ရှိရာသို့ အမြန်လာပါလော့။ အမြန်လာပါလော့'

ခေါ်သံဆုံးပြီး မကြာလိုက်ပါ၊ ဆောင်းညချမ်းအေးမှုနှင့်မတူသော အအေးလှိုင်းကြီးက ဝိုင်းသလို ခံစားလိုက်ကြရ၏။ လူသေတို့လားရာ ဆေးရုံရေခဲတိုက်အတွင်းက အေးပုံမျိုး။ ကျောချမ်းသလို ကြက်သီးထသလို ဖြစ်လာကြ၏။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်မရသလို ဖြစ်သွားသည်။

သည်အခိုက် ကမ်းပါးထက်သုသာန်ဆီမှ ခွေးအူသံတို့ ပေါ်ထွက်လာသည်။ တစ်ချိန်တည်းမှာပင် ကိုင်းတောထဲသို့ တစ်စုံတစ်ဦး တိုးဝှေ့လာသံမျိုး ကြားနေရ၏။ တစ္ဆေသရဲ မကြောက်ဟု ကြွေးကြော်ခဲ့ကြသူတွေ ကြောက်ဒူးတုန်လာကြပြီ။

ဆရာကြီးဖိုးချစ်ကိုယ်တိုင် ဟန်ကိုယ့်ဖို့ လေသံဖြင့်-

'အသင်ဝိညာဉ်ပုဂ္ဂိုလ်..သင်ရောက်ပြီဆိုလျှင် စားပွဲကို လှုပ်ပြပါ'

'ချွင်..ချွင်..ချွင်'

သူတို့ဝိုင်းထိုင်နေသည့် စားပွဲငယ်မှ ခြူသံလေးမြည်လာ၏။ သူတို့မျက်စိရှေ့ရှိ စားပွဲကိုသာ စူးစိုက်ကြည့်နေကြသည်။ ပရလောကသား၏ အရိပ်အယောင်ပင် မမြင်ကြရချေ။ စားပွဲငယ်လှုပ်သွားပုံ၊ ခြူသံလေးမြည်ပုံကိုသာ အနီးကပ်မြင်နေ ကြားနေရ၏။ သရဲရောက်နေတာ သေချာနေပြီ။ သန်းဇော်က ဖိုးချစ်နားနားကပ်၍ တီးတိုးပြောလိုက်သည်။

ဖိုးချစ်က သံဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး-

'အသင်ဝိညာဉ်.. ယောကျ်ားလား၊ မိန်းမလား။ ယောကျ်ားဆိုလျှင် သုံးချက်၊ မိန်းမဆိုလျှင် နှစ်ချက် လှုပ်ပြပါ'

ခြူသံလေးနှစ်ချက်မြည်သွား၏။ လူငယ်တစ်သိုက် စိတ်ဝင်စားလာကြသည်။ ဝိညာဉ်က မိန်းမဆိုတော့ တစ်မျိုးတစ်မည် သိချင်လာကြ၏။

'အသင်ဝိညာဉ်..အပျိုလား၊ အအိုလား။ အပျိုဆိုရင် နှစ်ချက် လှုပ်ပြပါ'

'ချွင်..ချွင်'

ခြူသံက နှစ်ချက်လှုပ်သွားသည်။ အပျိုဆိုတော့ ငယ်သူဖြစ်ရမည်။ ဆက်ပြီး စပ်စပ်စုစုမေးကြတော့သည်။ ကျောင်းနေဖူးလား၊ ဘယ်ကျောင်းမှာ နေခဲ့တာလဲ။ ဘယ်သင်္ချိုင်းက လာခဲ့တာလဲ စသည့်,စသည့်အချက်များ စိတ်ကူးတည့်ရာ မေးနေကြသည်။ ဝိညာဉ်က စားပွဲလှုပ် ခြူသံပေးပြီး ပြန်ဖြေသည်။ အေးခဲနေသည့် သူတို့ခန္ဓာကိုယ်ကို သတိမရကြတော့ပါ။ ဝိညာဉ်မိန်းကလေးနှင့် သူတို့လူငယ်အဖွဲ့ မေးလိုက် ဖြေလိုက်နှင့် ရင်းနှီးသလို ခံစားလာရ၏။ ကြောက်စိတ်ပင် မေ့သလိုဖြစ်သွားပြီး ပျော်သလို ဖြစ်လာသည်။ သည်လိုနှင့် အချိန်အတော်လင့်လာခဲ့ချေပြီ။

'သူငယ်ချင်းသန်းဇော် သူချစ်တဲ့မိန်းမနဲ့ ရမှာလား။ ရမယ်ဆိုရင် ငါးချက်လှုပ်ပြပါ'

ဖိုးချစ်က အပျော်သဘော မေးလိုက်သည်။ ဝိညာဉ်ပြန်မဖြေပါ။ ဝိညာဉ်က ဗေဒင်ဆရာ မဟုတ်တော့ မဖြေနိုင်ဘူး ထင်ပါရဲ့။ မေးမိတာ ခွင့်လွှတ်ပါ။ ဖိုးချစ်စိတ်ထဲက တောင်းပန်လိုက်သည်။

ခြူသံလေး ခေတ္တငြိမ်သက်နေရာမှ ခပ်ကြမ်းကြမ်းမြည်လာ၏။ စားပွဲငယ်တစ်ခုလုံး ပုံမှန်လှုပ်ခါနေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်။ အဆက်မပြတ် လျှပ်ခါပြရင်း စားပွဲခုံငယ်လေး မြမ်းထိုးမှောက်လန် ဖြစ်သွားသည်။ အကောင်အထည် မမြင်ရဘဲ ငိုညည်းသံကြီး ကြားလာရ၏။ အနီးရှိ ကိုင်း ကာတစ်ခုလုံး လေမတိုက်ဘဲ တဟည်းဟည်း မြည်သံ အတူ ယိမ်းထိုးလှုပ်ခါနေ၏။

'ဟ..ဟ..ဘာဖြစ်တာလဲဟ'

မထင်မှတ်ဘဲ အခြေအနေက ကြောက်စရာဖြစ်လာ ည်။ ကျော်မောင် အလန့်တကြားအော်ဟစ်ရင်း ထခုန် ည်။ အချိန်တိုလေးအတွင်း ပြောင်းလဲလာသည့်အဖြစ်က ကယ့်ကို ထိတ်လန့်စရာ။ အားလုံး ဝရုန်းသုန်းကားဖြစ် န်တော့၏။ ယူလာသည့် ပစ္စည်းများကိုပင် မသယ်နိုင် ဲ့တော့ဘဲ သောင်ပြင်ကိုဖြတ်ပြီး ရွာဘက်ဆီသို့ ပြေး ဲ့သည်။ ရွာနှင့် သုသာန်က မိုင်ဝက်ခန့် ဝေးသည်။ ယ်ကွင်းတွေကို ဖြတ်ကျော်နင်းပြေးကြရင်း နောက် က်ဆီမှအသံကြောင့် သူတို့ခြေလှမ်းတို့ တုံ့ခနဲဖြစ်သွား ။

'နေ..နေကြပါဦး၊ ငါ့ကို သရဲဆွဲထားတယ်။ လုပ် ပါဦး'

'ဒါ..ဒါ..သန်းဇော်အသံကွ။ ဘာဖြစ်နေတာလဲ ဘူး'

အသံကြားရာ လှည့်ကြည့်လိုက်တော့ သူတို့နှင့် ဝါး းငါးပြန်လောက်အကွာမှာ သန်းဇော်ကို မြင်လိုက်ကြရ ညအမှောင် ကြယ်ရောင်အောက်ဆိုပေမယ့် ထင်ထင် ရှား မြင်နေရသည်။ တစ်စုံတစ်ယောက်နှင့် တွန်းထိုး ကန်နေသည့်ပုံစံ။ သူတို့အမြင်ကတော့ နှစ်ယောက် တ်။ သန်းဇော်တစ်ယောက်တည်း ရုန်းကန်တွန်းဖယ် ပုံမျိုး ဖြစ်နေ၏။

'ဟာ..ဒီကောင်ကို သရဲဆွဲနေတာ ဖြစ်ရမယ်'

အဖြစ်အပျက်က ခဏမျှသာ။ မြန်လိုက်သည့်ဖြစ် ။ သူငယ်ချင်းဇောနှင့် ကြောက်စိတ်တွေ ပျောက်သွား ဲ့။ သန်းဇော်ရှိရာ အပြေးဝိုင်းလာကြ၏။

'ငါ့ကို လွှတ်စမ်း၊ လွှတ်..လွှတ်'

သန်းဇော် စကားမဆုံးလိုက်ပါ၊ ဖိုးချစ်တို့လူစု အနား က်တော့ လယ်ကန်သင်းပေါ် ခွေလဲကျသွားတော့ ။

◆◆◆

မြင်ကွင်းက ဝေဝါးလှ၏။ မြူခြေရစ်ဝိုင်း ရှုတိုင်း ရယ်မှ မမြင်ရသည့်အနေအထား။ လေနှင့်အတူ လွင့်ပျံ့လာ သော အခိုးအငွေ့တို့က ရစ်သိုင်းခြုံလွှမ်းနေ၏။ အခိုးအငွေ့ ကြားမှ ရုန်းရှုဖြာထွက်လာသည့် အလင်းတန်းတစ်ခုကို နောက်ခံထားပြီး သဏ္ဌာဝါတစ်ကောင် သူ့ဆီ ရွေးရှုလာ နေသည်။ တရွေ့ရွေ့ချဉ်းကပ်လာနေသည့် ခြေလှမ်းတို့ က အဆောတလျင်မဟုတ်၊ လေးလေးနှင့် မှန်မှန်သာ။ တဖြည်းဖြည်း နီးကပ်လာချိန်မှာတော့ အဖြူရောင်ဝတ်စုံ ခြုံလွှမ်းထားသည့် ခန္ဓာကိုယ်ကို မြင်လာရသည်။

'ဘယ်သူလဲ၊ သူ ဘယ်သူလဲ'

သန်းဇော် မျက်လုံးကို ပွတ်သပ်ကြည့်ရင်း နောက် တစ်လှမ်းဆုတ်လိုက်သည်။ နှုတ်ကလည်း တီးတိုးရေရွတ် ရင်း နောက်ဘက်သို့ ခြေတစ်လှမ်း ရွေ့သွားပြန်၏။

'သန်းဇော်..သန်းဇော်..နေပါဦး'

အဖြူရောင်သဏ္ဌာန်ဆီမှ အသံထွက်လာသည်။ အသံက မိန်းကလေးတစ်ဦးအသံ။ အက်တက်တက် ရှ တတ ဝမ်းနည်းသံ။ အဝေးတစ်နေရာဆီက အသံလှိုင်း လေး ရစ်ဝဲပြေးလာသလိုမျိုး။ သန်းဇော် ဇဝေဇဝါဖြင့် ရှုးရှုးစိုက်စိုက် ကြည့်နေမိ၏။ ကိုယ်တိုင်လည်း ဘာရယ် မသိဘဲ နုံးချည့်အားပျော့နေသလိုယောင် ခံစားနေရသည်။ တစ်စုံတစ်ဦးက ညို့ယူဖမ်းစားသည့်နှယ် မတုန်မလှုပ် ရပ်နေမိ၏။ သည်အသံကို ကြားဖူးသလို ထင်မိသည်။

အသံရှင်က သူနှင့် မနီးမဝေးသို့ ရောက်လာပြီး-

'ဟင့်..ခင်မြကြည်၊ ခင်မြကြည်ပါလား'

သန်းဇော် မှတ်မိလိုက်ပါ၏။ သူနှင့် ကျောင်းမှာအတူ တူဆုံစည်းခဲ့ရသည့် မိန်းမချောလေး ခင်မြကြည်။ မျက် နှာလေးက ညှိုးရော်ရွှမ်းလျနေပုံရသည်။ ရီဝေဝမ်းနည်းနေ ဟန်ဖြင့် သန်းဇော်ကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသည်။ ရှေ့ကို ဆက်တိုးမလာတော့။

သူမ ညာလက်လေးကို ကမ်းလင့်လိုက်ပြီး-

'သန်းဇော်ရယ်..ငါ့ကို မေ့သွားပြီလားဟင်'

သန်းဇော် မမေ့ပါ။ နှလုံးသားမှာ အမှတ်ထင်ထင် ကျန်ရစ်ခဲ့သည့် မိန်းကလေး။ သုံးဆယ်တန်းမြင့်ကျောင်း နဝမတန်းမှာ အတန်းတူ ဘာသာတူ တစ်ခန်းတည်း ... သင်ခဲ့ကြ၏။ သန်းဇော်က တောသားဆိုပေမယ့် ... လတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထင်းထင်း၊ ...



www.burmeseclassic.com

ရှည်ရှည် ယောကျ်ားချောတစ်ယောက်။ ခင်မြကြည်က သုံးဆယ်အရွေ့ မရမ်းအင်းရွာက ရှမ်းဗမာမလေး။ မြို့ပေါ်ရှိ ဒေါ်လေးအိမ်တွင် တည်းခိုပြီး ကျောင်းတက်နေသူ။ သူတို့နှစ်ဦး အချစ်လိပ်ပြာငယ်လေး လူးလွန့်စအရွယ်တွေမို့ စိတ်ကူးယဉ်ခဲ့ကြဖူးသည်။ တစ်ဦးကိုတစ်ဦး သံယောဇဉ်တွယ်တာခဲ့ကြ၏။ မစွန့်စားရဲသူက သန်းဇော်ပါ။ ပွင့်ပွင့်လင်းလင်း မကြေညာကြသော်လည်း နှလုံးသားချင်း နားလည်ခဲ့ကြ၏။ အတန်းတင်စာမေးပွဲကြီး ဖြေဆိုရက် မတိုင်မီတစ်နေ့။ သည်တစ်နေ့ကို သန်းဇော် မမေ့နိုင်ခဲ့။

'ခင်မြကြည် အစာအိမ်ရောဂါနဲ့ ဆေးရုံမှာ ဆုံးပြီ'

သတင်းဆိုးက သန်းဇော်ရင်ကို နှစ်နှစ်ကျူးကျူး စူးဝင်သွားသည်။ ခင်မြကြည်ရှိရာ ဆေးရုံသို့ အပြေးအလွှား ရောက်ခဲ့ပါ၏။ အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သည့် ပါးအို့နီနီမျက်နှာလေးပင် မမြင်လိုက်ရ။ အလောင်းကို မွေးရာဇာတိမြေ မရမ်းအင်းကို ပြန်ယူသွားကြပြီ။ ချစ်သူလိုလို သူငယ်ချင်းလိုလို အုံ့ပုံးချစ်ဘဝနှင့် ကျန်ရစ်ခဲ့ရသည်။ တိတ်တခိုးတွယ်တာခဲ့ရသည်မို့ လူသိရှင်ကြား မကြေညာရဲသည့်အဖြစ်။ ခင်မြကြည် သင်္ဂြိုဟ်သည့်နေ့က အဝေးမှပင် မှန်းဆတောင်းပန်ခဲ့ရ၏။

'နင့်ဆီ မလာနိုင်ခဲ့တာကို ခွင့်လွှတ်ပါ ခင်မြကြည်ရယ်'

ခုတော့ သူ့ရှေ့မှာ ခင်မြကြည် ရောက်နေပြီလေ။ ဘဝခြားခဲ့ပြီဆိုသည့်တိုင် မိန်းကလေးက သူ့ကို စွဲလမ်းနေဆဲ။ မယုံကြည်နိုင်ပါ။ သူ့အသိက ခင်မြကြည်တစ်ယောက် မရှိတော့ပြီကို မှတ်မိနေ၏။ ဆယ်နှစ်နီးပါး ကာလကို ဖြတ်ကျော်ခဲ့သည့် အချိန်အတွင်း သန်းဇော် နှလုံးသားဝေဒနာ ပြေပျောက်ခဲ့ပါပြီ။ ဘယ်လိုမှ စဉ်းစားရသည့်အဖြစ်။

'နင်နဲ့ငါ ဘဝခြားနေပြီလေ။ ငါ့ကို မနှောင့်ယှက်နဲ့'

'ဘယ်ရမလဲ သန်းဇော်၊ ငါလေ ဆေးရုံမှာ နင့်ကို တိရပြီး သေခဲ့တာ။ နင်တို့ခေါ်လို့ ငါလာခဲ့တာလေ။ နဲ့ အတူလိုက်ခဲ့ပါနော်'

ဝိညာဉ်မလေး၏ ဝတ်ရုံဖြူစတို့က လေယူရာလွင့်ပါး သန်းဇော်ရှိရာ တစ်ဟုန်ထိုးပြေးလာသည်။ သန်းဇော် မှ ကြောက်လန့်တကြား အော်ဟစ်လိုက်မိသည်။

'မလာနဲ့..နင် ငါ့ဆီ မလာနဲ့'

◆◆◆

'မလာနဲ့..နင် ငါ့ဆီမလာနဲ့'

'သန်းဇော်..သူငယ်ချင်း၊ သတိရလာပြီလား။ မင်း ဘာတွေအော်နေတာလဲ'

ဖိုးချစ်တို့လူသိုက် သန်းဇော်နံဘေးတွင် ဝိုင်းအုံရင်း ကသောကမျော မေးလိုက်ကြသည်။ သူတို့အဖြစ်က တစ်ရွာလုံး ဩချယူရသည်ထိ နာမည်ကြီးသွားခဲ့သည်။ ဝိညာဉ်ခေါ်ပြီးအပြန် လမ်းမှာပင် သန်းဇော်ကို လယ်ကွင်းထဲက ထမ်းယူလာခဲ့ရ၏။ မိုးလင်းချိန်ထိ သတိမရသေး။ ရွာဦးကျောင်း ဆရာတော်ကိုပင့်၍ အဖြစ်အပျက်ကို လျှောက်ထားရတော့သည်။

'သန်းဇော်ကို ထမ်းခေါ်လာတုန်းက ခြံပြင်ဘက်မှာ သရဲဖြူဖြူတစ်ကောင် ရပ်နေတာကို တပည့်တော် မြင်လိုက်ရတယ်ဘုရား'

သန်းဇော်အမေက ဆရာတော်ကို လျှောက်ထားလိုက်တော့ သူတို့ အံ့ဩသွားကြသည်။ ဝိညာဉ်ကောင်ကို သူတို့ မတွေ့လိုက်ရဘဲ သန်းဇော်အမေ ဖြင်ရသည်က ထူးဆန်းနေ၏။

ဆရာတော်က ခြံပြင်ဘက်ကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး-

'ဒါယကာမလေး ပြန်ပါတော့။ ဘုန်းကြီး မေတ္တာရပ်ခံပါတယ်။ မင်းနေရာ မင်းပြန်ပါတော့'

ဆရာတော့်နှုတ်မြွက်သံကြောင့် အားလုံး ခြံပြင်ဘက်ကို ကြည့်လိုက်ကြသည်။ သူတို့ ဘာမျှမတွေ့ကြရပါ။ ဆရာတော်က မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေသည့် ပုဂ္ဂိုလ်မြတ်ဖြစ်၏။ ပယောဂကုသည်တော့ မဟုတ်။ မမြင်နိုင်၊ မမြင်အပ်သည့် ပုဂ္ဂိုလ်တို့နှင့် ပတ်သက်လျှင်မူ တတ်စွမ်းသမျှ စောင့်ရှောက်ပေးလေ့ရှိပေသည်။ သီလ၊ သိက္ခာ၊ သမာဓိစွမ်းအား မြင့်မားသည့် အလျောက် မေတ္တာဖြင့်သာ ဖယ်ရှားပေးတတ်သည်။

'ဖိုးချစ်တို့က ရာဇဝင်တွင်အောင် လုပ်လိုက်တာကိုး။ ခြံဝက မိန်းကလေးလည်း ပြန်သွားပါပြီ။ မောင်သန်းဇော် သွေးလန့်သွားတာပါ။ သူ့မှာ ဘာအနှောင်အဖွဲ့မှ ကပ်မနေပါဘူး။ သတိရလာမှာပါ'

ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရေချမ်းတော်ကပ်လှူပြီး

www.burmeseclassic.com

မေတ္တာရေစင်ဖြင့် သန်းဇော်ကို ဆရာတော် ပက်ဖျန်းပေးလိုက်သည်။

သတိပြန်ရလာလျှင် ဤရေစင်ကို တိုက်ပေးရန် မှာကြားရင်း-

'တို့လူသားတွေနဲ့ ပရလောကသားတွေ မရောယှက်ကောင်းဘူးကွယ့်။ ရတနာသုံးပါးနဲ့ ကင်းကွာပြီး သီလ၊ သမာဓိ အားနည်းနေရင် အန္တရာယ်ကြီးလှပါတယ်။ နောင်ကိုလည်း အပျော်အပျက်သဘောမျိုးနဲ့ လက်တည့်မစမ်းချင်ကြပါနဲ့'

ဆရာတော်က ဆုံးမစကားမြွက်ကြားပြီး ကျောင်းသို့ပြန်ကြွသွားသည်။ မကြာမီပင် သန်းဇော် သတိရလာသည်။ တစ်ကိုယ်လုံး ချွေးစေးတို့ ရွှဲနစ်နေသည်။

'ရေ··ရေပေးပါ'

ဖိုးချစ်တို့က ဖေးမ၊ဆွဲထူရင်း ရေပေးသည်။ ရင်ထဲပူလောင်နေဟန်ဖြင့် ကမန်းကတန်း သောက်ချလိုက်ပြီး ခြံ၀သို့ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် လှမ်းကြည့်ကာ-

'ခင်မြကြည် ငါ့ကို လာခေါ်နေတယ်'

'ဟဲ့··သား၊ မင်း ဘာတွေပြောနေတာလဲ'

အနီးမှ မိခင်ဖြစ်သူက သန်းဇော်လက်မောင်းကို ဆုပ်ကိုင်ပြီး မေးသည်။ သန်းဇော် ချက်ချင်းမဖြေနိုင်သေး။ စိုးရိမ်တကြီး ဝိုင်းအုံကြည့်နေကြသည့် သူငယ်ချင်းတွေကို တစ်ယောက်ချင်းစီ လိုက်ကြည့်နေ၏။

ပြီးမှ ကျော်မောင့်ကို တစ်ချက်စူးစိုက်ကြည့်ပြီး-

'ကျော်မောင်··ခင်မြကြည် ငါ့ကို လာခေါ်နေတယ်'

'ဘယ်က ခင်မြကြည်လဲကွ'

သည်နာမည်ကို တရင်းတနှီးကြားဖူးနေသည်။ မြန်းခနဲ သတိမရ။ သန်းဇော်ကို ပြန်မေးလိုက်ရသည်။

'ကျောင်းတုန်းက ရှမ်းမလေးလေကွာ'

ကျော်မောင် သူ့နားကိုပင် မယုံချင်တော့။ ကျောင်းတုန်းကဆုံခဲ့သည့် သူငယ်ချင်းမလေး။ သူ့ထက် သန်းဇော်ကို ပိုပြီးတွယ်တာခင်မင်ခဲ့သည့် မိန်းကလေး။ ခင်မြကြည် လူ့ဘ၀မှာ မရှိတော့တာလည်း သိသည်။ ကြာခဲ့ပြီပဲ။ ဘယ့်နှယ် ခုမှ ခင်မြကြည် လာခေါ်တယ် ဖြစ်နေတာလဲ။ မိခင်နှင့် ဖိုးချစ်တို့ သူငယ်ချင်းတွေ နားလည်နိုင်မှာမဟုတ်။ လွမ်းမောဖွယ် မေတ္တာဖွဲ့ဇာတ်လမ်းလေးကို သူတစ်ယောက်သာ သိခဲ့ပါ၏။

'ဘယ်လို သန်းဇော်၊ ခင်မြကြည်က မင်းကို လာခေါ်တယ် ဟုတ်လား'

'ဟုတ်တယ် ကျော်မောင်၊ ငါတို့ ပြန်ပြေးလာချိန်မှာ ငါ့ကို လာဆွဲခေါ်တာ ခင်မြကြည်ပဲ။ ငါသတိမေ့နေတုန်းက အိပ်မက်လိုလို တကယ်လိုလိုနဲ့ကွာ သူ့နောက်လိုက်ခဲ့ဖို့ ခေါ်နေတာ။ ငါတို့ခေါ်လို့ သူလာတာတဲ့။ ငါလည်း လန့်ပြီး အော်လိုက်မိတာ'

သူတို့နှစ်ဦးသာ သိခဲ့သည့် အဖြစ်လေး။ ဘေးလူတွေက သူတို့ချင်း ပြောနေသည်ကိုသာ ကြားနေရ၏။ အဓိပ္ပာယ်ကို မသိကြပါ။

သန်းဇော်မိခင်က စိတ်မရှည်ဟန်ဖြင့်-

'ဟဲ့··ကျော်မောင်၊ မင်းသူငယ်ချင်း ဘာတွေပြောနေတာလဲ။ အဒေါ်တို့ကို ရှင်းပြပါဦးကွယ်'

'ကဲ··အဒေါ်ရော သူငယ်ချင်းတွေပါသိအောင် ကျွန်တော်ပြောပြပါ့မယ်။ သန်းဇော်··မင်း အနားယူလိုက်ဦးကွာ'

ကျော်မောင်က သန်းဇော်နှင့် ခင်မြကြည်တို့ ကျောင်းတော်က ဇာတ်လမ်းလေးကို ပြန်ရှင်းပြရတော့သည်။ အားလုံးက နားထောင်ရင်း တအံ့တသြဖြစ်နေကြ၏။ ယုံနိုင်စရာမရှိ။ ဖိုးချစ် စိတ်မကောင်းဖြစ်ရပါသည်။

'ငါ့ကို ခွင့်လွှတ်ပါ သန်းဇော်ရာ။ ငါဆတ်ဆော့···ခုလို မင်းဖြစ်ရတာ။ နောက်ကို ဘယ်ဝိညာဉ်မှ မခေ··· တော့ပါဘူး'

နောက်တစ်နေ့နံနက်ပိုင်း ဖလန်ကုန်းရွာ ဆုတောင်း··· ပြည့်စေတီရင်ပြင်တစ်နေရာ။ သန်းဇော်နှင့် ကျော်မော··· နှစ်ယောက်တည်း ခင်မြကြည်အတွက်ရည်မှန်းပြီး ··· ရေချမ်း၊ ပန်း၊ ဆီမီးတို့ ကပ်လှူပူဇော်ကြသည်။ ··· သားမှ ဝေဒနာပျောင်းတို့ အသစ်ဖြစ်လေပြီလား···

သန်းဇော်တစ်ယောက် ဆို့နင့်ကြေကွဲ ဝမ်းနည်း··· နှင့်အတူ အမျှပေးဝေသံက နံနက်ခင်းလေပြည်တွင် ··· ပါလျက်-

'ခင်မြကြည်ရေ··နင့်အတွက် ရည်မှန်းပြီး ··· ပြုပါတယ်။ ကောင်းရာဘုံဘ၀ရောက်အောင် သာ··· ပါ။ အမျှ··အမျှ··အမျှ'

ရဲနွယ်မောင်(သုံး···





www.burmeseclassic.com

www.burmeseclassic.com

(၁)

ဦးခင်မောင် ကျောင်းဝိုင်းထဲ ဝင်လိုက်သည်ဆိုလျှင် ကျောင်းတွင် မွေးထားသော ခွေးများက ဝိုင်း၍ဟောင်ကြလေသည်။

ခွေးဟောင်သံများ ကြားရသောအခါ ဆွမ်းချက်ဆောင်အတွင်းမှ ကပ္ပိယကြီး ဦးဖြူသီးသည် အမြန်ထွက်လာကာ ခွေးများကို မာန်မဲ၍ ခြောက်လှန့်လိုက်လေသည်။

ခွေးများ မရှိတော့သောအခါ ဦးဖြူသီးက-

'ဦးခင်မောင်ပါလား၊ ဆရာတော် ခေါ်ထားတာ ထင်တယ်'

'ဟုတ်တယ် ကပ္ပိယကြီးရဲ့၊ ဆရာတော်ခေါ်လို့ လာတာပါ'

'လာပါ၊ လာပါ။ ဆရာတော် ဆွမ်းစားပြီးလို့ ကျောင်းပေါ်မှာ ရှိပါတယ်။ တက်သွားလိုက်ပါ'

ဦးခင်မောင် ကျောင်းပေါ် ရောက်သောအခါ ဆရာတော်ကို ဝတ်ဖြည့်ပြီး-

# ဘုရားပေးတဲ့ ရေ

မင်းသန့်ကျော် (ဇီးကုန်း)



www.burmeseclassic.com

'ဆရာတော်··တပည့်တော်ကို ခေါ်တယ်ဆိုလို့ပါ'

'ဟုတ်တယ် ဒကာကြီး၊ တခြားအကြောင်းတော့ မဟုတ်ပါဘူး။ ဒကာကြီးအိမ်ရဲ့ ခေါင်းရင်းက ခြံနဲ့ အိမ်ကို ပိုင်ရှင်ဦးလူအေးက လှူသွားတာ ဒကာကြီးတို့လည်း သိပြီးပါပြီ။ ဘုန်းကြီးက ဒီက သီလရှင်ဆရာကြီး၊ ဆရာလေးတွေကို အဲဒီအိမ်မှာ ခေတ္တပြောင်းထားမလို့။ အခုနေတဲ့ သီလရှင်ကျောင်းက အမိုးတွေ မကောင်းလို့ ပြန်ပြင်မလို့လေ။ သိပ်မကြာပါဘူး။ ကျောင်းအမိုး မိုးပြီးရင် သူတို့ ပြန်လာကြမှာပါ'

'မှန်ပါ၊ တပည့်တော်နဲ့ ဘယ်လိုသက်ဆိုင်ပါသလဲ ဘုရား'

'အဲဒါ ပြောမလို့ပေါ့။ လှူထားတဲ့အိမ်ကိုလည်း ပြန်ပြီး ပြုပြင်ရမယ်လေ။ လက်သမားတွေက အခု မအားသေးဘူး။ သွပ်တွေ၊ သစ်တွေနဲ့ တခြားလိုအပ်မယ့် ပစ္စည်းတွေတော့ ပို့ထားရမယ်။ အဲဒါ ဒကာကြီး ခေါင်းရင်းမှာ ဖြစ်လို့ အဲဒီပစ္စည်းတွေကို ဒကာကြီး မပျောက်ပျက်အောင် စောင့်ရှောက်ထားပေးပါ'

'တင်ပါ့ဘုရား၊ စောင့်ရှောက်ပေးပါ့မယ်ဘုရား'

'ဒါနဲ့ ဒကာကြီးခြံထဲမှာ အဝီစိတွင်း တူးမလို့ဆို'

'တင်ပါ့ဘုရား။ တပည့်တော်ရဲ့ခြံထဲမှာ ပန်းတွေစိုက်ပျိုးမလို့ ရေလိုနေတာနဲ့ အဝီစိတွင်း တူးမလို့ပါဘုရား။ မနက်ဖြန် ဟိုဘက်ရွာက အဝီစိတွင်းတူးတဲ့အဖွဲ့ကို ငှားထားပါတယ်ဘုရား။ မနက်ဖြန်ပဲ စတူးပါမယ်ဘုရား'

'အင်း··ရေရရင်တော့ အဆင်ပြေတာပေါ့။ ပေါပေါသီသီလည်း သုံးရမယ်။ ပြီးတော့ ရေလှူရင်လည်း ရေအကျိုးဆယ်ပါး မတောင်းဘဲနဲ့ရတယ် ဒကာကြီးရဲ့'

'တင်ပါ့ဘုရား'

'ဒါနဲ့ ဒကာမကြီး ဒေါ်အေးတင်ရော ရိပ်သာမှာ တရားစခန်းဝင်နေတယ် ကြားတယ်။ ဘယ်နှစ်ရက်ရသွားပြီလဲ'

'မှန်ပါ၊ (၃)ရက်ရသွားပါပြီဘုရား'

'အင်း··ကောင်းတယ်၊ ကောင်းတယ်'

ဒေါ်အေးတင်သည် ဦးခင်မောင်၏အစ်မ ဖြစ်လေသည်။ ခင်ပွန်းဆုံးပါးသွားပြီဖြစ်၍ မောင်ဖြစ်သူ ဦးခင်မောင်ကို ခေါ်ထားကာ မောင်နှမနှစ်ယောက် အတူနေကြလေသည်။ ဒေါ်အေးတင်တွင် သားကလေးတစ်ယောက်ရှိ၍ ဆယ်တန်းတက်နေလေသည်။ ဦးခင်မောင်မှာ လူပျိုကြီး ဖြစ်၏။

ဒေါ်အေးတင်တို့သည် အိမ်ဆိုင်ကလေး ဖွင့်ထားလေသည်။ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်မှစ၍ ကုန်ခြောက်များကို စုံလင်စွာ ရောင်းချလေသည်။ ဒေါ်အေးတင် တရားစခန်းဝင်နေသဖြင့် အိမ်ဆိုင်ကို ဦးခင်မောင်မှ ရောင်းချနေရလေသည်။

သူတို့တွင် ခြံကျယ်ကြီးရှိကာ ထိုခြံကို ခုတ်ထွင်ရှင်းလင်း၍ ပန်းမျိုးစုံစိုက်ပျိုးရန်အတွက် အဝီစိတွင်းတူးရန် ရည်ရွယ်ခြင်း ဖြစ်လေသည်။

ဆရာတော်အား ဝတ်ဖြည့်၍ ဦးခင်မောင်ပြန်ရန် ကျောင်းပေါ်မှ ဆင်းလာချိန်၌ ကျောင်းအောက်တွင် ကပ္ပိယကြီး စောင့်နေသည်ကို တွေ့ရလေသည်။

'ဦးခင်မောင်··ပြန်တော့မလား'

'ဟုတ်ကဲ့ ကပ္ပိယကြီး'

'ကျွန်တော် တစ်ခုပြောမယ်။ ဦးခင်မောင် ခေါင်းရင်းက လှူထားတဲ့အိမ် ပြင်ပြီးရင် ပြောင်းနေကြမယ့် သီလရှင် ဆရာကြီး၊ ဆရာလေးတွေအတွက် အဲဒီမှာ ရေအသင့်မရှိဘူးဗျ'

'ဟုတ်ကဲ့'

'ဆရာတော်က ဦးခင်မောင် အဝီစိတွင်းက ရေထွက်လာရင် အဲဒီဘက်ကိုလည်း လှူစေချင်တယ် ထင်ပါရဲ့'

'ဟုတ်တယ်၊ ကျွန်တော် ခုမှသဘောပေါက်တယ်။ စိတ်ချပါ ကပ္ပိယကြီး၊ ကျွန်တော့်တွင်းက ရေထွက်လာရင် ရေလှူပါ့မယ်'

'သာဓုဗျာ··သာဓု၊ ဆရာတော်သိရင် ဝမ်းသာမှာပဲ'

(၂)

နောက်တစ်နေ့နံနက်တွင် အဝီစိတွင်း တူးမည့်အဖွဲ့များ ရောက်လာလေ၏။

ဦးခင်မောင်က ကန်တော့ပွဲတစ်ပွဲ စီစဉ်ပေးရလေသည်။ ကန်တော့ပွဲတွင် ငှက်ပျောသီး(၃)ဖီး၊ အုန်းသီး(၃)လုံးနှင့် သပြေပန်း၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ စုံလင်စွာ ပါရှိလေသည်။

အဝီစိတွင်းတူးသူများသည် လူအင်အားဖြင့် တူးခြင်းဖြစ်ပြီး ခြံ၏ထောင့်များတွင် နေရာအနှံ့ တူးမည်ဖြစ်၏။

သူတို့ရွာသည် ရေရှားသောအရပ်ဖြစ်ကာ သူတို့



www.burmeseclassic.com

www.burmeseclassic.com

မနီးမဝေးတွင် အဝီစိတွင်းများ တူးထားရာ အားလုံး ပေ (၂၀၀)ကျော်ရောက်မှ ရေတွေ့လေသည်။

ထို့ကြောင့် ဦးခင်မောင်သည် သူ့ခြံတွင်း၌တူးရာ၌ ပေ(၂၀၀)ကျော်ရောက်အောင် တူးမည်ဟု စိတ်ကူးထားလေသည်။

အဝီစိတွင်း တူးသူများသည် အစပထမတွင် ခြံ၏ အိမ်ရှေ့ထောင့်တစ်ထောင့်၌ စတင်တူးမည်ဖြစ်၍ ကိရိယာတန်ဆာပလာများကို တပ်ဆင်ပြီး တူးကြလေသည်။

ပထမနေ့တွင် ပေ(၁၀၀)ခန့်ရောက်ပြီး နောက်နေ့တွင် ဆက်၍ တူးကြလေသည်။ သို့သော် ပေ(၂၅၀)ထိ ရောက်သော်လည်း ရေမတွေ့သေးချေ။

ဦးခင်မောင်က-

'ကဲ··နောက်တစ်နေရာပြောင်းကွာ။ ဒီနေရာ တော်လောက်ပြီ။ ဒီနေရာမှာ ဒီလောက်တူးလို့မှ မတွေ့ရင် တွေ့မှာမဟုတ်တော့ဘူး'

သို့နှင့် တူးသူများသည် ပစ္စည်းကိရိယာများကို သိမ်းကာ နောက်တစ်နေရာ ပြောင်းကြပြန်၏။

ထိုနေရာတွင်လည်း ပေ(၂၅၀)ရောက်သည်အထိ ရေမတွေ့သေးချေ။ ဦးခင်မောင်သည် စိတ်မပျက်ဘဲ နောက်တစ်နေရာသို့ပြောင်း၍ တူးစေပြန်၏။ အဝီစိတွင်းတူးသူများသည် ဦးခင်မောင်၏ ဆန္ဒအတိုင်း နောက်တစ်နေရာပြောင်းကာ တူးကြပြန်၏။

သို့သော် ရှေ့တွင်းများအတိုင်း ပေ(၂၅၀)ရောက်သည်အထိ ရေမတွေ့သေးသဖြင့် တွင်းတူးသည့် ခေါင်းဆောင်က-

'ဦးလေး··ကျွန်တော်တို့တူးတာ (၃)တွင်းရှိသွားပြီ။ ရက်အားဖြင့်လည်း တစ်ပတ်လောက် ကြာသွားပြီ။ အခုထိ ရေမတွေ့သေးဘူး။ ဦးလေးခြံထဲမှာ အဝီစိတွင်းတူးလို့ အောင်မြင်ဘူးထင်တယ်။ ကျွန်တော်တို့လည်း တခြားမှာ လက်ခံထားတဲ့နေရာတွေ ရှိသေးတယ်။ စိတ်လျှော့လိုက်ပါတော့ဗျာ'

ဦးခင်မောင်ကိုယ်တိုင်ကလည်း စိတ်ပျက်လာပြီဖြစ်၏။

'မင်းတို့ ခဏနားချင် နားကြပါဦးကွာ။ ဦးလေး စဉ်းစားပါဦးမယ်။ (၃)တွင်းကြီးတူးထားပြီးသားဆိုတော့ နောက်ထပ်တစ်တွင်းလောက် ထပ်တူးရရင် ရနိုင်မလား လို့ မျှော်လင့်ရတာပဲ'

'ကျွန်တော်တို့ အတွေ့အကြုံအရ ပြောရရင်တော့ (၃)တွင်းလောက်ဆို လုံလောက်ပြီ ဦးလေး။ ဒီနေရာက ရေနဲ့ တော်တော်ဝေးနေတာပဲ'

ဦးခင်မောင်သည် ရေမတွေ့ဘဲ တွင်းတူးခများ ရှင်းပေးရမည်ဖြစ်၍ စိတ်ပျက်နေလေသည်။

ထိုစဉ်တွင် တရားစခန်းဝင်နေသော ဒေါ်အေးတင် ပြန်ရောက်လာလေသည်။

ဒေါ်အေးတင်သည် အထုပ်အပိုးများ ချလိုက်ပြီး-

'မောင်လေး··ဘာတွေဖြစ်နေကြတာလဲ'

'အဝီစိတွင်းတူးနေတာ အစ်မ။ တူးပြီးတာ (၃)တွင်းရှိပြီ၊ ပေ(၂၅၀)စီအထိတူးတာ ရေမတွေ့လို့ စိတ်ညစ်နေတာ။ သူတို့ တွင်းတူးတဲ့အဖွဲ့ကလည်း ဆက်မတူးချင်တော့ဘူး ဖြစ်နေတယ်'

ဒေါ်အေးတင်သည် စဉ်းစားလိုက်ပြီး-

'နေကြပါဦး၊ ငါကြည့်ပါဦးမယ်'

ဒေါ်အေးတင်သည် ခြံထဲတွင် ပတ်ပတ်လည်ကို ကြည့်လိုက်၏။

ဒေါ်အေးတင်သည် စိတ်ထားကောင်းသူတစ်ယောက်ဖြစ်လေသည်။ ဘာသာရေးကိုလည်း လိုက်စား၏။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ဘာသာရေးနှင့်မကင်း မကွာဘဲ လုပ်လေ့ရှိ၏။ ဈေးဝယ်သူများကိုလည်း ညှာတာလေသည်။ သူ့မဆိုင်တွင် ဝယ်သူများကို မိသားစုကဲ့သို့ သဘောထားကာ ဆက်ဆံလေ့ရှိ၏။

ထို့ကြောင့် သူတို့မောင်နှမ ရောင်းသော ကုန်စုံဆိုင်တွင် ဝယ်သူများဖြင့် မပြတ်စည်ကားလျက်ရှိ၏။ အလေးချိန်ခွင်များ မှန်ကန်သည့်အပြင် လက်ငင်းမဝယ်နိုင်သူများကိုလည်း အကြွေးပေးလေသည်။ အကြွေးကို မည်သည့်အခါမျှ တောင်းလေ့မရှိချေ။ ဝယ်သူများက ပေးမှပင် ယူလေသည်။ အမြတ်အစွန်းကိုလည်း များစွာတင်ထားခြင်းမရှိဘဲ မျှမျှတတ ရောင်းချလေသည်။ အလှူအတန်းတွင်လည်း ရက်ရော၏။ နှမြောတွန့်တိုခြင်း မရှိချေ။ ထို့ကြောင့် ဒေါ်အေးတင်သည် လူချစ်လူခင်များလေသည်။

ဦးခင်မောင်က-

'အစ်မ··ဆရာတော်က ကျွန်တော့်ကို ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းရင်းခြံနဲ့အိမ်ကို ဦးလူအေးက လှူသွားတာ အိမ်ကို ပြန်ပြင်ရဦးမယ်တဲ့။ ပြင်ဖို့ သစ်တွေ၊ ဝါးတွေ၊ သွပ်တွေ လည်း ရောက်နေပါပြီ။ အဲဒီပစ္စည်းတွေကို လက်သမား တွေမလာခင် ဆရာတော့်အမိန့်အတိုင်း ကျွန်တော်စောင့် ရှောက်နေရတယ်။ အခုတော့ လက်သမားတွေလည်း ရောက်လာပြီး ပြင်ဆင်နေပါပြီ။ အဲဒီအိမ်ကို ပြင်ပြီးရင် ကျောင်းက သီလရှင် ဆရာကြီး၊ ဆရာလေးတွေ ခဏ ပြောင်းနေကြမလို့တဲ့။ သူတို့ သီလရှင်ကျောင်းကို သွပ် တွေ ပြန်မိုးမလို့တဲ့။ အဲဒါ ကျွန်တော်တို့ ရေရရင် ရေလှူ မလို့ ရည်မှန်းထားတယ်။ ဒါကြောင့် ရေကို မတွေ့မချင်း တူးချင်တယ်။ လက်မလျှော့ချင်ဘူး'

'ကောင်းတယ် မောင်လေး၊ ကောင်းတယ်။ ရေ ထွက်လာရင် သီလရှင်တွေဆီကို အရင်လွှတ်ပေးမယ်။ ရေမရှိသူတွေကိုလည်း လှူရမယ်။ ကဲ··ရေတူးဖို့ နေရာ ရှာလိုက်ဦးမယ်'

ဒေါ်အေးတင်သည် မြေကြီးနားကပ်၍ထိုင်ကာ တစ် နေရာချင်း ကြည့်လေသည်။ မြေကြီးအနေအထား၊ မြေ ကြီးပေါ်တွင် သစ်ပင်၊ မြက်ပင်များ ပေါက်ရောက်မှုအနေ အထားတို့ကို တစ်နေရာပြီးတစ်နေရာ ကြည့်လေသည်။

နောက်ဆုံးတွင် အိမ်ရှေ့ဝင်ပေါက်နား၌ သူမ စိတ် ကြိုက်နေရာကို တွေ့သွားကာ အဝီစိတွင်းတူးသူများကို လက်ယပ်ခေါ်လိုက်ပြီး-

'အဒေါ်တူးခိုင်းတဲ့ နေရာကို တူးနော် တူလေးတို့။ အဒေါ် ဘုရားဂုဏ်တော်တွေ ရွတ်ဖတ်လိုက်ဦးမယ်။ ခဏ စောင့်နော်'

တွင်းတူးသမားများသည် ဒေါ်အေးတင် အနားတွင် ထိုင်စောင့်နေကြလေသည်။

ဒေါ်အေးတင်သည် လက်အုပ်ချီ၍ ရှေးဦးစွာ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿကို (၃)ခေါက်ရွတ်ဆိုလေသည်။ ထို့နောက် အရဟံ အစရှိ သော ဘုရားဂုဏ်တော်(၉)ပါးကို ရွတ်ဆိုလေသည်။

ဒေါ်အေးတင်သည် ဘုရားဂုဏ်တော်များကို ရွတ်ဆို ရာတွင် ဣတိပိ သော ဘဂဝါဟူသောပါဋ္ဌိကို ဂုဏ်တော် များနှင့် တွဲစပ်၍ ရွတ်ဆိုလေသည်။

ဒေါ်အေးတင်သည် အရှင်ဇနကာဘိဝံသ ရေးသား တော်မူသော ရတနာ့ဂုဏ်ရည်စာအုပ်ကို အိပ်ရာတွင်ထား ကာ ညအိပ်ရာဝင်တိုင်း ဖတ်ရှုသဖြင့် ဣတိပိသည် မိမိ ဉာဏ်ထဲမှာ ထင်လာသော အကြောင်းတစ်ခုခုကို ညွှန်ပြ သော ပါဋ္ဌိ၊ သောဘဂဝါကား မြတ်စွာဘုရားကို ညွှန်ပြ သော ပါဋ္ဌိဖြစ်သည်ကို သိနေလေသည်။

ထို့ကြောင့် ရွတ်ဆိုရာတွင်-

ဣတိပိ သောဘဂဝါ အရဟံ

ဣတိပိ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

ဣတိပိ သောဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

ဣတိပိ သောဘဂဝါ သုဂတော

ဣတိပိ သောဘဂဝါ လောကဝိဒူ

ဣတိပိ သောဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ

ဣတိပိ သောဘဂဝါ သတ္ထာဒေဝမနုဿာနံ

ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ

ဣတိပိ သောဘဂဝါ ဘဂဝါ··ဟူ၍ ဂုဏ်တော်တစ် ပါးချင်း စိတ်ပါလက်ပါ ရွတ်ဆိုလေသည်။

ဂုဏ်တော်များရွတ်ဆိုရာ၌ ဒေါ်အေးတင်သည် ဂုဏ် တော်တစ်ပါးရွတ်ဆိုတိုင်း အဝီစိတွင်းတူးမည့် မြေနေရာ ပေါ်တွင် ညာဘက်လက်ဖြင့် စက်ဝိုင်းသဏ္ဌာန်ဝိုင်းကာ ရွတ်ဆိုလေ၏။ ဂုဏ်တော်(၉)ပါးစလုံး ရွတ်ဆိုပြီးသော အခါ သူမသည် လက်အုပ်ချီပြီး အောက်ပါအတိုင်း တိုင် တည်လေသည်။

'ဘုရားတပည့်တော်မသည် တစ်စုံတစ်ယောက် အပေါ်တွင် မကောင်းသောစိတ် မမွေးမြူခဲ့ပါ။ လူသား အားလုံးအပေါ် မေတ္တာထား၍ မေတ္တာစိတ်ဖြင့်သာ ဆက် ဆံလေ့ရှိပါသည်။ ဤမှန်သောသစ္စာစကားကြောင့် တပည့် တော်မခြံထဲတွင် တူးနေသော အဝီစိတွင်းသည် ရေကို တွေ့ရပါလို၏။ ဘုရားတပည့်တော်မ စက်ရေတွင်းတူး၍ ရေအောင်သောအခါတွင်လည်း တစ်ဦးတည်း မသုံးစွဲပဲ ဝေမျှ၍ သုံးစွဲပါမည်။ အိမ်ခေါင်းရင်းမှာ လာရောက် သီတင်းသုံးကြမည့် သီလရှင် ဆရာကြီး၊ ဆရာလေး အတွက်လည်း ရေကို လှူဒါန်းပါမည်။ မဟာပထဝီမြေ ကြီးကိုစောင့်ကြပ်သော နတ်မင်းကြီးကိုလည်း တိုင်တည် ပါသည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကိုလည်း တိုင်တည်ပါသည်။ တပည့်တော်မ ခြံထဲမှာ ရေရရှိအောင် စောင့်မ,တော်မူကြပါဘုရား'

ထို့နောက် ဦးခင်မောင်သည် ဖန်ခွက်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com

နှံ့သာရည်များနှင့် သပြေခက်တို့ကို ဒေါ်အေးတင်အား လာပေးရာ ဒေါ်အေးတင်က အမွှေးနံ့သာခွက်တွင် သပြေခက်များနှစ်၍ အရပ်လေးမျက်နှာသို့ ပက်ဖျန်းလိုက်လေသည်။

ထို့နောက် ဒေါ်အေးတင်သည် သူမ တူးစေလိုသော နေရာတွင် တုတ်ကလေးဖြင့် စက်ဝိုင်းကလေး ဝိုင်းပေးကာ-

'ကဲ..ဒီနေရာကို တူးကြပေတော့'

တွင်းတူးသမားများသည် ဒေါ်အေးတင် ပြသော နေရာတွင် ငုတ်ကလေးစိုက်၍ အမှတ်အသားပြုကာ စတင်တူးဖော်ရန် ပစ္စည်းကိရိယာကို ဆင်ကြလေ၏။

တွင်းစတူးချိန်မှစ၍ ဒေါ်အေးတင်သည် နှုတ်မှ ဘုရားဂုဏ်တော်များကို ရွတ်ကာ စောင့်ကြည့်နေလေသည်။

(၃)

တွင်းတူးသမားများသည် ထမင်းစားချိန်၌ ခေတ္တနားကာ ထမင်းစားပြီးသောအခါ ဆက်၍တူးကြ၏။

ညနေနေဝင်ရီတရောအချိန်ရောက်တွင် တွင်းတူးသမား တစ်ယောက်က-

'အဒေါ်ရေ..ဝမ်းသာစရာပဲ။ ကျွန်တော်တို့ သဲတွေ့ပြီဗျ'

သဲထုကို တွေ့ခြင်းမှာ ရေနှင့်နီးစပ်သည့်လက္ခဏာ ရှိသဖြင့် မကြာမီ ရေတွေ့တော့မည်ဟူသောအသိဖြင့် ဝမ်းသာနေကြလေသည်။

'အေး..အေး..ဆက်တူး၊ ဆက်တူး'

ဒေါ်အေးတင်သည် ဘုရားဂုဏ်တော်များကို ဆက်လက်ရွတ်ဖတ်မြဲ ရွတ်ဖတ်လျက် ရှိလေသည်။

'အဒေါ်ရေ..သဲ(၁၀)ပေအကျော်မှာ ရေတွေ့ပြီဗျို့'

ဒေါ်အေးတင်အပါအဝင် ဦးခင်မောင်နှင့် (၁၀)တန်း တက်နေရာမှ ပြန်ရောက်လာသော ဒေါ်အေးတင်၏သား ဖြစ်သူအပါအဝင် ရေတွင်းတူးသမားအားလုံးသည် ဝမ်းသာအားရဖြင့် ပျော်မြူးနေကြလေသည်။

'ဒါနဲ့ ပေဘယ်လောက်မှာ တွေ့သလဲကွယ့်'

'ပေ(၈၀)မှာ သဲတွေ့တာ အဒေါ်။ သဲကို (၁၀)ပေ တူးလိုက်တော့ ရေတွေ့တာပဲ'

'ပင်ပန်းရကျိုးနပ်ကြပြီပေါ့ကွယ်။ ကဲ..ကဲ..ရေတွေ့ပြီဆိုတော့ မင်းတို့ လုပ်စရာရှိတာ ဆက်လုပ်ကြတော့။ အဒေါ်တော့ ဆရာတော်ကို သွားလျှောက်လိုက်ဦးမယ်'

ဒေါ်အေးတင်သည် သူ့သားကလေးအား အဖော်ခေါ်ကာ ဘုန်းကြီးကျောင်းသို့ ထွက်သွားလေသည်။

ရေတွေ့ပြီဖြစ်၍ တွင်းတူးသမားများသည် တွင်းတူးသည့်ပိုက်များကို ပြန်ချုတ်ခြင်း၊ ပိုက်အသစ်ထည့်ခြင်း စသည်တို့ကို ဆောင်ရွက်ကြသကဲ့သို့ ဦးခင်မောင်ကလည်း ရေတင်ရန်အတွက် ရေစုပ်စက်တစ်လုံးနှင့် လိုအပ်သည့် ပစ္စည်းများကို အပြေးဝယ်ယူလေသည်။ ရေတွင်းတူးသမား တစ်ဦးက ပြောလေသည်။

'ဒီနေရာမှာ ပေ(၂၀၀)ကျော်တာတောင် ရေတွေ့ချင်မှတွေ့တာ၊ ဒီခြံထဲမှာပဲ ပေ(၂၅၀)နဲ့ (၃)တွင်းတူးပြီးပြီလေး ဘယ်မှာ ရေတွေ့လို့လဲ။ တွေ့မယ့်တွေ့တော့လည်း ပေ(၈၀)နဲ့တွေ့တယ်။ အင်မတန်ကံကောင်းတာပဲ။ ဘုရားပေးတဲ့ ရေလို့သာ ပြောလိုက်ချင်တော့တယ်။ အဒေါ် ဘုရားဂုဏ်တော်တွေ ရွတ်တာကလည်း စိတ်ကြည်နူးဖို့ကောင်းလိုက်တာ'

ထို့နောက် ထွက်လာသောရေကို သောက်ကြည့်ကြလေသည်။

'ရေက ပြာလဲ့လဲ့ကလေးရယ်၊ ရေချိုပဲ။ သောက်လို့လည်း ရတယ်'

(၄)

နောက်(၂)ရက်ခန့် ကြာသောအခါ ခေါင်းရင်းမှ အဆောက်အအုံမှာလည်း ပြင်ဆင်ပြီးဖြစ်၍ ကျောင်းအဖြစ် ခေတ္တအသုံးပြုရန် သီလရှင် ဆရာကြီး၊ ဆရာလေးများ ရောက်ရှိလာကြလေသည်။

ထိုအဆောက်အအုံထဲတွင် အုတ်ဖြင့်ပြုလုပ်ထားသော ရေလှောင်ကန်တစ်ခုရှိရာ ဒေါ်အေးတင်တို့ခြံထဲရှိ အဝီစိတွင်းမှ ပို့လွှတ်လိုက်သော ရေများသည် ရေပိုက်မှတစ်ဆင့် ရေကန်ထဲသို့ တဝေါဝေါဖြင့် ကျဆင်းလာလေတော့သတည်း။

**မင်းသန့်ကျော်**(ဇီးကုန်း)

ကျေးဇူးတင်စကား

*ဖြစ်ရပ်မှန်ကို ပြောပြသော ဒေါ်တင်တင်ဆွေကို ကျေးဇူးတင်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြမေသည် နံနက်ပိုင်း၌ မီးဖိုချောင်ဝင်နေရင်း
ူမ၏မွေးရပ်ရွာကလေးဖြစ်သော ညောင်ပင်သာရွာကို
သတိရနေမိသည်။ တကယ်တော့ ဒေါ်မြမေသည် ညောင်
င်သာရွာတွင် မွေးဖွားခဲ့သူဖြစ်သည်။ အရွယ်ရောက်လာ
သာအခါ ရွာ၏ ကွမ်းတောင်ကိုင်တစ်ယောက်
ဖြစ်လာလေသည်။

တစ်နေ့တွင် ရွာ၏
အလှူပွဲသို့ ရန်ကုန်
ဆွေမျိုးများ
ကိုပါ
တ်သဖြင့်
အလှူသို့





## ဂမ္ဘီရဖြစ်ရပ်ဆန်းများ

ရောက်လာခဲ့ကြလေသည်။ ရန်ကုန်မှ အလှူလာခဲ့ကြသူ
များတွင် ငွေအောင် ဆိုသူလည်း ပါလာခဲ့၏။ ထိုအခါ
အလှူပွဲတွင် ကွမ်းတောင်ကိုင် မြမေနှင့် ဆုံတွေ့ကာ
ချစ်ကျွမ်းဝင်ခဲ့ကြပြီး နှစ်ဖက်မိဘများ၏ သဘောတူညီ
ချက်ဖြင့် ရွာတွင် မင်္ဂလာပွဲကြီး ကျင်းပခဲ့ကြသည်။
သျှောင်နောက်ဆံထုံးပါရစေမြဲ မိမြမေလည်း ငွေအောင်၏
မိဘများရှိရာ ရန်ကုန်သို့ လိုက်ပါသွားခဲ့လေသည်။

www.burmeseclassic.com

ဒေါ်မြမေမှာ ထိုစဉ်ကတည်းက ရွာသို့ တစ်ခါတစ်ခေါက်မျှ မရောက်ခဲ့ဘဲ အောင်အောင် ရှင်ပြုချိန်မှသာ တစ်ခေါက် ပြန်ရောက်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ရန်ကုန်တွင် အနေကြာကာ သားအောင်အောင်ပင် ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်နေလေပြီ။

'အောင်အောင်ရေ..မင်းရဲ့ ဂမ္ဘီရဝတ္ထုတစ်ပုဒ် ဒီလ ဂမ္ဘီရမဂ္ဂဇင်းမှာ ပါလာတယ်ဟေ့'

'ဟာ..ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ်ကွ။ ငါ (၃၁)လမ်းထဲက မောင်လတ်စာအုပ်ဆိုင်မှာ ဂမ္ဘီရမဂ္ဂဇင်းတွေ့လို့ မာတိကာ လိုက်ဖတ်ကြည့်မိတော့ မင်းရဲ့ကလောင်နာမည် တွေ့ခဲ့တာပါကွ'

'အင်း..မင်းက မဂ္ဂဇင်းမှာ အသေအချာ ကြည့်လာခဲ့တာဆိုတော့ ဟုတ်မှာပါကွာ။ ငါက မြို့ထဲကို လက်ကုန်ရက်လောက်မှ သွားထုတ်မှာလေ'

အောင်အောင်မှာ အစိုးရဌာနတစ်ခုတွင် အလုပ်ဝင်လုပ်နေရင်း စာပေဝါသနာပါသဖြင့် ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုတိုများ ရေးသားပြီး မဂ္ဂဇင်းတိုက်များသို့ ပေးပို့ခဲ့၏။ ရံဖန်ရံခါ သူ့ဝတ္ထုစာမူများ ပါလာတတ်လေသည်။

◆◆◆

'သားတို့ အလုပ်ဌာနက သင်္ကြန်ပိတ်ရက်မှာ ဘယ်ကို ခရီးထွက်ဖို့ရှိလဲ သားရေ'

'ဟို..ချောင်းသာကို ဌာနက လိုက်ပို့ပေးမယ် ပြောတာပဲ အမေရယ်။ သားက ချောင်းသာကို ရောက်ဖူးနေလေတော့ မလိုက်ချင်ဘူး အမေရာ'

'မလိုက်မနေရမဟုတ်ဘူး မဟုတ်လား သားရယ်။ သားမလိုက်ချင်လည်း နေရစ်ခဲ့ရင် ရတာပဲမဟုတ်လား'

'ဟုတ်တယ် အမေ။ သားက တခြားမရောက်ဖူးသေးတဲ့ နေရာဒေသတွေကို သွားချင်တာ အမေရဲ့။ ဒါမှ သားအတွက် ဗဟုသုတအသစ်အဆန်းတွေရပြီး စာရေးနိုင်မယ့် ဇာတ်လမ်းတွေလည်း ရနိုင်မှာပဲ အမေရာ'

'ဒီလိုဆိုရင် သား ကိုရင်ဝတ်တုန်းက ရွာကို တစ်ခေါက်ပဲ ရောက်ဖူးခဲ့တာ မဟုတ်လားကွယ့်။ ဒီတော့ သင်္ကြန်ပိတ်ရက်မှာ သား ရွာကိုသွားလည်ပါလား။ ရွာက ဆွေမျိုးသားချင်းတွေနဲ့လည်း တွေ့ရတာပေါ့ကွယ်'

အောင်အောင်ကို ရှင်ပြုပေးစဉ်က ရန်ကုန်တွင် မပြုဘဲ အမေ၏မွေးရပ်မြေ ညောင်ပင်သာတွင်လာ၍ ရှင်ပြုပေးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အောင်အောင်မှာ အသက်ကိုးနှစ်သားလောက်သာပင် ရှိနေသေးသည်။ ထိုစဉ်ကတည်းက ရွာသို့ မရောက်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

'အမေအကြံပေးတာ ကောင်းတယ် အမေ။ သားက ရှင်ပြုစဉ်ကသာ ရွာကို တစ်ခေါက်ပဲ ရောက်ဖူးခဲ့တာဆိုတော့ သင်္ကြန်တွင်းမှာ ရွာကိုပဲ သွားလည်တော့မယ်ဗျာ'

'အေး..အေး..သား ရွာကို သွားလည်မယ်ဆိုရင်တော့ မင်းရဲ့ဦးကြီးအတွက် ကန်တော့ဖို့ အမေဝယ်ပေးလိုက်မယ်လေ။ သား ရွာရောက်တော့ မင်းဦးကြီးတို့ကို ရိုရိုသေသေ ကန်တော့ပေါ့ကွယ်'

'အမေ..သား ရွာကိုသွားလည်ရင်တော့ ချက်ချင်းပြန်လာမှာ မဟုတ်ဘူးနော်။ သင်္ကြန်ပိတ်ရက်ပြည့်ခါနီးမှ ပြန်လာမှာဗျ'

'အို..သားဦးကြီးတို့ဆီကို သွားတာပဲကွယ် သားကြိုက်သလောက်နေပါ။ အမေ စိတ်ချပါတယ်လေ'

'သားကတော့ ရွာရောက်ရင် သားရဲ့ ဦးကြီးတို့ကိုလည်း ကန်တော့မယ်။ သားငယ်စဉ်က သင်္ကန်းဝတ်ပေးခဲ့တဲ့ ရွာဦးက ဥပဇ္ဈာယ်ဆရာတော် ဘုန်းကြီးကိုလည်း သွားပြီးကန်တော့မယ် အမေ'

'သိပ်ကောင်းတာပေါ့ သားရယ်'

နောက်နှစ်ရက်ခန့်အကြာတွင် အောင်အောင်လည်း သူတို့၏ ရုံးသင်္ကြန်ရက်တွင် ရုံးပိတ်သွားခဲ့ပြီဖြစ်၍ အဝတ်အစားအိတ်နှင့် ကန်တော့ပစ္စည်းတချို့ ထည့်ထားသော အိတ်ကိုဆွဲ၍ အဝေးပြေးဂိတ်သို့ ထွက်လာခဲ့လေသည်။ အောင်အောင်သွားရမည့် ညောင်ပင်သာရွာက ဖြူး၊ ဇေယျဝတီတို့၏ မြောက်ဘက်တွင် ရှိ၏။ မိုင်တိုင်(၁၁၅)ဖြစ်သော တိုးဂိတ်သို့ရောက်လျှင် ဆင်းပြီး ဆိုင်ကယ်,ကယ်ရီစီးကာ ဖြူးမြောက်ဘက်မှ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကို လာရမည်။ ကားလမ်းဟောင်းသို့ရောက်မှ ဖြူး-တောင်ငူသို့ ပြေးဆွဲနေသော ဘတ်စ်ကားဖြင့် ညောင်ပင်သာရွာဘက်သို့ စီးသွားရမည် ဖြစ်သည်။

ဟော..ရှေ့ကဟာ တိုးဂိတ်ရောက်ပြီပဲ။ ငါလည်း တိုးဂိတ်ထဲက စားသောက်ဆိုင်တစ်ဆိုင်ထဲဝင်ပြီး တစ်ခုခု စားဦးမယ်။ ပြီးမှ ဆိုင်ကယ်,ကယ်ရီစီးပြီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကို စီးသွားရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

'ဟေ့..ရှမ်းခေါက်ဆွဲရသလားကွ'

'ရပါတယ် အစ်ကို'

'ရရင် ရှမ်းခေါက်ဆွဲတစ်ပွဲပေးကွာ။ ပြီးတော့ ကော်ဖီတစ်ခွက် ချပေးပါကွာ'

စားသောက်ပြီးသဖြင့် လမ်းဟောင်းသို့ ဆိုင်ကယ်ကယ်ရီစီး၍ လာခဲ့လေသည်။

'မင်းတို့ ဆိုင်ကယ်,ကယ်ရီဆွဲတာ အဆင်ပြေရဲ့လား ကွ'

'ပြေပါတယ် အစ်ကို။ တချို့ခရီးသည်တွေက အဝေးပြေးကားနဲ့ ရန်ကုန်က တိုးဂိတ်ထိစီးလာပြီး ဇေယျာဝတီကို သွားချင်တော့ ကျွန်တော်တို့ ဆိုင်ကယ်,ကယ်ရီနဲ့ပဲ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကို ပို့ပေးကြရတာလေ'

'သြော်..ဒါနဲ့ မင်းတို့က လမ်းဟောင်းတင် ပို့ပေးတာလား။ ဇေယျာဝတီကိုရော ပို့ပေးနိုင်မလား'

'ရတယ်လေ အစ်ကို၊ ဇေယျာဝတီအထိဆိုရင်တော့ စီးခပိုပေးရလိမ့်မယ်နော်'

'ပေးမယ်လေကွာ။ ငါ့ကို ဇေယျာဝတီအရောက်ပို့ပေးပါကွာ'

တကယ်တော့ အောင်အောင်သည် ဇေယျာဝတီသို့ရောက်လျှင် သူဆက်သွားရမည့် ညောင်ပင်သာရွာသို့ ဆိုက်ကားဖြင့် ဆက်သွားရမည် ဖြစ်သည်။

◆◆◆

'ဟဲ့..ဟဲ့..ဟိုက အိတ်တွေလွယ်ပြီး ခြံထဲဝင်လာတာ ဘယ်သူတုန်းဟဲ့။ ကြည့်ကြပါဦး'

'လူရွယ်တစ်ယောက်ပဲ။ ဘယ်သူမှန်းတော့ မသိဘူး'

'ဟင်..ဦးကြီး၊ သားကို မမှတ်မိဘူးလား။ သားက ဒေါ်မြမေရဲ့သား အောင်အောင်လေ။ ရန်ကုန်က လာခဲ့တာပဲ'

'ဟာ..ဟုတ်လား၊ မင်းက လူပျိုကြီးဖြစ်နေတော့ ဦးကြီးတို့ မမှတ်မိတော့ဘူးလေကွာ။ မင်းငယ်ငယ်တုန်းက ရွာမှာ ကိုရင်ဝတ်သွားစဉ်က ငယ်ငယ်လေးပဲ ရှိနေသေးတာလေကွာ'

'လာ..လာ..အိမ်ပေါ်ကို တက်ဟေ့။ မင်းမိဘတွေရော မပါဘူးလားကွယ့်'

'မပါဘူး ဦးကြီးရဲ့။ သားက ရွာကို ရှင်ပြုတုန်းက တစ်ခေါက်ပဲ ရောက်ခဲ့ဖူးတာမို့ အခု အလုပ်ပိတ်ရက်မှာ ရွာကို အလည်လာခဲ့တာပဲ ဦးကြီးရဲ့'

'ဒါနဲ့ မင်းရဲ့ မိဘတွေရော နေကောင်းကြတယ်မဟုတ်လား'

'ကောင်းကြပါတယ်ခင်ဗျ'

'ဟောဒီမှာ ဦးကြီးတို့ကို ကန်တော့ဖို့ ကန်တော့ပစ္စည်းတွေ ဝယ်ပေးလိုက်ပါတယ်။ ကျွန်တော် ရောက်မဆိုက်ဆိုသလို ဦးကြီးတို့ကို ကန်တော့ပါရစေ'

'အင်း..ငါ့တူကြီး ကျန်းမာချမ်းသာပါစေကွယ်။ လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ။ စိတ်သွားတိုင်း ကိုယ်ပါနိုင်ပြီး လိုရာဆန္ဒ ပြီးပြည့်စုံနိုင်ပါစေကွယ်'

'ဦးကြီးတို့ ပေးတဲ့ဆုနဲ့ ပြည့်ဝရပါလို၏'

'ကဲ..ငါ့တူကြီးလည်း ကားစီးလာခဲ့ရလို့ ပင်ပန်းနွမ်းနယ်နေရောပေါ့။ လန်းဆန်းသွားအောင် ရေချိုးလိုက်ပါလားကွယ်။ ပြီးတော့ ဦးကြီးတို့နဲ့အတူ နေ့လယ်စာအတူစားကြတာပေါ့ကွယ်'

'အရီးလေးရေ..အရီးလေး'

'ဟဲ့..မြခင်လား။ ဘာကိစ္စရှိလို့လဲဟဲ့'

'အရီးလေးတို့အိမ်မှာ ရန်ကုန်က အရီးလေးတို့တူ အလည်ရောက်လာတယ်ဆိုလို့ ကျွန်မ ပဲသီးသုပ်လာပို့ပေးတာပါ အရီးလေးရဲ့'

'အေး..အေး..ကောင်းတာပေါ့ကွယ်'

'ဟင်းတွေ ထည့်စားဟေ့ အောင်အောင်ရေ။ အားမနာပါးရစားစမ်းပါကွာ'

'စားပါတယ် ဦးကြီးရဲ့။ ဟင်းတွေက စုံနေတော့ ဘယ်ဟင်းခွက်ကို နှိုက်ရမှန်းတောင် မသိတော့ပါဘူးဗျာ'

'အေးလေကွာ၊ အိမ်ကချက်တဲ့ဟင်းအပြင် အိမ်နီးချင်းတွေကပို့ပေးတဲ့ ဟင်းတွေနဲ့ဆိုတော့ ပိုစုံသွားတော့တာပေါ့ကွာ'

'ဟုတ်တယ် ငါ့တူကြီးရဲ့။ အရီးလေးတို့ ရွာရဲ့ထုံးစံပဲလေ။ တစ်အိမ်အိမ်မှာ ဧည့်သည်ရောက်တယ်ကြားရင် ဆွေမျိုးတော်တော် မတော်တော် သိသိ,မသိသိ ကိုယ့်အိမ်မှာ ချက်တဲ့ဟင်းကို ပို့ပေးတတ်ကြတာကွယ့်'

အောင်အောင်မှာ ဟင်းခွက်တွေကစုံစုံဖြင့် ထမင်းစားကောင်းခဲ့လေသည်။

'ဒါနဲ့ ငါ့တူကြီး၊ ရွာမှာ ဘယ်လောက်ကြာ



www.burmeseclassic.com

www.burmeseclassic.com

နေသွားမှာလဲ'

'ကျွန်တော် အလုပ်ပြန်မဝင်ရမီ လေးငါးခြောက်ရက်လောက်တော့ နေသွားမှာပါ ဦးကြီး'

'အေး··ကောင်းတယ်။ ရွာထဲကလည်း မင်းကို ထမင်းစားတို့၊ ရေနွေးကြမ်းသောက်တို့ လာခေါ်ကြလိမ့်မယ်ကွယ့်'

'ဆွေမျိုးတော်တော်၊မတော်တော် ဒီလိုပဲ ခေါ်ကျွေးကြတာလား ဦးကြီး'

'ဟုတ်တယ် ငါ့တူကြီးရဲ့။ ဒီလိုတွေခေါ်ပြီး ဧည့်ခံဝတ်ပြုပေးတတ်ကြတာက ဦးကြီးတို့ရွာရဲ့ ဓလေ့တစ်ခုပဲလေကွယ်'

'အင်း··ကျွန်တော်တို့မြို့နဲ့တော့ ကွာပါ့ ဦးကြီးရာ။ မြို့မှာက ကိုယ့်အိမ်နီးချင်းအိမ်မှာ ဧည့်သည်ရောက်နေရင်လည်း မဆိုင်သလို နေကြတာပဲဗျ'

'အေးပေါ့ကွာ။ နေရာချင်းလည်း မတူကြ၊ အစစအရာရာ ဝယ်ခြမ်းစားသောက်နေကြရတော့ ဘယ်ဂရုစိုက်အားပါ့မလဲကွာ'

ညဘက်သို့ရောက်လျှင် ရေနွေးကြမ်းသောက် လာခေါ်သဖြင့် အောင်အောင် လိုက်သောက်ရလေသည်။ ထိုသို့ လိုက်သောက်ရင်းဖြင့် ရွာမှ လူငယ်များနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရလေသည်။

◆◆◆

'ကိုအောင်အောင်··ပျင်းနေပြီလားဗျ'

'မပျင်းပါဘူး ငါ့ညီတို့ရာ'

'ညနေဘက် ရွာထဲ လျှောက်လည်ကြမယ်လေ'

'အင်း··ကောင်းသားပဲ။ သွားကြမယ်လေ'

'ငါ့ညီတို့ရွာက ရွာအလယ်မှာ ချောင်းဖြတ်စီးနေတော့ ရေတော့ မခက်ကြဘူး ထင်တယ်'

'အိုး··မိုးနဲ့ဆောင်းမှာတော့ ရေကပေါပေမယ့် နွေရောက်လာရင်တော့ ချောင်းရေတွေ ခန်းခြောက်သွားလို့ အခက်အခဲရှိပါတယ်'

'ဟင်··ဟုတ်လား'

'ဒါပေမဲ့ ချောင်းထဲမှာ သဲတွင်းကလေးတွေ ထပ်တူးရင်တော့ ရေရပါတယ်'

'ဒါနဲ့ ဟိုတောင်ခြေက လှမ်းမြင်နေရတဲ့ ဘုရားစေတီကလေးက ထုံးဖွေးဖွေးနဲ့ သပ္ပာယ်လှတယ်နော်'

'အဲဒီစေတီကလေးကိုသွားရင် ဝေးသလားဗျ'

'သိပ်မဝေးလှပါဘူး။ ကိုအောင်အောင် သွားချင်လို့လား။ သွားချင်ရင် လိုက်ပို့ပေးမယ်လေ'

'အေးဗျာ၊ ညနေဘက်မှာ နေအေးအေးနဲ့ သွားဖူးရရင် ကောင်းမယ်'

အောင်အောင်နှင့် ရွာမှလူငယ်တချို့လည်း ထိုတောင်ခြေမှ ဘုရားစေတီကလေးဆီသို့ လျှောက်လာခဲ့ကြလေသည်။

'အင်း··တောင်ကုန်းအမြင့်ကလေးပေါ်မှာ တည်ထားတာဆိုတော့ ဟိုးခပ်ဝေးဝေးကလှမ်းပြီး ဖူးမြင်နိုင်တာပဲ'

'ဒီစေတီကလေးကို ရွာက စုပြီးတည်ထားကိုးကွယ်ထားတာလားဟင်'

'အင်း··ဆိုပါတော့ဗျာ။ ဒါပေမဲ့ ဒီဘုရားကို စတင်ပြီး တည်ထားတာကတော့ ရဟန်းတော်တစ်ပါးကပါ။ ရွာကတော့ ဝိုင်းဝန်းကူညီပေးကြရတာပေါ့လေ'

'ဒီရွာဦးကျောင်းက ရဟန်းလား'

'မဟုတ်ပါဘူး။ အဲဒီရဟန်းတော်အကြောင်းကို ပြောပြရမယ်ဆိုရင် အရှည်ကြီးပဲ ကိုအောင်အောင်ရ'

"ဘယ်လောက်ရှည်ရှည်ဗျာ၊ ကျွန်တော် စိတ်ဝင်တစားနဲ့ နားထောင်ချင်ပါတယ်ဗျာ'

'ကဲ··ဒီလိုဆိုရင်လည်း ပြောပြပေးပါ့မယ်ဗျာ'

'အဲဒီဘုရား စပြီးတည်ခဲ့တဲ့ ရဟန်းတော်က ဒီရွာကျောင်းက မဟုတ်ဘူးဗျ။ ဒီရွာရဲ့ သချိုင်းတောထဲမှာ တစ်ပါးတည်း တရားထိုင်နေတာကို ရွာထဲက လူတစ်ယောက်က အဲဒီသချိုင်းဘေးမှာ မြက်စားနေတဲ့ သူ့ရဲ့နွားကို သွားမောင်းရင်းနဲ့ မြင်တွေ့ခဲ့တာဗျ'

'ဟာ··သချိုင်းတောထဲမှာ နေ့ရောညပါ တစ်ပါးတည်း နေခဲ့တာလား'

'ဟုတ်တယ်တဲ့။ အဲဒီရဟန်းက သချိုင်းတွေမှာ သုသာန်ဓုတင် လိုက်ကျင့်နေခဲ့တာတဲ့လေ'

'အေးဗျာ၊ စိတ်ဝင်စားစရာပါပဲ။ ရှေ့ဆက်ပြောစမ်းပါဦးဗျာ'

'အဲဒီဆရာတော်က မနက်ကိုးနာရီမှာ သပိတ်ပိုက်ပြီး အိမ်(၇)အိမ်ကိုပဲ ဆွမ်းခံထွက်သတဲ့။ ရသမျှဆွမ်းဘုဉ်းပေးပြီး သချိုင်းတောထဲမှာပဲ တရားကျင့်နေခဲ့တာသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ လူတွေက တစ်စ,တစ်စ သိလာခဲ့ကြပြီး ဆရာတော်ကို ဆွမ်းပို့၊ ဆရာတော်ထံမှာ တရားလာနာကြတာပေါ့။ ဆရာတော်ကလည်း တရားပြန်ပေးပြီး သူလိုပဲ သင်္ချိုင်းတောထဲက မြေပုံတွေပေါ်မှာ တရားထိုင်စေခဲ့သတဲ့'

'နောက်တော့ကောဗျာ၊ ဘာဆက်ဖြစ်သေးလဲဗျ'

'နောက်တော့ ရွာထဲက ဆရာတော်ရဲ့ အကျင့်သီလကို ယုံကြည်လာကြပြီး တရားလာထိုင်သူတွေ တဖြည်းဖြည်း များလာခဲ့တော့တာပေါ့ဗျာ'

'တရားလာထိုင်သူတွေလည်း များလာ၊ တရားထိုင်လာတဲ့ ရက်တွေလည်း ရလာခဲ့တော့ ဆရာတော်က သူ တရားပြခဲ့တဲ့ ဒကာတွေမှာ တရားဘယ်အဆင့်အထိ ရခဲ့ကြပြီကို စမ်းသပ်ခဲ့တော့တာပဲ'

'ဟာ..ဟုတ်လား။ ဘယ်လိုများ တရားစမ်းသပ်ခဲ့တာလဲဗျ'

'ဆရာတော်က သူ့ထံမှာ တရားလာထိုင်ခဲ့တဲ့ ယောဂီတွေထဲက ကိုရွှေဒွန်း၊ ကိုစံတင်၊ ကိုဘိုးလှ ဆိုတဲ့ လူသုံးယောက်ကို တရားတကယ်ရ,မရ စတင်ပြီး စမ်းသပ်ခဲ့တော့တာပဲတဲ့ဗျ'

'ပထမဦးဆုံး ကိုရွှေဒွန်းဆိုတဲ့ ယောဂီကို ဆရာတော်ကခေါ်ပြီး မိန့်ကြားသတဲ့လေ'

'ဒီမှာ ဒကာကြီး၊ ဒကာကြီးဟာ ယောဒီသုသာန်ထဲမှာ တရားထိုင်ခဲ့တာဟာ ရက်တွေလည်း အတော်ကြာပြီ။ တရားကိုလည်း ပေါက်မြောက်အောင် ကျင့်ကြံနိုင်ခဲ့ပြီ။ ဒီတော့ ဒကာကြီးကို အဝေးတစ်နေရာက သုသာန်ကို တရားထိုင်ဖို့ စေလွှတ်ရမယ်။ မနက်လင်းရင် ဆရာတော်ထံ ပြန်လာခဲ့ပြီး တရားထိုင်ခဲ့တဲ့နေရာရဲ့ ထူးခြားချက်တွေကို လျှောက်ထားရမယ်လို့ မိန့်ကြားပြီး သုံးမိုင်လောက်ဝေးတဲ့ ရွာတစ်ရွာရဲ့ သင်္ချိုင်းကို တစ်ည တရားသွားထိုင်ဖို့ စေလွှတ်လိုက်သတဲ့။

ဒါနဲ့ ကိုရွှေဒွန်းလည်း ညနေပိုင်း (၆)နာရီအချိန်လောက် အဲဒီစေလွှတ်တဲ့ သင်္ချိုင်းကို သွားခဲ့ရတာပေါ့။ သင်္ချိုင်းက ရွာနဲ့ နှစ်ခေါ်သာသာလောက် ဝေးသတဲ့။ ကိုရွှေဒွန်းလည်း အဲဒီသင်္ချိုင်းရဲ့ ဇရပ်ပေါ်မှာ နေရာယူကာ လှည်းကျင်းသန့်ရှင်းလိုက်တယ်တဲ့။ ပြီးတော့ မှောင်လာပြီဖြစ်တဲ့အတွက် ဖယောင်းဆီမီးထွန်းညှိပြီး ဘုရားကန်တော့ကာ တရားစပြီးထိုင်နေခဲ့သတဲ့။ အတော်ကလေးညဥ့်နက်လာတော့ ကိုရွှေဒွန်း တရားထိုင်နေတဲ့ နောက်နားက သမံတလင်းကို လက်သည်းနဲ့ တဂျစ်ဂျစ်ကုတ်နေသံ ကြားလာခဲ့သတဲ့။ ကိုရွှေဒွန်းကတော့ ဒီအသံဟာ သူ့ကို သင်္ချိုင်းအစောင့်က ခြောက်လှန့်ခဲ့တာပဲ ဆိုတာသိလို့ တရားကိုသာ အာရုံပြုပြီး ရှုမှတ်နေခဲ့သတဲ့။ ကုတ်ခြစ်နေတဲ့အသံဟာ ပျောက်မသွားဘဲ ကုတ်ခြစ်မြဲ ကုတ်ခြစ်နေတာကြောင့် သူ့ရဲ့ဆရာတော်ကို ပြေးပြီးသတိရလိုက်တယ်ဆိုရင်ပဲ ကိုရွှေဒွန်းရဲ့စိတ်ထဲမှာ ဆရာတော်က သူ့တရားထိုင်နေတဲ့ရှေ့ကို ရောက်လာပြီး မိမိတရားသာ မပြတ်အောင် ရှုမှတ်ပါ။ ဒီလိုခြောက်လှန့်နေတာဟာ တရားကျင့်သူရဲ့ သမာဓိရှိမှုကို စမ်းသပ်နေတာပဲ ဖြစ်တယ်။ ဆရာတော်အနေနဲ့လည်း မိမိစေလွှတ်ထားတဲ့ ယောဂီကို အမြဲစောင့်ရှောက်ပေးနေတယ်လို့လည်း မိန့်ကြားရော ကိုရွှေဒွန်း အားပိုရှိသွားပြီး ဘယ်လိုအနှောင့်အယှက်ကိုမှ ဂရုမထားတော့ဘဲ မိုးလင်းတဲ့အထိ တရားကိုသာ အာရုံထားပြီး ရှုမှတ်ခဲ့တယ်တဲ့။

မိုးလင်းလာတော့ တရားကိုဖြုတ်ပြီး ဆရာတော်ထံ ပြန်လာခဲ့ကာ ဆရာတော်အား သူ တရားထိုင်ရာတွင် ကြုံတွေ့ခဲ့မှုများကို လျှောက်ထားခဲ့သတဲ့။ ဒီတော့ ဆရာတော်က ဒကာကြီးဟာ ဘယ်လိုအနှောင့်အယှက်ကိုမှ ဂရုမထားဘဲ ညလုံးပေါက် တရားရှုမှတ်နိုင်ခဲ့တာကို ချီးကျူးမိန့်ကြားခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ညမှာတော့ ကိုစံတင်ဆိုတဲ့ ဒကာကြီးကို အခြားသင်္ချိုင်းတစ်ခုကို စေလွှတ်ပြီး တရားထိုင်စေခဲ့ပြန်သတဲ့။ ကိုစံတင်ဟာ ထိုသင်္ချိုင်းကို ရောက်တာနဲ့ ဆီမီးထွန်းကာ ဘုရားဝတ်ပြုပြီး စတင်တရားရှုမှတ်ခဲ့သတဲ့။ နာရီဝက်လောက်ကြာတော့ သူ တရားထိုင်တဲ့နောက်နားက အဝတ်စုတ်တွေကို တစ်ဖြင်းဖြင်းနဲ့ ဆုတ်ဖြဲနေသံတွေ ကြားလာခဲ့သတဲ့။ ကိုစံတင်ဟာ ထိုအသံတွေ ကြားလာခဲ့တော့ သူ့ရဲ့တရားထိုင်မှုကို စမ်းသပ်နေခဲ့တယ်ဆိုတာ သိခဲ့တာနဲ့ မကြောက်မရွံ့ ဂရုမထားဘဲ မိမိတရားကိုသာ စူးစူးစိုက်စိုက် ရှုမှတ်ခဲ့ပြီး မိုးလင်းခဲ့တော့မှ ဆရာတော်ထံ ပြန်လာခဲ့တယ်တဲ့။ ဆရာတော်ကိုလည်း ညက အဖြစ်အပျက်ကို ပြန်လျှောက်တင်ခဲ့သတဲ့။ ဒီတော့ ဆရာတော်က မည်သည့်အနှောင့်အယှက်ကိုမျှ ဂရုမထားဘဲ ညလုံးပေါက် တရားအားထုတ်လာနိုင်ခဲ့တဲ့ ကိုစံတင်ကို ချီးကျူးခဲ့တယ်တဲ့လေ။

နောက်တစ်နေ့ညမှာတော့ ကိုဘိုးလှဆိုတဲ့ ယောဂီကို အခြားရွာက သုသာန်ကို တရားသွားထိုင်ဖို့ စေလွှတ်ခဲ့သတဲ့။ ကိုဘိုးလှလည်း ဆရာတော် စေလွှတ်တဲ့ သုသာန်ကို ရောက်လာခဲ့တယ်တဲ့။ နေရာထိုင်ခင်း လှည်းကျင်းပြီး ဆီမီးပူဇော်ကာ စတင်တရားထိုင်ခဲ့တာပေါ့လေ။ အဲ.. တရားထိုင်လို့ နာရီဝက် တစ်နာရီလောက် ကြာလာတော့ သောင်းလာတာနဲ့ တရားရှုမှတ်ခြင်းကို ဖြုတ်ခဲ့ပြီး ဆီမီးမှုတ်ကာ ပုဆိုးခေါင်းမြီးခြုံပြီး အိပ်ခဲ့သတဲ့။ အဲဒီလို အိပ်ခဲ့ရင်ပဲ လက်အေးကြီးနဲ့ သူ့ရဲ့ခြေနှစ်ချောင်းကို ဆုပ်ကိုင်လိုက်ပြီး ဇရပ်ထဲကနေ တရွတ်တိုက် ဆွဲသွားခဲ့သတဲ့။ ဟာ..ငါ့ခြေထောက်ကို ဘာလို့လာဆွဲနေတာလဲ။ လွှတ်.. လွှတ်လို့ အော်ဟစ်ရင်း ဇရပ်ရဲ့အပြင် မြေပြင်ပေါ်ကို ရောက်သွားခဲ့သတဲ့။ ဒီအခါမှာ ကိုဘိုးလှဟာ တစ်အားကြောက်လန့်သွားခဲ့ပြီး ညတွင်းချင်းမှာပဲ ရွာဆီကို ပြေးထွက်သွားခဲ့တော့တယ်တဲ့။

ကိုဘိုးလှဟာ နောက်နေ့မနက်မှာ ဆရာတော်ထံကိုလည်း ရောက်မလာခဲ့တော့ဘဲ သူနေထိုင်တဲ့ ရွာမှာပဲ ရဟန်းဝတ်နေခဲ့ပြီး ဦးပဥ္ဇင်းကြီးဘဝနဲ့ နေခဲ့လေတယ်'

အောင်အောင်မှာ တရားထိုင်နိုင်ခဲ့သော ကိုရွှေဒွန်းနှင့် ကိုစံတင်တို့ကို တွေ့လိုခဲ့သည်။

'အဲဒီ ကိုရွှေဒွန်းနဲ့ ကိုစံတင် ဆိုတဲ့လူတွေရော ရွာထဲမှာ ရှိနေကြတုန်းပဲလား'

'အို..ရှိနေကြပါတယ်။ မသေကြသေးပါဘူး။ သူတို့အနေနဲ့ တရားဖက်တော့ အသက်ရှည်ဆိုသလိုပဲ လောကီသားတွေ ဖြစ်ကြပေမယ့် နေ့ခင်းနေ့ဘက်မှာ အိမ်စီးပွားရေးအတွက် လုပ်ကိုင်ရှာဖွေခဲ့ကြပြီး ညဘက်ရောက်လာခဲ့ရင်တော့ အိမ်ရှိဘုရားမှာ ဆီမီး၊ ရေချမ်းများ ကပ်လှူကြပြီး ဘုရားရှိခိုး ရွတ်ဖတ်သရဇ္ဈာယ်ကြကာ တရားရှုမှတ်ခြင်းအလုပ်ကို ယုံယုံကြည်ကြည်နဲ့ ကျင့်ကြံခဲ့ကြတာမို့ အသက်တွေ ကြီးခဲ့ပေမယ့် မသေကြသေးပါဘူးလေ'

'ဒါနဲ့ ဟိုကိုဘိုးလှဆိုသူက ရွာဘုန်းကြီးကျောင်းကို ပြောင်းသွားပြီး ရဟန်းဝတ်နေခဲ့တာရော ရှိနေသေးသလား'

'မရှိတော့ပါဘူး။ ရဟန်းဝတ်ပြီး (၆)လလောက်အကြာမှာပဲ ပျံလွန်တော်မူခဲ့ပါတယ်'

'သြော်..တရားအလုပ်ဆိုတာ ပေါ့တန်တန်နဲ့ ကြိမ်းကျေဝတ်ကျေ အားထုတ်လို့မရဘဲ တကယ်ထိထိမိမိကြိုးစားအားထုတ်နိုင်မှ တရားကို ရနိုင်တာပါကလား'

'ဟုတ်တယ်လေ။ ကိုရွှေဒွန်း၊ ကိုစံတင်နဲ့ ကိုဘိုးလှတို့သုံးဦးကို သုသာန်ဆရာတော်က တရားစမ်းသပ်ခဲ့ရာမှာ တကယ်ထိထိမိမိနဲ့ ကြိုးစားအားထုတ်ခဲ့တဲ့ ကိုရွှေဒွန်းနဲ့ ကိုစံတင်တို့ကတော့ ဘယ်လိုအနှောင့်အယှက်ကိုမှ ဂရုမထားဘဲ မိမိကျင့်ကြံတဲ့ တရားမှာသာ အာရုံထားပြီး အားထုတ်ခဲ့တော့ အောင်မြင်ကျော်လွှားနိုင်ခဲ့သလို တရားကို အပရိကအားထုတ်ခဲ့တဲ့ ကိုဘိုးလှမှာတော့ တရားမထိုင်တော့တာနဲ့ ဇရပ်စောင့်က ခြေနှစ်ချောင်းကို ဆွဲချပြီး ဇရပ်အပြင်ကို အထုတ်ခံခဲ့ရတာ အသေးအရှားပဲ။ ပြီးတော့ တရားကို ဖိဖိစီးစီး အားမထုတ်ခဲ့တဲ့အတွက် စောစီးစွာပဲ ပျံလွန်တော်မူခဲ့ရတယ်နော်'

အောင်အောင်လည်း သူ အလည်ရောက်နေသောရွာတွင် ဖြစ်ပျက်ခဲ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းများကို ကြားသိခဲ့ရသောအခါ ထူးလည်း ထူးဆန်းလှပြီး တကယ်တမ်း တရားအလုပ်ကို ကျင့်ကြံအားထုတ်မည်ဆိုပါက ယုံယုံကြည်ကြည်နှင့် ထိထိရောက်ရောက် အားထုတ်ကြမှသာ အရာရာ အောင်မြင်နိုင်ကြောင်း သိရှိခဲ့ရတော့သည်။

**တင့်ထူး(ဖေယျာဝတီ)**



www.burmeseclassic.com

www.burmeseclassic.com



# အလင်္ကာသူရ

## အံ့ဖွယ်အလည်ခရီးတစ်ခေါက်



မနက်ဖြန်အပ်ရမည့် ရော်ဘာဘာလောက်တုံးအတွက် ကိုမျိုးသင်း စိတ်စောနေသည်။ ထိုစဉ်မှာပင် မိမိနားစည်အတွင်းသို့ ခေါ်လိုက်သံလိုလို ကြားလိုက်ရသော်လည်း အလုပ်က အရေးကြီးနေသည်မို့ ဘာသိဘာသာ နေလိုက်မိသည်။ သို့သော်လည်း နောက်တစ်ကြိမ် ထပ်မံကြားလိုက်ရပြန်သောအခါ မော့ကြည့်လိုက်ရတော့၏။ သူ့ရှေ့တူရူရှိ ဝိုင်းဝင်းထရံအပေါ်မှ လူတစ်ယောက်၏ မျက်နှာအား မြင်လိုက်ရတော့မှ သူ့လုပ်လက်စလုပ်ငန်းအား ရပ်နားပစ်လိုက်ရလေတော့သည်။

'ကိုမျိုးသင်း..ခုလို ကိုယ့်ကိုထမင်းကျွေးနေ့တဲ့ လုပ်ငန်းအပေါ် လေးလေးစားစားနဲ့ အရေးထားလုပ်နေတာမြင်လိုက်ရတော့ ဝမ်းသာတယ်ဗျာ။ ဒါပေမဲ့ ကျုပ် ခေါ်တာကို ပြန်မထူးတော့ လုပ်ငန်းခွင်ပျက်မှာစိုးပြီး မထူးတာလို့ ထင်နေတာဗျ'

'ကိုကြည်မောင် ပြောလည်း ခံရမှာပဲဗျာ။ ကျုပ်နာမည်ကို ခေါ်လိုက်တဲ့ အသံကို ကြားလိုက်သလိုတော့ ရှိသား။ ဒါပေမဲ့လည်း အလုပ်ထဲမှာ စိတ်ရောက်နေတော့ တကယ့်ခေါ်သံလို့ မထင်မှတ်မိဘူးလေ။ ကဲ..လာဗျာ၊ အိမ်ထဲကို ဝင်ခဲ့ရောပေါ့။ ဘယ့်နှယ် လမ်းပေါ်ကနေရပ်ပြီး စကားပြောနေရတာလဲ'

'အို..အို..ခင်ဗျားလုပ်ငန်းကိုသာ ဆက်လုပ်ပါဗျာ ကျွန်တော့်အတွက် ခင်ဗျားအလုပ်မပျက်စေချင်ဘူးလေ'

'ကျွန်တော့်လုပ်ငန်းက ပြီးသလောက် ဖြစ်နေပါပြီဗျာ။ ကဲ..အိမ်ထဲကို ဝင်ခဲ့ပါဦး။ စီးကရက်လည်း သော စမ်းပါဦး'

ကိုမျိုးသင်းက သူ့တံဆိပ်တုံးကို ဘေးမှာ ချထား လိုက်ပြီး ပြောဆိုဖိတ်ခေါ်လိုက်သည်။

'ကျွန်တော်က ဆေးလိပ်ဖြတ်ထားတာဗျ။ ကျန်း ရေးအတွက်ရော စီးပွားရေးအတွက်နဲ့ရော ဆိုပါတော့ဗျ'

ကိုကြည်မောင်က အိမ်ထဲသို့ ဝင်မလာခဲ့ပေ။ ခြံ ရိုး အပြင်ဘက်မှနေ၍ မတ်တတ်ရပ်ရင်း စကားပြော တော့သည်။ ကိုမျိုးသင်းက ပြောရင်းကပင် စီးက



www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်အား
မီးညှိလိုက်ကာ
နှစ်နှစ်ခြိုက်ခြိုက်ပင်
သောက်နေလိုက်သည်။ ဆိုရလျှင်
ကိုမျိုးသင်းသည် စီးကရက်ကို ခုံမင်စွာ
သောက်တတ်သူ တစ်ဦးပင် ဖြစ်ပါလေ၏။

"အကြောင်းကိစ္စအထူးများ ရှိနေသလား ကိုကြည်မောင်ရဲ့။ လာပါဗျာ..ခင်ဗျားကလည်း၊ အိမ်ထဲကို ဝင်ခဲ့ရောပေါ့"

"မထိုင်တော့ပါဘူးဗျာ။ ခင်ဗျားဆီ လာတာက ဒီလိုပါ။ ကျွန်တော် ရွာဘက်ကို သွားစရာရှိတယ်ဗျ။ ခင်ဗျား တစ်ခါက ပြောဖူးတယ်လေ။ ခင်ဗျားမှတ်မိသလား မသိဘူး။ ခင်ဗျားက ကျွန်တော့်မွေးရပ်မြေကို လိုက်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com

လို့ပါ'

'ဟာ..ဒါဆို အတော်ပဲဗျ။ ကျွန်တော့်မှာ လုပ်ငန်း မှာချည်း စိတ်ရောကိုယ်ပါ လုပ်နေရတော့ အလုပ် ပေါ် ငြီးငွေ့လာပြီ ဆိုပါတော့လေ။ ကဲ..ကျွန်တော် င်ဗျားတို့ ရွာကို လိုက်မယ်ဗျာ။ ခင်ဗျားက ဘယ်တော့ ား မှာမို့လဲဗျ'

'ကျွန်တော်က မနက်ဖြန်မနက် ခပ်စောစောသွားမှာ လ။ ဒါကြောင့် လာပြောတာ။ ခင်ဗျားလိုက်မယ်ဆို ျုပ်အိမ်ရဲ့ အိမ်ရှေ့လမ်းမအဆုံက စောင့်နေမယ်။ ဟုတ် လား။ ထွက်ဖြစ်အောင် ထွက်ခဲ့နော်။ ဒါပဲ။ ကဲ..ကျုပ် န်မယ်'

ကိုကြည်မောင်က ဝမ်းသာအားရလေသံမျိုးဖြင့် ပြန် ပြာကာ ပြန်လှည့်ထွက်သွားလေတော့၏။ ကိုမျိုးသင်းက တ်တရက် ချက်ချင်းဆိုသလို အရေးပေါ်ကိစ္စ ဖြစ်လာ ာ့သည်မို့ အိမ်နောက်ဆီသို့ လှမ်းပြောလိုက်လေတော့ ည်။

'ကဲ..မခွေရေ၊ ကိုကြည်မောင်က သူ့ရွာကို ခေါ်နေ ့ မနက်ဖြန်မနက် ကိုမျိုး လိုက်သွားလိုက်ဦးမယ်နော်။ မျိုးအတွက် အဝတ်အစားအိတ်လေး ပြင်ပေးပါဦးကွာ'

နောက်ငါစ်နေ့ မနက်စောစောဝယ် ကိုကြည်မောင် ့ အိမ်ရှေ့လမ်းမထိပ်ဘက်သို့ ထွက်လာခဲ့ရာ ကိုကြည် ာင်က အဆင်သင့်စောင့်နေသည်ကို တွေ့လိုက်ရသည်။ ကြည်မောင်မှာ အဝတ်အစားအိတ် ပါလာသည်ကို တွေ့ရ။ နောက်မှ သြော်..သွားမှာက သူတို့ရွာပဲကိုး။ ကြောင့် အပိုအဝတ်အစားတွေ ယူမလာတာဖြစ်မှာပါ သာ တွေးလိုက်မိပါသည်။

ကိုကြည်မောင် ခေါ်ရာသို့ ကိုမျိုးသင်းတစ်ယောက် းတွင် လွယ်အိတ်တစ်လုံးကိုချိတ်ကာ လိုက်သွားလေ ာ့သည်။ ကျေးရွာလမ်းများက အသွားအလာနည်းပါး သင့်။ လမ်းကောင်းကောင်းမရှိ။ ဖုန်စုတ်စုတ် မြေလမ်း ကိုင်း နှစ်ယောက်သား လမ်းလျှောက်လာခဲ့ကြရသည် ။ ကိုကြည်မောင်ခေါ်သည့်ရွာ မရောက်ခင်ထိ လူသွား သာ တစ်ယောက်တလေမှပင် မတွေ့ခဲ့ရပါချေ။ မြို့ အဆက်အသွယ်နည်းပါးကြသည် ထင်ပါသည်။ ခြေ င်ခရီးကြမ်းအား သွားရသည်ဆိုသော်လည်း ကိုမျိုး း မှာ မောရမှန်း ပန်းရမှန်းပင် မသိပါလေတော့။

သို့အတွက် ကိုမျိုးသင်းက သူ့ကိုယ်သူ အံ့သြနေမိသည် လေ။ သြော်..နောက်တော့မှ သည်လိုခရီးမထွက်ရသည် မှာ ကြာလှပြီမို့ သူ ဆန္ဒပြင်းပြခြင်းကြောင့်သာ ဖြစ်ပေ လိမ့်မည်ဟု အတွေးပေါက်လိုက်မိတော့သည်။

အချိန်ကာလအတော်ကြာ ခရီးသွားလာခြင်း မပြုဘဲ အိမ်ထဲတွင်ကုတ်၍သာ အလုပ်ကို လုပ်နေရသည်မို့ စိတ် ငဲဝယ် ပျော်ပိုက်မိသလိုလိုနှင့် မမောမပန်းဖြစ်နေခြင်း ကြောင့်ဟုပင် ဆိုရပေမည်။ မကြာပါချေ။ သူတို့ရှေ့တွင် မြစ်ရေပြင်တစ်ခုအား တွေ့လိုက်ရပါတော့သည်။

'ကဲ..ကျုပ်တို့ ဟောဟိုသစ်ပင်ရိပ်မှာထိုင်ရင်း ကူး တို့လှေ အလာကို စောင့်ကြတာပေါ့ဗျာ'

နှစ်ယောက်သား အရိပ်ကောင်းသော သစ်ပင်ရိပ်တစ် ပင်အောက်သို့ ဝင်ခိုလိုက်ကြတော့သည်။ ခဏအကြာ၌ ကိုမျိုးသင်းတို့ ခရီးထွက်လာခဲ့သည်မှာ မြို့၏တောင်ဘက် ဆီသို့ပင် ဖြစ်ပါသည်။ သူသိသလောက် မြို့တောင်ဘက် ဝယ် မြစ်ရှိခဲ့သည်ဟု မကြားဖူးပါလေခဲ့။ စင်စစ် မြို့၏ အနောက်ဘက်တွင်သာ ဧရာဝတီမြစ်ကြီး စီးဆင်းခဲ့သည် ကိုသာ ကိုမျိုးသင်း မှတ်သားသိရှိထားခဲ့ပါလေ၏။ ယခု သူတို့ရှေ့တူရူဝယ် အဘယ်မည်သောမြစ်တစ်စင်း ရောက် ရှိနေခဲ့ဘိသနည်း။ ထိုအဖြစ်က အနည်းငယ်တော့ ထူးခြား သလိုလို ရှိလှသည်။

'ကျုပ်တို့ ကံကောင်းတာပဲ ကိုမျိုးရေ၊ ပြောရင်း ဆိုရင်း ဟိုမှာ ကူးတို့သမားတစ်ယောက် ဒီဘက်ကမ်းကို ကူးလာပြီဗျို့။ လာဗျာ..မြစ်ကမ်းစပ်ကို သွားကြမယ်'

ကိုကြည်မောင့်စကားကြောင့် ကိုမျိုးသင်း အတွေး များ ပျောက်သွားကာ ကိုကြည်မောင့်နောက်က လိုက် သွားရတော့သည်။ ကူးတို့လှေ ကမ်းစပ်သို့ ကပ်လာသည် နှင့် နှစ်ဦးသား ကူးတို့လှေပေါ်သို့ တက်လိုက်ကြ၏။ ကူးတို့လှေသမား အဘိုးကြီးက သူတို့ တက်ပြီးသည်နှင့် မြစ်စပ်မှ ထွက်ခွာလာတော့သည်။

ကိုမျိုးသင်း အတွေးဝင်နေဆဲ နောက်ထပ် ထူးခြားမှု တစ်ခုကို တွေ့လိုက်ရပြန်သည်။ ကူးတို့လှေသမားက ဘယ် ကိုပို့ပေးမည်လဲဟု မမေးသလို ကိုကြည်မောင်ကလည်း ဘယ်ရွာ ဘယ်ဆိပ်ကမ်းအား ပို့ပေးရန် ပြောဆိုခြင်းလည်း မရှိ။ ကူးတို့လှေမှာ ဦးတည်ချက်မရှိဘဲ လှော်ခတ်နေခြင်း ပင် ဖြစ်ပါသည်။ မိနစ်အနည်းငယ်မျှ လှော်ခတ်လာခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com

သူတို့စီးလာသည့် ကူးတို့လှေအား အထက်ကောင်းကင်မှ ငှက်ဆိုးများ လိုက်ထိုးနေကြသဖြင့် ကိုမျိုးသင်းမှာ ကျော ထဲမှ စိမ့်လာမိတော့သည်။

ကူးတို့လှေဖြင့် နာရီဝက်ကျော်ကျော်မျှ လှော်ခတ်ခဲ့ ရာက လှေခတ်သမားအဘိုးကြီးက မြစ်၏တစ်ဖက်ကမ်း စပ် တစ်နေရာအရောက်ဝယ် လှေကို ကပ်ပေးလိုက်လေ တော့၏။ သည်တော့မှ ကိုကြည်မောင်က ကူးတို့ခအား ထုတ်ပေးလိုက်လေသည်။ ကူးတို့လှေပေါ်မှ ဆင်းပြီး နောက် မြစ်ကမ်းပေါ်သို့ တက်လာခဲ့တော့သည်။

ကုန်းမြင့်တစ်နေရာ အရောက်မှ-

"ဟိုမြင်နေရတဲ့ သစ်ပင်မည်းမည်းဖုတ်ဖုတ်က ကျုပ် တို့နေတဲ့ရွာလေး ရှိရာနေရာပဲ ကိုယ့်လူရဲ့။ ရောက်လုပါပြီ"

ဤသို့ဖြင့် ခြေကျင်ခရီး ဆက်လက်ထွက်ခွာခဲ့ကြပြန် ပါသည်။ သူတို့ရွာ ဆိုသည့်နေရာနှင့် အနီးရောက်လေလေ လမ်းဆုံလမ်းခွဲများက ဟိုတစ်လမ်း သည်တစ်လမ်းနှင့် တွေ့မြင်လိုက်ရပြန်သည်။ ကိုမျိုးသင်းက သူ့အတွက် ထူးခြားနေခြင်းများအပေါ် နောက်မှသာ ကပ်လိုက်လာ ခဲ့ရင်းက မနေနိုင်တော့ဘဲ မေးခွန်းထုတ်လိုက်မိပါလေ၏။

"ခင်ဗျားတို့ရွာ ရောက်ခါနီးမှ လမ်းခွဲတွေက ဘာများ သလဲ မမေးနဲ့။ အဲဒီလမ်းခွဲတွေက ဘယ်ကိုသွားတဲ့ လမ်း တွေလဲဗျ။ ဟိုဘက်မှာ ရွာတွေ များများစားစား ရှိသလား ကိုကြည်မောင်ရဲ့"ဟု မေးလိုက်ရာ ကိုကြည်မောင်က ခပ်ပြုံးပြုံး မျက်နှာမျိုးဖြင့် ပြန်၍ ဖြေလိုက်ပါသည်။

"လမ်းခွဲတွေ ဖြာထွက်နေတာများဆို မိမိသွားလိုရာ ခွဲသွားလိုတဲ့ရွာကို သွားနိုင်အောင် ဒီလမ်းဆုံကနေ ဆုံး ဖြတ်ပြီးတော့ သွားနိုင်တဲ့ သဘောပါပဲဗျာ။ ခြေဦးတည့်ရာ ကို ဆက်လျှောက်လို့ မရဘူးလေ။ ခု ကျုပ်တို့ ဆက် လျှောက်သွားရမယ့်လမ်းက ခင်ဗျားကို အလည်ခေါ်သွား မယ့် ကျုပ်တို့ရွာလမ်း ဆိုပါတော့လေ"

ကိုကြည်မောင်က ရှင်းပြသည်။ သူရှင်းပြမှ ကိုမျိုး သင်းစိတ်ထဲ ပိုရှုပ်သွားတော့သည်။ ဘာလဲ၊ ခြေဦးတည့် ရာသွားကို သွားလို့မရဘူးတဲ့။ နောက်ပြီး လမ်းဆုံကနေ ဆုံးဖြတ်ပြီးမှ သွားနိုင်တာလို့လည်း ဆိုတယ်။ ဘာတွေလဲ မသိဘူး။ ကိုကြည်မောင်က သူ့ရွာသွားမယ့်လမ်းကို သိ ထားသူမို့ ခြေဦးတည့်ရာလမ်းလို့ ဆိုလိုနေတာလား။ ကို မျိုးသင်းက ဆက်တွေးမနေတော့ဘဲ ကိုကြည်မောင် သွား ရာ နောက်သို့သာ နှုတ်ဆိတ်ရင်း လိုက်ပါသွားတော့သည်။

သူတို့ ဆက်လျှောက်လာရင်း ရွာကြီးတစ်ရွာအနီးသို့ ချဉ်းကပ်လာခဲ့တော့၏။ ရွာဦးထိပ်ဝယ် အလွန်ကြီးမားလှ သော ဖျောက်ဆိပ်ပင်ကြီး သုံးပင်ကိုလည်း တွေ့မြင်လိုက် ရသည်။ ဖျောက်ဆိပ်ပင်ကြီးအောက် သူတို့ ရောက်သည် နှင့် ကျီးကန်းတစ်အုပ် ပြိုကျလာကာ ခေါင်းပေါ်တွင် ဝဲလျက် ဆူညံစွာ အော်ဟစ်နေသည်က နားငြီးစရာပင် ကောင်းနေချေသေးတော့သည်။ ကျီးကန်းအုပ် ကြည့်ရ သည်မှာ ရွာကို ရောက်လာသူတို့အား ခရီးဦးကြိုပြုသည့် နှယ်ပါတကား။ ကျီးကန်းများအား မော့ကြည့်လိုက်သည့် အခါမှ ထူးခြားလှသော ဖြစ်ရပ်ဆန်းတစ်ခုကို တုန်လှုပ် ချောက်ချားစွာ သတိထားလိုက်မိပါလေတော့သည်။

စဉ်းစားကြည့်လေ၊ ကိုမျိုးသင်းတို့မြို့ထဲက ထွက်လာ တော့ အရုဏ်တက်သာသာအချိန်။ သူတို့နှစ်ဦး မြို့အပြင် ဘက်ရောက်တော့ အလင်းရောင်ဖြာကျလျက် ရှိနေသည် ပဲ။ လမ်းလျှောက်လာခဲ့ကြသည်က မြို့မှ မြစ်ဆိပ်ကမ်းသို့ တစ်ကန့်၊ ထို့နောက် မြစ်ပြင်ကိုဖြတ်လျက် ကူးတို့လှေစီး လာခဲ့သည့် အချိန်ကာလကလည်း မနည်းမနောပင်။ တစ် ဖန် ဆိပ်ကမ်းမှ ရွာဆီသို့ ခြေကျင်လျှောက်လာခဲ့ကြသည် ကလည်း အချိန်တွေအား ကျော်လွှားဖြတ်သန်းခဲ့ရသည်ပင် မဟုတ်ပါလား။ သို့စဉ်တိုင် ကိုမျိုးသင်း ကောင်းကင်ကို မော့ကြည့်လိုက်တော့ နေမင်းက လင်းရုံအချိန်သာ ရှိနေ ခြင်းက ကိုမျိုးသင်း၏ အသိအား ပုတ်နှိုးလိုက်သလိုပင်။ အချိန်တို့သည် ကုန်ဆုံးပြောင်းလဲသွားခြင်း မရှိပါချေ တကား။

◆◆◆

မည်သို့ပင်ဆိုစေ သူတို့ ရွာတံခါးပေါက်သို့ပင် ရောက် ရှိလာခဲ့ချေပြီ။ ကိုမျိုးသင်းအတွက် ထူးခြားချက်များက တစ်ခုပြီးတစ်ခု တွေ့မြင်နေရပြန်ပါသည်။ ရွာတွင်းသို့ ဝင်လိုက်သည့်တိုင် ရွာအတွင်း၌ သွားလာလှုပ်ရှားသည့် လူသံ၊ တိရစ္ဆာန်သံနှင့် အခြားအသံဗလံများ မကြားရ သည့်အပြင် ရွာအတွင်း သွားကြလာကြသည့် လူအရိပ် အယောင်များကိုလည်း မမြင်တွေ့ရဘဲ လူခြေတိတ်ဆိတ် နေတော့သည်။ သူတို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြ ရာ ရွာလယ်လောက်အရောက်တွင် ထူးခြားစွာတွေ့လိုက်ရ သည်က မဏ္ဍပ်ကြီးတစ်ခု ထိုးထားလျက် အလှဆင်ကြီး

www.burmeseclassic.com

စ်ခု ပြုလုပ်နေခြင်းပင် ဖြစ်ပါလေ၏။ သည်တော့မှ တွင်းမှလူအားလုံး အလှူမဏ္ဍပ်ဝယ် လာရောက်စုရုံး ရောက်ရှိနေခြင်းကြောင့် ရွာတွင်း၌ လူသွားလူလာမရှိသည့် ကြောင်းကို သိလိုက်ရတော့သည်။ ထိုအခြင်းအရာကို င်လိုက်ရသည့် ကိုကြည်မောင်က-

'ကဲ··ကျုပ်တို့အတွက် ဘယ်လောက်အဆင်ပြေ က်သလဲ ကိုမျိုးသင်းရေ။ လာဗျာ၊ ကျုပ်တို့ ဝင်ပြီး းလိုက်ကြရအောင်။ ဘာမှရှက်စရာ မလိုပါဘူးလေ။ စ်ရွာလုံး လာစားကြတာပဲဥစ္စာ'

ကိုကြည်မောင်က ပြောရင်း သူကပဲ ဦးဆောင်ကာ းသောက်နေကြသော လူအုပ်စုထဲသို့ တိုးဝင်သွားတော့ ည်။ ကိုမျိုးသင်းက နောက်မှ မယောင်မလည်နှင့် လိုက် ားရလေတော့၏။ အားရပါးရ စားသောက်နေကြသူများ နီး ရောက်သွားသည်နှင့် ကိုမျိုးသင်းပါးစပ်မှ တအံ့ သြဖြင့် ဘုရားတ,လိုက်မိတော့သည်။ အလိုလေး မြတ် ဘုရား··ဘယ်လိုတွေများ ဖြစ်နေကြတာလဲမသိ၊ သူ့ က်လုံးများကိုပင် သူ မယုံတော့။ အလုအယက် စား သောက်နေကြသူများအား ကြည့်လိုက်တော့လည်း အဝတ် စားများက စုတ်ပြတ်နေသည်။ နောက်ပြီး သူတို့ စား သောက်နေကြသည်ကိုလည်း ကြည့်ပါဦးတော့။ အလွန် ာန်မှ စက်ဆုပ်စရာကောင်းလှပါဘိကောင်း။ မသတီ ာ အညစ်အကြေးများသာ ဖြစ်နေပါတော့သည်။ သူတို့ ရေရှက်ရေ စားသောက်နေကြသည်ကိုကြည့်၍ ကိုမျိုး င်း လည်ချောင်းဝမှ ပျို့တက်လာသည်။

'ဟာ··ဒါတွေက ဘယ်လိုဖြစ်နေရတာလဲ ကိုကြည် ာင်ရာ။ စားသောက်စရာတွေကလည်း မသတီရွံရှာ ာတွေပါပဲကလားဗျ။ ဒီလူတွေက လူသားတွေမှ ဟုတ် ား မသိပါဘူးဗျာ'

ကိုမျိုးသင်းက တကယ့်ကို အထိတ်တလန့် တအံ့ သြဖြင့် သူ့ရှေ့မြင်ကွင်းအား ကြည့်ကာ စိတ်မကောင်း ပြောဆိုလိုက်မိတော့သည်။ သို့ပေမယ့် ကိုကြည် ာင် ကိုယ်တိုင်ပင် ထိုရွံရှာစရာ အညစ်အကြေးများအား ကယ့်အလှူအတန်းက ကျွေးမွေးနေဘိသို့ အားပါးတရ သောက်နေသည်မှာ ကိုမျိုးသင်းအဖို့ စဉ်းစား၍ မရနိုင် ာင် ဖြစ်နေလေတော့သည်။ သည်ကြားထဲ ကိုမျိုးသင်း း ပြန်လှည့်ကြည့်ရင်း ခေါ်လိုက်သေးသည်။

'လာလေ ကိုမျိုးသင်းရဲ့၊ ဒီလိုအလှူအတန်း အကျွေး အမွေးဆိုတာ အတော်တန် ကုသိုလ်ကံမျိုးနဲ့ စားရတာမှ မဟုတ်တာ။ ကြုံတုန်းကြုံခိုက်မို့ စားရတာပဲဥစ္စာ။ ဒီ တစ်ရွာလုံးက ကျုပ်နဲ့ ဘဝတူလူတွေချည်းပါပဲဗျ'

ပြောရင်းဖြင့်ပင် ကိုကြည်မောင်မှာ ရွံရှာဖွယ် အညစ် အကြေးများကို နှစ်နှစ်ခြိုက်ခြိုက်ပင် ကောက်ယူစား သောက်၍ နေချေသေးတော့သည်။ ထိုအချိန်မှာပင် ဖြစ် သည်။ တကယ့်ကို တိုတောင်းလှသည့် အချိန်တိုလေး အတွင်းမှာပင် ဖြစ်ပါလေ၏။ အံ့သြထိတ်လန့်ဖွယ်ရာများ ကြားမှ အသိတရားတစ်ခု ဝင်ရောက်လာတော့သည်။ လက်ရှိအခြေအနေနှင့် အချိန်အခါအရ အနန္တောအနန္တ ငါးပါးမှတစ်ပါး အခြားကိုးကွယ်ရာ မရှိတော့ပြီ။

ထို့ကြောင့်ပင် နေ့စဉ် သူဦးခိုက်နေကျအတိုင်း မြတ် စွာဘုရားအား ရည်စူးအာရုံထားလျက် တမ်းတမိပြီးသည် နှင့်-

'ကဲ··ကိုကြည်မောင်၊ ခင်ဗျားရွာကိုတော့ ကျွန်တော် မနေတော့ဘူးဗျာ။ ဒီရွာက လူကောင်းတွေနေတဲ့ရွာ မဖြစ် နိုင်ဘူး။ ပြိတ္တာရွာတစ်ရွာသာ ဖြစ်လိမ့်မယ်လို့ထင်တယ်။ ကျွန်တော်တော့ အိမ်ကိုပဲ ပြန်သွားတော့မယ်။ ဒါပဲ'ဟု ပခုံးကို ပုတ်ကာ ပြောလိုက်ပါလေ၏။

သူ့အား ကိုကြည်မောင်က ပြန်လှည့်၍ပင် မကြည့် တော့ဘဲ-

'ကောင်းပြီလေ။ ဒီရွာကို မနေနိုင်ရင်လည်း ခင်ဗျား ပြန်ပေါ့ဗျာ။ ကျုပ်ကတော့ ပြန်မလိုက်တော့ဘူးနော်။ ဒီ ရွာမှာပဲ ကျုပ်က သဘောကျတယ်။ ပျော်လည်းပျော် တယ်။ ခု ကြည့်ပါလား။ စားစရာတွေ အစုံအလင်နဲ့ အဆင်သင့်တောင် တွေ့နေရပြီပဲဥစ္စာ။ ခင်ဗျားမို့လို့ ဒီ ရွာကနေ ပြန်ချင်နေတာ အံ့သြဖို့ကောင်းတယ်။ အဟား·· ဟား··ဟား'

ကိုမျိုးသင်းစိတ်ထဲ၌ သူဖြစ်စဉ်က တစ်စုံတစ်ခုတော့ မှားယွင်းနေချေပြီဟု သဘောပေါက်လိုက်မိတော့သည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ချလျက် ကိုကြည်မောင်အား စိတ် မကောင်းစွာဖြင့်ကြည့်ရင်း လူအများ စားသောက်နေကြ သော ထိုအလှူမဏ္ဍပ်အတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့ လေတော့သည်။ ချာခနဲ လှည့်ထွက်လာသည်တွင်-

'ဩော်··လူကလေးက ပြန်တော့မလို့လားကွယ်



www.burmeseclassic.com

www.burmeseclassic.com

ဒီရွာဟာ လူကလေးအတွက်တော့ အဆင်မပြေဘူး ထင်တယ်။ အိမ်ကို ပြန်မယ်ဆိုရင် မြစ်ကို ဖြတ်ပြီးမှ ပြန်ရမှာနော်။ တစ်ဖက်ကမ်းကိုပြန်ဖို့ ကူးတို့ခရော ပါရဲ့လားကွယ့်' ဟု မထင်မှတ်ဘဲ ထိုစကားသံကြောင့် အသံလာရာဆီသို့ ကိုမျိုးသင်း လှည့်ကြည့်လိုက်မိပါလေ၏။

သူမြင်ကွင်းအတွင်းသို့ ယောဂီအဝတ်အစားများကို ဝတ်ဆင်ထားသော အဘွားအိုတစ်ဦးအား ထူးထူးခြားခြား တွေ့လိုက်ရပါလေ၏။ ယောဂီအဘွားအို စကားကြောင့် ကိုမျိုးသင်းက သူ့အိတ်ကပ်အတွင်းသို့ နှိုက်ကြည့်လိုက်မိတော့သည်။ သူ့လက်ထဲသို့ ပုံကြမ်းဒီဇိုင်း ရေးဆွဲထားသော စက္ကူအပိုင်းအစများသာ ပါရှိလာ၍ ငွေကြေးတစ်ပြားတစ်ချပ်မှ ပါမလာသည်ကို တွေ့လိုက်ရတော့သည်။

'ဟော..မဆွေကတော့ လုပ်လိုက်ပြီ။ ငါ့အိတ်ကပ်ထဲက ငွေတွေကို နှိုက်ယူထားလိုက်ပြန်ပြီ။ ဒီလိုအိတ်ကပ်ထဲကငွေကို သုတ်တတ်တဲ့အကျင့် ငါတော့ ဒုက္ခပါပဲကွာ' ဟု ညည်းတွားရင်း ဒေါသများပင် ထွက်သွားရတော့သည်။

'လူကလေးရယ်..မိန်းမသားဆိုတာ ဒီလို အလေ့အကျင့် ရှိတတ်ကြတာပဲကွယ့်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းတဲ့။ သူ့ရဲ့လုပ်ရပ်က မှန်ပါတယ်။ ယောကျ်ားသားဆိုတာကလည်း ဝင်ငွေများများစားစား ရလာတဲ့အခါ အပျော်အပါး လောင်းကစားဆိုတဲ့ မကောင်းတဲ့စရိုက်တွေ ပျက်စီးသွားတတ်ကြတာကလားကွယ့်။ ကဲ..ရော့..ရော့၊ အမေ့ဆီက ကူးတို့ခ ယူသွားပေတော့'

စိတ်ခတတ်လည်းကျ ဒေါသလည်းဖြစ်နေသော ကိုမျိုးသင်းမှာ နောက်ဆုံးဝယ် မနေသာတော့ဘဲ ယောဂီအဘွားအို၏ ကမ်းပေးလိုက်သော ကူးတို့ခအား အားတုံ့အားနာ ယူလိုက်ပြီး ရှက်ကိုးရှက်ကန်းဖြင့် လူစုလူဝေးနှင့် ထူးထူးခြားခြား အလှူပွဲကြီးရှိရာ ရွာကြီးအတွင်းမှ ပြန်ထွက်ခွာလာခဲ့လေတော့၏။

◆◆◆

အပြန်ခရီးဝယ် ကိုမျိုးသင်းမှာ ဇောချွေးများပင် ပြန်ရတော့သည်။ စဉ်းစားကြည့်လေ၊ သူ့တစ်သက် ဘယ်မှ ခရီးမထွက်ဖြစ်ပါလေခဲ့။ ထွက်လာခဲ့တော့လည်း မရောက်ဖူးသော မိတ်ဆွေတစ်ဦး၏ဌာနေ ကျေးရွာတစ်ရွာခရီးစဉ် ဖြစ်ပါသည်။ မိတ်ဆွေ ကိုကြည်မောင်၏ ခင်မင်စွာ ဖိတ်ခေါ်မှုကို ယုံကြည်လျက် လိုက်ပါလာခဲ့သည်ပဲလေ။ ရောက်သွားပြန်တော့လည်း စိတ်မချမ်းမြေ့စရာ အဖြစ်ဆန်းတို့အား ရင်ဆိုင်ခဲ့ရသည်မှာ အော့နှလုံးနာစရာများသာ ဖြစ်နေပြန်ပါသည်။ ကိုကြည်မောင် ဆိုသည့် လူကလည်း ဘယ်လိုလူမျိုးလဲဆိုသည်ကို စဉ်းစားမရအောင် ဖြစ်ခဲ့မိသည်။ တွေ့ကြုံခဲ့ရသည့် အဖြစ်များကလည်း ထူးဆန်းလိုက်ဘိဖြစ်ခြင်း။ မကောင်းဆိုးဝါး အညစ်အကြေးများအား မရှုံမရှာဖြင့် အားပါးတရ စားသောက်နေကြသော လူအုပ်ကြီးကိုလည်း သူ့မျက်လုံးထဲကပင် မထွက်ပါလေတော့။

စိတ်ထဲမှ မကျေနပ်ချက်များကိုတွေးရင်း လာလမ်းအတိုင်း ပြန်ထွက်လာခဲ့ရာ ဖျောက်ဆိပ်ပင်ကြီးများအောက်သို့ပင် ရောက်လာခဲ့တော့သည်။ ထိုအခိုက်တွင် ဖျောက်ဆိပ်ပင်ကြီးများထက်မှ ကျီးတစ်အုပ် ဝုန်းခနဲ ပြိုဆင်းသွားရာ ကိုမျိုးသင်းမှာ ချွေးသီးချွေးပေါက်များ ထွက်လာသည်အထိ လန့်ဖျပ်သွားမိပြန်သည်။ ကျီးအုပ်ကို ကြည့်ရသည်မှာ ရွာအဝင်တုန်းကနှင့်မတူ၊ သူ့အထက်မှ ရန်လုပ်သည့်ဟန်ဖြင့် ဆူညံစွာ အာနေကြသည်မှာ ကြောက်စရာပင် ကောင်းနေချေသေးတော့သည်။ မကောင်းဆိုးဝါး ရွာကြီးမှ ဝေးသထက်ဝေးအောင်သာ ကိုမျိုးသင်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်။ ချက်ချင်း ပြန်လာခဲ့သောကြောင့် အပြန်ခရီးတွင် လမ်းစမပျောက်ခြင်း ဖြစ်ပေမည်။

မကြာပါချေ။ မြစ်ဆိပ်ကမ်းခြေသို့ ကိုမျိုးသင်း ရောက်လာတော့၏။ အပြန်လမ်းတွင် ကူးတို့လှေအား မစောင့်လိုက်ရပါ။ အခန့်သင့်ပင် ကူးတို့လှေနှင့် အဘိုးကြီးအား တွေ့လိုက်ရတော့သည်။

'လာ..လာ..လူကလေး၊ မင်း ပြန်လာလိမ့်မယ်ဆိုတာ အဘကသိလို့ တမင်စောင့်နေခဲ့တာ'

ကူးတို့လှေသမား အဘိုးကြီး စကားများက ကိုမျိုးသင်းအတွက် အံ့သြစရာပါ။ စိတ်ထဲတွင်လည်း ဒီနေ့ ဒီရက်ကျမှ ငါ ဘယ်လိုလူတွေနဲ့ လာတွေ့နေတာပါလိမ့်။ ထို့ကြောင့် မေးခွန်းတစ်ခုအား ပြန်မေးကြည့်လိုက်ပါသေး၏။

'ဪ..အဘက ကျွန်တော်ပြန်လာမယ်ဆိုတာကို သိနေနှင့်တာလား'

www.burmeseclassic.com

www.burmeseclassic.com

'အေး··အဘက ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို အမြဲတမ်း ကူးတို့ကူးနေခဲ့တာ နှစ်ပေါင်းမနည်းမနော ကြာခဲ့ပါပြီပေါ့။ လူကလေးတို့ နှစ်ယောက်ကို မြင်တွေ့လိုက်ရကတည်းက ဟိုတစ်ယောက်ရဲ့ ထူးခြားချက်ကို သိလိုက်ရတာကလားကွယ်။ ကဲ··လှေပေါ်ကို တက်တော့၊ အဘမှာ အချိန်သိပ်မရှိဘူးကွယ့်'

ကူးတို့လှေသမားကြီးက စကားဆက်ပြောချင်ပုံမရသဖြင့် ကိုမျိုးသင်းက လှေပေါ် တက်ထိုင်လိုက်ရတော့၏။ လှေပေါ်သို့ ထိုင်လိုက်လာရင်း ကိုမျိုးသင်းက သူ၏ အဖြစ်အား ပြန်လည်တွေးတောနေမိတော့သည်။ သူ နှစ်ပေါင်းတော်တော်များများ နေအိမ်အတွင်းမှ ပြင်ပသို့ မထွက်ခဲ့သည်မှာ ကြာပြီ။ သည်ခရီးစဉ်သည် သူ့တစ်သက်နှင့်တစ်ကိုယ် ပထမဆုံး ခရီးထွက်လာခဲ့ခြင်းလည်း ဖြစ်သည်။ သူ၏ ပထမဆုံးထွက်သည့် ခရီးစဉ်တွင် ထူးခြားဆန်းပြားသည့် အဖြစ်တို့ဖြင့် ရောထွေးနေသည်မှာ သူ၏ ကံမကောင်းခြင်း အကြောင်းတရားသာ ဖြစ်ပေလိမ့်မည်ဟု သဘောပေါက်လိုက်မိပါတော့သည်။ သူ့အတွေးမဆုံးမီမှာ ကူးတို့လှေက တစ်ဖက်ကမ်းသို့ ဆိုက်ရောက်လာတော့သည်။ ကိုမျိုးသင်းက ယောဂီအဘွားကြီး ပေးလိုက်သော ငွေကို ကူးတို့အဘိုးကြီးအား ပေးလိုက်ပါသည်။

'သာဓုကွယ်··သာဓု··သာဓု၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာနေနိုင်ပါစေ။ ကောင်းမှုကုသိုလ်တွေလည်း များများလုပ်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ကွယ်'

ကူးတို့လှေသမား အဘိုးကြီးမှာ ဆုတောင်းမှုပြုပြီးနောက် သူ့လှေလေးအား တစ်ဖက်ကမ်းဆီသို့ ပြန်လည်လှော်ခတ်၍ သွားလေတော့သည်။ ထိုစဉ်အခိုက်အတန့်မှာပင် ကိုမျိုးသင်း၏ အမည်အား ထပ်ခါတလဲလဲ ခေါ်နေသံကို ကြားလိုက်ရပါတော့သည်။

◆◆◆

သူ၏ နားစည်အတွင်းသို့ ခေါ်သံ ထပ်ကာ,ထပ်ကာ ကြားနေရသဖြင့် နှုတ်ခမ်းအား ပြန်ထူးရန် လှုပ်ရှားကြည့်လိုက်၏။ သို့သော် မရပါ။ ထို့ကြောင့် လေးလံနေသော သူ့မျက်လုံးများကို ဖွင့်ကြည့်ရန် ကြိုးစားသည်။ ဘာကိုမှ လှုပ်ရှား၍ မရပါလေတော့။

'ဟော··သူ့ပါးစပ်လေး လှုပ်လာပြီ။ ရေစက်လေး ချပေးလိုက်ပါ'

ထိုအသံအား ခပ်သဲ့သဲ့ ကြားလိုက်သည်နှင့် မရှေ မနှောင်းမှာပင် အေးမြသော ရေကြည်တစ်စက် သူ့နှုတ် ခမ်းဝသို့ ဆင်းသက်လာသည်။ ကျလာသော ရေပေါက် အား လည်ချောင်းမှတစ်ဆင့် မျိုချလိုက်၏။ အေးမြသော ရေတစ်စက်က သူ၏ ရင်အတွင်းဝယ် အားအင်ပြည့်ဖြိုး သွားဘိသို့ ခံစားလိုက်ရသည်။ သည်တော့မှ လေးလံနေ သော သူ့မျက်ခွံများကို ဖွင့်ကြည့်လိုက်ပါ၏။

'ဟော··သူ သတိရလာပြီ။ ကိုမျိုး သတိရလာပြီ'

အသံလာရာသို့ မော့ကြည့်လိုက်သည်။ သူ့အား ငိုးရှိမ်ကြောင့်ကြစိတ်များစွာဖြင့် ငုံ့ကြည့်နေသော အကြင် နာမျက်လုံးပိုင်ရှင်အား တွေ့လိုက်ရပါသည်။ ထိုအခါမှ ကိုမျိုးသင်းက သူ့အခြေအနေအား စဉ်းစားမရအောင် ဖြစ် သွားသဖြင့် လျှာခလုတ်တိုက်သွားမတတ်ဖြင့် မေးခွန်း ထုတ်လိုက်ပါသေး၏။

'ဆွေဆွေ··မဆွေ၊ ကိုမျိုး ဘာတွေဖြစ်ကုန်တာလဲ ဟင်'

'အမယ်လေး··မသေကောင်း မပျောက်ကောင်းပါ ကိုမျိုးရယ်။ ကိုမျိုး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကိုမျိုး သိမှာပေါ့။ မဆွေတို့က အိမ်နောက်ဖေးနေကြတာ [illegible] ရှေ့ထွက်လာမှ အလုပ်စားပွဲပေါ် ရှင့်မျက်နှာကြီး မှောက် လျက်နဲ့ စိုက်ကျနေတာကို တွေ့ရလို့ အိပ်ရာပေါ်ကို ရွှေ့ တင်ထားကြရတာ'

'ဟုတ်တယ်၊ ဟုတ်တယ်။ ဖေဖေ့ကို ခေါ်ကြည့်တာ လည်း ပြန်မထူးတော့ သမီးတို့က အရမ်းစိုးရိမ်ပြီး စိတ် ဆင်းရဲနေကြတာ။ ဖေဖေ တစ်ခုခုကြောင့် မေ့မြောသွား တာဖြစ်မှာ။ ဘယ်လိုကြောင့် ဖြစ်တယ်ဆိုတာ ဖေဖေ စဉ်းစားကြည့်ပေါ့'

သမီးများနှင့် ဇနီးက သူ့ဖြစ်အင်အား ပြန်လည်ပြော ပြနေကြသည်။ လင်နဲ့မယား လျှာနဲ့သွားဟု ဆိုရိုးရှိခဲ့သော် ငြား တကယ်တမ်း ကိုယ့်လင်ယောကျ်ား၊ မိဘ အတိုင်း ရောက်သောအခါ ရင်တွင်းသံယောဇဉ်နှင့် ချစ်ခြင်းမေတ္တာ စေတနာတို့မှာ ထွက်ပေါ်လာတတ်ကြသည်သာ။ ကိုမျိုး သင်းက ထိုနိယာမအား တွေးလိုက်မိသဖြင့် မဆွေ အား မော့ကြည့်ရင်းက သက်မတစ်ချက် ချလိုက်မိတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

သတိရလာပြီဖြစ်သဖြင့် ဆွေဆွေ၏မျက်နှာမှာ ပြုံးရွှင်နေချေသည်လေ။ ဇနီးနှင့် သမီးများ၏ စိုးရိမ်စိတ်များ၊ မိမိအပေါ်ထားရှိသည့် သံယောဇဉ်နှင့် ချစ်ခြင်းမေတ္တာတို့ကို မြင်လိုက်ရတော့လည်း ကိုမျိုးသင်း၏ရင်ထဲ အေးမြသွားကာ အနှိုင်းမဲ့ပီတိ ဖြစ်ခဲ့ရတော့သည်သာ။

သူ ဘာတွေဖြစ်ခဲ့လေသနည်း။ ကိုမျိုးသင်းက စဉ်းစားကြည့်ရင်း သူ့မျက်လုံးများက အလုပ်စားပွဲနှင့် မျက်နှာချင်းဆိုင် ဝင်းထရံဆီသို့ ရောက်သွားသည်။ ထိုအခါမှ သူ့အဖြစ်ကို ရေးရေးပေါ်လာသည်။ သူ့စီးပွားရေးအတွက် အလုပ်လုပ်နေစဉ် မမျှော်လင့်ဘဲ ကိုကြည်မောင် ရောက်လာ၍ ဝင်းထရံအပြင်ဘက်မှ သူနှင့် စကားပြောခဲ့ကြပုံအား သွားသတိရလိုက်သည်။ သူ့အား ကိုကြည်မောင်က သူ့ရွာသို့ အလည်လိုက်ရန် လာရောက်ဖိတ်ခေါ်လာသည်မှစခဲ့သည်ပင် မဟုတ်ပါလော။

'မနေ့က ကိုကြည်မောင် အိမ်ရှေ့လာပြီး သူ့ရွာကို အလည်လိုက်ဖို့ခေါ်တာ မင်းအသိပဲ မဟုတ်လား။ ကိုမျိုးက မင်းကို ခရီးသွားဖို့ အဝတ်အစားအိတ် ပြင်ဆင်ခိုင်းတာလေ'

'ကိုမျိုး ဦးနှောက်ပျက်သွားပြီ ထင်တယ်။ တောက်တီးတောက်တဲ့ ပြောရော့မယ်။ ဒီတစ်မနက်ခင်းလုံး ရှင့်ဆီကို ဘယ်က ဧည့်သည်မှ မဟုတ်ပါဘူးတော်။ ခါတိုင်း လာနေကျ ဆရာသိဏ်းသန်းအောင်တောင် မလာပါဘူး။ အလုပ်စားပွဲမှာ ရှင် ရော်ဘာဘာလောက် လုပ်နေတာပဲ ဥစ္စာ။ ကျွန်မတို့ မိသားစုကလည်း အိမ်နောက်ဖေးမှာ နေတာလေ။ ကိုကြည်မောင် လာရင်လည်း ကျွန်မတို့ အသံကြားရမှာပေါ့'

'မဆွေပြောတာ အမှန်ပဲလား။ ကိုမျိုးတို့အိမ်ကို ကိုကြည်မောင် လာမသွားဘူးဆိုတာ သေချာရဲ့လားကွာ။ ဒါဆို မင်းကို အဝတ်အစားအိတ် မပြင်ခိုင်းဘူးပေါ့နော်'

'အိုရှင်··ကိုမျိုး ဘာတွေလျှောက်ပြောနေတာလဲ။ ရှင်က အဝတ်အစားအိတ် ပြင်ခိုင်းတာလည်း မရှိပါဘူး'

ကိုမျိုးသင်း ဦးနှောက်တွေ ချာချာလည်သွားတော့သည်။ တစ်စုံတစ်ရာ အမှားအယွင်း ရှိနေသည်ကတော့ အသေချာပင်။ ထိုအမှားအယွင်းအား သူက သိချင်နေသည်။ သူဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တွင် ဘာတွေ မှားယွင်းနေချေပြီလဲပေါ့။

နောက်တော့မှ တစ်စုံတစ်ရာအား သတိရလိုက်သည့်အလား အရေးတကြီး လေသံဖြင့်–

'သား မောင်ငြိမ်းချမ်း၊ မင်း ခုချက်ချင်း ကိုကြည်မောင့်အိမ်ကို စက်ဘီးနဲ့ သွားစမ်း။ နောက်ပြီး ကိုကြည်မောင်ကို ငါက အိမ်ကို လိုက်ခဲ့ပါလို့ဆိုပြီး စက်ဘီးနဲ့ မင်းကိုယ်တိုင် နောက်က တင်လာခဲ့။ မြန်မြန်သွားစမ်း။ ကြားလား'

♦ ♦ ♦

ကိုကြည်မောင်တို့အိမ်က အမှတ်(၆)ရပ်ကွက်ထဲတွင် ရှိပါသည်။ မောင်ငြိမ်းချမ်း စက်ဘီးဖြင့် ထွက်သွားသည်မှာ နာရီဝက်သီသီပင် စွန်းရော့မည်။ ကိုမျိုးသင်းကတော့ သားတော်မောင်ငြိမ်းချမ်း ပြန်အလာအား တမျှော်မျှော်ဖြင့် လည်ပင်းရှည်နေသည်။ မကြာမီမှာပင် မောင်ငြိမ်းချမ်း ပြန်ရောက်လာတော့သည်။

'ဘယ်လိုလဲ သားရဲ့၊ ကိုကြည်မောင်ကို ရအောင် ခေါ်လာခဲ့ပါဆိုမှ မင်းက ခေါ်မလာခဲ့ဘူးလား'

'ဖေဖေကလည်းဗျာ၊ ဦးကြည်မောင်ကို ဖေဖေသာ သွားခေါ်လိုက်တော့။ ကျွန်တော်တော့ သွားမခေါ်နိုင်ဘူး ဖေဖေရေ'

'ဟ··ဘာဖြစ်လို့ မင်းက မခေါ်နိုင်ရတာလဲ။ ဖေဖေက အရေးတကြီး ခေါ်ခိုင်းလိုက်တာပါဆို။ သူ လိုက်လာရမှာပေါ့။ ဘာလဲ၊ သူ့ကို မင်းမတွေ့ခဲ့ဘူးလား။ ဆိုစမ်းပါဦး'

သည်မှာပင် သားဖြစ်သူ မောင်ငြိမ်းချမ်းက စိတ်ပျက်လက်ပျက်ဖြင့် ပြန်လည်ပြောလိုက်ပါလေ၏။

'ဦးကြည်မောင်က ဘယ်လိုမှ လိုက်လာနိုင်မှာ မဟုတ်ဘူးဗျ။ မနေ့က မနက်ကတည်းက ဦးကြည်မောင်က ဆုံးသွားလို့ သူ့အိမ်မှာ အသုဘအခမ်းအနားတွေတောင် ပြင်ဆင်ထားပြီ'

မောင်ငြိမ်းချမ်း ပြောစကားအား ကြားလိုက်ရသည်နှင့် ကိုမျိုးသင်း စကားပြန်လည်မပြောနိုင်ပါလေတော့။ တက်ကြွနေခဲ့သော သူ့မျက်နှာမှာ ရုတ်ခြည်း ညှိုးနွမ်းသွားလေတော့သည်။ သို့ရာတွင် သူ့မိသားစုအား သူ၏အဖြစ်စုံကို ပြန်လည်ပြောပြနိုင်ရန် ဇာတ်လမ်းတစ်ပုဒ်၏ အဖြေကိုကား ရရှိသွားခဲ့ချေပြီတကား။

အလင်္ကာသူရ



www.burmeseclassic.com

www.burmeseclassic.com


# ဆရာရန်အောင်ဟိန်း (B.Sc)

## (ခရစ်ရှနားမှုတီး ရွှေဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကော.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကော.ပီ စနစ်၊ ဖြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာဝရိဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄


## သက်ဆိုင်သူများသို့

ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ စာမူများ

ပေးပို့ရာတွင် စာမူအား မိတ္တူကူး၍

တိုက်ပြိုင်ပေးပို့ခြင်း မပြုလုပ်ကြပါရန်

အထူး(အထူး) မေတ္တာရပ်ခံပါသည်။

(အယ်ဒီတာအဖွဲ့)



www.burmeseclassic.com